

ကြယ်ကလေး
(၁)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၁၄၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၆၉၀၆၁၁

□

ပုံနှိပ်ခြင်း

ပထမအကြိမ် - မတ်လ၊ ၂၀၀၇ ခုနှစ်။

အုပ်ရေ - (၅၀၀)

□

အတွင်းပုံနှိပ်

တလျှာပုံနှိပ်တိုက်

အမှတ် (၁၅၂)၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

□

မျက်နှာဖုံးပုံနှိပ်

ရွှေခြည်သွေးပုံနှိပ်တိုက်

အမှတ် (၁၂)၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ သရဖီလမ်း၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

□

ထုတ်ဝေသူ

ဒေါ်မိုးကေနိုင်၊ ချိုတေးသံစာပေ

ရွှေနံ့သာတျေးရွာ၊ ပုလဲမြို့ (၃)

မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

□

မျက်နှာဖုံးပန်းချီ

ဇော်မောင်

□

တန်ဖိုး

၂၅၀၀ ကျပ်


# မာတိကာ


| | | |
|---|---|---|
| ၁။ | ချိန်းတဲ့ည | ၇ |
| ၂။ | တီတီကျကျ | ၅၂ |
| ၃။ | မဆူနဲ့ | ၇၀ |
| ၄။ | အချက်မသိတော့ | ၈၄ |
| ၅။ | ကျွန်တော် မလွမ်းဘူး | ၉၇ |
| ၆။ | ခွေးဖက်တဲ့ဖူးစာ | ၁၁၈ |
| ၇။ | ဇာတ်လမ်းပံမာနှင့် ဧတ်ဘူဘောင်း | ၁၃၈ |
| ၈။ | အတွင်းက အပြင်သို့ရောက်သော် | ၁၄၇ |
| ၉။ | ဖိတ်စာအမှားပြင်ဆင်ချက် | ၁၈၆ |
| ၁၀။ | ကြောင်တောင်ဝတ် | ၂၀၀ |
| ၁၁။ | ကဲ | ၂၁၇ |
| ၁၂။ | သာခွေယိုင် | ၂၃၇ |
| ၁၃။ | ကဲ,မလား မကဘူးလား ဆပ်က | ၂၅၅ |
| ၁၄။ | ဒုက္ခိတအုပ်စု | ၂၆၆ |
| ၁၅။ | ဟာသဝတ္ထုတို | ၂၈၃ |
| ၁၆။ | နှောင်း-နှောင့်-နှောင် | ၂၉၄ |
| ၁၇။ | ချမ်းလိုက်တဲ့ ဆောင်းတွင်းဗျာ | ၃၀၅ |
| ၁၈။ | ဆွေရိပ်မျိုးရိပ် | ၃၂၈ |
| ၁၉။ | တစ်ဝါကျွတ်ပြန်ပေါ့ | ၃၄၆ |

# ချိန်းတဲ့ည

**(ဤဝတ္ထုနှင့် သက်ဆိုင်သည်ဟု အထင်ရှိသူများသည် အရှေးထောင်သို့ ခပ်မြန်မြန်ကလေး သွားစေလိုသည်။)**

## (၁) မှန်တစ်ချပ်မှသည် ဖူးစာရှင်တစ်ယောက်သို့

မအူကုန်းရပ်ကွက်ရှိ ပန်းပေါင်းစုံဖြင့် သာယာလှတင့် ရှုချင့်စဖွယ်ရှိသော ခြံကျယ်ကြီးအတွင်းဝယ် ခန့်ညားလှသော တိုက်ခံနှစ်ထပ်အိမ်ကြီးတစ်လုံးသည် ကိုရီးယားစစ်မြေပြင်၌ သွေးခဲသေနေသော အမေရိကန်စစ်သားကဲ့သို့ တောင့်တင်းတင်းကြီး တည်ရှိနေလေသည်။

အိမ်ရှေ့ဆင်ဝင်အောက်တွင် ပက်လက်ကုလားထိုင်တစ်လုံးချ၍ သတင်းစာဖတ်နေသော အဘိုးကြီးကား၊ ဤအိမ်ကြီး၏ ဦးစီးရာဇာ မက်အာသာအဖြစ်ကို ခံယူနေသော သူဌေးကြီးဦးသိန်းမောင်ပင် ဖြစ်၏။

ဦးသိန်းမောင်၏ တစ်ဦးတည်းသောသမီးဖြစ်သူ အသက်နှစ်ဆယ်ခန့်ခန့်မချောကလေး ခင်ခင်စိုးကား နေမကောင်းဖြစ်နေသော မိခင် ဒေါ်ကြူဝင်းကို အပေါ်ထပ်၌ ဆန်ပြုတ်တိုက်နေလေသည်။ ဒေါ်ကြူဝင်းမှာ ဘုရား၊တရားကို အလွန်ကြည်ညိုသည်ဖြစ်၍ နာမကျန်းဖြစ်သည်နှင့်တစ်ပြိုင်နက် အသက်ကလည်း ကြီးပြီဖြစ်သဖြင့် ရုတ်တရက်သေသွားနိုင်သည်ဟု ယူဆကာ သေလျှင်

လည်း ဖြောင့်ဖြောင့်သေရပါစေတော့ဟူ၍ ဘုရားစင်နား၌ ခုတင်ကို ရွှေ့ပြောင်းထားလေသည်။ မိန်းမဖြစ်၍ ဤမျှနှင့် ကျေနပ်ရသည်။ ယောကျ်ားဖြစ်လျှင်ကား ဘုရားခန်းထဲ၌ပင် ဝင်ရောက်အိပ်ဦးမည်ဟု ကြိမ်းသေး၏။

ဒေါ်ကြူဝင်း၏တူ ခင်ခင်စိုး၏ အစ်ကိုဝမ်းကွဲဖြစ်သူ မြဦးကား မီးဖိုထဲမှ ပြာများယူကာ နောက်ဖေးတမံသလင်းပေါ်တွင် ဖြန့်ကြဲပြီး ကြောင်တစ်ကောင်ကို လျှောက်နိုင်းလျက် ကြောင်ခြေရာများကို မှန်ဘီလူးနှင့် လိုက်လံကြည့်ရှုနေလေသည်။ သူကား ခေသူမဟုတ်။ မြန်မာပြည်စုံထောက်အဖွဲ့ကြီးကို လက်ဖျားတွင်မက ခြေဖျား ခေါင်းဖျားများပါ ခါသွားစေလောက်အောင် စွမ်းဆောင်ပြမည်ဟု ကြုံးဝါးလျက်ရှိသော အလွတ်စုံထောက်လောင်းတစ်ဦး ဖြစ်လေသည်။ နေ့ရောညဉ့်ပါ စုံထောက်ပညာများကို လေ့လာနေသည်သာမက- တစ်ခါက အိပ်မက်ထဲ၌ပင်မက်သူကို နိုးလာသောအခါ နောက်တစ်ခါမက်လျှင် မှတ်မိစေရန်ဟု ပုံတူဆွဲထားဖူးလေသည်။ သူ့ စုံထောက်ပညာများ ဆည်းပူးသမျှကို- နောက်မှလိုက်လံသိမ်းဆည်းပေးရသော သူကား ထမင်းချက်မိန်းမကြီး ဒေါ်နုပင်ဖြစ်၏။

အိမ်ကြီး၏ လက်ဝဲဘက်ဘေး ခြံအတွင်းတွင်ကား သဲအိတ်တစ်ခုသည် မာလကာကိုင်းမှ တွဲရရွဲကျနေလျက်၊ အကျီချွတ် ဘောင်းဘီတိုနှင့် လူပိန်ညှော်ညှော်တစ်ယောက်သည် ထိုသဲအိတ်ကို ဝါးချွန်နှင့်တည့်မတ်စွာချိန်လျက် ပြေးပြေးဆောင့်နေလေသည်။ ရုတ်တရက် သူ့ကိုမြင်ရလျှင် အထင်ကြီးစရာဖြစ်၏။ သို့သော် သူ့ခမျာမှာ လေထီးဆင်းစစ်သားလည်း မဟုတ်ရှာပါ။ နိုင်လွန်သာပေါ်လာရော၊ လေထီးကို သူမမြင်ဖူးပါ။ ဂျပန်ခေတ်က ကင်ပေတိုင် သူ့ကိုလိုက်သတ်သည်ဟုဆိုကာ ခုနစ်ရက်ခန့် ပုန်းနေဖူး၏။ တော်လှန်ရေးတွင်ကား ဟိုယောင်ယောင် သည်ယောင်ယောင် ဝင်လုပ်ခဲ့ပြီး တော်လှန်ရေးကြီး ပြီးသွားသောအခါ ဘာအလုပ်မျှလည်း မလုပ်ဘဲ အရေးကျလျှင် ပြည်ထောင်စုရန်သူကို ခုခံတိုက်နိုက်ရန် ဆိုလျက်. . .၊ စစ်ပညာများကို တစ်ယောက်တည်း လေ့ကျင့်နေသဖြင့် သူ့အဖေနှင့် ဘုကျကာ အဖေ၏သူငယ်ချင်း ဦးသိန်းမောင်နှင့် လာရောက်နေထိုင်လေသည်။

ဦးသိန်းမောင်ကား၊ သဘောကောင်းလှသည့် အဘိုးကြီးဖြစ်ရုံသာမက၊ သူများပြောလျှင်လည်း ယုံလွယ်တတ်သည်ဖြစ်ရကား၊ ယခုကဲ့သို့ သူခိုးပေါ်ချိန်ဝယ်၊ ခြေရာခံလိုက်နိုင်သည်ဟု ကြေညာထားသော တူတော်မောင်မြဦးနှင့် ဓားပြပြန်ပေးများ၏ရန်ကို ကြံ့ကြံ့ခိုင် ခံနိုင်စွမ်းရှိသော တော်လှန်ရေးသမားကြီး စိုးဟန်



တို့ကို ဘယ်လက်ရုံး ညာလက်ရုံးပြုကာ ကျေနပ်နေရှာလေသည်။

သို့သော် သူ၏အိမ်ကြီးထဲမှ ပစ္စည်းတစ်ခုကို လိုချင်လှသဖြင့် သွားရည်တများများကျကာ ယူရန်နည်းလမ်းအဝဝကို ရှာဖွေကြံဆလျက်ရှိသော သူတစ်ဦးကိုကား၊ သူတို့အိမ်မှ မည်သူတစ်စုံတစ်ယောက်မျှ မသိကြသေးပေ။

ထိုသူကား မျက်နှာချင်းဆိုင်အိမ်မှ တက္ကသိုလ်ကျောင်းသား ကျော်ဆန်းပင် ဖြစ်လေသည်။ ကျော်ဆန်း၏မိဘများမှာ ကြေးရေတာတ်များဖြစ်ကြ၍၊ သူတို့၏ တစ်ဦးတည်းသော သားကလေးကို ကျောင်းတွင် ဘော်ဒါထားလျှင် ပျက်စီးမည်ကိုစိုးကြသဖြင့်၊ အိမ်တွင်လည်း မြို့ထဲဖြစ်သဖြင့် ဆူညံနေ၍ စာကျက်၍မရဟုဆိုကာ မအူကုန်းတွင် အိမ်တစ်လုံးနှင့် မော်တော်ဆိုင်ကယ်တစ်စီး ဝယ်ပေးထားကြလေသည်။ ကျော်ဆန်းမှာ တစ်ယောက်တည်းနေရမှာ ပျင်းသဖြင့်၊ အလွန်ချစ်ခင်လှသော သူငယ်ချင်းဘမောင်ကို ခေါ်ထားပြီးလျှင်၊ အတူစား အတူသောက် အတူသွား အတူလာ နေထိုင်လေသည်။ သူတို့နှစ်ယောက်အတွက် ထမင်းတာဝန်ကို ငယ်စဉ်ကတည်းက ကျော်ဆန်းတို့အိမ်တွင်နေသော လှနိုင်မည်သောတပည့်ကျော်က တာဝန်ယူလေသည်။

ပြူတင်းပေါက်နားသို့ ကုလားထိုင်ရွှေ့ကာ ပြူတင်းပေါက်ဘောင်ပေါ် လက်နှစ်ဘက်ယှက်တင် မေးကိုပါတင်လျက်ထိုင်ရင်း ကျော်ဆန်းသည် သက်ပြင်းချမိလေသည်။

သူ့မျက်စိအစုံတို့၏ရှေ့တွင် သံပြားပေါက်များကို လူတစ်ရပ်ခန့်မြင့်အောင်ကာရံထားသော ဦးသိန်းမောင်၏ခြံကျယ်ကြီး တည်ရှိလေသည်။ ထိုခြံကြီးအတွင်းရှိအိမ်မှ တစ်ပိုင်းတစ်စသာမြင်ရသော ပြူတင်းပေါက်အချို့တွင် ဖြတ်လျှောက်သွားတတ်သော ခင်ခင်စိုးကို ရိုးကနဲ ရိပ်ကနဲ မြင်ရမည်လားဟု စောင့်ကြည့်နေရင်းက အသံဝါကြီးနှင့် သီချင်းတစ်ပုဒ်ကို ဆိုနေလေသည်။

(ဘယ်သောအခါများ. . . ဟား × ဟား × တူနှစ်ကိုယ်- နီးရပါမယ်၊ မောင်ကြံရွယ်- နတ်ပန်းထက်ပင် ခူးရခက်သေးတယ်။ ဪ. . . ဝင်းဝင်းပပလှတဲ့ ပျိုနုမရယ်. . .၊ မောင့်အသည်းမယ်- အမြဲပဲစွဲလမ်းမိတော့တယ်၊ တူမောင်ငယ်နီးဖို့ဖြင့် ခင်နုမရယ်- ခက်သေးတယ်)

“ဟေ့- ကျော်ဆန်းရာ တော်စမ်းပါ”

နဘေထပ်ကလေးနှင့် ဘမောင်ရောက်လာကာ- ကျော်ဆန်း၏ ဘေးဘက်စားပွဲခုံပေါ်သို့ တင်ပါးလွှဲ တက်ထိုင်လိုက်ရင်း-

"တစ်ခါလာ နီးဖို့ဖြင့်ခက်တယ်၊ နီးဖို့ဖြင့်ခက်တယ်နဲ့ ပြီးနေရတာပါကွ၊ နီးရအောင်မှမကြံဘဲ နီးပါ့မလားလို့"

ကျော်ဆန်းမှာ မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် ဘမောင်ကို သနားစဖွယ် မျှောက်ကြည့်ကြည့်ရင်း၊

"ငါလည်း ကြံတာပဲကွာ၊ ကောင်မလေးက ခြံထဲကခြံပြင်မထွက်တော့ ဘယ်လိုမှလုပ်လို့မရဘူး၊ ငါတော့ လက်လျှော့ချင်လာပြီ"

ဟု ညည်းတွားတွားကလေး ပြောလိုက်ရာ၊ ဘမောင်သည် ဖင်ဆောင့်ရယ်ရင်း. . .

"မင့်ဟာက စစ်မတိုက်ခင် 'ဘာဇူကာ' ဟိုဘက်ပါနေတာကိုးကွ၊ ဒီလို မလုပ်ပါနဲ့၊ ဟေ့ ကျော်ဆန်း၊ မင်းလည်း ဗမာစာ တော်သားပဲ၊ စကားပုံရှိတယ် မဟုတ်လားကွ၊ ငှက်ဟာ"

"ပျံရင်းသေရမယ်"

"လူဟာ"

"ကြံရင်းသေရမယ်"

"အဲဒါပေါ့ကွ၊ မင်းဟာ လူမဟုတ်လားကွ၊ ငှက်တောင်ပျံရင်းသေရင် မင်းကော ဘာကြောင့် ကြံရင်းမသေနိုင်ရမှာလဲကွ"

"ဒီတော့ ငါဘာလုပ်ရမလဲ"

"အဲ-ဒါ ငါ ပြောမလို့ပေါ့၊ အခုချက်ချင်း လမ်းထိပ်ကိုသွား"

"သွားပြီး ဘာလုပ်ရမလဲ"

"ပြောမယ်လေ- မင်းက မလောပါနဲ့ကွ၊ လမ်းထိပ်ရောက်တော့ လမ်းဘေးကကြံကြိတ်စက်ထဲ ခေါင်းသွင်းပြီး သေလိုက်ပေါ့ကွ"

"ဘာလို့ ငါက ဒီလိုသေရမှာလဲကွ"

"ကြံရင်းသေတာလေ- ကြံအဖျားက ညှစ်တဲ့အထဲပါသွားတော့ ကြံရဲ့ အရင်းနားမှာ သေတာပေါ့ကွ- ဟား. . ဟား. . ဟား. . ဟား. . ."

ဘမောင်မှာ တစ်ယောက်တည်း ဆောင့်ရယ်နေလေရာ၊ စောစောက အထင်ကြီးနှင့် အားကိုးစွာမျှော်ကြည့်မိသော ကျော်ဆန်းမှာ အောင့်သက်သက်ကြီး ဖြစ်သွားပြီး. . .

"ဟေ့ဘမောင်. . မင်း တော်တော်ရှုပ်တဲ့ကောင်ပဲ၊ အရေးထဲမှာ နောက်နေရသေးတယ်လို့ကွာ၊ သူငယ်ချင်းတစ်ယောက်လုံး စိတ်ညစ်နေတာ မင်းကြည့်ရက်သလားကွ၊ အချစ်ဆုံးသူငယ်ချင်း တစ်ယောက်ဟာ မီးခဲမျိုမိနေတုန်းမှာ မင်းဟာ ရေခဲရေသောက်နေစိမ့်တယ်ကွာ၊ ငါတော့ အံ့ပါရဲ့"



"ဟ- ဘာလို့ သောက်မနေနိုင်ရမှာလဲကွ၊ သူငယ်ချင်းက မိုက်လို့ဟာ ငါနေနိုင်တာပေါ့၊ ဘယ့်နှယ့်ကွာ၊ သောက်ရူးမဟုတ်၊ သောက်ကောင်းမဟုတ်၊ မီးခဲကြီးမျိုရတယ်လို့၊ ကြံကြံဖန်ဖန် ခွေးချေးပျော့နဲ့ ငှက်ပျောသီးပျော့ပျော့၊ နှပ်နဲ့ နို့ဆီ၊ အန်ဖတ်နဲ့ ငါးပြုတ်ဟင်း၊ လွတ်လပ်ရေးကျောက်တိုင်နဲ့ ရေခဲချောင်း၊ မှားယွင်းဆို မှားနိုင်ပါသေးတယ်ကွာ၊ ခုတော့ မင့်မီးခဲက ဘာနဲ့မှမမှားနိုင်ပါကလားကွ"

သူစိတ်ညစ်သည်ဆိုလေ- ဘမောင်က ဖိနောက်လေလုပ်နေသဖြင့်၊ ကျော်ဆန်းမှာ စိတ်ပျက်လာကာ ကုလားထိုင်ကို နောက်သို့ရွှေ့ရင်း ထသွားတော့မည်ဟု မတ်တတ်ရပ်လိုက်တော့မှ ဘမောင်မှာ မျက်နှာပိုးသတ်လိုက်ပြီး. . .

"ဟေ့-ကျော်ဆန်း. . . မင်းက ဘာလဲ စိတ်ဆိုးသလားကွ၊ ငါက ကျီစားနေတာပါကွာ၊ ငါလည်း မင်းစိတ်မကောင်းဘူးဆိုလို့ အရူးထောင်သွားပြီး စုံမိပါသေးတယ်- အဲလေ ငါလည်း နည်းလမ်းရှာနေတာပါကွ၊ အခုတော့ နည်းလမ်း ရပါပြီ၊ မင်းပြန်ထိုင်၊ ငါကောင်းကောင်း အတည်ပြောပါ့မယ်ကွာ"

ကျော်ဆန်းမှာ ယုံရခက် မယုံရခက်နှင့် ဘမောင်မျက်နှာကို မော့ကြည့်ရာ ဘမောင်မှာ တည်ငြိမ်လှစွာ တစ်ရာနှစ်ဆယ်ခုနှစ်သွယ်သော သိက္ခာပုဒ်တို့ကို နင်းကန်စောင့်ထိန်းနေလေသဖြင့် ပြန်ထိုင်လိုက်ရပြန်လေသည်။

"ကဲ ပြောစမ်းပါဦး မင့်နည်းလမ်းက"

"ဒီလိုကွ မင်းဟာက အခုကောင်မလေးကို စာပေးဖို့မဟုတ်လား"

"အေးလေ. . ."

"ငါ့နည်းက စာပေးနိုင်ရုံတွင်မကဘူး၊ တစ်ခါတည်း ချစ်တယ် မချစ်ဆိုတာကို ကြိုသိရမယ်"

ကျော်ဆန်းမှာ အံ့ဩသွားရာက ဘမောင်နောက်များနေပြန်ပြီလားဟု ယုံသင်္ကာမျက်နှာဖြင့် ဘမောင်ကို ကြည့်လိုက်ပြီး. . .

"ဟုတ်မှလည်းလုပ်ပါ ဘမောင်ရာ၊ မင့်ဟာက သေချာလှချည်ကလား"

"မင်း ငါ့အကြောင်းသိတယ် မဟုတ်လားကွ၊ ငါဟာ သေချာမှလုပ်တယ် ဟို့ ပထမကောင်မလေးကို စာမပေးခင် စာထောင်ပြ၊ စာထောင်ပြတော့ ကောင်မလေးကကြိုက်ရင် မင့်စာကိုယူဖို့ ကြိုးစားမှာပေါ့၊ ရှင်းရှင်းပြောရရင် မင့်ကိုစာပေး

နိုင်ဖို့အခွင့် သူကဖန်ပေးလိမ့်မယ်၊ တို့ဟာတို့ကြံရင်သာ ခက်တာ၊ ကောင်မလေးကသာပါရင် ဘုံခုနှစ်ထပ်နဲ့ ပြဿာဒ်ပေါ်မှာထားပြီး လှေကားဖြုတ်ထား၊ ရအောင်ယူနိုင်ပါတယ်ကွ"

ကျော်ဆန်းမှာ ဘမောင်၏စကားများကို ဘစ်ခွန်းစီလိုက်နားထောင်ရင်းက သဘောကျသွားဟန်နှင့် မျက်နှာဝင်းကြည်လာလေ၏။ သို့ရာတွင် ချက်ချင်းပင် တစ်စုံတစ်ခု စဉ်းစားမိသလို မျက်မှောင်ပြန်ကုတ်သွားပြန်လေသည်။

"မင့်နည်းကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ကောင်မလေးကို ဘယ်လိုလုပ်ပြီး စာထောင်ပြမလဲ၊ ကောင်မလေးက ငါ့ကို ကြာကြာစိုက်ပြီး ကြည့်တာမှ မဟုတ်ဘဲ၊ တစ်ခါတစ်ခါ ဖျတ်ကနဲကြည့်လို့ ငါကျနေတာကွ၊ စာထောင်ပြဖို့လုပ်နေတာနဲ့ သူကပြန်ငုံ့သွားမှာပဲ"

ဤတွင်မှ ဘမောင်မှာ အိတ်ထဲမှ စက္ကူနှင့် ပတ်ထုပ်ထားသော အရာဝတ္ထုတစ်ခု ထုတ်ယူလိုက်ပြီး၊ စက္ကူဖြေနေရင်းက၊ စကားပြောနေလေသည်။

"ဒါတွေ ငါစဉ်းစားပြီးသားပါကွ၊ ဒီမှာကြည့် ဘာလဲ"

ကျော်ဆန်းလည်း ဘမောင်လက်ထဲမှ ပစ္စည်းကို ကြည့်လိုက်သောအခါ မှန်ကလေးတစ်ချပ်ကို တွေ့ရသဖြင့် ဘာမှနားမလည်နိုင်ရှာဘဲ စိတ်ရှုပ်စွာ. . .

"ဟေ့. . . ဘမောင်၊ မင့်ဟာက မရှင်းမရှင်းနဲ့။ ငါ ဘာမှနားမလည်ဘူး"

"ဩော်. . . ဒေါ်စမကြီးနဲ့လေ၊ ငါပြောပြမှာပေါ့၊ တော်တော်ကြာ သူတို့ထမင်းစားတော့မယ်၊ ဒီကနေကြည့်ရင် သူတို့ထမင်းစားခန်းကို တွေ့ရတယ် မဟုတ်လား၊ ငါကြည့်တာ သုံးလေးရက်ရှိပြီ၊ ကောင်မလေးက တို့ဘက် လှည့်လှည့်စားတယ်။ ဒီနေ့လည်း စားမှာပဲ။ အဲဒီတော့၊ ဒီပြူတင်းပေါက်က လက်ကိုဆန့်ထုတ်လိုက်ရင် နေရောင်ကိုမိတယ်၊ ဒီတော့- ဒီကနေ့ ဟောဒီမှန်ကလေးနဲ့ထိုးသူ့မျက်နှာပေါ်ကို နှစ်ခါလောက် ရိပ်ရိပ်-ရိပ်ရိပ်နဲ့ ဖြတ်လိုက်ရင် မော့ကြည့်မှာပဲ၊ ဒီတော့ စာကို ကြာကြာထောင်ပြ၊ ကြာကြာထောင်ရတာက မဇော် သူ့မျက်စိကျိန်းနေမှာစိုးလို့ ကဲ. . . ငါ့နည်းက မကောင်းလား၊ ရာဒါခေတ်မှာ ရည်းစားစကားပြောနည်းလေ"

"ကောင်မလေးက စာကိုမြင်တော့ ဘာဖြစ်လဲ"

"ဟ. . . စာကိုမြင်တော့ လှောင်အိမ်ထဲထည့်ပြီး စာကလေးဖေဒင်-စာကလေးဗေဒင်လို့ အော်မှာပေါ့. . ."

"ဟာ. . . နောက်မနေစမ်းပါနဲ့ကွာ၊ အကောင်းပြောတာပါ"



"ဟာ. . . စာကိုမြင်တော့ ဒါကို သူ့ပေးမှာလို့ တွေးမိတာပေါ့ကွ၊ တွေးမိတော့ မင်းကိုကြိုက်နေရင် သူ ဒီစာရဖို့ လမ်းခင်းပေးလိမ့်မယ်"

"လမ်းခင်းမပေးရင်ကော"

"လမ်းခင်းမပေးရင်တော့ မင်းကိုမကြိုက်လို့ပဲ၊ ကိုယ့်မကြိုက်တဲ့ မိန်းကလေးတော့ စာမပေးချင်ပါနဲ့တော့ကွာ၊ နာမည်ပျက်ခံလို့"

"ကဲ. . . ဒါဖြင့်ကောင်းပြီ၊ သူတို့ ထမင်းစားကြတော့မယ်၊ ဟေ့ လှခိုင် ထမင်းမစားသေးဘူး၊ နောက်တစ်နာရီလောက်နေမှ စားမယ်"

ဤသို့ အစီအစဉ်များ ဆွဲပြီးသည့်နောက်၌ လှခိုင်မှာလည်း သူ့ဆရာတွေ ထမင်းမစားသေးဘူးဟု အမိန့်ပေးသဖြင့် သူ့ဆရာတွေ မစားခင် အဆာခံရအောင် အောက်ထပ်၌ မုန့်လက်ဆောင်း ဝယ်သောက်နေလေ၏။

အပေါ်ထပ်တွင်ကား ကျော်ဆန်းမှာ လက်တစ်ဘက်က စာတစ်စောင်၊ လက်တစ်ဘက်က မှန်ကိုင်လျက်၊ သကြိန်ကျချိန် ငံ့လင့်နေသော သိကြားမင်းကဲ့သို့ ဖင်တကြွကြွ ဖြစ်နေလေ၏။ မနီးမဝေး ခုတင်ပေါ်တွင်ကား၊ အခါပေးပညာရှိကြီး ဘမောင်မှာ အင်္ဂလိပ်သတင်းစာထဲမှ ပဟေဠိကို ဖြေနေလေသည်။

ထိုအချိန်တွင် တစ်ဖက်မှ ခင်ခင်စိုးမှာ ထမင်းစားခန်းထဲသို့ဝင်ကာ အားလုံးအတွက် ထမင်းများကို လိုက်လံခူးခပ်ထည့်ပေးလေရာ၊ ကာလကို ငံ့လင့်နေသော ကျော်ဆန်းသည် ဤသို့ အခွင့်ကောင်းရသည်နှင့်တစ်ပြိုက်နက်၊ မှန်နှင့်ကွသောလက်ကို ဆန့်တန်းထုတ်လိုက်ရင်း ခင်ခင်စိုး၏မျက်နှာကို ရောင်ပြန်ထိုးလိုက်လေ၏။

သို့ရာတွင် သူဤသို့လုပ်လိုက်ချိန်ဝယ် ခင်ခင်စိုးသည် ထမင်းလျှောက်ရင်း နေရာရွှေ့လိုက်ရာ၊ ကျော်ဆန်း၏ရောင်ပြန်မှာ ခင်ခင်စိုးနောက်မှဝင်လာသော တော်လှန်ရေးသမားကြီး စိုးဟန်၏မျက်နှာပေါ်သို့ ရုတ်တရက် ကျရောက်သန်းသွားလေ၏။

စိုးဟန်မှာ ရုတ်တရက် မျက်စိထဲ ဝင်းကနဲဖြစ်သွားသည်နှင့် တစ်ပြိုင်နက် သူ့နောက်မှလိုက်လာသော ဦးသိန်းမောင်ကို လက်နှင့်ဆွဲချကာ- "ဝပ်ကြတြ လက်ပစ်ဗုံးကွဲပြီ"ဟု စူးစူးရှရှအော်လိုက်ပြီး၊ သူကိုယ်တိုင်လည်း ကြမ်းပေါ်လျားကြီး မှောက်ချလိုက်လေ၏။

ဦးသိန်းမောင်ကြီးမှာလည်း ဘာမှန်းမသိ၊ ညာမှန်းမသိ၊ လိုက်ဝပ်လိုက်ပြီး ခင်ခင်စိုးမှာ လက်ထဲမှထမင်းပန်းကန်ကြီး ချထားလိုက်ပြီး အခန်းထောင့်သို့

ပြေးကပ်လေ၏။

သူတို့ထဲတွင် ကန္တြေမပျက်ဆုံးသောသူကား မြဦးပင်ဖြစ်လေသည်။ မြဦးကား ခပ်တည်တည်နှင့် ကြမ်းပေါ်တွင်မှောက်နေသော စိုးဟန်ကိုကြည့်ရင်း ဝင်လာရာ စိုးဟန်က. . .

"ဟော့လူ. . . ဝပ်လေဗျာ. . . ဝပ်"

ဟု အော်လိုက်သည့်အခါ၌လည်း မြဦးသည် ခပ်အေးအေးပင် ပြန်ခြေ လေသည်။

"ဝတ်ထားတာပဲဗျ- ဝတ်မထားလို့ ကျုပ်ကိုယ်တုံးလုံးမှ မဟုတ်ဘဲ"

ဤသို့ဖြစ်နေသည်မှာ ဆယ်စက္ကန့်မျှကျော်လွန်သွားပြီ ဖြစ်သော်လည်း ပေါက်သံကိုထား၍ အိုးနံ့ကိုပင် မရှူရှိုက်မိသည်နှင့် စိုးဟန်လည်း ပြန်ထလိုက်လေ၏။ စိုးဟန်ပြန်ထလိုက်မှ ဦးသိန်းမောင်လည်း မတ်တတ်ရပ်လိုက်ကာ. . .

"နေပါဦး မောင်စိုးဟန်ရဲ့၊ ဘာဖြစ်တာလဲ. . ."

ဟု မေးရလေတော့သည်။ မြဦးနှင့် ခင်ခင်စိုးတို့လည်း ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်ကြပြီး စိုးဟန်၏အဖြေကို နားစွင့်နေကြသည်။

"ဘာဖြစ်သလဲမသိဘူး ဦးရဲ့၊ ကျွန်တော်က လက်ပစ်ဗုံးကွဲပြီမှတ်တာ"

ဤနေရာတွင် စုံထောက်ကြီးမြဦးက စစ်ဆေးလေတော့သည်။

"နေပါဦး- လက်ပစ်ဗုံးကွဲတယ်ထင်ရအောင် ဒီတစ်အိမ်လုံးမှာ ခင်ဗျား တစ်ယောက်တည်း လက်ပစ်ဗုံးပစ်တတ်တာပဲ၊ ခင်ဗျားဘာသာ ခင်ဗျားပစ်နေတာ လား"

"မဟုတ်ပါဘူးဗျ၊ တခြားကလာပစ်တယ် မှတ်လို့"

"အဲ. . . မှတ်လို့ဆိုကတည်းက တွေးထင်ချက်ကိုပြတာ၊ တွေးထင်ချက် ပေါ်မှာ အလုပ်လုပ်ရင် မကြာခဏ မှားယွင်းတတ်တာပဲ"

"ဟာ. . . ကျုပ်က အရမ်းတွေးထင်တာမှ မဟုတ်ဘဲ၊ ကျုပ်မျက်လုံးထဲ မီးပွင့်သွားတာပဲ"

"မနက်က ခင်ဗျား ခေါင်းခဲမိသလား"

"ဘာဆိုင်လို့တုန်းဗျ"

"ဒါမှ မီးပွင့်နိုင်မယ်၊ ဒါတောင် ခေါင်းကြီးဝမ်းထဲမှာသွယ်ပြီး မျက် လုံးမှာ ဘတ်သီးတပ်မှ ပွင့်နိုင်ရမှာဗျ"

ဤသို့ဖြင့် ပြဿနာမှာ မရှင်းလင်းနိုင်ကြတော့ဘဲ ထမင်းသာ ဝိုင်းစား



ကြရတော့သည်။

ကျော်ဆန်းမှာ သူရောင်ပြန်မှာ ခင်ခင်စိုးပေါ် မရောက်ဘဲ လမ်းလွဲ၍ ...ဆန်အပေါ် ရောက်သွားသည်ကို တွေ့ရသည်နှင့်တစ်ပြိုင်နက် 'ဟိုက်'ဟုဆိုကာ ...က်ထဲမှ မှန်ချပ်ကလေးမှာ လွတ်ကျသွားလေ၏။ ထိုအတွင်း အောက်ထပ်မှ ...ခိုင်ဝယ်စားပြီး၍ ပြန်ထွက်လာသော မုန့်လက်ဆောင်းသည်ကြီး၏ ပုံးထဲရှိ ...န်းနို့နှင့် ထန်းလျက်အိုးမှာ အဖုံးမရှိသဖြင့် ကျော်ဆန်း၏ မှန်ချပ်ကလေးသည် ...န်းလျက်အိုးထဲသို့ စွတ်စွတ်ရွှတ်ရွှတ် ကျသွားလေတော့သည်။

"ဟော့-ဘမောင် ချောက်ပဲကွ"

"ဟော့. . . 'ချောက်'လား၊ 'ချောက်'ဆိုရင် 'ဂက်ပ်'ပါကွ၊ ငါက 'ဂက်ပ်' ...ို သိပ်မကြိုက်ဘူး၊ 'လက်ပ်'နဲ့ 'တက်ပ်'ကလည်း ကောင်းနေတယ်ကွ"

"ဟကောင်ရ- မင့်ပဟေဠိကို ဖြေပေးနေတာ မဟုတ်ဘူး၊ ဒီမှာ ချောက် ...တွေကျကုန်ပြီလို့ ပြောတာ"

ဤတွင်မှ ဘမောင်သည် ခုတင်ပေါ်မှထထိုင်လိုက်ပြီး "ဘာတွေဖြစ် ...န်သလဲ"ဟု မေးလိုက်ရာ. . .၊ ကျော်ဆန်းမှာ "မှန်. . . မုန်. . . မုန့်လက် ဆောင်းသည်ကြီး အုန်းနို့အိုးထဲ ကျသွားပြီ"ဟု တက်သုတ်ရိုက် ဖြေလိုက်လေ၏။

ကျော်ဆန်း၏စကားကို ကြားသည်နှင့် တစ်ပြိုင်နက် ဘမောင်လည်း ...တင်းပေါက်နားသို့ ပြေးလာကာ. . .၊

"ဗျို့. . . အဒေါ်ကြီး. . . လာပါဦး"

ဟု ခေါ်လိုက်ပြီး အောက်ထပ်သို့ ဆင်းပြေးလေရာ၊ ကျော်ဆန်းမှာလည်း သူ့နောက်မှ ထပ်ကြပ်မကွာ ပြေးလိုက်လာခဲ့လေ၏။

အောက်ထပ်ရောက်ကြသောအခါ မုန့်သည်အဒေါ်ကြီးမှာ မုန့်ထည့်ပြီး ၍ အုန်းနို့ခပ်တော့မည် ပြုနေရာ. . . ဘမောင်မှာ အဒေါ်ကြီးနားသို့ ရိုက်လု ...တော့မည့်ဟန်မျိုးနှင့် ပြေးသွား၍ "နေ-နေပါဦး၊ ကျွန်တော်က ထန်းလျက်ရည် ...ကြိုက်ဘူး"ဟုပြောရင်း အဒေါ်ကြီးကို လက်ဆွဲတော့မည်လိုလို မဟားဒယား ...ဖြစ်နေရာ၊ အဒေါ်ကြီးမှာ ဘမောင်ကိုမော့ကြည့်ရင်း "အဒေါ်ကလည်း အုန်းနို့ ...ည့်မလို့ပါမောင်ရယ်"ဟု ပြောလိုက်မှ ဘမောင်မှာ သတိရပြီး. . .၊

"ဒါဖြင့်လည်း ကောင်းပါပြီလေ၊ အို. . . နေပါဦး၊ ကျွန်တော်က မုန့် ...လက်ဆောင်းကို သိပ်ကြိုက်တာ"

"မောင်က သိပ်ကြိုက်တယ်ဆိုပြီး တစ်ခါမှလည်း ဝယ်မစားပါလား၊

ဟိုသူငယ်ချည်းပဲ စားတယ်"

"ဟုတ်ပါတယ်၊ တစ်ခါတစ်ခါစားရင် ဟောဒီတစ်ဗန်းလုံးကုန်မှ ဝ,တာ
မို့ ဘိုင်ကျတဲ့အခါမှာ မစားနိုင်ဘူးခင်ဗျ၊ အခုလည်း တစ်ဗန်းလုံး ပုတ်ပြတ်တဲ့
ရောင်းပါ"

အဒေါ်ကြီးမှာ ဘမောင်ကို လူထူးလူဆန်းသဖွယ် မော့ကြည့်လိုက်ပြီး. .

"အဟုတ်ပြောတာလား မောင်ရယ်"

"အဟုတ်ပါ ဒေါ်ဒေါ်ရဲ့"

"ကဲ-ဒါဖြင့် တစ်ဆယ်ပေးတော့"

ဘမောင်မှာ ဈေးမဆစ်တော့ဘဲ ကျော်ဆန်းကို ပိုက်ဆံပေးခိုင်းလိုက်ပြီ
"လှခိုင်ရေ ဇလုံပြင်ထားစမ်း"ဟု လှမ်းပြောလိုက်ပြီး အုန်းနို့အိုးကြီးကို အိမ်နောက်
ဖေးဘက်သို့ မ,သွားပြီး နောက်ဖေးရောက်သည်တွင်မှ အုန်းနို့အိုးထဲသို့ လက်နှိုက်
ရှာဖွေရာ မုန့်ချပ်ကိုရှာမတွေ့ဖြစ်နေစဉ် ကျော်ဆန်းမှာ ထန်းလျက်အိုးကြီး မ,၍
လာသဖြင့်. . .

"ဟော့- ကျော်ဆန်း မရှိပါလားကွ"

"ဘယ်ရှိမလဲ- ထန်းလျက်အိုးထဲ ကျသွားပါတယ်ဆိုမှ"

"ဒါနဲ့ မင်းက အုန်းနို့အိုးဆို",

"ငါ ဒီလိုပဲ ပြောသလား၊ ပြောရင် မှားပြောတာဖြစ်မှာပေါ့"

ဘမောင် အိုးပြန်ပေးသောအခါ အဒေါ်ကြီးသည် လှမ်းယူလိုက်ရင်း. .

"ဟင်. . . မောင်ရင့်လက်တွေပေကုန်အောင် လှယ်ရသလားလို့"

ဟု ရုတ်တရက်ပြောလိုက်ရာ ဘမောင်မှာ ယောင်သွားပြီး "နှိုက်တာ
ကိုး ဒေါ်ဒေါ်ရဲ့"ဟု ပြန်ပြောလိုက်ရာ၊ အဒေါ်ကြီးမှာ မျက်လုံးပြူးသွားရင်း "ဘာ
နှိုက်တာလဲ"ဟု ပြန်မေးမှ ဘမောင်သည် သူ့အမှားကိုတွေးမိပြီး- "သြော် အနှစ်
တွေပါပါအောင် နှိုက်မွှေတာပါ"ဟု ဆိုလိုက်မှ အဒေါ်ကြီးလည်း ကျော်ဆန်းယူ
လာသော ထန်းလျက်အိုးကို လှမ်းယူပြီး ထွက်သွားလေ၏။

အဒေါ်ကြီးသွားသည်နှင့် တစ်ပြိုင်နက် ကျော်ဆန်းလည်း အပေါ်ထပ်
ပြေးတက်ကာ ပြူတင်းပေါက်မှကြည့်လိုက်ပြီး "တော်ပါသေးရဲ့"ဟုဆိုကာ မုန့်ချ
ဖြင့် ခင်ခင်စိုးမျက်နှာကို ရောင်ပြန်ရိုက်လိုက်လေတော့သည်။

ရောင်ပြန်ကလေးမှာ ခင်ခင်စိုး၏မျက်နှာပေါ်သို့ ရိပ်ရိပ်-ရိပ်ရိပ်နှင့်
နှစ်ခေါက်ခန့်မျှ ဖြတ်သန်းလိုက်သည်တွင် ခင်ခင်စိုးမှာ မော့ကြည့်လိုက်မိသည်



တွင် စာထောင်ပြနေသော ကျော်ဆန်းကို တဖြည်းဖြည်း ထင်ရှားစွာ မြင်ရလေ
တော့၏။ မိမိကို စာထောင်ပြနေသည်ကို သိရသောအခါ ရှက်သွားသဖြင့် မျက်စိ
ကိုလွှဲလိုက်ရာ သူ့ကိုသေချာစွာကြည့်နေသော အစ်ကိုဝမ်းကွဲ မြဦးကိုတွေ့ရသော
အခါ ထိတ်ကနဲဖြစ်သွားလေ၏။

ထိတ်ကနဲဖြစ်သွားရခြင်း၏ အကြောင်းရင်းကား ခင်ခင်စိုးမှာ ကျော်
ဆန်းကိုမမုန်းသဖြင့် ကျော်ဆန်း ဤသို့ချစ်လမ်းထွင်သည်ကို အစ်ကိုဖြစ်သူများ
သိသွားလေရော့သလားဟု စိုးရိမ်မကင်းဖြစ်သွားမိခြင်းပင် ဖြစ်၏။ သို့နှင့် မိမိကို
သေသေချာချာကြည့်နေသော မြဦးကို မလုံသလိုမေးမိလေ၏။

"ကိုကိုကလည်း ဘာကြည့်နေတာလဲ"

"ဟင်- ငါက နင်ရောင်ခြည်တော် လွှတ်နေသလားလို့"

သူ့စကားကို ကြားလိုက်ရသော ဦးသိန်းမောင်မှာ မျက်လုံးကြီးပြူးလိုက်
ပြီး. . .

"ဟဲ့ကောင်ခွေးသား. . . ဘာတွေလျှောက်ပြောနေတာလဲ၊ ဝမ်းကျကုန်
လိမ့်မယ်"

ဤတွင်မှ မြဦးမှာ မိမိအမှားကို သတိရသဖြင့် လက်အုပ်ကလေးချီ
ရင်း. . .

"မြတ်စွာဘုရား- သည်းခံတော်မူပါ၊ စေတနာမပါပါဘူးဘုရား"

ဟု တောင်းပန်တိုးလျှိုးခြင်းကို ပြုလိုက်မှ ဦးသိန်းမောင်ကြီး စိတ်ကျေ
နပ်သွားသည့်နည်းတူ- ခင်ခင်စိုးမှာလည်း စိတ်အေးသွားရှာလေတော့သည်။

## (၂) တွေ့ပါရစေဗျာ။

"ကဲ- မင်း ဒီက စောင့်ကြည့်နေပေတော့၊ ကောင်မလေး မင်းကို ကျနေ
ရင်တော့ အချက်ပေးမှာပဲ၊ အဲ- မကြိုက်ရင်တော့ မင်းကုသိုလ်ပဲပေါ့ကွာ"

ထမင်းကိုပင် ပြူတင်းပေါက်နားယူလာပြီး စားသောက်ပြီးစီးသွားသော
ကျော်ဆန်းအား ဘမောင်သည် သြဝါဒမွန်-သြဝါဒကောင်းများ ပေးပြီးနောက်၊
ကျော်ဆန်းကို တစ်ယောက်တည်းထားခဲ့ကာ၊ ခုတင်ပေါ်သို့သွားရောက် တစ်ရေး
တမော အိပ်နေလေ၏။

ကျော်ဆန်းကား ရင်ထဲတွင် တထိတ်ထိတ်နှင့် မမိတ်သော မျက်စိများ

ဖြင့် သံပြားပေါက်များကာထားသော ခြံကျယ်ကြီးထဲသို့ စိုက်ကြည့်နေရစ်လေသည်။ သူသူငယ်ချင်းများပြောကြသော ရည်းစားထားရတာ ပျော်သည်ဆိုသည်မှာ ဤကဲ့သို့သော ဝေဒနာမျိုးကို ခေါ်သလောဟူ၍ပင် မှတ်ထင်မိလေသည်။

ကြည့်နေရင်းပင် ကျော်ဆန်း၏မျက်နှာမှာ အိမ်ရှင်မပီသသူတစ်ယောက်၏ ကြမ်းပြင်ကဲ့သို့ ရှုပ်ကြည်လာလေ၏။ အကြောင်းကား တစ်ဘက်ခြံထဲတွင် ခင်ခင်စိုးမှာ အကျီများလာလှန်းလျက်ရှိသည်ကို တွေ့ရသောကြောင့်ဝင်ဖြစ်ပေ၏။ ခါတိုင်းဆိုလျှင် အဝတ်များကို ခင်ခင်စိုးမလှန်းဘဲ ထမင်းချက်မိန်းမကြီး လှန်းနေကျဖြစ်ရာ၊ ယခုကဲ့သို့ ခင်ခင်စိုးကိုယ်တိုင် ဆင်းသက်လှန်းသည်မှာ သူ့ကို တမင်သက်သက် အခွင့်လမ်းပေးသည်ဟု ယူဆမိလေသည်။

သို့ဖြစ်၍ တစ်ရေးမေးနေသော အခါပေးပညာရှိကြီး ဘမောင်ကိုပြေးနိုးရာ ဘမောင်မှာ ကပျာကရာထရင်း၊ "အုန်းနို့ဒိုး ကျွန်တော့်ပေးပါ၊ အုန်းနို့ဒိုးပေးပါ"နှင့် အော်နေလေတော့၏။

"ဟေ့ကောင် ဘမောင် ဘာယောင်နေတာလဲကွ"

ဘမောင်မှာ မျက်စိများကို ပွတ်သပ်လိုက်ပြီးမှ. . .

"ဟင်. . . ဘာလဲကွ ကျော်ဆန်း"

"ဟိုမှာ ကောင်မလေး-လှန်းနေတယ်"

"ဟေ- ဘာပြောတယ်. . .၊ ကောင်မလေး လှန်နေတယ်"

"ဘယ်က လှန်နေရမှာလဲ၊ လှန်းနေတယ်၊ အဝတ်လှန်းနေတယ်"

"ဟုတ်လား. . . အဲဒါ လမ်းကြိတ်စက်မပါဘဲ လမ်းခင်းတာပဲ၊ သွား. . . သွား၊ စာသွားပေးချေ၊ ကြာရင် မင်းငုတ်နေလိမ့်မယ်၊ ကောင်မလေးက နေပူထဲကြာကြာရပ်နေမှာ မဟုတ်ဘူး. . . နှာစေးမှာစိုးလို့"

ကျော်ဆန်းမှာလည်း ဘမောင် ပြောကြားသမျှကို တစ်သဝေမတိမ်းလိုက်နာဆောင်ရွက်ရန် စာကလေးကို ကောက်ယူကာ ဗျာပျာကယာ ပြေးဆင်းလာခဲ့လေ၏။

ဝင်းထရံနား ရောက်သောအခါ လူတစ်ရပ်လောက်မြင့်သော ဝင်းထရံနားတွင် ဆောင့်ကြောင့်ထိုင်လိုက်ကာ အပေါက်ဝိုင်းကလေးတစ်ခုမှ ခင်ခင်စိုးကိုချောင်းကြည့်လိုက်ပြီး 'ရှူး. . . ရှူး'နှင့် အသံပြုလိုက်ရာ၊ ခင်ခင်စိုးမှာ လှည့်ကြည့်လိုက်သော်လည်း ဤကဲ့သို့သော ဝင်းထရံမျိုးမှာ အပြင်ကို အမြင်ရခက်သဖြင့်ရုတ်တရက်မတွေ့မိဘဲ အဝတ်ကို ပြန်လှန်းမြဲလှန်းနေလေ၏။



ကျော်ဆန်းမှာ အခက်ကျနေပြီ။ ကြာရှည်ဆွဲနေလျှင် အိမ်ထဲမှ တစ်ယောက်ယောက် ထွက်လာခဲ့သော် ဒုက္ခဖြစ်ရချေတော့မည်ဟုကြံ၍ သံပြားနှစ်ချပ်ဆက်သော နေရာကြားတွင် စာခေါက်ကလေးကို ချိန်ဆတင်လိုက်ပြီး လက်ညှိုးနှင့်ပိတ်တောက်လိုက်ရာ၊ စာခေါက်ကလေးမှာ ဝှီးကနဲပျံ၍ ခင်ခင်စိုး၏ခြေရင်းနားသို့ ဖုတ်ကနဲ ကျရောက်သွားလေတော့သည်။ ခင်ခင်စိုးမှာ စာခေါက်ကလေးကိုမြင်သည်နှင့်တစ်ပြိုင်နက် ဘယ်ကလာမှန်း မသိသဖြင့် ကျော်ဆန်းတို့အိမ် ပြတင်းပေါက်သို့ ကြည့်လိုက်လေရာ၊ ပြတင်းပေါက်မှာရပ်၍ အကဲခတ်နေသော ဘမောင်မှာ မျက်လုံးပြူးသွားလေ၏။ ခင်ခင်စိုးက သူပေးသည်ဟု ထင်သွားမည်ကိုလည်းစိုးရိမ်၊ စကားလည်း လှမ်းပြော၍ မရသဖြင့် သူ့ကိုယ်သူ လက်နှင့်ထောက်ပြ. . . လက်ခါပြ. . . ဝင်းထရံနား၌. . . ကုပ်နေသော ကျော်ဆန်းကို လက်ညှိုးထိုးပြလုပ်လိုက်မှ ခင်ခင်စိုးလည်း ကျော်ဆန်းကို မြင်သွားကာ စာရွက်ကလေးကို ကောက်ယူပြီး အိမ်ထဲဝင်ပြေးလေ၏။

ဘမောင်မှာ အသံတိတ်ရုပ်ရှင်ကားကို ရိုက်ပြီးမှ ခင်ခင်စိုးတို့အိမ်ပေါ်သို့ လှမ်းကြည့်မိရာ၊ အပေါ်ထပ်ပြတင်းပေါက်မှ သူ့ကို ကြည့်နေသော တော်လှန်ရေးသမားကြီးကို တွေ့ရသောအခါ၊ ထိတ်ကနဲ ဖြစ်သွား၍ သူလက်ညှိုးညွှန်ရာသို့ ဦးဟန် လိုက်မကြည့်မိစေရန် သူ့လက်နှစ်ဘက်ကိုယှက်ရင်း အပေါ်သို့ ဆန့်တင်လိုက်ပြီး ကုလားသီချင်းတစ်ပုဒ်ကို အော်ဆိုကာ လှည့်ပတ်ပြီး က,နေလေရာ ဦးဟန်မှာ ရှုံ့မဲ့ပြီး ပြန်ဝင်သွားလေတော့၏။

"ယူတော့သွားတာပဲ. . . ဟန်ကျပြီထင်တယ်"

ကျော်ဆန်းသည် ဘမောင်အနားသို့ ရောက်ရောက်ချင်း ပြောလိုက်လေသည်။ ဘမောင်မှာ ဤနေရာမျိုး၌ ကျော်ဆန်းနှင့် အပြတ်အသတ် ကွာခြား၍ ဝါရင့်သူပီပီ အဖိုးတန်လှသော ဩဝါဒများကို ပေးနိုင်သူဖြစ်၏။ ထို့ကြောင့်ပင် ကျော်ဆန်းသည် ဘမောင်၏မှတ်ချက်ကို နာခံလိုသဖြင့် မေးစမ်းကြည့်မိလေသည်။

"နက်ဖြန်စာပြန်မယ် ထင်တယ်ကွ"

"မထင်နဲ့ မောင်ရင်- လဲသေသွားတော့မလောက် ပြန့်ကြိုက်နေတဲ့ မိန်းကလေးဖြစ်ဦး၊ နောက်ထပ်တစ်စောင်တော့ စောင့်သေးတယ်ဟေ့"

ဘမောင်၏မှတ်ချက်ကို ကြားရသောအခါ၊ စာတစ်စောင် တစ်စောင်ပေးဖို့ရန်မှာ ငရဲပြည်တစ်ခေါက်သွားရသည်ထက်ပင် ဒုက္ခရောက်လှသည့်

အကြောင်းကို ခံစားသိရှိသော ကျော်ဆန်းမှာ မျက်နှာငယ်ကလေးနှင့် ဖြစ်သွားကာ. . .

"ဒါဖြင့် ဒုက္ခပဲကွာ"

"ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ကောင်မလေးက မင်း စာပေးရတဲ့ဒုက္ခကို သိသွားပဲကွ၊ ဒီတော့ နောက်ထပ်စာတစ်စောင် မစောင့်တော့ဘဲ ပြန်ပေးပါလိမ့်မယ်ကွာ"

"ဒါဖြင့် ဟန်ကျပြီပေါ့ကွ"

"အမယ်- သိပ်လည်းထင်မနေနဲ့၊ ယူသွားတိုင်း ကိုယ့်ကိုကျလို့မှတ်သလား၊ အားနာပါးနာနဲ့ ယူကြရတာတွေ ပြည့်လို့"

"ဟင်. . . ဒီလိုဆိုချောက်ပေါ့"

"ချောက်လည်း မဟုတ်သေးပါဘူး- ကောင်မလေးကြည့်ရတာ မင့်ကျနေပုံရပါတယ်"

"ဟာ. . . ငါ့လခွေးမှပဲ၊ မင်းစကားက ခုလက်နက်ချပြီ၊ ခုတော့ပြန်ခိုမြိန်"

ဘမောင်မှာ ကျော်ဆန်း၏ဥပမာပေးပုံကို သဘောကျရင်း ရယ်လိုက်ပြီး. . .

"မပူပါနဲ့ ကျော်ဆန်းရာ စာတော့ပြန်ပါလိမ့်မယ်၊ ဘယ်တော့ပြန်ရမယ် ဘယ်လိုပြန်ရမယ်ဆိုတာကို မင်းထည့်ရေးသေးတယ် မဟုတ်လား"

"အေးလေ. . . မင်းပြောတဲ့အတိုင်း မနက်ဖြန်စာပြန်ပါ၊ စာပြန်တဲ့အခါကျရင် သံပြားပေါက်နဲ့ အနီးဆုံး နှင်းဆီပန်းရုံကြားမှာ စာညှပ်ထားပါဆိုတာတွေပေါ့"

"အေး. . . ဒါဖြင့် စောင့်ကြည့်ပေါ့ကွာ"

ဤအချိန်မှာစ၍ ကျော်ဆန်းမှာ ညနေစာလည်း ကောင်းကောင်းမစားနိုင်၊ ညဥ့်လည်း ကောင်းကောင်းမအိပ်နိုင်၊ အိပ်နိုင်သည့် တစ်ရေးတမောမှာလည်း ခင်ခင်စိုးကိုချည်း အိပ်မက်လျက်ဖြစ်နေရကား နက်ဖြန်မြန်မြန်ရောက်ပါစေဟု၍သာ ဆုတောင်းနေမိရှာလေတော့သည်။

ဤသို့ဖြင့် တနင်္လာနေ့ အာရုဏ်ကျင်း၍ အလင်းရောက်လာခဲ့လေပြီ။

ကျော်ဆန်းမှာ ထိုနေ့တစ်နေ့လုံး ပြတင်းပေါက်နားက မခွာတော့ပေ၊ ခြံကြီးဆီသို့ မျက်ခြေမပြတ် ကြည့်ရလွန်းသဖြင့်လည်း၊ မျက်လုံးများမှာ ကျိန်းစပ်၍ မျက်ရည်များပင် လည်လာတော့၏။ သို့ရာတွင် မိုးချုပ်သွားသည့်တိုင်အောင် ခင်ခင်စိုးမှာ ခြံထဲဆင်းမလာသည့်အပြင် ပြတင်းပေါက်များနောက်မှပင် ရိုးတိုးရိပ်တိပ် ဖြတ်သွားသည်ကို မမြင်ရတော့ချေ။



တစ်နေ့လုံး မြို့ထဲထွက်၍ လျှောက်လည်နေသော ဘမောင် ပြန်လာသောအခါတွင် ကျော်ဆန်းမှာ ခုတင်ပေါ်တွင် ပက်လက်ကလေးလှန်နေသည်ကို တွေ့ရသဖြင့် "ဘယ့်နှယ် ကျော်ဆန်း မနိပ်ဘူးလားကွ" ဟု မေးလိုက်လေသည်။

"ဖုန်းသက်ဝေမှာလေ ပြုံးမျက်ရည်တွေနဲ့ပဲ အံကြိတ်ကာထားလည်း မရနိုင်ပေ၊ တွေတွေ စီးကျလို့နေ"

"အောင်မယ်၊ တော်စမ်းပါကွာ၊ ငါမမေးခင်တုန်းကတော့ ငြိမ်နေသား၊ ငါမေးလိုက်တော့မှ အမဲခြောက်တောင်းတယ်၊ မင်း ဖုတ်ဝင်နေပြီထင်တယ်"

"သူငယ်ချင်းရယ် မင်းငါ့ကို မသနားဘူးလားကွာ"

"ဟေ- ဘာဖြစ်နေသလဲ ခြေကျိုးသွားပြီလား. . . မျက်စိကန်းသွားသလား ဂျူဒါအီဇီကယ်လမ်းထောင့်က အဘိုးကြီးလို တစ်ပဲလောက် သနားခဲ့ကြပါနဲ့ အော်ပါလားကွ၊ ငါ့နားထဲတော့ ဒီအဘိုးကြီးအော်တိုင်း ဒဗလ်လော့ဒ်(Develop)ဆိုတဲ့ အင်္ဂလိပ်စကားကို သွားသွားသတိရတယ်"

ဘမောင်မှာ ပြောချင်ရာတွေလျှောက်ပြီး ဇွတ်ပြောနေလေတော့ရာ၊ ကျော်ဆန်းမှာ စိတ်မရှည်နိုင်တော့ဘဲ. . . ခေါင်းကို ဗျစ်ဗျစ်နှင့် ကုတ်လိုက်ရင်း-

"ကောင်မလေးကို မြင်တောင်မမြင်ရပါလားကွာ"

ဟု ညည်းလိုက်လေရာ ဘမောင်သည် ကျော်ဆန်းဘေးနား၌ ဝင်ထိုင်လိုက်ရင်း "သြော်. . . ကန်းသွားရှာပြီကိုး"ဟု ပြောလိုက်သည်တွင် ကျော်ဆန်းမှာ စကားတစ်ခွန်းမျှ မပြောတော့ဘဲ တစ်ဘက်သို့ လှည့်သွားလေတော့၏။ ဤတွင်မှ ကျော်ဆန်း စိတ်ဆိုးသွားပြီဟု သိသော လူပါးကြီးဘမောင်က ပြုံးလိုက်ရင်း. . .

"ဟေ့-ကျော်ဆန်း အလကားပြောနေတာပါကွာ၊ ပျော်ပျော်နေစမ်းပါ၊ မင့်ကောင်မလေးက မင့်ကို ကျနေတာသေချာပါတယ်ကွ၊ တို့ဝမာမိန်းကလေးတွေထုံးတမ်းစဉ်လာအရ အချိန်ဆွဲတာပါကွ၊ နက်ဖြန်ကျရင်တော့ မင့်ကိုစာပြန်ရမယ်ကွာ၊ ဒါမှချပဲ"

ဤသို့အားပေးလိုက်မှ ကျော်ဆန်းမှာ ချာကနဲပြန်လှည့်လာ၍. . .

"ဟေ့-ဘမောင် မင်းအဟုတ်ပြောနေတာလားကွ"

ဟု အားတက်သရော မေးလိုက်မိရှာလေသည်။

"အဟုတ်ပေါ့ကွာ. . . မင်းမယုံရင်စောင့်ကြည့်၊ ငါပြောတာလွဲတယ်ဆိုရင် အသတ်ခံမယ်ကွာ"

ကျော်ဆန်းမှာ ဘမောင်၏စကားကို ကြားရသည်တွင်မှ စိတ်ရွှင်လာနိုင်ကာ၊ ထိုညတစ်ညလုံး အိပ်မက်ကောင်းများ မက်ပစ်လိုက်ပြန်လေ၏။

နောက်တစ်နေ့ရောက်သည့်တွင် မနေ့ကကဲ့သို့ပင် ကုလားထိုင်တစ်လုံးနှင့် ပြတင်းပေါက်နားမှ စောင့်မျှော်ကြည့်ရှုနေလေသည်။ ယနေ့အဖို့ တစ်ခုထူးခြားသည်ကား ထမင်းစားခန်းတွင်. . . မနေ့က မတွေ့ရသော ခင်ခင်စိုးကို ယနေ့ယခင်နေရာဟောင်း၌ပင် ပြန်တွေ့ရခြင်း ဖြစ်လေသည်။ ဤကဲ့သို့ တွေ့ဆုံရရုံမျှမက ခင်ခင်စိုးမှာ သူ့ကို နှစ်ခါ သုံးခါမျှ မသိမသာ မျက်လုံးလှန်လှန်၍ ကြည့်ခြင်းပင်ဖြစ်၏။

နောက်ထပ်တစ်နာရီခန့် မျက်ခြည်မပြတ် ဆက်ကြည့်နေသည်တွင်၊ ခင်ခင်စိုးမှာ တစ်ယောက်တည်း ပန်းခြံထဲသို့ မယောင်မလည်ဆင်းလာသည်ကို တွေ့ရသဖြင့် ကျွမ်းခုနှစ်ပတ်လောက် ထပစ်လိုက်ချင်တော့သည်။ သို့သော် ကျွမ်းထပစ်နေလျှင် မမြင်ရတော့မည်ကိုစိုးသဖြင့် ကျွမ်းမပစ်ရဲဘဲ ဆက်လက်၍ စိုက်ကြည့်နေပြန်ရာ၊ ခင်ခင်စိုးသည် ဝင်းထရံနားက နှင်းဆီရုံအနီးသို့ ခြေလှမ်းလာရောက်ရပ်တန့်ပြီး ခပ်သုတ်သုတ် ပြန်လှည့်၍ အိမ်ထဲဝင်သွားလေတော့၏။

"ဟာ- နိပ်ဟ" ဟု မြည်တမ်းရင်း ကျော်ဆန်းသည် အိမ်ပေါ်မှ ကဆုန်ပေါက်ဆင်းပြေးကာ ဝင်းထရံနားသို့ပြေးကပ်ပြီး သေသေချာချာကြည့်ရာ သံပြားအပေါက်တစ်ပေါက်နှင့်တည့်တည့် နှင်းဆီခက်ကလေးကြားတွင် ပြာလဲ့သော စာရွက်ကလေးသည် ကျော်ဆန်းကို မျက်စပစ်ပြနေလေသည်။

ကျော်ဆန်း၏မျက်နှာမှာ မီးညှိသောဆေးလိပ်ကဲ့သို့ ဝင်းကနဲဖြစ်လာပြီး၊ စာကိုရလိုဇောနှင့် သံပြားပေါက်အဝိုင်းထဲသို့ လက်ကိုအတင်းသွပ်ကာ၊ စာရွက်ခေါက်ကလေးကို ဆွဲလိုက်လေ၏။ ဤအချိန်တွင် စိုးဟန်သည် ဝါးချွန်ပြားတစ်ခုကိုကိုင်ရင်း လမ်းလျှောက်လာရာ ပန်းရုံလျှပ်သွားသည်ကိုမြင်သဖြင့် အသာအနားကပ်လာလေ၏။

ကျော်ဆန်းမှာလည်း လက်ကို ကမန်းကတန်းပြန်ရုပ်ရာ၊ သံပြားပေါက်နှင့်လက်မှာ တစ်လစ်ကြီးဖြစ်ကာ ဆွဲထုတ်ရခက်နေလေ၏။ အတင်းဆွဲလေလက်နာလေ ဖြစ်ရကား၊ မဆွဲယူနိုင်ဘဲရှိနေစဉ် ကပ်လာသော ခြေသံနှင့်တကွ၊



သူ့ရိပ်ကိုမြင်ရသဖြင့်၊ ဘေးနားကပ်လျက်အပေါက်မှ ဘယ်ဘက်လက်ညှိုးနှင့်လက်မနှစ်ချောင်းကိုသွင်းကာ ညာဘက်လက်မှစာကို ဘယ်ဘက်သို့ ပြောင်းထုတ်လိုက်ရာ၊ စာမှာ ရှောရှာရှူရှူ အပြင်ရောက်လာလေတော့သည်။ သို့သော် ညာဘက်လက်မှာ ကန့်လန့်ကြီးခံနေဆဲပင် ဖြစ်၏။

ထိုခဏ၌ တော်လှန်ရေးသမားကြီး စိုးဟန်မှာလည်း အနားရောက်လာလေရာ၊ လက်ကလေးကိုမြင်သည်တွင် နောက်သို့နှစ်လှမ်းခန့်ဆုတ်ပြီး လက်ထဲမှ ဝါးချွန်နှင့် တည့်မတ်စွာ ချိန်လိုက်လေ၏။ ကျော်ဆန်းမှာလည်း စိုးဟန်၏အကြံကိုရိပ်မိသဖြင့် ကဗျာကယာပြန်ထုတ်နေရရာ၊ နောက်ဆုံးတွင် လက်ကို ကြာဖူးကဲ့သို့ ရှည်မျောမျောကလေးသဏ္ဌာန်လုပ်၍ ဆွဲထုတ်လိုက်မှ လက်မှာ ထွက်လာခဲ့လေသည်။ လက်အပြင်ရောက်သည်နှင့်တစ်ပြိုင်နက် 'ကျား' ဟူသော စူးရှသည့်အသံကို ကြားလိုက်ရသည်တွင် လန့်၍ဘေးသို့ဖယ်ပေးလိုက်ရာ၊ သံပြားပေါက်မှ ဝါးချွန်ကြီးမှာ တစ်တောင်ခန့် အပြင်သို့ ထွက်လာလေတော့သည်။

ဤတွင် ကျော်ဆန်းမှာ နောက်တစ်ချက် သူ့ကိုထပ်မထိုးနိုင်စေရန် ထွက်နေသည့် ဝါးခြမ်းပြားချွန်ကို ဘေးသို့အတင်းဆွဲလိုက်ရာ၊ ဝါးခြမ်းပြားမှာ 'ဖွတ်'ကနဲမြည်၍ ကျိုးသွားလေတော့၏။

စိုးဟန်မှာ- သူ့လက်သုံးတော် သီလဝင်ဝါးခြမ်းမှာ ကျိုးသွားရတော့သဖြင့်၊ ဒေါသအကြီးအကျယ်ပွကာ "ငါ့ဝါးချွန်တော်ကို ဘယ်ကောင်ချိုးသလဲ"ဟု သိချင်သဖြင့် အပေါ်တက်ပြီးကျော်ကြည့်ရန် အပေါက်များကို လှေခါးထစ်သဖွယ်ခြေလုပ်လျက် တစ်ပေါက်ပြီးတစ်ပေါက် နင်းတက်သွားလေ၏။

ကျော်ဆန်းမှာ စိုးဟန်၏ပြုမူချက်ကို မြင်သောအခါ အဓိပ္ပါယ်ကို ရိပ်မိလာသည့်အတွက် သူ့မျက်နှာကို မမြင်စေခြင်းငှာ၊ ကိုယ်ကိုခပ်ကိုင်းကိုင်းပြုရင်း ဝင်းထရံကိုကပ်လျက် အလျှားလိုက်ပြေးလေ၏။ ကျော်ဆန်းပြေးသည်ကို လျှင်မြန်စွာဆင်းလိုက်ပြီး အတွင်းမှ ကျော်ဆန်းနှင့်ယှဉ်၍ ပြေးလိုက်လေ၏။ ကျော်ဆန်းမှာ ခြံကိုပတ်လည် ပြေးသေတော့ရာ အိမ်နောက်ဖေးသို့ ရောက်လာသည်တွင် အတွင်းမှ စိုးဟန်မှာလည်း ကျော်ဆန်းကို မျက်ခြည်မပြတ်ကြည့်ရင်းလိုက်နေရသည်ဖြစ်ရကား ဝင်းထရံစိုက်ထားသော မာလကာပင်ကို မမြင်တော့ဘဲ ရုတ်တရက် 'ဂွပ်'ကနဲ ပြေးဆောင့်မိသည့်အခါ၌ မြေကြီးပေါ်သို့ ဖင်ထိုင်လျက်ပစ်ကျလေတော့သည်။

ဤတွင်မှ ကျော်ဆန်းမှာလည်း ခြံကြီးကို စိတ်ချလက်ချ ပတ်ပြေးရင်း

သူ့အိမ်ပေါ်သို့ ပြန်ပြေးတက်လာခဲ့ရတော့၏။ အပေါ်သို့ရောက်လျှင် ဘမောင်က ဆီး၍. . .

"ဘာတဲ့တုန်းကွ၊ သူ့စာက မည်းသလား၊ ဖြူသလား"

ဟုမေးရာ ကျော်ဆန်းမှာ မောပန်းသည်ကိုပင် ဂရုမထားနိုင်တော့ဘဲ မွှေးထုံနံ့ကလေးသင်းနေသည့် စာရွက်ပြာခေါက်ကလေးကို တစ်ချက်မျှ ကံကောင်းပါစေ ဟူသောသဘောဖြင့် နမ်းရှုပ်လိုက်ပြီး ဖွင့်ဖတ်လိုက်လေ၏။

*ကိုကျော်ဆန်း*

*မေမေ ရောဂါ တိုးလာသည့်အတွက် မနေ့က စာမပြန်တာကို ခွင့်လွှတ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။*

*အစိုးတို့မှာတော့ မိန်းကလေးမို့ ရုတ်တရက် အချစ်ကို လက်မခံဝံ့ပါဘူးရှင့်၊ ဒါပေမဲ့ ကိုကျော်ဆန်းကသာ မိကောင်းဖခင်သားသမီးပီပီ ကျောရဂုံမကြဲဘူး၊ အတည်ကြံမယ်ဆိုရင် ကိုကျော်ဆန်းအချစ်ကို လက်ခံဖို့ ဝန်မလေးပါဆိုတာကိုတော့ သိစေချင်တာပေါ့။*

*လောကကြီးကို ကြောက်ရွံ့စွာ ဒူးထောက်လျက်။*
*ခင်စိုး*

"ပစ်လိုက်ကွ၊ ပစ်လိုက်"

ဘမောင်မှာ ဖတ်ပြီးပြီးချင်းပင် ဆောင့်အော်လိုက်လေရာ ကျော်ဆန်းမှာ အူကြောင်ကြောင်ဖြစ်သွားပြီး. . .

"ဘာလို့ ပစ်ရမှာလဲကွ"

"မင်းက ဘာပစ်တာပြောတာမှတ်လို့လဲ"

"ကောင်မလေးကိုလေ"

"အောင်မယ်လေးဟဲ့၊ အောင်မယ်ရယ်တဲ့မှလေး၊ တော်တော်ရှော်ဦးမယ့်အကောင်ပဲ၊ ကောင်ဇကမလေး ပစ်ခိုင်းတာ မဟုတ်ဘူးဘုရား၊ ကျွမ်းပစ်ခိုင်းတာ သိပလား. . ."

ဘမောင်က ရှင်းပြတော့မှ ကျော်ဆန်းမှာ ပြုံးလာနိုင်တော့ကာ၊ စာရွက်ခေါက်ကလေးကို တစ်ချက်နမ်းလိုက်ရင်း အိတ်ထဲထည့်လိုက်ပြီး တကယ်ပင် ကြမ်းပေါ်၌ ကျွမ်းထိုးလိုက်လေရာ၊ 'ဒုံးကနဲ' ဖင်ညှောင့်ရိုးနှင့်ကျသဖြင့် ရှုံ့မဲ့ပြီး ထလာရလေ၏။ "အင်း. . . အချစ် အချစ် မရလည်း ဒုက္ခ၊ ရလည်း ဒုက္ခပါပဲ နော်" ဟု နောက်လိုက်ရာ ကျော်ဆန်းက ခေါင်းကို လှမ်းပုတ်လိုက်ရင်း "တော်



မေ်းပါကွာ၊ မင်းစကားကိုယုံတိုင်း ကောင်းတာမဟုတ်ဘူး" ဟု ပြောလေ၏။

"ကဲ-ဒါက အရေးမကြီးသေးဘူး၊ တော်တော်ကြာရင် မင်းနဲ့ ကောင်မလေးနဲ့ ရည်းစားဖြစ်တော့မယ်"

"ဖြစ်တော့မယ်"

"ဒီတော့ ဘာလုပ်မလဲ"

"ကျောင်းက စာမေးပွဲအောင်ရင် လက်ထပ်ပေါ့"

"အလဲ့ တယ်ဟုတ်ပါကလား"

"နို့ ငါဒီလိုမလုပ်လို့ ဘာလုပ်ရမလဲ"

"ဒီကြားထဲမှာ တွေ့ပေးရတယ်ကွ၊ ချိန်းတွေ့ပေးရတယ်၊ ကျူကျူလွှန်လွှန်တော့ မလုပ်နဲ့- အပေါ်ယံရိကတော့ တွေ့ပေးရတယ်၊ ဒါမှ သမီးရည်းစားဆိုတာ ပိုချစ်တယ်၊ ပိုပြီးမြဲတာကွ"

ဘမောင်က ဤသို့ပြောလိုက်ရာ ကျော်ဆန်း၏ လန်းရွှင်နေသော မျက်နှာကလေးမှာ နေမတွေ့သော ကြာကဲ့သို့ ကုပ်စိုက်စိုက်ကြီး ဖြစ်သွားလေတော့သည်။

"အောင်မယ်လေးကွာ- ဒီလောက်စာကလေးပေးတာတောင် ကျားကို အစာကျွေးတာထက် ခက်သေးရင်၊ တွေ့ဖို့က ဝေးရောကွ"

"ငါစီစဉ်ပေးပါ့မယ်ကွာ၊ မို့မယ့်ပို့ ခုတင်ရောက်အောင် ပို့ပါ့မယ်၊ မင်းကသာ လွန်လွန်ကျူးကျူး မဖြစ်ရပါစေဘူးလို့ ငါ့ကို ကတိပေးရမယ်"

"ကဲ-ပေးပါ့မယ်ကွာ၊ နှုတ်ခမ်းနာဘေးချိတ်ပြီး မင့်မုန့်ဆီကြော်ပဲ အရင်ကျော်စမ်းပါဦး"

"ကြော်မယ်လေ၊ ဒီလိုကွ သူတို့အိမ်က 'အီလက်ထရစ်လိုက်' မဟုတ်လား"

"ဟုတ်တယ်"

"အဲ-ဒီတော့၊ တစ်ခါတစ်ခါ ဓာတ်မီးစက်က ချွတ်ယွင်းလို့ မှောင်ကျကျသွားတယ် မဟုတ်လား"

"အေးလေ"

"အဲဒီလို မှောင်ကျနေတုန်းကို မင်းဝင်သွားပြီး သူ့အခန်းကို ဒါရိုက်လစ်ပေတော့၊ အခန်းရဲ့ အနေအထားမှတွေကိုတော့ စောစောကတည်းက ကျွမ်းကျင်အောင် စာနဲ့မေးထားရမယ်"

"ဒါတွေထားပါဦး၊ မင့်မီးက မှောင်ကျဖို့ သေချာရဲ့လားကွ"

"ငါက မှောင်ချပေးပါမယ်ကွာ၊ မီတာဘောက်(စ်)ကို ငါအလစ်ကပ်ပြီး လုပ်လိုက်ရင် မှောင်ကျပါလိမ့်မယ်ကွ၊ မင်းအိခန်းထဲ ရောက်လောက်တဲ့အချိန်မှာ ပြန်လုပ်ပေးမယ်"

"အိုကေ စိန်လိုက်"

"ကတိတော့ မဖျက်ရဘူးနော်"

"အေးပါကွာ"

ဤစကားများပြောဆိုပြီး၍ တစ်လခန့်ကြာသောအခါတွင်ကား. . .

*ကိုကျော်*

*ကိုကျော့်ကိုယုံလို့ ဒီနေ့ည တွေ့ခွင့်ပေးပါတော့မယ်၊ ကိုကျော် စီစဉ်တဲ့အတိုင်းသာ မီးအမှောင်မှာ ကြွခဲ့ပေတော့၊ စိုး အခန်းထဲက စောင့်နေမယ်၊ စိုးရဲ့အခန်းပုံကို မြေပုံဆွဲပေးလိုက်တယ်၊ ပူးတွဲပါစာရွက်မှာကြည့်တော့၊ ချစ်လွန်းလို့သာ ခွင့်ပေးရတာယ်၊ ကြောက်တော့ကြောက်တယ်ကွယ်. . .၊ ကိုကျော်ကသာ ကတိမပျက်ပါစေနဲ့၊ ကြာကြာလည်း မနေရဘူးနော်။*

*ကိုကျော့်အချစ်*

*'စိုး'*

ဤစာတိုကလေးကို ကျော်ဆန်း လက်ဝယ်ပိုက်မိပြီး ဖြစ်သတည်း။

## (၃) ချိန်းတဲ့ရက်။

(ချိန်းတဲ့ရက်ကို မပျက်ရအောင် ဒီမောင်လာပြီ၊ ချစ်သူခင်မဒီ၊ ရွှေလည်တိုင်ဖော့ရိုး ကျိုးမတတ်အောင် မျှော်နေရှာပေမည် × × ×)

ကျော်ဆန်းသည် သီချင်းကလေး တကြူကြူနှင့် အဝတ်အစားလဲနေသည်။ ယနေ့ညကား ချိန်းတဲ့ရက်ဖြစ်သဖြင့် ညနေကတည်းက ရင်ထဲတွင် ဘာလိုလိုနှင့်ဖြစ်နေသည်။

(ချစ်တင်းနှောကာသာ သဘောထဲမှာ ထွေထွေပြီး ရန်တွေ့လိုက်မှာ မြင်ယောင်သေးတော့သည်၊ စောင့်မျှော်ရတာ မောင့်မှာနွမ်းပြီ၊ နှစ်ပါ ချစ်ပါမည်ဟု ရင်ဖိုပါသေးသည် × × × ကြုံနှင့် တော့ကွယ် သက်လယ်ရယ် ဒီမောင် ဆက်ဆက်ထွက်ခဲ့ရပေတာယ့် တာဒူနယ်-ဒူ နယ်-တယ်နဲ့တယ်)



တစ်ယောက်တည်း အတော်ဟုတ်နေသည်။ ဘမောင်ကား တင်ကူး၍ ဘဝင်မြူးနေသော ကျော်ဆန်းကိုကြည့်ကာ ပြုံးနေမိလေသည်။

"အောင်မယ်-ဟော့ကောင် ရေမွှေးတွေ ဒီလောက်တောင်ဆွတ်ရအောင် မင်းက ပုပ်တော့မယ့် လူသေကောင်မို့လားကွ- တော်ရုံလုပ်ပါကွာ"

"အောင်မယ်- မင်းဘာသိလဲ၊ နှစ်ယောက်တည်း တွေ့တဲ့အခါမှာ သူက ကိုကျော် ချမ်းတယ်ကွယ်- အနားတိုးပါလို့ဆိုရင် သူ့နားကပ်ပြီးသွားရတော့ ချွေးပြန်နေရင် ဘာကောင်းမှာလဲကွ"

"အောင်မယ်လေးဟဲ့- ဟား. . . ဟား. . . ပြောမယ် ပြောမယ် ကောင်မလေးက ကိုကျော် ဗီနားတိုးပါတဲ့၊ ဟား. . . ဟား. . . ဒီလိုဆိုရင် နှစ်ကိုယ်ကြား ကပ်ပြောတဲ့အခါမှာလည်း အာပုပ်စော်မနံ့ရအောင် ရေမွှေးတစ်ဒါဇင်လောက် ရောက်သွားပါလားကွဟေ၊ ဒါမှ မတော်တဆ လေလည်ချင်လည်း မွှေးပျံ့ကြိုင်သင်းဖြစ်သွားမှာပေါ့"

(ချိန်းတဲ့ရက်ကို- မပျက်ရအောင် ဒီမောင်လာပြီ၊ ချစ်သူခင်မဒီ × × ရွှေလည်တိုင်ဖော့ရိုး. . . ကျိုးမဟတ်အောင် မျှော်နေရှာပေမည်× × ×)

ကျော်ဆန်းကား ဘမောင်ကို ဘာမျှပြန်မပြောတော့ဘဲ သူ့သီချင်းကိုသာ သူကောက်ဆိုလိုက်လေသည်။

ဤသို့ဖြင့် နေဘော်လုံးကြီးသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်းကိုးသို့ စွတ်စွတ်ရွှတ်ရွှတ်ကြီး ဝင်ရောက်သွားသည်တွင် လောကကြီးတစ်ခုလုံးသည် ကျပ်ခိုးရောင် ထသွားလေတော့သည်။

"ဘမောင်. . . မင်းက သေချာပေစေကွာ၊ ငါ နောက်ဖေးပေါက်နားက စောင့်နေမယ်၊ မင်းလုပ်လိုက်လို့ မီးတွေမှောင်သွားတာနဲ့ တစ်ပြိုင်နက်တည်း ဆိုတော့ စွတ်ဝင်သွားတော့မယ်၊ အထဲရောက်ရင် သူပေးထားတဲ့ မြေပုံအတိုင်း လှေကားပေါ်ပြေးတက်၊ ဘုရားစင်ရှေ့က ဖြတ်လျှောက်၊ နောက် ဘယ်ဘက် အခန်းထဲဝင်၊ အထဲကျတော့ သူ့ဂျာဆီးကြီး ဝင်ဝင်ချင်း ဆောက်နဲ့ထွင်း ဆိုသလို တွေ့တွေ့ချင်း ဟဲ-ဟဲ-ဟဲ"

"အင်း-အင်း မင်းက ဟဲ-ဟဲ-ဟဲလုပ်နေ၊ မင်းနောက်ဖေးပေါက်နားမှာ ရှိနေတုန်းသာ ထမင်းချက်အဒေါ်ကြီးက ခွေးမှတ်လို့ ထမင်းရည်နဲ့ အပက်မခံရပါစေနဲ့ကွာ"

"ဟင်. . ထွတ်တေရီ၊ ဖွဟ-လွဲစေ၊ ဖယ်စေ၊ နမိတ်မရှိ နမာမရှိ"

"ကဲ မင်းသွားတော့၊ ငါလည်း အိမ်ရှေ့က အလစ်ချောင်းဝင်ပြီး ဆင်ဝင်အောက်က မီတာတောက်(စ်)ကို ဖွင့်ရမယ်"

မကြာမီ ကျော်ဆန်းမှာ နောက်ဖေးပေါက်အနီးရှိ ပန်းရုံနောက်တွင် ကွယ်၍ ကြုံ့ကြုံ့ကလေး ဝပ်နေသည်ကို တွေ့နိုင်ပေ၏။ ထိုခဏ၌ ကြောင်ကလေးမှာ မနီးမဝေးတွင် ရှိသည်ဖြစ်၍ အသာကလေးလာ၍ ပန်းရုံနောက်တွင် ကြုံ့ကြုံ့လေးဝပ်နေသော ကျော်ဆန်းကို နားမလည်သလို နားရွက်ကလေးနှစ်ဖက်ကိုထောင်လျက် ကြည့်နေပြီးမှ သူ့ရန်သူ မဟုတ်ဟု ယူဆမိသွားသောအခါတွင်ကား 'ညောင်'ဟုနှုတ်ဆက်ရင်း ကျော်ဆန်းနားသို့ ပြေးကပ်လာပြီး ကျော်ဆန်း၏ခြေထောက်များကို ခေါင်းကလေးတိုးဝှေ့ရင်း ပတ်ချာလှည့်နေလေ၏။

လူမသိအောင် ချောင်းနေသည့်ကြားထဲတွင် ဤကဲ့သို့ အမြီးကြီးကို မတ်စောက်စွာထောင်ရင်း လာဝှေ့နေသော ကြောင်ကို ကျော်ဆန်းမှာ ဒေါပွလာလေ၏၊ သို့သော် နောက်ဖေးပေါက်နားတွင် အလုပ်လုပ်နေသော ထမင်းချက် အဒေါ်ကြီး ဒေါ်နုကလည်း ရှိနေသဖြင့် မောင်းထုတ်ရန်လည်း မတတ်နိုင်၊ ထ,ကန်ရမှာလည်းမဖြစ်နှင့် စိတ်ရှုပ်လာတော့သည်။

သို့သော် စိတ်ရှုပ်နေ၍လည်းမပြီး။ ကြောင်ကိုခွာအောင် လုပ်ရပေမည်ဟုကြံလျက် အမျိုးမျိုးသော အားထုတ်ခြင်းတို့ဖြင့် ကြောင်ကိုခွာအောင် လုပ်နေရလေ၏။

ကြောင်မျက်နှာကို သေသေချာချာကြည့်၍ မျက်ခုံးနှစ်ဖက်ပင့်ကာ မျက်လုံးနှစ်လုံးကို ပြူးပြ၏။ ကြောင်ကလေးမှာ သူ့မျက်နှာကို သေသေချာချာကြည့်ပြီး 'ညောင်'ဟူ၍အော်လိုက်လေရာ၊ ကျော်ဆန်းမှာ ကပျာကယာ ကြောင်ပါးစပ်ကို ဖမ်းပိတ်လိုက်မိလေ၏။ ဤသို့ပိတ်လိုက်မှ ကြောင်ကလေးမှာ သူ့လက်ကို လက်ကလေးနှင့် ပုတ်ချလိုက်ပြီး နောက်ကိုခုန်ဆုတ်လိုက်၏။ တဖန် ဝပ်လိုက်ကာ သူ့လုံချည်စကို ပြေး၍လာကိုက်လေ၏။

"ဟယ်-အခုမှ အကစားလာကောင်းနေလိုက်တာ"

ဤသို့ညည်းလိုက်ရင်း ကြောင်ငြိမ်သွားစေရန် နောက်ထပ်အကြံတစ်ခုကို ထုတ်ရပြန်လေ၏။ ကြောင်မကြီးများသည် ကြောင်ကလေးများကို နေရာရွှေ့သောအခါ ကုပ်မှကိုက်ချီ၍သွားကြ၏။ ဤကား သူတို့၏ဘာသာဘာဝ ယုယုယယချီခြင်းဖြစ်မည်။ မိခင်များ ပွေ့ချီထားသော ကလေးများသည် လက်ကြိုက်တတ်ကြသည်။ ကြောင်ကလေးများလည်း ဤကဲ့သို့ ကုပ်ကချီခြင်းကို နှစ်သက်ကြပေလိမ့်မည်။ ကျော်ဆန်းသည် သူ့တွေးထင်ချက် မှန်,မမှန်ကို သိရအောင် ကြောင်ကလေးကုပ်ကို အသာကလေး ဖမ်းလိုက်ရာ၊ ကြောင်ကလေး၏ လှုပ်ရမ်းနေသောအမြီးသည် ငြိမ်သက်သွား၍ ကြောင်ကလေးမှာလည်း မျက်လုံးကလေး မှေးနေလေတော့သည်။



"အဲ-နိပ်ပြီ၊ ဒီအကြံကောင်းတယ်"

ဤသို့ကြံလိုက်ပြီးမှ ကုပ်ရေကလေးကို စုဆွဲပြီးမ,လိုက်ရာ ကြောင်ကလေးမှာ လက်ကလေး ခြေကလေးများ ကုပ်သွား၍ မျက်လုံးကလေးနှစ်ဘက် ပေကလပ် ပေကလပ်နှင့် သူ့ကို ကြည့်နေလေတော့သည်။ ကျော်ဆန်းကား ဘမောင်လုပ်၍ တစ်အိမ်လုံး မှောင်ကျမသွားမချင်း ဤသို့ပင် ကိုင်ထားတော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

ဘမောင်မှာလည်း သူ့အကြံကို ဆောင်ရွက်ရန် အိမ်ရှေ့ဝင်းတံခါးနားသို့ မယောင်မလည် လာကြည့်ရာ အိမ်ရှေ့ဘက်၌ လူရှင်းနေသည်ကိုတွေ့သဖြင့် ကပျာကယာဝင်လာကာ ဆင်ဝင်ဘေးနားရှိ မီတာသေတ္တာနားသို့ ချဉ်းကပ်သွားလေ၏။ ဤအချိန်တွင် သူ့နောက်မှ ခြံထဲသို့ ဝင်လာသော လူတစ်ယောက်ကို မြင်တော့မည်ဟု ဟိုကိုင်သည်ကိုင်ပြုနေစဉ် သူ့နောက်ဖက်က ခြေသံတစ်ခုနှင့်အတူ "ဟေ့. . . မောင်ရင်" ဟု ခေါ်သံကြားလိုက်ရသည်တွင် သူ့ခေါင်းမှာ ကိုယ်ဝန်ဆောင်မိန်းမ၏ ဗိုက်လောက်နီးနီး ကြီးသွားသည်ဟု ထင်လိုက်ရပြီး လန့်၍နောက်သို့လှည့်လိုက်ကာ. . .

"ဘယ့်နှယ်မှ မလုပ်ရသေးပါဘူးဗျာ"

ဟု အယောင်ယောင် အမှားမှားတွေ ထွက်ကုန်လေ၏။

ဝင်လာသော ဘုန်းကြီးလူထွက်ယောင်ယောင် လူကြီးမှာ ဘမောင်ကို ကြည့်ရင်း အံ့နားတန်းတန်း ကြောင်တောင်တောင်ကြီး ဖြစ်သွားပြီးမှ. . .

"ဒါ ဒါ ဦးသိန်းမောင်ရဲ့အိမ် မဟုတ်ဘူးလား"

ဟု အ,ထစ်ထစ်နှင့် ကြောက်လန့်စွာ မေးလိုက်သည်။ ထိုအခါမှ ဘမောင်မှာ ဤအဘိုးကြီးသည် အိမ်မသိ၍ လာမေးသည်ဟုသိရှိပြီး 'ဤအိမ်သည် ဦးသိန်းမောင်၏အိမ် ဖြစ်ပါသည်'ဟု ဖြေလိုက်လျှင် ဦးသိန်းမောင်ကို ခေါ်ပေးရအံ့နှင့် အလုပ်ရှုပ်လာမည့်အပြင် မိမိအလုပ်လည်း ပြီးစီးတော့မည်မဟုတ်ကြောင်းကို ဘမောင် ကောင်းကောင်းသိ၏။ မိမိအလုပ်မပြီးလျှင် နောက်ဖေးပေါက်နားက ခွေးလိုပပ်၍စောင့်နေရသော သူငယ်ချင်းချစ် ကျော်ဆန်းမှာ ဒုက္ခ

ရောက်နေပေတော့မည်။ သူဒုက္ခရောက်သည်ထက် ဘမောင် မခံမရပ်နိုင်သည့် အရာကား သူကြံလိုက်သော အကြံအစည်သည် အထမမြောက်သည်ကို သူဘယ်တော့မှ မဖြစ်စေလို။ သူလုပ်လိုက်သမျှသည် အောင်မြင်ရမည်ချည်းဟု ပြင်းပြင်းပြပြ ယူဆထားသူ ဖြစ်လေသည်။ ထို့ကြောင့်ပင် အဘိုးကြီးကို လှိမ့်လိုက်လေတော့သည်။

"ဟင့်အင်း မဟုတ်ဘူး"

ဘမောင် ပြန်ဖြေ၍မဆုံးသေးမီ အတွင်းထဲမှ ဦးသိန်းမောင် ထွက်လာသည်ကို ရိပ်ကနဲ မြင်လိုက်ရသဖြင့် မျက်လုံးမျက်ဆန်ပြူးသွားကာ မိမိစကားကို မိမိဆက်၍ ဝင်လိုက်ရတော့သည်။

"ဟင်. . . အာ အခုနဘာပြောတယ်၊ ဦးသိန်းမောင်လား၊ ကျွန်တော် ဦးစိမ်းမောင်လို့ ကြားသလားလို့၊ ဦးသိန်းမောင် ဆိုရင်တော့ ဟုတ်တယ် ဒီအိမ်ပဲ"

ဟု ဧည့်သည်အဘိုးကြီးကို လှိမ့်လိုက်ပြီး၊ တစ်ဆက်တည်းပင် သူတို့ဆီသို့လာနေသော ဦးသိန်းမောင်ကို ကြည့်၍. . .

"ဟောဒီမှာ ဦးလေး. . . ဦးလေးအိမ်ကို လာမေးနေတယ်"

ဟု အိမ်လာမေး၍ လိုက်ပြသလိုလို ဘာလိုလိုနှင့် မလိမ့်တပတ် လုပ်လိုက်လေ၏။

ဦးသိန်းမောင်ကြီးကား ရိုးသားသူကြီးတစ်ဦးဖြစ်သည်နှင့် ဘမောင်၏ လှိမ့်ချက်တွင် အသာကလေးမိသွားကာ ဘမောင် ပြောသမျှကို ယုံမိပြီး ဧည့်သည်ကိုကြည့်လျက်. . .

"ဟာ ဆရာကြီးပါလား၊ မန္တလေးက ဘယ်တုန်းကရောက်သလဲ၊ မကြ ဝင်းကလည်း နေမကောင်းတာနဲ့ ပေဒင်တွက်ချင်နေတာ ကြာလှပြီ၊ ဆရာကြီး လာတာနဲ့ အတော်ပဲ၊ လာပါ. . . ထိုင်ပါဦး"

ဟု အစဉ်တစိုက်ကြီး လျှောက်ပြောရင်း ဘမောင်ဘက်သို့ လှည့်ကာ. . .

"ကျေးဇူးတင်ပါတယ် မောင်ရယ်၊ လာထိုင်ပါဦးလား လာပါ. . ."

ဘမောင်မှာ အဘိုးကြီးက ဇွတ်ခေါ်နေတော့သဖြင့် မတတ်သာတော့ဘဲ ဝင်ထိုင်နေသော ပေဒင်ဆရာကြီးနည်းတူ မိမိလည်း ဝင်ထိုင်ရတော့မည့်ကဲ့သို့ ဖြစ်နေစဉ်၊ ရုတ်တရက် တစ်အိမ်လုံးမှာ မှောင်ကြီးကျသွားသဖြင့် ဘမောင်မှာ မျက်လုံးပြူးသွားမိပြန်လေ၏။



ဤကဲ့သို့ အမှောင်ကျရန်ကို မိမိမှ မလုပ်လျှင် မည်သူမျှ အိမ်တွင်လုပ်ည့်သူ မရှိသဖြင့် ယခုကဲ့သို့ မှောင်ကြီးကျသွားရသည်မှာ ဓာတ်မီးပေးသည့်ကော်ရုံက တစ်ခုခု ချို့ယွင်းသွား၍ ဖြစ်ရမည်ဟု ဘမောင် တွေးမိ၏။ ဤကဲ့သို့ကျသော မှောင်မျိုးမှာ ရေရာသည်မဟုတ်ဘဲ အကြာကြီး မှောင်နေနိုင်သည့်နည်းတူ ခဏကလေးနှင့်လည်း ပြန်လင်းလာနိုင်ပေသည်။ နောက်ဖေးဘက်တွင်ရှိသော ကျော်ဆန်းသာ ဤမှောင်ကို မိမိလုပ်သည်ထင်၍ အပေါ်ထပ်သို့ ခိုးတက်သွားပါက အကြာကြီး မှောင်နေသော် တော်၏။ ခဏကလေးနှင့် ပြန်လင်းလာခဲ့သော် အကြီးအကျယ် ဒုက္ခတွေ့ရတော့မည်ဟု တွေးမိပြီး အချိန်မီ တားဆီးနိုင်စေရန် ရုတ်တရက် အိမ်ရှေ့ပေါက်မှ လစ်ထွက်ခဲ့၍ အိမ်ဘေးမှပတ်ကာ နောက်ဖေးပေါက်ဘက်ဆီသို့ တန်းပြေးလာလေ၏။

သို့ရာတွင်. . . .

ကျော်ဆန်းသည် အိမ်ဘက်သို့ မျက်ခြေမပြတ် ကြည့်နေသည် ဖြစ်ရာ ရုတ်တရက် တစ်အိမ်လုံး မှောင်ကျသွားသည်နှင့် တစ်ပြိုင်နက် ကုပ်ကဆွဲထားသော ကြောင်ကလေးကို လွှင့်ပစ်လိုက်ကာ၊ နောက်ဖေးပေါက်မှ စွတ်၍ပြေးဝင်ကာ လှေကားပေါ်သို့ ကုန်းကုန်းကွကွ ပြေးတက်လေတော့သည်။

"ဟာ- ဖယောင်းတိုင် ရှာကြပါဦး၊ မီးခြစ်ကော"

"ဖယောင်းတိုင်လည်း စမ်းလို့မတွေ့ပါကလား"

"မီးခြစ်တော့ရပြီ- ဖယောင်းတိုင် ကြွက်လျှောက်ပေါ်မှာ ရှိမှာပေါ့"

"ဟာ. . . ဘာမျှမမြင်ရပါကလား"

"မီးခြစ်ရတဲ့လူက မီးခြစ်လိုက်လေ၊ လူမမာလည်း သတိထားကြပါဦး"

"ခြစ်ပါ့မယ် ဟာ-သောက်ဂွပဲ၊ အဆန်မရှိဘဲ၊ မီးခြစ်ခွံအလွတ်ကြီးပဲ"

"ဟယ်. . . မွတ်ကရော"

ဤကဲ့သို့ အသံမျိုးစုံဖြင့် ဆူညံနေချိန်ဝယ် ကျော်ဆန်းမှာ လှေကားတစ်ဝက်ချိုးကွေ့သို့ ရောက်လာခဲ့ပြီဖြစ်၏။ အချိန်ကို အလဟဿမဖြစ်ရစေရန် ခပ်မြန်မြန်ကလေး ခြေသံမကြားရအောင် တက်လေရာ၊ အပေါ်ထပ်မှ ခပ်သုတ်သုတ်ဆင်းလာသော တော်လှန်ရေးသမားကြီး စိုးဟန်၏ခြေထောက်များအကြားသို့ ကျော်ဆန်း၏ခေါင်းကြီး ဝင်သွားလေရာ၊ စိုးဟန်မှာ မှောင်ကြီးထဲတွင် စတန့်ဘိုင်ထုတ်ရိုက်ရင်း တစ်ပတ်လည်ကျွမ်းပြန်၍ "ဒုန်း. . . ဒုန်း. . . ဒုန်း. . . ဒုန်း"နှင့် လှေကားအဆုံး ဒုတ်ဒုတ်ထိရောက်အောင် ကျသွားလေတော့၏။

ကျော်ဆန်းမှာမူကား လေ့ကားတစ်ဝက်ကွေ့ပေါ် တွင်ပင် ဖင်ထိုင်လျက် ကျန်ရစ်ခဲ့သည်ဖြစ်၍ ချက်ချင်းပြန်ထကာ ဆက်တက်သွားနိုင်လေသည်။ သို့ရာတွင် ဘုရားခန်းအရှေ့နား လူမမာခုတင်ကို ဖလွန်ကလေးတွင် မီးများ ရုတ်တရက် ပြန်ပွင့်လာသည်တွင် ကျော်ဆန်းမှာ ပါးစပ်ကြီးဟ၍ ကြက်သေ သေသွားရလေတော့၏။ ထို့နောက်မှ ဘာမှမတတ်နိုင်တော့ဘဲ ကြံမိကြံရာ ဘုရားခန်းထဲသို့ စွတ်ဝင်ပြေးရလေတော့သည်။

နောက်ဖေးပေါက်ရောက်လာသော ဘမောင်မှာလည်း မှောင်နေစဉ်တွင်ပင် အထဲသို့ဝင်လိုက်ရာ၊ ယောင်းမကိုဆေးကြောပြီး၍ ပြန်ထားရန်လှည့်လိုက်သော ဒေါ်နုဘေးသို့ရောက်သွားသည်တွင် ဒေါ်နု၏လက်ထဲမှယောင်းမနှင့် သူ့ခေါင်းမှာ 'ဒေါက်ကနဲ'မြည်သွားအောင်ပင် တိုက်မိလေတော့သည်။

ဘမောင်၏စိတ်တွင် ယောင်းမနှင့်တိုက်မိသည်ဟု မထင်မိဘဲ၊ သူဝင်လာသည်ကို တစ်စုံတစ်ယောက်က မြင်သဖြင့်၊ တုတ်နှင့်ဆီးရိုက်သည်ဟု ထင်မြင်မိရကား၊ ဘာမပြော ညာမပြောနှင့် အဒေါ်ကြီး၏လက်ကိုဆွဲလိမ်၍ ယောင်းမကို လုယူလိုက်ကာ၊ အိမ်ထဲသို့ ဆက်လက်ဝင်ပြေးဖို့ မဖြစ်နိုင်တော့သဖြင့်၊ ယောင်းမကြီးကိုကိုင်ရင်း ပြန်ထွက်ပြေးလာခဲ့လေ၏။ ခြံဝပြန်ရောက်သောအခါ မီးများလင်းလာပြီဖြစ်၍၊ ပြတင်းပေါက်တစ်ခုက ထိုးထွက်လာသော မီးရောင်တွင်ကြည့်သည်မှ ယောင်းမကြီးဖြစ်နေသဖြင့်၊ ထိုနေရာ၌ပင် လွှင့်ပစ်ထားခဲ့ကာ၊ ကျော်ဆန်းကို တားဆီးဖို့အကြံကို လက်လျှော့လိုက်ပြီး အိမ်သို့ ပြန်ပြေးလာခဲ့လေတော့သည်။

မီးများပြန်လင်းလာပြီး၍ ဧည့်ခန်း၌ ဦးသိန်းမောင်၊ ဗေဒင်ဆရာကြီး မြဦး၊ စိုးဟန်နှင့်တကွ ခင်ခင်စိုးတို့ပါ ဆုံမိကြသောအခါ စိုးဟန်ကစ၍ အဖြစ်ကို ပြောပြလေ၏။

"လေ့ကားမှာ ကျွန်တော့်ခြေထောက်ကို တစ်ယောက်ယောက်က ကလန့် ်ကလို့ ကျွန်တော် ကျွမ်းပျံကျတာ"

ဦးသိန်းမောင်သည် သူပြောလိုက်မှ စောစောက ဆူဆူညံညံအသံများကို သတိရလာလေသည်။

"ဪ. . . ဒါကြောင့်ထင်တယ်၊ စောစောက ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ဆူသွားတာ"

"ဟုတ်တာပေါ့ အဲဒါ ဘယ်သူလဲ"

မြဦးမှာ စိုးဟန်ကို မည်သို့မျှ ကြည့်လို့မရသည့်သူဖြစ်သဖြင့် မည်သည့်



အခါကမျှ စကားကြောတည့်ဖူးသည်ဟူ၍ မရှိခဲ့ဘူးပေ။

"ကြံကြံဖန်ဖန်ဗျာ၊ ခင်ဗျားကို ဘယ်သူက ကလန့်ချရမှာလဲ၊ ခင်ဗျား ဘာသာခင်ဗျား ခြေထောက်ချင်း ချိတ်လိမ်ပြီး ချော်ကျတာဖြစ်ရမှာပေါ့"

"ဟာ လောကမှာ လေ့ကားဆင်းရင်း ကိုယ့်ခြေထောက်ကိုယ်ချိတ်ပြီး လိမ့်ကျတယ်လို့ မကြားဖူးပါဘူး၊ တစ်ယောက်ယောင်ဝင်ချိတ်တာ အမှန်ပဲ၊ ခြေထောက်ကို ယားကျိကျိဖြစ်သွားတယ်"

မြဦးမှာ စုံထောက်လောင်းပီပီ နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးလေတော့သည်။

"နေစမ်းပါဦး၊ ခြေထောက်နဲ့ချိတ်တာနဲ့ ယားကျိကျိဖြစ်တယ်ဆိုရင် မိန်းမလေးခြေထောက်လို့ ဆိုချင်သလား"

ဤအိမ်ကြီးတွင် မိန်းမဆို၍ ဒေါ်ကြူဝင်း၊ ဒေါ်နုနှင့် ခင်ခင်စိုးသာရှိလေရာ၊ ဒေါ်ကြူဝင်းမှာလည်း ဖျားနေ၏။ ဒေါ်နုသည် နောက်ဖေးကထွက်မည်မဟုတ်။ သို့ဖြစ်လျှင် ခင်ခင်စိုးတစ်ယောက်သာ ဖြစ်စရာကျန်တော့ရကား ဤသဘောပေါက်မိသော ခင်ခင်စိုးက ကြားဝင်ပြောလေသည်။

"အစိုးတော့ မှောင်နေတုန်းမှာ အခန်းထဲကကို မထွက်ဘူး"

"မဟုတ်ပါဘူးဗျာ၊ မိန်းမကလေးခြေထောက်လို့ ကျွန်တော် မဆိုလိုပါဘူး၊ ယားကျိကျိ ဖြစ်သွားတာက အမွေးအမျှင်တွေ ပါလို့ဗျ၊ ဒါကြောင့် မိန်းမကလေး မဖြစ်နိုင်ပါဘူး"

"ဒါဖြင့် ကြောင်နဲ့ ခလုတ်တိုက်မိတာ ဖြစ်ရမှာပေါ့"

"ဟယ် ကြောင်နဲ့ လူနဲ့တော့ ကျုပ် ခွဲခြားတတ်ပါသေးတယ်၊ ကြောင် မဟုတ်ပါဘူး"

"ဒါဖြစ်ရင် ခင်ဗျားဥစ္စာက ခြေသလုံးမှာ မုတ်ဆိတ်မွေးပေါက်တဲ့ သရဲလို့ ဆိုချင်သပေါ့"

"ဟာ- ကျုပ်တို့ တော်လှန်ရေးသမားတွေဟာ သရဲတစ္ဆေ အယုံအကြည် မရှိဘူး"

စိုးဟန်သည် လူရှေ့တွင် သူ့ကိုယ်သူအသားယူ၍ ရင်ကော့ပြောလေရာ မြဦးမှာ မြင်ပြင်းကပ်လာကာ. . .

"ကျုပ်တို့ စုံထောက်တွေဟာလည်း အိပ်မှုံစုံမွှားနဲ့ ကယောင်ချောက်ချားတွေ လျှောက်ပြောတဲ့လူတွေနဲ့တွေ့ရင် သိမ်စိတ်ရှုပ်ဖို့လိုတယ်"

ဟု ပစ်အုပ်လိုက်ရာ စိုးဟန်မှာ ရှုံ့မဲ့သွားပြီး. . .

"ဘယ်က ကယောင်ချောက်ချား ဖြစ်ရမှာလဲဗျ၊ ကျုပ်ခြေသလုံးကို ပွတ်သွားတာ အမွေးတွေမှ အများကြီးခင်ဗျ၊ ခြေသလုံးမွေးလောက်ဆိုရင်လည်း ကျုပ် မယားပါဘူး"

"သြော်. . သိပြီ-သိပြီ ခင်ဗျား လှေကားက ဆင်းတုန်းက မှောင်ကြီးထဲမှာ မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒီတော့-မှောင်နေတော့ ခင်ဗျားခြေထောက်ဟာ လမ်းမှားပြီး၊ ခင်ဗျားခေါင်းကို ခွလျှောက်သွားတယ်ထင်တယ်၊ ဒါမှမဟုတ်ရင် ခင်ဗျားခေါင်းဟာ ခင်ဗျားခြေသောက်နှစ်ချောင်းကြားမှာ ကန့်လန့်လိုက်လုပ်လို့ ဖြစ်ရမယ်"

မြဦးမှာ အမြင်ကတ်ကတ်နှင့် တွေ့ကရာတွေ ပြောချလိုက်ရာ စိုးဟန်မှာရှုံ့မဲ့သွားပြီး "တော်စမ်းပါဗျာ၊ အမှုပေါ်အောင်တော့ မစစ်နိုင်ဘဲနဲ့ တွေ့ကရာ ဂွပြောဖို့ပဲ တတ်တယ်"ဟုဆိုရင်း ထွက်သွားရာ ခင်ခင်စိုးနှင့် မြဦးမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ရယ်လိုက်ပြီးမှ ဦးသိန်းမောင်၏မျက်နှာကို မျက်နှာပိုးသတ်ပြီး ကြည့်နေလေ၏။

ဦးသိန်းမောင်ကား သူတို့ကို ဂရုမစိုက်တော့ဘဲ၊ ဗေဒင်ဆရာကြီးဘက်သို့ လှည့်၍ "နက်ဖြန်မနက်တော့ ဆက်ဆက်လာခဲ့ပါနော်၊ မကြူဝင်းအတွက် ဗေဒင်တွက်ကြည့်ရအောင်"ဟု ပြောလိုက်လေသည်။

ဗေဒင်ဆရာကြီးလည်း ပုတ်သင်ညိုကဲ့သို့ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း "ဟုတ်ကဲ့ အခုတော့ မန္တလေးက ရောက်မဆိုက်ကြီး ဖြစ်မနေတယ်၊ နက်ဖြန်မနက်မှ သူဌေးကတော်ကြီးလည်း သတင်းမေးရင်း ဗေဒင်လည်း လာတွက်ပေးပါ့မယ်"ဟုဆိုကာ ပြန်သွားလေ၏။

ထိုခဏ၌ ဒေါ်နုသည် အပြင်သို့ ထွက်လာကာ "ကျုပ်ယောင်းမကော" ဟု ဧည့်ခန်းရှိ လူစုကို တစ်ယောက်စီကြည့်၍ မေးလိုက်ရာ ဦးသိန်းမောင်က ဖမ်းငေါက်လိုက်လေသည်။

"လာပြန်ပြီ တစ်ယောက်က ကယောင်ချောက်ချားနဲ့ ခင်ဗျားယောင်းမ မနှစ်က ပိုးထိလို့ လယ်ထဲမှာ ဆုံးသွားပြီဆို"

"ဘယ်က ဝီယောင်းမရမှာလဲ၊ ထမင်းချက်တဲ့ ယောင်းမပြောတာ"

"အိုး- ထမင်းချက်တဲ့ ယောင်းမကို ဘာလို့အိမ်ရှေ့မှာ လာရှာသလဲ၊



ခေါင်မိုးပေါ် တက်ရှာပါလား၊ ကိုယ့်ယောင်းမ ကိုယ့်ဟာကိုယ် ဘယ်ထားလဲမသိဘူး၊ အိမ်ရှေ့ကလူတွေ လာမေးလို့ အိမ်ရှေ့ကလူတွေက ဘာသိရမှာလဲ"

"ဘယ်သူလဲ မသိဘူး၊ ကျွန်မယောင်းမကို လက်လိမ်ချိုးပြီး လုသွားတယ်"

ဒေါ်နု၏စကားကို ကြားရသောအခါ အားလုံး မျက်လုံးပြူးသွားလေ၏။ စောစောကလည်း စိုးဟန်က တစ်ယောက်ယောက်က သူ့ခြေထောက်ကို ကလန့်သွားသည်ဟု ပြောသွား၏။ ယခုလည်း တစ်စုံတစ်ယောက်က ယောင်းမကို လက်လိမ်ချိုးပြီး လုသွားပြန်ပြီဟု ကြားရ၏။ ဦးသိန်းမောင်က ပယောဂ အနှောင့်အယှက်ကောင်းဟု ယူဆပြီး လူမမာအတွက်ကို စိုးရိမ်မကင်း ဖြစ်လာကာ ယနေ့ည ညလုံးပေါက် ယောကျ်ားတွေ တစ်လှည့်စီ လူမမာနားတွင် မအိပ်ဘဲ စောင့်ကြည့်ရမည်ဟု အစီအစဉ်ကိုဆွဲ၍ အမိန့်တော်မြတ်ကို မှက်လိုက်သည်တွင် လူမမာ ခုတင်ဘေးနားက ဘုရားခန်းထဲရှိ ဖျာလိပ်ကြီးများ ဒလိပုံကြီးများနောက်နားတွင် ဝပ်နေသော ကျွန်ုပ်တို့၏ဇာတ်လိုက် လူစွမ်းကောင်း ကျော်ဆန်းအဖို့ ယနေ့ည လွတ်မြောက်ရန်အရေးမှာ ဝေးသည်ထက် ဝေးသွားရှာလေတော့သည်။

## (၄) ဗေဒင်ဆရာ၏ အသုံးဝင်ပုံ၊

"သြော်. . . ဆရာကြီး လာလာ"

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ ဗေဒင်ဆရာကြီးလည်း သူ့ကတိအတိုင်း ရောက်လာလေတော့သည်။ ဦးသိန်းမောင်လည်း ပျာပျာသလဲပင် ဗေဒင်ဆရာကြီးကို ခရီးဦးကြိုဆို ပြုလုပ်ပြီးနောက်၊ ဒေါ်ကြူဝင်းရှိရာ အပေါ်ထပ်သို့ ပင့်ဆောင်လာခဲ့လေ၏။

ဒေါ်ကြူဝင်းမှာလည်း နေမကောင်းဖြစ်နေ၍ ဗေဒင်တွက်ကြည့်လိုစိတ် ဖြစ်ပေါ်နေစဉ်- ဗေဒင်ဆရာကြီးကို တွေ့ရသောအခါ များစွာဝမ်းမြောက်သွားသဖြင့် ရောဂါပင် တစ်ဝက်လောက် ပျောက်ကင်းသွားသည်ဟု ထင်မှတ်ရ၏။

ဗေဒင်ဆရာကြီးလည်း ထုံးစံအတိုင်း "နောဇကနော နဝ အဌ ဝါးသတ်"စသော အလီပေါင်းများကို ဟိတ်ကောင်းကောင်းနှင့် နင်းကန်ရွတ်လျက်၊ မူလဇာတာဇွင် 'ကောင်းကောင်းသာ၊ ဘယ်ညာပိတ်၍ထိုး' ဟူ၍လည်းကောင်း၊ 'ညခါသေမူ၊ အင်းဝသူ၊ သံဖြူတလားပေး' ဟူ၍လည်းကောင်း၊ ဥစ်-ကသစ်များ ရွေ့ခြင်းနှင့်ပင် မတင်းတိမ်သေးဘဲ (၅၉) နှစ်ပြည့်လျှင် (၆၀) နားရောက်ပြီ

အခရှိသော သက်ရောက်ဂြိုဟ်များ ပျင်းပျင်းနှင့် သွားအိပ်နေသော နေရာများကို ရှာသည့် ဂြိုဟ်အိမ်ဂြိုဟ်စားများကိုလည်း တွက်၏။ ထိုမျှသာမကသေး- အောင်သာဖေ-စနေသား၊ လေ့ကားထိပ် ပိတ်လို့ထိုး သူခိုးပါ၊ ပြေးလာကြ၊ ဂါတ်တဲဆိုဦမဲ့မဲ့ အစရှိသော စကြာသုံးထပ်ကိန်း၊ သဘော်နက္ခတ်၊ မိုတာဘုတ်နက္ခတ်၊ ပွဲချိတ်နက္ခတ်၊ စစ္စလီတိုင်တိုင်၊ မန်ဒါလီဝမ်းဘဲတိုင် စသည်တို့ကိုပါ စစ်ဆေးပြီး. . .

"ခင်ဗျား တိုင်မကျိုးပါဘူး"

ဟု ရုတ်တရက်ဆိုလိုက်ရာ၊ အနားမှ ငေးကြည့်နေသော ခင်ခင်စိုးက

"ဘယ်ကျိုးနိုင်ပါ့မလဲ၊ ရေနံသုတ်ထားတာ ဘာကြာသေးသလဲ"

ဟု ပြောလိုက်ရာ၊ ဗေဒင်ဆရာကြီးမှာ သူ့ကိုနောက်သည်မှတ်၍ အူကြောင်ကြောင်ဖြစ်သွားသဖြင့်၊ ဦးသိန်းမောင်မှာ အားနာပါးနာဖြစ်သွားပြီး "ဟဲ့ နားမလည်ရင် ဝင်မပြောနဲ့"ဟု လှမ်းငေါက်လိုက်မှ ခင်ခင်စိုးလည်း ပုသွားလေတော့၏။

ဆရာကြီးလည်း ဣန္ဒြေပြန်ဆယ်၍ ဟိုခြစ်သည်ရေးပြုလိုက်ပြီး. . .

"ခင်ဗျား သက်စေ့ ဆွမ်းတော်တင်ရမယ်"

"ဘယ်နေ့လဲ ဆရာ"

"ဒီနေ့ကောင်းတယ်၊ နေ့ဆွမ်း မှီသေးသားပဲ၊ ဒီနေ့တင်ပါလား"

ဗေဒင်ရာကြီး ဤသို့ယတြာချေသည်မှာ နေမကောင်းသူ ဒေါ်ကြူဝင်းအတွက်ကား ကောင်းသလား မကောင်းသလား မသိ။ ကျော်ဆန်းအဖို့ကား အကြီးအကျယ် ဟန်ကျသွားလေ၏။

အဘယ်ကြောင့်ဆိုသော် တစ်ညနှင့် တစ်မနက် အခန်းလှောင်ခံနေရရာ၊ ကိုးနာရီခွဲခန့်တွင် ဝမ်းထဲမှ အကြီးအကျယ် စကားပြောလာလေ၏။ သို့သော် စားရကံမှာ ဘယ်လိုမှ ကြံနိုင်မည်မဟုတ်ဟု တွေးမိသောကြောင့် စိတ်ပျက်သွားမိစဉ်၊ ဘုရားခန်းထဲသို့ ဝင်လာသော ခြေသံများကြောင့် ဖျာလိပ်များနောက်တွင် ပြန်ကုပ်နေရပြန်လေ၏။

သို့သော် ဆယ်နာရီခွဲလောက် ရှိလာသောအခါ သိပ်ဆာလာသဖြင့် မတ်ကတ်ရပ်ကာ ဟိုကြည့် သည်ကြည့် ကြည့်သည်တွင် ဘုရားစင်ပေါ်တွင် ပန်းကန်ငါးဆယ်ထက်မနည်းသော ထမင်းဖြူကလေးများကို သကြားဖြူးလျက်နှင့် တွေ့ရသောကြောင့် ကပျာကယာ ဘုရားရှေ့၌ ဒူးတုပ်ထိုင်ရင်း လက်အုပ်ကလေးချီကာ. . .



"အို. . . ဂရုဏာတော်နှင့် ပြည့်စုံလှသော အရှင်ဘုရား၊ တပည့်တော်သည် ရှေးဝဋ်ကြွေးကြောင့် ငတ်ဘေးနှင့် ရင်ဆိုင်နေရသဖြင့် အရှင်ဘုရား ဘုန်းပေးပြီးလျှင် စွန့်ကြဲတော်မူပါ"

ဟု မျက်နှာချိုနှင့် လျှောက်ထားပြီးသည့်အဆုံး၌၊ တစ်ပန်းကန်ပြီး တစ်ပန်းကန်ချ၍ လွေးလေတော့၏။ အလွန်ဆာလောင်နေသည် ဖြစ်၍လည်း၊ တစ်ခါမှ မစားဘူးသော သကြားဟင်းချိုရဲရဲနှင့်ပင် ပန်းကန်ကလေး ငါးဆယ်ကျော်သောက်မှာ အကုန်အစင် ပြောင်ချောသွားလေတော့၏။

မြတ်စွာဘုရား စွန့်ကြဲတော်မူသော ခဲဖွယ်ဘောဇဉ်ကို စားသုံးပြီးနောက် အပြင်မှလည်း ခြေသံမကြားသေးသည်ဖြစ်၍၊ ဘမောင်ကို မြင်လိုမြင်ငြား ပြတင်းပေါက်မှ သံတိုင်ကလေးများကိုကိုင်ပြီး ထောင်ဝင်စာလာခံသူကို မျှော်ကြည့်နေသော အကျဉ်းသမား၏ဟန်မျိုးနှင့် မျှော်ကြည့်လိုက်မိ၏။

ဘမောင်မှာလည်း တစ်ညလုံး ပြန်မရောက်လာသော သူငယ်ချင်းအတွက် ရတက်မအေးသည်နှင့်၊ အိမ်ကြီးသို့ ကြည့်နေသည့်အခိုက်နှင့် ကြုံကြိုက်သွားလေရာ၊ ကျော်ဆန်း၏မျက်နှာကို မြင်ရသောအခါ ဘမောင်တွင် အားရရွှင်လန်းမိလေသည်။ ကျော်ဆန်း ဘုရားခန်းထဲတွင် ရှိကြောင်းကိုလည်း သိရှိရ၏။ သို့သော် ကယ်ဆယ်ရန် နည်းလမ်းကိုကား ရှာဖွေ၍မတွေ့နိုင် ဖြစ်နေလေသည်။

ထိုခဏ၌ ဘုရားခန်းအပြင်မှ ခြေသံကြားရရာ ကျော်ဆန်းမှာ ပြတင်းတွင် ကြာရှည်မနေနိုင်တော့ဘဲ ကပျာကယာ နေရင်းနေရာဖြစ်သော ဖျာလိပ်များနှင့် ဒလီပုံကြီးများနောက်ဝယ် ကာဗာယူလိုက်ရရှာတော့၏။

ဝင်လာသောသူကား ဒေါ်နုဖြစ်၍၊ ဝင်လာသည့်အကြောင်းမှာ ဆွမ်းတော်စွန့်ရန် ဖြစ်လေသည်။ ဒေါ်နုကြီးမှာ ဆွမ်းတော်စွန့်ရန် ပန်းကန်ကလေးကို ကြည့်လိုက်သောအခါ ငါးမျှားချိတ်မိသော ငါးကဲ့သို့ အာပြဲသွားမိလေ၏။ ပြီးနောက် မည်ကဲ့သို့ အတွေးပေါက်သည်မသိ။ မျက်နှာရွှင်ပြသွားကာ ကမန်းကတန်း ပန်းကန်များကို ထပ်ယူ၍ ဦးသိန်းမောင်ဆီသို့ သွားလေသည်။

"မမကြီးတော့ ရောဂါပျောက်တော့မယ်"

ဦးသိန်းမောင်မှာ ဒေါ်နုစကားကြောင့် ဇဝေဇဝါ ဖြစ်သွားကာ. . .

"ဘာဖြစ်လို့တုန်း ဒေါ်နုရဲ့"

"အို. . . သူ့အတွက် သက်စေ့ဆွမ်းကပ်တာ၊ ဘယ်တုန်းကမှ အတွေ့ခံဦးမပေးဘူးတဲ့ မြတ်စွာဘုရားသခင်ဟာ အခုတော့ ပြောင်သွားအောင် ဘုဉ်း

ပေးတာကိုး"

ဦးသိန်းမောင်မှာ မျက်ခုံးကြီးနှစ်ဖက် မြင့်တက်လာအောင် အံ့သြသွားကာ-

"ဟယ်- မဟုတ်နိုင်တာပဲ. . . ကြွက်စားတယ်ထင်တယ်"

"ဟာ- ကြွက်စားရင်လည်း တို့တိ တို့တိ စားမှာပေါ့၊ ခုတော့ ပန်းကန်တိုင်း ပြောင်နေတယ်"

ထိုခဏ၌ တော်လှန်ရေးသမားကြီး စိုးဟန်သည်လည်းကောင်း၊ စုံထောက်ကြီး မြဦးသည်လည်းကောင်း၊ သူတို့အနားသို့ ရောက်လာသဖြင့်၊ ဦးသိန်းမောင်သည် သူ၏အားကိုးလှသော လက်ရုံးကြီးများအဖြစ် ဥဿုံပြန်ပြောပြလေ၏။

ဦးသိန်းမောင်၏စကား ဆုံးသွားသောအခါ တော်လှန်ရေးသမားကြီးမှာ ကုလားထိုင်ပေါ်တွင်ထိုင်၍ တွေးတောနေစဉ်တွင် စုံထောက်ကြီးမြဦးမှာ ဒေါ်နုလက်ထဲမှပန်းကန်ကို စစ်ဆေးကြည့်၏။ ထို့နောက် မှန်ဘီလူးသွားယူကာ တစ်အိမ်လုံးကို လျှောက်ကြည့်ရာတွင် ခြေရာနှင့် ကြောင်မွေးအချို့ကို ထူးဆန်းစွာ တွေ့ရလေသည်။ ထို့နောက် ဆက်လက်၍ ခြံထဲ၌ရှာဖွေရာ ဘမောင်ပစ်ထားခဲ့သော ယောင်းမကြီးကို ကောက်ယူသွားပြီး ဦးသိန်းမောင်တို့ဆီသို့ ပြန်ရောက်လာခဲ့လေ၏။ ဤအကြိမ်တွင်မူကား ခင်ခင်စိုးပါ ရောက်နေလေတော့သည်။

ဦးသိန်းမောင်ကြီးသည် မြဦး၏လက်ထဲတွင် ယောင်းမကြီးကိုမြင်သောအခါ၊ တစ်စုံတစ်ခုတော့ ထူးပြီဟု တွက်မိပြီး "ဘာထူးသလဲဟေ့"ဟု မေးလိုက်လေ၏။

"ထူးတာပေါ့ ဦးလေးရာ၊ ညက လူတစ်ယောက် အိမ်ထဲဝင်တယ်"

မြဦး၏စကားကို ကြားရသောအခါ ခင်ခင်စိုးမှအပ အားလုံးမျက်လုံးပြူးသွားကြလေ၏။

"ဟေ- လူက ဘယ်လိုလူမျိုးလဲ"

"ဘယ်လိုလူမျိုးလဲလို့တော့ တစ်ထစ်ချမပြောနိုင်ဘူး၊ ဒါပေမဲ့ သူ့အကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော် စုံစမ်းသိရှိရသမျှကို ပြောမယ်၊ ဒီလူဟာ အိမ်ပေါ်ထပ်ကိုတက်တယ်၊ လမ်းမှာ ဟောဒီကိုစိုးဟန်နဲ့ တိုက်မိတယ်၊ ဘာတယ်လုပ်သလဲတော့ မသိဘူး၊ ဒီလူက တော်တော်တော့ ထူးဆန်းတယ်၊ အတက်ခြေရာသာတွေ့တယ်၊ အဆင်းခြေရာ မရှိတော့ လှေကားပေါ်က ပျံပြီးများ ဆင်းလာသလားလို့ ပြန်ပြီးတွေးစရာ ဖြစ်နေတယ်၊ နောက်ပြီး ဒီလူရဲ့ ထူးဆန်းပုံက တစ်ခါ



တစ်ခါ ခြေလေးချောင်းပေါက်တယ်၊ အဲဒီလို ခြေထောက်လေးချောင်းပေါက်နေတုန်း ဒေါ်နုလက်ကယောင်းမကို လုသွားတာပေါ့၊ နောက်ပြီး ဒီလူက ကြောင်မွေးလည်း ပေါက်တယ်၊ ဒါကြောင့် ကိုစိုးဟန်ခြေထောက် ယားကျိကျိဖြစ်တယ်"

စုံထောက်ကြီး မြဦးသည် သူစဉ်းစားရရှိသမျှကို လျှောက်ပြောလိုက်သည်တွင်မှ အားလုံးမှာ ပိုရှင်သွားကြလေ၏။ ခဏကြာသော် စိုးဟန်က. . .

"ကြံကြံဖန်ဖန်ဗျာ. . . ခြေထောက်လေးဘက်ရှိပြီး ကြောင်မွေးပေါက်တဲ့လူ၊ နောက်ပြီးတော့ လှေကားက ပျံပြီးဆင်းရမယ်လို့ မကြားဘူး-မမြင်ဘူးပေါင်ဗျာ. . . ကျုပ်တော့ မယုံဘူး"

မြဦးမှာ နဂိုကတည်းက ခပ်ချဉ်ချဉ် ဖြစ်နေသော စိုးဟန်က သူ့စုံစမ်းချက်များကို ကပျက်ယပျက် မယုံဘူးဟု ဆိုသည်နှင့် အောင့်သွားလေ၏။

"ခင်ဗျားက မြင်ဖူးမှ ယုံမှာလား"

"ဒါပေါ့. . . မျက်စိနဲ့မြင်မှ ယုံမယ်"

"ကောင်းပြီ- ဒါဖြင့် ကျုပ်ပြောပြမယ်၊ ကုလသမဂ္ဂဌာနချုပ်မှာစောင့်တဲ့ ဒါရဝမ်က ယောကျာ်းကြီးဗျ. . . ဒါကို ယုံသလား"

"ယုံတယ်လေ"

"ခင်ဗျား မြင်ရလို့လား"

"ခင့်ဗျားက ဘုပြောတော့မယ်၊ မမြင်ရပေမယ့် စိတ်ကူးဆင်ခြင်ပြီး ယုံတာပေါ့ဗျ၊ ဖြစ်နိုင်စရာအကြောင်းရှိတယ်လို့ ကျုပ်တွေးမိတယ်"

"အဲ အခုလည်း ခင်ဗျားထက် အများကြီး စုံထောက်ဘက်မှာ ဝါရင့်တဲ့ကျုပ်က စဉ်းစားဆင်ခြင်ပြီး ပြောတာဗျ၊ ဉာဏ်နည်းတဲ့လူတွေ လူပြိန်းတွေတော့ ရှုတ်တရက် မယုံနိုင်ဘူးပေါ့လေ. . ."

"ဟာ. . . ယုံပါပြီဗျာ၊ ဒီလူဟာ ဒါဖြင့် အိမ်ပေါ်ဘာတက်လုပ်တာလဲ"

"အဲဒါက စဉ်းစားဆဲပေါ့ဗျ"

အမှန်က ဤအချက်ကို ဦးသိန်းမောင်ကြီးကလည်း စဉ်းစားနေသည်ဖြစ်ရကား နောက်ဆုံးတွင် တစ်စုံတစ်ခု သတိရလာသလို "သိပြီဟေ့-သိပြီ"ဟု ပြောလိုက်ရာ အားလုံးမှာ ခေါင်းထောင်ကြည့်ကြလေ၏။

"ဒီလိုကွ၊ မကြူဝင်းကို ပြုစားဖို့လာတဲ့ စုန်းမကွ၊ ငါငယ်ငယ်က ကြားဖူးတယ်၊ စုန်းမများဟာ ယောင်းမကို မကျော်နိုင်ဘူးတဲ့၊ ဒါကြောင့် သူအထဲရောက်နေတုန်း၊ မတော် အိမ်သားတွေ သိသွားရင် အပေါက်ဝမှာ ယောင်းမချထားမှာစိုး

လို့ စောစောထဲကလုပြီး ခြံထဲသွားထားတာကွ"

ဦးသိန်းမောင်၏စကားကို ကြားရသောအခါ စိုးဟန်မှာ ရှုံ့မဲ့သွားလေ၏။

"ဟာ- -ဦးကလည်း ယောင်းမကြောက်တဲ့လူဟာ ယောင်းမကြီးကိုတော့ လုယူကိုင်တွယ်သွားနိုင်သလား၊ ဒီလိုကိုင်တွယ်လို့ရမှဖြင့် အပေါက်နားချထား လည်း ကောက်ပြီးလွှင့်ပစ်လိုက်ရုံပေါ့"

"ဒါဖြင့် ဒီလူဟာ ဘာဖြစ်နိုင်သလဲ"

"ကျွန်တော်ကတော့ ဓားပြရဲ့ကင်း ထင်တာပဲ"

သူတို့ ထိုသို့ပြောနေကြစဉ် မြဦးသည် ရုတ်တရက်ထကာ ဘုရားခန်း ထဲရောက်သောအခါ သောက်တော်ရေပန်းကန်များကို ကြည့်သည်တွင် ပန်းကန် များ ရေလျော့နေသည်ကို တွေ့ရသောအခါ ပြုံးသွားလေ၏။ ထို့နောက် အောက် ဆင်း၍ ထိုဘုရားခန်းပြတင်းပေါက်နှင့် အောက်တည့်တည့်မြေကြီးပေါ်တွင် ခြေ ကွက်များ စွတ်စိုနေသည်ကို တွေ့ရသောအခါ ပြုံးရွှင်စွာ ပြန်တက်လာခဲ့လေ၏။

အပေါ်ရောက်သောအခါတွင် မျက်နှာစုံညီရှေ့၌ ဖွင့်ချလိုက်လေ၏။

"ကျွန်တော် သိပြီ၊ ညကတက်လာတာ ရိုးရိုးလူပဲ၊ သူ အခုအပေါ်ထပ် ဘုရားခန်းထဲမှာရှိတယ်။ နောက် ဒီလူက တစ်ညလုံးမိနေလို့ ထမင်းဆာတာနဲ့ ဆွမ်းတွေစားတာ၊ နောက်ပြီး သောက်တော်ရေသောက်၊ လက်တွေဘာတွေ ဆေး သေးတယ်၊ အခုဆိုရင် သူပုန်းစရာဟာ ဘုရားခန်းထဲမှာ ဒလီတွေ ဖျာတွေနောက် မှာပဲ ပုန်းရမယ်၊ ဒီတစ်နေရာပဲ ရှိတယ်"

သူ့စကားကို ကြားသောအခါ အားလုံးမျက်လုံးပြူးသွားကြ၏။

ဦးသိန်းမောင်ကမူ စည်းစိမ်၏အန္တရာယ်၊ အသက်၏အန္တရာယ်ကို စိုးရိမ်၏။

စိုးဟန်ကမူ ခပ်ကြာကြာနေ၍ လွတ်သွားလျှင် သူ လူစွမ်းကောင်းမလုပ် ရမှာ စိုးရိမ်၏။

ခင်ခင်စိုးကမူ ချစ်သူ၏အန္တရာယ်ကို စိုးရိမ်၏။

ဤသို့ အသီးသီး စိုးရိမ်နေကြ၏။

ခဏမျှကြာသောအခါ စိုးဟန်က စ၍စကားပြောခြင်းဖြင့် တိတ်ဆိတ် မှုကို တွန်းလှန်လိုက်သည်။

"ကေန္တ ဒီကောင်ဟာ ကျွန်တော် ပြောသလို ဓားပြလက်ထောက်သော်



လည်းကောင်း၊ ကင်းသော်လည်းကောင်း ဖြစ်ရမယ်၊ ဒီတော့ ခုကာလ လူဆိုးဓား ပြတွေဟာ လက်နက်နဲ့ ပြည့်စုံတတ်တယ်၊ ကျွန်တော်တို့မှာက သူ့လိုလက်နက်မျိုး မရှိတော့ ပြောက်ကျားစနစ်နဲ့ အပိုင်စီးဖို့ လိုလာတာပေါ့၊ ဒီတော့ကာ ဒီညကို ကျွန်တော်တို့ ဘုရားခန်း တိုက်ပွဲဆင်ရလိမ့်မယ်၊ ဦးက ဘယ်တောင်ပံကတက်၊ ကိုမြဦးက ညာတောင်ပံကတက်၊ ကျွန်တော်က အလယ်စစ်ကြောင်းချီမယ်၊ အခန်းထဲကို ကျွန်တော်ဝင်တော့ ဦးတို့က အပြင်ဘက်က စောင့်နေပါ၊ မတော်လို့ ကျွန်တော့်ဘက်က လွတ်ထွက်လာရင် အပြင်က လျှပ်စစ်တိုက်ခိုက်နည်းနဲ့ တိုက် ခိုက်ကြပါ"

"ဟုတ်ကဲ့၊ ဒီလို လျှပ်စစ်တိုက်ခိုက်နည်းနဲ့ ဝုန်းဝုန်းဒိုင်းဒိုင်း တိုက်ခိုက်မှ အပြင်နားက လူမမာ ကိစ္စချောတော့မှာပဲ"

"ဟာ. . . ကိုမြဦးကလည်း လူမမာကို နေ့ခင်းကတည်းက ရွှေ့ဖို့စီစဉ် ပေါ့"

"ဘာရမလဲဗျ၊ ဘုရားခန်း ကြိုက်လွန်းလို့ ကပ်နေတဲ့ဟာပဲ"

"ဒီလိုလုပ်ရရင် မကောင်းဘူးလား မောင်စိုးဟန်ရဲ့၊ ပေဒင်ဆရာကိုပင့် ပြီး ယာယီမြင်တယ်ဆိုပြီး ရွှေ့ခိုင်းရရင် မကောင်းဘူးလား"

"အား. . . . ကောင်းတယ်"

နှစ်ယောက်စလုံး ဝန်ခံလိုက်ကြပြီး မြဦးက ဆက်လက်၍ "ညကျတော့ လည်း ကြိုးကြိုးမလန့်အောင် အိပ်ဆေးကျွေးထားရရင်ကော" ဟု အကြံညာဏ် ပေးလိုက်ရာ၊ "ဟာ. . . ကောင်းတာယ်" ဟု အဘိုးကြီးနှင့် စိုးဟန်တို့က ထောက်ခံ ကြပြန်လေ၏။

ထို့နောက်တွင် စိုးဟန်က ဘုရားခန်းထဲတွင် တိုက်ပွဲစ,ခါနီး မီးများဖွင့် ထား၍ အခန်းပြင်ကမူ အကုန်လုံး မှောင်ချထားရမည့် အကြောင်းတို့ကိုပါ စိတ် ဝင်စားစွာ ပြောကြားနေလေ၏။

ခင်ခင်စိုးခမျာကား ချစ်သူအတွက် အထူးစိတ်ညစ်ကာ၊ သူတို့၏တိုက် ပွဲအကြောင်းကိုပင် မကြားချင်တော့ဘဲ သူတို့နားက ထွက်လာခဲ့လေ၏။ သူတို့ စကားပြောနေကြသည့်နေရာမှာ အပေါ်ထပ်တွင်ပင် ဖြစ်နေသဖြင့် ဘုရားခန်းထဲ မှ ကျော်ဆန်းကိုလည်း အပြင်မထုတ်နိုင် ဖြစ်ရကား၊ ညဘက်ကျရင် ကျော်ဆန်း ခမျာမှာ ဒုက္ခအကြီးအကျယ် ရောက်ရှာတော့မည်ကိုတွေး၍ ပူပန်နေမိတော့ သည်။

ဤသို့ဖြင့် နေ့ခင်းဘက်သို့ ရောက်သောအခါ၊ ဗေဒင်ဆရာကို ခေါ်ပြီး လာခဲ့သော မြဦးကို တစ်ယောက်တည်း ရှိသောအခါ အနားသို့ မရဲတရဲသွားပြီး. . .

"ကိုကို"

ဟု ခေါ်လိုက်ရာ မြဦးသည် ခေါင်းထောင်ကြည့်ရင်း ပြန်ထူးလိုက်၏။

"ဘာလဲ"

"ဟို. . . ဟို. . . ကိုကို အစိုးကို ကူညီပါ"

"ဘာကူညီရမှာလဲ"

"အပေါ်ထပ်မှာ မိနေတာ ရန်သူ မဟုတ်ပါဘူး"

ခင်စိုး၏စကားကို ကြားသောအခါ အံ့အားသင့်သွားမိလေသည်။

"ဟေ- ဘာပြောတယ်၊ ရန်သူ မဟုတ်ဘူး ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် မိတ်ဆွေလား"

ခင်ခင်စိုးမှာ နဂိုက ပြောမည်ဟု ခဲထားသော်လည်း ရုတ်တရက် မောင်ကိုဖွင့်ပြောရန်မှာ နှမတို့ထုံးစံအတိုင်း မဝံ့စားစား ဖြစ်သော်လည်း နောက်ဆုံးတွင် ချစ်သူ၏အန္တရာယ်ကို အစွမ်းကုန်ကာကွယ်ရမည့် ချစ်စိတ်ကြောင့် မျက်စိမှိတ် ပြောချလိုက်လေတော့သည်။

"ဟုတ်တယ်- မိတ်ဆွေ၊ အစိုးရဲ့ ရည်းစားပဲ၊ ညက ချိန်းထားတာ အစီအစဉ်တွေ ပျက်ကုန်လို့"

ခင်ခင်စိုး၏စကားကို ကြားရသောအခါ မြဦးမှာ တွေဝေသွားမိလေတော့သည်။ ထို့နောက်မှ လေပျော့ကလေးဖြင့် စကားပြန်ပြောလေ၏။

"အစက ငါ့ကို ဘာလို့မပြောတာလဲကွာ၊ အခု သူ ဘုရားခန်းထဲမှာ ရှိတယ် ဆိုတာကိုလည်း ငါက ပြောတာပဲ၊ မင်းကသာ အစောကြီးကတည်းက ပြောထားရင် ငါ လမ်းလွဲနစ်လိုက်မှာပေါ့"

"ပြောရမှာ ရှက်နေလို့ပါ ကိုကိုရယ်"

"ဟာ- ရည်းစားထားတာ ဘာရှက်စရာလဲကွ၊ ပြောသင့်သလောက်တော့လည်း ပြောမှပေါ့၊ အခုတော့ ဂွကျကုန်တာပေါ့။ ဟို-တော်လှန်ရေးငနဲက လည်း သူ့အရည်အချင်းပြပြီး ဦးလေးကို ဖော်လံဖားချင်နေတော့ တားလို့ရမှာ မဟုတ်ဘူး"

ခင်ခင်စိုးမှာ မျက်ရည်ကလေးများပင် လည်လာကာ မြဦးကို လွန်မင်းစွာ အားကိုးမိရှာလေတော့သည်။



"ကိုကို မကြံနိုင်တော့ဘူးလား. . . ဟင်"

ဤသို့မေးပြီး မြဦး၏အဖြေကို အားကိုးခြင်းပြင်းစွာဖြင့် စောင့်စားမျှော်နေမိရှာလေသည်။ မြဦးသည် ချက်ချင်းပင် မျက်နှာကို ရွှင်ပြုံးသော အနေအထားသို့ ပို့လိုက်ပြီး. . .

"မပူနဲ့. . . နင် ဘာမှမပူနဲ့၊ စုံထောက် ဖြစ်တော့မယ့်ကောင်ဟာ-ဒါလောက်မှ- မစွမ်းဆောင်နိုင်ဘဲ ရှိပါ့မလားကွ၊ ငါကြံပါ့မယ်၊ ဒီအကြောင်းကို ဘယ်သူ့မှ မပြောနဲ့၊ နောက်ပြီး ငါစီမံတာကို တစ်သဝေမတိမ်း နင်လိုက်နာရမယ်"

"လိုက်နာမှာပေါ့ ကိုကိုရယ်၊ ကိုကို့ပဲ အားကိုးစရာရှိတာ"

ဤသို့ ခံဝန်ချက်ရရှိသည်နှင့်တစ်ပြိုင်နက် မြဦးသည် ပတ်ဝန်းကျင်သူသူလေးပါး အရိပ်အခြည်ကို ကြည့်လိုက်ပြီး ခင်ခင်စိုးနားသို့ကပ်၍ လေသံကလေးနှင့် ပြောလိုက်၏။

"ငါက နင်သိတဲ့အတိုင်း ဒီစိုးဟန်ဆိုတဲ့ကောင်ကို ချဉ်နေတာကြာပြီ၊ သူနာမည်ကောင်းယူမှာကို ငါ မခံနိုင်ဘူး၊ ဒီတော့ နင့်လည်း ကူညီရာကျအောင် ငါလုပ်ပေးမယ်၊ လေထီးကြိုးနှစ်လံလောက်နဲ့ ချိတ်ကြီးကြီးရှာထား"

"ဘာချိတ်လဲ"

"အကျီချိတ်တဲ့ ချိတ်ပေါ့ကွ၊ အကြီးစားရှိတယ်မဟုတ်လား"

"ရှိပါတယ်"

"လေထီးကြိုးကော"

"ရှိပါတယ်"

"ကောင်းပြီ- အဲဒါတွေရှာထား. . . .၊ ကျန်တာ ငါလုပ်မယ်"

"စိုးက ဒါတွေနဲ့ ဘာလုပ်ရမလဲ"

"အို- သူတို့ တိုက်ပွဲစခါနီးကျတော့ ငါ သေသေချာချာ ပြောပြမယ်၊ နင်ကလည်း ပိပိရိရိနဲ့ နေဖို့လိုတယ်၊ စိုးဟန်ကိုလည်း ဒီလိုသူခိုးဖမ်းတဲ့နေရာမှာ သူတို့ယ်သူ ဟီးရိုးလို့ ထင်သွားအောင် နင်က မြှောက်ပေး၊ ဒီလိုကောင်မျိုးဟာ မိန်းကလေးတွေကသာ မြှောက်ပေးရင် ချေးတောင်စားမှာကွ၊ ငါပြောတာတွေ မမေ့နဲ့-သွားတော့"

"ဟုတ်ကဲ့"

မြဦးသည် ခင်ခင်စိုးနှင့်ခွဲခဲ့ပြီး အပြင်ထွက်သွားလေ၏။ မကြာခင် ပြန်

ရောက်လာသောအခါ၊ ကျောက်ဂေါ်လီလုံး ငါးဆယ်လောက် ပါလာလေသည်။ အိမ်ရောက်သောအခါ "ကိစ္စရှိသည်"ဟုဆိုကာ နောက်ဖေးတံခါးပိတ်၍ ဖယောင်းများအရည်ကျိုကာ ဂေါ်လီလုံးများကို ဖယောင်းရည်ထဲပစ်ချ၍ ချက်ချင်းပင် ပြန်ဆယ်ထားပြီး ရေစိမ်ထားလေရာ အကြောင်းမသိသူအဖို့ကား ကာလပေါ်နည်းနှင့် ဗိုထိုးနေသည်ဟု ထင်မှတ်စရာအကြောင်း ရှိလေသည်။

စိုးဟန်ကား- သူ့လက်ဖွဲလက်နက် ဝါးခြမ်းချွန်အသစ်စက်စက်ကို ချွန်မြနေအောင် ပြုပြင်ပြီး သဲဖိတ်ကိုထိုး၍ လေ့ကျင့်နေ၏။ ဦးသိန်းမောင်ကား ဘုရားစင်နားတွင် လူမမာနှင့် ဗေဒင်မေးရင်း တစ်ခါတစ်ရံ ဘုရားခန်းဆီသို့ ကြောက်သလိုလို ရွံ့သလိုလိုနှင့် လှမ်းလှမ်းကြည့်နေလေသည်။

အထဲမှ ကျော်ဆန်းမှာကား အခန်းနားတွင် လူမမာ ရှိသဖြင့်၊ ထွက်ပေါက်အတွက် ဘယ်လိုမှ မဖြစ်နိုင်ကြောင်းကို တွေးမိကာ စိတ်ပျက်ပျက်နှင့် အိပ်ငိုက်နေရှာလေသည်။

သူသူယော်ချင်းဘမောင်ကား. . . ထမင်းချက်မိန်းမကြီးကို တီးခေါက်ကြည့်ခြင်းဖြင့် ဒီည သူခိုးဖမ်းတော့မည်ကို သိရှိကာ ကျော်ဆန်းကို ဘယ်လိုနည်းနှင့် ကယ်ရပါ့မလဲဟု စိတ်ဖိုက်နေရှာလေတော့သည်။

## (၅) အထွက်နှင့်အဝင်

အချိန်ကား- ညခုနစ်နာရီခန့် ရှိလေပြီ။

လူမမာ ဒေါ်ကြူဝင်းလည်း အိပ်ဆေး၏တန်ခိုးသတ္တိထူးကြောင့် ဆိတ်ငြိမ်စွာ အိပ်ပျော်လျက် ရှိ၏။

ကျန်လူများ အိပ်မနေကြသော်လည်း တစ်အိမ်လုံးမှာ အလွန်တိတ်ဆိတ်လျက် အကယ်၍ အပ်တစ်ချောင်းသည် အသံချဲ့စက် မိုက်ကရိုဖုန်းနားသို့ လာကျလျှင် ကောင်းစွာကြားနိုင်မည်ဖြစ်၏။

ကျော်ဆန်းကား နေ့လည်က မြဦး အခန်းထဲဝင်လာသည်ကိုသိ၏။ မိမိအခန်းထဲ၌ရှိကြောင်းကိုလည်း သိရမည်ဟု ယူဆထားသည်၊ သို့ဖြစ်လျှင် မိမိအား ဘာကြောင့်လာဖမ်းဆီးခေါ်ငင်ခြင်း မပြုကြသေးသနည်းဟု စဉ်းစားနေသည်၊ မိမိမှာ အန္တရာယ်ကင်းလက်ဖွဲ့မဟုတ်၍လည်း ဤသို့ ဘုရားခန်းထဲ၌ ဆောင်ထားလိမ့်မည်မဟုတ်၊ တစ်ချိန်ချိန်၌ကား မိမိကို အန္တရာယ်ပြုကြပေတော့



မည်။

ကျော်ဆန်း ဤသို့တွေးနေချိန်ဝယ်၊ အပြင်မှ ခာတ်မီးခလုတ်ချသံကြားရပြီး ဘုရားခန်းအလယ်မှ ခာတ်ကြိုးတွင် တွဲလွဲခိုနေသော ခာတ်မီးလုံးကလေးမှ မီးရောင်ထွက်လာပြီး တစ်ခန်းလုံး ထိန်လင်းသွားလေတော့သည်၊ ထိုအချိန်နှင့် မရှေးမနှောင်းပင် အခန်းပြင်မှမီးရောင်များ ဆိတ်သုဉ်းသွား၍ မှောင်ကျသွားလေ၏။ မိမိကို အန္တရာယ်ပြုချိန်သည် စတင်ပေါ်ပေါက်လာလေပြီဟု ကျော်ဆန်းယူဆမိတော့၏။

အပြင်ခန်း၌ကား ဘယ်တောင်ပံအဖြစ် ဝရန်တာနားက ဦးသိန်းမောင်ကြီးသည် တံမြက်စည်းရိုးတံရှည်ကြီးကိုင်၍ လေးဘက်ထောက်နေ၏။ ဘုရားခန်းအပေါက်နှင့် တည့်မတ်သောနေရာတွင် ဗဟိုတပ်မ,အဖြစ်နှင့် ဝါးခြမ်းချွန်ကိုကိုင်ထားသော အာဇာနည် တော်လှန်ရေးသမားကြီးစိုးဟန် ရှိ၏။ စိုးဟန်၏ဘေးနားတွင် မြဦး၏အကြံပေးချက်အတိုင်း 'ကြောက်သည်' ဟုဆိုကာ စိုးဟန် ခြေသလုံးကိုပင် တစ်ခါတစ်ရံ ဆုပ်ဆုပ်ကိုင်လိုက်သော ခင်ခင်မိုး ရှိ၏။ ညာတောင်ပံအဖြစ်နှင့်ကား မြဦးသည် ဘယ်ဘက်လက်က ဖယောင်းမံထားသည့် ဂေါ်လီဘူး၊ ညာဘက်မှ သံတုတ်ကိုကိုင်ကာ ဝပ်လျက်ရှိ၏။

ခင်ခင်မိုးမှာ မြဦး မှာထားသည့်အတိုင်း လေထီးစ,တစ်ဘက်ကို နောက်မှ ပက်လက်ကုလားထိုင်၌ချီ၍ တစ်ဖက်အစ,ရှိချိတ်ကို စိုးဟန်၏ဘောင်းဘီစ၌ ချိတ်တွယ်ထားလိုက်လေ၏။

ခဏကြာသည်တွင်. . .

"ချို. . . တက်"

စိုးဟန်သည် ဂျပန်ဆန်လှသည့်အသံဖြင့် ကျယ်လောင်စွာ အမိန့်ပေးလိုက်ကာ၊ သူကိုယ်တိုင်လည်း ရုတ်တရက်ငြိမ်နေရာမှ ရှေ့သို့အားသွန်၍ပြေးလိုက်ရာ၊ နောက်မှ ပက်လက်ကုလားထိုင်ကြီးမှာ သူ့နောက်သို့ တုပ်ပါလာပြီးနောက်၊ နောက်မှ ဒေါက်ပြုတ်သွားရာ 'ဒိုင်း' ကနဲ မြည်သွားလေ၏။ သတ္တိကောင်းကြီးစိုးဟန်မှာ သူ့နောက်မှ 'ဒိုင်း' ကနဲအသံကြားလိုက်ရာ၊ "အောင်မယ်လေးဗျ" ဟုအော်၍ ပြားပြားဝပ်နေလိုက်လေ၏။

မြဦးကား- စိုးဟန်၏အမိန့်ကို ကြားရပြီးသောခဏ၌ ရုတ်တရက်ထကာ လက်ထဲကဂေါ်လီဘူးကို ဝရန်တာဘက်သို့ ရှေ့ရှု၍ ထိုးသွင်းလိုက်ပြီးနောက်၊ ဘုရားခန်းထဲသို့ ဝင်ပြေးကာ လက်ထဲမှ သံတုတ်ဖြင့် အပေါ်က မီးလုံးကို ခုန်ရိုက်

လိုက်ရာ၊ တစ်အိမ်လုံး မှောင်ကျသွားလေတော့သည်။

ဦးသိန်းမောင်ကြီးလည်း- စိုးဟန်၏အမိန့်ပေးသံ ကြားရသောအခါ လေးဘက်ထောက်နေရာမှ ကုန်းထရင်း ရှေ့သို့ပြေးရာ၊ ရှေ့မှ အသံမကြားရဘဲ လိမ့်လာသော ဂေါ်လီလုံးများကို တက်နင်းမိရာ "ရှရော. . . ဝုန်း"ကနဲမြည်ပြီး မှောက်ရက်ကြီး ကျသွားလေ၏။ တစ်ဖန် ချက်ချင်းပြန်ထပြန်ကာ လက်ထဲမှ တံမြက်စည်းချောင်းကြီး ကန့်လန့် ကန့်လန့်နှင့် ရှေ့သို့ချီတက်ပြန်ရာ၊ တစ်ဖန် ဂေါ်လီလုံးကို နင်းမိပြန်ရာ "ရှရော. . . ဒိုင်း"ကနဲ ကျပြန်လေ၏။

ဦးသိန်းမောင်ကြီး တဖုတ်ဖုတ် ကျနေချိန်ဝယ် မြဦးမှာ အခန်းထဲ၌ ကျော်ဆန်းကို ရှာဖွေရာ၊ ကျော်ဆန်းမှာလည်း သူ့ကိုယ်သူ ကာကွယ်ရန် ဖျာလိပ်များကို တစ်လိပ်စီ ရွှေ့ထောင်ထား၍ သူကိုယ်တိုင်မှာမူ မီးမှောင်သွားကတည်းက ကြွက်လျှောက်များကိုနင်း၍ ထရံကို ခိုထားလေရကား မြဦးမှာ ဖျာလိပ်တစ်လိပ်ပြီးတစ်လိပ်နောက်၍ လက်ကို ဝှေ့ရမ်းစမ်းသပ်ပါသော်လည်း မတွေ့ဖြစ်ရလေတော့သည်။ အချိန်ကလည်း များစွာမရှိတော့သဖြင့်၊ မတိုးမကျယ်သောလေသံဖြင့် ကျော်ဆန်းကို ခေါ်မည်ဟု စိတ်ကူးလိုက်၏။

ဤသို့ကြံစည်လိုက်မှ ကျော်ဆန်း၏နာမည်ကို ခင်ခင်စိုးအား မေးမထားရသေးကြောင်း သတိရမိတော့သည်။ သို့သော် အချိန်ကို ကြာရှည်ဆွဲမထားနိုင်သဖြင့်-

"ယောက်ဖရေ. . . ဟေ့ယောက်ဖ ဘယ်မှာလဲ"

ဟုခေါ်လိုက်မှ ကျော်ဆန်းမှာ အံ့အားကြီးသင့်ရင်း ထရံထက်မှသက်ဆင်းခဲ့ကာ "ကျွန်တော်ဒီမှာ"ဟု မရဲတရဲ အသံပြုလိုက်လေသည်။

ဤတွင်မှ မြဦးမှာ ကျော်ဆန်းနားသို့ကပ်လာရင်း ကျော်ဆန်း၏လက်ကိုဆွဲကာ "မြန်မြန်လာ"ဟု လေသံဖြင့်ပြောရင်း မှောင်ထဲ၌ဆွဲထုတ်ခဲ့ကာ လှေကားထိပ်အထိ ရောက်အောင်ပို့၍ "သွား. . . အောက်မှာ ခင်စိုးရှိတယ်"ဟု ပြောလွှတ်လိုက်လေ၏။

ကျော်ဆန်းမှာ အ,အ,အိပ်မက်မက်သကဲ့သို့ အူကြောင်ကြောင်ဖြစ်ကာ မယုံတစ်ဝက် ယုံလေးပုံတစ်ပုံ၊ ကြားနေစိတ် လေးပုံတစ်ပုံဖြစ်လျက်၊ အောက်ဆင်းလာရာ "ကိုကျော်ဆန်းလား"ဟူသော ကြည်လင်လှသည့် အသံကလေးကိုကြားရမှ ဝမ်းသာအားရ "ဟုတ်တယ်လေ"ဟုပြောပြီး ခင်ခင်စိုး၏လက်ကို ကိုင်လိုက်လေ၏။



"မရှုန်းပါနဲ့ အစိုးရယ်. . ."

"ရှုန်းတာမဟုတ်ဘူး. . . လာ သွားကြမယ်"

"ဘယ်ကိုလဲ"

"ကိုကိုကပြောတယ်၊ နင်လည်း မနေနဲ့တော့တဲ့"

"ဟယ်. . . နိပ်ဟ- လာ- သွားကြစို့"

သူတို့နှစ်ယောက်လည်း နောက်ဖေးဝင်းထရံမှကျော်၍ အိမ်ရှေ့ဘက်ပြန်ပတ်ကာ ကျော်ဆန်း၏အိမ်ဘက်သို့ ထွက်လာခဲ့ကြလေ၏။

စိုးဟန်ကား နောက်မှခြေတစ်ဖက်ဆွဲနေရာ၊ ခြေကလေးကို ခပ်ဆတ်ဆတ်လှုပ်ရမ်းလိုက်ရင်း၊ 'အစိုးကလဲကွယ်၊ ဒါလောက်တောင် ကြောက်ရသလား' ဟု ပြောရင်း တစ်ဖန် ရှေ့သို့ကက်ပြန်ရာ၊ ခြေတစ်ဖက်ဆွဲနေပြန်သဖြင့်၊ "အစိုးကလည်း ပြောပဲမရတော့ဘူးလား" ဟုဆိုရင်း ဖွတ်ဆောင့်ရုန်းလိုက်ရာ ပြားချပ်နေသော ပက်လက်ကုလားထိုင်ကြီးမှာ အရှိန်နှင့် လျှောလာပြီး သူ့ဝင်ဆောင့်လေတော့သည်။ ဤတွင်မှ ကုလားထိုင်၏အတွေ့ကြောင့် အမြင်မှန် ရသွားကာ၊ လက်ဖြုတ်ထားခဲ့ပြီး ရှေ့သို့ တစ်ရှူးထိုး ပြေးတက်လိုက်သည်တွင် ဘယ်တောင်ပံ ဦးသိန်းမောင်၏ လက်နက်ဖြစ်သော တံမြက်စည်းရိုးတံကြီးမှာ သူ့ခြေနှစ်ချောင်းကြားဝင်၍ ကလန့်လိုက်ရာ လေးကျွမ်းပစ်နေရပြန်လေ၏။ တစ်အိမ်လုံးလည်း ဆူညံနေလေတော့သည်။

ဦးသိန်းမောင်မှာလည်း တဖုတ်ဖုတ် ကျနေသဖြင့်. . .

"ဟေ့ တစ်ယောက်ယောက်က မီးဖွင့်စမ်းပါကွာ၊ ငါ့ဘေးတွေရင်တွေကွဲလှပါပြီ"

ဟု ပြောလိုက်သဖြင့် မြဦးက မီးကောက်ဖွင့်လိုက်ရာ နံရိုးများကိုနှိပ်ရင်း ရှုံ့မဲ့နေသော ဦးသိန်းမောင်ကိုလည်းကောင်း၊ ကြမ်းပြင်ကို အလျားမှောက်ရင်း ညည်းနမ်းနေသော စိုးဟန်ကိုလည်းကောင်း တွေ့ရလေသည်။

စိုးဟန်မှာ ချက်ချင်းပြန်ထပြီး ဘုရားခန်းထဲသို့ ဝင်ပြေးပြီး "အပြင်လူတွေ အဆင်သင့်နေကြ၊ သူခိုးကို ထုတ်ခဲ့တော့မယ်" ဟု အော်သံကြားရသဖြင့်၊ ဦးသိန်းမောင်ကြီးသည် ချက်ချင်းတံမြက်စည်းကြီးကိုဆွဲရင်း မတ်တတ်ရပ်လိုက်သော်လည်း မြဦးကား. . . လက်ပိုက်ရင်း ပြုံးပြုံးကလေးပင် ကြည့်နေလေသည်။

သို့သော် ဘုရားခန်းထဲမှ စိုးဟန်သည် လူတစ်ယောက်ကို ကန့်လန့်ကန့်လန့်နှင့် ဆွဲထုတ်လာလေရာ၊ မြဦးမှာ မျက်လုံးများ ပြူးသွား၍ "ရှော်လိုက်တဲ့

ငါ့ယောက်ဖကွာ- လှေကားထပ်ကများ ပြန်ဝင်လာရသေးတယ်" ဟု ညည်းမိပြီး အနားကပ်သွားလေ၏။

အနားရောက်သည်နှင့်တစ်ပြိုင်နက် ဦးသိန်းမောင်က "ဟင်. . အိမ်ရှေ့က သူငယ်ပါလား"ဟု ဆိုလိုက်မှ- မြဦးတွင် စိတ်အေးသလိုလို ရှိသွားသော်လည်း မသေချာသေးသဖြင့် အဖမ်းခံရသူ၏ညာဘက်လက်ကို သေသေချာချာကြည့်မှ လက်ပတ်နာရီ မရှိသည်ကို တွေ့ရသဖြင့် စိတ်အေးသွားလေ၏။

အဘယ်ကြောင့်ဆိုသော်- သူ့ယောက်ဖ၏ညာလက်ကို ဆွဲလိုက်စဉ်က လက်ပတ်နာရီကို စမ်းမိသောကြောင့်ပင် ဖြစ်လေသည်။

ဤခဏ၌ တော်လှန်ရေးသမားကြီးသည် တရားခံကို တိုင်တွင်ကြိုးနှင့် ချည်ထားပြီး မေးစစ်လေ၏။

"မင်း ဘယ်သူလဲ"

"ကျုပ် ဘမောင်"

"ဘာခိုးမလို့ လာတာလဲ"

"ခင်ဗျားတို့အိမ်ထဲ ဘာတွေရှိမှန်း မသိတဲ့ဥစ္စာ၊ ကျုပ်က ဘာတခြား ပစ္စည်း ခိုးရမှာလဲ"

စိုးဟန် ဤကဲ့သို့ စစ်ဆေးနေချိန်ဝယ်၊ ကျော်ဆန်းတို့လည်း တပည့်လှ ခိုင်က ပြန်ပြောပြ၍ ဘမောင်မှာ မိမိကို ကယ်ရန်သွားသည်ဟု ကြားရသောအခါ ချစ်လှစွာသော သူငယ်ချင်းကို ဒုက္ခတောထဲတွင် ပစ်မထားရက်သဖြင့်၊ နောက်ဆုံးတွင် ဘာပဲဖြစ်ဖြစ်ဟု သူတို့နှစ်ယောက်စလုံး ပြန်လာကြလေသည်။

ထွက်ပေါက်မှ ပြန်ဝင်ခဲ့ကာ ဦးသိန်းမောင်တို့ထံသို့ ရောက်သောအခါ-

"ကျွန်တော်ပါ- ကျွန်တော်ပါ"

"ဟဲ့ သူငယ်- မောင်ရင်က ဘယ်ကဝင်လာတာလဲ"

"ကျွန်တော်ပါ"

"အင်းပါ. . မောင်ရင်ပါပဲ၊ ဘာဖြစ်လာရတာတုန်း"

"ဘုရားခန်းထဲမှာ ပုန်းနေတာ. . . သူမဟုတ်ဘူး. . . ကျွန်တော်"

"ဩော်. . . မောင်ရင်က မျက်လှည့်ဆရာ ဦးကျော်ဇံအောင်ဆိုတာ လား"

"ဒီလူက ကျွန်တော့်သူငယ်ချင်းပါ၊ ဦးသမီးကို ခိုးသွားတာလည်း ကျွန်တော် ပါ"



"ဟင် ဘယ်တုန်းက ငါ့သမီးကို ခိုးသွားတာလဲ၊ အခု ဟိုမှာရပ်နေသား ပဲ"

"စောစောက ခိုးသွားတာပါ"

"ဟင်. . . ငါလည်း မသိပါလား"

ဤနေရာတွင် မြဦးမှာ မနေသာတော့၍ ဝင်ပြောရလေတော့သည်။

"ဩော်. . ခိုးသွားပါတယ်ဆိုမှပဲ ဦးလေးကို အသိပေးရမှာလားလို့ ဥစ္စာရှင် မသိဘဲယူတာမှ ခိုးမှုထဲကို သွင်းရတာပေါ့၊ ဒီလိုယူတဲ့နေရာမှာလည်း လူလေး ယောက်ထက်ကျော်ရင် သူခိုး မဟုတ်တော့ဘူး"

"တော်စမ်းပါ- မင်းဥစ္စာတွေ. . . ဒီမှာ- သူငယ်ရေ-ငါ နားလည်အောင် ပြောပြစမ်းပါဦးကွာ"

ဤတွင်မှ ကျော်ဆန်း၊ ခင်ခင်စိုး၊ မြဦးတို့က မိမိတို့ပါဝင်ကပြကြသော ဆိုင်ရာဆိုင်ရာအခန်းများကို အသီးသီးပြောဆို ရှင်းလင်းလိုက်ကြသည်တွင်မှ၊ ဦးသိန်းမောင်ကြီးမှာ သမီးခါးပိုက်နှိုက်ခံရသည်ကို သဘောပေါက်တော့သဖြင့် အံ့အားအကြီးအကျယ် သင့်ပစ်လိုက်ရလေတော့သည်။

ထို့နောက်မှ စကားပြောဖော်ရလေတော့၏။

"အေးလေ မင်းတို့က ကြိုက်နေကြပြီကိုး၊ ဒီတော့ မင်းတို့ ချစ်ခြင်းကို လည်း မခွဲချင်ပါဘူးကွာ၊ မကြျူဝင်း နေနည်းနည်းကောင်းလာရင် ရုံးမှာသွားလက် ထပ်ကြတာပေါ့ကွာ၊ နောက် ဧည့်ခံပွဲကလေးဘာလေး လုပ်ကြတာပေါ့၊ ခုချက် ချင်းတော့ စောပါသေးတယ်ကွာ- နည်းနည်းစောင့်ကြပါဦး"

ကျော်ဆန်းမှာ ချက်ချင်းလိုချင်လှသော်လည်း- အကြောင်းအကြောင်း များကို ထောက်ထားပြီးလျှင် ယောက်ဖတစ်ယောက်လုံးကလည်း ကိုယ့်ဘက်ပါနေ သည်ဖြစ်သဖြင့် သဘောတူခဲ့ရလေတော့သည်။

ရက်များမကြာမီပင်- ဗေဒင်ယုံလှသော ဒေါ်ကြူဝင်းမှာလည်း ယာယီ ရှေ့လိုက်ရသဖြင့် စိတ်ကျေနပ်သွားပြီး ကျန်းမာလာခဲ့လေ၏။ ဤသို့ဖြစ်ရကား ဒေါ်ကြူဝင်းသည် သမီးရုံး၌သွားရောက်လက်ထပ်သည်ကို မလိုက်နိုင်သော်လည်း ဝမ်းမြောက်စွာ ပြန်လာကြသော ဇနီးမောင်နှံ အသစ်စက်စက်ကို ရွှင်လန်းစွာ ကြိုဆိုနိုင်ခဲ့လေသည်။

ယနေ့ညကား- တစ်အိမ်လုံးသည် မီးပွင့်များဖြင့် လှပလျက် လူတိုင်း၏ စိတ်မှာလည်း ရွှင်ကြည်နေကြသောညပင် ဖြစ်လေတော့သည်။

နလံထ ဒေါ်ကြူဝင်း၏ဘေးနားတွင် ဦးသိန်းမောင်ကြီးသည် တရား
အုပ်ဖတ်ပြနေ၍ ဒေါ်နုက. . . ဒေါ်ကြူဝင်းကို နှိပ်ပေးနေလေသည်။ မော
ကျပ်ချွတ်ကား ဝရန်တာဝယ် ယှဉ်တွဲပူးကပ်ထိုင်ရင်း အေးကြည်လှသောလ
ဝယ် ဝေ့လည်နေကြသော မြူမှုံကလေးများကိုကြည့်ရင်း ချစ်တင်းနှောနေကြ
ဝယ်. . .

အိမ်ရှေ့အိမ်ဆီမှ ကျယ်လောင်လှသော ဘမောင်၏သီချင်းဆိုသံသည်
ဆောင်းဦးလေကိုစီး၍ ပျံ့သန်းလာခဲ့လေ၏။

"ချိန်းတဲ့ရက်ကို မပျက်ရအောင် ဒီမောင်လာပါပြီ. . . ချစ်သူခင်
ရွှေလည်တိုင်ဖော့ရှိုး ကျိုးမတတ်နော်၊ မျှော်နေရှာပေမည်"

ကျော်ဆန်းသည်ပြုံး၍ ခင်ခင်စိုးကိုငုံ့ကြည့်လိုက်ရာ၊ ခင်ခင်စိုးမှာ ကျော်
ဆန်း၏ရင်ခွင်တွင် ခေါင်းတင်ရင်း ပြန်၍ပြုံးပြလိုက်၏။

"ချစ်တင်းနှောရန်ကို အခန်းထဲမှာပိတ်ပိတ်ပြီး အစာငတ်ထားတာ
ယောင်သေးတော့သည်၊ အပေါက်ရှာရတာ မောင့်မှာနွမ်းပြီ. . . နှစ်ပါးချစ်ရည်
မကြည်ဖြူရခင် အလှောင်ခံရသည်။ လိုက်ခဲ့တော့ကွယ် သက်လှယ်ရယ်. . .
မောင်ဆက်ဆက် လစ်ခဲ့ရပါပြီ. . ."

ဤအကြိမ်တွင်မူကား. . . ကျော်ဆန်းနှင့် ခင်ခင်စိုးမှာ တစ်ယော
မျက်နှာ တစ်ယောက်ကြည့်ပြီး အသံကလေးများထွက်အောင် ရယ်လိုက်
တော့သည်။

ထိုခဏ၌ အခန်းထဲတွင် တစ်ယောက်တည်း ဝါးခြမ်းနှင့် သိုင်းရိုက်
သော စိုးဟန်သည်၊ နောက်က ရန်သူလိုက်သည့်သဏ္ဌာန်မျိုးလုပ်ကာ၊ အခ
ပေါက်ဝသို့ စွတ်ထွက်ပြေးရာ၊ ဝါးခြမ်းမှာ အခန်း၌ ကန့်လန့်ကြီးခံနေပြီး စွတ်
နေသော ကိုယ်ခန္ဓာ၏ဒဏ်ကို မခံနိုင်တော့ဘဲ 'ဂွတ်' ခနဲ ကျိုးသွားလေရာ
စိုးဟန်မှာ အရှိန်နှင့်အပြင်ရောက်သွားပြီး၊ လှေကားထိပ်မှ အတက်ခြေရာမှ
မှန်ဘီလူးနှင့် သေချာစွာ ကြည့်နေသော မြဦးကို ပြေးဆောင့်ရာ၊ မြဦးမှာ လှေ
ပေါ်မှ ခွေးကျ,ကျသွားလေတော့သည်။

သူ့လက်ထဲမှ လွတ်ထွက်သွားသော မှန်ဘီလူးကလေးသည် ဝရန်
ဘောင်ကို ပစ်ရိုက်လေရာ၊ 'ခွမ်း'ခနဲ မြည်သွားသံသည် ဝရန်တာနားမှ သ



င်းထက်ရှိ ညဉ့်ငှက်မောင်နှံကိုသာ လန့်ပျံသွားစေသည် မဟုတ်ဘဲ၊ မျက်နှာချင်း
ဆိုင်လျက်ရှိသော ချစ်သူနှစ်ဦးကိုပါ လန့်၍ကွဲကွာသွားစေလေတော့သည်သာ, . ။

သွေးသောက်၊ (၁၉၅၁) ခု၊
ဇန်နဝါရီ၊ အမှတ် (၆၀)။

□ □ □

## တိတိကျကျ

"ဒီလောက် ကတ်သီးကတ်သတ်လုပ်တဲ့ အဲဖေမျိုးကို ဆွေမျိုးလာ
တော်ရတာဟာ ငါ့ဘဝဝိပါကဝဋ်ပဲ၊ မဖြစ်ဘူး သတင်းစာထဲကနေပြီး အဖေအဖြ
ကပြတ်စဲကြောင်း ကြော်ငြာရတော့မှာပဲ. . ."

စံဝင်းမှာ တစ်ယောက်တည်း အဖေအပေါ်တွင် ဒေါထကာ ပလက်
ဖောင်းဘေးနားက ဂတ္တရာစေး လမ်းမပေါ်၌ ဆောင့်ဆောင့်အောင့်အော
လျှောက်လာလေရာ အကြောင်းမသိသူများက နာဇီအာဏာရှင်ဟစ်တလာ
အသက်ပြန်ဝင်လာကာ ပ်ရစ်မြို့တော်သို့ ရှေ့ရှုချီတက်လာလေပြီတကားဟု မှတ်
ထင်ကောင်း မှတ်ထင်ကြပေလိမ့်မည်။

စံဝင်းသည် ရှုပေါပေါဖြစ်၏။ အလုပ်အကိုင်မှာ ကပ်စတန်ရုံးမှ စာရေး
ကလေးဖြစ်လေသည်။ သူ့အဖေအပေါ်၌ ဒေါပွလာခြင်း အကြောင်းရင်းကား
မိန်းမလိုချင်လှသဖြင့် အတင်းမိန်းမပေးစားရန် ပူဆာသည်တွင် တစ်ဦးတည်
သော အဖေကလည်း ရှာမပေးနိုင်ရကား ဤသို့ရှာဖွေမပေးနိုင်ခြင်းကို ဒေါ
ထွက်ကာ၊ ယခု ရုံးသို့အလာတွင် အောက်ပါရာဇသံ ရေးပေးလာခဲ့ခြင်း ဖြစ်
သည်။

'ခြံတစ်ဝင်း၊ အိမ်တစ်လုံး၊ ရေတိုင်ကီတစ်ခု၊ ကြောင်ငါးကောင်၊ ခွေး
ကြီးတစ်ကောင်နှင့် ခွေးကလေးသုံးကောင်၊ အိမ်ဝယ်လိုက်ကတည်းက ရလို



သော မော်ကော်ဆိုင်ကယ် သံချေးတက်အပျက်ကြီးတစ်စီး၊ သရက်ပင်ရင်းက
တောင်ပို့တစ်ခု အစရှိသော ဝတ္ထုပစ္စည်းအစုံစုံကို စိုးမိုးပိုင်သ,လက်ဝါးကြီးအုပ်
ထားရှိသော ခမည်းတော်ဦးဖိုးဟန် သိစေရမည်မှာ၊ ဆယ်တန်းတည်းဟူသော
ပညာလည်းရှိထသော၊ မိန်းမလည်း ငန်းငန်းတက် လိုချင်လျက်ရှိထသော၊ သား
တော်မောင် မောင်စံဝင်းသည်၊ မြန်မာပြည်ကြီး၏ လူဦးရေတိုးတက်မှုကို ရှေ့ရှု၍
ည်းကောင်း၊ ဗုဒ္ဓဘာသာဝင်တစ်ယောက် ထွန်းပေါက်လာရေးဟူသော သာသနာ့
မြင့်အားဖြင့်လည်းကောင်း၊ မျိုးရိုးအစဉ်အဆက် တည်တံ့ခိုင်မြဲရေး ဟူသော
ားသမီးတို့ဝတ္တရားအရလည်းကောင်း၊ မိန်းမကို အပြင်းအထန်လိုချင်လျက် ရှိရ
ား၊ 'မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊
မ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ' ဟူသည်နှင့်အညီ အတတ်ကို
ာ သင်ပေးခြင်းအားဖြင့် ဝတ္တရားကို တိုးလိုးတန်းလန်း မထားခဲ့မူ၍ ဝတ္တရားအား
ပြည့်စုံခြင်းသို့ ရောက်ရှိစေအောင် သားတော်မောင် မောင်စံဝင်းအား အမြန်
မိန်းမပေးစားရမည်။

အကယ်၍ လုပ်ဆောင်ချက် ပျက်ကွက်ခဲ့သော် နောင်ကို မိန်းမယူပြီးမှ
ဘောမတူဟုဆိုလျှင် ခမည်းတော်၏တာဝန်သာ ဖြစ်ချေသည်။ 'လုပ်ဆောင်
ည် ပျက်ကွက်ခဲ့သော်' ဟူသောအပိုဒ်သည် မိန်းမပေးစားခြင်းသာမက ဤရာဇ
ကို (၂၄) နာရီအတွင်း အကြောင်းပြန်ကြားခြင်းသည်လည်း အကျုံးဝင်စေရ
ည်'

သားတော်မောင်
စံဝင်း

ဤရာဇသံကို ပေးပြီးသည့်တိုင်အောင် စံဝင်းမှာ ဒေါသမပြေနိုင်သေး
လမ်းတစ်လျှောက်လုံးတွင် နိုင်လွန်ကိုယ်ကြပ်၊ နှုတ်ခမ်းနီ ပါးနီကလေးများ
တွေ့တိုင်း စိတ်လှုပ်ရှားမှု ပြင်းထန်လာလေလေ. . . အလိုက်မသိစွာ မိန်းမကို
ပေးသော ဖခင်ကို ဒေါသထွက်မိလေဖြစ်၏။ မိမိကိုယ်တိုင် ရှာဖွေယူရမည်
သည်း ဘယ်လိုမှ မစွံနိုင်သဖြင့် အဖေကို မိဘဝတ္တရားများနှင့် ကိုင်ပေါက်ရ
ခြင်း ဖြစ်လေသည်။

မိန်းကလေးများကို မမြင်လိုသည်ဖြစ်၍ စိတ်ဖောက်ပြန်ခြင်းမှ သက်
ာရာရစေရန် ခေါင်းကိုငုံ့၍လျှောက်လာခဲ့ရာ မကြာမီ မိမိရှေ့နှစ်တောင်ကွာ
က်၌ ဆိုက်ကားရှေ့ဘီးကွင်းတစ်ခုကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ဒိတ်

ကနဲဖြစ်သွားကာ. . . "သေပါပြီဗျ"ဟုအော်ရင်း ပလက်ဖောင်းပေါ် ခုန်တက်လိုက်မိလေ၏။ ပလက်ဖောင်းပေါ်ရောက်မှ လမ်းဘေး၌လျှောက်နေသည်ကိုမကြည့်ဘဲ အရမ်းမောင်းဝင်ရပါမည်လားဟု ဆိုက်ကားနင်းသူကို ပစ်ကြိမ်းလိုက်ရန်မော့ကြည့်ရာ၊ ဆိုက်ကားမှာ လမ်းဘေး၌ သူ့ဘာသာသူရပ်နေ၍၊ ဆိုက်ကားနင်းသူမှာ ဘေးသို့ဆင်းကာ ဗယာကြော် ဝယ်စားနေသည်ကို မြင်ရမှ၊ ဆိုက်ကားက သူ့ကို တိုက်ရန်မဟုတ်ဘဲ၊ အတွေးကျွံလာသော သူကသာ ဆိုက်ကားကိုဝင်တိုက်လုဆဲဆဲ ဖြစ်နေသည်ကို သတိပြုမိလေ၏။ ဤသို့သိရမှ မျက်နှာကြီးတစ်ခုလုံး လုံမယ့်၍ ခြေသည်းကဲ့သို့လည်းကောင်း၊ လက်သည်းကဲ့သို့လည်းကောင်း၊ နှုတ်ခမ်းကဲ့သို့လည်းကောင်း နီရဲလာပြီးလျှင် ရှက်ခြင်း၏အသွင်ကို ဆောင်မိလေတော့၏။

သို့ဖြင့် သူ့ကို မည်သူများကြည့်နေသနည်းဟု ပတ်ပတ်လည် လှည့်ကြည့်သောအခါ အခြားမည်သူကမျှ ဂရုထား၍မကြည့်၊ ဗယာကြော်စားနေသော ဆိုက်ကားဆရာကသာ ပြုံးစိစိနှင့်ကြည့်နေသည်ကို တွေ့ရလေသည်။

ဆိုက်ကားဆရာတစ်ယောက်တည်းမို့ တော်သေးရဲ့ဟုတွေးကာ ထိုနေရာမှ ခပ်သုတ်သုတ်လျှောက်လာခဲ့ပြီး ဘားလမ်းထဲသို့ ချိုးဝင်လာခဲ့၏။ ဆိုက်ကားနားမှ ဘားလမ်းထိပ်အထိသာ ခေါင်းကိုထောင်ထား၍ ဘားလမ်းထဲရောက်သောအခါ၊ အတွေးနယ်ကို ဆက်လက်ချဲ့နေမိပြန်သည်နှင့်အမျှ ခေါင်းမှာလည်း ပြန်၍ငုံ့သွားပြန်လေတော့သည်။ ဤတစ်ခါမူကား လမ်းပေါ်ကမလျှောက်တော့ဘဲ ပလက်ဖောင်းစွန်းမှ လျှောက်လာခဲ့သည်ဖြစ်ရကား၊ စောစောက ဆိုက်ကားရန်မျိုးကို စိတ်အေးလက်အေး လွတ်ကင်းနေပေတော့သည်။

ထိုခဏတွင် ပက်ကာ့ဒ်ကားကြီးတစ်စီးသည် သူ့ဘေးနားမှ ဖြတ်တက်သွား၍ သူ့ရှေ့နားတွင် ထိုးရပ်လိုက်လေသည်။ သို့သော် စံဝင်းသည် ဖြတ်တက်သွားသည်ကိုလည်းမသိ၊ ထိုးရပ်လိုက်သည်ကိုလည်း မသိဖြစ်ကာ၊ ခေါင်းငုံ့လျက်ပင် ဆက်လက်လျှောက်လာလေရကား၊ ကားပေါ်မှ လူဆင်းရန် ကားတံခါးကိုရုတ်တရက်ဖွင့်လိုက်သည်တွင် ခေါင်းငုံ့လျှောက်လာသော စံဝင်း၏နဖူးကို ပြေးနှက်လေတော့၏။

"သောက်ကျိုးနည်း. . . သေပါပြီဗျာ. . ."

အမှန်မှာ လာရိုက်မိသောဒဏ်မှာ ပြင်းထန်လှသည်မဟုတ်ပါ။ သို့သော် အတွေးနယ်ကျွံနေသဖြင့် ပတ်ဝန်းကျင်လောကကို မေ့လျော့နေရာမှ ပတ်ဝန်းကျင်လောကသည် ရုတ်တရက် ပြောင်ပြောင်လက်လက်နှင့် နဖူးကိုပိတ်အုပ်လိုက်သည်ဖြစ်၍ ပလက်ဖောင်းပေါ် ဖင်ထိုင်ကျမိသွားလေ၏။



ကားပေါ်မှဆင်းလာသော အသက် နှစ်ဆယ့်နှစ်နှစ်ခန့် မိန်းမပျိုကလေးသည် စံဝင်းကိုကြည့်ရင်း ပြုံးစိစိ ဖြစ်နေလေ၏။ စံဝင်းမှာ ဖင်ထိုင်လျက်ဖြစ်နေရာတ သူ့ရှေ့တွင် သက်တန့်ကဲ့သို့ အရောင်စုံနေသော လုံချည်ကို မြင်လိုက်ရသည်နှင့် ရပ်နေသော သတ္တဝါ၏လိင်ကို ခိုင်မာစေသော ဝါသနာအတိုင်း ချွဲချွဲပျစ်ပျစ် အသနားခံရန် မော့ကြည့်လိုက်မှ သူ့ကို ပြုံးစိစိနှင့် ကြည့်နေသည်ကို မြင်ရသော် ဒေါဖောင်းသွားလေ၏။

"ခင်ဗျားက ရယ်သလား"

"ဟို. . . ချို ရယ်လို့လား"

"အင်းလေ. . . ပြုံးနေတယ်. . . ရယ်တာနဲ့ ပြုံးတာနဲ့ ဘာကွာသလဲ"

"အံမယ်. . . ကွာတာပေါ့. . . ရယ်တာက. . ."

"ဒါတွေထားစမ်းပါ. . . ကိုယ့်ကြောင့် လူတစ်ယောက် ဒုက္ခရောက်တယ်ဆိုရင် မရယ်မပြုံးသင့်ဘူး"

စံဝင်းသည် အချို့ဝတ္ထုဆရာများကဲ့သို့ ပရိသတ်ကို သင်ခန်းစာပေးနေလေသည်။

"ဩ. . . ကိုယ့်ကြောင့် လူတစ်ယောက်ဒုက္ခရောက်ရင် မရယ်မပြုံးသင့်ဘူးလား. . . ဒါဖြင့် လူနှစ်ယောက် သုံးယောက်လောက် ဒုက္ခရောက်ရင်တော့ ဝါးလုံးကွဲရယ်ပစ်လိုက်ရမယ်ပေါ့. ... ဟုတ်လား ဟဲ. . . ဟဲ"

'ချို' ဆိုသောမိန်းကလေးမှာ ရဲရဲတင်းတင်းနှင့် သွက်သွက်လက်လက်ကလေးဖြစ်လေရာ၊ စံဝင်းမှာ မခံချိမခံသာနှင့် ပတ်ပတ်လည် ကြည့်လိုက်သည်တွင်၊ မလှမ်းမကမ်းမှ သူ့အသိ ဆပ်အင်စပိတ်တော်တစ်ယောက် လျှောက်လာသည်ကို မြင်ရသဖြင့်၊ "ဟာ- အတော်ပဲ- လာစမ်းပါဦး" ဟု ခေါ်လိုက်လေ၏။

ထိုသို့ခေါ်လိုက်မှ 'ချို' မှာ သူ့ကို ဖမ်းခိုင်းတော့မည်လောဟု ကြောက်လန့်လာသည်နှင့်အမျှ၊ သူ့ဘေးနားတွင် ရပ်နေသော သူ့အမေကြီးကလည်း မျက်လုံးပြူး မျက်ဆန်ပြူးနေလေတော့သည်။ သို့သော် ချိုမှာ ဖြတ်ထိုးဉာဏ်ကောင်းလှသည်ဟု သူ့ကိုယ်သူ ယုံကြည်သူဖြစ်၍ အကြံအစည်တစ်ခုကို ချက်ချင်းပြုလိုက်ပြီး စံဝင်းကိုကြည့်၍ ရယ်လိုက်ကာ. . . .

"ချိုက မသိပါဘူး- မတော်တဆ ဖြစ်တာမှတ်လို့၊ အခုတော့ ရှာမင်တာ

ကာ ခေါင်းနဲ့-တံခါးနဲ့ ဝင်တိုက်တာကိုး၊ ကဲလေ. . . ညနေကျရင် အိမ်လာခဲ့မယ် မဟုတ်လား. . .”ဟု တကယ့်အသိဟောင်း အကျွမ်းဟောင်းတစ်ဦးပမာ ရင်းရင်းနှီးနှီး ပြောနေလေရာ၊ စံဝင်းမှာ ကြောင်နေသည့်နည်းတူ၊ အနားရောက်လာသော အသိ ဆပ်အင်စပိတ်တော်မှာလည်း. . .

“မင်းစိတ်ဟာ အရင်တုန်းကလိုပါပဲလား. . . မှန်တံခါးနဲ့ ခေါင်းနဲ့ တမင်ဝင်တိုက်တယ်တဲ့၊ တော်တော်လည်းကျွတဲ့အကောင်”ဟု ပြောပြောဆိုဆိုပင်၊ စံဝင်းနှင့် ကြာကြာစကားပြောရမည်ကို ခတ်သိဖြစ်၍ ကြောက်သည်အတိုင်း ခပ်သုတ်သုတ်လစ်သွားလေ၏။

စံဝင်းမှာ သူပြောနေသမျှကို ဘာမျှမကြားနိုင်ဘဲ၊ မိန်းကလေး၏အဖြစ်ကို စဉ်းစားနေရာမှ၊ အကြောင်းမှန်ကိုတွေးမိသည်တွင်၊ အခွင့်သာတုန်း ရောင်တော်ပြန်နှင့် ရောလွတ်ရန် အကြံရလာပြီး. . .

“ဟုတ်ကဲ့. . . ညနေကျရင် အိမ်လာခဲ့မယ်လေ. . . အခုနေတဲ့အိမ်လိပ်ကိုလည်း ပြောဦးမှပေါ့”

မိန်းမပျိုသည် ဝေးဝေးမရောက်သေးသော ဆပ်အင်စပိတ်တော်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး သူ့အိမ်လိပ်ကို ပြောလိုက်ရလေတော့သည်။ ပြောပြီးလျှင်ပြီးချင်း စံဝင်းနှင့် ကြာရှည်စကားပြောမနေချင်သည့်ဟန်ဖြင့်၊ သူ့အမေကိုလက်ဆွဲကာ အနားမှ ပိုးထည်ဆိုင်ထဲသို့ တက်ရောက်ဝင်သွားလေ၏။

စံဝင်းမှာ မည်သို့ပင်ဖြစ်စေ၊ ကောင်မလေး၏လိပ်စာတော့ရပြီဟု ဝမ်းမြောက်သွားကာ- သူသွားမည့်လမ်းခရီးသို့ ရှေ့ရှုလှည့်လိုက်ရင်း သီချင်းဆိုလိုက်လေသည်. . .

“ကျွန်တော် အလွန်ပျော်. . . ဘာလဲဗျ”

စံဝင်းမှာ သူ့လက်မောင်းကို လှမ်းဆွဲလိုက်သူကို လှည့်ကြည့်လိုက်ရာ ချိုတို့၏ ကားမောင်းသူကို မြင်ရသဖြင့်၊ မိန်းကလေးတစ်ဦးကိုပိုးလျှင် ထိုမိန်းကလေး၏ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ကျင့်တတ်စေရမည်ဟူသော သူ့ဝါဒအတိုင်း စကားပြင်လိုက်လေ၏။

“ဟဲ. . . ဟဲ. . . ဘာလဲ နောင်ကြီးရ”

“ခင်ဗျား ကြည့်ရတာ. . . ရှုးကြောင်ကြောင်နဲ့”

“ဟုတ်ကဲ့ နောင်ကြီးရ. . . ဖွတ်. . . မဟုတ်ပါဘူး နောင်ကြီးရာ”

“ခင်ဗျား ညနေကျရင် အိမ်ကို တကယ်လာလည်မှာလား”



“ဒါပေါ့ဗျာ. . . သူက. . . သူက ခေါ်တာ လာမလည်လို့ရမှာလားလို့”

“အဲ. . . သူ့အဖေကြီးကိုတော့ သတိထား၊ သူနဲ့စကားပြောရင် တိကျဖို့လိုတယ်. . . ဒါမှ လေပေးဖြောင့်မှာ”

“ဒါတွေ ထားစမ်းပါဦးလေ. . . ကောင်မလေးနာမည်က ဘယ်သူ. . .”

“ချိုချိုထား. . . တဲ့”

“ဘယ့်နှယ် ချိုချိုခါးလဲဗျ၊ ချိုလည်းချို ခါးလည်းခါး၊ ဟားဟား. . . ချိုချိုခါးခါး”

“ဘာတွေလျှောက်ပြောနေတာလဲ၊ ချိုချိုထားဗျ. . . ချိုချိုထား၊ အောင်ယဲလေးဟဲ့ ရှုးကြောင်ကြောင်ဖြစ်ရတဲ့အထဲ နားကလည်း ပင်းသေးတယ်”

ကားမောင်းသူပြောသည်မှာ ချိုချိုထား ဖြစ်သော်လည်း၊ စံဝင်းမှာ ဝမ်းသာစိတ်နှင့် မှန်သွားသည်ဖြစ်၍ နားကြားလွဲသွားခြင်းဖြစ်၏။ ကားမောင်းသူကို ဤသို့ ခဏမျှ ပါးလျက်နားလျက်လုပ်ခဲ့ပြီး ဆက်လက်ထွက်လာခဲ့လေသည်။

ထိုနေ့တစ်နေ့လုံး စံဝင်းမှာ အလုပ်ကို စိတ်မပင်စားနိုင်ဘဲ ချွေးသီးချွေးပေါက်များနှင့် ဖြစ်နေလေ၏။ ကားမောင်းသူကြီး ပြောလိုက်စဉ်က အမှတ်မဲ့ဖြစ်ခဲ့သော်လည်း၊ နောက်ပြန်စဉ်းစားသောအခါ ‘တိကျ’ဟူသောစကား၏ အဓိပ္ပာယ်ကို မကောက်တတ်အောင် ဖြစ်နေလေသည်။

“ငါ ဒါမှမစွမ်းဆောင်နိုင်ရင်တော့. . . အဘိုးကြီးနဲ့ ဘုကျတော့မှာပဲ၊ အဘိုးကြီးနဲ့ဘုကျတယ်ဆိုတာ ကောင်မလေးနဲ့ ဘယ်သောခါမျှ. . . တူနှစ်ကိုယ်နီးရပါမယ်ဆိုတာနဲ့ အတူတူပဲ. . . ဟာ. . . ဂွကျတာပဲ၊ တိကျတယ်ဆိုတာ ဘာလဲ၊ တိတယ်ဆိုတာ ဖြတ်တာ၊ အညွန့်ကလေးကို ဓားနဲ့တိလိုက်စမ်းဆိုတာမှာ ကြည့်ပါလား၊ ကျတယ်ဆိုတာက အောက်ရောက်တာပေါ့၊ တိကျတယ်ဆိုတော့ အောက်ရောက်အောင် ဖြတ်တာပေါ့၊ ဟယ်. . . ငါ့ဟာဟုတ်သေးပါဘူး၊ တိတယ်ဆိုတာက ဖြတ်တာပဲ- ကျတယ်ဆိုတာ ဟာ. . . သာပြီး. . . ကျကျနနပေါ့. . . ကျကျနနဆိုတာ စေ့စေ့စပ်စပ်ပေါ့၊ ဒီတော့ တိကျတယ်ဆိုတာ စေ့စေ့စပ်စပ်ဖြစ်တာပေါ့၊ ဟင်. . . ဒါလည်း ဟုတ်သေးပါဘူးလေ၊ ငါတော့ ဒုက္ခပါပဲ၊ တိကျတယ်ဆိုတာမှ ဘာမှန်းမသိဘဲ အဘိုးကြီးနဲ့တွေ့ရင် ဘာတွေတိကျရမှာလဲ၊ အဘိုးကြီးကို အောက်ရောက်အောင်. . . ဟယ်. . . ငါ့ကို သတ်ပစ်မှာပေါ့”

စံဝင်းမှာ စိတ်ကူးရင်း တိုးတိုးတိုးတိုးနှင့် ပြောနေလေရာ၊ ဘေးနားမှလူများမှာ စံဝင်း၏စိတ်မှာ ယနေ့အဖို့ ပိုဆိုးလာသည်ဟု ထင်ကြ၍ မျက်လုံးပြူးကြည့်

နေကြလေသည်။

ရုံးမှ ဒေါင်ကနဲခေါက်လိုက်သော လေးနာရီခွဲသံချောင်းသံကို ကြားလိုက်ရသောအခါ စံဝင်းမှာ ကြက်သီးတဖြန်းဖြန်း ထသွားရှာလေသည်။ သူ့တစ်ကိုယ်လုံး၌ ထသွားသော ကြက်သီးအရေအတွက်မှာ ငါးသန်းခြောက်သိန်း ရှစ်သောင်းလေးထောင် ငါးရာသုံးဆယ်နှင့် ခြောက်သီးဖြစ်လေ၏။ ဤအထဲတွင် ငါးသန်းနှင့်ငါးသိန်းမှာ မမျှော်လင့်ဘဲနှင့် ရုပ်ချောသော မိန်းကလေးတစ်ဦးကို သွားတွေ့ရမည်ဖြစ်သောကြောင့်ထသော ဝမ်းမြောက်မှုကြက်သီးဖြစ်၍၊ တစ်သိန်းရှစ်သောင်းနှစ်ထောင်သော ကြက်သီးတို့မှာမူ အဘိုးကြီးနှင့်တွေ့ဆုံရန် တိကျရမည်ဆိုသောအရာ၌၊ 'တိကျ'ဟူသော စကား၏အဓိပ္ပါယ် အကျယ်ဝိတ္ထာရကို မသိသဖြင့်၊ ထရသောကြက်သီးများ ဖြစ်လေသည်။ ကျန် နှစ်ထောင့်ငါးရာသုံးဆယ်နှင့်ခြောက်သီးတို့မှာကား ထို 'တိကျ' ဟူသောစကားကို စဉ်းစားနေစဉ်တွင် ရုတ်တရက် ခေါက်လိုက်သော သံချောင်းသံကြောင့် လန့်ဖျန့်သွားရသည့် သွေးရိုးသားရိုးကြက်သီးများသာ ဖြစ်လေတော့၏။

ချိုချိုထားမှာလည်း စံဝင်းနှင့်တွေ့ဆုံရခဲ့ပြီး အိမ်ပြန်လာခဲ့သည်တွင်၊ တစ်နေ့လုံး စံဝင်းအကြောင်းကို တွေးနေမိလေသည်။ ရှုံကြောင်ကြောင်ဖြစ်နေသော စံဝင်းကို သူကထပ်၍အရူးလုပ်ခဲ့သော အကြောင်းများကို တွေးတောရင်းပင် ပြန်၍ရယ်ချင်လာရာ "ခစ်ခစ်"နှင့် အသံကလေးထွက်သွားသည်တွင်၊ သူ့ရင်ခွင်ထဲမှ ကြောင်ကလေး 'သူဇာ'မှာ နားရွက်ကလေးကို ထောင်ကြည့်လိုက်မိလေသည်။

"ငါက ပုလိပ်ဖမ်းမှာကြောက်လို့ သူ့ကို ရင်းရင်းနှီးနှီးသိတဲ့ သူငယ်ချင်းလိုလုပ်လိုက်မိတာ မှားများသွားပြီလားမသိဘူး၊ သူကတော့ တကယ်လာမှာပဲထင်တယ်၊ ဒီအရူးတစ်ယောက်ကို လက်ခံစကားပြောရတာတော့ စိတ်ညစ်စရာမကောင်းပါဘူး၊ ရယ်တောင်ရယ်ရဦးမယ်၊ ဒါပေမဲ့ ဖေဖေကခက်တယ်. . . တိကျရင်ကောင်းရဲ့၊ မတိကျလို့ သူ့စိတ်သဘောနဲ့ မတွေ့ရင် ရိုက်ချလိုက်မှာကြောက်ရတယ်၊ လူကြီးကြည့်ရတာ ရူးပေါပေါပေမယ့် သဘောကောင်းပုံရတယ်၊ မျက်နှာလည်းချိုတယ်၊ သနားစရာပဲ. . ."

ချိုချိုထားသည် တွေးလက်စအတွေးကို တိကနဲဖြတ်၍ ရေချိုးရန် ပြင်ဆင်လေတော့သည်။ သူ့ရင်ခွင်ဆိုဖာပေါ်တွင် စည်းစိမ်နှင့်မှိန်းနေရာမှ၊ မာကြောသော မှန်တင်ခုံပေါ်သို့ ပြောင်းရွှေ့တင်ထားခြင်းခံလိုက်ရသော 'သူဇာ'မှာ သိ



ကြားမင်းနှင့်ကပ်၍ အချောင်ထိုင်နေရသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကြီးတင်းသွားလေသလားဟု နားရွက်ကိုထောင်လျက် ပြောင်လက်နေသော အောက်မှုကြမ်းကို မျှော်ကြည့်လိုက်မိလေသည်။

ငါးနာရီခန့်ရှိသောအခါ ခြံကျယ်ကြီးတစ်ခု၏ အပေါက်ဝသို့ စံဝင်းမှာ ယောင်ပေယောင်ပေနှင့် ရောက်လာလေတော့သည်။ သူ့ရင်ထဲမှာလည်း ရေနှင့်ပက်ခံနေရသော ဖားပြုတ်ကဲ့သို့ ခုန်ဆွခုန်ဆွ ဖြစ်နေလေ၏။ ခြံတံခါးမှာ ဟင်းလင်းဖွင့်ထားသည်ဖြစ်သောကြောင့် စွတ်စွတ်ရွတ်ရွတ်ပင် ဝင်သွားပြီး၊ အိမ်ရှေ့ဆင်ဝင်အောက်သို့ ရောက်သောအခါ လူရိပ်လူခြည်ကို ဟိုဟိုသည်သည်ကြည့်လိုက်လေသည်။

သို့သော် လူနှင့်ကူ၍ အဘိုးကြီးကိုပင် မမြင်သဖြင့်၊ 'အသံပေးဦးမှ'ပဲဟု ကြံလိုက်ပြီးမှ၊ ဘာသံပေးရမှန်းမသိသဖြင့် ကြောင်တောင်တောင် ဖြစ်နေလေသည်။ တာပို့လုလင်ယောင်ဆောင်ကာ "ဒီမှာ ခင်ဗျာ့. . တာ. . တာ"ဟု အော်ရမည်ကလည်း တော်တော်ကြာ လူထွက်လာလျှင် လက်ထဲ၌စာမရှိက ဒုက္ခရောက်ချေတော့မည်။ သူလာသည့်ကိစ္စမှာ လူကိုတွေ့ရုံတွေ့ဖို့သာမဟုတ်။ ဤအိမ်ကြီးထဲတွင် ကျင်လည်ရှေ့လျား သွားလာနေသော လူတစ်ဦးကို တတ်နိုင်လျှင် အမြတ်နိုးသူနှင့်တွဲ၍တွေ့နိုင်ရန် ဖြစ်လေသည်။ ထို့ကြောင့် ဝကျစေသော အပြုအမူမျိုးကို သူရှောင်ရှားရမည် ဖြစ်ပေ၏။

သီချင်းတစ်ပုဒ်ကို ကောက်ဆိုလိုက်ရန်ကလည်း ဘယ်သီချင်းကိုမှ အလိုက်မှန်မရ။ သီချင်းစာသားကိုမူ ရပါ၏။ အသံနေအသံထားကို မရသဖြင့် သူရေချိုးခန်းထဲတွင် သူအော်နေကြအသံဖြင့် အော်လိုက်လျှင်၊ 'ဘယ်ကောင်များအိမ်ရှေ့မှာလာထိုင်ပြီး ဘုရားရှိခိုးနေပါလိမ့်မလဲ'ဟု အိမ်သားတွေ မှတ်ထင်ကုန်ကြပေလိမ့်မည်။ ဤနည်းလည်း မဖြစ်သေး။

ချောင်းဟန့်ခြင်းသည်သာ ကောင်းပေလိမ့်မည်။ ဘယ်သူ့ကိုမှလည်း စော်ကားရာမရောက်။ လူထွက်လာလျှင်လည်း ဘာမျှပေးဖို့မလို။ ထို့ထက် ချောင်းဟန့်ခြင်းအလုပ်မှာ အသံကောင်းဖို့လည်း မလိုပေ။ ရှည်ရှည်ဟန့်ဟန့်၊ တိုတိုဟန့်ဟန့် အလိုက်ရဖို့လည်းမလို။ ချောင်းကို ငါးပေါက်နှင့် ဟန့်ရမည်။ ခြောက်ပေါက်နှင့် ဟန့်ရမည်။ ခါးပေါက် အောက်ပြန်နှင့် ဟန့်ရမည်။ ခြောက်ပေါက်ခွဲနှင့် ဟန့်ရမည်စသော ဥပဒေများကို ဝန်ကြီးဦးထွန်းဖေက မြန်မာ့ယဉ်ကျေးမှု ချောင်းဟန့်ပုံဥပဒေများ ထုတ်ထားသည် မဟုတ်သောကြောင့်၊ လွတ်လပ်စွာ ချောင်းဟန့်

နိုင်ပေသည်။ ထို့ပြင်လည်း ချောင်းဟန့်ခြင်းမှာ ဆရာလိုသည် မဟုတ်။ ကိုယ်တ
ချင်သလို ဟန့်နိုင်ပေသည်။

ထို့ကြောင့်ပင် ချောင်းဟန့်တော့မည်ဟုကြံ၍၊ ချောင်းဟန့်လိုက်
လည်ချောင်းထဲတွင် သလိပ်ရှိသည်မဟုတ်သောကြောင့်၊ ချောကနဲချောကနဲဖြ
ကာ၊ အသံမထွက်နိုင်ဘဲ ရှိလေသည်၏။ နောက်ဆုံးတွင် ကြီးမားသော ကြိုးစား
ဖြင့် ချောင်းကို ဟန့်လိုက်ရာ၊ "အာ-အဲ-အွတ်-ဟွပ် ဟွပ် ခွိ"ဟု သံစုံသွင်းချောင်း
ဟန့်ခြင်းမှာ ဖြစ်မြောက်သွားလေတော့သည်။

သို့သော် အိမ်ပေါက်ဝတွင်ကား ဘယ်သူမျှ ပေါ်မလာပေ။

"ဟယ်- နောက်တစ်ခါ ကြိုးစားရဦးတော့မှာပဲ"

တစ်ခါထပ်၍ကြိုးစားပြန်ရာ၊ သူ့ဆီက အသံမထွက်ခင်ပင်၊ အပေါ
ဝတွင် ထိပ်ပြောင်နှင့် လူဝဝကြီးတစ်ယောက် ပေါ်လာလေသည်တွင်၊ စံဝင်း
မျက်လုံးနှစ်ဖက်ကိုပြူးစေရင်း၊ နှုတ်ခမ်းလေးနှစ်ခုကို ရှေ့သို့အနည်းငယ်ထုတ်ထား
လက်စနှင့် ဆက်လက်ထုတ်ထားသော ... ာင်းကိုမူ မဟန့်တော့ဘဲ၊ အဘိုး
ကြီးကို ကြည့်နေလေသည်။

အဘိုးကြီးမှာ ပထမထွက် ... ခပ်အေးအေးပင် ဖြစ်သော
လည်း၊ စံဝင်းကို မြင်လိုက်ရသည်နှင့်ဝ. ...နက်၊ ပြူးပြူးပျာပျာ ဖြစ်သွား
ကာ. . .

"ဟဲ့- သူငယ်- သူငယ်. . ဘာဖြစ်တာလဲ"ဟု အော်ရင်း၊ သူ့အနား
ပြေးလာကာ လက်နှစ်ဘက်ကို ဆန့်တန်းပြီး စံဝင်း၏ရင်ဘတ်ကို စမ်းတော့မည်
လိုလို၊ တခေါက်ကွေးကိုပင် လက်နှစ်ဘက်နှင့် ဆွဲမ,လိုက်တော့မည်လိုလို ပြု
နေလေရာ၊ စံဝင်းမှာ အဘိုးကြီး၏ ထိပ်ပြောင်လေးကို လိုက်ကြည့်နေရာမှ၊ ဇ
ကနဲ ရင်ကို ကော့ရပ်လိုက်သည့်တွင် အဘိုးကြီးမှာလည်း ယောင်ပြီး ရင်ပြန်ကော့
ပြလိုက်မိလေ၏။

"ကျွန်တော် လာတဲ့ကိစ္စကတော့ တိတိကျကျ လာလည်တာပဲ"

အဘိုးကြီးမှာ စံဝင်းပြောလိုက်သောစကားကို စဉ်းစားနေလေ၏။

"ဘာကွ- တိတိကျကျ လာလည်တယ်- မင်းစကားကို ငါတော့ နား
လည်ဘူး၊ ဒါပေမဲ့ သူလို ငါလို လည်တယ်ဆိုရင်တော့ အထဲကိုဝင်ပြီး ထိုင်
တယ်. . ."ဟု ဆိုကာ၊ လှည့်ဝင်သွားလေရာ၊ စံဝင်းလည်း နောက်မှလိုက်ဝင်သွား
လေ၏။



ကုလားထိုင်များတွင် ထိုင်မိကြသောအခါ၊ အတန်ကြာသည့်တိုင်အောင်
...ဘိုးကြီးမှာ သူ့ကို ဘာစကားမျှမပြောဘဲ၊ သတင်းစာကိုသာ ဖတ်နေလေရာ၊
...ဝင်းမှာ ကြမ်းပိုးမကိုက်ဘဲနှင့် ရုံးတိုးရွတဖြစ်လာလေ၏။ ဧည့်ခန်းကြီးတစ်ခုလုံး
...င် လူနှစ်ယောက်တည်းရှိလေရာ၊ တစ်ယောက်က သောက်ဖက်မလုပ်ဟန်နှင့်
...ကိုသာဖတ်နေလျှင်၊ ကျန်တစ်ယောက်မှာ အဘယ်မျှ ခံရခက်ပါမည်နည်း။
...မျှ စံဝင်း ခံရခက်ပေသည်။ နောက်ဆုံးတွင် အိတ်ထဲမှ စီးကရက်တစ်လိပ်
...ထုတ်လိုက်ကာ သူကပင် စတင်၍ စကားပြောလိုက်လေသည်။

"မီးခြစ် ရှိပါသလားခင်ဗျာ"

အဘိုးကြီးသည် သတင်းစာဖတ်နေရာမှ၊ သူ့ကို ဖျတ်ကနဲ ကြည့်လိုက်
...ခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး "အင်း- ရှိတယ်" ဟုဆိုလျက် သတင်းစာ
...ဆက်လက်ဖတ်ရှုနေလေ၏။ စံဝင်းမှာ ပေးနိုး ပေးနိုးနှင့် စောင့်နေသော်လည်း၊
...ဘိုးကြီးမှာ မလှုပ်သဖြင့် သည်းမခံနိုင်တော့ဘဲ. . .

"ဦးဆီမှာ မီးခြစ်ရှိရင် ကျွန်တော့်ကို ပေးပါ"

"ဒီလို- တိတိကျကျ ပြောမှပေါ့ကွ၊ မင်းဟာက မီးခြစ်ရှိသလားဆိုတော့
...ဘယ်မှာရှိတာလဲ၊ ငါကတော့ ဆိုင်မှာရှိတယ်ဆိုတဲ့အဓိပ္ပာယ်နဲ့ ကောက်တာပေါ့
...ငါ့မီးခြစ်ဆိုတော့- ငါ့မီးခြစ်တော့ အပေါ်မှာ ကျန်ရစ်ခဲ့ပြီ"

အဘိုးကြီးလည်း စကားပြောပြီး လက်ထဲမှ ဆေးပြင်းလိပ်ကြီးကို ရှာ
...လေသည်။ စံဝင်းမှာ အဘိုးကြီး တိကျသည် ဟူသောစကားကို ရေးရေး
...သောပေါက်လာလေပြီ။

"ဦး. . . မီးတစ်တို့ပေးပါ"

"ဘာနဲ့တို့မှာလဲ"

"ဦးဆေးလိပ်နဲ့ ကျွန်တော့်ဆေးလိပ်နဲ့ ထိပ်ချင်းတို့မယ်"

"ကောင်းပြီ ရော့"

စံဝင်းလည်း အဘိုးကြီးပေးလိုက်သော ဆေးပြင်းလိပ်ကြီးကိုကိုင်ကာ၊
...ဆေးလိပ်နှင့် ထိပ်ချင်းတို့လိုက်လေ၏။ ထိသည်နှင့်တစ်ပြိုက်နက်ပင် အဘိုး
...သည် သူ့ဆေးလိပ်ကိုသူ ဖတ်ကနဲ ပြန်ယူလိုက်လေသည်။

"တော်ပြီပေါ့ကွ. . . တစ်တို့ပဲ၊ မင်းက မီးတစ်တို့ဆို- အခုဟာ တစ်တို့

စံဝင်းမှာ ပထမ၌ အံ့အားသင့်သွားသော်လည်း၊ နောက်တွင် အဘိုးကြီး

၏ 'တိတိကျကျ' ကို သဘောပေါက်သွားပြီ ဖြစ်သဖြင့်. . .

"ကျွန်တော့်ဆေးလိပ် မီးညှိသည့်တိုင်အောင် အဆက်မပြတ် တို မည်ဖြစ်တဲ့ မီးတစ်တို့ကို ကျွန်တော် ပြုအပ်ပါရစေ။ ဦးလက်ထဲက ဆေးလိပ် မီးနှင့်တကွ ကျွန်တော့်ကို ခဏပေးထားပါ" ဟု အပြည့်အစုံ ပြောလိုက်ရာ၊ အ ကြီးမှာ သည့်ထက်ပို၍တိကျရန် မရှိတော့သဖြင့် ဆေးလိပ်ကို ပေးလိုက်လေ

ဆေးလိပ်ပြန်ပေးပြီးသောအခါ အဘိုးကြီးသည် သတင်းစာကို ပေါ်တင်လိုက်ပြီးလျှင် စံဝင်းကို စကားစ,ပြောလေသည်။

"မင်း အခုလာလည်တာပဲနော်. . ."

"ဟုတ်ကဲ့"

"ဘယ်သူနဲ့ သိလို့လဲ"

"ဦးလေးသမီးနဲ့သိလို့ သူနဲ့ တွေ့ချင်လို့ပါ"

"ဩော် အချို့ကို တွေ့ချင်တယ် ဆိုပါတော့"

"အချို့ကိုသာ တွေ့ချင်တာမဟုတ်ပါဘူး၊ အပြည့်အစုံ တွေ့ချင်တာ

"ဟကောင်ရဲ့- ငါ့သမီးနာမည်က ချိုချိုထား၊ တို့က အချိုလို့ခေါ် အချို့ကို တွေ့ချင်လို့လားဆိုတာ ငါ့သမီးကို တွေ့ချင်လို့လား ဆိုတာနဲ့ အတူတူ အချို့အဝက်ကို တွေ့ချင်လို့လားလို့ဆိုတာ မဟုတ်ဘူး"

စံဝင်းမှာ အဘိုးကြီး ပြောလိုက်ကတည်းက၊ 'အချို'ဆိုသည်မှာ ချို ထားကို ရည်ညွှန်းပြောမှန်း သိသော်လည်း၊ တိကျစွာ မသိချင်ယောင်ဆောင်၍ 'အ အဝက်'ဟူသောအဓိပ္ပာယ်နှင့် ပြန်ပြောလိုက်ခြင်း ဖြစ်လေသည်။

"ဒီလိုဆိုလည်း. . . ဦးက စောစောတုန်းက ပြောရောပေါ့"

"နေဦး. . နေဦး. . . အဲဒီစောစောတုန်းကဆိုတဲ့စကားကို ဘယ်သူ ဖြတ်မှာလဲ၊ ငါဆုံးဖြတ်ရမယ်ဆိုရင်၊ လွန်ခဲ့တဲ့ ငါးရက်လောက်ကလို့ အဓိပ္ပာ ဖွင့်မယ်- ဒီတုန်းက မင်းနဲ့ငါနဲ့မှ မသိသေးတာ. . ."

"မဟုတ်ပါဘူး၊ ကျွန်တော်ဆုံးဖြတ်ပါမယ်၊ စောစောတုန်းကဆိုတဲ့ ဟာ လွန်ခဲ့တဲ့ ဦးနဲ့ကျွန်တော် စတင်တွေ့ဆုံတဲ့ အချိန်ကစပြီး အခုအချိန်အထ အတွင်းကကာလကို ဆိုလိုတာပါ"

"အေး. . . မင်းတော်တော်တိကျတယ်. . . ငါတောင် သဘောကျ လာပြီ"

"သဘောကျချင်ပြီဆိုတာနဲ့ သဘောကျပြီဆိုတာ ဒီနေရာမှာ အဓိပ္ပာ



ဆိုတယ်လို့ ကောက်ယူနိုင်လား"

"မကောက်ယူနိုင်သေးဘူး၊ နောင်ကျမှ ငါသဘောကျပြီလို့ပြောမယ်"

"ဒီ 'နောင်' ဆိုတာကို ဘယ်သူ ဆုံးဖြတ်မလဲ"

"ငါ ဆုံးဖြတ်မယ်၊ 'နောင်' ဆိုတာ မင်းကို ငါစိတ်တသဘောကျလာတဲ့ ချိန်အထိ အတောအတွင်းကာလကို ဆိုလိုတယ်"

"ကောင်းပါပြီ"

အမှန်မှာ အဘိုးကြီးမှာလည်း တစ်နည်းအားဖြင့် ရူးသလိုဖြစ်နေလေရာ၊ ကြောင်ကြောင်ဖြစ်နေသော စံဝင်းနှင့် အံကိုက်ဖြစ်နေလေတော့သည်။

ထိုခဏ၌၊ ရေမိုးချိုးပြီး၍ အဝတ်အစားလဲကာ၊ ဧည့်ခန်းထဲသို့ရောက် လာသော ချိုချိုထားမှာ ဧည့်ခန်း၌ ရန်ဖြစ်သံ ကြီးကြီးကျယ်ကျယ်မကြားရဘဲ တော်ကျကျရှိနေသော စံဝင်းကိုတွေ့ရသဖြင့် ဖိုးအားသင့်သွားကာ နေရောင် တွေ့သော ပဒုမ္မာကြာနီပန်းကလေးကဲ့သို့ သွေးရတ်ခမ်းရဲကလေးမှာ ဖတ်ကနဲပွင့် သွားလေတော့သည်။ စံဝင်းမှာလည်း မှန်နိုင်လွန်လက်ဖြတ်ကိုကျော်လွန်၍ လှလွန်းလှသော ဘော်လီမှာများကို ငေးစိုက်ကြည့်ရင်း၊ တစ်ချက်ပြုံးလိုက်လေ ၏ ဤတွင်မှ ချိုချိုထားမှာလည်း ရင်ထဲတွင် ခုန်သလိုလို၊ ပေါက်သလိုလိုဖြစ် သွားပြီး သူ့ကိုယ်သူ (မလုံသည်ကို) မလုံသလိုပြန်ကြည့်ရင်း၊ ကုလားထိုင်တွင် ထိုင်လိုက်ကာ၊ စံဝင်း၏ မျက်မြင်ပြတ်စေရန် ရည်ရွယ်ပြောလိုက်လေသည်။

"ရောက်နေတာ တော်တော်ကြာပြီလား"

"ဟုတ်ကဲ့ တော်တော်ကြာပါပြီ" ဟု စံဝင်းက ပြန်ဖြေပြီး၊ အဘိုးကြီးဘက် ကြည့်လိုက်ရာ၊ အဘိုးကြီးမှာ ခေါင်းထောင်ထလာသည်ကို တွေ့ရသဖြင့်၊ သတိရ ပြီး. . .

"ဟုတ်ကဲ့- တော်တော်ကြာပါပြီ၊ ဒီတော်တော်ဟာ ကျွန်တော် ဆုံးဖြတ် ခွင့် ရှိတယ်၊ တော်တော်ဆိုတာဟာ လွန်ခဲ့တဲ့ ဆယ့်ငါးမိနစ်လို့ ကျွန်တော် တစ်ယောက်တည်း ယူဆဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ကာလကို ဆိုလိုပါတယ်. . ." ဟု ဆက်ပြောလိုက်မှ၊ အဘိုးကြီးလည်း ငြိမ်ကျသွားလေတော့သည်။

စံဝင်း၏စကားကို ကြားရသောအခါ ချိုချိုထားမှာ သူ့အဖေ၏ 'တိကျမှု' ကို စံဝင်း ရရှိသွားပြီဟု သိရှိလိုက်ကာ၊ အကြောင်းမဲ့ ဝမ်းသာသလိုလို ဖြစ်သွားလေ သည်။

"မနက်က ကားတံခါးနဲ့ ဆောင့်မိတာကို စိတ်မဆိုးပါနဲ့နော် ကိုဟာဝ့်"

"ဟုတ်ကဲ့- ကိစ္စမရှိပါဘူး"

ဤတွင် အဘိုးကြီးမှာ တစ်ဖန် ခေါင်းထောင်ထလာပြန်လေ၏။

"မင့်နာမည်က. . ."

"သူ့စကားမဆုံးမီပင် စံဝင်းက ဖြတ်ပြောလိုက်လေ၏။

"စံဝင်းပါ၊ တစ်ချို့က ဟဟာလို့လည်းခေါ်တယ်၊ ခေါ်ချင်သလို ခေါ် ပါတယ်"

ဤသို့ စံဝင်းက ပိတ်ပြောလိုက်ပြန်ရာ၊ အဘိုးကြီးမှာ တစ်ချီနောက်ကော ကျသွားပြီး၊ ကုလားထိုင်နောက်မှီသို့ ပစ်ကျသွားပြန်လေ၏။

"ကိုစံဝင်း. . . မြူးစစ်ကော တော်တော်ဝါသနာပါသလား"

"ဟုတ်ကဲ့. . . ကျွန်တော် အတီး၊ အမှုတ်၊ အဆို၊ အက လေးမျိုး ရပါတယ်၊ အတီးဘက်က လက်ခုပ်တီးတတ်တယ်၊ အမှုတ်ဘက်ဆိုရင် မီးမှုတ်တယ်၊ အဆိုက မွေစကြာပေ့ါ၊ အက,ကတော့ ချဉ်မိုင်မိုင်ကတတ်တယ် ဟဲ-ဟဲ-"

စံဝင်းမှာ ခပ်ရွှန်းရွှန်းကလေးပြောလိုက်ရာ၊ ချိုချိုထားကလည်း ဖြ သော်လည်း ဘယ်လိုမှ ပုလဲလုံးကလေးများနှင့်မတူသော သွားကလေးမျာ ပေါ်အောင်ပြုံးလိုက်စဉ်၊ အဘိုးကြီး ခေါင်းထောင်ထလာပြန်လေရာ၊ စံဝင်း ရယ်နေရာမှ မျက်လုံးပြူးသွားပြန်လေ၏။

"ဟော့-ဒါဖြင့် မင်း ပန်တျာကျောင်း သွားတက်ပါလား"

"အဲဒီ ပန်တျာတစ်ရာဆိုတဲ့ စကားထဲက တစ်ရာဆိုတာကို ဘယ်သူဆုံးဖြ မလဲ. . . ငါးရာ့ငါးဆယ်ကို မပြည့်ပေမယ့် အနီးလိုက်ပြီး ငါးရာ့ငါးဆယ်ခေါ်သ ပန်ပေါင်းတစ်ရာမပြည့်ပေမယ့် တစ်ရာလို့ခေါ်ထားသလား ဘယ်သူဆုံးဖြတ် ခွင့်ရှိသလဲ"

"ဟ- အဲဒီပန်တျာဆိုတာဟာ စကားတစ်လုံးတည်းကွ၊ ပန်ကသပ်သ တစ်ရာကသပ်သပ် မဟုတ်ဘူး-ဒါကြောင့် ဘယ်ခွေးသားမှ ဆုံးဖြတ်ပိုင်ခွင့် ဘူး"

"ဒါပေမဲ့-ကျွန်တော်က လူသားပါ၊ ဒီတော့ ဆုံးဖြတ်ပိုင်ခွင့် ရှိပါ မယ်"

"ဒီနေရာမှာ ငါပြောလိုက်တဲ့ ခွေးသားဆိုတဲ့စကားထဲမှာ သက်ရှိသ မှန်သမျှ အကျုံးဝင်စေရမယ်"



"ကောင်းပါပြီခင်ဗျာ၊ ဦးလည်း အကျုံးဝင်မှာပေါ့နော်"

"အေးပါ- ငါလည်း ဒီနေရာမှာ ခွေးသားပါပဲ၊ တော်တော်တိကျတဲ့ အကောင်"

အဘိုးကြီး၏မှတ်ချက်ကို ကြားရသောအခါ၊ ချိုချိုထားမှာ သူ့အဖေ အရှုံးပေးရမည့်လူတစ်ယောက်ကို တွေ့ရပြီဖြစ်သဖြင့် ပြုံးမိလေ၏။

ချိုချိုထား ပြုံး၏။ စံဝင်း ပြုံး၏။ သို့သော် အဘိုးကြီး ရှုံ့နေသည်။

ချိုချိုထားသည် စံဝင်းကို စစ်နိုင်သော စစ်သူကြီးကဲ့သို့ တွေးထင်နေ၏။ စံဝင်းမှာ ချိုချိုထားနှင့် နီးအောင်ကြံရင်း သေနင်္ဗျူဟာကို တွေးနေ၏။ အဘိုးကြီး မှာ နောက်တစ်ချီ စံဝင်းကို အလဲထိုးရန် ကြံစည်နေလေသည်။

ဤသို့ အသီးသီး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြစဉ်၊ 'ခွေးရှူး. . ခွေးရူး. . . ခြံထဲဝင်လာပြီ" ဟု ခြံထဲမှ အော်လိုက်သော ဒရိုင်ဘာကြီး၏အသံကို ကြားလိုက်ရသည်တွင်၊ အဘိုးကြီးမှာ သူ့ခွေးလေးကို ကိုက်တော့မည်ဟု ခွေး ကလေးကိုချစ်သော သံယောဇဉ်ကြောင့် ဘာမျှပြောမနေတော့ဘဲ၊ ခြံထဲသို့ ဆင်း ပြေးလေ၏။ စံဝင်းမှာ နီးရာပြတင်းပေါက်မှရပ်၍ ခြံထဲသို့ ကြည့်နေစဉ်ပင်၊ ချိုချိုထားမှာ အဘိုးကြီး၏ နှစ်လုံးပြူးသေနတ်ကြီးကိုယူပြီး၊ စံဝင်းနားမှာ လာရပ် နေလေ၏။ ပြတင်းပေါက်မှ စံဖင်းက ပိတ်ရပ်ထားသည်ဖြစ်၍၊ ချိုချိုထားမှာ တိုးဝှေ့လာရပ်သည်ဖြစ်ရာ၊ ချိုချိုထား၏ ခွေးရူးကိုကြောက်၍၊ တဒိတ်ဒိတ်နှင့် ကြွချည်နိမ့်ချည် ဖြစ်နေသော ရင်အုံမှာ စံဝင်း၏ကျောကို တိုးလိုက်ရှောင်လိုက်နှင့် ဖြစ်နေလေတော့သည်။

ခြံထဲတွင် အဘိုးကြီးသည် ခွေးရူးကို ဟိုကြည့်သည်ကြည့်နှင့် ရှာဖွေနေ စဉ်တွင် ပန်းရုံတစ်ရုံနောက်မှ ခွေးရူးသည် 'ရှူး'ကနဲထွက်လာ၍၊ အဘိုးကြီးတည့် တည့်သို့ ဖွတ်ပြေးလာလေရာ၊ အဘိုးကြီးမှာ မျက်လုံးပြူးလာပြီးလျှင်၊ စံဝင်းရပ်နေ သော ပြတင်းပေါက်နားရှိ ပန်းရုံနောက်ဖက်သို့ဝင်၍ ဝပ်နေလေ၏။ စံဝင်းနှင့် ပန်းရုံကြားတွင် အဘိုးကြီးဝပ်လျက်ရှိသည်။ အဘိုးကြီးနှင့် ခွေးရူးကြားတွင် ပန်းရုံ ရှိသည်။ ပန်းရုံနှင့် နောက်မှဓားနှင့်လိုက်လာသော ဒရိုင်ဘာကြီးကြားတွင် ခွေးရှူး ရှိလေသည်။

အဘိုးကြီးမှာ ဝပ်နေရာမှ အသံကုန်ဟစ်လိုက်လေသည်။

"သေနတ်နဲ့ပစ်ပါဟ. . . သေနတ်နဲ့ပစ်ပါ. . ."

အဘိုးကြီး၏အော်သံကိုကြားမှ၊ စံဝင်းလည်း အသက်ဝင်လာသလို ချို

ချိုထား၏လက်ထဲမှ သေနတ်ကြီးကို ဆွဲယူလိုက်ရာ၊ အရှိန်လွန်၍ အဘိုးကြီး၏ ထိပ်ပေါ်ကို သေနတ်ကြီးလွတ်ကျသွားလေရာ၊ အဘိုးကြီးမှာ "အောင်မယ်လေးဗျ" ဟု ငယ်သံပါအောင် အော်လိုက်လေ၏။ အဘိုးကြီး၏အော်သံကြောင့် ခွေးရူးမှာ လန့်၍ နောက်သို့ ခုန်လိုက်ရာတွင် နောက်မှလိုက်လာသော ဒရိုင်ဘာကြီး၏ဓား ချက် မိသွားလေတော့သည်။

အဘိုးကြီးသည် ထိပ်ပေါက်သောဒဏ်ရာဖြင့် အခန်းထဲသို့ ပြန်ရောက် လာလေ၏။ ဒရိုင်ဘာကြီးလည်း သွေးစက်လက်ဖြစ်နေသောဓားကြီးနှင့် လိုက်လာ လေသည်။ စံဝင်းမှာ အဘိုးကြီးကိုကြည့်ရင်း၊ အလွန်အမင်းအားနာကာ၊ ရင်ထဲ တွင် တဒိတ်ဒိတ်နှင့် "ချိုချိုထားလေးနင့်ပေးရပြီ"ဟု တွေးနေလေ၏။ ချိုချိုထားမှာ နှုတ်ခမ်းကလေးများ 'တဆတ်ဆတ်'တုန်လာပြီးလျှင်၊ အလွန်အမင်းဒေါပွဟန်နှင့် စံဝင်းကို မီးပွင့်တော့မတတ် မျက်လုံးများဖြင့် စိုက်ကြည့်ရင်း. . .

"ရှင် ဒါလောက်မှ အသုံးမကျဘူးလား-ဟင်- မနက်က ချိုက မတော် တဆ တံခါးနဲ့တိုက်မိတာကို လက်စားချေတဲ့သဘောနဲ့ ပြန်လုပ်တာပေါ့လေ. . . ဟုတ်လား. . . ယောက်ျားပီပီ သတ္တိရှိရင် ချို့ကို ပြန်လက်စားချေပါလား. . . ဘာ ဖြစ်လို့ အပြစ်မရှိတဲ့ ဖေဖေ့ကို လုပ်တာလဲ-"ဟု ဒေါပွစွာဖြင့် ရန်တွေ့လိုက်လေ ၏။

စံဝင်းမှာ ရင်ထဲတွင် စို့တို့တို့ကြီးဖြစ်ကာ တံတွေးကို အနိုင်နိုင်မျို၍. . "ဒီမှာချိုချိုထား. . . ကျွန်တော် ပြောပါရစေ. . . တမင်လုပ်တာ မဟုတ်ပါဘူး" ဟု ပြောနေစဉ်ပင်၊ ချိုချိုထားသည် နားကိုပိတ်လိုက်၍ "တော်. . တော် မကြား ချင်ဘူး၊ ချို သိတယ်. . . ရှင့်ကြည့်ရတာကိုက ရူးပေါပေါနဲ့၊ ချို့ကို အသိဖွဲ့ ချင်လို့များ လာလည်သလားမှတ်တယ်. . . လက်စသတ်တော့ လက်စားချေချင် လို့ကိုး. . . အခု လက်စားချေရပြီမဟုတ်လား. . . သွားတော့လေ ဘာရပ်လုပ် နေတာလဲ"ဟု ခါးခါးသီးသီး ပြောချလိုက်လေရာ၊ စံဝင်းမှာ ဘာတစ်ခွန်းမှ ပြန် မပြောနိုင်ဘဲ၊ ဝမ်းနည်းစွာနှင့်ပင် ခေါင်းကလေးငုံ့၍ ပြန်ရန်ခြေလှမ်းပြင်လိုက် လေ၏။

ဤတွင် ဒရိုင်ဘာကြီးက ပတ်တီးစည်းပေး၍ ခေါင်းပေါင်းအဖြူကြီးနှင့် ဖြစ်နေသော အဘိုးကြီးက အနားတပ်လာကာ. . .

"ဟဲ့. . . အချို. . . ဘာလို့ နှင်လွှတ်ရတာလဲ. . . ဒီသူငယ်လောက် တိကျတဲ့သူငယ် ငါမတွေ့ဖူးသေးဘူး ငါသိပ်သဘောကျတယ်. . နောက်ကိုလည်း



အိမ်ကိုဝင်ထွက်ပေစေ၊ အဲဒီ 'နောက်' ဆိုတဲ့စကားက အခုအချိန်ကစပြီး ငါရော ငါ့သမီးရော သေသည့်အချိန်အထိ ဆိုလိုတယ်. . . "ဟု ပြောလိုက်ရာ၊ ချိုချိုထား သည် သူ့အဖေကို ဇတ်ကန်မော့ကြည့်ပြီး. . .

"ဘာတိကျရမှာလဲ. . . သူက ဘာကိုတိတိကျကျလုပ်လို့လဲ"

"ဘယ့်နှယ် တိတိကျကျမလုပ်ရမှာလဲကွဲ့- သမီးရဲ့၊ ငါအမိန့်ပေးက တည်းက သေနတ်နဲ့ပစ်လို့သာပါတယ်၊ ခွေးရူးကို သေနတ်ထဲကကျည်ဆံထွက်ပြီး ထိမှန်အောင်ပစ်လို့မှ အမိန့်ပေးတာမဟုတ်ဘဲ၊ အခု သူလည်း သေနတ်နဲ့ပစ်တာ ပဲ မဟုတ်လား၊ သေနတ်ကြီးနဲ့ ငါ့ကိုပစ်တယ်လေ၊ ငါ့အမိန့်အတိုင်း သူတိတိ ကျကျလုပ်တာပဲ၊ ဟော. . . သူ ငါ့ကို သေနတ်နဲ့ပစ်လို့ ခွေးရူးဟာ နောက်ကိုခုန် ဆုတ်လိုက်တယ်"

ဤတွင် ဒရိုင်ဘာကြီးကဝင်၍ ဖြည့်ပေးလိုက်လေသည်။

"ခွေးရူးက နောက်ကိုခုန်ဆုတ်လိုက်လို့ ကျွန်တော် ဓားနဲ့ခုတ်လို့ရတာ ပေါ့"

ဤသို့ဖြင့် စံဝင်းကို အဘိုးကြီးကိုယ်တိုင် တရားသေလွှတ်လိုက်လေ သည်။ လွှတ်ပစ်ရုံမျှမက၊ အိမ်သို့ဝင်ထွက်စေဟူသော အမိန့်ကိုပင် ထုတ်ပေး လိုက်ပြီဖြစ်သဖြင့်၊ စံဝင်းမှာ ဝမ်းမြောက်ကြည်နူးစွာ အိမ်သို့ပြန်လာခဲ့လေ၏။

အိမ်ရောက်သည်နှင့်တစ်ပြိုက်နက် "ကျွန်တော်အဲလွန်ပျော်တာ. . . အား"ဟု ခတ်ပြားလည်နေစဉ် ခတ်ပြားပိတ်လိုက်သလို ဖြစ်သွားလေ၏။ အ ဘယ်ကြောင့်ဆိုသော် သူ့အဖေသည် သူ့လက်မောင်းကို လာဆွဲလိုက်သောကြောင့် ပင် ဖြစ်လေသည်။

"ဘာလဲ-ဖားသား"

"ခွေးသား- နူးတုန်းပဲ၊ မင့်ရာဇသံအတိုင်း နှစ်ဆယ့်လေးနာရီအတွင်း ငါလုပ်ဆောင်မယ်၊ မင်းကို ငါ မိန်းမပေးစားတော့မယ်"

စံဝင်းမှာ လည်ပင်းကို တက်နင်းခံရသော ကြွက်စုတ်ကဲ့သို့ မျက်လုံးက လေးများ ပြူးသွားရာလေတော့သည်။ ရာဇသံပေးစဉ်ကမူ လက်ရှိတစ်ယောက်မှ မရှိသည်ကတစ်ကြောင်း၊ သူ့အဘသာသူ မစွံတော့ဘူးလို့ ယူဆထားသည်ကတစ် ကြောင်းကြောင့်သာ ပေးလိုက်ရခြင်းဖြစ်သော်လည်း၊ ယခုအခါမူ ချစ်အာရုံ တက်၍ ချစ်ရောင်ပြေးကလေးများ လက်လာပြီဖြစ်သောကြောင့် သူ့အဖေပေး စားသောမိန်းမကို မယူလိုတော့ပေ။

"မပေးစားပါနဲ့ ဖေဖေရယ်"

"အောင်မာ- ဘာရမလဲ၊ ငါ့မှာ တစ်နေ့လုံး ခေါင်းရှုပ်ခံပြီး စဉ်းစားလာခဲ့ရတာ၊ ပေးစားမှာပဲ"

"ဘယ်သူနဲ့လဲ ဖေဖေရယ်. . ."

"မင်း ဒါလောက်တောင် မိန်းမယူချင်လှတာဆိုပြီး- ငါနဲ့ စကားပြောမတည့်လွန်းလို့ အနှစ်နှစ်ဆယ်ကျော် သွားမလည်ဘဲထားတဲ့ ငါ့မိတ်ဆွေတစ်ယောက်ကို သတိရတယ်၊ သူ့မှာ သမီးကလေးတစ်ယောက် ရှိတယ်တဲ့၊ အစတုန်းက သူနဲ့ ငါနဲ့ သိပ်ခင်တာမို့ ငါသွားပြောရင် ချက်ချင်းပေးစားမှာပဲ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်. . ."

"ဘာလဲ ဖေဖေ"

"မင်းက နည်းနည်းတိကျဖို့တော့ လိုတယ်"

စံဝင်း နားလည်ပါပြီ။ နားလည်၍လည်း ထခုန်မိလေတော့၏။

"နိုတ်ဟ. . . နိုတ်ဟ. . . သူ့သမီးက ချိုချိုထားမဟုတ်လား"

"အေး. . . ဟုတ်တယ်- မင်းဘယ့်နှယ်သိသလဲ"

"ဟဲ-ဟဲ တိကျတာလေ"

□

အောက်ပါ မင်္ဂလာဦးည၏ ချစ်တင်းနှောသံကိုကြားရလျှင်၊ စာရှုသူမိတ်ဆွေတို့သည် အံ့လည်းဩတော့မည်မဟုတ်။ ရယ်လည်းရယ်ချင်တော့မည်မဟုတ်ဟု ကျွန်တော်ထင်မိသည်။

"ချိုချိုရေ"

"မောင်"

"ချို့ကိုလေ မောင်သိပ်ချစ်တာပဲ၊ အဲဒီ 'သိပ်'ဆိုတဲ့စကားကို မောင်ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ ဒီနေရာမှာ 'သိပ်' ဆိုတာ လောကအတိုင်းအတာအားဖြင့် တိုင်းတာချိန်စက်လို့မရတဲ့ အင်ဖင်းနတီးလို့ သုံးဆောင်းဘာသာနဲ့ခေါ်တဲ့ အတိုင်းအတာကို ဆိုလိုတာပဲ"

"တော်ပါ- ချိုမုန်းလွန်းလို့"

"တော်ပါဆိုတော့- ဘယ်အချိန်အထိ တော်ရမလဲ၊ ဘယ်သူဆုံးဖြတ်



မလဲ"

"ချိုဆုံးဖြတ်မယ်- မောင်ရော၊ ချိုရော သေတဲ့အထိ တော်ရမယ်"

"ကောင်းပါပြီဗျာ"

"မောင်ရယ်- ချိုတို့ဖူးစာဟာ တော်တော်ထူးဆန်းတယ်နော်"

"အဲဒီ တော်တော်ဆိုတာ ဘယ်သူဆုံးဖြတ်မလဲ"

"ဟော လာပြန်ပြီ- အခုနကတော့ တော်ပြီဆို"

"အခုနက တော်ပြီဆိုတာက 'သိပ်'ဆိုတဲ့စကားနဲ့ပတ်သက်ပြီး ပြောတာပဲ၊ အခုဟာက 'တော်တော်'ဆိုတဲ့စကားပဲ-ဘာမှမဆိုင်ဘူး"

ချို စိတ်ကောက်သွားပေပြီ။ ဘာမျှပြန်မပြောတော့ဘဲ ဆောင့်ကြီးအောင့်ကြီးနှင့် တစ်ဘက်သို့လှည့်သွားသည်တွင်၊ အိပ်ချင်ယောင်ဆောင်နေရာမှ မအောင့်နိုင်တော့သော အဘိုးကြီး၏အော်သံ ထွက်ပေါ်လာလေတော့၏။

"ဟဲ့-အချိုရယ်- ဒီကောင်တိကျတာ- တိကျပါစေကွယ်- စိတ်မဆိုးစမ်းပါနဲ့ ငါသဘောကျလွန်းလို့ပါ. . ."

နောက်ဆုံးတွင် ချိုချိုထားပဲ အရှုံးပေးရတော့သတည်း။ ။

သွေးသောက်၊ (၁၉၅၂) ခု၊
ဒီဇင်ဘာလ၊ အမှတ် (၈၃)။

□ □ □

## မဆူနဲ့

"အဖေ. . . ဒါဘာလုပ်တာလဲ"

လည်ရာမှပြန်လာသော ပန်းချီဆရာ ဘလုံလတ်သည် မိမိတို့၏ တစ်ထပ် အိမ်ကလေးကို အလယ်မှထရံကာနေသော ဖခင်ဦးစံရွှေကိုမေးလိုက်ရာ၊ ဦးစံရွှေက မျက်မှန်ပေါ်မှ ကျော်ကြည့်လိုက်ပြီး. . .

"အိမ်ငှားမလို့လေ. . . တစ်လငါးဆယ်ရမယ်ကွ၊ သထုံနယ်ဘက်က ပြောင်းလာတဲ့ လယ်ပိုင်ရှင် သားအမိတစ်စုကို. . ."

ဘလုံလတ်မှာ မျက်နှာရှုံ့မဲ့သွားလေတော့သည်။ သူသည် အလွန်အေးအေးချမ်းချမ်းနေရမှ ပုံကောင်းကောင်းဆွဲနိုင်သော ပန်းချီဆရာတစ်ယောက်ဖြစ်၍၊ ယခုကဲ့သို့ တစ်ဘက်အခန်းပြု၍ ငှားမည်ဆိုလျှင်၊ ဆူဆူညံညံ ဖြစ်လာကမိမိ အလုပ်ကို သေသေချာချာ အနှောင့်အယှက်ပေးတော့မည်ကို တွေးမိသဖြင့်၊ စိတ် ရှုပ်သွားခြင်းဖြစ်လေသည်။

"ဟာ. . . အဖေကလည်း. . . ငွေလေး-ငါးဆယ်နဲ့. . . ကျွန်တော့်အလုပ်တော့ ပျက်ရတော့မှာပဲ"

အဘိုးကြီးသည် လက်ထဲမှတူကို ချထားလိုက်ပြီး. . . မျက်မှန်ကို ဖြုတ်



လိုက်ကာ. . .

"မင်း. . . ပန်းချီဆွဲတဲ့အလုပ်နဲ့ ခုခေတ်ဈေးကြီးပုံနဲ့ မကိုက်ဘူးကွ. . . တစ်လနဲ့တစ်လ အလျှင်မှီအောင်ဟာ. . . တစ်ဖက်တစ်လမ်းက ဝင်ငွေရမှပေါ့ နို့မို့ရင် ကြာကြာဆိုင်ငတ်ကြရမယ်"

ဘလုံလတ်မှာ ဘာမှပြန်မပြောနိုင်သဖြင့် သက်ပြင်းတစ်ချက်ချလိုက်ပြီး ပုံဆွဲစားပွဲတွင် ဝင်ထိုင်လိုက်လေသည်။ သို့သော် အဘိုးကြီး၏တူထုသံကြောင့် ပုံဆွဲ၍မရသဖြင့် သူငယ်ချင်းအိမ်သို့ လျှောက်လည်ရန် ထွက်သွားလေ၏။

နေ့ခင်းဘက်-ရောက်သောအခါ တစ်ဘက်ခန်းသို့ မြေပိုင်ရှင် ဦးတိုးအောင်- ဒေါ်စိမ်းနှင့် တစ်ဦးတည်းသောသမီးကလေး လှလှတို့ ရောက်လာကြလေ၏။ လှလှမှာ နည်းနည်းမှ မပြောင်းလာလိုသော်လည်း၊ ပျော်ရာမနေရ-တော်ရာ နေရသောခေတ်ကြီးကြောင့်၊ အောင့်သက်သက်နှင့် လာနေရခြင်းဖြစ်လေသည်။

ညနေဘက်ရောက်သောအခါ၊ ဘလုံလတ်မှာ သူငယ်ချင်းအိမ်မှပင် ထမင်းစားခဲ့ပြီး အိမ်ပြန်လာလေရာ၊ အိမ်ဝင်းဝ-ရောက်သည်တွင် တထိတ်ထိတ် နှင့်-ဒိုတ်ဒိတ် ရင်မှာခုန်သွားလေ၏။ သူ့ပုံဆွဲရာတွင် ဓါတ်ကြည်လင်စေရန်၊ အနံ (၁၅) ပေ၊ အလျား (၂၀) ခန့်ရှိသော အိမ်ရှေ့ခြံကလေးထဲတွင် လှပစွာစိုက်ပျိုးထားသည့်၊ ပန်းကလေးများကို အမည်မသိ မိန်းကလေးတစ်ယောက်က ပိုင်နိုးပိုင်နင်း ခူးခြွေနေသည်ကို တွေ့ရလေ၏။

ထို့ကြောင့်ပင်- အကြီးအကျယ် ဒေါပွသွားကာ- လှလှနောက်သို့ ဖြည်းညှင်းစွာချဉ်းကပ်သွားပြီး- ခါးကိုထောက်၍ စကားတစ်ခွန်းမျှမပြောနိုင်ဘဲ တောက်ပြောင်သော မျက်လုံးကြီးများဖြင့် ကြည့်နေလေ၏။

လှလှမှာ သီချင်းကလေးညည်းရင်း ပန်းခူးပြီးသောအခါ တစ်ပွင့်ကို ခေါင်းတွင်ပန်လိုက်ပြီးနောက်၊ ပန်းစည်းကိုကိုင်ကာ နောက်သို့လှည့်လိုက်သည်တွင်၊ နောက်မှရပ်နေသော- ဘလုံလတ်ကို ဆောင့်တိုးမိလေသည်။ ဘလုံလတ်မှာ အနုပညာသည်ပီပီ ပိန်သေးသေးနုနုကလေးဖြစ်၍၊ ခေတ်ဆန်သူလှလှမှာ၊ တောင့်တင်းသောကိုယ်ကာယနှင့်ဖြစ်ရကား၊ ဘလုံလတ်ခမျာမှာ၊ မြေကြီးပေါ်သို့ ဖင်ထိုင်ကျသွားလေ၏။ တစ်ချိန်တည်းပင် လှလှမှာ လန့်သွား၍ "ဘုရားရေ. . ."ဟု မတိုးမကျယ် ယောင်မိလေသည်။

ဘလုံလတ်မှာ ဒေါပွပွနှင့် ပြန်ထလာပြီး. . .

"မင်းကလည်း ဝင်တိုးသေးတယ်. . . မင်းကလည်း အော်ရသေးသလား

တင်. . . လူတစ်ယောက်လုံး ဝင်တိုးရအောင် မင်းက ကြောင်တောင်ကန်းလား. . ."

လုလုမှာ ဇိုးဇိုးဇတ်ဇတ် မိန်းကလေးတစ်ယောက် ဖြစ်သဖြင့်၊ ကက်တက်လန်အောင် ပြန်လှန်ရန်တွေ့လေသည်။

"သူခိုးလို နောက်ကတိတ်တိတ်ကလေး ရပ်နေတဲ့လူကိုတွေ့ရအောင် လူ့ရဲ့နောက်စေ့မှာ မျက်စေ့မရှိဘူး. . ."

"မင်းဘယ်သူလဲ"

"ဟာ. . . ဟာ. . . ဒါက လူ့ကမေးရမယ့်စကားပါ- ရှင်က ဘယ်သူလဲ၊ ဘယ်သူ့တွေ့ချင်လို့လဲ"

အိမ်ရှင်၏ပန်းများကိုလည်း ပိုင်စိုးပိုင်နင်းလည်းခူးသေး၊ အိမ်ရှင်ကိုလည်း ဘယ်သူလဲမေးသေးသဖြင့်၊ ဘလုံလတ်မှာ မျက်လုံးပြူးသွားလေ၏။ နောက်မှ အဖြေထွက်ပေါ်လာလေသည်။

"ငါ. . . ဘလုံလတ်"

"ဘယ်ကရခိုင်လဲ"

"ရခိုင်မဟုတ်ဘူး. . . ဗမာ"

"နာမည်သုံးလုံးတောင်ပါကလား"

"ဒါက ပန်းချီဆရာ ဘလုံကြီး. . . ဘလုံလေး. . . ရှိတယ်၊ ငါက ဘလုံလတ်"

ဤသို့ဘလုံလတ်ကပြောလိုက်မှ လုလုတွင် အဘိုးကြီး၌ သားပန်းချီဆရာတစ်ယောက်ရှိ၍ သူ့သားမှာ ဘလုံဖြစ်ကြောင်းကို သတိရလာမိကာ စောစောက အော်မိသည်ကို အားတုံ့အားနာကြီး ဖြစ်သွားသဖြင့် စကားကိုလျှော့ချလိုက်ရလေ၏။

"ဩော်. . . ရှင်က ကိုဘလုံလတ်လား"

ဘလုံလတ်မှာ- မိမိဘလုံလတ်ပါဟုဆိုမှ 'ဘလုံလတ်လား' ဟု အမေးခံရသဖြင့် ဒေါပွသွားကာ. . .

"ဟင့်အင်း. . . ငါ ဘလုံလတ် မဟုတ်ဘူး၊ သိကြားမင်းကိုမာဃလေ"

"ဟင်. . . နို့- ခုနက ကိုဘလုံလတ်ဆို"

ဘုပြောနေ၍မှ ဘုပြောမှန်းမသိသော လုလု၏စကားကြောင့် ဘလုံလတ်မှာ ဒုတိယမွှိအောင့်သက်သက် ဖြစ်သွားပြန်ကာ. . . သက်ပြင်းကိုချလိုက်



ပြီး. . .

"ဟုတ်ပါတယ်ဗျ. . . ဟုတ်ပါတယ်"

"ဘာဟုတ်တာလဲ. . . ကိုဘလုံလတ်လား၊ ကိုမာဃလား"

"ဘလုံလတ်"

"ဟင်. . . ခုနက ကိုမာဃဆို"

ဘလုံလတ်မှာ ဤတစ်ကြိမ်တွင်မူ ဘယ်လိုမှသည်းညည်းမခံနိုင်တော့ဘဲ လုလု၏ပခုံးနှစ်ဘက်ကို နာနာဆောင့်လိုက်မိလေရာ- လုလုမှာလည်း ဒေါသထွက်လာ၍. . . သူ့ရင်ဘတ်ကို. . . လက်နှင့်တွန်းလိုက်ရာ- ဘလုံလတ်မှာ မြေကြီးပေါ်၌ လိမ့်နေပြန်ရရှာလေ၏။

လုလုလည်း ဒေါကြီးမောကြီးနှင့် ဆောင့်ဆောင့်အောင့်အောင့် ထွက်သွားပြန်လေရာ- ဘလုံလတ်မှာ အခဲမကြေသေးသဖြင့် မိုးရာ-ဖြစ်သော လုလု၏ခြေထောက်ကို လှမ်းဆွဲလိုက်ရာတွင် လုလုမှာ အရှိန်လွန်၍ မြေကြီးပေါ်သို့ လေးဘက်ထောက်ကြီး ကျသွားလေ၏။ နောက်မှသတိရလာကာ ခြေထောက်ကိုဆောင့်ရုန်းလိုက်ရာ၊ ဘလုံလတ်၏ခေါင်းကို ကန်မိသဖြင့် လွတ်ထွက်သွားပြီး- အိမ်ပေါ် ပြေးတက်သွားကာ သူ့မိဘများကို ငိုတိုင်လေ၏။

တစ်ခဏချင်းတွင် မြေကြီးပေါ်မှ မတ်တတ်ရပ်သော ဘလုံလတ်အနားသို့ ဦးတိုးအောင်နှင့် ဒေါ်စိမ်းတို့ ရောက်လာကြလေ၏။ ထိုအတွင်း ဦးစံရွှေလည်း နောက်မှထွက်လာလေရာ သူ့သားကို တွေ့သဖြင့်. . .

"ဟင်. . . ငါ့သား ပြန်လာပြီလား"

ဟု- မေးလိုက်သဖြင့် ဒေါကြီးနေသော ဦးတိုးအောင်နှင့် ဒေါ်စိမ်းတို့မှာ ရုတ်တရက်နဲ ဦးစံရွှေကို လှည့်ကြည့်လိုက်ကြပြီး ဦးတိုးအောင်က အံ့ဩစွာဖြင့်. . .

"နေပါဦး ဦးစံရွှေရဲ့. . . ဒီ ပေပေရေရေအကောင်က ခင်ဗျားသားလား"

ဦးစံရွှေမှာလည်း မြေကြီးများဖြင့် ပေရေညစ်ပတ်နေသော ဘလုံလတ်ကိုကြည့်လျက်. . .

"ကျွန်တော့်သားလေ၊ ဘယ်က မြက်မရှိတဲ့မြေမှာ သွားလှဲလာလဲ မသိပါဘူးဗျာ- သူကဒီလိုပဲ- ပုံဆွဲဖို့အတွက် ဟန်အနေအထားတွေးနေမိရင် တခြားဘာမှ ဂရုမစိုက်တာပေါ့"

ထိုအတွင်းတွင် ဒေါ်စိမ်းမှာ လုလု၏ကန်လိုက်မှုကြောင့် နှာခေါင်းက သွေးစသွေးနတို့နှင့် နီရဲနေသော ဘလုံလတ်၏နှုတ်ခမ်းကို တွေ့မိကာ. . .

"ကွမ်းမစားတတ်ဘဲနဲ့လည်း. . . ကွမ်းစားတာပဲလား"

ဘလုံလတ်မှာ သည်းမခံနိုင်လောက်အောင် ဒေါပွလာပြီဖြစ်ရကား ဦးတိုးအောင်နှင့် ဒေါ်စိမ်းတို့နှစ်ယောက်စလုံးကို စားမလိုဝါးမလိုကြည့်ပြီး အော်ကြီးဟစ်ကျယ် ပြန်ဖြေလေ၏။

"ကျွန်တော့်လောက် သန့်သန့်ရှင်းရှင်း နေတတ်တဲ့အကောင် ဒီလော မှာ ရှိမယ်တောင် မထင်ဘူး၊ ဒီမြေကြီးတွေပေတာက ဦးတို့သမီးလား၊ တုမလား ဘာလဲ အဲဒီကောင်မလေးကြောင့် ပေကုန်တာ"

ဘလုံလတ်၏စကားကြားမှ ဦးတိုးအောင်တွင် ရှင်းသွားသကဲ့သို့ ပြ လိုက်ကာ. . .

"ဪ. . . သိပြီ. . . သိပြီ. . . မောင်ရင်က ဦးသမီးကို လိုချင်လို့ မာဖက်ပ နလုံးမူပြီး မြေကြီးပေါ် လှဲအိပ်တယ် ဆိုပါတော့"

ဘလုံလတ်တွင် အူမကို ကျွတ်တွယ်ခံရသကဲ့သို့ မျက်နှာကြီးတို့ရှုံ့မဲ့

"ဘယ်ကလာ ဦးသမီးကို ကျွန်တော်က လိုချင်ရမှာလဲ၊ ဒီကောင်မလေ လိုဟာမျိုးက ကျွန်တော့်ကိုကြိုက်ပါတယ်လို့ ထိုင်ငိုနေဦး၊ ယူဖို့အကျဲကြီး"

ဒေါ်ကြီးမောကြီးနှင့် ပြန်ပြောလိုက်ပြီး ဘလုံလတ်မှာ အိမ်ပေါ် တ လာပြီး- ပန်းချီစားပွဲတွင် ထိုင်မှိုင်နေလေ၏။ ဦးစံရွှေမှာလည်း ဖြည်းညှင်းစွာ လာပြီး. . .

"သားရယ်- မင်းကလည်း သည်းခံဦးမှပေါ့ကွ- အိမ်ရှင်နဲ့အိမ်ငှားဆို တစ်ယောက်ကိုတစ်ယောက် သင့်သင့်မြတ်မြတ်"

ဦးစံရွှေ၏စကား မဆုံးမီပင် ဘလုံလတ်ကန့်မဲ့၍၊

"ဒီကောင်မလေးမျိုးကို ငှားထားမယ့်အစား ထိုင်ငတ်နေရတာ ကော ဦးမယ် ဖေဖေရယ်"

"မင်းငတ်နိုင်ပေမယ့် ငါက ငတ်မှမငတ်နိုင်ဘဲကိုးကွ"

ဘလုံလတ်မှာ နိုးနိုးလူတစ်ယောက်မျှသာဖြစ်၍ ဝင်ငွေမလုံလော လျှင် ဝင်ငွေတိုးလာအောင် မလုပ်ဆောင်နိုင်ရကား ဘာမျှဖခင်ကြီးကို ပြန် မနေတော့ဘဲ ရေသွားချိုးပြီး အိပ်ရာထဲ ဝင်လှဲအိပ်လိုက်လေ၏။ ရှေ့အဖို့ နေ ထိုင်ရေး ကြပ်တည်းဦးမည်ကို တွေးမိတိုင်း ရင်လေးမိကာ အတော်ကလေး နက်မှ အိပ်ပျော်သွားလေတော့သည်။

နောက်နေ့နံနက် အိပ်ရာမှနိုးသောအခါ ဘလုံလတ်မှာ သွားနေ

နေ့သွားရန် အိမ်သာသို့တက်၍ တံခါးဆွဲလိုက်ရာ အထဲမှ ကလန့်၏ တင်းမာစွာ ခံထားခြင်းနှင့် ကြုံရလေ၏။ လုလု၏ ဝေါက်ဆတ်ဆတ်အသံမှာလည်း- မစင်နံ့ အလိုင်လိုင်နှင့်အတူ အိမ်သာပြင်သို့ ဝေ့ထွက်လာလေသည်။

"တံခါးပိတ်ထားတာ တွေ့ရဲ့နဲ့ အထဲမှာ လူရှိမှန်း မသိဘူးလား"

ဘလုံလတ်မှာ ဘုကျမည်ကိုတွေးမိ၍ တစ်ခွန်းမျှပြန်မပြောဘဲ အပြင် သာ စောင့်နေရလေရာ ငါးမိနစ်ခန့်ကြာသော်လည်း လုလု ထွက်မလာသေးသဖြင့် အောင့်နိုင်တော့ဘဲ

"မင်း- နောက်ဖေးသွားနေတာမှ ဟုတ်ရဲ့လား"

"နောက်ဖေးသွားမနေလို့ ဘာလုပ်နေရမှာလဲ"

"ဪ. . . မသိပါဘူး. . . . ဆာဆာနဲ့. . ."

"ဗျောက်. . ."

အိမ်သာတံခါးပွင့်လာပြီး လုလုသည် အဝမှခါးထောက်လိုက်ကာ. . .

"ဘာပြောတယ်. . . ဘာပြောတယ်"

"ဘာပြောပြော. . . အချိန်ကုန်လှပါပြီ၊ ကြာလှချည်ကလား"

"နောက်ဖေးသွားတာ အချိန်ကန့်သတ်ပြီး သွားလို့ရတဲ့ကိစ္စလားလို့ စဉ်း ကြည့်ပါဦး"

"မစဉ်းစားပါဘူး. . . ခပ်မြန်မြန်သာ ထွက်ခဲ့ပါ"

အိမ်သာတံခါး ပြန်ပိတ်သွားပြန်သဖြင့်. . . ဘလုံလတ်မှာ မျက်လုံးပြူး သွားပြီး၊

"ဟေ့. . . ဟေ့. . . ဘာလုပ်တာလဲ"

"အခုန ရှင့်စကားကြားလို့ ဒေါပွပွနဲ့ တံခါးဖွင့်လိုက်ရတာ၊ နောက်ဖေး ကုန်းရသေးလို့၊ အခု နောက်ဖေးပြန်ကုန်းနေတာ"

"အောင်မယ်လေး. . . . ထွက်ပါထွက်လာခဲ့ပါတော့ဟာ . . . ဘယ်သူမှ ခင်ကို လှန်မကြည့်ပါဘူး၊ နောက်ဖေးမကုန်းရမှန်း မသိနိုင်ပါဘူး"

လုလုမှာ စိတ်မဆိုးသည့်ပြင် စပ်ဖြိဖြိလုပ်ကာ ဆင်းသွားတော့မှ ဘလုံ တ်မှာ ဝမ်းဒုက္ခကို တိုက်ဖျက်ရလေတော့သည်။

သို့နှင့် ဘလုံလတ် မျက်နှာသစ် လက်ဖက်ရည်သောက်ပြီးသောအခါ "ယ်ကြေပါခင်ဗျာ" မဂ္ဂဇင်းတိုက်မှ သူငယ်ကလေးတစ်ယောက် စာလာပေးသဖြင့် ဖွင့်ဖတ်လိုက်ရာ မျက်နှာဖုံးပန်းချီကားကို သန်ဘက်ခါ အပြီးရေးပါမည်

အကြောင်း တောင်းပန်စာဖြစ်ကြောင်း သိရလေ၏။

ထို့ကြောင့်ပင် အင်္ဂလိပ်မဂ္ဂဇင်းတစ်ခုကိုလှန်ပြီး ရွေးထားသောပုံ ဘေးတွင်ထောင်လိုက်ကာ ခဲတံနှင့် ကူးယူရေးဆွဲပြီး ဆေးဖြင့်လိုက်ထပ်တော့မည် ပြုစဉ် တစ်ဘက်ခန်းမှ ကြည်လင်သော 'တေးသံ'သည် ဘလုံလတ်ကို 'ဘေး လိုက်လေ၏။

**"ချစ်ပင်ပျိုး. . . လို့. . . ချစ်မိုးတွေရွာ- ရွာ ချစ်ရေယဉ် ဝက်ထာ ဖျန်း. . . ချစ်ပန်း ပွင့်ကာနေ"**

သီချင်းသံမှာ မည်မျှပင် သာယာနေပါသော်လည်း ဘလုံလတ်မှာ ပုံဆွဲ၍မရတော့ပေ။ အေးဆေးတိတ်ဆိတ်မှ ပုံဆွဲနိုင်သော သူ့အကျင့်သည် ယံခုကဲ့သို့ ခပ်ကျယ်ကျယ်ဆိုလိုက်သော တေးသံကြောင့် စိတ်ပျက်သွားကာ-

"မဆူနဲ့. . . မဆူနဲ့. . ."

ဟု ဟစ်အော်လိုက်ရာ တစ်ဘက်ခန်းမှ လှလှက. . . လည်း. . .

"ဆူမယ်-ဆူမယ်. . . ကိုယ့်အခန်းကိုယ်ဆူ ဘာဖြစ်သလဲ. . ."

ဟု ပြန်ပြောပြီး ထိုထက်ကျယ်ကျယ် သီဆိုပြန်သဖြင့် ဘလုံလတ်မှာ စိတ်တိုတိုနှင့် အသံဝါကြီးဖြင့် သီချင်းတစ်ပုဒ်ကို အော်ဆိုလိုက်လေ၏။

**"ရွှေကျီးညိုလာရင် ဒေါသနဲ့အမြစ်တင်. . ."**

ယောက်ျားသံနှင့် မိန်းမသံဖြစ်ရကား ဘလုံလတ်၏အသံမှာ လှလှ၏ အသံကို လွှမ်းမိုးသွားသော်လည်း သူ့သီချင်းကို သူမေ့နေသဖြင့် ရှေ့ဆက်မဆိုနိုင် ဘဲ ရပ်လိုက်ရသဖြင့် လှလှ၏အသံတစ်ခုထဲ ပြိုင်ဘက်ကင်းပြီး ထွက်ပေါ်နေပြန် လေ၏။

ဘလုံလတ်မှာ အခြားသီချင်းတစ်ပုဒ်ကို ကမန်းကတန်း စဉ်းစားပြီး အော်ဆိုကာ အရွဲ့တိုက်ပြန်လေ၏။ ဤသီချင်းမှာလည်း ငါးမိနစ်ခန့်မတိုင်မီပင် ဆုံးသွားပြန်သဖြင့် တော်တော်နှင့် မပြီးနိုင်စေရန် 'အောင်ခြင်းရှစ်ပါး'သီချင်းကို အော်ဆိုလိုက်ပြန်ရလေ၏။

လှလှမှာ ဤအချိန်တွင်မူကား- သီချင်းမဆိုတော့ဘဲ ပါလာသော ဓာတ် စက်ကို ဖွင့်နေလေရာ ထိုဓာတ်ပြားသံကို လှလှ၏ 'တိုးတက်ကျယ်လောင်လာ သောအသံဟု မှတ်ထင်နေသော ဘလုံလတ်မှာ ထိုဓာတ်ပြားအသံထက်ကျော် လွှန်အောင် နင်းကန်ပြီး တစ်ယောက်တည်း အော်နေလေ၏။

တစ်ဘက်ခန်းမှ လှလှမှာ ကျေနပ်စွာပြုံး၍ ဓာတ်ပြားသုံးပြားခန့်



ညှယ်လိုက်သော. . . အချိန်တွင်မူ ဘလုံလတ်မှာ အသံများဝင်စပြု၍ မောဟိုက် သာကာ မျက်လုံးကြီးများ ပြူးပြီးလာလေတော့သည်။

သူနင်းကန်အော်နေသံကြောင့် ခြံထဲတွင် ပန်းပင်ရေလောင်းနေသော ဦးရွှေ ပြေးတက်လာသောအခါတွင်မူ- ဘလုံလတ်မှာ ကုလားထိုင်နောက်မှီကို ရှင်း မထွက်တထွက်သောအသံဖြင့် "အူ. . . အူ"နှင့် အမည်မဖော်ပြနိုင်သော သီချင်းတစ်ပုဒ်ကို ဂွဲကောင်းကောင်းနှင့် သီဆိုနေတုန်းပင်ဖြစ်၏။

"နေပါဦးကွ- ဘလုံရဲ့ မင်းဖျားနေသလား"

"ဖျားလို့ညည်းနေတာမဟုတ်ဘူး သီချင်းဆိုနေတာ ဖေဖေရဲ့. . ."

"ဟင်. . . မင်းအသံတွေဝင်လို့ပါလား- မင်းပြောတာ ငါဘာမှမကြားရ ဘူး"

နောက်ထပ်သုံးလေးခါ နင်းကန်အော်ပြောတော့မှ အဘိုးကြီးမှာ နား လည်သွားပြီး. . .

"ဪ. . . မင်းတို့ခေတ်သီချင်းတွေကလည်း အော်တဲ့အခါ နင်းကန် အော်- မအော်တဲ့အခါမှာ အူ. . . အူလို့ ဆိုရတာကိုးကွ"

ဟု ပြောလိုက်စဉ် ဦးတိုးအောင်ဝင်လာကာ. . .

"ဟေ့- မောင်ဘလုံလတ်ရဲ့၊ ဦး တောင်းပန်ပါရစေကွာ၊ တစ်ဆိတ်မဆူ နဲ့ ဦးစာဖတ်မလို့. . . . အခုနတွင် သမီးကိုလည်း ဓာတ်စက်အပိတ်ခိုင်းလိုက်ရ သယ်. . . နော်ကွာ. . . မဆူစမ်းပါနဲ့"

ဘလုံလတ်မှာ ဘာမျှပြန်မပြောနိုင်ဘဲ အမောကြီးမောပြီး မျက်စိကို ဘာမျှ ပိတ်ထားလိုက်မိလေတော့သည်။

နံနက်စာ ထမင်းစားသောက်ပြီးစီးကြ၍ နေ့လည်ဘက်သို့ ကူးလာခဲ့ သည်တွင်မူ တစ်အိမ်လုံးမှာ အိပ်သူအိပ်၊ စာဖတ်သူဖတ်နှင့် တိတ်ဆိတ်နေလေ ရာ- ဘလုံလတ်မှာ သူ့ပုံကို ဆေးခြယ်ရလေတော့သည်။ သူ့ဝါသနာအရ ရုပ်ပုံကို မျက်နှာကို နောက်ဆုံးမှ ဆေးဆိုးတတ်လေရာ မဂ္ဂဇင်းမျက်နှာဖုံးပါ နွားလှည်း ဘေးရှိ သစ်ပင်ကို မှီလျက်ရပ်နေ၍ ဗိုက်နှိပ်နေသော မိန်းကလေးမျက်နှာကို ခြယ်သည့်အခါတွင် ညနေစောင်းလာခဲ့ပြီဖြစ်၏။

လှလှမှာ. . . ကျန်းမာရေးလိုက်စားသူ ဖြစ်သည့်အလျောက် ညနေတိုင်း ကျင့်ခန်းများယူလေရာ လေ့ကျင့်ခန်းတွင် တစ်ခုအပါအဝင်ဖြစ်သော ကြိုး ခြင်းကို အိမ်ပေါ်တွင်ပင် လေ့ကျင့်ရမည် ဖြစ်သဖြင့် အိမ်ရှေ့ ကပြင်တွင်

ကြိုးခုန်နေလေ၏။ ကပြင်မှာ ကြက်တူရွေးကွက်များ ရိုက်ထားသဖြင့် ဘောင်းဘီကျပ်ကျပ်ကလေးနှင့် သူ့ကို လမ်းသွားလမ်းလာများ မမြင်နိုင်ကြပေ။

ဘလုံလတ်တို့၏အိမ်ကလေးမှာ- သိပ်ပြီးတောင့်တင်းလှသည် မဟုတ်ရကား- ကိုယ်အလေးချိန်မနည်းလှသော လှလှကြိုးခုန်နေရာ- တစ်အိမ်လုံး သွက်သွက်ခါ၍ ယိမ်းထိုးနေလေ၏။ ထိုအချိန်တွင် ဘလုံလတ်မှာ သူ့ရုပ်ပုံထဲမှ မိန်းမပျို၏နှုတ်ခမ်းကို ဆေးရောင်လိုက်,လိုက်သည်တွင် အိမ်လှုပ်သွားရကား- လက်ချော်သွားကာ- နှုတ်ခမ်းမွေးကြီး တပ်ပေးမိလျက်သား ဖြစ်သွားလေ၏။ ကြိုးစားပမ်းစား ဆွဲထားရသမျှ ပျက်ဆီးသွားသဖြင့်- ဒေါပွသွားကာ- ကပြင်သို့ထွက်၍ လှလှကို နှစ်ပြားမတန်အောင် ပြောချလိုက်လေ၏။

“ဟဲ့. . ခွေးမ. . . နင့်ဟာနင် ကမြင်းချင်ရင် လွတ်လွတ်ကျွတ်ကျွတ်မှာ သွားကမြင်းချေ၊ ငါ့အိမ်ပေါ်မှာ လာမကမြင်းနဲ့၊ နင်ဘာမဟုတ်တဲ့ ကမြင်းကြောထမှုကလေးနဲ့ ငါ့အဖိုးတန်လှတဲ့ရုပ်ပုံ ပစ်ရပြီ. . . ခွေးမ. . .”

သို့သော် သူ့အသံမှာ လှလှနားနှင့် မယှဉ်ဝံ့ဘိသကဲ့သို့ ပြတ်ပြတ်သားသား မထွက်လာဘဲ နံနက်က သီချင်းအော်ဆိုမှုဒဏ်ကို ဘလုံလတ် ခံစားရရှာလေတော့၏။

လှလှမှာ ကြိုးကို ရေတွက်ပြီး ခုန်နေရသဖြင့် သူ့ကို စကားပြန်မပြောနိုင်ဘဲ ပြုံးစိစိနှင့်သာ ကြည့်နေလေရာ ဘလုံလတ်မှာ ဘယ့်နှယ့်မှ မတတ်နိုင်ဘဲ အိမ်ထဲပြန်လာ၍ စားပွဲတွင် ထိုင်မှိုင်နေမိလေ၏။ ရုပ်ပုံထဲမှ မိန်းမပျို၏နှုတ်ခမ်းမွေးကြီးကို ရေနှင့်ပြန်ဖျက်က၊ ရမည်ဖြစ်သော်လည်း ယခုကဲ့သို့ အိမ်လှုပ်နေ ပုံမျိုးနှင့်ဆိုလျှင် နှုတ်ခမ်းမွေးပင်မက မျက်နှာတစ်ခုလုံး ဟိုပျက် သည်ပျက်နှင့် ဖြစ်ပြန်မည် ဖြစ်သဖြင့် လှလှ ကြိုးခုန်ပြီးသည်အထိ ထိုင်စောင့်နေရလေ၏။

ထိုအတွင်း အိမ်နောက်ဖေးမှ ထမင်းချက်နေသော ဦးစံရွှေမှာ ထမင်းချက်ပြုတ်ပြီး၍ အိမ်ရှေ့သို့ထွက်လာလေရာ အိမ်ရှေ့ပိုင်းမှာ သွက်သွက်ခါနေသဖြင့် လျှော်လှုပ်သည်ဟု ထင်မိသဖြင့် နီးရာ စားပွဲတစ်ခုအောက်သို့ ဝင်ဝပ်လေ၏။ ဘလုံလတ်မှာ စိတ်ညစ်ရသည့်အထဲ သူ့အဖေ စိတ်ဖောက်ပြန်သွားပြီလားဟု တွေးမိကာ. . . ပြေး၍ဆွဲထူပြီး. . .

“အဖေ. . . အဖေ. . . ဘာဖြစ်တာလဲ”

“ငါ့သား. . . ဝပ်စမ်း. . . ဝပ်စမ်း. . . မင့်အသံမထွက်ဘဲနဲ့ ဘာဘာညာညာ ပြောမနေနဲ့ဦး. . . ဝပ်နေ”



ဘလုံလတ်မှာလည်း အတင်းဆွဲချခြင်းခံရသောကြောင့် ဘုမသိဘမသိနှင့် ဦးစံရွှေနည်းတူ ကြမ်းပြင်ပေါ်တွင် အလျားကြီး မှောက်နေရလေသည်။

လှလှမှာလည်း ကြိုးခုန်ခြင်း ပြီးစီးသွား၍ စောစောက ဘလုံလတ်က သူ့ကို ဘာလာပြောသည်ကို သိလိုသေး၍ တစ်ဘက်ခန်းသို့ ကူးလာလေရာ ကြမ်းပေါ်တွင် အလျားမှောက်နေကြသော သားအဖကို တွေ့ရသဖြင့် မျက်လုံးပြူးသွားပြီး. . .

“အလို. . . ဒါက ဘာဖြစ်နေကြတာလဲ. . . ကျန်းမာရေးလေ့ကျင့်ခန်းယူနေကြတာလား”

ဦးစံရွှေမှာ အိမ်အလှုပ် ရပ်သွားပြီဖြစ်၍ ကုန်းထလာကာ. . .

“ငါ့တူမကြီး မသိဘူးလား. . . အခုနက လျှော်လှုပ်တယ်လေ”

“ဟာ. . . ဒါ လျှော်လှုပ်တာမဟုတ်ပါဘူး ဦးကြီးရဲ့၊ လှ ကြိုးခုန်တာပါ”

ဦးစံရွှေမှာ ဤစွင်မှ သဘောပေါက်သွားဘိသကဲ့သို့ တဟားဟား ရယ်ရင်း နောက်ဖေးသို့ ပြန်ထွက်သွားလေ၏။ ဘလုံလတ်လည်း ရှက်ရှက်နှင့် ပြန်ထလိုက်စဉ် လှလှက ပြုံးရယ်ရင်း. . .

“ကိုဘလုံလတ် စောစောက ဘာလာပြောတာလဲ”

ဘလုံလတ်မှာ ဘာမျှပြန်မပြောတော့ဘဲ ထွက်ခွာသွားစေရန် လက်ကိုသာ ရမ်းပြလိုက်နိုင်ရှာလေတော့သည်။ လှလှ ပြုံးရယ်ရင်းပင် ထွက်ခွာသွားတော့မှ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ကြီး ထိုင်ချလိုက်ပြီး စိတ်အပျက်ကြီးပျက်နေမိလေတော့၏။

ထမင်းစားသောက်ပြီးသော်အခါတွင် ပုံကို ပြုပြင်တန်ပြုပြင်၊ ဆက်သက်ဆွဲတန်ဆွဲရန် ဘလုံလတ် စားပွဲတွင် ထိုင်လိုက်သောအချိန်တွင် လှလှ၏အသိ ရန်ကုန်မြို့ထဲမှ မိန်းကလေးများ လာလည်ကြလေ၏။

“ဟော့ လှလှ. . . အောင်မယ်လေးကွာ မင်းတို့အိမ်စုတ်ကလေးကလည်း ရှာလိုက်ရတာ၊ မြို့ထဲမှာ အိမ်မရလို့ တာမွေလာနေရတာလားကွ”

တစ်ယောက်ပြော၍ဆုံးမီပင် အခြားတစ်ယောက်က ကျယ်လောင်စွာ ပြောပြန်လေသည်။

“ဒီလောက်ကျဉ်းတဲ့အခန်းကလေး ဘယ်နေလို့ရမှာလဲကွ”

လှလှမှာ သူတို့နှစ်ယောက်စလုံးကို ဒိုင်ခံ၍ဖြေရလေတော့၏။

“ဘယ့်နှယ်လုပ်မလဲကွ၊ မြို့ထဲမှာ အိမ်မှမရသဲ၊ ဆလာမီ အဆမတန်

တော့လည်း မပေးနိုင်ဘူးကွာ၊ လုတ ပိုက်ဆံကိုသုံးလိုက်ချင်သေးတယ်၊ ဒီဆလ… တော့ မပေးရက်ဘူးကွ၊ နှမြောတယ်"

"ဟော့. . . လု. . . ဒါထက်- မင်းခွေးကလေးတွေ ချစ်တတ်လို့. . . ကိုယ်တို့အိမ်က ခွေးမကြီးနဲ့ ခွေးကလေးငါးကောင် ယူလာတယ်"

ဤဘက်ခန်းမှ သူတို့ ဆွဲညှဲစွာ စကားပြောနေသည်နှင့်အမျှ တစ်ဘ… ခန်းက ဘလုံလတ်မှာ စိတ်အညစ်ကြီး ညစ်နေရရှာတော့၏။ နောက်ဆုံးတွ… အသံကလည်း မထွက်သဖြင့် စက္ကူကာဒ်ပြားကြီးပေါ်တွင် 'မဆူနဲ့'ဟုရေးကာ … ဘတ်ခန်းသို့ ကူးလာခဲ့ပြီး လုလုတို့ရှေ့တွင် ပစ်ချထားခဲ့ကာ ပြန်ထွက်လာခဲ့… ၏၊

လုလု၏သူငယ်ချင်းများမှာ ဘလုံလတ်၏တပြုအမူကို နားမလည်သ… ဘဲကြောင်ကြောင် ကြည့်နေကြပြီး၊ လုလုကို ကြည့်ကာ. . .

"ဟော့ လု- ဒီလူက ဘာလဲ- အ,နေသလားကွ"

လုမှာ ရယ်လိုက်ပြီး. . .

"မဟုတ်ပါဘူးကွာ၊ လူက တစ်မျိုးပါ၊ သူက လုကို မဆူရဘူး၊ မညီရ… နဲ့ အမျိုးမျိုးချုပ်ချယ်နေတာပေါ့. . ."

"ဒါကို လုက ခံနေရသလား. . ."

"အောင်မယ်လေး- ဝေးသေးရဲ့၊ လုကြောက်ရမယ့်လူ လောကမှာ … တောင် မမွေးသေးဘူးရှင့်. . . သူ့အိမ်ကို အလကားတက်နေတာ မဟုတ်… ပိုက်ဆံပေးနေတာ. . . မတရားချုပ်ချယ်တိုင်း ခံရမလား၊ ဒီလူကို ကိုယ်ရောက်… တည်းက တွေ့တွေ့ချင်း ဆိုပါတော့လေ. . . သိပ်ချဉ်တာပဲကွာ၊ ကိုယ် လူ… ယောက်ကို မုန်းခဲ့ပါတယ်၊ ဒါပေမဲ့- ဒီငနဲကိုတော့ တော်တော့်ကို ချဉ်မိတယ်…

လုလု ပြောနေသံမှာ တိုးတိုးကလေး မဟုတ်ရကား တစ်ဘက်ခန်… ကောင်းမွန်စွာ ကြားရသဖြင့် ဘလုံလတ်မှာ ဆတ်ဆတ်ခါ နာသွားရှင်း. . .

"နင့်ကော- ငါက သောက်ဂရုစိုက်ရမှာလား၊ တယ်- မုန်းတယ်…

ဟု ပြန်အော်လိုက်သော်လည်း သူ့အသံမှာ-

"ဝူးဝါး. . . ဝူးဝါး. . . အူး. . . အား. . . အို. . . အုံး. . . အော်. . ."

စသည်ဖြင့် အ,အ ကားတိုက်ခံရသလို လျှာမရှိသောကရေ… ယောက်- သင်ပုန်းကြီးအံနေသလို အသံမျိုးသာ ထွက်ပေါ်လာလေသည်။

သူ့အသံဆုံးသည်နှင့်တစ်ပြိုင်နက် တစ်ဖက်ခန်းမှ 'ဝါးကနဲ' ရယ်…



ထွက်ပေါ်လာကာ. . .

"လုရာ. . . မင်း ဘယ်လိုညာညာ အ,အမှန်း သိပါတယ်ကွာ. . ."

ဟူသော ပြောသံကို ဆက်တိုက်ကြားလိုက်ရရာတွင် ဘလုံလတ်မှာ 'အသံမထွက်မချင်း စကားတစ်ခွန်းမျှ မတ,တော့ပါ' ဟူသော သန္နိဋ္ဌာန်ကို တည်တံ့စွာ ချမိရှာလေတော့၏။

ဘာပဲဖြစ်ဖြစ်- ညဥ့်အချိန်၌ တိတ်ဆိတ်ရမည်ဟု တစ်ထစ်ချယုံကြည်ထားသော ဘလုံလတ်မှာ၊ ညဘက်ရောက်လာသောအခါ သူထင်သလို ဖြစ်မလာသည်ကို တွေ့ရလေသည်။

တစ်ဘက်ခန်း အရှေ့ပြင်မှ 'အိုင် အိုင် အိုင် အိုင်. . ."နှင့် ခွေးငယ်ကလေးများမှာ ဟေးကျူ၍ ပျော်မြူးနေကြသည်ကို တွေ့ရလေ၏။

ညနေက လု၏သူငယ်ချင်းများက ပေးသွားသည် ဖြစ်ရကား၊ ခွေးကလေးများမှာ အိပ်ရာပြောင်းသဖြင့် မအိပ်နိုင်ကြဘဲ၊ တအင်အင်. . တအိုင်အိုင်. . နှင့် တွင်တွင်လုပ်နေကြလေ၏။ ဘလုံလတ်မှာ ဤခွေးကလေးများ၏ ဆူညံသံကို ရုပ်ဆိုင်းအောင်စောင့်ရင် အနည်းဆုံး နောက်သုံးလေးလ,ခန့် ကြာမည်ဟု သိသဖြင့် မဂ္ဂဇင်းမျက်နှာဖုံး သန်ဘက်ခါ ပေးနိုင်စေရန်၊ ယနေ့ပင် ခွေးကလေးများ အသံတိတ်အောင် ပြုလုပ်ရမည်ဟု ကြံစည်မိတော့၏။

နောက်ဆုံးတွင်၊ သူ့အဖေအတွက် ဆရာဝန်တစ်ဦးပေးထားသော အိပ်ဆေးမှုန့်များကို ထန်းချက်ခဲနှင့်နယ်၍ကျွေးက ခွေးကလေးများအားလုံး အိပ်ပျော်သွား၍၊ ယနေ့ည ရုပ်ပုံကောင်းကောင်းဆွဲရမည်ဟု တွေးမိကာ ဆေးမှုန့်နှင့်ထန်းလျက်ခဲကို ရောနှော၍ အလုံးကလေး ပြုလုပ်လျက် အိမ်ရှေ့ကပြင်သို့ ထွက်လာခဲ့လေ၏။ ထိုအချိန်တွင် လုလုတို့အခန်းမှာ တံခါးပိတ်ထားလိုက်ပြီ ဖြစ်သဖြင့် ကပြင်တစ်ခုလုံး မှောင်မဲနေလေသည်။

ဘလုံလတ်မှာ မှောင်ကြီးထဲတွင် ဖြည်းဖြည်း-ဖြည်းဖြည်းနှင့် စမ်းလာနေရလေရာ၊ ခွေးမကြီးမှာ မတ်တတ်ရပ် နို့တိုက်နေရင်းက ဘလုံလတ်ကို မြင်သဖြင့် သွားကိုဖြဲ၍ မာန်လိုက်လေ၏။

ဘလုံလတ်မှာလည်း၊ အိမ်ထဲက ကြားမသွားစေရန် စုတ်သပ်ရင်း လက်ထဲမှ ထန်းလျက်ခဲလုံးများကို ခွေးမကြီးပါးစပ်နားသို့ မှန်းကပ်ပြီး ပေးလိုက်လေရာ၊ သူ့လက်မှာ ခွေးမကြီး၏ပါးစပ်သို့ မရောက်ဘဲ၊ ဖင်သို့ သွားရောက်တိုးနေသဖြင့် ခွေးမကြီးမှာ ဖတ်ကနဲ လှည့်ကိုက်လိုက်လေ၏။ လက်ကောက်ဝတ်ကို ကိုက်မိ

သော်လည်း အောင့်ခံကာ အောက်သို့လိမ့်ကျသွားသော ထန်းလျက်ခဲလုံးများကို လက်တစ်ဘက်ဖြင့်စမ်းရင်း ကျန်လက်တစ်ဘက်ဖြင့် ခွေးမကြီးပါးစပ်ကို ပိတ်ထားရလေသည်။

ထိုအချိန်တွင် လှလှမှာ မအိပ်သေးရကား ခွေးမာန်ဖီသံကို ကြားကတည်းက မသင်္ကာသည်နှင့် အသာတံခါးနားကပ်လာချောင်းနားထောင်ရာ ဘလုံလတ်၏ စုတ်သပ်သံကို ကြားရလေသည်။ ဤသို့ ကြားသည်နှင့်တစ်ပြိုင်နက် ခွေးသံညံ၍ ဘလုံလတ် လာခုက္ခပေးပြီဟု တွေးမိကာ. . . ဘလုံလတ်မှန်း မသိချင်ယောင်ဆောင်လျက် ဆုံးမမည်ဟုကြံပြီး တံမြက်စည်းကိုယူကာ တံခါးရွက်ကို အသာအယာ ဖွင့်လိုက်လေ၏။

မှောင်ထဲတွင် မျက်စိကျင့်သား နည်းနည်းရသွားသောအခါ ကုန်းကုန်းကုန်းကုန်းနှင့် ဘလုံလတ်ကို အရိပ်အယောင် တွေ့ရသဖြင့် တံမြက်စည်းနှင့် ဆွဲရိုက်လေရာ ဘလုံလတ်မှာ နာလှသော်လည်း အော်လိုက်က အသံမှတ်မိသွားမည်စိုးသဖြင့် ကြိတ်မှိတ်ခံပြီး ထွက်ပြေးလာခဲ့လေ၏။

အိပ်ယာထဲသို့ ရောက်သောအခါ ခွေးငယ်ကလေးများ၏အသံကို ဆူညံစွာကြားရသည်တွင် သက်ပြင်းကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်ကာ ဒီအတိုင်းကြာရှည်သွားလျှင် ဇော်တော့မည်ဟု ကြံမိလေတော့၏။

နောက်တစ်နေ့ နံနက်လင်းသောအခါ အဝတ်အစားများ ပြင်ဆင်နေသော. . . ဘလုံလတ်ကို တွေ့ရသဖြင့် ဦးစံရွှေမှာ အံ့ဩစွာနှင့်ပင်. . .

"ဟေ့ကောင်- ဒါဘာလုပ်တာလဲကွ"

"ဖေဖေ့အိမ်ဌားတွေ လက်လွှတ်မခံနိုင်ဘူး မဟုတ်လား"

"အေးလေ. . . ."

"ဒီတော့ကာ ကျွန်တော့်သူငယ်ချင်းအိမ် ပြောင်းရလိမ့်မယ်၊ ဒီမှာ ပုံဆွဲလို့မရဘူး၊ မဆူနဲ့ ဆိုတာလည်း ပြောလို့မရဘူး၊ ဆူတာပဲ. . . "

"အေးလေ- သည်းညည်းမခံနိုင် ပြောင်းပေါ့ကွ၊ ဒီလိုတစ်ဖက်တစ်လမ်း ဝင်ငွေမှ မရရင် ငါလည်း မတတ်နိုင်ဘူး"

လှလှမှာ တစ်ဘက်ခန်းမှ ကူးလာပြီး ဘလုံလတ်၏ ပတ်တီးစည်းထားသော လက်ကောက်ဝတ်ကိုကြည့်ကာ ပြုံးလိုက်ရင်း မထိတထိ စ,လိုက်လေ၏။

"ဩော်. . . ကိုဘလုံလတ်က အိပ်မက်ထဲမှာ ယောက်ျားပီပီ စွန့်စွန့်စားစား ဒိုင်ဗင်ထိုးတယ်ထင်တယ်. . . ဒါကြောင့် လက်ကောက်ဝတ်မှာ ပတ်တီးစည်းထားရတာပေါ့"



ဘလုံလတ်မှာ "သွား. . သွား. . ထွက်သွားချည်"ဟု ထွက်စ,ပြုလာသော အသံနှင့် နင်းကန်အော်လိုက်ပြီး သားရေသေတ္တာကို ဆောင့်ဆွဲလိုက်ရာ၊ သေတ္တာမှာ လက်ထဲပါပြီးမှ လက်ဆွဲသည့်နေရာမှ သားရေကွင်းမှာ မနိုင်သဖြင့် ပြုတ်ကျသွားလေရာ 'ဒိုင်း' ကနဲ မြည်သွားလေ၏။

တစ်ဘက်ခန်းမှ ဦးတိုးအောင်မှာ စာကြည့်နေရာမှ ပြေးလာပြီး. . .

"မောင်ဘလုံလတ်ရယ်၊ ဦးက တစ်ဆိတ်မဆူပါနဲ့လို့ တောင်းပန်တာ မရဘူးလား. . . လူကြီးသူမက မဆူနဲ့ဆိုရင် မဆူရဘူးကွဲ့၊ ဒီလိုပြောလို့မရရင် ဦးတို့ ပြောင်းရလိမ့်မယ်"

ဘလုံလတ်မှာ ဘာမှပြန်မပြောတော့ဘဲ၊ သားရေသေတ္တာကြီးကိုပွေ့ကာ အိမ်ပေါ်မှ တစ်ခါတည်း ဆင်းပြေးလေတော့၏။

သွေးသောက်၊ (၁၉၄၉) ခု၊
နို့ဝင်ဘာလ၊ အမှတ် (၄၆)။

# အချက်မသိတော့

ရန်ကုန်- ပြည်လမ်းမကြီးပေါ် ရှိ ဥက္ကံမြို့ကလေးမှ- ပျဉ်းမကုန်းရွာကလေးသွားရာ လှည်းလမ်းမကြီးပေါ် တွင် သားရေသေတ္တာတစ်လုံးကိုဆွဲ၍ လမ်းလျှောက်လျက်ရှိသော ကောလိပ်ကျောင်းသား လှသိန်းကို အဖော်ကင်းမဲ့စွာ တွေ့မြင်နိုင်ပေ၏။ ဝင်လုဆဲဆဲဖြစ်နေသောနေမင်းကို လက်ကာကြည့်လိုက်ရင်း. . .

"ဖေဖေကပြောတော့ သိပ်မဝေးလှဘူးတဲ့၊ ညသန်းခေါင်တောင်မှ ရောက်ပါ့မလားမသိဘူး"

ဟု တစ်ကိုယ်တည်း ညည်းလျက် ခြေကုန်ကြိုးစား၍ သုတ်လေ၏။

သူ့အဖေ ဦးဘမြင့်သည် ပျဉ်းမကုန်းဇာတိဖြစ်၍ ယခု ပျဉ်းမကုန်းဆယ်အိမ်ခေါင်း ဦးချက်ပါနှင့် ငယ်သူငယ်ချင်းဖြစ်၏။ ဦးချက်ပါသမီးကလေး အသက်ဆယ့်ရှစ်နှစ် ပြည့်လာပြီဖြစ်သော မနှင်းဖြူကို ဦးဘမြင့် လာလည်စဉ် တွေ့ရှိသွားရကား သူ့သားလှသိန်းနှင့် ပေးစားမည်ဟု တိုင်ပင်ရာ ဦးချက်ပါကလည်း သဘောတူလိုက်၏။

မနှင်းဖြူအဖို့ကား မိဘစကားလည်း နားထောင်ရာရောက်၊ လှသိန်းမှာလည်း ငြင်းစရာ ရုပ်ကလွဲ၍မရှိသဖြင့်၊ တုဏှိဘာဝေလိုက်လေသည်။ လှသိန်း၏ ရုပ်ကိုမူ သူတစ်ခါမျှ မတွေ့ဘူးသေးသဖြင့် ထည့်မစဉ်းစားပေ။



ယခုလည်း လူငယ်ချင်း ရင်းနှီးစေရန် စာမေးပွဲအပြီး နွေရာသီကျောင်းပိတ်ရက်တွင် ဦးဘမြင့်က လှသိန်းကို ကြင်ယာလောင်းအကြည့်ခိုင်းခြင်း ဖြစ်၏။ လှသိန်းကား မိဘစကားကို မြေဝယ်မကျနားထောင်သူဖြစ်ရကား အထူးမပြောနေတော့ဘဲ- ဦးဘမြင့်ညွှန်ပြသည့်လမ်းစဉ်ကို မှတ်သားကာ ထွက်လာခဲ့လေ၏။

မနှင်းဖြူကား ဦးချက်ပါ၏ မယားကြီးနှင့်ရသောသမီး ဖြစ်လေသည်။ မယားကြီးဆုံးသွားပြီးနောက်၊ ဒုတိယမယား ဒေါ်သက်နှင့် အကြောင်းပါ၏။ ဒေါ်သက်တွင်- တေလေဟူသောသားတစ်ယောက် ပါလေသည်။ တေလေမှာ နာမည်နှင့်လိုက်အောင် တေလေဂျပိုးကျလှ၍ ဦးချက်ပါ ဥက္ကံသို့ပို့၍ သင်ပေးသော ပညာကိုပင် တစ်ပိုင်းတစ်စနှင့် မသင်လိုတော့ဟုဆိုကာ အိမ်ပြန်လာပြီး ထန်းရေသောက်ကြက်တိုက် အပျိုဂေါ်နှင့် အချိန်ဖြုန်းနေသူဖြစ်၏။ ဤအချက်များအပြင် သူ့၌ ဝေဒနာတစ်ခုရှိ၏။ ထိုဝေဒနာကား သူများကို ကျောက်ချတတ်ခြင်း ဖြစ်လေသည်။

နေဝင်သည်နှင့်တစ်ပြိုင်နက်- လှသိန်းသည် ပျဉ်းမကုန်းရွာကလေးသို့ ရောက်လာလေတော့၏။ "ရွာရောက်လျှင် ဘယ်သူ့မေးမေး ဦးချက်ပါဆိုရင်သိသည်"ဟူသော အဖေကြီး၏စကားအတိုင်း- မေးစမ်းရန် ပတ်ဝန်းကျင်သို့ ကြည့်လိုက်၏။ ပျဉ်းမကုန်းမှာ သရက်ပင်ကြီးများဖြင့် ဝန်းရံအုပ်ဆိုင်းလျက်ရှိသောကြောင့် နေဝင်သည်နှင့်တစ်ပြိုင်နက်- မှောင်မဲလျက်ရှိလေသည်။

မနီးမဝေးတဲကလေးတွင် ရေနံဆီမီးရောင်ကြောင့် ခုံကလေးတွင် ထန်းရည်သောက်နေသော လူတစ်စုကို တွေ့ရသဖြင့် သူတို့ကို မေးမည်ဟုကြံကာ ချဉ်းကပ်သွား၍. . .

"ဗျို့. . . ဆရာတို့ ဦးချက်ပါအိမ် ဘယ်အိမ်လဲ"

ဟု မေးလိုက်ရာ- တစ်ယောက်ယောက်က ဖြေမည်ပြုလိုက်စဉ်. . . တေလေကမျက်ရိပ်ပြ၍ လှသိန်းနားကပ်လာပြီး ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။ တေလေကား လူကဲခတ်မည့်ရကား လှသိန်းကို မနှင်းဖြူနှင့် ပေးစားမည့်သူဖြစ်ကြောင်း သိရသဖြင့် မနှင်းဖြူ လူကောင်းသူကောင်းနှင့် အိမ်ထောင်ကျသည်ကို မနာလိုရင်းစွဲရှိသည့်အတိုင်း လှသိန်းကိုကျောက်ချရန် သန္နိဋ္ဌာန်ချလိုက်လေ၏။

"ဩော်. . . ပျဉ်းမကုန်းက ဆယ်အိမ်ခေါင်း ဦးချက်ပါလား. . ."

"ဟုတ်ကဲ့. . . နို့- ဒါကဘာဖြစ်လို့လဲ"

"ဒါ. . . ရှမ်းစုလေ. . ."

"ဟင်. . . ဟို-လွန်ခဲ့တဲ့ရွာက ရှမ်းစုဆိုပါလား"

"ဪ. . . ဟုတ်တယ်လေ. . . ဒါက ဒုတိယရှမ်းစုလေ. . ."

"ဒါဖြင့် ပျဉ်းမကုန်း တော်တော်ဝေးသေးသလား"

"နောက်ထပ် ကုလားဆိုင်ကကွမ်းယာဆို ဆယ်ယာလောက်ညက်မှ ရောက်မယ်"

"ဟိုက် ဒုက္ခပဲ၊ ဒီရွာမှာ တစ်ညလောက် တည်းခိုဖို့ ထမင်းဆိုင်ကလေး မရှိဘူးလား"

"ရှိတာပေါ့ဗျာ၊ ရှာငယ်လို့ အထင်မသေးလိုက်ပါနဲ့၊ ထမင်းရော အိပ်ယာနေရာရော အစုံရမယ်၊ နောက် ကျသင့်သလောက်ရှင်းပေးခဲ့ရင် ပြီးတာပဲ ဒါပေမဲ့. . . တစ်ခုသတိထား၊ အဘိုးကြီးက ဆိုင်ဖြုတ်တော့မလို့၊ သူ့ဆီမှာ ခရီးသည် သိပ်မရှိဘူး၊ အဘိုးကြီးကလည်း တယ်စကားများတယ်"

"အဲဒီဆိုင် ညွှန်စမ်းပါဦး. . . "

တေလေသည် ဝမ်းထဲမှ ကျေနပ်စွာပြုံးလိုက်ပြီး ဦးချက်ပါအိမ် (ဝါ) သူကိုယ်တိုင်နေထိုင်သောအိမ်သို့ ညွှန်ပြလိုက်လေတော့သည်။

လှသိန်းမှာ ညောင်းညာလှပြီဖြစ်သဖြင့် ယခုကဲ့သို့ တည်းအိမ်ညွှန်ပြပေးသော တေလေကို များစွာကျေးဇူးတင်မိကာ သူညွှန်ပြသည့်အတိုင်း ထွက်လာခဲ့လေ၏။

□

ဦးချက်ပါမှာ- ဒေါ်သက်အား အရသာရှိသော 'ထမင်းကောင်းဟင်းမွန်' များကို ချက်ပြုတ်စေရင်း- "ဒီနေ့လာမှာမှ ဟုတ်ပလား"ဟု စာကိုဖွင့်ဖတ်ပြန်လေ၏။

**ဦးချက်ပါ. . .**

ကျွန်တော့်သား မောင်လှသိန်းကို ကျုပ်တို့ကတိထားရင်းစွဲရှိသည့်အတိုင်း တပေါင်းလဆန်း (၃) ရက်နေ့ကို လွှတ်လိုက်မယ်။

ဒီကောင်က တစ်မျိုးဗျ။ အင်မတန်ရှက်တတ်ပြီး အားနာတတ်တယ်နော်. . .။

ကျန်းမာပါစေ။

ဘမြင့်



ယနေ့ပင်ဖြစ်သည်ဟု သေချာသွားသောအခါ. . စောင့်မျှော်ရင်း လမ်းမျှော်နေ၏။ ထိုအခိုက် ဆူမှာထားသော သူရင်းငှားသုံးယောက် ပေါက်လာသဖြင့်. . .

"ဪ. . . မင်းတို့လာကြပလား၊ အတော်ပဲ၊ မောင်လှသိန်းလည်း တော်တော်ကြာရောက်မှာပဲ၊ သူမရောက်ခင် မင်းတို့ကို ငါမှာထားစရာတွေ မှာထားဦးမယ်၊ ထွန်း၊ မင်းကဒီကရပ်ပြီး သူ့ဆီက သေတ္တာတွေဘာတွေဆီးကြို. . . ဝေခွေးခင်းက ထမင်းစားခုံနားမှာနေ ထမင်းတွေဟင်းတွေ ထည့်ပေး၊ မောင်ပုက ဒီနားမှာနေ ထမင်းပွဲကို ယပ်ခတ်ပေး. . .၊ သူ့ကို ငါစကားပြောလို့ ရယ်စရာလေးဘာလေးပါလာရင်- မင်းတို့က ဝါးလုံးကွဲ မရယ်နဲ့၊ မအောင့်နိုင်ရင် လျှာကိုက်ထားနောက်ပြီး ထမင်းစားနေတုန်း မင်းတို့က နှပ်မရှုံ့နဲ့၊ ချောင်းမဆိုးနဲ့ ကြားလား. . "

ဟု ရှည်လျားစွာမှာကြားနေစဉ် လှသိန်း ရောက်လာလေ၏။ ဖိနပ်ချွတ်မှ ခြေသံကြားသဖြင့် ဦးချက်ပါလည်း ကမန်းကတန်း ဆီးကြိုရန် ထွက်သွားလေရာ သူရင်းငှားသုံးယောက်မှာ. . . မိမိတို့အတွက် သတ်မှတ်ထားသောနေရာများကို မေ့သွားကြကာ ဟိုနေရာဟုတ်နိုးနိုး သည်နေရာဟုတ်နိုးနိုးနှင့် ဟိုပြေးသည်ပြေးဖြစ်နေကြလေတော့၏။

လှသိန်းလည်း အိမ်တွင်းသို့ ထမင်းဆိုင်အမှတ်ဖြင့် ဝင်လိုက်ရာ၊ ဝုန်းဝုန်း-ဒုန်းဝုန်းနှင့် ပြေးလွှားနေကြသော သူတစ်စုကိုတွေ့ရသဖြင့် လန့်သွားကာ. . .

"ခင်ဗျားတို့က တိုင်ဦးတမ်းကစားနေကြသလား"

ဟု အော်မေးလိုက်ရာ၊ သူရင်းငှားများလည်း ပြိုင်တူရောက်ရာအရပ်တွင် ရပ်လိုက်ကြလေတော့ရာ . . . သုံးယောက်သား စုပြုံ၍ နောက်ဖေးပေါက်နား၌ လမ်းပေါက်ပိတ်လျက်ရှိကြသည်ကို တွေ့ရလေ၏။

ဦးချက်ပါမှာ ဒေါပွလှသော်လည်း ဧည့်သည်ရှိနေသဖြင့် ဣန္ဒြေဆည်တာ. . .

"ကဲ. . . မောင်ရင်- ဒီမှာထိုင်. . . တော်တော်မောလာမှာပေါ့. . ."

ဟုဆိုကာ ဖျာကိုခင်းပေး၍ ဆေးလိပ်၊ကွမ်းအစ် တည်လေသည်။ လှသိန်းမှာမူ- တော်တော်အပြောချိုသောဈေးသည်ဟုသာ အမှတ်ထားလိုက်၍. . .

"ဟုတ်ကဲ့. . . မောလာတာပေါ့. . . တော်တော်ဝေးတာပဲ"

"မောတယ်ဆိုလို့ ပြောရဦးမယ်၊ ဦးတို့ငယ်ငယ်တုန်းက ဘုန်းကြီးကျောင်းက အပြန်မှာပေါ့. . . စိန်ပန်းသီးတွေက ဂေါ်ရခါးမားကောက်တွေလို မဟုတ်

လား. . . အဲဒါတွေနဲ့ ဆော့ချင်လို့ တက်ခူးကြရော. . .”

“ဂေါ်ရခါးဓားကောက်တွေ ဘာတွေ ဘေးချိတ်ထားစမ်းပါ။ အခုအချိန်ဟာ ဒါတွေပြောနေဖို့မဟုတ်ဘူး။ ထမင်းကိစ္စပြောရမယ်- ဘာဟင်းတွေချက်ထားသလဲ”

ဦးချက်ပါမှာ အလွန်ရှက်တတ်၊ အားနာတတ်သော စကားများကြောင့် မျက်လုံးပြူးသွားရာ- လှသိန်းက. . .

“ဘာပြူးတူးပြတဲ ဖြစ်နေတာလဲဗျ၊ ကျွန်တော် ဟင်းမပါရင် ဘာနဲ့ထမင်းစားမလဲ. . . ဒါကြောင့် ဘာဟင်းချက်သလဲ မေးတာပါ”

“ကျုပ် နောက်ဖေးချောင်မဝင်ဘူး၊ မယ်သက်ချက်တာပဲ”

“ဒါဖြင့် အဲဒီမယ်သက် ခေါ်လိုက်စမ်းပါ”

“ကျုပ်မိန်းမလေ. . .”

“အို. . . ဘာပဲဖြစ်ဖြစ်ပေါ့- ကျွန်တော် ဟင်းတွေမေးချင်လို့ပါ”

“ကျုပ် သွားမေးမယ်လေ”

“ဒါဖြင့်. . . မြန်မြန်လုပ်. . . ဆာလှပြီဗျ”

ဦးချက်ပါမှာ အားနာတတ်သည်ဆိုသော လှသိန်းစကားကြောင့် တွေမရအောင်ဖြစ်သွားကာ. . .

“မောင်ရင့်နာမည် ဘယ်သူလဲ”

“ဩော်. . . ခင်ဗျားတို့ဆီမှာ ဟင်းက နာမည်နဲ့ နေ့နံအလိုက် ထည့်ကျွေးသလား”

“မဟုတ်ပါဘူး- သိချင်လို့ပါ”

“လှသိန်း”

ဦးချက်ပါမှာ ဘာမှပြန်မပြောသာတော့ဘဲ အံ့ဩစွာနှင့်ပင် ဟင်းများသွားမေး၍ ပြန်ထွက်လာကာ “ကြက်သား-ဝမ်းဘဲဥ”ဟု ဖြေလိုက်လေ၏။

“အိပ်ယာကော. . .”

“အဆင်သင့်ရှိပါတယ်”

“ဟာ. . . ဒီလိုနဲ့ဘယ်ရမလဲ၊ ကျွန်တော်ကိုယ်တိုင် လိုက်ကြည့်မယ်”

ဦးချက်ပါမှာ အိပ်ယာလိုက်ပြရပြန်ရာ အိပ်ယာကို တောင်ဘက်သာခေါင်းရင်းထား အိပ်တတ်သည် ဆိုသဖြင့် ရွှေ့ပေးရပြန်လေ၏။

လှသိန်းထွက်သွား၍ အခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့



သောအခါ. . .

“သောက်ကျိုးနဲ့. . . အားနာတတ်ပေလို့သာပဲ. . . အားမျှားမနာတတ်ရင် ငါ့ကို နဖားကြိုးတပ်ပြီး လှည်းဆွဲခိုင်းမလား မသိဘူး”

ဟု ညည်းမိစဉ် အိမ်ရှေ့မှ ‘ဝုန်း-ဝုန်း-ဝုန်း-ဝုန်း’နှင့် ကြမ်းပုတ်နေသံကြားရပြန်သဖြင့် ဓားပြတိုက်သလားဟုလန့်၍ ခဏငိုင်နေမိလေ၏။

အမှန်မှာ လှသိန်းထမင်းဆာလှ၍ ကြမ်းကိုပုတ်လျက် လူခေါ်လိုက်ခြင်းဖြစ်ရာ လူတစ်ယောက်မျှ ပေါ်မလာသောအခါ ထမင်းဆိုင်ရှင်ကြီးကို သွားကြိမ်းဦးမည်ဟု အိပ်ခန်းဘက်သို့ ပြေးထွက်လာလေသည်။ ထိုအချိန်တွင် ဦးချက်ပါမှာ အိမ်ရှေ့ခန်းတွင် လှသိန်းတစ်ယောက်တည်းရှိ၍ အကြောင်းရှိက အခက်ဟု တွေးမိသဖြင့် အခန်းပြင်သို့ထွက်ရန် ခြေတစ်ဘက် လှမ်းလိုက်ရာ ပြေးလာသော လှသိန်း၏ခြေထောက်များအကြားသို့ ခြေထိုးမိရကား. . . လှသိန်းခမျာ စတန့်မင်းသားပမာ ကျွမ်းပြစ်ကျသွားရှာလေ၏။

ဦးချက်ပါမှာ ဘာလုပ်ရမှန်း မသိတော့ဘဲ အူကြောင်ကြောင်နှင့် ရပ်ကြည့်နေစဉ် လှသိန်းသည် ဖုတ်ခါလျက် ရှုံ့မဲ့စွာ ထ,လာရင်း. . .

“နေပါဦး ကျွန်တော့်ကို ဘို-အေ-အေက ဂွမ်ရှိန်မှတ်လို့ ခြေခုတ်တာလား”

“မဟုတ်ပါဘူး၊ အိမ်ရှေ့က ဝုန်းဝုန်းနဲ့ကြားလို့ ထွက်လာတာ မောင်ပြေးလာတာနဲ့ ဆုံလို့ပါ”

“ဝုန်းဝုန်းက ကျွန်တော် ကြမ်းပုတ်နေတာပါ”

“ကြမ်းပိုးကိုက်လို့လား”

“ဘယ်ကလာ ကြမ်းပိုးကိုက်ရမှာလဲ၊ ထမင်းဆာလှလို့ပါ။ ထမင်းဆာလှတဲ့အထဲ ခုလိုကျွမ်းပစ်ရတော့ ဒီအိမ်မှာ ချက်ထားသမျှ ထမင်းဟင်းတွေတော့ အကုန်တွယ်ပစ်မိမှာပဲ”

ထို ‘အားနာတတ်သော’စကားမျိုး ပြောပြီးသည်နောက်၌ကား- ထမင်းပွဲအားဆေးစွာ တည်ခင်းကျွေးမွေးပြီး၍ ဦးချက်ပါတို့လည်း အိပ်ယာဝင်ကုန်ကြလေ၏။

အချိန်မှာ ဆယ်နာရီကျော်ကျော်ခန့် ရှိသေးသဖြင့် လှသိန်းမှာ မအိပ်ချင်သေးရကား စာဖတ်ရန် သေတ္တာကိုဖွင့်လိုက်ရာ ‘ပထမည’ ဟူသော စာအုပ်ကိုတွေ့ရသဖြင့် အံ့အားသင့်သွားမိ၏။

ထို့နောက်မှ ရန်ကုန်က သူငယ်ချင်းများက နောက်၍ထည့်ပေးလိုက်ကြောင်းကို ပထမစာမျက်နှာတွင်ရေးထားသော. . . "ကြင်ယာအရှာထွက်သူ၏ ပန္နယော အကြောင်းအထောက်အပံ့သည် ပောတု ဖြစ်စေသတည်း" ဟူသော စာကြောင်းက ထောက်ခံနေလေသည်။

လှသိန်းသည် စာအုပ်ကို ရှုံ့ရှာသလိုကြည့်ပြီး ခုတင်ပေါ် ပစ်တင်လိုက်၍ အခြားစာအုပ်တစ်အုပ်ကို ထုတ်လိုက်စဉ် အိမ်ရှေ့မှ တံခါးခေါက်သံကြားရသည်။ အိပ်နေသော 'ဆိုင်ရှင်'ကို မနှိုးလို၍ ကိုယ်တိုင်သွားဖွင့်ရာ တေလေကို တွေ့သဖြင့်. . .

"အလို- ခင်ဗျား ဘာလာလုပ်သလဲ"

"ကျွန်တော်လည်း ဒီထမင်းဆိုင်မှာအိပ်တယ်"

တေလေလည်း ပြုံး၍ဖြီးလိုက်ကာ အပေါ်ထပ်အခန်းသို့ တက်သွားမည်ပြုစဉ် စားပွဲပေါ်က 'ပထမည'စာအုပ်ကို တွေ့သဖြင့် လာရောက်ကိုင်တွယ်လှန်ကြည့်ပြီး. . .

"ဒါ- ကိုရင့်စာအုပ်လား"

"ဆိုပါတော့ဗျာ"

"ကျွန်တော့်ကို ရောင်းပါလား"

"အလကားယူသွားပါဗျာ"

တေလေလည်း ကျေးဇူးတင်လှသဖြင့် အိတ်ထဲက စိန်နားကပ်တစ်ရံကို ထုတ်ပေးရာ လှသိန်း အတန်တန်ငြင်းဆန်ပါသော်လည်း- အတင်းပေး၍ ယူထားလိုက်ရလေတော့သည်။

"ခင်ဗျား ဒီနားကပ် ဘယ်ကရသလဲ"

"ကျွန်တော့်ရည်းစားဆီကပါ"

အမှန်မှာ တေလေ- ဤနားကပ်ကို ရေချိုးခန်းထဲက ရလေသည်။ သူ့အမေဒေါ်သက် မေ့ကျန်ရစ်ခဲ့မှန်းသိသော်လည်း ပိုက်ဆံပြတ်က ပေါင်နှံသုံးရန် ယူထားခြင်းဖြစ်၍ အလွယ်တကူ ကျေးဇူးဆပ်လိုက်ခြင်း ဖြစ်လေ၏။

တေလေ အိမ်ပေါ်တက်သွား၍ တစ်ယောက်တည်း ကျန်ရစ်ခဲ့သော အခါ စာဖတ်တော့မည်ဟု စားပေါ်ပေါ်၌ စာအုပ်တင်ကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်မိသည်တွင် စားပွဲပေါ်မှ စာအိတ်တစ်ခုကို တွေ့မြင်မိလေ၏။



**ဦးချက်ပါ။**

**ဆယ်အိမ်ခေါင်း။**

**ပျဉ်းမကုန်းရွာ။**

**ဥက္ကံစာတိုက်။**

**အင်းစိန်ဒီစကြိုက်။**

ဟု လိပ်တပ်ထားသဖြင့် သိလိုဇောဖြင့် ဖွင့်ဖတ်ကြည့်ရာ၊ ဖခင်ကြီးက ဦးချက်ပါထံသို့ ရေးထားမှန်း သိသည်နှင့်တစ်ပြိုင်နက် ဤအိမ်မှာ ဦးချက်ပါအိမ်မှန်း သိသွားလေတော့သည်။

လှသိန်း၏မျက်နှာပေါ်တွင် ရှက်ကြောက်ခြင်း၊ အားနာခြင်းတို့သည် သက်နက်ချ၍ ဝင်ရောက်လာကြလေ၏။

"မဖြစ်ဘူး၊ မနက်ဖြန်မနက် ဒီမျက်နှာတွေ ငါ ဘယ်လိုကြည့်ရမလဲ၊ ပြေးမှ ထွက်ပြေးမှ"

တစ်ယောက်တည်းကြံစည်မိကာ ပြေးရန် စီမံကိန်းရေးဆွဲနေရလေတော့သည်။ အိမ်ရှေ့တံခါးကြီး ဖွင့်ထွက်သွားခဲ့သော် သူခိုးသူဝှက်များ ဝင်ခိုးသွားမည်ကို ကြောက်ရ၏။ အကောင်းဆုံးမှာ ပြတင်းပေါက် အောက်ကလန့်ကို မထိတထိ တင်ခဲ့၍ အပြင်မှ တံခါးရွက် ဆောင့်တွန်းပိတ်ခြင်းသာဖြစ်၏ဟုကြံ၍ ပြတင်းပေါက်တွေလျှောက်ကြည့်ရာ အားလုံး ဘေးတိုက်ကလန့်တွေချည်း ဖြစ်နေသည်ကို တွေ့ရလေ၏။

နောက်ဆုံးတွင် မိမိကိုကျောက်ချသော တေလေကိုပင်နှိုး၍ တံခါးပြန်ပိတ်ရစ်ရန် အကူအညီတောင်းမည်ဟုကြံလျက် အပေါ်ထပ်တက်ကာ နီးရာအခန်းမှ ခြင်ထောင်တစ်ခုကို ဆွဲလှန်လိုက်ရာ မျက်လုံးပြူးသွားမိလေ၏။ အကြောင်းကား တေလေခုတင် မဟုတ်ဘဲ မနှင်းဖြူခုတင် ဖြစ်နေသောကြောင့်ပင် ဖြစ်၏။ ခါတိုင်း တံခါးပိတ် အိပ်သော်လည်း ယနေ့ ချက်ရပြုတ်ရ ပင်ပန်းသောကြောင့် အိပ်ချင်လွန်းသဖြင့် တံခါးမပိတ်မိခြင်းဖြစ်၏။

လှသိန်းလည်း ပြန်ထွက်သွားရန် ခြေလှမ်းပြင်လိုက်စဉ် မနှင်းဖြူခေါင်းရင်းရှိ ပြတင်းပေါက်မှာ မိမိလိုချင်သော ကလန့်မျိုးဖြစ်နေသည်ကို တွေ့ရလေသည်။ ထို့ကြောင့်ပင် တေလေအား နှိုးမနေတော့ဘဲ၊ ပြတင်းပေါက် တံခါးရွက်မှ ကလန့်ကို တွန်းပိတ်လျှင်ကျသွားအောင် တေ့တေ့ကလေးတင်ထား၍ ပြတင်းပေါက်အောက်ဘောင်ကို လက်နှစ်ဘက်နှင့်ကိုင်ဆွဲလျက် တွဲလွဲခိုကြည့်ရာ၊ မြေ

ကြီးနှင့် လူတစ်ရပ်ကျော်ကျော်မျှသာ လိုတော့သည်ကိုတွေ့ရသဖြင့် အားရဝမ်းသာစွာ လွှတ်ချလိုက်ရာ အိမ်ဘေးမှဖြတ်သွားသော ခွေးတစ်ကောင်ပေါ်သို့ ကျသွားလေ၏။ ခွေးလည်း 'ဂိန်'ကနဲအော်ကာ ခြေကုန်သုတ်လေတော့သည်။

လှသိန်းမှာ ခွေးကဲ့သို့ ခြေကုန်မသုတ်နိုင်ရှာသေးပေ။ သူ့တွင် ပြတင်းပေါက်ပြန်ပိတ်ရန် တာဝန်ရှိသေးသဖြင့် ခြံထဲမှ ဝါးလုံးရှည်တစ်ခုဆွဲကာ တံခါးရွက်ကို ဝါးလုံးနှင့်ပြန်ပိတ်လိုက်ရာ အရှိန်လွန်၍ 'ဝုန်း'ကနဲ မြည်ဟီးသွားသဖြင့် မျက်လုံးပြူးကာ ဝါးလုံးကြီးကိုင်လျက် ကြောင်တောင်တောင်ကြီး ရပ်နေမိလေ၏။

ဦးချက်ပါမှာ စောစောက ခွေးအော်သံကြားကတည်းက လန့်နိုးလာရာ ဒေါ်သက်ကိုနှိုး၍. . .

"ဟဲ့ ရှင်မ လူများကပ်သလား၊မသိဘူး"

"ရှင့်နားကိုလား"

"ဘယ်က ငါ့နားကိုရမှာလဲ၊ အိမ်နားကိုပေါ့"

"ဘာကပ်လုပ်ရမှာလဲ"

"ဟဲ့- သူခိုးများလား မသိဘူးလို့ပြောတာ"

"သူခိုး" ဟူသော အသံကြားလိုက်သည်နှင့် တစ်ပြိုင်နက် ဒေါ်သက်မှာ မျက်လုံးပြူးသွားကာ လက်မှာအလိုလို နားရွက်သို့ ရောက်သွားလေရာ နားကပ်များ တောခိုလျက် ရှိသည်ကို တွေ့ရသဖြင့်. . . .

"ယော. . . ကျုပ်နားကပ် ရေချိုးခန်းထဲမှာထင်တယ်၊ လိုက်ခဲ့ပါဦး. . . သွားကြည့်ရအောင်. . ."

ဦးချက်ပါကိုအဖော်ပြုရင်း ရေချိုးခန်းသို့လာကြည့်ရာ နားကပ်ကိုမတွေ့ရသဖြင့် ငိုမဲ့မဲ့ဖြစ်နေစဉ်. . . ဦးချက်ပါမှာ ဘာစိတ်ကူးပေါက်လာသည်မသိ၊ လှသိန်း အိပ်ခန်းသို့ လာကြည့်စဉ်၊ အိမ်ပေါ်ထပ်ပြတင်းပေါက်မှ 'ဝုန်း' ကနဲ ကြားသဖြင့် ပြန်ပြေးလာလေ၏။ ဒေါ်သက်ကို တစ်ဖန်ပြန်အဖော်ပြုရင်း လှသိန်း အခန်းသို့ လာပြန်ရာ လှသိန်း မရှိတော့သည်ကို တွေ့ရသဖြင့်. . .

"ကေန္တ- ဒီကောင်သူခိုးပဲ. . . ဒါနဲ့များ အားနာတတ်သလေး ဘာလေးနဲ့. . . ညနေကတည်းက သောက်စားတွေ တောင်းစားကတည်းက ထင်သားပဲ"

ဟု ဒေါ်ဖောင်းလျက် အိမ်ရှေ့တံခါးကို ပြေးဖွင့်ရန် မင်းတုန်း (သစ်သားချောင်း)ကြီးများကို မ,လိုက်၏။

ထိုအချိန်တွင် မနှင်းဖြူကိုငေါ်နေသော လူပျိုခေါင်းဗိုက်ပူသည် လည်



ပတ်ရာမှပြန်လာရာ လရောင်၌ ဝါးလုံးကြီးထောင်၍ မနှင်းဖြူပြတင်းပေါက်သို့ ပြူးကြောင်ကြောင်ကြည့်နေသော လှသိန်းကို မြင်ရသောအခါ သူခိုးဟူသော အမှတ်ဖြင့် မျက်နှာလို မျက်နှာရ ဖမ်းပေးရန် ဖြည်းညင်းစွာ အနားကပ်လာလေ၏။

လှသိန်းမှာ ပြေးရန်ကိစ္စ သတိရလာပြီ ဖြစ်ရကား ဝါးလုံးကို ပစ်ချ၍ နောက်လှည့်မည်ပြုလိုက်စဉ် နောက်မှနေ၍ ခါးကိုအရှိန်နှင့် ဗိုက်ပူက ဖက်လိုက်သဖြင့် လက်ကားယား ခြေကားယားနှင့် မှောက်ပါသွားလေ၏။ ဗိုက်ပူမှာ လူတလည်း ချိုနဲ့နဲ့ ထန်းရည်ကလည်း သောက်ထားသဖြင့် လှသိန်းကို မနိုင်ဘဲ နှစ်ယောက်စလုံး ပုံကျသွားလေ၏။

လှသိန်းလည်း ပြေးရန်ကုန်းထလိုက်ရာ ဗိုက်ပူကလည်း လိုက်ထ၍ ခါးကို ဆွဲထားကာ-

"ဟဲ့ သူခိုး"

"ကျုပ်သူခိုးမဟုတ်ဘူး၊ ဒီအိမ်ကပဲ. . ."

"ဩော်- ဒီအိမ်က ညညကို အိမ်ရှေ့တံခါးမကြီးတွေ သော့ခတ်ထားလို့ ပြတင်းပေါက်က ဆင်းရသလား"

"ကျုပ် ထန်းရည်ခိုးသောက်မလို့"

"ဘာလုပ်ခြောင်မသောက်တာလဲ"

"ဦးချက်ပါ သိမှာစိုးလို့"

"ဟား-ဟား- သူခိုးပေါ်ပြီ၊ ဦးချက်ပါကိုယ်တိုင်က ထန်းရည် သိပ်ကြိုက်တယ်"

ဗိုက်ပူမှာ သူထင်သည့်အတိုင်း သူခိုးဖြစ်နေချေပြီဟုတွေး၍ ဦးချက်ပါတို့ကိုနှိုးရန် တံခါးခေါက်ရာမှာလည်း လှသိန်းကို ဒရွတ်ဒရွတ်နှင့် ဆွဲသွားလို့မဖြစ်သည့်အတွက် ကြံမိကြံရာ အုတ်ခဲကောက်၍ တံခါးမဆီသို့ ပစ်လိုက်လေသည်။ သူ့အကြံမှာ 'ဒိုင်း'ကနဲ အသံကြားလျှင် ဦးချက်ပါတို့နိုး၍ ထွက်လာမည်ဟု ကြံမိခြင်းဖြစ်၏။

သို့သော် အတွင်းမှာ ဦးချက်ပါသည် တံခါးကိုဖွင့်လိုက်သည် ဖြစ်ရကား အုတ်ခဲမှာ နဖူးသို့ တည့်တည့်မတ်မတ် လာထိသဖြင့် 'အား' ဟုအော်ကာ လက်နှစ်ဘက်နှင့် နဖူးကို အုပ်ထားမိလေ၏။

ဗိုက်ပူလည်း ဤအကြောင်းများကို ဘာမျှမသိဘဲ လှသိန်း၏ ပုဆိုးခါး

ဝတ်ကို 'ဘာတွေထည့်သလဲ' ဟုဆိုကာ လျှောက်စမ်းလေရာ ချက်ကို လက်နှင့် နှိုက်နေသလိုဖြစ်၍ လှသိန်းမှာ ဗိုက်နာချင်သလိုလို ဖြစ်လာကာ. . .

"အာ. . . မလုပ်ပါနဲ့ဗျ"

"ဒါဘာလဲ"

"ဒါလား. . . ချက်ပါဗျ. . . ချက်ပါ"

ဟု ယေဘ်ခွလာက်နီးနီးအသံနှင့် အော်လိုက်ရာ ဦးချက်ပါမှာ သူ့ကို ခေါ်သည်မှတ်၍ နဖူးမှဒဏ်ရာကို သတိမရတော့ဘဲ ပြေးထွက်လာခဲ့လေ၏။

"ငါ့ကို ဘယ်သူခေါ်သလဲ. . ."

"ဟာ- ဦးလေး အတော်ပဲ၊ ဒီမှာ သူခိုး ကျွန်တော် ဖမ်းထားတယ်. . ."

ဟု ဗိုက်ပူက မျက်နှာလိုမျက်နှာရ ပြောလိုက်၍ ဦးချက်ပါမှာ သေသေချာချာကြည့်၍. . .

"အလို- နင်ပါလား"

"ဘာနင်ရမှာလဲဗျ၊ ငှက်ပျောသီးမှ မစားဘဲ"

"လှသိန်းလို့ပြောတာ၊ ဟင်- သူခိုး ထွက်ပြေးလို့ ဘယ်ရမလဲ. . ."

"ထွက်ပြေးတာက ကျွန်တော်ဝန်ခံပါတယ်. . . ဒါပေမဲ့ သူခိုး မဟုတ်ဘူး"

"သူခိုး မဟုတ်ဘဲ အလကားထွက်ပြေးနေရအောင် နင့်နောက်က ခွေး ရှူးလိုက်နေလို့လား"

ဤတွင်မှ လှသိန်းမှာ. . အကြောင်းစုံ ရှင်းပြလိုက်ရာ ဦးချက်ပါမှာ ကျေနပ်သလိုလို ရှိသွားသော်လည်း. . .

"နေပါဦး၊ ငါ့ထိပ်ကို ဘယ်သူ အုတ်ခဲနဲ့ပစ်သလဲ"

"သူ. . . သူ. . . သူပစ်တာ"

လှသိန်းသည် အနီးတွင် အသားယူရန် ရပ်နေသော ဗိုက်ပူကို လက်ညှိုး ထိုးပြလိုက်ရာ ဗိုက်ပူမှာ ငေးနေရာမှ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားလျက်-

"မဟုတ်ပါဘူး၊ ကျွန်တော် ရှင်းပြ. . ."

ဦးချက်ပါမှာ စကားဆုံးအောင်ပင် နားထောင်မနေတော့ဘဲ ခြေနှင့်ကန် လက်သီးနှင့်ထိုးလေရာ ဗိုက်ပူမှာ မြေကြီးပေါ်တွင် နှစ်ပတ်သုံးပတ် လိမ့်သွားပြီး နောက် ထ,ပြေးလေ၏။

ဤအချိန်တွင် ဒေါ်သက်၊ မနှင်းဖြူနှင့် တေလေတို့ပါ ရောက်လာပြီဖြစ်



သဖြင့် လှသိန်းကို မျောက်ဖိုးစိန်ပမာ ဝိုင်းအုံကြည့်နေကြလေရာ လှသိန်းမှာ ရှက်လာသဖြင့် မျက်နှာဘယ်ထားရမှန်းမသိဘဲ ပြုံးဟန်ပြုလိုက်ပြီးနောက် 'ဟာ တုတ်သေးပါဘူး' ဟုကြုံး၍ မျက်နှာပိုးသတ်လိုက်၊ လ,ကိုမော့ကြည့်လိုက် လက် နောက်ပစ်၍ ခေါင်းငုံ့လိုက်နှင့် သူ့ခေါင်းတစ်ခုထဲ အလုပ်ရှုပ်နေလေရာ မနှင်း ဖြူမှာ 'ခစ်' ကနဲ ရယ်လိုက်မိလေသည်။

ထိုစဉ် ဒေါ်သက်က. . .

"ငါ့နားကပ်ကော. . ."

"ကျွန်တော် မသိဘူး"

"သယ်- နင်ယူသွားတယ်မဟုတ်လား. . ."

"နားကပ်တစ်ရံတော့ စားပွဲပေါ်မှာ ထားခဲ့တယ်"

"ဘယ်က ရသလဲ"

"သူပေးတာ"

တေလေကို လက်ညှိုးထိုးပြရင်း ဖြေလိုက်ရာ ဒေါ်သက်သည် တေလေ ဘက်လှည့်၍-

"ဟဲ့. . . နင် ရေချိုးခန်းထဲက. . . ယူတာမဟုတ်ဘူး. . . မဟုတ်လား"

"ဟုတ်လိုက်တာမှ အမေရေ. . . ညနေက. . . အမေ မေ့ကျန်ရစ်ခဲ့လို့ သိမ်းထားတာ. . ."

ပြောပြီးပြီးချင်း တေလေသည် ထွက်ပြေးလေရာ. . . ဒေါ်သက်သည် နောက်မှ ဒေါသတကြီးနှင့် ပြေးလိုက်သွားလေ၏။

လှသိန်း- မနှင်းဖြူ ဦးချက်ပါတို့ သုံးဦးတည်း ကျန်တော့မှ ဦးချက်ပါ က. . .

"ဟား-ဟား- ငှက်မသိတော့ ကျွဲကို ကြမ်းပိုးထင်၊ အချက်မသိတော့ သူ့ရဲကို သူခိုးထင် ဆိုတာမျိုးကျနေတာပေါ့၊ ဟား- ဟား-"

ဟု စကားပုံတလွဲကြီးနှင့် သူ့ဘာသာသူ တစ်ယောက်တည်း သဘောကျ နေလေရာ မနှင်းဖြူမှာ စကားပုံအမှန်ကို သိသော်လည်း မပြင်ပေးရဲချေ။ ရှက် ချေသည်တမုံ့။

လှသိန်းမှာလည်း သဘောပေါက်ကာ မျက်နှာမထားတတ်သဖြင့် လက် နှစ်ဘက်နှင့် အုပ်လိုက်လေသည်။ သို့သော် လရောင်နှင့် ပန်းစားလှသော ညိုပြာညက်ညက် မနှင်းဖြူ၏ မျက်ခွက်ကလေးကို လက်ချောင်းများကြားက

တော်တော်ကြာအောင် စိုက်ကြည့်နေမိသည်မှာမူ အမှန်ပင် ဖြစ်တော့၏။

သွေးသောက်၊ (၁၉၄၉)
ဇူလိုင်လ၊ အမှတ် (၄

□ □ □

## ကျွန်တော် မလွမ်းဘူး

"ဟာ. . . သောက်ဝွတော့ ဖြစ်ကုန်ပြီ. . ."

မငွ်သေးသော စာရေးဆရာပီပီ ပစ္စည်းမရှိ လူတန်းစားဖြစ်သော င်ဝင်းသည် ထီးမပါလာသဖြင့် ကောင်းကင်ကြီးဆီမှ တဖွဲဖွဲ ဆင်းလာသော မိုးပေါက်များကြောင့် ညည်းညူမိရှာလေ၏။

ဝဿန်ဦးနွားသိုးသည် ဖွေ့ဖွေ့ လာလေပြီ။ စောစောက ဖြန်းပက် ဝန်းလျက်ရှိသော နေရောင်တို့ညှတ်နေသည့် နေမင်းကြီးနှင့် မိုးသားများ ဆီးတိုးတမ်းကစားလျက် ရှိလေသည်။

များမကြာမီပင် 'ဗျန်းကန်' ဇလားလွတ်ကျသော ကုလားကဲ့သို့ မိုးမင်း သည် ဖက်ဆစ်ဆန်စွာ သွန်းလောင်းချလိုက်လေရာ တင်ဝင်းခမျာမှာ ဝတ်လာ ာ ပိုးလုံချည်ကလေးကို အပေါင်ဆိုင်က လက်မခံမည်စိုးသဖြင့် ခိုဝင်စရာ ်ကို ရှာမိလေ၏။ ဤသို့ရှာရာတွင် လမ်းဘေးတွင် ရပ်ထားသော ဆလွန်း တစ်စီးကို တွေ့သဖြင့် ဤနေရာထက် လုံခြုံသောနေရာ မရှိဟု ဘာဝအသိ ်ဖြင့် ဆင်ခြင်သုံးသပ်မိရာ ကားကလေးနား ပြေးကပ်သွားမိလေသည်။ ကံ လျော်စွာပင် ကားထဲ၌ လူသူကင်းမဲ့လျက် ရှိသဖြင့် တင်ဝင်းသည် ကပျာ ာ နောက်တံခါးဖွင့်ကာ ဝင်ရောက်ထိုင်ရင်းနေလေတော့၏။ အကယ်၍

ယခု အချိန်တွင်ကား ပိုင်ရှင်ရောက်လာလျှင်လည်း ကောင်းမွန်ချောင်စွာ
ပန်မည်ဟု တင်ဝင်း ကြံစည်ထားလေသည်။ ဒရိုင်ဘာတစ်ယောက်တည်း
သူ့အမြင်မခံ ဘဲ သူခေါ်ရာသို့ မိုးတိတ်သည့်တိုင်အောင် လိုက်သွားမည်ဟု
ကြံစည်မိသဖြင့် ကားထိုင်ခုံပေါ်၌ မထိုင်ဘဲ ခြေဖျားသည့်နေရာတွင် ကုပ်
ကလေး ပုထိုင်နေလေ၏။

ထိုခဏ၌ လျှင်မြန်သော ခြေသံများ ကြားရပြီးနောက် တင်ဝင်းနှင့်
သည့်ဘက်က ကားတံခါးဖွင့်လာကာ လူတစ်ယောက်နှင့် မိန်းမပျိုကလေး
ယောက်ကို တွေ့ရလေသည်။

အချိန်မှာ မှောင်စပျိုးနေပြီ ဖြစ်သော်လည်း မိန်းမပျိုကလေး၏
အမူအရာမှာ ကြောက်လန့်စရာကောင်းသော အန္တရာယ်တစ်ခုနှင့် တိုးနေသည်
တင်ဝင်း အကဲခတ်မိလေ၏။ ထိုအချိန်တွင်ပင် ဒရိုင်ဘာလည်း တက်ရောက်
လေသည်။

"မြန်မြန်တက်၊ သေနတ်နဲ့ ပစ်လိုက်မယ်"

နောက်က ယောကျ်ား၏အသံကြောင့် မိန်းကလေးမှာ လန့်လ
တင်ဝင်းနား၌ ဝင်ရောက်ထိုင်လိုက်လေရာ ခြေသလုံးများနှင့် တင်ဝင်းကို
၍ ငုံ့ကြည့်လိုက်မိသော်လည်း သူ့ရန်သူယောကျ်ားနှင့်အပေါင်းအပါတု
သဖြင့် ဘာတစ်ခွန်းမျှ ပြောဆိုခြင်း မရှိချေ။ မိန်းကလေး၏နောက်မှယော
ကားပေါ်တက်ပြီးသည်နှင့်တစ်ပြိုင်နက် ကားကလေးမှာ တရှူးထိုး 'ဝူးကနဲ'
သွားလေတော့သည်။

အဖြစ်အပျက်များမှာ ရုတ်တရက် လျှင်မြန်လွန်းလှသည် ဖြစ်
တင်ဝင်းမှာ ငေးကြောင်ကြောင်ကြီး ကြည့်နေမိလေသည်။ ထို့ပြင်လည်း
ယောကျ်ား၏လက်ထဲက ခြောက်လုံးပြူးကြောင့် ကားပေါ်တက်မိသည့်ခွင့်
မတောင်းရဲတော့ပေ။ သို့သော် ထိုယောကျ်ားကား တင်ဝင်းကို အလျှင်း
မပြုမိဘဲ မိန်းကလေးကိုသာ တစေ့စေ့ကြည့်ကာ. . .

"ဟေ့. . . ဘယ်လောက်ပဲ မာနကြီးကြီး နောက်ဆုံးတစ်နေ့ကျ
လက်ထဲ ရောက်ရတာပဲ မဟုတ်လားကွ. . ." ဟု အသားယူစွာ ပြောဆို
မိန်းကလေးမှာ ထောင်းကနဲ ဒေါသထွက်လာဟန်ဖြင့်. . .

"နင်က နှမချင်းမစာ ခွေးကျင့်ခွေးကြံ ကြံတာကို. . . လတ္တာနတ်
များ ကြံကြည့်ပါလား၊ ငါနှာ သိနိုင်မှာတောင် မဟုတ်ဘူး. . ."



ယောကျ်ားမှာ ဘာမှပြန်မပြောတော့ဘဲ တဟဲဟဲနှင့် နွားပြာကြီး
ာက်သွားမရှိဖြစ်ကာ မိန်းမပျိုကလေးကိုဖက်၍ ဖြမ်းလိုက်လေရာ မိန်းမပျိုက
းသည် ဖွတ်ရုန်းထွက်လိုက်၍ ထိုင်ငိုလေတော့သည်။

မိန်းမပျိုကလေးဘေး ခြေရင်းတွင် ခွေးငယ်ကလေးကဲ့သို့ ပုနေရသော
င်ဝင်းမှာ ကောင်မလေးကို လက်နက်ပြ၍ ခိုးယူလာကြောင်းကို ရိပ်မိလေရာ၊
းကလေးအပေါ် သနားလာမိလေတော့၏။

သို့နှင့် ယောကျ်ားကြီးကိုသာ မျက်ခြည်မပြတ် ကြည့်နေလေရာ
သေနတ်ကို လက်မှမချသော ထိုလူကြီးသည် နောက်တစ်ကြိမ် မွှေးမွှေးပေးရန်
းမပျိုကလေးကို လှမ်းအဖက်လိုက်တွင် တင်ဝင်းသည် လက်ထဲမှ သေနတ်ကို
တ်တနဲ ဆွဲလုလိုက်လေ၏။ ယောကျ်ားကြီးမှာလည်း ရုတ်တရက် လက်ထဲမှ
သေနတ် အလုခံရသဖြင့် မွှေးမွှေးပေးရမည့်အစား မိန်းကလေးကို မျက်လုံးပြူးကြီး
ငေးကြည့်လိုက်ပြီးမှ နောက်မှ တင်ဝင်းကို တွေ့ရလေသည်၊

တင်ဝင်းသည် သေနတ်ဖြင့်ချိန်ရင်း ကားတံခါးကို ဖွင့်ခိုင်းရာ ထိုလူကြီး
မနေသာတော့သဖြင့် အံကြိတ်ရင်း ကားတံခါးကို ဖွင့်ရလေ၏၊ ကားတံခါး
သွားသည်နှင့်တစ်ပြိုက်နက် တင်ဝင်းသည် သူ့ဖင်ကို ဆောင့်ကန်ချလိုက်ရာ
နှင့်ပြေးနေသော မော်တော်ကားပေါ်မှ ထိုလူဆိုးကြီးမှာ ဒလိမ့်ခေါက်ကွေး
သွားလေတော့၏၊ ဤတွင်မှ တင်ဝင်းသည် မိန်းကလေးကို ကားတံခါးပြန်
တ်ခိုင်းလိုက်ပြီး ဒရိုင်ဘာဘက် သေနတ်ဦးတည့်၍ ကားကိုရပ်ခိုင်းကာ နှစ်
ယောက်သား ဆင်းလိုက်ကြပြီးနောက် ဒရိုင်ဘာကို ကြိမ်းမောင်းမေးမြန်းရာ သူ
းလည်းမဟုတ်ကြောင်း၊ သူ့လူလွှတ်ငှား၍ လိုက်လာရကြောင်း ထွက်ဆိုသဖြင့်-

"ကဲ. . . မင်း ထောင်မကျချင်ရင်. . . ခုချက်ချင်း ပြေးပေတော့"

ဟုပြောလိုက်ရာ ဒရိုင်ဘာမှာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျ
သွားမတတ် (တစ်သားတည်းကျမသွားပါ၊ တစ်သားတည်းဖြစ်လျှင် ကတ္တရာစေး
ပေါ်၌ ဒူးထောက်လျက်ကြီး လဲနေပါလိမ့်မည်) လစ်လေတော့၏။

ယခုအချိန်အထိ မိန်းမပျိုကလေးမှာ ဘာမျှနားမလည်သလိုဖြင့် တင်
းကို မျက်လုံးဝိုင်းကြီးများဖြင့် မော်ကြည့်နေလေသည်၊ တင်ဝင်းမှာ ဤတွင်မှ
ရဲကောင်းအာဇာနည်တစ်ဦး၏ မျက်နှာထားကဲ့သို့လည်းကောင်း၊ ခေါင်းပေါ်
ည့်တည့်ပျံလာသော လေယာဉ်ပျံကိုမြင်ရသော တောသားကဲ့သို့လည်းကောင်း
ခေါင်းမော့မော့နှင့် ခပ်တင်းတင်းဟန်ပေးနေလေ၏၊ အတန်ကြာ ဇက်သောင်း

လာမှ မိန်းမပျိုကိုစိုက်ကြည့်ရင်း မေးလိုက်လေသည်။

"ကိုင်း. . . မင်းအကြောင်းပြောပါဦး"

မိန်းမပျိုမှာ တင်ဝင်း၏ ဝေါ်ရှိန်ကြောင့် လန့်သွားကာ. . .

"ကျွန်မရည်းစားက ကပ်စတန်မှာလုပ်တယ်"

"ဪ. . . စီးကရက်အေးကွင်းလား"

"မဟုတ်ဘူးရှင့်. . . အကောက်ရုံးမှာလုပ်တယ်"

"ဘာလုပ်လဲ"

"စာရေးပါပဲ"

"ငါ ကားပေါ်က ကန်ချလိုက်တဲ့ လူကြီးလား"

"ဘယ်ကဟုတ်ရမှာလဲ"

"ဒါဖြင့် သူက ဘယ်သူလဲ"

"ကိုရှိန်တဲ့"

"ကားပေါ်က ကန်ချခံရတာလေ"

"မဟုတ်ပါဘူး. . . ကျွန်မရည်းစားပါ"

"အို. . . မင်းဟာ ရှုပ်လိုက်တာ အစက စ,ပြောပါ"

"ဖို. . . ရှင်က ပုံပြောနေတယ်များ မှတ်နေသလား"

"ခက်ပါဘိတော့. . . ဒီလိုဖြစ်ပျက်ပုံတွေ အစကို ပြောပါဗျာ. . . သိ လား"

"ဒါဆိုရင်. . . လွန်ခဲ့တဲ့ သုံးလလောက်ကစ,တယ်"

"ဖုက္ခပါပဲ. . . ဒါဖြင့် ငါမေးတာတွေကို မင်းဖြေ. . . တခြားဘာ မပြောနဲ့"

"ကျွန်မကလည်း တစ်ခုမေးချင်တယ်"

"မမေးရဘူး. . . ဒီမှာကြည့်. . . သေနတ်"

တင်ဝင်းလည်း စိတ်ပေါက်ပေါက်နှင့် ခြိမ်းခြောက်လေရာ မိန်းမပျို ထိုင်ငိုလေတော့၏။ တင်ဝင်းမှာ စိတ်ညစ်လာကာ. . .

"တိတ်ပါဗျာ. . . ကျုပ်က ကစားတာပဲဟာ"

"ကစားတာက သေနတ်နဲ့ ကစားရသလားရှင့်"

"ငယ်ငယ်က အကျင့်တွေ မကုန်သေးလို့ဗျ"

"ဒါဖြင့် ရှင် အိပ်ယာထဲ သေးပေါက်တာပေါ့"



တင်ဝင်းမှာ ဘယ်လိုအရူးမကလေးနဲ့များ လာတွေ့နေရပြန်ပြီနည်းဟု တွေးမိကာ သူ့ကိုယ်သူ ဝတ္ထုတစ်ခုမှ ဇာတ်လိုက်ကဲ့သို့ထင်မိ၍ လေ့လော့်ချင်လာ လေသည်။ သို့သော် ကုန်းခေါင်ခေါင်ကြီး လေ့လော့်၍မရသဖြင့် ဤအကြံကို လက်လျှော့လိုက်ရပြီးနောက် ချိုသာချော့မော့စွာ ပြောရပြန်၏။

"ဒါတွေဖယ်ထား. . . မေးတာဖြေပါဦး"

"မေးလေ. . ."

"မေးမယ်. . ."

"မေး. . ဒါထက် ရှင့်နာမည် ဘာခေါ်လဲ"

"တင်ဝင်း"

"ဘာလုပ်သလဲ"

"စာရေးဆရာ"

"အမျိုးသမီးကလောင်ရှင်အဖွဲ့ကလား"

"မဟုတ်ဘူးလေ. . . ကျုပ်ယောက်ျားပဲ. . . ဘာဖြစ်လို့တုန်း"

"ရှင့်နာမည်က မိန်းမနဲ့တူလို့"

"ခဲတာရာတို့၊ မူလကျော်တို့၊ မယ်ပန်းတို့မှ မဟုတ်ဘဲ"

"အသက်ဘယ်လောက်ရှိပြီလဲ"

"အစိတ်၊ အို. . . မင်းချည်းပဲ မေးနေသလား"

မိန်းမပျိုကလေးလည်း ငွေနှားခလောက်သံကလေးနှင့် ရယ်လိုက်ပြီး နောက်. .

"မေ့လို့ပါရှင်. . . ကဲ. . . မေးလေ ကျေးဇူးရှင်ကြီးရဲ့"

"ဟာ. . . ဒီကျေးဇူးရှင်ကြီးရဲ့ကို ဖြုတ်ထားစမ်းပါ။ မသာငိုချင်းနဲ့တူ လွန်းလို့"

"ကဲ- ဒါဖြင့်လည်း မေးလေ. . ."

"မင်းနာမည် ဘယ်သူလဲ"

"သက်သက်"

"မင့်အဖေက ဘယ်သူလဲ"

"ရာဇဝတ်ဝန်ထောက် ဦးထင်ကျော်"

ထို့နောက်-တင်ဝင်းသိရသမျှကား. . . သက်သက်တွင် ကပ်စတန်ရုံးက စာရေးရည်းစားရှိ၍ သူ့အမေက သဘောမတူသဖြင့် ကောလိပ်ကျောင်းသားတစ်

ယောက်နှင့် ပေးစားမည်ဖြစ်၍ ကြားက အခြားသူတစ်ဦးက ကားတင်ပြေးလာရာ လမ်း၌ မိမိက ကယ်ဆယ်လိုက်ရခြင်းတို့ပင် ဖြစ်လေသည်။ တင်ဝင်းနှင့် သက်သက်တို့ ရှင်းလင်းပွဲ ပြုလုပ်ပြီးစီးကြသောအခါ တင်ဝင်းက. . .

"ခု- ဘယ်သွားမလဲ"

"မပြောတတ်ဘူး. . . ကျွန်မရည်းစား ကိုရှိန်ဆီကို လိုက်ပို့ပေးပါလား"

"အဲဒီလူက ဘယ်မှာနေလဲ. . ."

"အခုနပြောပြီးပါပကော၊ ကပ်စတန်ရုံးမှာ လုပ်တယ်လို့. . ."

"အို. . . ညကြီးသန်းခေါင် ဘယ်ရုံးကဖွင့်မှာလဲ၊ သူ့အိမ်မေးတာ"

"သူ့အိမ်တော့ ကျွန်မသေတ္တာထဲမှာ လိပ်စာကျန်ရစ်ခဲ့ပြီ. . ."

"ကိုယ့်ရည်းစားလိပ်စာတောင် အလွတ်မရဘူးလား. . ."

"ခါတိုင်းတော့ စာထည့်ရင် ရုံးကိုချည်း ထည့်တာကိုးရှင့်. . ."

"ဒုက္ခပဲ. . . ကျုပ်အိမ်ကတော့လည်း စာရေးဆရာတွေ စုနေတာဖြစ်တော့ မင်းတို့မိန်းကလေးတွေနဲ့ မတော်ဘူး၊ တော်တော်ကြာ ထရံကြားက ချောင်းချောင်းကြည့်နေကြလိမ့်မယ်. . ."

"ဒါဖြင့် ဘယ်သွားအိပ်ကြမလဲ. . ."

"ဒီအနီးအနားက အိမ်တစ်အိမ်မှာဝင်ပြီး ခွင့်တောင်းအိပ်ရမှာပဲ"

"ဘယ်လိုခွင့်တောင်းမလဲ. . ."

"မင်းသဘောတူရင်တော့ မိန်းမခိုးလာတာ၊ ကားအလုခံရလို့လို့ ပြောရမှာပဲ. . ."

သက်သက်သည် ခဏမျှ တွေဝေသွားပြီးနောက် အခြားလမ်းမရှိတော့သည်နှင့် သဘောတူလိုက်ရလေ၏။ တင်ဝင်းမှာလည်း မိုးအုံ့သောည ဖြစ်သဖြင့် မိမိတို့ ဘယ်နေရာမှာ ရောက်နေသည်ကိုပင် မသိနိုင်တော့ဘဲ နီးရာအိမ်တစ်ဆောင်ကို လိုက်လံရှမ်းသန်း ရှာရလေတော့သည်။

ကံကောင်းထောက်မ၍ မနီးမဝေးတွင် ဆင်ဝင်ဖြင့် အိမ်တစ်ဆောင် တွေ့ကြရလေရာ အသာဝင်သွား၍ တံခါးခေါက်ရလေ၏။ အတန်ကြာသော်လည်း ငြိမ်သက်နေသေးသဖြင့် ထပ်မံခေါက်လိုက်ရာ အထဲမှ မိန်းမသံတစ်သံပေါ် ထွက်လာလေ၏။

"ဘယ်သူလဲ. . ."

"ကျွန်တော်တို့ပါ. . ."



"ဘယ်ကကျွန်တော်တို့လဲ. . ."

"နာမည်ပြောလည်း. . . ခင်ဗျားတို့သိမှာ မဟုတ်ပါဘူး. . . ဒါပေမဲ့ လူကောင်းတွေပါ. . ."

"အလှူခံတွေက ညကြီးသန်းခေါင်ကြီး လာရသလား"

"အလှူခံတွေ မဟုတ်ပါဘူး၊ လူကောင်းတွေပါ"

"ဘာကိစ္စလဲ"

"ဩော်. . . မိန်းမခိုးလာလို့ လမ်းမှာ ကားအလုခံရပြီး အိပ်စရာမရှိလို့ တစ်ညလောက် ခွင့်ပြုစေချင်ပါတယ်"

အထဲမှ 'ဂျောက်'ကနဲ အသံကြားရကာ ဆင်ဝင်အောက်မှ ဓာတ်မီးတစ်လုံးမှာ လင်းလာလေ၏။ တင်ဝင်းနှင့် သက်သက်တို့မှာ မီးရောင်အောက်တွင် ကြောင်တောင်တောင်နှင့် ရပ်နေကြရပြီး တံခါးဖွင့်နိုးနှင့် စောင့်နေစဉ် အထဲမှ တီးတိုးပြောသံကြားရပြီး ယခင်မိန်းမကြီးအသံ ထွက်လာပြန်၏။

"မင်းတို့ကိုတော့ တွေ့ရပြီ၊ ဒါပေမဲ့ လူကောင်းလား လူဆိုးလား မသိဘူး၊ ဒီတော့ အင်္ကျီလုံချည် ချွတ်ဝင်ရမယ်"

"ခင်ဗျာ- မိန်းကလေး ပါတယ်ဗျ"

"ဘာဖြစ်သေးသလဲ၊ မိန်းကလေးက အပေါ်အင်္ကျီချွတ်၊ ဘော်လီနဲ့ ထဘီခါးတောင်းကျိုက်ပြီးဝင်၊ မင်းက ဘန်လောက်လုံချည် အင်္ကျီချွတ် ဘောင်းဘီတိုနဲ့ ဝင်၊ ပါတယ်မဟုတ်လား"

"ကျွန်တော့်မှာတော့ ဘောင်းဘီ ပါတာပေါ့"

တင်ဝင်းနှင့် သက်သက်မှာ ခဏတိုင်ပင်ပြီးနောက် မတတ်နိုင်တော့သည့်အဆုံးတွင် တင်ဝင်း အင်္ကျီလုံချည်ချွတ်၍ ဘောင်းဘီတိုကလေးနှင့် ရပ်နေချိန်ဝယ်. . . သက်သက်မှာ တုန်ရီသောလက်ကလေးများဖြင့် ကြယ်သီးကွင်းတလေးများကို ကိုင်မိရှာလေ၏။

"ရှင် မကြည့်နဲ့"

သက်သက်က ရှက်သလိုပြော၍ တင်ဝင်းမှာ တံခါးရွက်ဘက်ကို မျော်ပေးပြီး လမ်းမဘက်ကြည့်နေရာမှ အထဲသို့ လှမ်းအော်လိုက်ပြန်၏။

"ခင်ဗျားတို့အိမ်ထဲမှာ ယောက်ျား မရှိဘူးလား"

"ဘာဖြစ်လို့လဲ"

"ဟာ မိန်းကလေး ခါးတောင်းကျိုက်နဲ့. . . ယောက်ျားသူစိမ်းရှိရင် ဘယ်

ကောင်းမလဲဗျ"

"ကိစ္စမရှိပါဘူး"

"မရှိဘူးလား"

"တစ်ယောက်တည်းပါ"

"ဘာလဲ. . . အဲဒီတစ်ယောက်က နွားလား၊ ရဟန္တာလားဗျ"

"အကန်းကြီးပါ"

တံခါးပွင့်လာလေ၏။ သက်သက်မှာ အရင်ဝင်သွား၍ တင်ဝင်းမှာ နောက်ပြန်ကြီး ဝင်လာရလေရာ မိမိတို့ အဝတ်ပုံကြီးတွင် စိတ်ရှိလက်ရှိ ရှာနေသော အဒေါ်ကြီးကို တွေ့ရလေသည်။ သက်သက်မှာ တင်ဝင်း မိမိစကားကြောင့် နောက်ပြန်ကြီးလာရသည်မှာ ယနားသလိုလို၊ ရယ်ချင်သလိုလို ဖြစ်နေမိစဉ် တင်ဝင်းနောက်က ခွေးခြေကို မြင်သဖြင့်. . .

"ကိုတင်ဝင်း. . . ခွေးခြေနောက်မှာ"

ဟု အလန့်တကြားအော်လိုက်မှ တင်ဝင်းမှာ ဖင်လှမ်း၍ထိုင်ရန် အကြံရလေတော့သည်။ သို့နှင့် ဖင်ကို မြင့်လိုက်-နိမ့်လိုက် ဟိုဘက် သည်ဘက်ရွှေ့လိုက်နှင့် အတန်ကြာ စမ်းနေရလေရာ အစေခံမိန်းကလေးနှင့် သက်သက်တို့မှာ ရယ်မိကြလေသည်။ သက်သက်တို့အသံကြောင့် တင်ဝင်းမှာ ဒေါ်ပွပွနှင့် ခွေးခြေကို ဖင်စမ်းမိသည်နှင့်တစ်ပြိုင်နက် ဆောင့်ထိုင်ချလိုက်လေရာ သံမှိုတစ်ခုမှာ ထောင်လျက်သား ဖြစ်နေရာက တင်ဝင်း၏တင်ပါးတွင်းသို့ တိုးဝင်သွားရကား "အောင်မယ်လေးဗျ"အော်ကာ ဆတ်ကနဲ ထ,လိုက်မိလေ၏။

အခန်းထဲရှိ အကန်းအဘိုးကြီးမှာ အော်သံကြောင့်လန့်၍ အိမ်ရှေ့ခန်းသို့ ပြေးထွက်လာလေရာ ခွေးခြေရော တင်ဝင်းကိုပါ ခလုတ်တိုက်မိသဖြင့် အဘိုးကြီး၊ တင်ဝင်းနှင့် ခွေးခြေတို့မှာ ကြမ်းပြင်ပေါ်တွင် လုံးထွေးနေကြလေ၏။

တင်ဝင်းမှာ ကုန်းထ,လိုက်သော်လည်း ခြေထောက်တစ်ဘက်မှာ ခွေးခြေ ခြေထောက်များကြားတွင် ရောက်နေ၍ မတ်တတ်မရပ်နိုင်သဖြင့် ခဲခဲယဉ်းယဉ်း ဆွဲထုတ်ရပြီးသည်နှင့်တစ်ပြိုင်နက် အကန်းကြီးက ထောက်ထားသော သူ့လက်ကို ဆွဲထလိုက်ရာ တင်ဝင်းမှာ ကြမ်းပေါ်သို့ ပြန်ကျသွားလေ၏။ အဘိုးကြီးမှာလည်း ဦးတည့်ရာ ကုန်းထ,ပြန်လေရာ ခွေးခြေကြားတွင် ခေါင်းကြီးရောက်နေစဉ် တင်ဝင်းမှာ ပေါင်ကို လှမ်းဆွဲမိသဖြင့် အဘိုးကြီး ဟပ်ထိုးကျရပြန်လေ၏။ ဤသို့ဖြင့် ခွေးခြေ၊ အဘိုးကြီးနှင့် တင်ဝင်းတို့မှာ ကြမ်းပေါ်တွင် သူက အပေါ်ရောက်၊



ငါက အပေါ်ရောက်နှင့် တော်တော်နှင့် မတ်တတ်ရပ်၍ မရနိုင်ကြပေ။

ထိုသို့ဖြစ်နေစဉ်. . . သက်သက်၏အဖေမှာ ကားနံပါတ်ကိုမှတ်၍ ဂိတ်တိုင်လိုက်ရကား ကားကို ပုလိပ်များ တွေ့ရှိကာ ကားမှတစ်ဆင့် ခြေရာခံ၍ အိမ်ပေါက်ဝသို့ ရောက်လာကြလေ၏၊ အိမ်ရှင်အဒေါ်ကြီးမှာလည်း တင်ဝင်းတို့ အဝတ်များကို အထဲသွင်းရာမှ ပုလိပ်များကို မြင်သဖြင့် ကြောင်ကြောင်ကြီး ကြည့်နေမိလေသည်။ သက်သက်မှာ ပုလိပ်များကိုမြင်မှ မိမိတွင် အကျီမရှိသည်ကို သတိရကာ တွေ့ရာလက်သုတ်ပုဝါဖြင့် လည်ပင်းစည်းလိုက်ကာ ရင်ဘတ်အသားပေါ်နေခြင်းကို ကာကွယ်လိုက်သော်လည်း ထဘီခါင်းတောင်းကျိုက်ကို မဖြုတ်မိသေးပေ။

ပုလိပ်များမှာ အပေါက်ဝရောက်ရောက်ချင်း ကြမ်းပြင်ပေါ် ငုံ့ကြည့်မိကြလေရာ တင်ဝင်းလည်ပင်းနားမှ အဘိုးကြီးခြေထောက် ထွက်လာလိုက်၊ အဘိုးကြီးပေါင်ကြားမှ ခွေးခြေ-ခြေထောက်များ ထွက်လာလိုက်၊ ခွေးခြေများကြား တင်ဝင်းလက်တစ်ဘက် ထွက်လာလိုက်၊ တင်ဝင်းပေါင်ကြားမှ အဘိုးကြီးလက်တစ်ဘက် ထွက်လာလိုက်နှင့် ခွေးခြေလေးချောင်း- လူ့ခြေလေးချောင်း လူ့လက်လေးချောင်းတို့မှာ ရောထွေးလိမ်ယှက်ကာ ဖြစ်ချင်တိုင်း ဖြစ်နေသဖြင့် ပုလိပ်များမှာ မူးနောက်နောက် ဖြစ်လာကြလေသည်။ ပုလိပ်တစ်ယောက်ကမူ သူသောက်လာသည်မှာ ရေချိန်လွန်သွား၍ဟုထင်ကာ မျက်စေ့လွှဲလိုက်ရာ၊ ကုလားထိုင်ဘေးတွင်ရပ်နေသော ထဘီခါးတောင်းကျိုက်နှင့် သက်သက်ကို တွေ့သဖြင့် မျက်လုံးပြူးသွားမိလေ၏။ ထို့နောက် ရာဇဝတ်အုပ်ကို လက်တို့၍. . .

"ဆရာ. . . ဟိုမှာကြည့်စမ်း. . . ဟိုမိန်းမ ခြေထောက်နှစ်ဘက်ဟာ ထဘီအပြင် ပေါက်ထွက်နေပါလား"

ရာဇဝတ်အုပ်လည်း ပုလိပ် ညွှန်ပြရာကိုကြည့်ပြီး မျက်လုံးကြီး ပြူးနေမှ သက်သက်တွင် သတိရလာကာ မျက်နှာများ နီမြန်းသွားပြီး ထဘီကို ဖြေချလိုက်ရလေ၏။

ရာဇဝတ်အုပ်မှာ ခေါင်းရှုပ်သွားဟန်ဖြင့်. . .

"ခင်ဗျားတို့ ဘာဖြစ်နေတာလဲ"

ဟုမေးရာ တင်ဝင်းမှာ အနှောင်အဖွဲ့မှ လွတ်ကင်းလာပြီဖြစ်၍ ပုလိပ်နား ထ,လာလေ၏။ အဘိုးကြီးကလည်း အသံကြားရာ ထ,လာရပေရာ ခွေးခြေမှာ ခုံးတွင် တွဲလောင်းကြီးချိတ်လျက် ပါလာလေ၏။ တင်ဝင်းသည် ဘယ်သူမှ

မပြေနိုင်မီ ဉာဏ်ဆင်၍ ပုလိပ်ကို လိမ့်ရလေတော့၏။

"ဒီနှစ် ဒီရက်ကျရင် ဒီလိုလုပ်ရတာပဲ"

"ဘာဖြစ်လို့တုန်း"

"နိုးရာလဗျာ. . . ကျွန်တော်တို့ ဒီလိုခွေးခြေတစ်ခုနဲ့ နှစ်ယောက်နပန်း မသတ်ရင် နတ်ဖမ်းစားတတ်တယ်. . . မဆန်းဘူးလားဟင်"

"ဟို. . . မိန်းမ ခါးတောင်းကျိုက်တာကော ရိုးရာလားဗျာ"

"ဟာ. . . ဒါပေါ့ဗျ သူ- ဒီအချိန်မှာ ခါးတောင်းမကျိုက်ရင် ရူးတောင် သွားနိုင်တယ်"

"အောင်မယ်လေး- ဒါလောက်ပဲလားဗျာ. . . ဒါထက် ဒီအိမ်ကို ဧည့်သည်တွေ မလာဘူးလား"

"ကျုပ်တို့ ဧည့်သည်တွေပေါ့"

"ဘာလာလုပ်သလဲ"

"ခွေးခြေနဲ့ လာနပန်းလုံးတာလေ"

"ဒါဖြင့်- ခင်ဗျားပေါ့၊ ဦးထင်ကျော်သမီး ကားတင်ပြေးတာ"

ဤတွင်မှ တင်ဝင်းမှာ ဘုန်းကြီးအမှု ရွာပတ်လာပြီဟု သိသဖြင့် သက်သက်ဘက်လှည့်၍ အကူအညီတောင်းလိုက်ရာ သက်သက်မှာ ရှေ့ထွက်လာပြီး-

"ကျွန်မပဲ ဦးထင်ကျော်သမီး သက်သက်ဆိုတာ၊ ကျွန်မ ကြိုက်လို့ ကျွန်မ လိုက်လာတာ ရှင်တို့နဲ့ ဘာမှမဆိုင်ဘူး. . . ကျွန်မ အသက်စေ့ပြီ"

ရာဇဝတ်အုပ်ခမျာမှာ ထမီခါးတောင်းကျိုက်ထားကတည်းက အတော် လန့်နေပြီဖြစ်၍ ဘာမျှမပြောတော့ဘဲ ဦးထင်ကျော်ကိုသာ ပြန်အစီရင်ခံရန် ထွက်လာခဲ့ကြလေသည်။

ထိုအခါမှ အိမ်ရှင်အဒေါ်ကြီးလည်း အဝတ်အစားများကို ပြန်ပေးရင်း-

"ဒေါ်ဒေါ်ကို စိတ်လည်းမဆိုးကြနဲ့နော်၊ ကာလကြီးက အဆန်းကျယ် သားမို့ အချိန်မတော်ကြီးမှာ လူတို့ကို မယုံဝံ့ဘူးကွဲ့၊ မင်းတို့ကတော့ ဒီအဒေါ် ကြီးဟာ ဗုဂ္ဂသည်တွေကို ညှင်းဆဲတတ်တယ်လို့ မှတ်နေကြမှာပဲ၊ ဒီလိုမဟုတ်ပါ ဘူးကွယ်၊ ဒေါ်ဒေါ်က စိတ်သဘောထားကောင်းပါတယ်၊ ဟောဒီ- ခြေရင်းခန်းကို သဘောရှိ အသုံးချပေတော့၊ အထဲမှာ ခုတင်တစ်လုံးရှိတယ်၊ ဧည့်သည်လာရင် သုံးဖို့ပဲ၊ တစ်ယောက်အိပ်လည်း မဟုတ်၊ နှစ်ယောက်အိပ်လည်း မရှိ တစ်ယောက် ခွဲစာပေါ့ကွယ်. . . ဟဲ-ဟဲ. . . အဲဒါကို မောင်တို့ လင်မယား အသစ်စက်စက်



စက်တော်ခေါ်ကြပေတော့- ဟဲ-ဟဲ. . ."

အဒေါ်ကြီး ရယ်လေ တင်ဝင်းမှာ မျက်လုံးပြူးလာလေဖြစ်ကာ သက် သက်ကို လှမ်းကြည့်မိလေ၏။ သက်သက်ကမူ တည်ငြိမ်သေဝပ်သော ကျွေဖြင့် ဘာမှမဖြစ်သကဲ့သို့ အဒေါ်ကြီးကို လှမ်းပြောလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်၊ အခုလို ဗုဂ္ဂတွေ့လာတုန်း ကူညီတာ တစ်ညတာကလေးဖြစ်ဖြစ် ကျွန်မတို့ ကျေးဇူးမမေ့ပါဘူး"

တစ်ဖန် တင်ဝင်းဘက်ကိုလှည့်ကာ. . .

"ကဲ- ကိုတင်ဝင်း၊ အင်္ကျီလုံချည်ဝတ်လေ၊ အခန်းထဲသွားမယ်"

တင်ဝင်းမှာ ရင်တွေခုန်၍ အင်္ကျီလုံချည် ဝတ်နေစဉ် သက်သက်မှာ သူ့ပဒုမ္မာအင်္ကျီကလေးကို ဝတ်နေလေသည်။

အခန်းထဲ ရောက်သည်တွင်မှ တင်ဝင်းက သက်သက်ကိုကြည့်ရင်း. . .

"သက်သက်. . . ဘယ်လိုလုပ်မလဲ"

"ဘာဘယ်လိုလုပ်တာလဲ"

"အိပ်ဖို့လေ"

"ခုတင်ပေါ်မှာ အိပ်မှာပေါ့"

"ဗျာ. . ."

"ခုတင်ပေါ်မှာ အိပ်မှာပေါ့"

"ဟာ. . . ဘယ်ဖြစ်မလဲ"

"ဘာလို့မဖြစ်ရမှာလဲရှင့်"

"ခင်ဗျားနဲ့ ကျုပ်နဲ့ဟာ တကယ့်လင်မယားမှ. . ."

"ဩော်. . . ဒါလား. . . ဟဲဟဲ. . . အတွေးယဉ်လှချည်ကလား ကိုယ် တော်၊ ကျွန်မ ခုတင်ပေါ်မှာအိပ်မယ်၊ ရှင်က ဟိုပက်လက်ကုလားထိုင်ပေါ်မှာ အိပ်လို့၊ ဒါပြောတာရှင့်"

ဤတွင်မှ တင်ဝင်းတွင် သဘောပေါက်သွားကာ လုံချည်ချွတ်လိုက်ရာ သက်သက်တွင် မျက်လုံးပြူးသွားရင်း. . .

"ဘာလို့လုံချည်ချွတ်တာလဲ"

"ဩော်. . . ဟောင်းသွားမှာစိုးလို့ပါ၊ ဒီဘောင်းဘီတိုနဲ့ပဲ အိပ်ပါ့မယ်"

သက်သက်မှာ သက်ပြင်းချ၍ ခုတင်ပေါ် လှဲအိပ်လိုက်စဉ် တင်ဝင်း က. . .

"အခန်းတံခါးကို ပိတ်လိုက်ရမလား"

ဟုမေးရာ သက်သက်မှာ ရင်ဖိုသွား၍ ခဏမျှတွေဝေနေမိပြီးမှ. . .

"ပိတ်ထားလေ. . . တော်တော်ကြာ သူတို့ဝင်လာရင် လင်မယား မဟုတ်မှန်း သိသွားဦးမယ်"

တင်ဝင်းသည် တံခါးပိတ်ကာ ပက်လက်ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။ ပက်လက်ကုလားထိုင်မှာ အိမ်တွင်ခိုင်းသည့်ကလေးမက အခန်းဆီးတပ်ရန် တုတ်အလွယ်တကူရှာမတွေ့သဖြင့် တုတ်ဖြတ်ကာ အခန်းဆီးတပ်ထားသည်ဖြစ်ရကား- အရှိန်နှင့် ထိုင်ချလိုက်သည့်တင်ဝင်းမှာ ကြမ်းသို့ဖင်နှင့် ပြင်းထန်စွာ 'ဒုံးကနဲ' ကျရောက်သွားလေ၏။ သက်သက်မှာလည်း လန့်သွား၍ ဝေါက်ကနဲ ထ,ထိုင်စဉ် အိမ်ရှင်အဒေါ်ကြီးက အိမ်ပေါ်ထပ်မှ. . .

"ဘာလဲဟေ့"

ဟု လှမ်းမေးလိုက်ရာ တင်ဝင်းမှာ လွှတ်ကနဲ ထွက်သွားပြီးမှ တကွဲစီအိပ်မှန်း သိသွားမည်စိုးသဖြင့် ကမန်းကတန်း ပြန်အုပ်ရလေတော့၏။

"ပက်လက်. . . အဲ. . . ပက်လက်လှန်အိပ်ရာက ဘေးလှည့်လိုက်ရင်း လိမ့်ကျတာပါ"

တင်ဝင်း၏ လျှင်မြန်သော ဖြတ်ထိုးဉာဏ်ကြောင့် မိန်းမကြီးမှာ သက်ာယနုကင်းသွား၍ သက်သက်မှာလည်း ပြုံးပြုံးကလေးဖြစ်သွားပြီး ပြန်အိပ်လိုက်ရင်း တင်ဝင်းကို လှမ်းပြောလိုက်လေသည်။

"ဩော်. . . ဒါထက်. . . ကိုတင်ဝင်း- မီးမပိတ်နဲ့နော်"

သူ့ရန်ကိုကြောက်၍ သက်သက် ဤသို့ပြောမှန်း- တင်ဝင်းသိသော်လည်း သူ့စကားအတိုင်းပင် မီးပိတ်ရန်မစဉ်းစားဘဲ ပက်လက်ကုလားထိုင် အဝတ်ထဲထိုးသောတုတ်ကိုသာ အခန်းဆီးမှ ဖြုတ်ယူတပ်ဆင်ပြီး ထိုင်ချလိုက်လေသည်။

ခဏကြာလျှင် သက်သက်မှာ ရင်တဖိုဖိုနှင့် မအိပ်ဝံ့-မအိပ်နိုင်ဖြစ်နေသော်လည်း တင်ဝင်းမှာမူ အပူအပင်ကင်းစွာနှင့်ပင်. . . တရှုးရှုး- အိပ်ပျော်သွားလေ၏။ တင်ဝင်းအိပ်သွားပြီမှန်း သိသည်တွင်မှ သက်သက်မှာ ကြိုတင်ကာကွယ်မှုအတွက် ခုတင်ပေါ်မှ ဖြည်းညှင်းစွာဆင်းလာပြီး တွေ့ရာအုန်းဆံကြိုးတစ်ချောင်းဖြင့် အိပ်ပျော်နေသော တင်ဝင်း၏ခြေထောက်တစ်ဖက်ကို ပက်လက်ကုလားထိုင်နှင့် မြဲအောင်ချည်နှောင်ထားပြီးမှ ခြင်ထောင်မရှိသော သူ့ခုတင်ကို ပြန်လာအိပ်လိုက်လေ၏။



သက်သက်၏မိဘများကား ရာဇဝတ်အုပ်၏ ပြောပြချက်အရ စိတ်ပူကာ သက်သက်သည် လူဆိုးကိုကြောက်၍သာ ကြိုက်သည်ဟု ပြောသည်ထင်ကြပြီး လူဆိုးကို မြင်တွေ့လိုက်ရသော သက်သက်အဖေ ဦးထင်ကျော်ကိုယ်တိုင် သူ့မိန်းမ (သက်သက်အမေ)နှင့် လိုက်လာခဲ့လေ၏။

ဒေါက်. . . ဒေါက်. . . ဒေါက်

အအိပ်ကြီးသောတင်ဝင်း မနိုးသကဲ့သို့ပင် သက်သက်မှာလည်း မောန်းလာသည်ဖြစ်သဖြင့် မနိုးရှာပေ။ အိမ်ရှင်မိန်းမကြီးကသာနိုး၍ တံခါးမဖွင့်ခင် ထုံးစံအတိုင်းမေးမြန်းရာ မိန်းကလေး၏ မိဘများဖြစ်ကြောင်း သိသွားသဖြင့် ဖွင့်ပေးလိုက်လေ၏။

ဦးထင်ကျော်တို့အထဲရောက်သောအခါ အိမ်ရှင်အဒေါ်ကြီးက အခန်းတံခါး ခေါက်နှိုးနေစဉ် ဦးထင်ကျော်မှာ မစောင့်နိုင်သဖြင့် ထရံမှ ကျော်ကြည့်ရန် တွယ်တက်နေလေ၏။

အခန်းတံခါးပုတ်သံကြောင့် တံခါးနှင့်နီးသော တင်ဝင်း နိုးလာကာ အသံဗလ နားထောင်နေစဉ်. . ဦးထင်ကျော်တို့အသံနှင့် ထရံကို တွယ်တက်သံကြားသောအခါ သူတို့ကို တက်ကြည့်ကြောင်းကို ရိပ်မိသည်နှင့်တစ်ပြိုင်နက် တကွဲစီအိပ်ကြကြောင်း မသိကြစေခြင်းငှာ သက်သက်ခုတင်နားသို့ ထ,ပြေးလေ၏၊ သို့သော် ခြေထောက်တစ်ဘက်ကို သက်သက်က အုန်းဆံကြိုးဖြင့် ချည်ထားသဖြင့် မြေသို့ဟပ်ထိုးကြီး ကျသွားပြီးမှ ကြိုးကိုပင် ပြန်ဖြေမနေနိုင်ဘဲ အတင်းလျှောက်လာရာ ပက်လက်ကုလားထိုင်ကြီးမှာ ဒရွတ်ဒရွတ်နှင့် နောက်မှပါလာလေသည်။

ခုတင်နားရောက်သည်နှင့်တစ်ပြိုင်နက် ခုတင်ပေါ်တက်၍ သက်သက်ကို လှမ်းဖက်လိုက်ရာ သက်သက်မှာ လန့်လျက်အော်လိုက်လေ၏၊

"အောင်မယ်လေးတော့. . ."

အပြင်မှ သက်သက်၏မိခင်သည် သက်သက်၏အော်သံကြောင့် စိတ်ပူသွားပြီး ထရံစွန်းရောက်နေပြီဖြစ်သော ဦးထင်ကျော်ကို "ဘာမြင်သလဲ မြန်မြန်ပြောစမ်းပါ"ဟု ဆတ်ဆတ်ခုန်ရင်း အော်လိုက်ရာ၊ ဦးထင်ကျော်လည်း အထဲသို့ ခေါင်းမြန်စွာ ကြည့်လိုက်သောအခါ မီးရောင်တွင် ဖက်အိပ်နေသော တင်ဝင်းနှင့် သက်သက်ကို တွေ့ရသဖြင့် ရင်ထဲတွင် ဒိတ်ကနဲ ဖြစ်သွားလေ၏။

"ဟိုက်. . . သောက်ကျိုးနဲ"

အဘိုးကြီး၏စကားကြောင့် အဖွားကြီးမှာ သက်သက် အသတ်များခံရ

၍ လည်ပင်းကြီး ပြတ်နေ၍လောဟု အလီလီအလာလာ လျှောက်တွေးကာ-

"အောင်မယ်လေး သမီးရဲ့. . . "

ဟု တစ်ချက်ငိုလိုက်ပြီး ဘာဖြစ်မှန်းကလည်း သေသေချာချာ မသိ သဖြင့်. . .

"ကိုထင်ကျော် ဘယ်လိုဖြစ်နေလဲ ရှင်ပြောစမ်းပါ"

"ဖက်အိပ်နေကြတယ်ကွဲ့"

"ဩော်. . . ဒါနဲ့များ ရှင်က အလန့်တကြား ကျွန်မက သတ်များသေ လိုက်သလားလို့"

အဘိုးကြီးလည်း ပြန်ဆင်းလာကာ. . .

"ခုမှတော့ မထူးတော့ပါဘူးကွာ. . . "

"ဘာလို့မထူးရမှာလဲရှင့်၊ ကျွန်မသမီးကို လူဆိုးနဲ့ ပေးစားရမှာလား"

"လူဆိုး မဟုတ်ဘူးကွ"

"ကိုယ့်သမီး ကားတင်သွားတာမှ လူဆိုးမဟုတ်ဘူးလား"

"အေးလေ ဒါပေမဲ့. . . "

"ဒါပေမဲ့မနေနဲ့၊ အခုန္တိုးပါ. . . "

"ဟော့. . . နေဦးကွ၊ ဟိုအကောင် မဟုတ်ဘူး. . . "

"ကိုထင်ကျော် ရှင် ဘာအရှုထနေတာလဲ. . . "

"ဘာအရူးထရမှာလဲကွ၊ အခု ဖက်အိပ်နေတဲ့ကောင်က ကားတင်သွား တဲ့ကောင် မဟုတ်ဘူး. . . "

"ဟင်. . . ဟုတ်လား၊ ဒါဖြင့် ဘယ်သူလဲ"

ထိုအတွင်း ပုလိပ်များရောက်လာကာ လူဆိုးကို ကားလမ်းဘေးတွင် တွေ့သဖြင့် စစ်ဆေးကြည့်ရာ တင်ဝင်းက ကယ်လိုက်ကြောင်း ဖြောင့်ချက်ပေး ကြောင်းကို ပြောပြလေရာ အဘိုးကြီးမှာ ဤအခြေကျမှ ကယ်ဆယ်သူနှင့်ပင် ပေးစားရတော့မည်ဟု သဘောထားကာ အိမ်ရှင်အဒေါ်ကြီးကို နံနက်ကျလျှင် ပက်လက်ကုလားထိုင်တွင် ခြေထောက်တစ်ဖက်ချည်ပြီး အိပ်နေသော သားမက် ကို သက်သက်နှင့်အတူ အိမ်လာက ကောင်းမွန်စွာ လက်ထပ်ပေးမည့်အကြောင်း ကို ပြောပြရန် တောင်းပန်၍ ပြန်သွားကြလေ၏။

တင်ဝင်းတို့နှစ်ယောက်မှာ ဦးထင်ကျော်အသံကို အထဲမှ ကောင်းစွာ ကြားရသဖြင့် မျက်လုံးပြူးသွားကြလေသည်။ တင်ဝင်းမှာ ထ,ထိုင်လိုက်ရင်း. . .

"ဘယ်နှယ့်လဲ. . . သက်သက်. . . "

"ဘယ့်နှယ်လဲရမလဲ၊ နက်ဖြန်ခါကျရင် ကျွန်မရည်းစားရုံးကို လိုက်ပို့ ပါ၊ ရှင့်မှ ကျွန်မ မကြိုက်ဘဲ၊ ဒါပေမဲ့ ကျေးဇူးတော့တင်ပါတယ်၊ ခုလောက် နေဆောင်ပြီး ဖက်အိပ်ရတာနဲ့ပဲ ကျေနပ်ပါတော့နော်"

တင်ဝင်းမှာ ဝမ်းနည်းသလိုလိုကြီး ဖြစ်မိသော်လည်း မစားရအညော်ခံ ရမက်ဇာတာ ပါလာသဖြင့် မည်သို့မျှ မတတ်နိုင်ဘဲ ခုတင်ပေါ်မှဆင်းကာ လှမ်းသုံးလှမ်းလှမ်းလိုက်သည်တွင် နောက်မှပက်လက်ကုလားထိုင်ကြီးကြောင့် သပ်ထိုးကြီး ကြမ်းပေါ် ယေဘက်ယောက်နေလေ၏။ သက်သက်လည်း အသံက သားများပင်ထွက်အောင် ရယ်မိပြီး ကြိုးကိုဖြေပေးလိုက်လေသည်။

"ကိုတင်ဝင်းကို အစက မယုံလို့ ဒုက္ခပေးမိတာ. . . စိတ်မဆိုးနဲ့နော်၊ -ကဲ-အခုတော့ယုံပါပြီ၊ ကောင်းကောင်းအိပ်တော့၊ မနက်ကျရင် ကပ်စတန်ကို လိုက်ပို့နော်. . "

တင်ဝင်းမှာ ပုပ်တော့မည့်ဘဲဥကဲ့သို့ ညှိုးမဲသည့်မျက်နှာကြီးဖြင့် ခေါင်း ညိတ်လိုက်ကာ ပက်လက်ကုလားထိုင်ကို ယခင်နေရာ ပြန်ရွှေ့ပြီး ပြန်အိပ်လိုက် သ၏။ သို့သော် အခုနက ဖာတွေ့ထူးကြောင့် တော်တော်နှင့် အိပ်မပျော်ရှာပေ။ တိတ်လွှတ်ရမည်ကလည်း အတပ်သိနေသဖြင့် ရင်ထဲတွင် ဟာတာတာကြီးနှင့် မျက်ရည်များပင် ကျလာလေတော့သည်။

သက်သက်မှာလည်း ရည်းစားပင် ရှိသော်လည်း အတွေ့အကြုံ မရှိ သေးသဖြင့် ရင်ထဲတွင် ဖို-မဓာတ်ကြောင့် ဖြစ်ပေါ်လာသော ခံစားမှုကလေး ကြောင့် တဆတ်ဆတ် ခုန်နေမိကာ တင်ဝင်းကို အသာလှမ်းကြည့်လိုက်ရာ မျက် ရည်များ စီးကျနေသည်ကို တွေ့ရသောအခါ အကြောင်းရင်းကို တွေးမိ၍ သနား သွားလေတော့၏။ သို့သော် ရည်းစားသည် ကိုရှိန်၏မျက်နှာကို မြင်ယောင်ကာ မှာဖောက် အပြောမခံလိုသဖြင့် စိတ်တင်းပြီး အိပ်လိုက်ရလေသည်။

နောက်တစ်နေ့နံနက် ရောက်သောအခါ တင်ဝင်းမှာ သက်သက်ကို ပ်စတန်ရုံးလိုက်ပို့ရပြီး ဝမ်းနည်းစွာနှင့်ပင် အိမ်သို့ပြန်လာခဲ့လေ၏။

အိမ်ရောက်သောအခါ အဖော်စာရေးဆရာများက "ညက ဘယ်သွား သလဲ" ဟု မေးကြသဖြင့် အနာတစ်ခုကို အကြိမ်ကြိမ်ဆွလျှင် ကြာသော် ပေရင်းပြီး သေတတ်သည်ဟူသောမှုကို လက်ကိုင်ထားပြီး ဇာတ်ကြောင်းပြန်ရ သည်။ ဇာတ်ကြောင်းပြန်ခြင်း ပြီးဆုံးသောအခါ စာရေးဖော်များက ဝိုင်း

နောက်ကြလေ၏။

"ဒါက မင်း ရှော်တာကိုးကွ၊ ပိုက်ထဲကငါးကို ရေထဲပြန်လွှတ်လိုက်
သလားကွာ. . ."

"တော်ကွာ- ငါ့မှာ ဗီသဘောထားမျိုး မရှိဘူးကွ၊ ဒီနေ့ကစပြီး ငါ
တင်ဝင်းလို့လည်း မခေါ်နဲ့တော့၊ ဝတ္ထုလည်း မရေးတော့ဘူး၊ သက်သက်ဆိုတဲ့
အသံလည်း မကြားချင်ဘူး"

"နေပါဦးကွ၊ သက်သက်က အဆိုကျော်လား"

"နောက်မနေကြနဲ့ကွာ သူတို့က ဂုဏ်မက်တာကွ၊ ငါတို့လို အလေ
တော စာရေးဆရာ ဘိုင်ခနဲတွေကို ကြိုက်တာမဟုတ်ဘူး၊ ဂုဏ်ရှိတဲ့လူတွေ
ကြိုက်တာကွ၊ တို့ကတော့ အမဲရိုးပါကွာ၊ ဟင်းအိုးကို မော်မကြည့်ဝံ့ဘူး"

"နေပါဦး၊ မင်းက အမဲရိုးဆိုတော့ ခွေးတွေ အိမ်ထဲမဝင်ရအောင် သ
ထားရဦးမှာပေါ့၊ တော်တော်ကြာ မင်းကို ချီသွားဦးမယ်"

တင်ဝင်းမှာ သူတို့ပြောသမျှ ဘာမှမကြားနိုင်တော့ဘဲ ငေးမိငေးမ
ဖေ၍ ပြည်းညင်းစွာ မှတ်ချက်ချလိုက်လေသည်။

"ဪ. . . ဒါကြောင့် မာန်လည်ဆရာတော်က အမိန့်ရှိတာပဲ"

"ဘာလဲ- ငါ ခွမ်းဆောလှူပြီတဲ့လား"

"မယားဟူသည်- ထိုက္ကဋ္ဌိတို့- မရှိမကောင်း- ရှိမကောင်းတည့်. . ."

"မင်းက စာမေးပွဲဖြေမလို့လား"

"မပေါင်းလည်းခက်. . . ပေါင်းလည်းခက်၏. . . တဲ့"

"ဪ. . . စာမရေးတော့ဘဲ ကောက်ညှင်းပေါင်း ရောင်းစားတော့မှ
ကိုး"

"ဖော့လူတွေ- တော်- တော်- ငါစိတ်ညစ်တယ်"

ထိုအတွင်း စာရေးဆရာတစ်ယောက်က ဝတ္ထုရေးနေရာမှ. . .

"ဟေ့လူတွေ- ကျုပ်ဝတ္ထုကို သဘာဝကျရဲ့လား၊ နားထောင်ကြည့်စမ်း
ပါဦး-ဘဘင့်သည် စိတ်ညစ်ညစ်နှင့် အရက်ကို သောက်ချလိုက်ရာ ခါးသ
သက်ကြီး ဝင်သွားသဖြင့်. . ."

တင်ဝင်းသည် ဆတ်ကနဲ ဖြစ်သွားကာ အော်ပြောလိုက်လေသည်။

"ဟေ့- သက်သက်ဆိုတာ မကြားချင်ဘူး"

ထိုစာရေးဆရာမှာ အားနာသွား၍. . .



"ဒါကို ငါ သက်သက်ပြောတာ မဟုတ်ပါဘူးကွာ"

"ဟောလုပ်ပြန်ပြီ"

"ဟာ- မေ့သွားလို့ပါကွာ၊ အသက်သေရစေရဲ့ မေ့သွားလို့ပါ"

"ဟော- အသက်တဲ့၊ တော်ကွာ- ငါ မင်းတို့နဲ့ မနေချင်တော့ဘူး၊ အခေါ်
အိမ်သွားနေတော့မယ်"

တင်ဝင်းလည်း ဒေါကြီးမောကြီးဖြင့် အိမ်ပြောင်းသွားလေရာ စာရေး
ဆရာအဖော်များမှာ လွမ်းခန်းတွေ ဤမျှလောက် ရေးနေသူတစ်ဦးမှာ ကိုယ်တိုင်
အလွမ်းနှင့်တွေ့သောအခါ ကလောင်စီမံသလို ကံက မစီမံကြောင်းတို့သိရပြီး
ဝမ်းနည်းသလိုလို ရယ်ချင်သလိုလို ဖြစ်သွားကြလေ၏။

သက်သက်နှင့် သူ့ရည်းစား ကိုရှိန်တို့မှာ ပျော်ရွှင်ကြတော့မလို ဖြစ်ပြီးမှ
ကိုရှိန် သူ့အဒေါ်အိမ်သွား၍ လက်ထပ်တော့မည့် သတို့သမီးပုံပြသည်တွင် ကိုးရိုး
ကားရား ဖြစ်သွားလေ၏။ ကိုရှိန်၏အဒေါ်မှာ သက်သက်တို့ ညသွားအိပ်သော
အိမ်ရှင်အဒေါ်ကြီးဖြစ်၍ ထိုနေ့ညက သက်သက်နှင့် တင်ဝင်း ဖက်အိပ်ကြကြောင်း
ပြောပြလိုက်ရာ ကိုရှိန်မှာ သက်သက်ကို မုန်းသွားလေတော့သည်။ သက်သက်
အတန်တန်ရှင်းပြသည်ကိုပင် နားမထောင်တော့ဘဲ ရှိုင်းပျစွာ 'မြွေဟောက်မ'ဟု
ခေါ်လိုက်သဖြင့် သက်သက်မှာ အကြီးအကျယ် မုန်းသွားလေ၏။ လူကိုတွင်မုန်း
သည်မဟုတ်- သက်သက်ကို တင်ဝင်း ရှုံးသို့လိုက်ပို့စဉ်က ကိုရှိန်နှင့်တွေ့တွေ့ချင်း
ပြောသော ကိုရှိန့်စကားများကိုပါ မုန်းသွားမိလေသည်။

သက်သက်နှင့် ကွဲနေ၍ ထမင်းမစား ဟင်းမစားဖြစ်ပုံ၊ သက်သက်ကို
အလွန်သတိရပုံ၊ အလွန်လွမ်းဆွေးသွားပုံတို့ ဖြစ်လေသည်။

သက်သက်မှာ ဤအချိန်တွင်မှ တင်ဝင်းကို သတိရလာလေသည်။ ဟို
ညက- တင်ဝင်း ငိုနေပုံနှင့် ယောက်ျားပီပီ သစ္စာရှိပုံများကို တွေးမိကာ မစွမ်းရင်း
ကလည်းရှိ ဖွန်းကြီးနှဲ့လည်းငြိ ဖြစ်သွားမိလေ၏။

သို့သော် တင်ဝင်းပါးစပ်က သူမုန်းလှသော သုံးခွန်းသော စကားများတို
ထွက်ဘ တင်ဝင်းလည်း သစ္စာမရှိဟု ယူဆမည်ဖြစ်၍ မယ်သီလရင်ဘဝသို့ကူး
ရန် သို့မဟုတ် 'အချစ်ရှာဖွေသူ' စာရေးဆရာကြီးထံ စာရေး၍ အကြံဉာဏ်
တောင်းရန် ဆုံးဖြတ်မိလေသည်။

သို့ဖြင့် တင်ဝင်း၏အိမ်ကို စုံစမ်းရာ မှဂ္ဂဇင်းတိုက်တစ်ထိုက်မှ ညွှန်ကြား
ချက်အရ စာရေးဆရာများ စုနေသောအိမ်ကို ရောက်လာလေ၏။

"ဒီမှာ- ကိုတင်ဝင်း မရှိဘူးလား"

"မရှိဘူးဗျ၊ သူ့အဒေါ်အိမ် ပြောင်းသွားပြီ"

သက်သက်လည်း ငိုင်တိုင်တိုင် ဖြစ်သွားလေရာ ထိုစာရေးဆရာမှာ 'သက်သက်' ဟု ရိပ်မိ၍-

"ကျွန်တော် လိုက်ပို့ပါ့မယ်"

"ရှင်က ဘယ်သူတုန်း"

"ကျွန်တော်က စာရေးဆရာလင်ပန်းပါပဲ"

"ဘယ့်နှယ်နာမည်လဲရှင့်"

"ဩော်. . . စာပေလောကမှာ နာမည်တွေ ပေါလွန်းလို့ တချို့စာရေးဆရာတွေရဲ့အမည်ကို ဆင်တူရိုးမှား မှည့်ရတာပေါ့ဗျာ၊ ရောယောင်ပြီး နာမည်ကျော်မလားလို့"

'လိုက်ပို့ရင်တော့ ကျေးဇူးပါပဲ၊ နောက်ပြီးတော့ တစ်ခုဆောင်ကြဉ်းပေးပါဦး"

"လုပ်ပေးပါ့မယ်ဗျာ၊ ဘာလုပ်ပေးရမလဲဆိုတာသာ ပြောပါ"

"ကိုတင်ဝင်းကို ရှင်က အခန်းထဲခေါ်ပြီး စကားသုံးခွန်း မေးရမယ်၊ သူ ဒီစကားတွေနဲ့လွဲတဲ့ အဖြေပေးရင်တော့. . . သူ့ကံကောင်းမှာပေါ့လေ၊ ကျွန်မက အပြင်က နားထောင်နေမယ်"

စာရေးဆရာလင်ပန်းလည်း သက်သက် သင်ကြားသမျှ မှတ်သားကာ တင်ဝင်း၏အဒေါ်အိမ်သို့ လိုက်ပို့ရာ တင်ဝင်း၏အဒေါ်က. . .

"ဟော ဟိုအခန်းထဲမှာ မင်းသူငယ်ချင်း"

ဟုဆို၍ လက်ဖက်ရည်ဖျော်ရန် နောက်ဖေးဘက်သို့ ထွက်သွားလေရာ အခန်းထဲသို့ လင်ပန်းတစ်ယောက်တည်း ဝင်သွားပြီး သက်သက်ကမူ အခန်းဝဘေးမှ အသာနားထောင်နေလေ၏။

"ဟာ- သူငယ်ချင်း. . . လာ- လာ-"

"မင်းကိုငါ သုံးခွန်းသောစကားမေးမယ်"

"ရှုပ်မနေစမ်းပါနဲ့ကွာ အရေးထဲမှာ. . . "

"မင်း ထမင်းမစားဘူးလား"

"ဟာ- ငါ ထမင်းမစားလို့ ချေးစားရမှာလား"

လင်ပန်းမှာ ရင်ထဲက တဒိတ်ဒိတ်နှင့် မေးနေရရာ တင်ဝင်း အဖြေကြားရမှ "အင်း- တစ်ထစ်တော့ ကျော်သွားပြီ" ဟုတွေး၍ ဝမ်းသာသွားမိလေသည်။



"သက်သက်ကို သတိရသေးသလား"

တင်ဝင်းမှာ သက်သက်ကြောင့်ပင် လွမ်းနေသူ ဖြစ်သဖြင့် အကြောင်းသိလျက်နှင့်မေးသော လင်ပန်းကို ဒေါသထွက်မိကာ ငေါ့ပြောလိုက်လေ၏။

"မရဘူး. . . မေ့နေပြီ. . . မေ့နေပြီ. . . "

"သက်သက်ကို လွမ်းသေးသလား"

ဤနေရာသို့ ရောက်သောအခါ တင်ဝင်းမှာ ရှေးဖြစ်ဟောင်းများကို ပြန်လည်စမြုံ့ပြန်မိပြီး ဝမ်းနည်းလာသဖြင့် မျက်ရည်များ စီးကျလာလေ၏။

"သူငယ်ချင်း. . . မင်း မေးရက်တယ်ကွာ၊ သက်သက်ကို လွမ်းသေးသလားတဲ့၊ အဟီး- ဆင်ဖြူရှင်တရဖျာ့တောင် ရှူးရသေးတာ၊ ငါ့လိုကောင်တော့ ရွတ်- မသေတာ ကံကောင်းကွ- အဟီး- ဩော် သက်သက်- သက်သက်- တသက်သက်ကယ်သွေမည်လို့ မေတာကယ်စိမ်း- သေလွယ်ငြိမ်းလိမ့်ထင့်. . ."

ဘောလယ်ကိုပင် ဆက်လက်သီဆိုမြည်တမ်းနေတော့သဖြင့် လင်ပန်းမှာ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ကပျာကယာ စာရွက်တစ်ရွက်တွင် ရေးပြရလေ၏။

တင်ဝင်းမှာ လင်ပန်း ဘာလုပ်မှန်း မသိသဖြင့် နားမလည်သလိုနှင့် စာကိုဖတ်ကြည့်လေသည်။

ဟေ့ကောင်. . .

သက်သက် အပေါက်ဝနားမှာရှိတယ်။ မင်း သူ့ကို မလွမ်းဘူးဆိုရင် မင်း ကံကောင်းမယ်တဲ့။

တင်ဝင်းမှာ ကပျာကယာ ပြောလက်စ စကားများကို လိုက်အုပ်ရလေတော့၏။

"သေလွယ်မှ-ငြိမ်းမယ်ထင့်. . . နွဲ့ယိမ်းနွဲ့ယိုင်. . . ဆိုတဲ့ဘောလယ်များ ငါဆိုမယ်လို့ မင်းထင်သလား၊ ထွီ- ထွေးလိုက်လေ. . . ငါက သက်သက်ကို သတိတစ်ခါတလေ မတော့်တဆ အမှတ်တမဲ့ တစ်ရံတစ်ဆစ်"

"အောယ်မယ်လေးဟ- ပြောပါမြန်မြန်- ဒါဝတ္ထုရေးနေတာမဟုတ်ဘူး"

"သတိရတာတောင် သက်သက်ရေ. . . ကျွန်တော် မလွမ်းဘူး. . . ကျွန်တော် မလွမ်းဘူး. . . လို့ အော်မိသေးတာပဲကွာ"

အခန်းဝမှ သက်သက်လည်း- ပြုံးရွှင်သွားကာ အခန်းထဲသို့ ဝင်လာပြီး လွယ်ထားသော လွယ်အိတ်ငယ်ကလေးထဲက ခြောက်လုံးပြူးကိုထုတ်ကာ. . .

"သက်သက်ကတော့ ကိုတင်ဝင်းကို အောက်မေ့မိတိုင်း ဒီသေနတ်က လေးထုတ်ကြည့်ပြီး အလွမ်းဖြေနေရတော့တာပဲ၊ ဟိုနေ့ညက သေနတ် မရတော့ ဖေဖေ့သေနတ် ယူထားပြီး ကိုယ်နဲ့မကွာအောင် ဆောင်ထားရတာပဲ"

တင်ဝင်းမှာ. . . သက်သက်ကို မြင်သည့်တွင် ဝမ်းအသာကြီးသာကာ သေနတ်ပြောင်း မိမိဘက်သို့ လှည့်နေသည်ကိုပင် ဂရုမပြုနိုင်တော့ဘဲ စားပွဲခုံနား တွင် ထိုင်နေရာမှ သက်သက်ထံ ပြေးဖက်ရန် အားရပါးရ ဆောင့်ထလိုက်မိလေ၏။

ဒိုင်း. . . ။

စားပွဲခုံပေါ်တွင်ကား ရဲရဲတောက်၍ ပလုံစီနေလေတော့သတည်း။

□

"ဟော့-ကြပ်၊ မင်းဝတ္ထုက ရယ်စရာဆိုပြီး လွမ်းခန်းနဲ့ အဆုံးသတ်ထား ပါကလား"

"တပည့် လ၀- သင် သချာစွာရှုလော့၊ လွမ်းခန်းမဟုတ်"

"ကောင်မလေးက သေနတ်နဲ့ပစ်တာ မဟုတ်လား၊ ဒါမှမဟုတ်ရင် ကျည်ဆန်ထွက်သွားလို့ ဖြစ်ရမယ်"

"သေနတ်ထဲမှာ ကျည်ဆန်မှ မရှိဘဲ ကိုရင်ရာ. . ."

"ဒါဖြင့် ဒိုင်းဆိုတာက ဘာလဲ"

"တင်ဝင်း ထလိုက်တော့ တင်ပါးရိုးနဲ့ စားပွဲစောင်းနဲ့ တိုက်မိတာလေ"

"စားပွဲပေါ်က ရဲရဲတောက်ပြီး ပလုံစီနေတာကကော. . ."

"မှင်နီအိုး မှောက်သွားတာလေ. . ."

"တင်ဝင်းနဲ့ သက်သက်ကကော. . ."

"ပြန်ပေါင်းထုပ်မိတဲ့ ချစ်သူတို့ပီပီ နှုတ်ဆက်ကြတာပေါ့ဗျာ. . ."

"နှုတ်ချင်းဆက်တာလား. . ."

"ဒါပေါ့. . ."

"ကြွပ်ရှပ်ပဲ. . ."



[အချို့စာပိုဒ်များ အခိုးခံရသော စာရေးဆရာများသည် 'ကော်ပီရိုက်'- အတွက် စကားများလိုလျှင် စာရေးဆရာအသင်းကြီးကို တိုင်ကြားနိုင်ပါသည်။]

သွေးသောက်၊ (၁၉၄၉) ခု၊
စက်တင်ဘာလ၊ အမှတ် (၄၄)။

□ □ □

## ခွေးပျက်တဲ့ပူးစာ

(၁)

ဆုငွေ. . . . (၃၀၀) ကျပ်

အညိုနှင့် အဖြူရောင်ကြား၊ အမွေးစုတ်ဖွားခွေးတစ်ကောင် ပျောက်ဆုံးသွားပါသည်။ နှာခေါင်းနီ၍ ညာဘက်မျက်စိပေါ်တွင် အဖြူကွက်ကလေးပါသည်။ သူ့အမည်မှာ ဘော်ဘီဖြစ်သော်လည်း သူ့အမည် သူမမှတ်မိသေးပါ။ ထိုခွေးကလေးကို အောက်ပါနေအိမ်သို့ ပို့ပေးနိုင်သူအား ဆုငွေ သုံးရာတိတိ ချီးမြှင့်မည်ဖြစ်ပါကြောင်း။

ရုတ်တရက်ဆိုသော် ဤမျှလောက် ဆုငွေပေးရလောက်အောင် မည်မျှအဖိုးတန်သောခွေး ဖြစ်သနည်းဟု တွေးထင်စဉ်းစားစရာ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် အထက်ပါကြော်ငြာရှင် ဆရာမ မနှင်းမြအဖို့မှာမူ ငွေသုံးရာ အနည်းလေးတန်လှပါ၏။ သို့သော် ခွေးက တန်သည်မဟုတ်၊ သူ့အဒေါ်က တန်ခြင်းမျှသာဖြစ်လေသည်။ ။ ရှင်းအုံ. . .

မနှင်းမြ၏နေအိမ်သို့ အဒေါ်ဖြစ်သူ ဒေါ်ဦး ရောက်ရှိသည်မှာ (၃)ရက်မျှသာကြာသေးသည်။ ဒေါ်ဦးမှာ တောင်ကြီး ယောက်ျားဆုံး၍ တူမအိမ် ပြောင်းလာခဲ့ခြင်းဖြစ်၏။ သူ့တူမကို သိပ်ချစ်သကဲ့သို့ပင် တူမဖြစ်သူကလည်း အလွန်ကြင်နာလှလေသည်။



ယောက်ျား ဆုံးပြီးကတည်းက ဒေါ်ဦးမှာ အခြားသံယောဇဉ် မရှိတော့သော်လည်း အိမ်တွင်မွေးသော တိရိစ္ဆာန်ကလေးများကို ချစ်တတ်လာခဲ့၏။ အထူးသဖြင့် မြို့သို့ပြောင်းလာခါနီးမှ လက်ဆောင်ရလာသော ဘော်ဘီခေါ် ခွေးကလေးကို အလွန်အမင်း မြတ်နိုးလှလေသည်။ သူ့ယောက်ျား ဆုံးတတည်းက စိတ်မှာကယောင်ချောက်ချားဖြစ်နေရာ ဤခွေးကလေးနှင့် ကစားနေရသဖြင့်သာ သက်သာနေခြင်းဖြစ်၍၊ ဤခွေးကလေး ပျောက်ဆုံးခဲ့လျှင် ရူးသွားနိုင်သည်ဟု မနှင်းမြ တွက်ထားမိပြီး ဖြစ်လေသည်။

ထိုခွေးကလေးနှင့်အတူ 'တော်မီ' ဆိုသော ခွေးကလေးတစ်ကောင် ပါလာခဲ့သေးသော်လည်း 'တော်မီ' မှာ မနှင်းမြအိမ်အရောက်တွင် သေဆုံးသွားခဲ့လေရာ ဒေါ်ဦး၏သံယောဇဉ်မှာ ဘော်ဘီတစ်ကောင်ထဲပေါ်တွင် စုပုံကျရောက်သွားလေတော့သည်။

သို့သော် ကံကြမ္မာ၏ မိုက်ကန်းမှုကြောင့် မနေ့နံနက်က ခွေးကို ရေချိုးပေးပြီး၍ လည်ပတ်နှင့် သံကြိုးကိုဖြည်ကာ အိမ်ရှေ့မြက်ခင်းပေါ်တွင် ကစားနေဆဲတွင် ဘော်ဘီသည် ဒေါ်ဦး၏အလစ်၌ မျှော်မှန်းရမ်းဆ တမ်းတ၍ မရနိုင်သော အရပ်တစ်ခုဆီသို့ ခြေဦးလှည့်သွားခဲ့လေသည်။ ထိုနေ့ညနေတွင် ဒေါ်ဦးမှာ ထမင်းမစားနိုင် ဟင်းမစားနိုင်နှင့် ငိုင်တည်း ငိုင်နေလေတော့သည်။

ဤတွင် ဆရာမကလေး မနှင်းမြမှာ ကြာလျှင် ချစ်လှစွာသောအဒေါ် ရူးသွားမည်စိုးသဖြင့် ချက်ချင်းပင် သတင်းစာတိုက်များသို့ သွားရောက်၍ ကြော်ငြာများ ထည့်လိုက်သဖြင့် ယနေ့ပါလာခြင်း ဖြစ်လေသည်။

ကျောင်းဆရာမပီပီ၊ အသက် (၂၃) နှစ်တိုင်အောင် အိမ်ထောင်မကျသေးဘဲရှိနေသော မနှင်းမြမှာ အိပ်ယာကထ အလုပ်အပ မြင်ပြီး၍ လက်ဖက်ရည်ခန်းထဲ၌အထိုင်တွင် မယ်ရွှေ ယူလာသော သတင်းစာကိုဖြန့်၍ ကြော်ငြာပါ မပါ ကြည့်လိုက်လေ၏။

ကြော်ငြာကို တွေ့သောအခါမှ ပြုံးလိုက်၍ "ဒေါ်ဒေါ်နိုးမှ ဝမ်းသာသွားအောင် ပြလိုက်ဦးမယ်၊ သတင်းစာထဲမှာ ကြော်ငြာရင် မြန်မြန်ပြန်တွေ့မှာပေါ့ ကြည့်ပါလား. . . တခြားလူတွေကြော်ငြာတာ တွေ့ကုန်ကြလို့ ဆက်မကြော်ငြာတာပေါ့" ဟု သူ့ကိုယ်သူ ဆင်ခြေဆင်လက် သက်သေသက်ကန်တွေပေးကာ လက်ဖက်ရည်ကို ငုံ့ထည့်လိုက်လေသည်။

ထို့နောက် သောက်တော့မည်ဟု ပန်းကန်ကို ပါးစပ်နားတွင် ထေ့လိုက်

ပြီးမှ "အို. . . ခုချက်ချင်း နှိုးပြရရင်ကောင်းမှာပဲ" ဟု အကြံပေါ်လာကာ လက်ဖက်ရည်ပန်းကန်ကို ကမန်းကတန်း စားပွဲပေါ် ပြန်ချထားလိုက်၍ အိမ်ပေါ်ထပ်သို့ အပြေးကလေး တက်လာခဲ့လေ၏။

ဒေါ်ဦး အိပ်သောအခန်းထဲသို့ ခန်းဆီးမ,ဝင်သွားရာတွင်မှ ဒေါ်ဦးအိပ်ယာတွင် ဟင်းလင်းကြီး တွေ့ရသည်တွင် ရင်ထဲတွင် ဒိတ်ကနဲ ဖြစ်သွားကာ ခေါင်းရင်းကပွင့်နေသော ပြတင်းပေါက်နားသို့ ကပ်သွားမိလေတော့သည်။ ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်သောအခါတွင်မှ တွဲလောင်းကြီးကျနေသော ကြိုးကြီးတစ်ချောင်းကို တွေ့ရလေသည်။

အဖွားကြီးကား အိမ်အောက်ကို အထဲမှဆင်း၍ အပြင်ထွက်လျှင် သူတူမ ရိပ်မိမည်စိုး၍ ဤကဲ့သို့ ပြတင်းပေါက်မှ စွန့်စွန့်စားစား ခက်ခက်ခဲခဲ ပြေးခြင်းဖြစ်၏။ ဤကဲ့သို့ အိမ်မှထွက်ပြေးကြောင်းကို သိရသော မနှင်းမြမှာ သူ့အဒေါ်သည် အချစ်ဆုံးခွေးကလေး ပျောက်သွား၍ ရူးသွားမြို့ ဖြစ်ကြောင်းကို တစ်ထစ်ချ တွက်ယူမိပြီးလေ၏။

သို့နှင့် အချိန်ကို ကြာရှည်ဖြုန်းမနေတော့ဘဲ ဂါတ်လည်းတိုင်၊ သတင်းစာတိုက်များသို့လည်းသွား၍ မနေ့က ခွေးကလေးပျောက်ကြော်ငြာကို ဆက်ထည့်ရန်နှင့် လူပျောက်ကြော်ငြာကိုပါ ထပ်ထည့်ရပြန်လေတော့သည်။

□

(၂)

ပိုးလုံချည်အနက်ကွက်၊ နှံသာရောင်ရှပ်အင်္ကျီ၊ အပြင်အင်္ကျီအနက်ဝတ်ထားသော အသားဖြူဖြူချောချော လူတစ်ယောက်သည် အညိုနှင့်အဖြူရောင်ကြား၊ ပါးစပ်တွင် အဝတ်ဖြင့်စည်းပတ်ထားသော အမွေးစုတ်ဖွားခွေးတစ်ကောင်ကိုပိုက်၍ ယောင်ချာယောင်ချာဖြင့် မနှင်းမြ၏အိမ်ဝင်းဝသို့ ရောက်လာလေ၏။

အိမ်နံပါတ်ကို လှမ်းကြည့်ပြီး အိတ်ထဲမှ သတင်းစာဖြတ်ပိုင်းကလေးကို ထုတ်၍တိုက်ကြည့်လိုက်ကာ၊ ခြံထဲသို့ ဝင်လာလေ၏။ အိမ်ပေါက်ဝမှ အထဲဧည့်ခန်းသို့ လှမ်းကြည့်ပါသော်လည်း လူတစ်ဦးတစ်ယောက်မျှ မတွေ့ရသဖြင့်-

"ဒီမှာခင်ဗျာ- ခွေးရောက်လာပြီ" ဟု အော်လိုက်ပြီးမှ သူ့စကားသူ



တွေးမိကာ "လူပါ-ပါလာတယ်" ဟု ဆက်အော်လိုက်လေ၏။

အတွင်းဘက်မှ မနှင်းမြလည်း လှုံ့ကြား၍ ထွက်လာရာ ထိုလူကိုသည်နှင့်တစ်ပြိုင်နက် "ဟင်. . . ဘော်ဘီပါလား" ဟု အော်လိုက်ရာ ထိုလူ ရှုံ့မဲ့သွား၍ "လူပါ-ပါလာပါတယ်" ဟု ထပ်ပြောလိုက်လေ၏။

ထိုအခါမှ မနှင်းမြလည်း ပြုံးလိုက်ကာ "ဟုတ်ကဲ့ လူနာမည် မသိလို့ နာမည် ခေါ်လိုက်ရတာပါ" ဟု ပြောလိုက်ရာ ထိုလူ၏ရှုံ့လက်စမျက်နှာမှာ ပြုံ့သွားပြီး၊ ဝမ်းနုတ်ဆေး စားလာမိခဲ့သော ကျောင်းခန်းထဲဝင်ကာစ ကထိကနှာမျိုး ဖြစ်သွားလေတော့သည်။

သို့သော် ထိုသူ ဘာမျှမပြောနိုင်ခင်ပင် မနှင်းမြက ဆက်လက်၍. . .

"ခွေးကိုရှာလိုက်ရတာ တော်တော်တော့ မောမှာပဲနော်" ဟု မေးလိုက်ခြင်း ထိုလူမှာ ရှုံ့မဲ့ရာက မျက်နှာထား ကြည်လင်သွားကာ-

"ဟာ. . . မရှာရပါဘူး၊ အိမ်နားမှာ ရစ်သီရစ်သီ လာလုပ်နေတုန်း ကြော်ငြာတွေ့လို့ ကူညီရအောင် လာခဲ့တာပါပဲ" ဟု ဖြေလိုက်လေ၏။ အမှန်မှာ (၃၀၀) လိုချင်လှ၍ တမင်တကာ တစ်မြို့လုံး လိုက်လံရှာဖွေခဲ့သည် ဖြစ်လည်း၊ ငွေ (၃၀၀) ကို ငမ်းငမ်းတက် လိုချင်သည်ဟု အထင်သေးသွားမည်ကြောက်၍ လိမ်လိုက်ခြင်းဖြစ်၏။

ထို့နောက် ဒူးထောက်၍ "ခွေးက ပြန်ပြန်ကိုက်လို့ ပါးစပ်ပိတ်ထားရသယ်" ဟုပြောရင်း ပါးစပ်မှ အဝတ်များကို ဖြည်မည်ပြုရာ မနှင်းမြက. . .

"ဟာ. . မဖြည်နဲ့. . . ကျွန်မကိုလည်း ကိုက်မှာပဲ၊ သူ့သခင်လောက် သူက မှတ်မိတာ" ဟု ပြောလိုက်သဖြင့် ထိုလူမှာ ဖော့အားသင့်သောမျက်နှာ မနှင်းမြကို မော်ကြည့်လိုက်၍. . .

"သူ့သခင်က ခင်ဗျား မဟုတ်ရင် ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

ထိုသို့မေးလိုက်သည်နှင့်တစ်ပြိုင်နက် မနှင်းမြ၏မျက်နှာကလေးမှာ နှစ်သွားသော ကြေးပန်းအိုးကြီးကဲ့သို့ မဲ့၍လာပြီး ချက်ချင်းပင် မျက်နှာကိုလက်အုပ်ကာ တရှုံ့ရှုံ့ ငိုလေတော့သည်။

ခွေးဖမ်းခဲ့သောလူမှာလည်း ခွေးသခင်ကိုမေးလိုက်ရုံနှင့် ဤမျှလောက်နည်းရခြင်းမှာ ခွေးသခင်သည် ဤမိန်းမ၏ သေဆုံးသွားသောယောကျ်ားရမည်ဟု တွက်လိုက်ကာ အားနာစကား ပြောကြားလေသည်။

"အို. . ဝမ်းနည်းပါတယ်ခင်ဗျာ၊ ဒါ ခင်ဗျားယောကျ်ားရဲ့ခွေးဆိုရင်. ."

မနှင်းမြသည် ထိုလူ၏စကားကြောင့် ဆတ်ကနဲ မော်ကြည့်ကာ-

"ယောက်ျား မဟုတ်ဘူး၊ မိန်းမရှင့် မိန်းမ"

"ဪ. . . ခင်ဗျားမိန်းမရဲ့ခွေးဆိုရင်"

"ဘယ်လိုလူပါလိမ့်. . . ကျွန်မအဒေါ်ရဲ့ခွေးရှင့်"

"ဪ. . ."

"ဘာ-အခုမှအော်လဲ"

"စောစောတုန်းကအော်ရင် အရှုံးဖြစ်မှာပေါ့၊ ဒါထက် ခင်ဗျားမိန်း အဲလေ. . . ခင်ဗျားအဒေါ်ဆိုးတာ ဘယ်လောက်ကြာပြီလဲ"

"အို. . . ရှင် ဘယ်လိုလူစားလဲ"

"ပစ္စည်းမဲ့- အဲလေ. . . လူလတ်တန်းစားလေ"

"ကွန်မြူနစ် ထင်ပါရဲ့၊ ကျွန်မအဒေါ် မသေဘူး၊ အို ကျွန်မ ပြော မယ်၊ ဒီခွေးကို ချည်ထားဖို့ ဟိုအခန်းထဲကို လိုက်ခဲ့"

မနှင်းမြလည်း ရှေ့ကနေ၍ အခန်းတစ်ခုထဲသို့ ဝင်သွားရာ ထိုလူက လည်း နောက်မှလိုက်သွားလေ၏။ အခန်းထဲသို့ရောက်၍ မနှင်းမြ လှည့်ကြည့် လိုက်သောအခါ ထိုလူမှာ ခွေးကို ခေါ်မလာဘဲ တစ်ယောက်တည်း လိုက်လာ ကြောင်းကို တွေ့ရ၍. . .

"ဒါက ဘာလုပ်တာလဲ"

"နို- အခန်းထဲကို လိုက်ခဲ့ဆို"

"အို. . . ခွေးကို ခေါ်မလာလို့- ဘာကိုချည်ထားရမလဲရှင့်"

ဤတွင်မှ ထိုလူမှာ ထွက်သွားသဖြင့် မနှင်းမြမှာ ဘယ်လိုလူစားလဲဟု နောက်မှ ငေးကြည့်နေမိလေသည်။ ခွေးကို ခေါ်ခဲ့၍ အိမ်မှာကျန်ရစ်ခဲ့သော လည်ပတ်ကိုဖွပ်ပြီး သံကြိုးနှင့် တိုင်တွင်ချည်လျက် ပါးစပ်မှ အဝတ်များ ဖြည်ပစ် နေစဉ်၊ ထိုလူမှာ တစ်ဖက်တိုင်က သံကြိုးနှင့် လည်ပတ်တစ်ခုကိုတွေ့၍. . .

"ဪ. . . လက်စသတ်တော့ ခွေးနှစ်ကောင်ကိုး"

"အိမ်ကို လာတာလား"

"ဘယ်ကဟုတ်ရမှာလဲ၊ ဒီအိမ်မှာရှိတာ"

ဤတွင်မှ မနှင်းမြလည်း သူကြည့်ရာသို့ လိုက်ကြည့်မိပြီး "ဪ. . . ဟိုဟာက တော်မီဆိုတဲ့ခွေးရဲ့ကြိုးလေ၊ တော်မီက သေသွားပြီ"ဟု ဖြေပြီး "လာ သွားကြမယ်" ဟုဆိုကာ အခန်းထဲမှ နှစ်ယောက်သား ထွက်လာကြရာ ဧည့်ခန်း



င်ထိုင်နေသော လူတစ်ယောက်ကို တွေ့ရသဖြင့် နှစ်ယောက်စလုံး 'တင်းတန်' င်တူအံ့ဩသွားမိကြလေသည်။

အကြောင်းကား၊ ထိုလူ၏လက်ထဲတွင်လည်း အဖြူနှင့် အညိုရောင် သော အမွေးစုတ်ဖွားနှင့် ပါးစပ်တွင် ကြိုးများစည်းထားသော ခွေးတစ်ကောင်ကို တွေ့ရသောကြောင့် ဖြစ်လေ၏။

ထိုခွေးကို ယူလာသောသူကား ပထမလာသူကဲ့သို့ မဟုတ်ဘဲ- သွက် က်ချက်ချာပုံရ၍ မျက်နှာထားမှာလည်း ပြုံးနေလေသည်။

"ကျွန်တော့်နာမည်က သိန်းလှိုင်လေ၊ ဒီခွေးကို တော်တော်ပင်ပင်ပန်း ဖမ်းခဲ့ရတာပေါ့"

မနှင်းမြမှာ အဆင်တူလှသော ခွေးနှစ်ကောင်၏ ဖြစ်ပုံကို အလွန်အံ့ဩ င်းက "ဟင်. . . နှစ်ကောင် ဖြစ်နေပြီ" ဟု အော်လိုက်ရာ၊ သိန်းလှိုင်မှာ ထိုသည်သည် လှည့်ကြည့်မိရင်း "ဘယ်မှာလဲ တစ်ကောင်က" ဟု မေးလိုက်ရာ၊ သုံးရာ လက်လွတ်အောင် လာရှုပ်သူဟု အငြိုးထားနေသော ပထမလူက လားထိုင်ပေါ်မှာလေ" ဟု ဖြေလိုက်ရာ၊ သိန်းလှိုင်မှာ ထိုလူကိုကြည့်ရင်း အောင်သွားမိသော်လည်း ငွေ (၁၀၀) မျက်နှာကြောင့် ခပ်ပြုံးပြုံးပင် နေလိုက်လေ သည်။

မနှင်းမြက ပထမလူကို တစ်ချက်ကြည့်ပြီး "ဒါထက် နာမည်က ဘယ် " ဟု မေးလိုက်ရာ နှစ်ယောက်စလုံးက တစ်ပြိုင်နက် ဖြေကြလေသည်။

"သိန်းလှိုင်"

"ဉာဏ်ဝင်း"

ထိုအခါ မနှင်းမြက သိန်းလှိုင်ကို လက်ညှိုးထိုးပြ၍ "ကျွန်မ မေးတုန်းက ကို မေးတာပါ၊ ဒါပေမဲ့ ခုတော့ နှစ်ယောက်စလုံးကို သိရပါပြီလေ၊ ကဲ ဒီရှုပ် နေတဲ့ကိစ္စကို ကျွန်မတော့ မရှင်းတတ်ဘူး၊ ခွေးရှင်လာအောင် စောင့်ကြရ မ့်မယ်" ဟုပြောရာ သိန်းလှိုင်မှာ နားမလည်သလို. . .

"ဘာများရှုပ်ထွေးနေလို့လဲ"

"ခွေးနှစ်ကောင် ဖြစ်နေတယ်၊ ဒီအသွေး၊ ဒီအဆင်မျိုးပဲ သူယူလာ ယ်"

မနှင်းမြက ဉာဏ်ဝင်းကို မေးငေါ့၍ ပြောပြရာ သိန်းလှိုင်မှာ ဉာဏ်ဝင်း ကြည့်ပြီး. . .

“ကျုပ်က ခွေးထီးဗျ”

“ဘာ. . . ခင်ဗျားကခွေးထီး”

“အို. . . ကျုပ်ခွေးက ခွေးထီးလို့ပြောတာ”

“ကျုပ်ခွေးကလည်း ခွေးထီးပါပဲဗျာ”

“ကျုပ်ခွေးက မျက်စိမှာ အဖြူကွက်နဲ့”

“ကျုပ်ခွေးကလည်း ထိုနည်းငှင်းပဲဗျို့”

“ကျုပ်ခွေးက ဟောင်တယ်”

“ဘယ်ခွေးက စိန်ခြူးကြာညောင် ဆိုသလဲဗျ၊ ခွေးတိုင်း ဟောင်တာပေ

မနှင်းမြလည်း ပြုံးလိုက်ကာ “အို- ရှင်တို့ကလည်း သိုပ်စကားများ

တာပဲ၊ ကဲ-ကိုသိန်းလှိုင် ခွေးကို ခေါ်ခဲ့ပါ၊ ဟိုအခန်းထဲမှာ အတော်ပဲ ကြိုးပိုထ

ချောင်းရှိတယ်၊ ကြိုးလေးတွေကော၊ လည်ပတ်ကလေးတွေကော၊ အရောင်အသွေ

ကော ဆင်တူဖြစ်သွားကြတာပေါ့လေ” ဟု ပြောလိုက်ကာ ခွေးနှစ်ကောင်

မနီးမဝေးစီ ချည်ထားပြီး ဧည့်ခန်းသို့ ပြန်လာကြကာ ထိုင်မိကြမှ၊ မနှင်းမြ

သူ့အဒေါ်အကြောင်း စကား စ,ပြောလေ၏။

■

(၃)

“အဲ. . . ဒါပဲ၊ အခု ခွေးနှစ်ကောင် ဖြစ်နေပြီ၊ ရှင်တို့ ကျွန်မအဒေ

ပြန်လာတဲ့အထိ ဒီအိမ်မှာ နေမလား”

ဉာဏ်ဝင်း ဘာမျှဝင်မပြောခင် သိန်းလှိုင်က ပြောလိုက်လေသည်

“ကျွန်တော်တော့ စောင့်မှာပဲ”

သိန်းလှိုင်က မနှင်းမြ အပျိုမှန်း သိသွားကတည်းက ငွေသုံးရာထ

မနှင်းမြကို ပိုမက်သွားလေ၏။

“ကျုပ်လည်း စောင့်မှာပဲ”

“ဒါဖြင့် ရှင်တို့အပေါ်အင်္ကျီတွေ- ဘလေဇာတွေ ချွတ်ထားဦးလေ

ကျွန်မအိမ်မှာ ယောကျ်ားမရှိတော့ လဲစရာအဝတ်အစားတော့ မရှိဘူး”

မနှင်းမြစကားအဆုံးတွင် ဉာဏ်ဝင်းနှင့် သိန်းလှိုင်တို့ နှစ်ဦးစလုံး



“ဟာ. . . နေပါစေဗျာ”ဟုဆိုကာ ဘယ်သူမျှ အင်္ကျီမချွတ်ကြပေ။

ဉာဏ်ဝင်း အပေါ်အင်္ကျီမချွတ်ခြင်းကား ဘိုင်ကျသော်လည်း၊ လူအထင်ကြီးအောင် ပိုးရှပ်အင်္ကျီကို အပ်ချုပ်သမား အသိတစ်ယောက်ထံ၌ အပေါ်အင်္ကျီဝတ်လျှင် ပေါ်နေမည့်နေရာလေးလောက်သာ ရွေး၍ချုပ်ပြီး ကျန်နေရာများမှာ ဖျဉ်ကြမ်းသာလျှင် ချုပ်ထားသောကြောင့် ဖြစ်၏။

သိန်းလှိုင်မှာလည်း ဉာဏ်ဝင်းနှင့် ပိန်မသာလိန်မသာဖြစ်၍ အထဲကစွပ်ကျယ်ကို ဝတ်ထားကာ အပေါ်က ရှပ်အင်္ကျီကော်လာပါ တွဲချုပ်ထားသော ဘလေဇာကုတ်ကို ဝတ်ထားသည် ဖြစ်သောကြောင့် အိုက်စပ်စပ်နှင့်ပင် မချွတ်ဝံ့ခြင်း ဖြစ်လေသည်။

“ဒါထက် ကိုသိန်းလှိုင်က ဘယ်မှာနေသလဲ”

“ကျွန်တော်က မိုးကောင်းမှာလေ”

ရန်ကုန်ထဲတွင် နေသည်ဖြစ်သော်လည်း အိမ်တွင် အဝတ်အစားယူနိုင်းမည်စိုး၍ ဖြီးလိုက်ရလေသည်။ ထို့အတူ ရန်ကုန်ထဲကပင်ဖြစ်သော ဉာဏ်ဝင်းကလည်း. . .

“ကျွန်တော်က မန္တလေးမှာနေတယ်”

ဤဝါကျများမှစ၍ မနှင်းမြကို ဂေါ်နေကြသောနှစ်ယောက်မှာ တစ်ယောက်ထက်တစ်ယောက် စကားလုပြောကြလေတော့သည်။ သိန်းလှိုင်က. . .

“ကျွန်တော့်အဖေက ကျောက်တွင်းသူဌေးလေ”

“ကျွန်တော့်အဖေက ကုန်သည်ပေမယ့် မြန်မာမီလျှံနာပေါ့”

“ကျွန်တော့်အဘိုးက ပြောဖူးတယ်၊ ကျွန်တော်တို့ဟာ သီပေါဘုရင်ရဲ့ဆွေတော်မျိုးတော်တဲ့”

“ကျွန်တော့်အဘိုးက အင်္ဂလိပ်လေ- ကာနယ်စလေဒင်ရဲ့သားပေါ့”

“ကျွန်တော့်ဦးလေးက ဂျပန်သွားပြီး ဂျပန်မ ယူလာတယ်လေ၊ ဂျင်နရယ်တိုဂျိုရဲ့နှမပေါ့”

“ကျွန်တော့်အဒေါ်က မော်စီတုန်းရဲ့ညီမလေး”

မနှင်းမြမှာ အရူးနှစ်ယောက်ဟု စိတ်ကထင်မိသော်လည်း၊ သူတို့တိုနှင်ချလျှင် ခွေးတွေပါ-ပါကုန်မည်ဖြစ်သဖြင့် သူ့အဒေါ်ကို ပြန်တွေ့ခဲ့သော် ခွေးမှန်ကို မမြင်ရဘဲ အရှုံးမပျောက်ဘဲ ဖြစ်နေမည်ကိုစိုးသဖြင့် အောင့်အည်းလတ်ခံထားရလေ၏။

"ဒါထက် ကိုဉာဏ်ဝင်းက ဘယ်နှစ်တန်းက ကျောင်းထွက်သလဲ"

"ဟာ. . . ကျွန်တော်လား. . . ကျွန်တော်. . . ဘီအေ"

"ကျွန်တော်က အမ်အေပေါ့"

"ကျွန်တော့်စကား မဆုံးသေးပါဘူး၊ ကျွန်တော်က ဘီအေအောင်ပြီး သုံးနှစ်ကြာတော့ အမ်အေအောင်တယ်"

"ကျွန်တော်လည်း စကားမဆုံးသေးပါဘူး၊ အမ်အေအောင်ပြီး ဇက်အေအောင်တယ်လေ"

ဤတွင် မနှင်းမြမှာ "ဇက်အေ" ဟူသော ဒီကရီကို မကြားဖူးသဖြင့် "ဘာလဲရှင့်. . . ဇက်အေဆိုတာ" ဟု မေးလိုက်ရာ သိန်းလှိုင်က ပြန်မဖြေခင် ဉာဏ်ဝင်းက ကြားကဝင်၍-

"ဇက်အေဆိုတာ ဇီးဘရား အကဒ်ဒမီပေါ့ဗျာ" ဟု ပြောလိုက်၍ သိန်းလှိုင်မှာ ရှုံ့မဲ့သွားကာ-

"ဘယ်ကဟုတ်ရမှာလဲဗျ ဇက်ဆိုတာ အဲ ဇက်ဆိုတာ. . . ဟိုဟာလေ ဇက်ဆိုတာ. . ."

"ဇက်ဆိုတာ ဂုတ်လေ"

"ဘယ်ကဟုတ်ရမှာလဲ၊ ဇက်ဆိုတာ ဇင်းနစ်သ်ပေါ့"

"ကျွန်မ သိသလောက်တော့ ဇင်းနစ်သ်ဆိုတာ ကွန်ပျူစ်ဘောက်စ်ပဲ တဲ့ရှင်- လက်ဖက်ရည်သောက်ကြပါဦး၊ ကျွန်မအဒေါ်တော့ ဘယ်နေ့ဘယ်ရက်မှ ပြန်လာမယ် မသိဘူး၊ ဒီကြားထဲမှာ ရှင်တို့က ဖွဲ့ကောင်းကောင်းနဲ့ စောင့်ပေါ့ရှင်၊ တူပြီးလည်း ဒေါ်ဒေါ့်ကို ရှာပေးကြဦး"

ဤတွင် လောကြီးသော ဉာဏ်ဝင်းမှာ စကားပေးမှားသွားလေ၏။

"ဒါပေါ့ဗျာ. . . ကိုယ်က လိုချင်တာကိုး စောင့်ပေါ့"

ငွေ (၃၀၀) ကို လိုချင်လျှင်လည်း အထင်သေးခံရမည်၊ မနှင်းမြကို လိုချင်လျှင် ရိုက်ခံရမည်ကိုသိသော သိန်းလှိုင်က အချက်ကောင်းယူကာ မေးလိုက်လေ၏။

"ဘာလိုချင်တာလဲဗျ"

"ဟင်- ဟိုဟာလေ. . . ဘယ်သူဟာ ခွေးပိုင်ရှင်အစစ်လဲဆိုတဲ့ အဖြေကို လိုချင်တာပေါ့ဗျ"

ဉာဏ်ဝင်း၏ ဉာဏ်ကလေးက ကူလိုက်သဖြင့် သိန်းလှိုင်မှာ အောင့်



သက်သက်နှင့်ပင် လက်ဖက်ရည်ခန်းထဲသို့ လိုက်သွားလေတော့သည်။

နေ့လည်ဘက်တွင် မနှင်းမြသည် သူတို့နှစ်ယောက်ကို ဘေးချင်းယှဉ်လျက် အခန်းတစ်ခုစီပေးထားပြီးပြီဖြစ်သဖြင့်၊ ညဘက်သို့ ရောက်လာသောအခါတွင် မူကား ကိုယ့်အခန်းထဲတွင် ကိုယ်နေကြလေ၏။

သိန်းလှိုင်မှာ 'ဆရာမှုကိုလည်း ချစ်မိပြီ' ဖြစ်နေရကား နေ့ခင်းကတည်းက မျက်စိကျနေသော အခန်းဝမှ မနှင်းမြ၏ဓာတ်ပုံကို အသာဖြုတ်ယူခဲ့၍ အခန်းထဲသို့ ဝင်ခဲ့၏။ အခန်းတံခါးကို သေသေချာချာပိတ်ကာ ဘလေဇာကိုချွတ်လိုက်ပြီး ခုတင်ပေါ်တွင် ပက်လက်လှန်လျက် ဓာတ်ပုံကို စိုက်ကြည့်နေလေသည်။

ဉာဏ်ဝင်းအဖို့တွင်လည်း ထူးမခြားနားဖြစ်ကား၊ အခန်းအပြင်က အခြားမနှင်းမြ၏ဓာတ်ပုံတစ်ခုကို အခန်းထဲသို့ ယူထားပြီးဖြစ်၍ တံခါးကို သေသေချာချာပိတ်ပြီး အပေါ်အင်္ကျီကို ချွတ်လိုက်လေ၏။ ထို့နောက်တွင်ကား ကော်လံမပါသော ဖျင်ကြမ်းအင်္ကျီကြားကြီးနှင့် ဓာတ်ပုံကို ကြည့်နေလေရာ ဆပ်ကပ်ထဲက လူပျက်ကြီးနှင့် တူနေလေ၏။

ည- ဆယ့်တစ်နာရီခွဲခန့်ရှိသောအခါ ဉာဏ်ဝင်းမှာ နောက်ဖေးထွက်ချင်၍ အပေါ်အင်္ကျီ ပြန်ဝတ်ကာ အခန်းထဲမှ ထွက်လာခဲ့လေ၏။ နောက်ဖေးထွက်ရာလမ်းမှာ သူတို့အခန်းနှစ်ခု၏ အလယ်တွင်ရှိသည်ဖြစ်၍ တစ်ဘက်ခန်းက မီးရောင်ကို တွေ့ရသည်တွင် "ဒီအကောင် မအိပ်သေးပါလား"ဟုတွေးမိပြီး တံခါးသော့ပေါက်မှ ချောင်းကြည့်လိုက်ရာ ခုတင်ပေါ်တွင် ပက်လက်လှန်၍ မနှင်းမြ၏ဓာတ်ပုံကြည့်နေသော သိန်းလှိုင်ကို တွေ့ရာ. . .

"ဒီကောင်လည်း ဒီလိုပါပဲကလား" ဟု တွေးမိလေ၏။

နောက်ဖေးထွက်ပြီး၍ ပြန်လာသောအခါတွင်လည်း ဉာဏ်ဝင်းသည် အိပ်ယာထဲလှဲ၍ မနှင်းမြ၏ဓာတ်ပုံကို ကြည့်လျက်ပင် ရှိသေး၏။

ဤအချိန်တွင် နောက်ဖေးထွက်လာသော သိန်းလှိုင်မှာ ဉာဏ်ဝင်းကဲ့သို့ပင် မီးရောင်ကြောင့် ချောင်းကြည့်မိရာ ဉာဏ်ဝင်း၏ မိမိနှင့်တူသောအဖြစ်ကို မြင်ရသောအခါ စိတ်ထဲတွင် မနာလိုဖြစ်မိကာ တစ်စုံတစ်ခုကို အကြံယူနေသကဲ့သို့ တွေဝေနေလေ၏။

ထို့နောက် တံခါးကို ဖြည်းညင်းစွာခေါက်လျက် တံခါးကြားမှ လေသံဖြင့် "ဟေ့. . . ကိုဉာဏ်ဝင်း"ဟု ခေါ်လိုက်ရာ ဉာဏ်ဝင်းမှာ လန့်၍ထ,ခုန်လိုက်ရာ

လက်ထဲမှဓာတ်ပုံ လွတ်ကျသွားလေ၏။

အိမ်ပေါ်ထပ်မှ မနှင်းမြလည်း လန့်နိုးလာကာ "ဘာဖြစ်တာလဲ"ဟု အောက်ထပ်ကို လှမ်းမေးလိုက်ရာ နှုတ်သွက်သော သိန်းလှိုင်က ဒိုင်ခံဖြေရလေ၏။

"ဪ. . . ကိစ္စမရှိပါဘူး၊ ဟိုဟာ တိုက်မိတာပါ"

"ဘာတိုက်မိတာလဲ"

"ရေအိုးလေ. . ."

"ဟင်- ဒုက္ခပဲ၊ ဒီရေအိုးဟာ ဒေါ်ဒေါ့်ရေအိုးရှင့်"

သိန်းလှိုင်မှာ မနှင်းမြ ဆင်းလာခြင်းကို အလိုမရှိ၍ ဤကဲ့သို့ လိမ်လည် ဖြေလိုက်မှ ပိုဆိုးနေသည်ကို တွေ့ရကာ မျက်လုံးပြူးသွားလေ၏။

"ကျွန်တော် ပြောတာကို ဆုံးအောင်နားထောင်ပါဦး၊ ရေအိုးနားက ဖြတ်သွားတုန်း ရေခွက်ကို တိုက်မိတာပါ"

"အို- ရေခွက်က ကြမ်းပေါ်ချထားတာမှမဟုတ်ဘဲ၊ ဘယ်လိုတိုက်မိသလဲ"

"တိုက်မိတယ်ဆိုတာ ခြေထောက်နဲ့မှ တိုက်မိနိုင်တာမှ မဟုတ်ဘဲ ဆရာမရဲ့၊ လက်နဲ့လည်း တိုက်မိနိုင်တာပဲ၊ အခုဟာ လက်နဲ့တိုက်ချမိလို့ ပြန်တင်ထားပြီးပါပြီ"

အပေါ်က နောက်ထပ် ဘာသံမျှ မကြားရတော့မှ ဉာဏ်ဝင်းလည်း အပေါ်အင်္ကျီ ထပ်ဝတ်ကာ တံခါးဖွင့်ပေးလိုက်ရာ သိန်းလှိုင်လည်း ဝင်လာခဲ့လေ၏။

"ဘာကိစ္စလဲ ကိုသိန်းလှိုင်"

သိန်းလှိုင်မှာ ဉာဏ်ဝင်း၏မေးခွန်းကို မဖြေသေးဘဲ ဉာဏ်ဝင်းကို ပြုံးပြုံးကြီး ကြည့်လိုက်ပြီးမှ. . .

"ခင်ဗျားအပေါ်အင်္ကျီကြီး ချွတ်ပစ်လိုက်ပါဗျာ၊ စောစောက ဆပ်ကပ်ထဲက လူပျက်အဝတ်အစားကြီးနဲ့က ပိုကြည့်ကောင်းပါတယ်"

"ဒါဖြင့်လည်း ချွတ်တာပေါ့ဗျာ၊ ခင်ဗျားကော်လာနဲ့တွဲနေတဲ့ ဘလေဇာ ကွတ်ကြီးလည်း ချွတ်ပါဦး"

သိန်းလှိုင်မှာ အုံ့သြလည်းအုံ့သြ၊ အောင့်သက်သက်လည်း ဖြစ်သွားကာ အခန်းတံခါးပိတ်လိုက်၍ ဘလေဇာ ချွတ်ရလေ၏။ ထို့နောက် အပေါ်အင်္ကျီကို



ချွတ်နေသော ဉာဏ်ဝင်းကိုကြည့်ရင်း. . .

"ဒီဆရာမဓာတ်ပုံက ဘာလုပ်တာလဲဗျ"

"ခင်ဗျားလို ကြည့်တာပေါ့ဗျ"

သိန်းလှိုင်မှာ မျက်လုံးပြူးသွားပြီး. . .

"ဟင် ခင်ဗျားလည်း သိသွားပြီနော်၊ ကဲလေ မထူးတော့ပါဘူး၊ ခင်ဗျား ဆရာမကို လိုချင်တယ် မဟုတ်လား"

"လိုချင်တာပေါ့ဗျာ၊ ခင်ဗျားကော လိုချင်တာပဲ မဟုတ်လား"

"လိုချင်တယ်လေ၊ ဒါပေမဲ့ အခုန ခင်ဗျားကော ကျုပ်ကော ဆရာမကို ရည်းစားစကား ပြောကြမယ်ဆိုပါတော့၊ ခင်ဗျား ဆရာမနေရာကဝင်ပြီး စဉ်းစားကြည့်စမ်း၊ ဘယ်သူ့ကို ချစ်မလဲ. . . ဥပမာ ကျုပ်ကို ချစ်ပြီဆိုပါတော့. . ."

"မချစ်ပါဘူး"

"တကယ်မဟုတ်သေးပါဘူးဗျ၊ ဥပမာပြောတာပါ၊ ကျုပ်ကို ချစ်ပြီဆိုပါတော့၊ ခင်ဗျားက တကယ့်ခွေးပိုင်ရှင် ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ ခင်ဗျားပြန်ရင် ခွေးလည်း ပါသွားမှာပဲ၊ ဒီလိုပဲ ခင်ဗျားကိုချစ်ရင် ကျုပ်ပြန်သွားမယ်၊ ဒီတော့ သူလည်း စဉ်းစားတတ်ဦးမှာ မဟုတ်သေးဘူး၊ အကောင်းဆုံးနည်းလမ်းကို ကျုပ်ပြောပြမယ်၊ အဒေါ်ကြီး ပြန်လာအောင်စောင့်၊ အဒေါ်ကြီး ပြန်လာရင် သူ့ခွေး သူသိမှာပဲ၊ အဲဒီခွေးပိုင်ရှင်သာ ဆရာမရဲ့ စိတ်ချမ်းသာမှုကို ပြုနိုင်စွမ်းတဲ့လူနဲ့ အဲဒီလူက ဆရာမကို ရထိုက်တယ်ဗျာ၊ ခင်ဗျား ဘယ်လိုသဘောရလဲ"

"ဟာ- သိပ်ကောင်းတဲ့အကြံပဲ၊ ကျုပ်လည်း သဘောတူတယ်၊ ဒီကြားထဲမှာ ဘယ်သူမှ ဆရာမကို ရည်းစားစကား မပြောရဘူး၊ သူ့ဘာသာသူလည်း မသိသွားအောင် ကာကွယ်ရမယ်"

"ကာကွယ်ရမယ်"

"ဒါဖြင့် ခင်ဗျားဆီမှာရှိတဲ့ ဓာတ်ပုံကို မှန်ခွဲပစ်လိုက်"

"ဘာဖြစ်လို့လဲဗျ. . ."

"ကျုပ်ဓာတ်ပုံ မှန်ကွဲသွားပြီ၊ ပြန်ချိတ်ထားလို့ ဆရာမတွေ့မိရင် ခက်မယ်၊ ဒီတော့ ခွဲပစ်ပါလေ"

သိန်းလှိုင်မှာလည်း မတတ်သာတော့သဖြင့် ဉာဏ်ဝင်း၏အခန်းထဲမှ ထွက်လာကာ သူ့အခန်းထဲသို့ ရောက်သောအခါ မှန်ကို ဂွမ်ကနဲ ခွဲပစ်လိုက်ရာ၌ အပေါ်ထပ်က အသံထွက်မလာမီ. . .

"ဟာ- ဒီရေခွက်ကလည်း တိုက်မိပြန်ပြီ" ဟု နှင်းကန်အော်လိုက်မှ အပေါ်ထပ်က အသံထွက်လာလေ၏။

"အောက်မှာ- ဘာလို့အော်နေတာလဲ"

ဤတွင်မှ သိန်းလှိုင်မှာ မှန်ခွဲတုန်းက မနှင်းမြ မကြားဘဲ သူအော်မှကြားသည်ကို သိသဖြင့်. . .

"ဟာ. . . ကျွန်တော် ယောင်တာပါ"

"ဩော်. . . ကိုဉာဏ်ဝင်းက ယောင်တတ်သလား"

တစ်ဘက်ခန်းမှ ဉာဏ်ဝင်းမှာ သူ့နာမည် ပါလာသဖြင့်၊

"ဟာ. . . ကျွန်တော်ယောင်တာ မဟုတ်ပါဘူး၊ ကိုသိန်းလှိုင်ပါ" ဟု ပြောလိုက်ရာ၊ မနှင်းမြက "ဩော်. . . ကိုဉာဏ်ဝင်းလည်း နိုးနေသကိုး" ဟု ထပ်တွန့်လိုက်လေ၏။

"ကျွန်တော် အိပ်နေပါတယ်"

"နို့ ဘယ့်နှယ်စကားပြောနေရတာလဲ"

"စကားသံတွေကြားမှ နိုးလာတာပါ"

ထို့နောက်တွင်ကား မှန်ကွဲနေသော ဓာတ်ပုံကလေးများကို အသီးသီး အခန်းပြင်သို့ ထုတ်ချိတ်ထားကာ ပြန်အိပ်သွားကြလေ၏။

□

(၄)

နောက်နေ့နံနက်တွင် မနှင်းမြမှာ ဘုရားတင်ရန် ခြံထဲ၌ ပန်းခူးနေစဉ် သိန်းလှိုင်သည် ဟိုကြည့်-သည်ကြည့်နှင့် အနားရောက်လာလေ၏။

"ဆရာမ"

သိန်းလှိုင်၏အသံမှာတုန်၍ မှုမမှန်သည်ကိုသိသော မနှင်းမြသည် ပန်းရုံတစ်ဘက်ကို စောင်းကြည့်လိုက်ရာ ထိုင်၍စာဖတ်နေသော ဉာဏ်ဝင်းကိုတွေ့မှ သိန်းလှိုင်ဘက်သို့ ပြုံး၍ကြည့်ရင်း ထူးလိုက်လေသည်။

"ဘာလဲ- ကိုသိန်းလှိုင်"

"ညကလေ. . . ရေခွက်တိုက်တာ မှတ်လို့လား"

"နို့- ရှင်က ရေခွက်တိုက်တာဆို. . ."

"အဲဒါ- ညာပြောတာ ဆရာမရဲ့"

"နို့- ဘာကိုတိုက်တာလဲရှင်"

"ရေခွက်ပဲ တိုက်မိတာပါပဲဗျာ"

တစ်ဘက်က မတ်တတ်ရပ်လိုက်သော ဉာဏ်ဝင်းကို တွေ့သဖြင့်၊ သိန်းလှိုင်မှာ စကားကိုလျှော့ချရလေ၏။

မနှင်းမြကမူ ပြုံးစနဲ့နဲ့နှင့်ပင် နှစ်ယောက်စလုံးကို စကားပြောနေလေသည်။

"ရှင်တို့အခန်းဝက ကျွန်မဓာတ်ပုံတွေ မှန်ကွဲနေပါကလားရှင့်"

ဉာဏ်ဝင်းမှာ ဘာကိုဆင်ခြေပေးရမှန်းမသိဖြစ်နေစဉ်ပင် နှုတ်သွက်သောသိန်းလှိုင်က ဆင်ခြေပေးလိုက်လေသည်။

"ဒါက- ကျွန်တော်အခန်းထဲပြန်အဝင်မှာ နဖူးနဲ့တိုက်မိတာလေ"

"ကျွန်တော်လည်း နဖူးနဲ့ တိုက်မိတာပဲ"

"ဟင်. . . ကိုသိန်းလှိုင်က အရပ်မြင့်လို့ ထားပါတော့၊ ရှင့်အရပ်က နှစ်လက်မလောက်နိမ့်နေတာ၊ ဒီဓာတ်ပုံကို တိုက်နိုင်ပါ့မလားရှင့်၊ ကျွန်မ သေသေချာချာတိုင်းချိတ်ထားတာ"

"အို. . . ဒါလား. . . ဟိုဟာ ကျွန်တော်က မှောင်ထဲမှာလျှောက်ရင် ခြေဖျားထောက်လျှောက်တတ်တယ်၊ ဒါမှ တိုက်စရာ ခိုက်စရာရှိရင်လည်း သိပ်ပြီး မပြင်းထန်ဘူးပေါ့"

သူပေးသောဆင်ခြေကို မနှင်းမြ ကြိုက်,မကြိုက် မသိရသော်လည်း ဆရာမမှာမူ ပြုံးပြုံးကလေးပင် "ကဲ အိမ်ထဲဝင်ကြစို့"ဟုဆိုကာ ထွက်သွားသဖြင့် သိန်းလှိုင်နှင့် ဉာဏ်ဝင်းမှာလည်း တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ကာ လိုက်ပါသွားကြလေသည်။

နေ့ခင်းဘက်သို့ရောက်သောအခါ အပေါ်ထပ်တွင် မနှင်းမြသည် ညောင်ရေအိုးပန်းများ လဲနေလေသည်။

"အလို- ပန်းကလေးတွေကတော့ လှပါရဲ့ဗျာ"

မနှင်းမြမှာ ထိုအသံကြောင့် နောက်သို့လှည့်ကြည့်လိုက်ရာ၊ သိန်းလှိုင် ရပ်နေသည်ကို တွေ့ရသဖြင့်၊ အိမ်ပေါ်ထပ်ကြီးတွင် ယောက်ျားဖို့တစ်ယောက်နှင့် နှစ်ယောက်တည်း မတွေ့ဝံ့သော်လည်း ဟန်ဆောင်ကာ ပြုံးလိုက်ရလေသည်။

သို့သော် သိန်းလှိုင်မှာ ချက်ကောင်းယူ၍။

"ဒါပေမဲ့ ဒီပန်းတွေထက် လှတာကို ကျွန်တော် တွေ့ရပါပြီဗျာ"

"အဲဒါ-ဘာလဲဗျ"

သိန်းလှိုင်မှာ ဉာဏ်ဝင်း၏အသံနှင့် အနားရောက်လာသော လူကိုပါ တွေ့ရသောအခါ တံတွေးကို ကမန်းကတန်း မျိုချ၍-

"ဘုရားဈေးက ပန်းတွေပေါ့ဗျ"ဟု ဒုတိယမှ လျှောချလိုက်ရပြန်လေ၏။

"နေပါဦး- ခင်ဗျားက ဘုရားကပန်းသည်ရဲ့သားမို့ ဒီမှာလာပြီး ပန်းကြော်ငြာနေတာလား"

"မဟုတ်ပါဘူး၊ စကားစပ်မိလို့ပါ"

"ဟုတ်တယ်. . . စကားစပ်မိလို့ အောက်ထပ်ကနေပြီး အိမ်ပေါ်ထပ်ကို တက်လာပြီး တမင်တကာ စကားစပ်မိတာကိုး"

"အိမ်ပေါ်ထပ်တက်လာတာက ဘုရားရှိခိုးမလို့ပါဗျ"

သိန်းလှိုင်၏စကားကိုကြားရသော ဉာဏ်ဝင်းမှာ အားရပါးရ ရယ်လိုက်ပြီး. . .

"အလို. . . ဟား. . . ဟား. . . ဟား၊ ညကတော့ ဘုရားမရှိခိုးဘူး၊ နေ့လည်ကြီးကျမှ ဘုရားရှိခိုးမလို့. . . ဟား. . . ဟား. . . ညကတော့ ခတ်. . ."

ဉာဏ်ဝင်း ရှေ့ဆက်မည့်စကားကြောင့် သိန်းလှိုင်မှာ မျက်လုံးပြူးသွားလေ၏။ သို့သော် ဉာဏ်ဝင်းမှာလည်း ညက သူတို့အချင်းချင်းချုပ်ထားသော စာချုပ်ထဲတွင် 'မနှင်းမြမသိစေရ'ဟူသော အချက်ကလည်း ပါသဖြင့် စကားကို ကြံဖန်လှည့်လွှဲပြောရလေသည်။

"ညကတော့. . . ခတ်. . . ခတ်. . . ခတ်. . . ခတ်နဲ့ သွားတွေ ဘာတွေကြိတ်ပြီး အိပ်ပျော်နေလိုက်တာ ဘုရားတောင် သတိမရဘူး"

"အောင်မယ်လေး. . တော်ကြပါတော့ရှင်၊ ရှင်တို့စကားများနေကြတာနဲ့ ကျွန်မတောင် ပန်းတွေဖောက်သုံးကြီး ထိုးမိကုန်ပြီ သွားကြပါတော့"

မနှင်းမြက အလိမ္မာနှင့် နှင်လိုက်သောအခါ ဉာဏ်ဝင်းက သိန်းလှိုင်ကို မျက်စပစ်ပြ၍ "ဟေ့လူ လာသွားမယ်"ဟု ခေါ်ချသွားလေ၏။

သို့သော် သိန်းလှိုင်မှာ မကျေနပ်သေးဘဲ 'အချစ်ဆိုသည်မှာ ကျေးဇူးတွေ ဘာတွေပေါ်မှာမရှိ ပြောဆိုခြင်းပေါ်မှာသာ ရှိ၏' ဟု ပြင်းပြစွာယုံကြည်ထား၍၊ မနှင်းမြကို အလစ်ချောင်းနေလေရာ ညနေထမင်းစားပြီးချိန်တွင် ခြံထဲရှိ



ရက်ပင်ကြီးအောက်က ထိုင်ခုံကလေးတွင် ထိုင်နေသော မနှင်းမြကို မြင်မိလေ၏၊

မနှင်းမြဆီသို့ လောကြီးစွာ မသွားသေးဘဲ၊ ပထမ ဉာဏ်ဝင်းကို ျှာက်ရှာလေ၏။ သို့သော် ဘယ်နေရာမှာမှ ဉာဏ်ဝင်းကို မတွေ့ရသဖြင့် ဉာဏ်င်း လမ်းလျှောက်ထွက်သွားပြီဟု ယူဆကာ မနှင်းမြနားသို့ ကပ်သွားလေ၏၊

အနားရောက်သွားသောအခါ မနှင်းမြ၏ ညာဘက်ခပ်လှမ်းလှမ်းတွင် င်ထိုင်လိုက်ရင်း "ဘာစဉ်းစားနေသလဲ"ဟု မေးလိုက်လေ၏။

မနှင်းမြမှာ တစ်ဖက်သို့ အနည်းငယ်ရွှေ့လိုက်ပြီး "ဪ. . . ဒေါ်ဒေါ်အကြောင်း တွေးနေတာပါ"ဟု ခပ်တည်တည်ကလေးပင် ဖြေလိုက်လေသည်၊

"အခုမှတော့ မထူးတော့ပါဘူး ဆရာမရယ်၊ ဆရာမကတော့ စောတယ် ို့ အောက်မေ့မှာပဲ"

"ဘယ်ကစောရမှာလဲရှင့်၊ မိုးတောင်ချုပ်တော့မယ်"

"မဟုတ်ပါဘူး၊ ကျွန်တော်ပြောတဲ့စကားကို စောတယ်မှတ်မှာပြောတာ"

"ဪ. . . ရှင့်စကားက စောတယ်ဆိုပါတော့"

"ဟုတ်ကဲ့"

"ရှင်က တဘောင်တွေဘာတွေ ရွတ်မလို့လား၊ စကားကစောပြီး အဖြစ်အပျက်က နောက်ကျတာလေ"

"ဟာ. . . ကြံကြံဖန်ဖန် ကျွန်တော်ဆိုလိုတာက. . ."

"ခါချဉ်ကိုက်လိုက်တာဗျာ"

အသံလာရာသို့ သိန်းလှိုင်ကော မနှင်းမြပါ မော့ကြည့်မိကြရာ၊ သူတို့ ခေါင်းပေါ်က သရက်ကိုင်းဆုံတွင် ကျကျနနထိုင်၍ စာဖတ်နေသော ဉာဏ်ဝင်းကို မြင်လေရာ၊ ဉာဏ်ဝင်းလည်း အောက်ဆင်းလာကာ မနှင်းမြ၏ဘယ်ဘက်တွင် ဝင်၍ထိုင်လိုက်ပြီး. . .

"ဆိုစမ်းပါဦး ကိုသိန်းလှိုင် ခင်ဗျားစကားက စောတယ် နောက်ကျတယ် ဆိုတော့ တဘောင်မဟုတ်ရင် ဦးခန္တီအိပ်မက်လား"

"မဟုတ်ပါဘူး၊ ရွှေပေလွှာပါဗျာ"

သိန်းလှိုင် ဒုတိယမှ လျှောချလိုက်သည့်အဆုံးတွင် မနှင်းမြမှာ "လာကြလေ. . . မှောင်ပြီ အိမ်ထဲသွားကြစို့"ဟု ခေါ်ဆောင်သွားလေရာ၊ သိန်းလှိုင်မှာ ကျေမချမ်းနှင့်ပင် လိုက်ပါသွားရလေတော့သည်။

ထို့နောက်တွင်ကား အခွင့်မရတော့ဘဲ ညကိုးနာရီခွဲသို့ တိုင်လာခဲ့သော ရာ ကိုယ်စီကိုယ်စီ အခန်းအောင်းကြလေတော့၏။ ညာဏ်ဝင်းမှာ မအိပ်နိုင်သေး အခန်းမီးခလုတ်ကို ပိတ်ထားလိုက်ပြီး ခြေရင်းဘက်မှ ပြတင်းပေါက်ကိုဖွင့်ထား အပြင်ဘက်မှ ကြယ်ကလေးများကိုငေးကြည့်ရင်း စိတ်ကူးထဲတွင် မနှင်းမြနှင့် လိုက်တမ်းပြေးတမ်း ကစားနေလေ၏။

ထိုအချိန်တွင် ဒေါ်ဦးမှာ စိတ်ကလေး နည်းနည်းလည်လာပြီဖြစ်၍ အိမ်သို့ပြန်လာခဲ့ရာ အိမ်ရှေ့တံခါးပိတ်ထားသဖြင့် အိမ်ပတ်ပတ်လည် လှည့်ကြည့် သည်တွင် ညာဏ်ဝင်း၏ပြတင်းပေါက် ဖွင့်ထားသည်ကို တွေ့ရသဖြင့် အသာကျော် ဝင်လာလေ၏။

ညာဏ်ဝင်းမှာ ကြည့်ရင်းကြည့်ရင်း ပြတင်းပေါက်မှ ခေါင်းစုတ်ဖွား အဝတ်စုတ်စုတ်ပြတ်ပြတ်နှင့် အရိပ်မည်းမည်းကြီးကို တွေ့ရသောအခါ လန့်၍ "အောင်မယ်လေးဗျ"ဟု အော်လိုက်ပြီးလျှင် ကမန်းကတန်း တံခါးဖွင့်၍ ဧည့်ခန်း ထဲသို့ ထွက်ပြေးလေ၏။

နဂိုက စိတ်နည်းနည်းလည်လာသော်လည်း ညာဏ်ဝင်းအော်သံကြောင့် လန့်သွားသောဒေါ်ဦးမှာ ခွေး. . . ခွေးဟုအော်၍ နောက်က စမ်းတဝါးဝါးနှင့် လိုက်လာလေ၏။

ညာဏ်ဝင်းမှာ အပြင်ရောက်ခါမှ မီးဖွင့်လိုက်လျှင် သူ့အင်္ကျီအကွက် ကျားကြီးကို မနှင်းမြတွေ့သွားမည်စိုးသဖြင့် သူ့အခန်းထဲသို့လည်း သူ မဝင်ဝံ့ရ ကား နီးရာသိန်းလှိုင်၏အခန်းနားသို့ ကပ်လာလေ၏။

သိန်းလှိုင်မှာ ညာဏ်ဝင်းအော်သံကို ကြားရကတည်းက နောက်ဖေး နောက်ဖီသွားရန်ဆင်းလာသော မနှင်းမြကို ညာဏ်ဝင်း ရည်းစားစကားပြော၍ မနှင်းမြက ပါးရိုက်လိုက်သည်ဟုတွေးမိကာ ညာဏ်ဝင်း၏အခန်းဆီသို့ ဦးတိုက် သွားရာ တရွေ့ရွေ့နှင့်လှမ်းလာသော ဒေါ်ဦးကို ညာဏ်ဝင်းမှတ်၍. . .

"ဟေ့လူ- ပါးရိုက်ခံရတယ်ပေါ့လေ ဟုတ်လား"

"ခွေး. . . ခွေး. . ."

"ဘာဖြစ်တယ်. . . ခင်ဗျားက စာချုပ်ဖောက်ဖျက်တာကိုး"

ဒေါ်ဦးမှာ သိန်းလှိုင်နားသို့ကပ်ကာ ပါးပိတ်ချလေရာ သိန်းလှိုင်မှာ ငအော်ပြေးလေ၏။

ဤအချိန်တွင် "ဘာဖြစ်တာလဲ" ဟူသောအသံနှင့်အတူ အိမ်ပေါ်မှ



နှင်းမြ ဆင်းလာလေရာ သိန်းလှိုင်သည် သူ့အခန်းထဲက ဘလေဇာကို စမ်း၍မရ သဖြင့် ညာဏ်ဝင်း၏အပေါ်အင်္ကျီကို သွားယူဝတ်ထားလိုက်လေသည်။

ဒေါ်ဦးကား ခွေးများထားရာအခန်းဆီသို့ ဦးတိုက်သွားပြီး ခွေးတစ် ကောင်ကို ကြိုးဖြည်၍ပွေ့လိုက်ရာ ထိုခွေးမှာ ရုန်းကန်၍ထွက်ပြေးလေ၏၊ နောက်ခွေးတစ်ကောင်ကို စမ်းမိပြန်ရာ၊ ကြိုးဖြည်၍ကောက်ပွေ့ပြန်ရာ ထိုခွေးမှု ကား အမြီးကလေးနှံ့ကာ ဒေါ်ဦးကို လျက်ပေးသည်တွင် ဒေါ်ဦး၏ နောက်ကျိုနေ သောဦးနှောက်မှာ ကြည်လင်သွားလေတော့၏။

ဧည့်ခန်းတွင်လည်း မီးများလင်းထိန်သွားကာ မနှင်းမြက ကော်လံနှစ် ထပ်ကြီးနှင့် ညာဏ်ဝင်းကိုကြည့်ကာ-

"ရှင်က ဘာဖြစ်လို့ ကိုသိန်းလှိုင်အင်္ကျီကြီးကို ဝတ်ထားရတာလဲ. . . ဟော. . . ကိုသိန်းလှိုင်ကလည်း သူ့အင်္ကျီကြီးနဲ့ ဘာလုပ်ကြတာလဲ"

"ဒါက ကျွန်တော်တို့ ညကတည်းက လဲဝတ်ကြတာပါ"

စကားသံများကိုကြား၍ ဒေါ်ဦးသည် ခွေးကြီးကိုပိုက်၍ ထွက်လာရာ မနှင်းမြမှာ သူ့မျက်စိသူ မယုံတော့ဘဲ. . .

"ဟင်. . . ဒေါ်ဒေါ်. . ."

"ဘာလဲဟဲ့. . . ငါစိတ်ပြန်ကြည်သွားပြီ၊ ဘော်ဘီနဲ့ တွေ့ရလို့"

မနှင်းမြမှာ ဒေါ်ဦးစကားကြောင့် ဝမ်းအသာကြီးသာသွားမိကာ၊

"ဟန်ကျလိုက်တာ ဒေါ်ဒေါ်ရယ်. . . ဒါထက် ဒါ ဘယ်သူ့ခွေးလဲ"

"ဟ- ငါ့ခွေးပေါ့"

"မဟုတ်ပါဘူး ဒေါ်ဒေါ်ရဲ့၊ သူတို့နှစ်ယောက်စလုံး ဆင်တူခွေးနှစ် ကောင် ယူလာကြတယ်၊ အဲဒါ ဘယ်သူ့ကို ဆုငွေပေးရမှန်းမသိလို့"

"ငါတော့ ခွေးတစ်ကောင်ဖြည်တော့ ငါ့ကိုက်လို့ လွှတ်လိုက်တာပဲ၊ ဒါ တ နောက်တစ်ကောင်"

ဤတွင် ညာဏ်ဝင်းနှင့် သိန်းလှိုင်တို့နှစ်ယောက်မှာ၊ ပြိုင်တူမျှော်လင့် ချက်ကြီးနှင့် မေးလိုက်ကြလေ၏။

"ဘယ်တိုင်ကခွေးလဲ-ဒေါ်ဒေါ်"

ဒေါ်ဦးမှာ တွေဝေသွားပြီး. . .

"ငါလည်း ကောင်းကောင်းမမှတ်မိတော့ဘူး၊ ဘော်ဘီမှန်းသိရမှ ငါ သတိလည်း ကောင်းကောင်းပြန်လည်လာတာ၊ ငါတော့ ဒီအရင်တဟာတွေတို

မမှတ်မိတော့ဘူး”

အားလုံး ခွေးခန်းထဲသို့ ဝင်ကြည့်သောအခါ ဆင်တူသံကြိုးလေး ချောင်းသာ တွဲလွဲကလေး ကျန်ရစ်ရှာလေသည်။ ခွေးတစ်ကောင်ကား ဉာဏ် အခန်းထဲမှဖြုတ်၍ ပြတင်းပေါက်မှ ကျော်ပြေးသွားလေပြီ။

မနှင်းမြမှာ ဘာမှမဆုံးဖြတ်တတ်အောင် ဖြစ်နေစဉ်၊ သိန်းလှိုင် ဒေါ်ဦးလက်ထဲကခွေး လက်သည်းရှည်ပုံကိုမြင်၍။

“ဟာ. . . ကျွန်တော့်ခွေးက လက်သည်းရှည်မျိုးဗျ၊ ဟောဒီမှာ ကြည့် လား၊ ဖမ်းတုန်းကရုန်းလို့ လက်မောင်းစုတ်သွားတယ်” ဟု ပြောပြောဆိုဆို ဉာ ဝင်း၏လက်မောင်းတွင် အမာရွတ် မရှိသည်ကိုမြင်၍၊ သူ့လက်မောင်းကခြစ် ကြီးကို ပြလေသည်။

“ကျုပ်ခွေးကလည်း လက်သည်းရှည်ပါဗျ”

ဉာဏ်ဝင်းသည်၊ ပြောပြောဆိုဆို ပေါင်လှန်ပြလေရာ ပေါင်လယ်တွင် ခြစ်ရာကြီးတစ်စင်း တွေ့ရလေ၏။

မနှင်းမြမှာ တွေကြည့်နေရာမှ ဖြည်းညင်းစွာ ပြောကြားလေတော့၏

“အခုတော့ ကျွန်မ အကြံတစ်ခုရတယ်၊ နှစ်ယောက်စလုံး ကျေန အောင်၊ ဒါ ဘယ်သူ့ခွေးပဲဖြစ်ဖြစ် တစ်ယောက်ကို ငွေသုံးရာစီ ပေးလိုက်မယ်လေ”

သူ့အဆုံးအဖြတ်ကား ကောင်းလှသည်မှန်သော်လည်း သိန်းလှိုင်တို့ အိမ်ကြီးမှ မခွာလိုတော့ရကား စောဒကတက်ကြလေ၏။

“ဆရာမရယ်- ကျွန်တော်တို့ လာကြတုန်းကတော့ ဆုငွေအတွက် ဒါပေမဲ့ အခုတော့ ငွေမဟုတ်တဲ့ဆုကို လိုချင်နေပြီ၊ ဆရာမပေးနိုင်ရင် တစ် ယောက်ယောက်ကိုပေးပါ”

သိန်းလှိုင်၏စကားအဆုံးတွင် ဆရာမသည် ခပ်တွေတွေကလေး ဖြ သွားရာက။

“ဒါဖြင့် ကျွန်မဆုံးဖြတ်သလို ခံရမယ်”

“ဟုတ်ကဲ့ ခံကြပါမယ်ဗျာ”

“ကျွန်မ အဲဒီဆုကို ပေးခြင်းမခံရတဲ့သူကို သုံးရာပေးမယ်၊ ဆုငွေသုံး ရာရတဲ့လူကလည်း ကျေနပ်စွာနဲ့ ပြန်သွားရမယ်”

“ကောင်းပါပြီဗျာ”

မနှင်းမြသည် အိမ်ပေါ်တက်သွား၍ ငွေသုံးရာယူပြီး ပြန်ဆင်းလာသော



သည်။ လှေကားတစ်ထစ်ချင်းဆင်းလာသော မနှင်းမြကို သိန်းလှိုင်နှင့် ဉာဏ်ဝင်း တို့သည် ကြည့်နေကြလေ၏။

တဖြည်းဖြည်း မနှင်းမြ နီးလာကာ တစ်ယောက်စီကို ကြည့်လိုက်ပြီး “ရော့” ဆုငွေသုံးရာကို သိန်းလှိုင်ကို ကမ်းပေးလိုက်လေတော့သည်။

“အဲဒါ. . . ဘာဖြစ်လို့လဲ. . သိလား၊ ရှင်တို့ ဟိုနေ့ညက ရေခွက်တိုက် တယ်ဆိုတာ မကျေနပ်တာနဲ့ ဆင်းပြီးချောင်းတော့ ရှင်တို့နှစ်ယောက် စာချုပ်ပုံကို ကြည့်တယ်၊ ဒီနောက်မှာ ကိုဉာဏ်ဝင်းက ယောက်ျားပီပီ သစ္စာရှိသလောက် ကိုသိန်းလှိုင်က မိန်းမလိုမိန်းမရ ကျွန်မကို တိတ်တိတ်လိုက်ပြီး စကား ပြောတယ်”

သူ့အပြစ်နှင့်သူ ဖြစ်သဖြင့် သိန်းလှိုင်မှာ မချိသွားဖြဲကလေးနှင့်ပင် ငွေသုံးရာလည်း မနည်းလှပဟုတွေးကာ. . .

“ဆရာမတို့ ဇနီးမောင်နှံ အသက်ရာကျော်ရှည်ပါစေ” ဆုတောင်းကာ ထွက်သွားလေတော့သည်။

ဤတွင်မှ ဉာဏ်ဝင်းလည်းပြုံး၍ “ခွေးဖက်တဲ့ဖူးစာလေ”ဟု ပြောလိုက် ရာ၊ မနှင်းမြက မျက်နက်ကလေးထောင့်ကပ်၍ “အင်း. . . ရှင် ခွေးကြီးကိုဖက် လာတဲ့ ဖူးစာလေ”ဟု ပြောလိုက်လေ၏။

❒

သိန်းလှိုင်လည်း ငွေသုံးရာရ၍ ကျေနပ်၏။ ဉာဏ်ဝင်းနှင့် မနှင်းမြတို့ လည်း ကျေနပ်၏။ ဒေါ်ဦးလည်း ဘော်ဘီကိုရ၍ ကျေနပ်၏။ အားလုံး ကျေနပ် ကြပါသည်ခင်ဗျား။ စာရှုသူလည်း ကျေနပ်အောင် ဘော်ဘီကို ဖမ်းလာသူမှာ နှစ်သက်ရာလူ ဖြစ်သည်ဟု ကိုယ့်ဘာသာကိုယ် ထင်မှတ်ထားကြစေလိုပါသည် ခင်ဗျား။

သွေးသောက်၊ (၁၉၅၀) ခု
ဧပြီလ၊ အမှတ် (၅၁)

❒ ❒ ❒

## ဓာတ်လမ်းပမာနှင့် ဓာတ်ဘူးတောင်း

သတိမမူ ဂူမမြင်ဟူသော စကားပုံရှိသည်။

သိန်းမောင်သည် လူပျိုပင်ဖြစ်လင့်ကစား၊ သတိမမူသောကြောင့်၊ အပျိုဖြစ်သူ တင်ယုမေကို မမြင်မိချေ။ ရန်ကုန်မြို့၏ တစ်ခုသောလမ်းမကြီးကို မျက်နှာမူ၍၊ တစ်ခုသောလမ်းကျဉ်းကို ဘေးကပ်ထားသော ခြောက်ခန်းတွဲ သုံးထပ်တိုက်တစ်လုံးတွင် အပေါ်ဆုံးဘယ်ဘက်အထပ်၌ သိန်းမောင်နေသည်။ အလယ်ထပ် ဘယ်ဘက်ခန်းတွင် တင်ယုမေ ရှိသည်။

သို့သော် တင်ယုမေကို သိန်းမောင် သတိမမူမိ။ တင်ယုမေမှာ ခေတ်အလိုက် လှပချောမောသည်ကို လည်းကောင်း၊ အလယ်ထပ်တွင် နေသည်ကို လည်းကောင်း၊ သနားစရာကောင်းသော သိန်းမောင် သတိမမူမိချေ။

သိန်းမောင်က သတိမမူမိလျှင် ရှိရမည်။ ရန်ကုန်အလယ်ပိုင်းက တင်ယုမေကို ရန်ကုန်အရှေ့ပိုင်းက ငွေမောင်းကတော့ အကြီးအကျယ် သတိမူမိ၏။ ထို့ကြောင့်ပင် တင်ယုမေတို့အိမ်ကို ဝင်ထွက်နေရာ၊ တင်ယုမေ၏ မောင်လေးသုံးနှစ်သားလေးအတူးမှအစ၊ တင်ယုမေ၏ဖခင် ငါးဆယ့်တစ်နှစ်သားကြီး ဦးရန်ဝေးတို့နှင့် အကျွမ်းဝင်လျက်ပင် ရှိနေပေပြီ။

ဤသည်ကား ရန်ကုန်မြို့တော်၏ ဝတ္ထုကလေးတစ်ပုဒ်၏ နိဒါန်းပင် ဖြစ်လာရချေတော့သည်။



ကွမ်းယာဆိုင်မှ စီးကရက်တစ်ဘူးဝယ်ခဲ့ပြီး. . . သိန်းမောင်သည် ထုံးစံအတိုင်း လှေကားထစ်များကိုသာ စိုက်ကြည့်ကာ တက်လာခဲ့သည်။

တင်ယုမေတို့အခန်းမှာ တံခါးဖွင့်ထား၏။ တင်ယုမေသည် ဖွင့်ထားသော ရေဒီယိုဘေးရှိ ကုလားထိုင်တွင်ထိုင်၍ လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတစ်ပုဒ်ကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေရကား၊ ရေဒီယိုမှလာနေသော ဓာတ်လမ်းပမာကို လုံးဝ သတိမထားမိချေ။

လောကတွင် တိုက်ဆိုင်မှုများမရှိက ဝတ္ထုဖြစ်ခဲသည်။ အထူးသဖြင့် ကျွန်တော်၏ ဝတ္ထုဖြစ်ခဲသည်။ ထို့ကြောင့် ဤဝတ္ထုထဲတွင် တိုက်ဆိုင်မှုများ ဖြစ်လာရတော့သည်။

သိန်းမောင်သည် တင်ယုမေတို့၏အခန်းဝအရောက်၊ ရေဒီယိုထဲမှ မိန်းမသံဖြင့် "အထဲကို တစ်ဆိတ်ဝင်ခဲ့စမ်းပါဦးရှင်"ဟု ထွက်ပေါ်လာပြီးလျှင် မီးပျက်သွားရကား၊ ရေဒီယိုမှာ မျက်လုံးမှိတ်၍ အိပ်ပျော်သွားသော လူမမာအလား ငြိမ်သက်သွားလေ၏။

လျှို့ဝှက်ဆန်းကြယ်ဝတ္ထုထဲတွင် စိတ်ဝင်စားနေသော တင်ယုမေအဖို့ ဘာမျှမသိလိုက်သော်လည်း၊ အခန်းဝက သိန်းမောင်မှာ သူ့ကို တင်ယုမေက ခေါ်လိုက်သည်ထင်၍ ကြောင်တောင်တောင်နှင့်ပင် ကွေ့ဝင်လာလေ၏။

"ဘာလုပ်မလို့လဲ"

"အောင်မယ်လေးရှင့်"

တင်ယုမေသည် ဝတ္ထုထဲမှ မှောင်ရိပ်ထဲမှ မည်းမည်းသဏ္ဍာန်ကြီး ချဉ်းတပ်လာကြောင်း ဖတ်မိခိုက်တွင် သိန်းမောင်က အမေးလိုက်နှင့် ဆုံသွားသဖြင့် လန့်အော်မိခြင်းဖြစ်သည်။

တင်ယုမေ၏ဖခင် ဦးရန်ဝေးမှာ အိမ်ရှေ့ခန်းတွင် စာဖတ်နေရာမှ ပြေးလာပြီး သိန်းမောင်ကိုမြင်သော် ရပ်ကြည့်နေလေ၏။

"ရှင် ဘာလုပ်ဖို့ဝင်လာတာလဲ၊ ဘယ်သူ့ကို တွေ့ချင်လို့လဲ"

"ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး"

"ဟာ- မောင်ရင်ရယ်၊ ဘယ်သူ့မှ မတွေ့ချင်ဘဲနဲ့ ဝင်လာတာ ဒီဟာကို အိမ်သာမှတ်လို့လားကွ"

သိန်းမောင်သည် အဘိုးကြီးကို တစ်ချက်ပြုံးကြည့်လိုက်ပြီး၊ တင်ယုမေကို လက်ညှိုးထိုးလျက် "သူက ခေါ်လို့" ဟု ပြောလိုက်ရာ၊ တင်ယုမေမှာ မျက်လုံး

တလေးများ ပြုံးသွားသည်အထိ အံ့ဩပစ်လိုက်ပြီး. . .

"အလိုတော်. . . မခေါ်ရပါလားရှင်"

"ဟင်. . . ကျွန်တော့်နားထဲမှာ အထဲဝင်ခဲ့ဖို့ခေါ်သံကို သေသေချာချာ ကြားလိုက်ပါတယ်ဗျာ"

ဦးရန်ဝေးသည် သိန်းမောင်ကို စိုက်ကြည့်နေရာက. . .

"မောင်ရင် အရင်က အထမ်းနဲ့ ဈေးလည်ရောင်းဖူးသလား"

"ဟာ- ကြုံကြုံဖန်ဖန် ဦးကလည်း မရောင်းဖူးပါဘူး"

"ဒါဖြင့်- ဟုတ်ပါပြီ၊ မင်းဟာ ဥစ္စာစောင့်ဝင်စားတာပဲ၊ ဒါကြောင့် နားထဲမှာ ခေါ်သံတွေကြားကြားနေတာ"

သိန်းမောင်မှာ မျက်နှာကို တစ်ချက်ရှုံ့လိုက်ပြီး၊ မကျေနပ်ဟန်ဖြင့် တင်ယုမေဘက် လှည့်လိုက်ကာ. . .

"ခင်ဗျား တကယ်မခေါ်ဘူးနော်"

"မခေါ်ပါဘူးရှင်၊ ခေါ်ရအောင် ရှင့်ကိုမှ ကျွန်မ မသိတာ"

ဤတွင် ဘယ်တုန်းက အနားရောက်နေမှန်းမသိသော အတူးကလေးက

"ဟေ့- မခေါ်ဘဲနဲ့ စားတော်ပဲ၊ ပဲကြီးတစ်ခွက် လာလို့ဖိတ်၊ မစားချင် ပေါင်၊ ကုလားချဉ်ပေါင်၊ ချဉ်ပေါင်ရိုး တုတ်နဲ့ထိုး၊ ကုလားထမင်းချိုး"ဟု အော်ဟစ်ပြီး သိန်းမောင်ကို လက်ညှိုးကလေး ကွေးချည်ဆန့်ချည်နှင့် သရော်နေတော့ရာ၊ သိန်းမောင်မှာ အရက်မူးနှင့် မျက်နှာသစ်သကဲ့သို့ ပူထူသွားပြီး၊ ခပ်သုတ်သုတ်ပင် အပေါ်ထပ်သို့ တက်ပြေးလေ၏။

ကိုယ့်အခန်းပြန်ရောက်သည်တွင်၊ တဖြည်းဖြည်း သိန်းမောင်မှာ တွေးနေမိတော့သည်။ သူ့နားထဲဝယ် ခေါ်သံကို ပြတ်ပြတ်သားသား ကြားရပြီး၊ တင်ယုမေက ငြင်းလိုက်သည်ကို သူ နားမလည်နိုင်အောင် ရှိတော့သည်။ သို့သော် ဤပြဿနာထက် ခက်သည်ကား လှပသော တင်ယုမေ၏မျက်နှာကလေးကို ယခုမှ နီးနီးကပ်ကပ် တွေ့ရသဖြင့်၊ ရင်ထဲဝယ် ကြိတ်မနိုင်ခဲမရ ချစ်စိတ်များ တွလာရခြင်းဖြစ်သည်။

"ငါ ဒီသူငယ်မကို အစက ဘာကြောင့်သတိမထားမိရပါသနည်း"

သူ့ကိုယ်သူ မေးမိသည်။ သို့သော် သူ့ရင်ထဲမှ အချစ်ပိုးလောက်လန်းတလေးသည် ခြင်ကောင်ဖြစ်၍ ဦးနှောက်ထဲဝယ် ပျံသန်းနေချေပြီ။

ဤအချိန်ဝယ် အောက်ထပ်မှ အတူး၏လက်ထဲမှ ဓာတ်ဘူဘောင်း



ကလေးမှာ ကြိုးရှည်ရှည်နှင့် ဝရန်တာမှ တက်လာပြီး အပေါ်ဝရန်တာအရောက် တွင် ပန်းအိုးထဲမှ နှင်းဆီပင်နှင့် ငြိသဖြင့် ဖောင်းကနဲ ပေါက်သွားလေ၏။

ဤအဖြစ်ကို သိန်းမောင် ဘာမျှမသိချေ။ အခန်းထဲဝယ် ရင်တလှပ်လှပ် ဖြစ်နေသဖြင့် စိတ်သက်သာလိုသက်သာငြား ဝရန်တာထွက်၍ ကုလားထိုင် တစ်လုံးဖြင့် စာထိုင်ဖတ်မည်ကြံကာ စာအုပ်ကလေးဖြင့် ထွက်ထိုင်လေသည်။

ဤအခါတွင်ကား အောက်ထပ်မှ အတူးမှာ ဓာတ်ဘူဘောင်း ပေါက် သွား၍ ကြိုးစနှင့်တကွ ဓာတ်ဘူဘောင်းအခွံကိုကိုင်ကာ အော်ဟစ်ငိုကြွေးနေချေ ပြီ။ ဓာတ်ဘူဘောင်းအပေါက်ကြီးသည် ကြိုးစတန်းလန်းနှင့် ဖတ်ကနဲကျလာ ကတည်းက မြင်လိုက်သော တင်ယုမေသည် ဤကိစ္စမှာ မုချ အပေါ်ထပ်က သိန်းမောင်က ဖောက်ပစ်တာ ဖြစ်ရမည်ဟု တွေးမိရကား၊ စိတ်ထဲက ထောင်းကနဲ ဖြစ်သွားလေ၏။

ရဲတင်းသူပီပီ ကြာရှည်စဉ်းစားမနေတော့ဘဲ အပေါ်ထပ်သို့ တက်သွား ကာ တံခါးကို ဒိုးဒိုးဒေါက်ဒေါက် ခေါက်လိုက်၏။ သိန်းမောင်၏အမေမှာ ဤအချိန် တွင် ဘုရားရှိခိုးနေချိန် ဖြစ်သဖြင့် သိန်းမောင်ကပင် တံခါးကို လာရောက်ဖွင့်ပေး ရလေသည်။

"အလို. . . သူငယ်မ"

"ဘာသူငယ်မလဲ"

"ဘာသူငယ်မလဲဆိုရင်. . . တော်တော့ချောတဲ့ သူငယ်မပေါ့"

တင်ယုမေသည် မီးတွက်လုမတတ် မျက်လုံးများဖြင့် ကြည့်လိုက်၏။

"ရှင်က ကျွန်မကို ဘယ်လိုကောင်မစားမှတ်လို့ ခုလိုလုပ်နေရတာလဲ"

"ဗျာ- ကျွန်တော်က ဘာလုပ်နေလို့လဲ"

"ဘာလုပ်နေရမှာလဲ- ရှင့်ကိုပဲ ကျွန်မက ခေါ်သလိုလိုလုပ်ပြီး ခပ်တည် တည် ဝင်လာခဲ့တယ်၊ ဖေဖေ ထွက်လာလို့ပေါ့၊ နို့မဟုတ်ရင် ရှင်က ရည်းစား စကားပြောမလို့ မဟုတ်လား၊ အခုလည်း ကောင်လေး ဘူဘောင်းကို ဖောက်ပစ် လိုက်တယ်၊ ဒီမှာ. . . ရှင့်လိုကောင်မျိုးကို တစ်နေ့ ရွှေတစ်ပိဿာထွက်မယ်ဆို ရင်တောင် မကြိုက်သေးဘူး. . . မှတ်ထားပါ"

သိန်းမောင်မှာ ကြိုတင်ပြင်ဆင်မှု မရှိဘဲ တိုက်စစ်ဆင်ခြင်းကို ခံရ သဖြင့်။

"ဗျာ- ဘယ့်နှယ် ဘယ်ကောင်လေးဘူဘောင်းကို ကျုပ်က ဖောက်လို့လဲ၊

ကျုပ်အရွယ်ဟာလည်း ဘူဘောင်းဖောက်တဲ့အရွယ်လားဗျာ"

"ဘာမှ အူကြောင်ကြောင်လုပ်မနေနဲ့၊ ရှေ့ကို သတိကြပ်ကြပ်ထားနေပါ၊ ဒါပဲ ကျွန်မပြောချင်တယ်"

ပြောပြီးသည်နှင့်တစ်ပြိုင်နက် တင်ယုမေသည် ချာကနဲလှည့်၍ ဆင်းသွားလေ၏။ သိန်းမောင်လည်း တံခါးပြန်ပိတ်ပြီး ဝရန်တာ၌ ပြန်ထိုင်ကာ၊ တင်ယုမေပြောသွားသော စကားများကို တစ်လုံးစီတစ်ခါ၊ နှစ်လုံးတစ်တွဲတစ်ခါ အမျိုးမျိုး အပြန်အလှန် စဉ်းစားသော်လည်း နားမလည်ရှာပေ။ ကြိုက်မယ်ဖြင့် မကြိုက်ရသေး၊ အခြောက်တိုက် စွပ်စွဲခံရပြီး ရန်တွေ့သည်ကို ကြုံရသဖြင့် စိတ်ညစ်ညစ်နှင့် ရုပ်ရှင်ရုံများဘက်ဆီသို့ ထွက်လာခဲ့လေသည်။

ထိုအချိန်၌ တင်ယုမေကို ငိုးနေသော ငွေမောင်းသည် တင်ယုမေ၏ အိမ်သို့ ပေါက်လာလေ၏။ တင်ယုမေမှာ ဝမ်းထဲတွင် ကြိတ်မနိုင်ခဲမရ ဖြစ်နေသေးရကား၊ သိန်းမောင် ဝင်လာပုံနှင့် ဓာတ်ဘူဘောင်းခွဲဖြစ်ပုံကို ငွေမောင်းကို တိုင်ကြားရာ၊ ငွေမောင်းမှာ ရန်သူတော် ပေါ်လာပြီဟု ယူဆလေတော့၏။

ငွေမောင်းသည် တင်ယုမေကိုတော့ ဘာမျှမပြောဘဲ အိမ်ရှေ့ခန်းသို့ သွား၍ စာတစ်စောင် ကောက်ရေးနေလေ၏။ ထိုအချိန်တွင် တင်ယုမေ၏ သူငယ်ချင်း၊ အိမ်ဘေးလမ်းခြားလျက်ရှိသော တိုက်အလယ်ထပ်မှ မိန်းမပျို လာလည်လေရာ၊ တင်ယုမေမှာ သိန်းမောင်အကြောင်း ပြောပြန်လေ၏။

"ဟယ်. . . မေ မှားပြီထင်တယ်၊ နေ့လယ်က ဓာတ်လမ်းပမာထဲမှာ အထဲကိုခေါ်သံထွက်လာပြီး မီးပျက်သွားတယ်လေ၊ ပြီးတော့ ဓာတ်ဘူဘောင်းကိစ္စက မြင့်မြင့်တယ်၊ ဘူဘောင်းက နှင်းဆီပင်နဲ့ ငြိတာ မေရဲ့၊ အဲဒီတုန်းက လူတောင် ဝရန်တာမှာ ထွက်မထိုင်သေးဘူး"

တင်ယုမေမှာ ပူထူသွားလေတော့၏။ ရှက်လည်းရှက် အားလည်းနာသွားတော့သည်။ ပြီးနောက် နောက်ဖေးခန်းမှထွက်လာသော သူ့အဖေကို လှမ်းမေးလိုက်၏။

"ဖေဖေ ရေဒီယို ပိတ်လိုက်သလား"

"အေး. . . နှစ်ချက်ကျော်ပြီး ဘာသံမျှမလာဘဲနဲ့ နင်တို့က ဖွင့်ထားတာတွေ့လို့ ငါ ပိတ်လိုက်ရတယ်"

"နှစ်ချက်ကျော်မှ မီးကပြန်လာတာ. . . မေရဲ့"

တင်ယုမေသည် မြင့်ကိုသာ လက်ခံစကားပြောနေရသည်။ စိတ်ထဲကမူ



မြန်မြန်ပြန်ပါစေဟု ဆုတောင်းနေ၏။ သူပြန်လျှင် သိန်းမောင်ကို သွားတောင်းပန်မည်ဟု ကြံထား၏။

ထိုအတွင်း၌ပင် ငွေမောင်းမှာ အခန်းကထွက်ပြီး အပေါ်ထပ်သို့ တက်သွား၏။ တင်ယုမေ ပြောစဉ်က 'အပေါ်ထပ်ကအကောင်' ဟုသာ ပြောသည်။ ဘယ်ဘက်ကအခန်းမှန်း မပြောသဖြင့်၊ လက်တည့်စမ်းသဘောဖြင့် သိန်းမောင်တို့အခန်းကို ခေါက်လိုက်၏။

သိန်းမောင်၏အမေက တံခါးဖွင့်ပေးသည်။

"ဒီမှာ ဒေါ်ဒေါ် ဒီအခန်းမှာ လူခပ်ရွယ်ရွယ် မရှိဘူးလား"

"အဒေါ့်သားတော့ ရှိတာပေါ့၊ ဘာကိစ္စတုန်း သူအပြင်သွားတယ်"

"အဲဒီအဒေါ့် သားက သူများအခန်းတွေထဲ လျှောက်လျှောက်ဝင်တတ်တယ် မဟုတ်လား. . . ဟင်"

"ကြံကြံဖန်ဖန် မောင်ရယ်၊ အဒေါ့်သားဟာ မတော်ဘဲနဲ့ မစားဘူး၊ မခေါ်ဘဲနဲ့ မသွားဘူး၊ လမ်းလျှောက်ရင် ရွှေကျင်ဂိုဏ်းဆရာတော်ကြီး ကျနေတာပဲ"

"ဒါဖြင့် အခန်းလွဲပြီ ဒေါ်ဒေါ်ရေ. . . "

သူ့တွက်ကိန်းနှင့်သူ ငွေမောင်းသည် တစ်ဖက်ခန်းတွင် စာပေးခဲ့ပြီး ဆင်းသွားလေ၏။ ငွေမောင်း မသိ၍သာ ဖြစ်ချေသည်။ ထိုအခန်းကား လက်ဖွဲ့ချန်ပီယံတွဲကို မျှော်မှန်းနေသော ကြောင်ဗသိန်း၏အခန်း ဖြစ်သတည်း။ 'ကြောင်' ကား အိပ်နေ၏။

အချိန်ကား အနည်းငယ် ကြာသွားပေပြီ။ သိန်းမောင်သည် ရုပ်ရှင်ကြည့်ချင်စိတ်လည်း မရှိသဖြင့် ခေါင်းငိုက်စိုက်ချကာ တက်လာ၏။ သူ့အခန်းတံခါးမှာ ဖွင့်ထားသဖြင့် မခေါက်ရဘဲ ကွေ့ဝင်လိုက်ရာ ကုလားထိုင်ချင်းထိုင်၍ သူ့မိခင်နှင့် စကားပြောနေသော တင်ယုမေကို တွေ့လိုက်ရသောအခါ ဖောက်ထိုးဖြစ်နေသည့် ပတ္တာပြုတ်နေသော သေတ္တာအဖုံးကဲ့သို့ အောက်မေးရိုးသည် တွဲရရွဲကျ၍ ဟစ်ပြသွားလေ၏။

"ကိုသိန်းမောင်"

တင်ယုမေက ခေါ်လိုက်မှ သိန်းမောင်မှာ မျက်လုံးကြီးများပြူး၍ တော်ဝန်းကျင်ကို ကြည့်လိုက်ကာ. . .

"အောက်ထပ်ကဦးပြောတာ မှန်နေပါပြီ၊ ကျွန်တော်ဟာ ဥစ္စာစောင့်ဝင်

စားတာယ်ထင်တယ်၊ ခေါင်းသံတွေချည်း ကြားကြားနေတယ်"

"ကျွန်မ ခေါ်လိုက်တာပါရှင့်"

"ဟယ်. . ဘုရားရေ၊ ဘယ်ပွဲဈေးတန်းက ခတ်ဘူဘောင်းတွေ ကွဲကုန် ပြန်ပြီလဲ"

တင်ယုမေသည် လှပဖြူဖွေးသော သွားကလေးများပေါ်အောင် ရယ် လိုက်ပြီး. . .

"အဲဒါ တောင်းပန်မလို့ လာတာပါ. . . အစ်ကိုကြီးရှင့်"

ထို့နောက် တင်ယုမေက အကျိုးအကြောင်း ရှင်းပြရာ သိန်းမောင်မှာ ပါးစပ်ကြီးဖြဲ၍ ရယ်နေရ၏။ ဤသည်၏အခြားမဲ့၌ကား သိန်းမောင်နှင့် တင်ယုမေ တို့မှာ များစွာရင်းနှီးသွားကြပြီး၊ ကဗျာဆန်လှသော စကားများဖြင့် လက်ဆုံကျနေ ကြလေ၏။

ကြောင်ဗဟိန်းသည် စာကို တစ်ခေါက်ပြန်ဖတ်ပြန်၏။

**ဟေ့ကောင်၊**

**မင်း သတ္တိရှိရင် အလယ်ဘယ်ဘက်ခန်းကို လာခဲ့၊**

**လက်သီးချင်းပြိုင်ထိုးမလို့ ငါ စောင့်နေတယ်။**

**ငွေမောင်း**

ကြောင်ဗဟိန်းသည် ခပ်သုတ်သုတ်ပင် အောက်ထပ်ကို ဆင်းလာရာ ဧည့်ခန်းတွင် စာဖတ်နေသော ဦးရန်ဝေးကို တွေ့ရလေ၏။

"မောင်ရင်ကကော. . . ခေါင်းသံတွေ ကြားနေပြန်ပြီလား"

"နေပါဦးခင်ဗျာ၊ ကျွန်တော့်ကို လက်သီးချင်း ပြိုင်ထိုးမယ်လို့ ခဲ့လင့် လုပ်တာ ဦးလား"

"သောက်ကျိုးနည်း. . . ဘုရားရေ၊ ငါက သိုက်တူးမယ်ကြံကာရှိသေး အနှောင့်အယှက်တွေ လာကုန်ပါပကော၊ နေပါဦး. . . မင်းကို ငါက လက်သီးထိုး ဖိတ်ရအောင် မင်းနဲ့ ငါက မယားလုဘက်မို့လားကွ"

နားစွန်နားဖျားကြားလိုက်သော အိမ်ရှေ့ခန်းမှ ငွေမောင်းသည် ပြေး ထွက်လာလေ၏။

"ဟေ့. . . ခင်ဗျား အပေါ်ထပ်ကလူလား"

"ဟုတ်တယ်"

"ဒါဖြင့် ထိုးတယ်ကွာ"



ငွေမောင်းက ပြောပြောဆိုဆို ပစ်ထိုးလိုက်၏။ ကြောင်ဗသိန်းသည် ကျင်လည်စွာ ငုံ့ယေးလိုက်ပြီး၊ အောက်ကာပင့်၍ ကော်သတ်လိုက်ရာ၊ ငွေမောင်းမှာ တစ်ချက်တည်း နောက်ကောက်ကျပြီး ကြမ်းပေါ်တွင် ပက်လက်ကြီး လန်နေလေ၏။

ဦးရန်ဝေးသည် ရုတ်တရက် ကုလားထိုင်ပေါ် ဆောင့်ကြောင့်ထိုင်လိုက် ၍ မျက်စိကို စုံပိတ်ပြီး "ဦး ဗုဒ္ဓစကျွဲ ကိုယ်လုံးခြုံလုံပါစေသတည်း။ ဗြောင်း ဘုတိပိက္ကတိပိ၊ အနှောင့်အယှက် မှန်သမျှ လွင့်စေသော်" ဟု အော်ရွတ်နေစဉ်ပင် ကြောင်ဗသိန်းသည် ပြန်ထွက်သွားလေ၏။

တင်ယုမေက အလည်ခေါ်သဖြင့် သိန်းမောင် လိုက်လာကာ၊ ရယ်ရယ် မောမော စကားတပြောပြောနှင့် နှစ်ယောက်သား တင်ယုမေတို့၏ အခန်းတွင်းသို့ ဝင်လိုက်ရာ၊ မြင်ရသောမြင်ကွင်းကြောင့် အံ့အားသင့်ကုန်ကြလေ၏။

ငွေမောင်းသည် ကြမ်းပေါ်၌ ပက်လက်ကြီးလန်လျက်၊ ဦးရန်ဝေးကား အနားမှ ကုလားထိုင်ပေါ်တွင် ဆောင့်ကြောင့်ကြီးထိုင်လျက်၊ မျက်စိမှိတ်ကာ၊ ဂါထာတွေကို ဉုံခံပြီး ဆောင့်ကြီးအောင့်ကြီးနှင့် မန်းမှုတ်နေလေသည်။

"ဟာ. . . ဦးဇာလည်း၊ ဒါတက်တာရိုးရိုးပါ၊ ပယောဂ မဟုတ်ပါဘူး"

သိန်းမောင်သည် ပြောပြောဆိုဆို ငွေမောင်း၏ ခြေမနှင့် ခြေညှိုးအကြား သို့ လက်ဖြင့်အားရပါးရ ဖိနှိပ်လိုက်ရာ၊ သတိပြန်လည်လာခါစ ငွေမောင်းမှာ ခြေထောက်ကို ဆတ်ကနဲ ရုတ်လိုက်၍ 'အောင်မယ်လေးဗျ' ဟု အော်လိုက်လေ ၏။

ငွေမောင်း၏အော်သံကြောင့် ဦးရန်ဝေးသည် မျက်စိဖွင့်ကြည့်လိုက်ရာ၊ သိန်းမောင်ကို မြင်ရသည်တွင် မျက်လုံးများ ပြူးသွားလေ၏။

"ဟေ့. . . ခေါင်းသံကြားပြန်ပြီလား"

သိန်းမောင်က ပြုံးလိုက်၍-

"မဟုတ်ပါဘူး ဦးရဲ့"

"ဟယ်. . . သောက်ကျိုးနည်း၊ ဒါဖြစ်ရင်. . . ငါကများ မင်းကို လက် သီးချင်းထိုးဖို့ ချိန်းထားမိသလား. . . ဟင်"

"ဟာ. . . ကြံကြံဖန်ဖန် ကျွန်တော့်ယောက္ခမလောင်းကို. . ."

သိန်းမောင်မှာ စိတ်ထဲရှိရာ နှုတ်မှထွက်သွားသဖြင့် လန့်သွားကာ တင်ယုမေကို ရှက်ရှက်နှင့် ကြည့်မိ၏။ တင်ယုမေကား မျက်စောင်းနှင့် တစ်ချက် သာ ထိုးလိုက်သည်။ စိတ်ဆိုးပုံ မပြသဖြင့် သိန်းမောင်မှာ ဝမ်းအသာကြီးသာမိ

တော့သည်။

သို့သော် သူ၏ဝမ်းသာမှုမှာ ကြာမရှည်ပါချေ။ ငွေမောင်းသည် ပြာ
ပြာယာထ၍ လက်သီးနှင့် သူ့ကို ထိုးလေတော့ရာ သတိမလစ်စေကာမူ အ
တမဲ့ဖြစ်၍ ကြမ်းပေါ် ဖင်ထိုင်ရက်ကြီး ဒိုင်းကနဲ ကျသွားလေ၏။

ဤတွင် တင်ယုမေ၏မျက်နှာမှာ ကြက်သွေးရောင် လွှမ်းသွား၏။

"အလို့. . . ကိုငွေမောင်း၊ ကျွန်မရဲ့ညှေ့သည်ကို ဒီလိုပဲ ဓော်က
သလား. . . ဟင်. . . ရှင်ပြန်ရင် ကောင်းမယ်ထင်တယ်"

သိန်းမောင်ကား အထိုးခံရကျိုး နပ်သွားပေပြီ။ တင်ယုမေ၏ သူ့အ
ကို ယိမ်းယိုင်နေသော စိတ်ဓာတ်ကို သူလက်တွေ့သိရချေပြီတကား။ စင်စ
သူကသာ သတိမမူမိ၍ ဂူကိုမမြင်ခြင်းဖြစ်သည်။ ဂူကတော့ သူ့ကို အထင်း
မြင်လျက်ရှိခဲ့သည်ကို သူ မသိချေ။

ထိုခဏ၌ အမြတမ်း သမီးဘက်က ပါလေ့ရှိသော ဦးရန်ဝေးကလည်
"ဟော့-မောင်ရင် ပြန်ရင်ကောင်းမယ်၊ မောင်ရင့်မှာ အံဖျက်ဓာတ်တွေ ပါလာ
လက်သီးဓာတ်တွေ ပြလိုက်တာကွာ. . . မင်းဟာ ဥစ္စာစောင့်တွေရဲ့ သူ
မြန်မြန်ပြန်ရင် ကောင်းမယ်၊ တော်တော်ကြာ ငါက နဂါးပါတ်ကျော့ကွင်းနဲ့
ထားလိုက်မိလိမ့်မယ်" ဟု လျှောက်ပြောနေလေ၏။

ချစ်ရေး ရှုံးပြီမှန်းသိသော ငွေမောင်းမှာ အံကြိတ်လျက်ကပင်
လျှော့၍ ဆင်းသွားလေတော့သည်။

သူသွားသည်နှင့်တစ်ပြိုင်နက်၊ ဦးရန်ဝေးသည် 'ဩော်ဒုရေ. . ဒုရေ
သွားဟုံဟုံ" ဟုဆိုပြီး လက်ဝါးဖြင့် လေကို ယက်ကာ ယက်ကာ ထုတ်လိုက်
သိန်းမောင်နှင့် တင်ယုမေတို့မှာ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပြုံးမိကြ
တော့သတည်း။ ။

သွေးသောက်၊ (၁၉၅၈)
ဇန်နဝါရီလ၊ အမှတ် (၁၄

□ □ □

## အတွင်းက အပြင်သို့ရောက်သော်

အချို့သူများ၊ အထူးသဖြင့် လူပျိုကြီးများသည် မင်္ဂလာဆောင်ရန် ရက်သတ်မှတ်ပြီးပြီဆိုလျှင် သူတို့၏အာရုံသည် အခြားဘယ်သို့မျှ မရောက်တတ်ဘဲ အားလည်း သည်စိတ်၊ အိပ်လည်း သည်အာရုံနှင့် ကြုံတွေ့ရမည့်အရေးကိုတွေး၍ ပီတိတွေ ဖြစ်နေတတ်သည်။

သိန်းစောသည် မင်္ဂလာဆောင်ရမည့်ရက်သည် အတော်ပင် နီးကပ်နေသည်မှန်၏။ သို့သော် သူ့အာရုံကား တစ်သက်တွင် သာမာန်အားဖြင့် တစ်ခါသာကြုံရတတ်သည့် မင်္ဂလာဆောင်ရန်ကိစ္စကို နေ့စဉ်ပြုလုပ်နေကျ အလုပ်လောက်သာ သဘောထားသလို ဖြစ်နေသည်။ သူလုပ်ချင်သည့်အလုပ်တွင်သာ စိတ်အာရုံရောက်နေ၏။

ဤသို့ဖြစ်ရခြင်းသည် အောက်ပါအကြောင်းသုံးချက်ကြောင့် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

(၁) သိန်းစောသည် လူပျိုကြီး မဟုတ်ဘဲ အသက်အစိတ်မကျော်သေးသည့် လူပျိုကလေးသာ ဖြစ်ခြင်း။

(၂) မင်္ဂလာဆောင်ကိစ္စအတွက် သတ်မှာထွေးတို့ဘက်ကသာ လုံးပန်းဆောင်ရွက်နေခြင်းနှင့်. . .

(၃) သိန်းစော၏ဉာဏ်တွင် ဝင်ရောက်ကျက်စားနေသော ကိစ္စတစ်ရပ်မှာ

မြန်မာပြည်တွင်သာမက ကမ္ဘာမှာပင် ထင်ရှားနိုင်သော ကိစ္စတစ်ရပ်ဖြစ်ခြင်း

ဟူသော အကြောင်းတို့ကြောင့် သူသည် သူ၏မင်္ဂလာဆောင်တို့ အပေါ်တွင် သာမာန်ကိစ္စတစ်ရပ်ကဲ့သို့ စိတ်ကိုထားနေမိခြင်း ဖြစ်နိုင်ပါသည်။

သိန်းစောသည် ဓာတ်ပုံဝါသနာပါ၏။ ဓာတ်ပုံဝါသနာပါသည် ဆိုရာ တွင် ရုပ်ရှင်မင်းသမီး စသော မိန်းကလေး လှလှပပတို့၏ဓာတ်ပုံကို စုဆောင်းခြင်း အနုပညာမျက်စိဖြင့် ကြည့်သည်ဆိုကာ အဝတ်အစား ပါသည်ဟု ဆိုရသည့်တိုင် အောင် အဝတ်အစားကို မှန်ဘီလူးဖြင့် ကြည့်ယူရမည့် မိန်းမရုပ်ပုံ၊ နိုင်ငံခြား ပြက္ခဒိန် စသည့် ဓာတ်ပုံမျိုးကို စုဆောင်းရာ၌ ဝါသနာထုံခြင်းကို မဆိုလိုပါ။ ဓာတ်ပုံရိုက်ကူးခြင်း အတတ်ပညာတွင် ဝါသနာပါခြင်းကိုသာ ဆိုလိုပါသည်။

သို့ဖြစ်၍ သူ့ဝါသနာနှင့် စပ်ဟပ်မိသော ဓာတ်ပုံသတင်းထောက် အလုပ်ကို လုပ်ရင်းက မင်္ဂလာပွဲ၊ အလှူအတန်းပွဲများနှင့် ဘွဲ့နှင်းသဘင် စသည် တို့တွင် ဓာတ်ပုံ လိုက်ရိုက်ခြင်းများ ပြုလုပ်သည်။ အားလပ်ချိန်ရလျှင် ရန်ကုန် တစ်ဝိုက်ရှိ ဘုရားပုထိုးများသို့ သွားရောက်၍ ကမ္ဘာလှည့်ခရီးသည်များအပါအဝင် နယ်မှ ဘုရားဖူးများကို ဓာတ်ပုံရိုက်ပေး၏။ တစ်ခါတစ်ရံ မြို့ပေါ်မှ အတွဲကလေး များကိုလည်း ဓာတ်ပုံရိုက်ပေး၏။ ဤသို့ဖြင့် အပိုဝင်ငွေ ရရှိနေသူ ဖြစ်သည်။

သို့သော် သူ့ဝါသနာမှာ ဤသို့ဝင်ငွေရခြင်းကို ဝါသနာပါနေခြင်း မဟုတ်ဘဲ ဓာတ်ပုံပညာနှင့် ပတ်သက်၍ ဝါသနာပါနေခြင်းဖြစ်ရာ ယခုလည်း သူ့စိတ်ထဲတွင် အကြံအစည်တစ်ခု ပေါ်ပေါက်နေ၏။

သူသည် ပထဝီအဓိက ဝိဇ္ဇာဘွဲ့ရ ဖြစ်သော်လည်း ဓာတုဗေဒစာအုပ် များကို ဖတ်သည်။ ကြံစည်သည်။ ဤသို့ဖြင့် နည်းတစ်နည်းသည် သူ့စိတ်ထဲတွင် လက်တွေ့လုပ်ဆောင်စမ်းသပ်၍ရတော့မည့် 'ဟိုင်ပေါသီစစ်'အဖြစ်သို့ ရောက်နေ ၏။

ဓာတ်ပုံရိုက်ကူးလိုက်စဉ်က အလင်းရောင် နည်းပါးနေသည် ဖြစ်ပါစေ။ ဓာတ်ပုံမှန်ဘီလူးသည် မှတ်တမ်းတော့ တင်လိုက်သည်ဖြစ်၏။ ဓာတ်ပုံကို ပြန် ကူးရာ၌ ဆေးအာနိသင် ထက်မြက်လျှင် မှန်ဘီလူးက မှတ်တမ်းတင်ချက်သည် မှိန်နေသည့်တိုင်အောင် ကူးဆေးအာနိသင်ကြောင့် ပုံမှာထင်လင်းလာကာ မှန်ဘီ လူးက မှတ်တမ်းတင်ရာ၌ မှေးမှိန်ချက်များ ပျောက်ကွယ်ကာ ရုပ်ပုံသည် ပကတိ အလင်းရောင်တွင် ရိုက်ထားသလို ထင်ပေါ်လာရမည်ဖြစ်၏။ ဤသို့သော ဓာတ်ပုံ ကူးဆေးကို ဖော်စပ်နိုင်လျှင် မှောင်ထဲတွင်ပင် ဘာမီးမျှမလိုဘဲ ဓာတ်ပုံရိုက်နိုင်



သည်ဖြစ်၍ မြန်မာပြည်တွင်သာမက ကမ္ဘာကျော်နိုင်သည့် ဓာတ်ပုံကူးဆေးတီထွင် သူ ဖြစ်လာပေတော့မည်။

သို့သော် စိတ်ကူးတွင် ပြည့်စုံနေခြင်းမျှသာဖြစ်၏။ လက်တွေ့ဖော်စပ် ကြည့်တော့မှသာ ဖြစ်,မဖြစ်ကို သိရတော့မည်။ ထို့ကြောင့် လက်တွေ့ဖော်စပ် ကြည့်ရန် သူသည် ကြိုးစားနေခြင်း ဖြစ်၏။ သူနေနေသည်မှာ အစ်ကိုဖြစ်သူ ကိုတင်မွေးနှင့် မရီး သင်းသင်းလှိုင်တို့၏ နေအိမ်တွင်ဖြစ်ရာ အိမ်ကလေးမှာ အစ်ထပ်အိမ်ကလေးသာဖြစ်သည်။ ခြံကလေးမှာလည်း တစ်ထွာတစ်မိုက်မျှသာ ဖြစ်ရာ ဓာတ်စမ်းခန်းတစ်ခုကို ကောက်ကာငင်ကာ တည်ဆောက်၍ မဖြစ်နိုင်၊ ထို့ပြင် နေရာရှိသည်ထားဦး၊ ပစ္စည်းကိရိယာ တန်ဆာပလာများကို ဝယ်ယူစရာ ငွေကြေးမပြည့်စုံပါ။ ထိုအချက်များထက် အရေးကြီးသည်ကား သူသည် ယခုစမ်း သပ်ချက်ကို တစ်ခါမျှသာလုပ်ပြီး မအောင်မြင်လျှင် နောက်ထပ် ဘာကိုမျှ ချက် ချင်းစမ်းသပ်နေမည်မဟုတ်သဖြင့် ကိုယ်ပိုင်ဓာတ်စမ်းရုံတစ်ခု ပိုင်ဆိုင်ထားရန် သင့်လျော်ချေ။

ဤတွင် မိခင်၏အစ်ကိုဖြစ်သော ဘကြီးဦးခင်မောင်ထွန်းကို သတိရမိ လာခြင်း ဖြစ်ပေ၏။

ယခု သူသည် ဦးခင်မောင်ထွန်း၏ အိမ်ဆီသို့ လာနေခြင်းဖြစ်သည်။ မော်တော်ဆိုင်ကယ်ကို စီးလာရင်းက ဘကြီး၏အကြောင်းများကို တွေးတောနေမိ သည်။

သူတို့အမျိုးထဲတွင် ဦးခင်မောင်ထွန်းလို လူကြီးမျိုး တစ်ယောက်မျှ ထွန်းကားခဲ့ဘူးချေ။ ထို့ကြောင့် သည်လူကြီးသည် လူထူးလူဆန်းကြီးလိုလို၊ လူ့ဂွ တကြီးလိုလို အမျိုးအဆွေများက မှတ်ယူထားခြင်းဖြစ်၏။

သူသည် ကာလကတ္တား ယူနီဗာစီတီမှ 'ဘီအက်စ်'ဘွဲ့ကို ရရှိခဲ့သူဖြစ် ၏၊ ယခု အသက်ကြီးသောအခါတွင် တစ်အိမ်နှင့်တစ်အိမ် ဝေးကွာလှသောနေ ရာတွင် ခြံကြီးနှင့် ရှေးအိမ်ကြီးတစ်ဆောင်ကို ဝယ်ယူကာ နေထိုင်၏။ ပြင်ပ လောကနှင့် အဆက်အဆံ နည်းပါးသည်။ သူ့တွင် ဝါသနာရှိသောကြောင့် ဖြစ် ၏။ သူ့ဝါသနာကား အင်္ဂလိပ်ထိုးခြင်း ဖြစ်လေသည်။

အင်္ဂလိပ်ထိုးသည် ဆိုသော်လည်း ရှေးနည်းရှေးဟန်နှင့် ထိုးခြင်းမဟုတ်၊ သိပ္ပံနည်းဖြင့် အင်္ဂလိပ်ထိုးခြင်းဖြစ်သည်။ သူ့ဖိုခန်းမှာ ဖိုခန်းနှင့် မတူဘဲ ဖန်ပြွန် များ၊ ဖန်ပုလင်းများဖြင့် ဓာတ်စမ်းခန်းကြီးသဖွယ်သာ ဖြစ်ပေ၏။ သို့ဖြစ်ရာ သူ

တွင် ဖိုရုံသပ်သပ်မရှိဘဲ အိမ်ကြီး၏အောက်ထပ်၌ အခန်းကျယ်ကြီးတစ်ခုကို လျှပ်စစ်မီးများ၊ လျှပ်စစ်မီးဖိုများဖြင့် ပြုလုပ်ထားသော ဓာတ်စမ်းခန်းကြီးကိုသာ သူက ဖိုခန်းဟု ခေါ်နေခြင်းဖြစ်၏။

ယခင်က ဤကိစ္စမျိုး ကြုံဖူးခဲ့ခြင်း မရှိသဖြင့် ဦးခင်မောင်ထွန်းသည် သူ၏ဓာတ်စမ်းခန်းကို သိန်းစောက အသုံးပြုခြင်းကို ခွင့်ပြုမည် မပြုမည်တော့ တပ်အပ်မပြောနိုင်သေးပါ။ ဘကြီးကို ချော့မော့ဖျောင်းဖျရပေတော့မည်။ ဘကြီး ထံမရောက်သည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်၍ အဘိုးကြီး စိတ်ဆိုးနေလေမည်လားဟု တွေး၍လည်း ပူနေရသေး၏။ မည်သို့ပင်ဖြစ်စေ ယခု မိမိလုပ်ချင်နေသော အလုပ်သည် ဦးခင်မောင်ထွန်းအပေါ်တွင် များစွာတည်နေသည်ဖြစ်သောကြောင့် ရောက်အောင်တော့သွား၍ တွေ့အောင်တော့ တွေ့ကြည့်မှ ပြီးမည်ဖြစ်၏။

သိန်းစောသည် ဆင်ဝင်အောက်တွင် မော်တော်ဆိုင်ကယ်ကို ထောင်ထားခဲ့ပြီး လှေကားထစ်ကလေး သုံးထစ်လောက်တက်ကာ ပိတ်ထားသော တံခါးကြီးရှေ့တွင် ရပ်၏။ ထို့နောက် လူခေါ် 'လျှပ်စစ်ခေါင်းလောင်း'ကို နှိပ်လိုက်ပြီး ရပ်စောင့်နေသည်။ ဦးခင်မောင်ထွန်းသည် အိမ်ထောင်မရှိသူဖြစ်၍ သူ့အိမ်တွင် လူများများစားစား မျှော်လင့်စရာ မရှိချေ။ တပည့်လက်သားသာ ရှိချေ်ဖြစ်၏။

အတွင်းမှ အသံဗလံ အနည်းငယ်ထွက်ပြီး တံခါးရွက်ကြီးသည် လူတစ်ယောက်စာ ဟ,သွားသည်။ အတွင်းကလူ၏ မျက်နှာဆီသို့ မှန်း၍ကြည့်နေသော သိန်းစောမှာ တံခါးပွင့်သွားသော်လည်း ဘာကိုမျှ မမြင်ရဘဲ ဟင်းလင်းဖြစ်နေ၏။ အသံဗလံ အနည်းငယ် ထွက်ပေါ်ပြီးမှ တံခါးပွင့်သွားသည် ဖြစ်သောကြောင့် တံခါးရွက်သည် လေတိုး၍ ပွင့်သွားခြင်းတော့ မဟုတ်တန်ရာ၊ အိမ်တွင်မွေးထားသော ကြောင်ကလေး၊ ခွေးကလေးများကလည်း ဤမျှကြီးမားလေးလံသော ရှေ့တံခါးရွက်ကြီး၏ ကန့်လန့်များဖြုတ်ကာ ဖွင့်ပေးသည်ဟုတွေးလျှင် တွေးသူသည် အရူးသာ ဖြစ်ရပေမည်။ သိန်းစောသည် အရူးမဟုတ်သောကြောင့် ဤသို့အတွေးမျိုး မတွေးမိပါ။

"ဟယ်. . . လူလည်း မတွေ့ရပါကလား၊ ငါ မျက်စိ သွားစမ်းသပ်မှ ကောင်းမယ်ထင်တယ်"

လွှတ်ကနဲပင် တစ်ယောက်တည်းပြောလိုက်သော သူ့စကားအဆုံးတွင် အသံတစ်သံသည် ဝမ်းဗိုက်လောက်ဆီမှ ထွက်ပေါ်လာ၏။

"ကျုပ်ဟာ လူလည်းဖြစ်တယ်၊ အာရုံငါးပါးနဲ့လည်း တွေ့ထိကောင်း



တယ်၊ မောင်ရင်သာ ကြောင်တောင်ကန်းဖြစ်နေတာ ဖြစ်ရမှာပေါ့"

သိန်းစောသည် ဟျာယီးဟျာယာ ငုံ့ကြည့်လိုက်၏။

လူကြီးသည် အဆမတန် ခါးကုန်းနေသည်။ ဦးခေါင်းပိုင်းသည် တည့်တည့်အနေအထားရောက်အောင် ကော့လန်ထားသော်လည်း သိန်းစော၏ဗိုက်အောက်သာ ရှိနေ၏။

"ဒီမှာခင်ဗျာ၊ ဦးလေးက လူကို ဘယ်သူဘယ်ဝါလဲကြည့်ရင် မျက်နှာကိုမမှတ်ဘဲ ချက်တွေကို ကြည့်တတ်မှတ်တတ်သလား၊ ဒီလိုဆိုရင် ကျွန်တော် ချက်ကို လှန်ပြရမှာပေါ့၊ ဒါပေမဲ့ ချက်ဆိုတာ မှတ်ရတော့ တယ်လွယ်မယ် မထင်ဘူးခင်ဗျ၊ ဖောင်းပြီဆိုရင်လည်း ပြောင်ချောပဲ၊ ပိန်ခွက်နေပြီဆိုရင်လည်း အရစ်တွေဟာ ကွေ့လိမ်ကောက်တွန့်ပြီး တစ်ယောက်နဲ့တစ်ယောက် မတူသလိုရှိတယ်၊ ဘယ်နေရာမှာ ဘယ်လိုကွာတယ်ဆိုတာ မှတ်ဖို့မလွယ်လှဘူး"

"မောင်ရင် အခုတံခါးလာခေါက်တာ ချက်တွေရဲ့ အတတ်ပညာဟာ နက်နဲကြောင်း ပြောမလို့လား၊ ဒါမှမဟုတ်ရင် ချက်အရောင်းအဝယ်လုပ်ချင်လို့ စကားပလ္လင်ခံနေတာလား"

"ဩော်. . . ကျွန်တော်လာတာ ဘကြီးဦးခင်မောင်ထွန်းနဲ့ တွေ့ဖို့ပါပဲလေ"

"ဆရာကြီး ဦးခင်မောင်ထွန်းရဲ့ချက်ကို ဘာလုပ်ချင်လို့လဲ"

"ဟာ. . . ဘာမှမလုပ်ချင်ပါဘူး၊ ကျွန်တော်က သူ့ကို ရတွေ့ချင်လို့လာတာသက်သက်ပါပဲခင်ဗျာ"

"ဒါဖြင့်လည်း စောစောကတည်းက တစ်ခါတည်း ဦးခင်မောင်ထွန်းလို့ ပြောပါလား၊ ဘာလဲ. . . ချက်တွေ တွန့်လိန်ကောက်ကွေးတာတို့ ဖောင်းပြီးပြောင်ချောနေတာတို့ ဘာဖြစ်လို့ လျှောက်ပြောနေရသေးသလဲ"

"ဩော်. . ဟဲဟဲ. . . ဒါက စကားစပ်မိသွားလို့ပါ"

"စကားစပ်မိရအောင် ကျုပ်က မောင်ရင်နဲ့ တွေ့ကတည်းက ချက်အကြောင်း ဘာမှမပြောပါကလား"

"ဟုတ်ပါတယ်၊ စကားက ကျွန်တော့်ဘာသာကျွန်တော် စပ်ပစ်လိုက်တာပါ"

"မောင်ရင်ဟာ လျှာရှည်သလောက် အသုံးမပင်ဘူး၊ ကဲ. . . ဝင်. . . ဝင်. . . အထဲကိုဝင်"

"ဟုတ်ကဲ့ ဝင်ဆိုကတည်းက အထဲကိုပဲ ဝင်ရမှာပေါ့၊ အပြင်ကိုမ
ထွက်တယ်လို့ခေါ်တယ် ထင်ပါတယ်"

"အေးပါ. . . မောင်ရင်က လျှာရှည်ပြလို့ ကျုပ်ကလည်း မည့်ပါဘူး
ပြီး လျှာရှည်ပြတာပါ၊ အထဲကို ခြေထောက်နဲ့ လှမ်းဝင်ပြီး ဧည့်သည်တွေ
လက်ခံတွေ့ဆုံတဲ့ဧည့်ခန်းကို ခြေထောက်နဲ့ပဲ လျှောက်သွားပြီး ကုလားထိုင်တ
မှာ မြီးညှောင့်ရိုးထိပ်ပိုင်းနဲ့ ထိုင်ချပါ"

ခါးကုန်းကြီးသည် ဘေးဖယ်ပေးပြီး ရှေ့ကဦးဆောင်လျှောက်သွား
သိန်းစောလည်း ဘာမျှမပြောတော့ဘဲ ပြုံးစိစိနှင့် သူ့နောက်က လိုက်ပါသွ
သည်။ တကယ်တော့ ဤအိမ်ကြီးကို သူ့ရှေ့က လေးငါးခေါက် ရောက်ခဲ့ပြီးသ
ပါ၏၊ သို့သော် ယခု ဧည့်ခန်းတွေဘာတွေ ပြောင်းလဲထားသလား မသိသည်က
ကြောင်း၊ ခါးကုန်းကြီးနှင့်အပြိုင် လျှာမရှည်ချင်တော့၍တစ်ကြောင်းကြောင့် ထ
တိတ်ကလေး လိုက်သွားခြင်းဖြစ်၏။

ဧည့်ခန်းထဲတွင် ထိုင်မိသောအခါ ခါးကုန်းကြီးသည် ပြန်ထွက်သွား
ပြန်ထွက်မသွားခင် သူ့ကို ခပ်ကိုင်းကိုင်းပင်ကြည့်ကာ ပြောသွားသေးသည်။

"ဆရာကြီးက မာတ်ခန်းထဲ ရောက်နေတယ်၊ ဒီအခန်းထဲရောက်နေ
သူ့ကို သွားတွေ့လို့ရမှာမဟုတ်ဘူး၊ ဒီကစောင့်နေ၊ သူ့ဘာသာသူ ထွက်လာ
အထိ စောင့်ရမှာပဲ"

သိန်းစောသည် ခဏသာထိုင်၏။ တစ်ယောက်တည်း ဖြစ်သောကြေ
ကြာကြာကြီး ငုတ်တုတ်ထိုင်မနေချင်ပါ။ နံရံစာအုပ်ဗီရိုကို ဝေ့ကြည့်သည
ဗီရိုပေါ်တွင် အိပ်နေသော ကြောင်ဖြူကလေးသည် သိန်းစောကိုကြောက်၍ ဆ
ပြေး၏။

စာအုပ်တွေကို လျှောက်ကြည့်ရာ ကုလားကျမ်းများ၊ အင်္ဂလိပ်လိ
ထားသော အယ်လ်ကမီ (ခေါ်) အဂ္ဂိရိတ်ကျမ်းဟောင်းကြီးများဖြင့် ပြည့်နှက်
သည်ကို တွေ့ရ၏။

ထိုခဏတွင် ခြေသံတလှုပ်လှုပ်နှင့် ကြားသဖြင့် ဗီရိုရှေ့တွင် မတ်တ
ပြန်ရပ်ကာ လှည့်ကြည့်၏။

စောစောက ခါးကုန်းကြီးသည် ဇန်းတစ်ချပ်ပေါ်တွင် သံပုရာရည်
သူဆရာသောအရည်များ ထည့်ထားသည့် ဖန်ခွက်တစ်ခွက်၊ လက်သုတ်ဝဝါထ
ထည်၊ ပန်းကန်ပြားတစ်ချပ်နှင့်အတူ ပြန်ရောက်လာပြီး ကုလားထိုင်ဘေးက



ယ်တစ်ခုပေါ်တွင် တင်လိုက်သည်။ သိန်းစောသည် အအေးဖျော်ရည်များကို
သိပ်မကြိုက်ဘဲ လက်ဘက်ရည်၊ ကော်ဖီများကိုသာ ကြိုက်တတ်ရာ သောက်စရာ
ကို စိတ်မဝင်စားဘဲ ခါးကုန်းကြီးကိုသာ စိတ်ပါဝင်စားစွာ ကြည့်မိ၏။

"ဦးလေး. . . စောစောတုန်းက ခါးက သည့်ထက် ပိုကုန်းသလားလို့"

"ဟေ. . . ဟုတ်လား"

ပြောပြောဆိုဆို ခါးကုန်းကြီးသည် ခါးကို နည်းနည်းပိုရှိ၍ ကုန်းလိုက်
သည်။

"ဟင်. . . ဘယ်လိုလဲ ဦးလေးရဲ့ခါးက လိုရင် လိုသလို လိုသလောက်
အထိ ကုန်းလို့ရသလား"

"မောင်ရင့်ခါးကကော သည်လိုပဲ မဟုတ်ဘူးလား၊ မောင်ရင်က ခါးကို
ကုန်းလို့မရဘူးလား၊ ရှူးဖိနပ်စီးရင် ကြိုးကိုဘယ်နှယ့်ချည်သလဲ၊ ခြေထောက်ကို
ပေါ် မြှောက်ပြီး ဖိနပ်စီးသလား"

"အို. . . ကျွန်တော် ခါးကုန်းလို့ရတာ ဘာဆန်းသလဲ"

"ဩော်. . . ငါခါးကုန်းလို့ရနေတာတော့ ဘာဖြစ်လို့ ဆန်းနေရတာလဲ
ငါ့ခါးကလည်း လူ့ခါးပဲဟာ၊ မောင်ရင်က ငါ့ကို အိမ်မြှောင်မှတ်လို့ ခါးကုန်းလို့
ရနိုင်ဘူး ထင်နေသလား"

"ဟာ. . . သည်လိုမဟုတ်ပါဘူးလေ၊ ကျွန်တော်က ရိုးရိုးလူ၊ ဦးလေးက
ခါးကုန်းကြီး၊ ဒါကြောင့် ထူးဆန်းနေတာပါ"

လူကြီးသည် မတ်မတ်ပြန်၍ရပ်လိုက်၏။

"တကယ်တော့ ငါလည်း မင်းလို ခါးဆန့်ကြီးပါပဲကွာ၊ ဆရာကြီးက
သူစိမ်းလာရင် သူ့အိမ်ကြီးကို လေးလေးနက်နက် အထင်ကြီးပြီး ကြောက်မက်
ယ်ဖြစ်ရာကောင်းအောင် ခါးကုန်းကြီးပုံမျိုး လုပ်ထားရမယ်လို့ မှာထားလို့ပါ၊
ခါးက တကယ်ကုန်းတာမဟုတ်တော့ တစ်ခါနဲ့တစ်ခါ မတူနိုင်ဘူး ဖြစ်သွားရ
တယ်"

"ဦးလေးနာမည်က ဘယ်လိုခေါ်သလဲ"

"ဆရာကြီးက ငနီလို့ခေါ်တယ်၊ ဒါပေမဲ့ ဒါဟာ နာမည်ရင်း မဟုတ်
ဘူး"

"နာမည်ရင်း မဟုတ်ဘဲ ဘာဖြစ်လို့ ဘကြီးက နာမည်ပြောင်းပစ်လိုက်ရ
တာလဲ"

"မပြောတတ်ပါဘူးကွာ၊ ငါ့နာမည်ကိုကြားရင် လူစိမ်းတွေ မလန့်မှာစိုးလို့တဲ့"

"နာမည်ရင်းက ဘာလဲ"

"လှကျော်ဦးတဲ့၊ ဆရာကြီးက ဒါက သမီးရည်းစားအချင်းချင်းကို ပြောရတဲ့နာမည်တဲ့၊ ဒီမှာ ငနီလို့ပဲ ခေါ်မယ်တဲ့၊ ဒါမှ ဧည့်သည်တွေ ကြောက်မယ်တဲ့"

"ဘကြီးက ဘာဖြစ်လို့ ဧည့်သည်တွေကို ခြောက်ချင်ရတာလဲ"

"ဧည့်သည်ဆိုတာ ဘာအလုပ်မှ မရှိဘူး၊ အိမ်ရှင်ရဲ့အလုပ်ပျက်ဖို့အတွက် လူလာဖြစ်နေကြတာတဲ့၊ သူ့အချိန်တွေ အကုန်မခံချင်လို့ ဧည့်သည်တွေကို ကြောက်အောင် လုပ်ထားရတယ်ဆိုပဲ၊ မောင်ရင်ကော ငါ့ကို မြင်မြင်ချင်း ဖုတ်ဝင်နေတဲ့ လူသေကောင်ကြီးလို့ မထင်ဘူးလား"

"မထင်ပါဘူး၊ လူသေကောင်တွေသာ ဖုတ်သွင်းခိုင်းလို့ရရင် ကမ္ဘာမှာ စက်ရုပ်တွေဘာတွေ ပင်ပင်ပန်းပန်း ကြံစည်နေကြရမှာ မဟုတ်ဘူး"

"ဒါဖြင့် ငါ့ကိုမြင်တော့ ဘာထင်သလဲ"

"ကားတိုက်ခံထားရလို့ ခါးရိုးကျိုးနေတယ် ထင်တာပဲ"

ငနီ (ခေါ်) ဦးလှကျော်ဦးသည် မျက်နှာကြီး ရှုံ့မဲ့သွား၏။ ချာကနဲ လှည့်အထွက်လိုက်တွင် တစ်စုံတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာသဖြင့် လူကြီးသည် ကပျာကယာ ခါးကို ကုန်းပစ်လိုက်၏။ အချိန်နှောင်းသွားသည်။

ကြောင်ကလေးကဲ့သို့ ပေါ့ပါးလျင်မြန်စွာဝင်လာသော ဦးခင်မောင်ထွန်းသည် လာနေကျအရှိန်ဖြင့် ဝင်လာသည်ဖြစ်ရာ ငနီက ဦးခေါင်းဖြင့် ဗိုက်ကိုဝင်တိုးလိုက်သလို ဖြစ်သွားရ၏၊ လေသည် နောက်ပေါက်မှ ထွက်ရန်မှာ လိုသလို မဖြစ်တတ်သောကြောင့် နှာခေါင်းဆီမှ 'ရှူး'ကနဲ ထွက်သွားရသည်။

"အင့် . . . ဟဲ့ . . . ငနီ၊ ပစ္စည်းကျလို့ ရှာတာဆိုရင် ရပ်ပြီးရှာမှပေါ့၊ လမ်းသွားရင်း ရှာလို့ရမလား"

"ဆရာကြီး . . . ခါးကုန်းကြီးလေ . . . ခါးကုန်းကြီး"

"ဩော် . . . အေး . . . ဟုတ်သားပဲ၊ ငါ မေ့သွားလို့"

ဦးခင်မောင်ထွန်းသည် ထိုင်နေသော သိန်းစောဆီသို့ကြည့်ကာ ချိုးကပ်လာ၏။ ခါးကုန်းကြီးသည် အခန်းထဲမှ မြန်မြန်ထွက်သွားတော့သည်၊ သူ့မှာလည်း ခါးညောင်းရှာပေမည်။

ဦးခင်မောင်ထွန်းသည် ခွကျသော်လည်း မှတ်ဉာဏ်ကောင်း၏။ သူတူ



ကို သူ ချက်ချင်းမှတ်မိသည်။

"ဩော် . . . စောစောက 'ဘဲလ်'တီးသံကြားတာ လက်စသတ်တော့ မင်းကိုး"

"ခင်ဗျာ . . . ဖဲထီးသံချောင်းတွေရှားတာက ခေါက်ထီးအဆောင်းများလို့ ဖြစ်မှာပေါ့"

ဦးခင်မောင်ထွန်းသည် သိန်းစောကို မျက်မှောင်ကြုတ်ကြည့်၏။

"မင်းနဲ့ငါ မတွေ့ရတာ နှစ်နှစ်လောက် ရှိသေးတယ်၊ ဒီအတောအတွင်းမှာ မင်းဟာ နားလေးသွားသကိုး"

"နားမလေးပါဘူးခင်ဗျာ၊ နားကြားလွဲသွားတာပါ၊ ဘကြီးက ခေတ်ထိုးရာမှာ အသုံးပြုဖို့ ဖဲထီးသံချောင်းတွေ လိုချင်နေတယ် မှတ်သွားလို့ပါ၊ နောက်မှ ပြန်စဉ်းစားကြည့်တော့ 'ဘဲလ်'တီးသံအကြောင်း ပြောတာမှန်း တွေးမိပါတယ်၊ ဒါပေမဲ့ ပါးစပ်က လွန်သွားပြီ"

"မင်း တော်တော်အတွေးခေါင်တယ်၊ အခု ဘာလာလုပ်တာလဲ"

"ဘကြီး ကျွန်တော့်ကို စိတ်ဆိုးမနေပါဘူးနော်"

"ငါက ဘာဖြစ်လို့ မင်းကို စိတ်ဆိုးနေရမှာလဲ"

"ဩော် . . . ကျွန်တော်က ဘကြီးဆီကိုမရောက်တာ နှစ်နှစ်လောက်တောင် ကြာနေပြီကိုး"

"ဟော့ . . . ငါက မင်းကို ငါ့ဆီ နေ့တိုင်းလာပါလို့ ပင့်ဖိတ်ထားမိသလား"

"ဒီလိုတော့ မဟုတ်ပါဘူး"

"ဒီလိုမဟုတ်ရင် သုံးလတစ်ကြိမ်၊ ဒါမှမဟုတ် တစ်နှစ်တစ်ကြိမ် စသည်ဖြင့် မင်းနဲ့ ငါတွေ့ဖို့ စာချုပ်စာတမ်းများ ချုပ်ဆိုထားမိသလား"

"မရှိပါဘူးခင်ဗျာ"

"ဒါနဲ့တောင် မင်းကို ငါက ဒေါသထွက်နေတယ်လို့ မင်းတွေးတာ မင်းလွန်သလား ငါလွန်သလား"

"ကျွန်တော် လွန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ပြောခဲ့တာက ဒေါသတွေထွက်နေတယ်လို့ မပြောခဲ့ပါဘူး၊ ဘကြီး စိတ်ဆိုးနေသလားလို့သာ ပြောခဲ့တာပါ"

"ဟဲ့ကောင် . . . သိန်းစော၊ စိတ်ဆိုးတာဟာ ဒေါသထွက်တာမဟုတ်လို့ စပ်ဖြုဖြု ဖြစ်နေတာကို မင်းဆိုလိုသလား၊ ဒီလိုဆိုရင် မင်းဟာ မင်းရည်းစားတို့တွေ့ ရင် စိတ်ဆိုးနေမှာပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော်ဟာ ခုတလော အတွေးတွေလည်း ခေါင်နေပါတယ်၊ ဒီအိမ်ရောက်ကတည်းက လျှာရှည်ပြီး အသုံးမဝင်လည်း ဖြစ်နေပါတယ် ကိုယ့်ဘက်က လွန်တဲ့ကိစ္စတွေလည်း ပြုလုပ်မိနေပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဘကြီး၊ ကျွန်တော်က ဘကြီးဆီ ခဏခဏ မရောက်လို့ ဘကြီးတော့ စိတ်ဆိုးနေမှာပဲလို့ ကျွန်တော့်ဘက်က တရားလွန် တွက်နေမိလို့ အခုကြုံတာနဲ့ ဝင်လာတာပါ"

ဦးခင်မောင်ထွန်းသည် မျက်လုံးပြူးသွား၏။

"ဟော့. . . ကြုံလို့ဝင်လာတာဟာ တစ်ဘက်သားကို စော်ကားတာပဲကွ လူဟာ အချိန်ကလေးပိုနေရင် အချိန်ကလေးကိုဖြုန်းဖို့ ဝင်လာတော့ အိမ်ရှင်ရဲ့ အလုပ်ပျက်တယ်ကွ၊ ကြုံလို့ဝင်လာတာဆိုရင် မင်း အခုပြန်တော့၊ မင်းက ကြုံမယ် ငါက မကြုံဘူးကွ"

သိန်းစောသည် မျက်လုံးပြန်ပြူးပြရန် အလှည့်ကြုံလာရတော့၏။

"ဟာ. . . မလုပ်ပါနဲ့ဘကြီး၊ တကယ်တော့ မကြုံကြုံအောင်လုပ်ပြီး ကျွန်တော်လာခဲ့တာပါ၊ ကျွန်တော့မှာ ကိစ္စရှိလို့"

သိန်းစောသည် ဘောင်းဘီနောက်ဘက်အိတ်ထဲမှ ဖိတ်စာကလေးကို ထုတ်ယူလိုက်၏။

"ပထမကိစ္စက ကျွန်တော် မင်္ဂလာဆောင်တော့မယ်၊ ဘကြီးကိုဖိတ်တဲ့ ဖိတ်စာလာပေးတာ၊ နောက်ကိစ္စက ပိုပြီးအရေးကြီးတယ်၊ သေသေချာချာရှင်းပြမှ ရမယ် ဘကြီး"

ဦးခင်မောင်ထွန်းသည် ကိစ္စရှိ၍လာသည်ဆိုမှ ကျေနပ်စိတ်ပြေသွား၏။ ဖိတ်စာကို လှမ်းယူပြီးနောက် အတွင်းဘက်သို့ လှမ်း၍အော်လိုက်သည်။

"ဟေ့. . . ငနီ၊ ငနီ. . . ငနီ. . . လာ. . . လာ. . . လာ. . ."

သူ့အော်သံသည် အိမ်ကြီးထဲတွင် ပဲ့တင်ရိုက်အောင် ဟိန်းသွား၏။ ခါးကုန်းကြီး ပြန်ပေါ်လာ၏။

"ဒီကောင်က ငါ့တူတော်တယ်၊ သူ့စိမ်းဧည့်သည် မဟုတ်ဘူး၊ ဒီတော့ မင်းခါးဆန့်နေချင် နေတော့၊ သူ့ကို ခြောက်ဖို့မလိုတော့ဘူး၊ ဒီကောင်က ဒါမျိုးတွေ မသောက်တတ်ဘူး၊ ကော်ဖီပူပူ ဖျော်ယူခဲ့"

ငနီကြီး ပြန်ထွက်သွား၏။ ဦးခင်မောင်ထွန်းသည် သိန်းစောဘက်သို့ လှည့်၍ ရုတ်တရက် မေးလိုက်သည်။



"မင်း ငနီကိုမြင်တော့ တော်တော်ကြောက်သွားသလား"

"ဟာ. . . ဝေးလိုက်တာ၊ အား. . . လိပ်ပြာစဉ်သွားမတတ်ပဲခင်ဗျ"

သိန်းစောသည် အမှန်အတိုင်းဖြေလိုက်လျှင် ဘကြီးစိတ်ဆိုးသွားမည်ကို တွေးမိ၍ စကားကို ပြန်လှည့်ရခြင်း ဖြစ်၏။

"ဘယ့်နှယ်ကွာ. . . မင်းစကားက ငါ့နားမျက်စိလည်တယ်"

"ဗြော်. . . ဦးငနီက နည်းနည်းဝေးနေလို့သာပေါ့၊ ကပ်များနေရင် ကျွန်တော်ကြောက်ပြီး လိပ်ပြာတောင် လွင့်စဉ်သွားမယ်လို့ ပြောတာပါ"

"အေး. . . မင်းက စကားပြောတာတောင် တစ်ချက်တစ်ချက် ခေါင်ချင်သေးတယ်၊ ကဲ. . မင်းလာတဲ့ကိစ္စကိုပြောစမ်း"

သိန်းစောသည် သူ့ဘကြီး နားဝင်အောင် သူဖော်မည့်ဆေးအကြောင်းကို ရေရေလည်လည် ရှင်းပြ၏။ စမ်းသပ်ကြည့်ရလျှင် အောင်မြင်မည်ဟုလည်း ထင်ရကြောင်းနှင့်ပြောသည်။

ဦးခင်မောင်ထွန်းသည် သူ့တူ၏စကားကို လိုက်၍နားထောင်ရင်း စဉ်းစားကြည့်နေ၏။ သိန်းစော၏စကားဆုံးမှ ပြန်ပြောသည်။

"ငါတွေးကြည့်ရတာတော့ ဖြစ်ချင်မှ ဖြစ်မှာပါ၊ ဒါပေမဲ့ မင်းစမ်းသပ်ချင်ရင် စမ်းကြည့်လေ၊ ငါ တစ်ခုတော့ပြောမယ်၊ မင်းရဲ့ဆေးဟာ အငွေ့တွေဘာတွေမထွက်ရဘူးကွ၊ အငွေ့တွေဘာတွေထွက်ပြီဆိုရင်တော့ ရပ်ပစ်လိုက်၊ တော်တော်ကြာ ပေါက်ကွဲထွက်လို့ ငါ့အခန်းပျက်စီးမယ်၊ ဇလက်သာတွေ၊ ကန့်တွေတော့ အထဲကပုလင်းတွေမှာ အင်္ဂလိပ်လိုရေးပြီး ထည့်ထားတယ်၊ မင်း နားလည်တယ် မဟုတ်လား"

"ဒါလောက်တော့ ကျွန်တော် သိပါတယ် ဘကြီး"

ဦးခင်မောင်ထွန်းသည် ဧည့်ခန်းထဲတွင် စာဖတ်ကျန်ခဲ့၏။ သိန်းစောသည် ဓာတ်စမ်းခန်းထဲသို့ ဝင်ရောက်ကာ ဆေးခဲတွေ ကြိတ်တန်ကြိတ်၊ ထောင်းတန်ထောင်းနှင့် ဆေးတွေကို စပ်နေ၏။ ဆေးမည်တစ်ခုအတွက်ကား ပုလင်းရှာတွေ့ချေ။ သို့သော် စာရေးမထားသည့်ပုလင်းများအနက် ပုလင်းတစ်လုံးထဲတွင် သင်္ကေတကိုကြည့်၍ ကောက်ထည့်လိုက်၏။

မကြာမီပင် သူစပ်လျက်ရှိသော ဖန်ခွက်ကျယ်ကြီးထဲမှ မီးခိုးများလိမ့်ထွက်လာသည်။ အဖြူရောင်များသော မီးခိုးများဖြစ်၏။ သိန်းစောသည် ထိုအနံ့အငွေ့များကို ရှူရှိုက်မိရာ ရင်ထဲတွင် ကျပ်တပ်တပ်ဖြစ်ကာ မျက်စိများလည်း

ကျိန်းစပ်ကုန်၏။

ဘကြီး စိတ်ဆိုးမှာကြောက်သဖြင့် ရေဘုံဘိုင်တွင် သွန်ပစ်ကာ ရေငုံ ဖွင့်၍ဆေးကြောပစ်လိုက်မှ အခိုးအငွေ့များ ကင်းစင်ကုန်တော့သည်။

သူသည် ဧည့်ခန်းသို့ ပြန်ထွက်လာခဲ့၏။

"ဘယ်မှာလဲ မင့်ဆေးရည်"

"မရဘူး ဘကြီး၊ အခိုးအငွေ့တွေ နင်းကန်ထွက်လာလို့ သွန်ပစ်ခဲ့ရ နည်းကို ပြန်ပြီးဒွေးတောသန့်ပစ်ရဦးမယ်၊ နည်းထပ်ရတော့မှ တစ်ခါလာစမ်း သပ်ရဦးမယ်လေ"

ဦးခင်မောင်ထွန်းသည် ပြုံးလိုက်၏။

"ငါပြောသားပဲ၊ မင်းနည်းက ဖြစ်ပုံမရပါဘူးလို့၊ ဓာတ်ဆိုတာ ထင်တိုင်း လျှောက်စပ်ဆော့လို့မရဘူးကွ၊ သူ့သဘာဝသူဆောင်လို့ ဓာတ်လို့ခေါ်တယ်တဲ့ ငါ့ဝိုင်းရှာပေးရင်တော့ ရမှာပါပဲ၊ ဒါပေမဲ့ ငါ့မှာ အချိန်မရှိပါဘူး၊ ခဲကနေ ရွှေ ဖြစ်အောင် ရုပ်ပြောင်းတဲ့နည်းမှာ တစ်ဝက်လောက်အထိရနေလို့ ငါ့လုပ်ငန်း ငါဆက်လုပ်ရဦးမယ်"

"ကဲ. . . ကျွန်တော် ပြန်ဦးမယ် ဘကြီး၊ မင်္ဂလာဆောင်ကျရင်လည်း ဆက်ဆက်လာပါနော်"

"အေးပါ. . . လာမှာပါကွ၊ မင်း နည်းသစ်ထပ်ရရင်လည်း လာခဲ့ဦးလေ"

သိန်းဓောသည် အပြင်သို့ထွက်ရန် ခြေလှမ်းပြင်၏။ ထို့နောက် သူသည် ခါးကြီးကိုင်းကာ လေးငါးလှမ်းလျှောက်လေရာ ဦးခင်မောင်ထွန်းက အံ့အားသင့် သွား၏။

"ဟော့. . . မင်းဘာဖြစ်သွားတာလဲ"

"ဟာ. . . ဟုတ်သားပဲ၊ ခါးကိုင်းရမှာက ဦးငနီအလုပ်ပဲ၊ တော်တော်ကြာ ကျွန်တော် ဒီလိုလုပ်လို့ ဘကြီး လိပ်ပြာစဉ်သွားဦးမယ်"

ဦးခင်မောင်ထွန်းသည် တံခါးပေါက်နားထိလိုက်ပို့ပြီး "မင်းဟာ ခေါင်း ဆိုရင် တော်တော်ခေါင်တာပဲ"ဟုပြော၍ တံခါးကို ပိတ်လိုက်လေတော့သည်။

□

သိန်းဓောသည် အိပ်တုန်းဖြစ်၏။



သူ့အစ်ကို ကိုတင်မွေးကား ခုနစ်နာရီလောက်ကပင် အငယ်ဆုံးသား ဖြစ်သူ ဝင်းထွန်းမွေးကို ကလေးထိန်းကျောင်းသို့ပို့ရင်း အလုပ်သွား၏။ သူသည် စက်ရုံတစ်ရုံမှ မန်နေဂျာဖြစ်၍ ရုံးစောစောတက်ရသည်။

ကိုတင်မွေး၏ဇနီး သင်းသင်းလှိုင်မှာ နောက်ဖေးတွင် ချက်ပြုတ်နေ၏။ သူ့ကို သမီးအကြီးဆုံး ဆယ်နှစ်သမီး သင်းထုံမွေးက ကူညီလုပ်ကိုင်ပေးနေသည်။ သမီးလတ်ဖြစ်သော ခြောက်နှစ်သမီး ကြူကြူမွေးသည် အိမ်ရှေ့တွင်ဆော့နေ၏။

သင်းသင်းလှိုင်သည် အလုပ်လုပ်ကိုင်နေရာက ရေဒီယိုမှ ရှစ်နာရီထိုး သည်ကို သတိပြုမိလေရာ သမီးကို လှမ်းပြောသည်။

"မသင်းထုံ၊ ဦးဦးကို သွားနှိုးချေ၊ (၈) နာရီတောင်ထိုးပြီ အလုပ်သွားရ ဦးမယ် သွားနှိုးလိုက်"

သင်းထုံမွေးသည် သိန်းဓောကို နှိုးနေကျ ဖြစ်သဖြင့် ကြက်သွန်လှီးနေရာ က လက်ဆေးလက်သုတ်၍ သိန်းဓောအိပ်ရာ ခြေရင်းခန်းထဲသို့ ဝင်လာလေ သည်။ ထို့နောက် ခြင်ထောင်အပြင်ကကပ်၍ "ဦးဦး. . ထတော့၊ ဦးဦး. . . ထတော့" ဟု ပြော၏။ ခြင်ထောင်တွင်းမှ 'အား. . . အား' နှင့် အညောင်းဆန့်သံသာပေါ် ထွက်ပြီး ပြန်ငြိမ်သွားသဖြင့် သင်းထုံမွေးသည် ခြင်ထောင်ကိုဆွဲမ,ကာ ကိုယ်တစ် ဝက်ဝင်လိုက်၏။

"ဟင်. . . ဒုက္ခပါပဲ"

သင်းထုံမွေးသည် လှတ်ကနဲအော်၍ ခြင်ထောင်အပြင်ဘက် ပြန်ထွက် ကာ သူ့အမေဆီသို့ ပြေးသွားလေသည်။

ကလေး၏အသံကြောင့် သိန်းဓောသည် နှပ်နေရာက ချက်ချင်းမျက်စိ ဖွင့်ကြည့်သည်။ ဘာမှန်းမသိသဖြင့် ခေါင်းကိုကုတ်မိ၏။ သူ့လက်နှင့် ဦးခေါင်းကို ထိသံမှာ ထူးခြားစွာ 'ခွပ်ခွပ်. . ခွပ်ခွပ်'နှင့် မြည်နေသည်။ ပြီးတော့ ခေါင်းကိုကုတ် ရသည်မှာလည်း ခေါင်းကုတ်ရသည်နှင့်မတူဘဲ အုန်းမှုတ်ခွက်ကို ခြစ်နေရသလို ဖြစ်နေ၏။ သူ့လက်ကို သူမြှောက်ကြည့်သည်။

"ဟောဗျ. . ."

လက်မှာ အသားအရည်များ ဒုံးဝမရှိဘဲ အရိုးချည်းသက်သက် ဖြစ်နေ ၏။ ကျန်လက်တစ်ဘက်ကို မြှောက်ကြည့်ပြန်သော် ဤအတိုင်းပင် ဖြစ်နေသည်။ ဒိတ်ထဲတွင် ထိတ်ကနဲ ဖြစ်သွား၍ လက်နှစ်ဘက်ဖြင့် ဦးခေါင်းကို ကိုင်ကြည့်၏။ ချောကျိနေသော အရိုးခေါင်းကြီးကိုသာ ကိုင်မိသည်။

"ဟယ်. . . ငါသေပြီးနေပါပကောလား"

ဝမ်းနည်းသလိုလို အံ့ညြသလိုလိုဖြစ်ကာ ခုတင်ပေါ်မှ ခြေတွဲလွဲချထိုင်၍ ခြင်ထောင်အပြင်ဘက် ထွက်လိုက်၏။

သင်းထုံမွှေးသည် သူ့မိခင်ကို အံ့ဩတကြီး ပြန်ပြောသည်။

"မေမေ. . . မေမေ. . ."

"ဟဲ့. . . ဘာလဲ၊ ဒီမှာအလုပ်များနေတာ မတွေ့ဘူးလား"

"ဦးဦးလေ. . . ဦးဦး. . ."

"ဟင်. . . ကိုစော ဘာဖြစ်သလဲ၊ နိုးလို့မရဘူးလား"

"နိုးလို့ရပါတယ်၊ ဒါပေမဲ့. . ."

"ဒီကောင်လေး ကလေးကို နောက်ယွတ်တယ်ထင်တယ်"

"မဟုတ်ဘူး၊ သူ့မျက်စိတွေက ဘယ်ကိုမှလည်း မကြည့်ဘူး၊ သူ့တစ်ကိုယ်လုံးဟာ တစ်မျိုးကြီးပဲ၊ အတွင်းက အပြင်ရောက်ပြီး၊ အပြင်မှာ ဘာမှမရှိတော့ဘူး"

"ဟယ်. . . ဒီကောင်မလေး ဘာတွေပြောနေမှန်း မသိပါဘူး"

သင်းသင်းလှိုင်သည် ဆီအိုးကို ဘေးချ၍ ရေနံဆီမီးဖိုကို မီးပိတ်ခဲ့ကာ သိန်းစော၏အခန်းသို့ သွား၏။ သင်းထုံမွှေးကလည်း ထပ်ကြပ်လိုက်သွားသည်။ အိမ်ရှေ့တွင် ကစားနေသော ကြူကြူမွှေးကလည်း သူတို့၏ ပျာယီးပျာယာ အမူအရာတွေကြောင့် လိုက်ပါလာသည်။

သင်းသင်းလှိုင်သည် ကြက်သေသေ၍ ခြေစုံရပ်ကြည့်နေမိသည်။

"အစ်မ. . . ကျွန်တော် ဘယ့်နှယ်ဖြစ်သွားလဲ မသိဘူးနော်"

သိန်းစောက လှမ်းစကားပြောသည်။ သင်းသင်းလှိုင်သည် ရှေ့နားတိုးလာပြီး ငေးစိုက်ကြည့်၏။ ကလေးနှစ်ယောက်လည်း ချဉ်းကပ်လာကြသည်။ ကြူကြူမွှေးက လွှတ်ကနဲပြောသည်။

"ဟင်. . . ဦးဦးကလည်း မျက်လှည့်ရုပ်လို ဖြစ်နေပါလား၊ အသားတွေ စောင်ထဲမှာ လုံးထွေးကျန်ခဲ့ပြီထင်တယ်"

သင်းသင်းလှိုင်သည် သမီး၏စကားကို မကြားနိုင်ဘဲ အံ့အားသင့်နေရာက မေး၏။

"ကိုစော၊ အခု မင်း စပ်ဖြဲဖြဲ လုပ်နေသလား"

"ရှုတင်းတင်းဖြစ်နေတာ အစ်မရဲ့၊ ခက်တာက အရိုးစုဆိုတာမျိုးက



ဘာဖြစ်နေနေ စပ်ဖြဲဖြဲ 'အိုက်တင်' ပဲ ဖြစ်နေနိုင်တာကိုး"

"မင်း သေနေတာတော့ မဟုတ်ပါဘူးနော်"

"ဟာ. . . အစ်မကလည်း ကြုံကြုံဖန်ဖန်၊ သေနေရင်တောင်မှ ချက်ချင်း အရိုးကျပါ့မလား၊ ဒီပုံမျိုးဆိုရင် လွန်ခဲ့တဲ့သုံးနှစ်လောက်က သေပြီးသားဖြစ်နေရမှာ"

သင်းသင်းလှိုင်သည် မတ်ပင်ဆိုငြားသော်လည်း မောင်အရင်းလိုဖြစ်နေသဖြင့် ယူကျုံးမရ ဖြစ်မိသည်။

"မင်း ဘယ်လိုဖြစ်ရတာလဲ ကိုစောရယ်၊ မင်္ဂလာဆောင်ဖို့ ဆယ်ရက်တည်းလိုတော့တာ၊ ဒီပုံဖြစ်နေရင်တော့ ဒုက္ခပါပဲ"

"ဟင်းပေါ့နော်၊ သတို့သား သတို့သမီး ဓာတ်ပုံတွဲရိုက်ရင် ဆေးတက္ကသိုလ်ကျောင်းသူက သင်တန်းမှာ ဓာတ်ပုံရိုက်သလို ဖြစ်နေမှာပဲ၊ အရိုးစုက ခေါင်းပေါင်းနဲ့ ဖြစ်နေတာပဲ ကွာမှာ"

"မင်း ညက အကောင်းကြီးပဲဟာ"

"အခုလည်း အကောင်းကြီးပါပဲ၊ အသားတွေအရည်တွေ ဘယ်ရောက်ကုန်မှန်း မသိတာဘဲရှိတာ၊ ကြည့်လို့လည်းမြင်တယ်၊ စကားလည်း ပီပီသသ ပြောနိုင်တယ်"

"ဦးဦး. . . စောင်တွေထဲမှာ ရှာကြည့်ပါဦး" ဟု ကြူကြူမွှေးက ထပ်၍ ပြောပြန်၏။ သင်းသင်းလှိုင်သည် သမီးစကားကို ဂရုမပြုနိုင်ချေ။

"ဘယ်လိုကဘယ်လို ဖြစ်ရတာပါလိမ့်"

"မနေ့က ဘကြီးဦးခင်မောင်ထွန်းဆီသွားပြီး ဓာတ်ပုံကူးဆေးတစ်မျိုး တီထွင်ဖို့ ဆေးသွားစပ်တာ၊ သူ့ဆီက ဘာပုလင်းထဲက ဆေးတွေပါတယ် မသိဘူး ဆေးငွေ့တွေ ရှူမိတာပဲ ဖြစ်ရမယ်၊ ဆေးငွေ့တွေဟာ ကိုယ်ထဲရောက်ပြီး အခုလို အစွမ်းသတ္တိပြတော့တာပဲ ထင်တယ်"

"ဒုက္ခပါပဲကွယ်၊ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ကြမလဲဆိုတာတော့ ဖြည်းဖြည်းစဉ်းစားရမှာပေါ့၊ ဖြစ်တာက ဖြစ်နေပြီ၊ သည်တော့ ဘဝကို လိုက်ညှိပြီး နေရမှာပေါ့၊ လောလောဆယ်အဓိက ပြဿနာက ကျွန်တော် မျက်နှာသစ်ဖို့ လိုမလား၊ အစ်မ ဘယ်လိုထင်သလဲ၊ အရိုးခေါင်းဟာ မျက်နှာသစ်သစ်ပေးသင့်သလား"

သင်းသင်းလှိုင်သည် တွေသွား၏။

"အင်းနော်၊ မျက်နှာသစ်တာနဲ့မတူဘဲ ရေဆေးသလိုပဲ ဖြစ်နေမှာပေါ့၊ ဘာပဲဖြစ်ဖြစ်လေ ထုံးစံလုပ်နေကျတော့ လုပ်သင့်တယ် ထင်တာပဲ"

သိန်းစောသည် သင်းသင်းလှိုင်၏စကားကို နားထောင်၍ မျက်နှာသွားသစ်ရန် မတ်တတ်ရပ်လိုက်၏။ ပုဆိုးသည် ကွင်းလုံးပုံကျသွားသည်။

"ဟယ်. . . ဘုရားကြီးနဲ့ ဗုဒ္ဓေါ၊ ပုဆိုး ပြန်ကောက်ဝတ်ကွာ"

သိန်းစောသည် တွေသွား၏။ ကြူကြူမွှေးက ဝင်ပြောပြန်သည်။

"မေမေကလည်း ဦးဦးမှာ ရှေ့ကောနောက်ကော ဘာရှက်ရှက်မှ မရှိတော့ဘူး၊ အရိုးတွေချည်းပဲ၊ အဝတ်မဝတ်ဘဲသွားတာမှ ကြည့်ကောင်းသေးတယ် စွပ်ကျယ်ကြီးကိုလည်း ကြည့်ပါဦး"

ဟုတ်ပါသည်။ စွပ်ကျယ်လက်ပြတ်မှာလည်း ဝါးလုံးလျှို၍လှမ်းထားသလို တွဲလျားကျနေ၏။ ညှပ်ရိုးများခံနေ၍သာ ပုံမကျသွားခြင်း ဖြစ်သည်။ သို့သော် သင်းသင်းလှိုင်ကမူ မကျေနပ်ချေ။

"ရှက်ရှက်တော့ မရှိဘူးပေါ့လေ၊ ဒါပေမဲ့ ငါကြည့်ရတာ မရဲသလို ဖြစ်နေတယ်၊ ပုဆိုးပြန်ဝတ်ကွာ"

သိန်းစောသည် ပုဆိုးကို ကုန်းကောက်၍ ခါးတွင်ဝတ်၏။ ခါးရိုးကလေးကိုသာ ပတ်၍ဝတ်ရသည်ဖြစ်ရာ ကွင်းသည် နင်းကန်ကျယ်နေပြီး ဝတ်၍မရချေ။ ဝဘ်မည်ကြဲတိုင်း လက်ထဲတွင် လုံချည်စတွေ တထွေးကြီး ဖြစ်နေ၏

"နေဦး. . နေဦး. . . ငါ လုပ်ပေးမယ်"

သင်းသင်းလှိုင်သည် လက်လှမ်းမီရာ အုန်းဆံကြိုးတစ်ချောင်းနှင့် သိန်းစော၏ခါးကို ပတ်၍ချည်ပေးသည်။ သိန်းစောသည် နောက်ဖေးပေါက်သို့ ထွက်သွား၏။ လုံချည်မှာ ခါးတွင်စု၍ရှုံ့နေရာ ဖင်ကြီးက အဆမတန် ကားနေ၏။

သင်းထုံမွှေးက ရယ်ချင်လာသည်။

"ဦးဦးလုံချည်က အင်္ဂလိပ်မတွေ ဂါဝန်ကြီးလို ဖြစ်နေတယ်နော်"

သိန်းစောသည် မျက်နှာသစ်၍မရချေ။ လက်ဝါးထဲ ရေကိုလောင်းချလိုက်တိုင်း ရေတို့သည် လက်ကြားမှ ယိုစီးထွက်ကျကုန်၏။ နောက်ဆုံးတွင် လက်ကိုင်ပုဝါကို ရေနှစ်၍ ဦးခေါင်းရိုးကို သျှောက်ပွတ်ရသည်။

မျက်နှာသစ်ပြီး မျက်နှာသုတ်ပဝါနှင့် ပွတ်ရ၏။

"ကိုစော၊ ဆာပါ့မလား၊ မင်းမှာ စားစရာဗိုက်မရှိတော့ဘူးလေ"

"ဗိုက်မရှိပေမယ့် ဆာတော့ဆာတယ်"



"ဒါဖြင့် ဒီကော်ဖီသောက်သွား၊ ပြီးတော့ အိမ်ခန်းထဲမှာနေ၊ ဘယ်မှမထွက်နဲ့၊ လောလောဆယ်တော့ မကြံတတ်သေးဘူး၊ ဟိုအိမ်က မြန်မာဆေးဆရာကြီးပဲ ပြကြည့်ရတာပေါ့"

သိန်းစောသည် ကော်ဖီကို မော့သောက်၏။ သင်းသင်းလှိုင်နှင့် ကလေးနှစ်ယောက်သည် တအံ့တသြ ဝိုင်းကြည့်ကြသည်။ သွားများတန်းစီနေသည်ကိုသာ ပါးစပ်ခေါ် နေရ၍ ထိုပါးစပ်မှ ဝင်သွားသော ကော်ဖီရည်များသည် ဘယ်ရောက်ဘယ်ပေါက်ကုန်မှန်းမသိ။ အံကုန်ပျောက်ကုန်ကြသည်။

ကြူကြူမွှေးသည် အားရပါးရပြုံး၍ လွတ်ကနဲပြောသည်။

"ဟာ. . . ဟန်ကျတာပဲ၊ ကြူကြူ့သူငယ်ချင်းတွေကိုခေါ်ပြီး မျက်လှည့်ပြဦးမယ်"

သင်းသင်းလှိုင်မှာ ငေး၍သာ ကြည့်နေမိတော့သည်။

"မင့်ကြည့်ရတာ ကိုယ်လက်အင်္ဂါတော့ အပြည့်အစုံရှိနေပုံရတယ်၊ ဒါပေမဲ့ ဘယ်ရောက်နေမှန်းမသိတာက ခက်တာပဲ"

"အို. . . ပျောက်ဒသာသူတောင် ရှာရင်တွေ့တာပဲ၊ ကျွန်တော့်ကိုယ်ခန္ဓာကြီးဟာလည်း ကြာရင်တွေ့မှာပေါ့"

ထိုခဏတွင် အိမ်ရှေ့မှတံခါးခေါက်သည်။ သင်းထုံမွှေးက "ဟော. . ဘုန်းဘုန်း ကြွလာပြီထင်တယ်" ဟုဆိုကာ ပြေးထွက်သွား၏။ သင်းသင်းလှိုင်သည်လည်း ကပျာကသီပင် ဆီအိုး ပြန်တင်ကာ ဟင်းချက်နေသည်။

သိန်းစောသည် ခပ်သုတ်သုတ်ပင် သူ့အခန်းသို့ သုပ်ဝင်သွား၏။ ဆွမ်းခံဦးပဥ္ဇင်းသည် သိန်းစောကို တစ်ချက်လှမ်းကြည့်မိရာ ပါးစပ်များပင် ဟ,သွားမိသည်။

ခဏကြာသော် သင်းသင်းလှိုင်သည် ဆွမ်းနှင့် ဆွမ်းခွက်များကို လာလောင်းသည်။

"ဒကာမကြီး၊ ကျုပ် အခုတွင်က ဒကာကို လှမ်းမြင်လိုက်တယ်၊ ကျုပ်ထိုင်နေတဲ့ ကမ္မဋ္ဌာန်းအတိုင်း မျက်ဝါးထင်ထင် မြင်လိုက်ရတယ်ဗျ၊ ကျုပ်တော့ အပ္ပနာသမာဓိကို ရနေပြီထင်တယ်"

စကားတွေရှည်ကုန်မည်စိုး၍ သင်းသင်းလှိုင်သည် ဘာမျှပြောမနေတော့ဘဲ ဦးကိုသာ နင်းကန်ချနေသဖြင့် ဦးပဥ္ဇင်းလည်း ပြန်ကြွသွားလေသည်။

သင်းသင်းလှိုင်သည် ချက်ရေးပြုတ်ရေးကိစ္စတွေ ပြီးစီးသော် ကလေး

များသည် နေ့လည်ကျောင်း ဖြစ်သဖြင့် အိမ်ရှေ့တွင် အိမ်စောင့်ထားခဲ့ကာ တစ်အိမ်ကျော်က မြန်မာဆေးဆရာကြီး ဦးချစ်တင်ထံသို့ ကူးလာခဲ့လေ၏။

"ဩော်. . . သင်းသင်းလှိုင်ပါကလား၊ ဘာဖြစ်သလဲ၊ ကလေးတွေ နေမကောင်းဘူးလား၊ ခုတလော ရာသီဥတုကဖောက်ပြန်လို့ အဖျားအနာတွေ ထူပြောနေတယ်"

"ကလေးတွေ မဟုတ်ဘူး ဆရာကြီးရဲ့၊ ကိုစော- ကိုစော"

"ဩော်. . . မောင်သိန်းစောလား၊ လူကြီးလည်း ဖျားကြတာပါပဲကွယ်။ မောင်သိန်းစောကကော ဘာဖြစ်သလဲ၊ ဖျားပြန်ပြီလား"

"ဖျားတာတော့ မဟုတ်ဘူး"

သင်းသင်းလှိုင်သည် ဘယ်လိုဆက်ပြောရမှန်းမသိသဖြင့် စကားကို တန်းလန်းရပ်ထား၏။

"ဖျားတာမဟုတ်ရင် ဘာဖြစ်သလဲကွဲ့"

"ပြောရတော့ ခပ်ခက်ခက်ပဲရှင့်"

ဆရာကြီးဦးချစ်တင်သည် ပထမ ဝေကြောင်သွားပြီးမှ အားရပါးရ ရယ်လိုက်လေသည်။

"မကြားဝံ့ ရှေ့နေ၊ မမြင်ဝံ့ ဆေးသမားတဲ့ကွဲ့၊ ပြောပါ၊ ပြောသာပြောပါ မရှက်ပါနဲ့၊ ဘာလဲ လိပ်ခေါင်းလား. . ."

"လိပ်ခေါင်းလည်းမဟုတ်ပါဘူး ဆရာကြီး"

ထိုအခါ ဆရာကြီးသည် ပြုံးပြုံးပျာပျာ ဖြစ်သွားတော့၏။

"ဟယ်. . . ဟိုဒင်းနာထင်တယ်၊ ဒါဆို ခပ်မြန်မြန်လုပ်မှ"

"မဟုတ်သေးဘူးရှင့်၊ သူ့မှာ ဝင်စရာတွေ ထွက်စရာတွေ ဘာမှမရှိတော့ဘူး၊ ညက အကောင်းကြီးရှင့်၊ အခုမနက် အိပ်ရာကထလာတော့ အရိုးချည်းဖြစ်နေတယ်"

"အာဟာရ ပြတ်တာပေါ့၊ ဒါပေမဲ့ ညတွင်းချင်းဆိုတော့ မြန်တယ်ဆိုရမှာပေါ့လေ၊ ညက ဝမ်းတွေ အကြိမ် နှစ်ဆယ်လောက်များ လျှောသလား"

"မဟုတ်ဘူး ဆရာကြီးရဲ့၊ အရိုးချည်းကျန်တယ်ဆိုတာ စကားတင်စားပြောတာ မဟုတ်ပါဘူး၊ တကယ့်ကို အရိုးစုကြီးသက်သက် ဖြစ်နေပါတယ်"

"သင်းသင်းလှိုင်"

"ရှင်. . ."



"မင်း သွေးဆေးသောက်မလား"

"ကျွန်မ ဘာမှမဖြစ်ပါဘူးရှင့်၊ ဆရာကြီး လိုက်ကြည့်ပါ၊ တကယ့်ကို လူတစ်ကောင်လုံး အရိုးစုချည်းသက်သက် ဖြစ်နေတယ်. . ."

"ညက သေတယ်ဆိုရင်တောင်မှ ခုမနက်မှာ အရိုးကျဖို့ဆိုတာ မဖြစ်နိုင်ပါဘူးဟယ်၊ ပြီးတော့ မောင်သိန်းစောက မသေသလိုလို နင်ပြောပုံ"

"ဩော်. . . မသေလို့ ကော်ဖီတောင် သောက်ပြီးပြီ ဆရာကြီးရဲ့"

"ကော်ဖီရည်တွေ နံကြားထဲက စီးထွက်ကုန်မှာပေါ့ဟဲ့"

"အဲဒီလိုလည်း မထွက်ဘူး"

"အရိုးပေါ် အသားပြန်ကပ်တဲ့ဆေးနည်းတော့ ငါ့မှာ မရှိဘူး၊ ဘယ်ဆေးဆရာမှာမှလည်း ရှိမယ်မထင်ပါဘူး၊ ရွှံ့နဲ့မံထားရင်တော့ ရချင်ရမှာပေါ့လေ၊ သူက ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ"

"သူပြောတော့ ဆေးသွားရှူမိလို့လို့ ပြောတာပဲ"

"ဟာ. . . အဲဒါ ဘိန်းဖြူပိုးစတာပါကွ၊ ဘိန်းဖြူဟာ လူညွှန့်တုံးစေရုံမကဘူး၊ အသက်ကို အမြန်သေစေတယ်လို့ သရုပ်ဖော်ချင်လို့ ရုပ်ပုံမှာ အရိုးစုရုပ်ကြီး ရေးဆွဲထားတာ၊ ဆေးရှူလို့ အသက်ကိုဒုက္ခပေးတာ အမှန်ပါ၊ ဒါပေမဲ့ သေသေချင်းတော့ အရိုးစုကြီး မဖြစ်ပါဘူး"

"သူက မသေသေးဘူး ဆရာကြီးရဲ့"

"မသေခင်ဆိုရင် သာမဖြစ်သေးတာပေါ့"

"ပြီးတော့ သူရှူမိတာက ခါတ်ပုံကူးဆေးစပ်ရာမှ ထွက်လာတဲ့အငွေ့တွေဆိုတာပဲ"

"ဟင်. . . ဒါဖြင့် ငါ အခုလိုက်ကြည့်မယ်၊ ကုစရာဆေးရှိလို့တော့ မဟုတ်ပါဘူး၊ မမြင်ဘူးလို့ လိုက်ကြည့်မလို့ပါ"

ဆရာကြီးဦးချစ်တင်သည် ခပ်သုတ်သုတ်ပင် လိုက်လာလေ၏။ သင်းသင်းလှိုင်က သမီးတွေကို လှမ်းမေး၏။

"ဦးဦး အိပ်ခန်းထဲမှာပဲလား"

"ဟုတ်တယ် မေမေ၊ အိပ်ခန်းထဲမှာပဲရှိတယ်"

သင်းသင်းလှိုင်သည် ဆရာကြီးဘက်သို့ လှည့်၍ပြောသည်။

"ကဲ. . . ဆရာကြီး ဝင်သာကြည့်ပေတော့၊ ကျွန်မတော့ ရင်ထဲမှာ မကောင်းတာနဲ့ သူ့ကို မကြည့်ချင်ဘူး"

ဆရာကြီးသည် အခန်းတွင်းသို့ ဝင်သွား၏။

စားရေးစားပွဲခုံရှေ့မှ ကုလားထိုင်တွင်ထိုင်နေသော သိန်းစောသည် ဦးချစ်တင်ကို မော့ကြည့်၏။ သူကား အသားအရည်နှင့် ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်နေသည်။

"ဟင်. . မောင်သိန်းစော၊ မင်းဟာ ပကတိပါပဲကလား"

"ဗျာ. . . ကျွန်တော်က ဘာဖြစ်လို့ ဘက္ကရီးဖြစ်သွားရတာလဲ ဆရာကြီးရဲ့"

"နို. . . သင်းသင်းလှိုင်ကပြောတော့ မင်းဟာ အရိုးစုချည်းဆိုကွ"

"ဪ. . . အတွင်းထဲမှာတော့ လူတိုင်းဟာ အရိုးစုချည်းတွေပဲပေါ့ ဆရာကြီးရယ်၊ ဒါကို ဆရာကြီးက ကျွန်တော့်ထက် ပိုသိမှာပေါ့"

ဦးချစ်တင်သည် မျက်နှာကြီးပုပ်၍ ချာကနဲ လှည့်ထွက်သွားသည်။ နှုတ်မှလည်း ဗျစ်တောက်ဗျစ်တောက် ပြောသွား၏။

"ဒီကောင်မလေးဟာ နောက်စရာမရှိ လူကြီးကိုနောက်တယ်၊ ငါက လည်း ငါပဲလေ တယ်ယုံလွယ်တာကိုး"

ဦးချစ်တင် ဆင်းသွားသောအခါ သင်းသင်းလှိုင်သည် သိန်းစောဆီသို့ ပြေးသွား၏။

"ဟင်- ကိုစော၊ မင်း ပြန်ကောင်းသွားပြီနော်"

"ဟုတ်တယ် အစ်မရဲ့၊ ဆရာကြီး မရောက်ခင် ငါးမိနစ်လောက်ကပဲ အသားတွေ ပြန်ရောက်နေတယ်၊ ဆေးငွေ့က အာနိသင်ပြယ်ပြီ ထင်ပါရဲ့လေ ဒါပေမဲ့ စိတ်တော့ သိပ်မချသေးဘူး၊ ဒါကြောင့် မင်္ဂလာဆောင် အကြောင်းပြပြီး အလုပ်က ခွင့်ဆယ်ရက်ယူလိုက်မယ်၊ ကျွန်တော် ခွင့်စာသွားတင်လိုက်ဦးမယ် နော်"

"ကောင်းပြီလေ၊ ဒါပေမဲ့ လိုလိုမယ်မယ် ဘောင်းဘီဝတ်သွား၊ ခါးပတ်ကိုလည်း ဆောင်ထားပေါ့၊ ပြီးတော့ ရှူးဖိနပ်ကိုလည်း ကျပ်ကျပ်စီး၊ သားရေကွင်းတွေလည်းယူသွား၊ ဦးထုပ်လည်းဆောင်း၊ တော်တော်ကြာ လမ်းမှာ အရိုးစု ပြန်ဖြစ်ရင် ဒုက္ခတွေများကုန်မယ်"

သို့သော် ထိုနေ့တစ်နေ့လုံး သိန်းစောသည် သူလို ငါလို သုံးဆယ့်နှစ်ကောဋ္ဌာသအပြည့်နှင့်ပင် ရှိနေသည်။

ညစာစားပြီးနောက် အိပ်ရာဝင်သည်အထိ ကောင်း၏။ အိပ်ရာထဲ



ရောက်သောအခါတွင်ကား အရိုးစုအဖြစ် တစ်ချက်ပြောင်းလဲသွားသေးသည်၊ သို့သော် နံနက်ကလိုပင် တစ်နာရီလောက်ကြာသော် ပြန်ကောင်းသွား၏။

ဆေးငွေ့၏အာနိသင်သည် တဖြည်းဖြည်းတော့ ပြယ်သွားကောင်းပါ၏၊ တောက်လျှောက်အရိုးစုချည်း ဖြစ်မနေသည်ကိုတော့ ယနေ့ပင် သက်သေခံနေပါပြီ။ သို့သော် နောက်ကိုးရက်ကြာလျှင် ရောက်လာတော့မည့် မင်္ဂလာပွဲအမီကား ဤရောဂါ ပျောက်နေပါစေတော့ဟု ဆုတောင်းမိတော့သည်။

□

ယနေ့ အပြင်ထွက်ရကောင်းနိုးနိုး၊ မထွက်ဘဲနေရ ကောင်းနိုးနိုးနှင့် သိန်းစောတစ်ယောက် ဝေခွဲ၍မရ ဖြစ်နေသည်။

သူ့အဖြစ်မှာ မရေမရာနိုင်လှသည်။ သူ့ရုပ်သည် ပြောင်းချင်သည့် အချိန်တွင် ထပြောင်းနိုင်သည်။ သို့သော် မုချပြောင်းမှာလားဟု မေးလျှင် သူ မဖြေတတ်ပါ။ ထိုနည်းတူစွာ မပြောင်းတော့ဘူးလားဟု မေးလျှင်လည်း သူ မဖြေတတ်ပါ။ ယခင်ဘဝက ရုပ်ပြောင်းဆေးတွေကိုများ အလှူဒါနပြုခဲ့မိ၍ တူသောအကျိုး ခံနေရခြင်းလားဟုလည်း တွေးနေမိသည်။

ဒေါ်ဒေါင်မြည်အောင် ကျန်းမာနေလျက်က အိမ်ထဲတွင်အောင်း၍ မနေချင်ပါ။ နေကောင်းသူပီပီ သွားလာလည်ပတ်ချင်သည်။

ထိုခဏတွင် တယ်လီဖုန်း မြည်လာ၏။

"ဟုတ်ကဲ့၊ သိန်းစောပါ"

"ကိုစော ဘာဖြစ်နေသလဲ"

"အခုနေတော့ ဘာမှဖြစ်မနေပါဘူး၊ အခုစကားပြောနေတာ အသက်လား"

"အောင်မယ်လေး- မင်္ဂလာတောင် ဆောင်ခါနီးနေပြီ ခုထက်ထိ အသက်အသံကို မကျက်မိသေးဘူးလား" ဟု သက်မာထွေးက အပြစ်တင်သလိုပြောပြီး ဆက်၍မေးပြန်သည်။

"နေပါဦး ကိုစောရဲ့၊ အခုနေတော့ ဘာမှဖြစ်မနေပါဘူးဆိုတော့ တော်တော်ကြာရင် ဘာဖြစ်မှာလဲ"

"အဲဒါမသိလို့ ခက်နေတာပေါ့၊ နေပါဦး အသက်က ဘာတွေလျှောက်

မေးနေတာလဲဟင်"

"မနေ့က အလုပ်ကို ဖုန်းဆက်ကြည့်ပြီးပြီ၊ ကိုစော ခွင့်ယူထားတယ်ဆို လို့၊ နေထိုင်မကောင်းတာပဲ ဖြစ်ရမယ်၊ တခြားကိစ္စဆိုရင် အသက်ကို အသိပေး မှာပေ့ါ၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ဟင်. . . ဒါဖြင့် ကိုစော နေမကောင်းဘူးပေ့ါ"

"မဟုတ်ဘူးလေ"

"နို့. . . ခုတွင်က ဟုတ်ပါတယ်ဆို"

"ဟုတ်ပါတယ်"

"ဟင်. . . ဒါနဲ့များ မဟုတ်ဘူးဆို"

"ဟုတ်တာတွေ ဟုတ်ပြီး မဟုတ်တာတွေ မဟုတ်တာပေ့ါ အသက်"

"ဟာ. . ကိုစော၊ အသက် စိတ်တိုလာပြီနော်"

"အသက် စိတ်ဆိုးရင် မောင် ချော့နေကျပဲ၊ ခုလည်း ချော့ပါမယ်၊ ဘယ်လိုချော့ရင် စိတ်ပြေမလဲပြော"

"နေကောင်းတယ် မဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ရုပ်ရှင်လိုက်ပြရမယ်"

"ဟာ. . . ဒါတော့ မဖြစ်ဘူးထင်တယ်"

"ဟော. . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်လို့ပါ"

"ကိုစော အသက် ငိုလိုက်မယ်နော်"

သိန်းစောသည် ရုပ်ရှင်ပြရမည်ဆိုတုန်းက သူ့အဖြင့် မရေရာမှုကြောင့် မဖြစ်ဘူး ပြောမိခြင်း ဖြစ်သည်။ ထို့နောက်မှ သက်မာထွေးကို တယ်လီဖုန်းဖြင့် ပြောခြင်းထက် လူချင်းတွေ့ဆုံရှင်းပြ ပြောရလျှင်ကောင်းမည်ဟု တွေးမိ၍ ရုပ်ရှင်လိုက်ပြရန် စိတ်ပြောင်းသွားရခြင်း ဖြစ်သည်။

"အသက် စောင့်နေ၊ မောင် အခုလာခဲ့မယ်၊ ဒါပေမဲ့ အိမ်ထဲ မဝင်ချင်ဘူး၊ အသက် ခြံဝကစောင့်ပါ၊ ပြီးတော့ မောင့်ကို ဘာမှမမေးနဲ့၊ ရုပ်ရှင်ရုံထဲရောက်ရင် မောင် အားလုံးရှင်းပြမယ်"

"ကိုစော အားလုံးရှင်းပြမယ်ဆိုတော့၊ အခု ဘာတွေရှုပ်နေလို့လဲ"



"မမေးပါနဲ့ အသက်ရယ်၊ ရုပ်ရှင်ရုံထဲကျတော့ ရှင်းပြပါ့မယ်"

"ဘာလဲ ကိုစောက အခု ကွာစေ့ခွဲတွေကို လှည့်ကျင်းရတဲ့အလုပ် …ပြောင်းလုပ်နေပြီလား"

"ဟာ. . . အသက်ကလည်း၊ ဘာဖြစ်လို့လဲ"

"ရုပ်ရှင်ရုံထဲရောက်မှ ရှင်းပြမယ်ချည်း ပြောနေတာကိုး၊ တခြားမှာရှင်း … မရဘူးလား"

"မှောင်ထဲမှာမှ ရှင်းလို့ရတယ် အသက်ရေ. . . ကဲပါကွယ် နောက်ကျ …တွေအားလုံး ရေလည်သွားမှာပါ"

"ဘယ်သူက ရေကို သယ်သွားမှာလဲ"

"တော်ပြီ. . . အသက်ရေ အဝတ်အစား လဲလိုက်ဦးမယ်၊ ရုပ်ရှင်မမီဘဲ …မှာ ကြောက်ရတယ်"

သိန်းစောသည် တယ်လီဖုန်းချလိုက်ပြီး လှည့်ထွက်ရာ သူ့ကို ကြည့်နေ …သာ သင်းသင်းလှိုင်ကို တွေ့ရ၏။

"ကိုစော. . . မင်း သက်မာထွေးနဲ့ ရုပ်ရှင်သွားကြည့်မလို့လား"

"ဟုတ်တယ်"

"ဖြစ်ပါ့မလား၊ ကောင်မလေး စိတ်ပြောင်းသွားမှာ ကြောက်ရတယ်၊ …သဘောသာဆိုရင် မင့်ရောဂါ. . . အဲလေ မင့်အခြေအနေကို စောင့်ကြည့်ပြီးမှ …မပြောင်းတော့တဲ့အချိန်မှာ သွားတွေ့ရင် ကောင်းမယ်ထင်တယ်"

"မဖြစ်ဘူး အစ်မရဲ့၊ တော်တော်ကြာ အသက်က တလွဲထင်သွားမယ်၊ …မှ့မှာ ရုပ်ပြောင်းသွားရင်လည်း သူသိရောပေ့ါ၊ ကျွန်တော့်အဖြစ်က ပြောလို့ …မှာမှ မဟုတ်တာ"

သင်းသင်းလှိုင်သည် တွေသွား၏။ သိန်းစော ပြောသည်မှာလည်း မှန် …၊ ဆေးဆရာကြီးဦးချစ်တင် အဖြစ်ကပင် သာဓကထူခဲ့ပြီ မဟုတ်လော။

"အေးလေ သက်သက်ကလည်း မင်းကို တော်တော်ချစ်ပုံရတယ်၊ အမိုး …ကျတော့ မသိဘူး၊ အရိုးစုကျတဲ့အထိတော့ ချစ်ကောင်းပါရဲ့လေ၊ ရှူးဖိနပ်တွေ၊ …တ်တွေ၊ ဦးထုပ်တွေတော့ ယူသွားနော်"

"စိတ်ချ အစ်မ၊ ကာကွယ်ပစ္စည်းတွေအားလုံး ယူသွားမယ်"

သိန်းစောသည် သူလိုသောပစ္စည်းများကို လက်ဆွဲသားရေအိတ်တွင် …ည့်ပြီး ဦးထုပ်ကို ယူဆောင်သွား၏။ မျက်မှန်အနက်ကြီးကိုလည်း ခုကပင်

တပ်ထားသည်။

သက်မာထွေးသည် အချိန်းအချက်အတိုင်းပင် ခြံဝက စောင့်နေ[illegible] သိန်းစောသည် အငှားကား၏နောက်ဘက်က ထိုင်လာ၏။ သက်မာထွေးကလ[illegible] နောက်ဘက်က တက်ထိုင်ရာ သိန်းစော်က ကားမောင်းသူကို ရုပ်ရှင်ရုံသို့မော[illegible] ရန် ပြောလိုက်သည်။

"ကိုစော. . . ခါတိုင်းလို ဘာဖြစ်လို့ မော်တော်ဆိုင်ကယ် စီးမလာ[illegible] လဲ"

"အသက်. . . မော်တော်ဆိုင်ကယ်ကို အမိုးစုက မောင်းလာရင် [illegible] ထိန်းရဲက ဘယ်ဥပဒေနဲ့ အရေးယူမယ် ထင်သလဲ"

"အို. . . အသက် နားမလည်ပါဘူး၊ ဘယ်သူက ကိုစောကို အမိုးစု[illegible] လာခိုင်းသလဲ. . . ဟင်"

"အသက်ရယ် ရုပ်ရှင်ရုံထဲကျရင် ရှင်းပြပါ့မယ်"

"ကိုစောမှာ တောင်းကလေး ပါသလား၊ တစ်ခါလာလည်း ရုပ်ရှင်ရုံ[illegible] ကျမှ ရှင်းပြမယ်. . . ရှင်းပြမယ်နဲ့"

"ဒီမှာ အသက်၊ ရုပ်ရှင်ရုံထဲမှာ အမှိုက်ရှင်းမလို့ မဟုတ်ပေမယ့် [illegible] အဖြစ်က ရုပ်ရှင်ရုံမှာရှင်းရင် ပိုကောင်းလို့ပါ"

"ကိုစော ဒီနေ့ တော်တော်ထူးခြားတယ်၊ မြက်ဦးထုပ်ကြီးလည်း ဆော[illegible] လို့၊ ပြီးတော့ ဂျာကင်ကြီးလည်း ပခုံးပေါ် တင်လာတယ်၊ ဘာတွေဖြစ်နေသ[illegible] တော်ပြီ၊ သိပြီ၊ ရုပ်ရှင်ရုံထဲကျမှ ရှင်းပြမယ် မဟုတ်လား"

သိန်းစောသည် ရယ်၍ခေါင်းညိတ်ပြလိုက်သည်။

ဤသို့ဖြင့် သူတို့သည် ရုပ်ရှင်ရုံထဲသို့ ရောက်လာကြတော့၏။ မီး[illegible] ပိတ်၍ ရုပ်ရှင်စပြပြီဆိုသည်နှင့် သက်မာထွေး မအောင့်နိုင်တော့ပါ။

"ကဲ. . . ရှင်းပြလေ၊ မှောင်ထဲမှာမှ ရှင်းချင်တဲ့ ကိုစော. . . ရှင်း[illegible]

နှစ်ယောက်သား ခေါင်းချင်းကပ်၍ တီးတိုးပြောကြရသည်။

"အသက် အကြောင်းတစ်ခုကြောင့် မောင်လေ အလကားနေရင်း [illegible] စုဖြစ်သွားတယ်၊ ဒါကြောင့် အလုပ်က ခွင့်ယူထားတာ၊ မနေ့ကဆိုရင် နှစ်ခါ[illegible] တယ်၊ တစ်ခါဖြစ်ရင် တစ်နာရီလောက်ကြာတယ်"

သက်မာထွေးသည် သိန်းစော၏နဖူးကို စမ်းကြည့်၏။

"ဟင်. . . ကိုယ်လည်း မပူပါဘူး"



"ဖျားတာမှ မဟုတ်တာ၊ ဘာဖြစ်လို့ ကိုယ်ကိုစမ်းကြည့်တာလဲ"

"ငန်းဖမ်းနေတယ်မှတ်လို့"

"မောင် ထင်ထားသလိုပါပဲလေ၊ အသက် မယုံဘူး ဆိုပါတော့"

သက်မာထွေးသည် သက်ပြင်းတစ်ချက် ချလိုက်၏။

"ခက်တာပဲ ကိုစော၊ အခု သည်မှာရှိသမျှလူတွေကို ကိုစော လျှောက်ပြောကြည့်၊ သူတို့ထဲက တစ်ယောက်သာယုံတော့ အသက်ကို အပြစ်တင်ပါ"

သက်မာထွေး၏စကားသည် မှားသည်မဆိုနိုင်ပါ။ မည်သူမျှ မယုံမည့်အကြောင်းအရာကို သူမယုံသည်မှာ သူ့အပြစ်မဟုတ်ပါ။ သိန်းစောကိုယ်၌ပင်လျှင် မကြုံဘူးဘဲ သူတစ်ပါး လာပြောလျှင် အော်၍ရယ်ပစ်မည်သာ ဖြစ်၏။

နှစ်ယောက်သား စကားပြတ်၍ ရုပ်ရှင်ကို အာရုံမရှိဘဲ ကြည့်နေမိကြသည်။ သိန်းစောသည် ပေါင်ပေါ် တင်ထားသော မိမိလက်ကို လက်တင်ပေါ် တင်လိုက်၏။ 'ခွပ်'ကနဲ မြည်သွားသည်။ ဤတွင် သိန်းစောမှာ ဝမ်းသာအားရဖြစ်ကာ သက်မာထွေး၏နားနားသို့ ကပ်၍ပြောလိုက်၏။

"အသက်. . . မောင့်လက်ကို ကိုင်ကြည့်စမ်း"

သက်မာထွေးသည် သူ့လက်တစ်ဘက်ကို တင်လိုက်၏၊ ချက်ချင်းပြန်ရုပ်သွားမိသည်။

"ကိုစော. . . မနောက်နဲ့နော်"

ပြောပြောဆိုဆိုနှင့် သက်မာထွေးသည် သိန်းစော၏မျက်နှာကို ကပ်၍လှည့်ကြည့်သည်။

"ဟင်. . . ကိုစောပါးစပ်ကြီးကလည်း ပြလှချည်လား၊ ဘာဖြစ်လို့ စပ်ဖြဲကြီး ဖြစ်နေတာလဲ၊ မျက်မှန်နက်ကြီးကိုလည်း ချွတ်ထားလေ"

"အသက်. . . မောင် အမိုးစု ဖြစ်သွားပြီ"

သက်မာထွေးသည် သိန်းစော၏လက်ကို ပြန်မယူ၍ အခြားလက်တစ်ဘက်ဖြင့် စမ်းကြည့်၏။

"ဟင်. . . ကိုစော ဘယ်လိုဖြစ်တာလဲ၊ အသက် ယုံပြီ၊ ကဲ. . . လာပါ ကိုစောရယ်၊ ဆရာဝန်ဆီ သွားပြမယ်"

"ခဏနေဦး၊ ဒီပုံမျိုးထွက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ မောင် အခု အိမ်သာထဲသွားပြီး အကာအကွယ်တွေ လုပ်လိုက်ဦးမယ်"

သိန်းစောသည် လူတွေ မရိပ်မိစေရန် ခပ်သုတ်သုတ် ထွက်လာ၏။

သို့သော် ရုပ်ရှင်ရုံမှာ ပြည့်ကျပ်နေသဖြင့် သွားလာရ မလွယ်ကူချေ။ မိန်းမ ယောက်ျား၏ဒူးကို ခြေထောက်နှင့် တိုက်မိသည်။

"အမလေးတော်. . . အရိုးနှင့် ထိုးလိုက်သလား မှတ်ရတယ်"

"တောင်းပန်ပါတယ်ဗျာ"

သိန်းစောက ခပ်သုတ်သုတ်ပင် ဆက်ထွက်၏။ မိန်းမသည် ဗျစ်တော ဗျစ်တောက် ပြောကျန်ခဲ့ရာ သူ့ဘေးကအဒေါ်ကြီးက တိတ်တိတ်နေရန်ပြော

နောက်နှစ်တန်းကျော်က လင်မယားနှစ်ယောက်အနက် မယားသည် ရှေ့နှစ်တန်းက ဖြတ်ကျော်သွားသော သိန်းစောကို အာရုံဝင်စားသွားသည်။

"အလို. . . ဟိုလူဟာ ခေါင်းပြောင်လှချည်ကလား"

သူ့ယောက်ျားက ရုပ်ရှင်အာရုံပျက်သဖြင့် ငြီးစလွယ် ပြန်ပြောသည်။

"ဒီကွာ. . . သူက 'ယူးဘရိုင်နာ' နဲ့တူအောင်လုပ်တာ ဖြစ်မှာပေါ့"

"ဒါပေမဲ့ သူက နှာခေါင်းလည်း မရှိဘူးရှင့်"

"ဒါကလည်း 'ဖွတ်စဖိုနာ' နဲ့ တူအောင်လုပ်တာ ဖြစ်မှာပေါ့"

ဤသို့ဖြင့် သိန်းစောသည် အိမ်သာထဲ ရောက်ခဲ့ရသည်။ ခါးက ဘောင်းဘီကို ခါးပတ်ကြီးတင်းနေအောင် ပတ်ရ၏။ ခြေထောက်က ခြေအိတ်အပေါ်ပိုင်းကို သားရေကြွင်းဖြင့် အထပ်ထပ် စည်းရသည်။ ဂျာကင်ကြီးကိုဝတ်၍ ကော်လံစကို ပါးကွယ်အောင် ထောင်ထားရသည်။ ထို့နောက် မျက်မှန်နက်ကြီးတပ်၍ ဦးထုပ်ကြီးကို ဆောင်းလိုက်ရာ ဦးထုပ်သည်ချောင်၍ မျက်လုံးတွေ အုပ်လုနီးပါးရှိသည်။ လက်ကို လက်အိတ်တွေစွပ်ပြီး လက်ဖျံတွင် သားရေကြွင်းဖြင့် ချည်ရသည်။

ပြင်ဆင်ကာကွယ်ပြီးသော် သိန်းစောသည် လက်ကိုင်ပဝါဖြင့် နှာခေါင်းကိုအုပ်၍ ထွက်လာ၏။ သက်မာထွေးသည် အပြင်ထွက်၍ စောင့်နေသည်။ နှစ်ယောက်သားသည် လေးဘီးကားလေးတစ်စီးဆီသို့ သုတ်ခြေတင်သွား၏။

ရုပ်ရှင်ရုံအောက်တွင် ပိုစတာကြည့်နေသော လူငယ်နှစ်ယောက်အနက် တစ်ယောက်က အဖော်ကို ပြောလိုက်သေးသည်။

"ဟော့. . . ဟို 'ဘဲ' က 'ဂျီတွန်' လုချည်ကလားကွ"

မကြာမီ သက်မာထွေးတို့မိသားစု လက်ကိုင်ဆရာဝန်ဖြစ်သော ဒေါက်တာကြည်ဖေ၏ ဆေးတိုက်သို့ ရောက်လာကြ၏။

စောင့်နေသူများ ရှိသဖြင့် သိန်းစောသည် ကုလားထိုင်တစ်လုံးတွင်



ထိုင်ကာ သတင်းစာကြီးကိုဖြန့်၍ ဖတ်သလိုနှင့် မျက်နှာကို ကွယ်ထား၏။ သက်မာထွေးသည် သူ့ဘေးနားတွင် ကပ်ထိုင်ရင်း သူ့ကိုကြည့်ကာ စိတ်မကောင်းဖြစ်နေသည်။

"ဘယ်လိုကစဖြစ်တာလဲ မောင်ရယ်"

"ဓာတ်ပုံကူးဆေး တီထွင်ဖော်စမ်းကြည့်ရာက ဘာတွေ့တွေ ရှုမိတယ် မသိဘူး၊ ဒီလိုထဖြစ်တော့တာပဲ"

သက်မာထွေးသည် သက်ပြင်းချ၍ ဆရာဝန်အခန်းဆီသို့ မျှော်ကြည့်၏။ တစ်ယောက်ထွက်၍ တစ်ယောက် ဝင်ပြန်သည်။ ခဏကလေးဖို့ပင် သက်မာထွေး၏စိတ်၌ အကြာကြီး ထင်နေ၏။

ထိုခဏတွင် သိန်းစောထံမှ "အင်းအင်း. . . ဖားဖား" သံတွေ ထွက်ပေါ်လာတော့သည်။

"ကိုစော ဘာဖြစ်သလဲ"

"အင်း. . . အား. . . အသက်ရှေ. . . မောင်. . . မောင်. . . လူပြန်ဖြစ်ဖြစ်. . . ဖြစ်ပြီ၊ သိပ်ကျပ်တယ်. . . ဖယ်. . . လုပ်ပါဦး"

သိန်းစော၏အသံမှာ လမ်းကြိတ်စက်အနင်းခံရသလို အသံမျိုး ဖြစ်နေ၏။ သက်မာထွေး သဘောပေါက်သွားသည်။ အသားအရည်တွေ ပြန်ဖြစ်လာသဖြင့် စည်းနှောင်ထားမှုများကြောင့် ကျပ်နေခြင်းဖြစ်သည်။ သက်မာထွေးသည် ဗျာယီးဗျာယာပင် လက်ကသားရေကြွင်းတွေကို ဆွဲဖြည်၏။

"အင်း. . . အသက်. . . သားရေကြွင်းက အရေး. . . မကြီးပါဘူး၊ ခါးပတ်. . . အစ်. . . ခါးပတ်ကို ဖြုတ်ပါ၊ အင်း. . . တော်တော်ကြာ ဆရာဝန်က. . . အစ် . . . ဝမ်းရောဂါလူနာ မှတ်သွားပါဦးမယ်. . . အစ်. . . "

သည့်တွင်မှ သက်မာထွေးသည် ခါးပတ်ကို ဖြေလျှော့ပေးရ၏။

သိန်းစောသည် သတင်းစာကိုဖယ်၍ ဦးထုပ်ချွတ်ကာ ဂျာကင်ကိုလည်း ဖယ်ရှားရသည်။ ချွေးများလည်း ရွှဲနစ်နေ၏။ နေပူကျဲကျဲကြီးတွင် ဂျာကင် ဝတ်လာရသည်ကိုး။

ခဏကြာသော် သူတို့အလှည့်ကျ၍ ဆရာဝန်နှင့် ဝင်တွေ့ရ၏။

"ဒေါက်တာ၊ ဒီဟာ သက်သက်နဲ့ လက်ထပ်မယ့် ကိုသိန်းစောလေးကဲ. . . ကိုစော ဖြစ်ပုံကိုပြောပြ"

ဒေါက်တာကြည်ဖေသည် သိန်းစောကို ပြုံးရွှင်စွာကြည့်၏။

"မပြောလည်း သိနိုင်ပါတယ်လေ၊ ချွေးလွန်တဲ့ရောဂါ ဆိုပါတော့"

သိန်းစောက ကပျာကယာ ငြင်းရ၏။

"ဟာ. . မဟုတ်ပါဘူး ဒေါက်တာ၊ ချွေးတွေထွက်နေတာက ကျွန်တော် တစ်လမ်းလုံး ဂျာကင် ဝတ်လာလို့ပါ"

ဒေါက်တာကြည်ဖော်သည် မျက်လုံးမျက်ဆန်တွေ ပြူးကုန်၏။

"ဗျာ. . . ဒါလောက်နေပူကြီးကျဲကျဲထဲမှာ ဘာဖြစ်လို့ ဂျာကင်ဝတ်လာရတာလဲဗျ၊ အိုလ်ပစ်မှာ ဂျာကင်အဝတ်ပြိုင်ပွဲပါတယ် မကြားမိပါဘူး"

"ဒါတွေကို နောက်မှပြောတာပေါ့ ဒေါက်တာရယ်၊ ကျွန်တော့်အဖြစ်ကို ပြောပြပါ့မယ်၊ ပြောရရင်တော့ မယုံနိုင်စရာပဲ၊ ကျွန်တော်ဟာ တစ်ခါတစ်ခါ အရိုးစုချည်းသက်သက် ဖြစ်သွားတတ်ပါတယ်"

ဒေါက်တာကြည်ဖော်သည် ပထမသော် ဖုံအားသင့်သလို ဖြစ်သွား၏။ နောက်တွင်ကား ခပ်ပြုံးပြုံးနှင့် ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

"ဟုတ်ကဲ့၊ အဲလကားနေနေရင်းက အရိုးစုချည်းသက်သက် ဖြစ်သွားတယ်ဆိုပါတော့"

"ဟုတ်ပါတယ် ဒေါက်တာ"

"တစ်ခါ တစ်ခါဖြစ်ရင် ဘယ်လောက်ကြာသလဲ"

"မနေ့က စဖြစ်တာပါ၊ မနေ့ကတော့ တစ်ခါဖြစ်ရင် တစ်နာရီလောက် ကြာပါတယ်၊ ဒီနေ့တော့ မိနစ် (၂၀) လောက်ပဲ ကြာမယ်ထင်ပါတယ်၊ အလွန်ဆုံး နာရီဝက်ပေါ့ ဒေါက်တာ"

ဒေါက်တာကြည်ဖော်သည် ခေါင်းကို တစ်ချက်ညိတ်ကာ သက်မာထွေး ဘက်သို့ လှည့်လိုက်သည်။

"မနေ့ကမှ စဖြစ်တာကိုး၊ ကိုစော ဆိုတဲ့အတိုင်း ရောဂါလာပြတာ စောပါတယ်၊ ဒါပေမဲ့ ဒီရောဂါမျိုးကတော့ ကျွန်တော်နဲ့ မဆိုင်ဘူး၊ စိတ္တဇရောဂါကု ဆရာဝန်တစ်ဦးဦးနဲ့ သွားတွေ့ကြည့်ပါ၊ 'စကီဇိုဖရီးနီးယား' ပေါ့ဗျာ၊ ကျွန်တော် ညွှန်းလိုက်ပါ့မယ်"

သိန်းစော 'စကီဇို'ချင် 'စကီဇို'ပါစေ။ သူကတော့ စကီမဇိုပါဘဲလျက် နှင့် အရိုးစုကို မျက်ဝါးထင်ထင် မြင်ခဲ့ရသော သက်မာထွေးသည် မကျေနပ်နိုင်ဘဲ ဒေါက်တာကို အတင်းစမ်းသပ်ခိုင်း၏။

ဒေါက်တာကြည်ဖော်သည်လည်း အားနာသဖြင့် စမ်းသပ်ပေးပါသည်။



သို့သော် သူမျှော်လင့်ထားသလိုပင် သိန်းစောတွင် ဘာရောဂါမျှ မတွေ့ရချေ။

သက်မာထွေးတို့လည်း လက်လျှော့၍ ပြန်လာခဲ့ကြရတော့သည်။ သိန်းစောသည် သက်မာထွေးကို ခြံဝအထိ ပို့ခဲ့၏။ သက်မာထွေးက အကြောင်းထူးလျှင် တယ်လီဖုန်းဆက်ရန်ပြောသည်။ သိန်းစောကလည်း ထူးခြားလျှင် ထူးခြားသလို အခြေအနေကို သိနေပါစေမည်ဟု ကတိပေးခဲ့၏။

သိန်းစောသည် ထိုနေ့အဖို့ အပြင်ပြန်မထွက်တော့ချေ။

အခန်းထဲတွင်သာ အောင်း၍ စာတွေဖတ်နေ၏။ ညနေဘက်တွင် တစ်ချက် ရုပ်ပြောင်းသေး၏။ မိနစ် (၂၀) လောက်သာကြာသည်။ နဂိုမူလရုပ် ပြန်ဖြစ်သည်။

သို့သော် သိန်းစော ဝမ်းမသာနိုင်ပါ။ ဤပုံမျိုးနှင့် မင်္ဂလာဆောင်ရန် မဖြစ်နိုင်ချေ။ မင်္ဂလာဆောင်ကို ရက်ရွှေ့ရမည်ကလည်း အကြောင်းပြချက် မရေရာသောကြောင့် သက်မာထွေး၏မိဘများက ကျေနပ်မည်မဟုတ်။

သို့ဖြင့် သိန်းစောသည် နက်ဖြန်တွင် ဘကြီးဦးခင်မောင်ထွန်းထံသို့ သွားရောက်တိုင်ပင်မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

□

ပိတ်ထားသော တံခါးရွက်ကြီးရှေ့တွင်ရပ်ကာ လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်ပြီးမှ ငနီ (ခေါ်) ဦးလှကျော်ဦးကို သတိရမိသည်။

ဤပုဂ္ဂိုလ်ကြီးသည်ပင် လာရောက်၍ တံခါးကို ဖွင့်ပေးမည်ဖြစ်၏။ နှုံမကောင်းရှာသော ဤပုဂ္ဂိုလ်ကြီးခမျာ သူစိမ်းရောက်လာသည်ထင်ပြီး ခါးကြီးကို ကုန်းဦးမည်။ ခါးကုန်းကြီးကိုမြင်လျှင် ဧည့်သည်တွေ ထိတ်လန့်ကြောက်ရွံ့ကုန်မည်ဟု ဘကြီးက တစ်ထစ်ချ တွက်ယူထားသည်။

သိန်းစော၏စိတ်ထဲတွင် ခါးကုန်းကြီးဟူသော စကားလုံးသည် ပဲ့တင်ထပ်နေ၏။ သူသည် ဦးထုပ်ကြီးကို ချွတ်လိုက်ပြီးခါစတွင် တံခါးရွက်သည် ရုတ်တရက် ပွင့်လာရာ ယောင်၍ ဘာမဆိုင်ညာမဆိုင်နှင့် ခါးကို ကုန်းလိုက်မိ၏။ သာရောက်ဖွင့်ပေးသူ ငနီကလည်း လှစ်ကနဲ ခါးကုန်းလိုက်သည်တွင် ကလေးများ ဆော့ပေါက်သလို ခေါင်းနှစ်လုံးသည် ဒုတ်ကနဲ တိုက်မိကြပြီး နှစ်ယောက်သား တွမ်းပေါ်တွင် ဖင်ထိုင်ကျသွားကြလေ၏။

မှုးနောက်နောက် ချာလည်လည် ဖြစ်နေရာက ဘစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ ငနီက သိန်းစောကို လက်ညှိုးကြီးထိုး၍ စကား ပြော၏။

"ဟော့. . ခေါင်းနှစ်လုံးဖြစ်လိုက်၊ သုံးလုံးဖြစ်လိုက်နဲ့ မောင်ရင်၊ ဘာဖြစ် လို့ ကျုပ်ခေါင်းကို ဖနောင့်နဲ့ ပေါက်ရတာလဲ"

"ကျွန်တော့်မှာ ခေါင်းနှစ်လုံး သုံးလုံးလည်း မရှိပါဘူး ဦးလေးရဲ့၊ ခေါင်း ကို ဖနောင့်နဲ့ပေါက်တာလည်း မဟုတ်ပါဘူး"

"ဟ. . . ဒုတ်ကနဲကို မြည်သွားတာပဲ"

"ကျွန်တော့်ဘက်ကလည်း ဒုတ်ကနဲ မြည်သွားတာပါပဲ၊ အမှန်ဖြစ်တာ က ခေါင်း,ခေါင်းချင်း ဆောင့်မိကြတာပါ"

ငနီသည် အမူးပြေသလို ဖြစ်သွား၍ သိန်းစောကို မှတ်မိသွား၏။

"ဟယ်- တလောကလာတဲ့ မောင်ရင်ပဲ၊ ငါ မှတ်မိပြီ"

နှစ်ယောက်သား မတ်တတ်ပြန်ရပ်ကြ၏။

"နေပါဦးကွ၊ ဘယ်လိုဖြစ်ပြီး ခေါင်းချင်းတိုက်မိကြတာလဲ"

"ရှင်းပါတယ် ဦးလေးရာ၊ ဦးလေးကလည်း ခါးအကုန်းလိုက်၊ ကျွန်တော် ကလည်း ခါးအကုန်းလိုက်မှာ ဆောင့်မိကြတာပါ"

"ဟော့. . ငါက ခါးကုန်းရမည့်ဝတ္တရားရှိလို့ ခါးကုန်းတာ၊ မင်းက ဘာဖြစ် လို့ ခါးကိုကုန်းရတာလဲ"

"ကျွန်တော်ကလည်း ယောင်ရမယ့်ဝတ္တရားရှိလို့၊ အဲလေ. . . မှား ကျွန်တော်ကတော့ယောင်ပြီး ဦးလေးကို မြင်မြင်ချင်း ခါးကုန်းမိတာပါ၊ ဘကြီး စာတ်ခန်းထဲမှာပဲလား"

"အေးပေါ့ကွာ. . . ထုံးစံအတိုင်းပဲပေါ့၊ ကဲ. . . ဧည့်ခန်းမှာ သွားထိုင် စောင့်နေ၊ ကော်ဇော်ကြာ ငါ ကော်ဖီလာပို့မယ်"

သိန်းစောသည် ဧည့်ခန်းသို့ သွားရောက်ထိုင်စောင့်နေ၏။

ကော်ဖီသောက်ပြီးသည့်တိုင်အောင်လည်း ဦးခင်မောင်ထွန်း ထွက် လာသေးချေ။ သို့နှင့် စောင့်ရင်းက ပျင်းလာသဖြင့် ကုလားထိုင်နောက်မှီကို ကျော လှန်မှီရင်း အိပ်မောကျသွားလေ၏။

ဦးခင်မောင်ထွန်းသည် ဓာတ်ခန်းထဲက ထွက်လာသောအခါ ငနီ ဆီး၍ပြော၏။



"ဆရာကြီး၊ တလောကလာတဲ့ ဆရာကြီးရဲ့တူ ဧည့်ခန်းထဲမှာ ရောက် နေတယ်"

ဦးခင်မောင်ထွန်းသည် ဧည့်ခန်းပေါက်ဝရောက်သောအခါ လှမ်းကြည့် ၍ ဧည့်ခန်းထဲသို့ မဝင်တော့ဘဲ နောက်သို့လှည့်ကြည့်သည်။ မလှမ်းမကမ်းရှိ ငနီသည် သူ့ဆရာကြီး၏ အမူအရာကို မြင်သောအခါ အနားကပ်လာ၏။

"ဟာ. . . ဒါ ငါ့တူ မဟုတ်ပါဘူး"

"ဟုတ်ပါတယ် ဆရာကြီးရဲ့၊ ကျွန်တော်နဲ့တောင် စကားပြောပြီးပြီ"

"ဟာ. . ဒီကောင် ဒီလောက်အချိန်ကလေးနဲ့ ဒါလောက် ဝိန်မသွားပါ ဘူးကွ၊ ပြီးတော့ ပါးစပ်ကြီး ဖြဲထားလိုက်တာ သွားတွေအကုန်ပေါ်လို့၊ သိန်းစော ဒါလောက် မျက်နှာမရွှင်တတ်ပါဘူး"

ငနီသည် ဦးခင်မောင်ထွန်း ပြောစကားများကို ဘာမျှနားမလည်သဖြင့် ကိုယ်တိုင်ကြည့်ရန် ဆရာကြီးရှေ့က ခါးကုန်းကာဖြတ်ပြီး ဧည့်ခန်းထဲသို့ ဝင်လိုက် သည်။

အဝေးကမြင်ရသည်ကို အားမရသဖြင့် ငနီကြီးသည် တစ်လှမ်းချင်းတိုး ၍ ကပ်သွားသည်။ ထို့နောက် ခြေဖျားထောက်၍ သူ့ဆရာကြီးထံပြန်ပြေးလာခဲ့ ၏။

"ဟုတ်တယ် ဆရာကြီး၊ ဒါ ဆရာကြီးရဲ့တူ မဟုတ်ဘူး၊ ဟိုကောင်လေး က ဘယ်ရောက်သွားသလဲ မသိဘူး၊ သူ့အရိုးတွေက ဒီမှာကျန်နေခဲ့တာ"

"ဟာ. . . ကြံကြံဖန်ဖန် ငနီကလည်းကွာ၊ ဧကန္တ ဒီကောင်ဟာ ငါ့အစို ရတ်လုပ်ငန်းမှာ အသုံးဝင်မယ်ထင်လို့ အရိုးစုကြီးကို ယူလာတာဖြစ်မယ်၊ ယူရ လွယ်အောင် အဝတ်တွေ ဝတ်လာပေးတာ ဖြစ်မှာပေါ့၊ ကဲ. . . ငါ့ဓာတ်ခန်းထဲ ယူသွား၊ ဒီကောင် ပုန်းနေရာက ထွက်လာမှ ငါမေးမယ်"

ငနီကြီးသည် ဆရာကြီးအား လျှာမရှည်ဝံ့သဖြင့် ဘာမျှပြောမနေတော့ ဘဲ ကုလားထိုင်ပေါ်မှ ဂျာကင်ကြီးကို ပခုံးပေါ်တင်၍ စပို့ရှပ်နှင့် ဘောင်းဘီရှည် ဝတ်ထားသော အရိုးစုကြီးကို ကောက်၍ထမ်းလိုက်၏။ ဦးခင်မောင်ထွန်းတစ္ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။ ငနီသည် စောစောကပွည်းကြီးကို အိပ် ပျော်နေသောကလေးကို ပခုံးထက်၌ ချီသလိုမျိုးကာ တစ်လှမ်းနှစ်လှမ်း လှမ်းလိုက် သည်။

ထိုခဏတွင် သိန်းစောသည် အိပ်ရာမှ နိုးလာသည်။

❀

"ဟာ. . . ဦးလေး၊ မလုပ်ပါနဲ့ဗျ၊ လွတ်ကျလို့ မသက်မသာ ဖြစ်သွားပါ့မယ်"

ငနီကြီးသည် သိန်းစော၏စကားကြောင့် ကြမ်းပေါ်သို့ မတ်တတ်ချပေးလေ၏။ ခါးမှဘောင်းဘီသည် လျော့ကနဲ လွတ်လွတ်ကျွတ်ကျွတ်ပင် ကြမ်းပေါ်သို့ ပုံကျသွားလေရာ သိန်းစောသည် ကပျာကယာ ပြန်ကောက်၍ ဘောင်းဘီကို ခါးနားတွင် ဆုပ်ကိုင်ထားလိုက်သည်။ ဤသည်ကို ငနီကြီးက သဘောကျ၍ ရယ်မိတော့၏။

"အောင်မာ. . . မင်းမှာ ရှက်စရာဘာများရှိလို့ ကပျာကသီ ဘောင်းဘီကို ကောက်ဝတ်ရတာလဲကွာ"

"ဦးလေး မသိဘူးနော်၊ တော်တော်ကြာ ရှက်ရတော့ ကျွန်တော်က ရှက်ရမှာဗျ"

ဦးခင်မောင်ထွန်းသည် မျက်လုံးကြီးများပြူး၍ ထ,လာကြည့်သည်။

"အသံကတော့ သိန်းစောရဲ့အသံပဲ၊ ဟေ့ မင်းနှုတ်ခမ်း မရှိဘဲ ဘယ်နယ်လုပ်ပြီး စကားကို ပီအောင်ပြောနိုင်သလဲကွ"

"အောင်မယ်- လေတောင်ချွန်နိုင်သေးတယ် ဘကြီးရဲ့"

ပြောပြောဆိုဆိုနှင့် သိန်းစောက လေချွန်ပြ၏။ လေချွန်သံသည် ပီပီသသ ပေါ်ထွက်လာ၏။ ငနီကြီးက သဘောကျပြန်သည်။

"အေးကွာ. . . နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ပြိုင်ရင် မင်းနိုင်စရာ အလားအလာ သိပ်ကောင်းတယ်ကွ"

ထိုခဏတွင် မျက်စိအောက်၌ပင် သိန်းစောသည် အသားအရည်များ ပြန်ပြည့်လာကာ ပကတိ သိန်းစောပင် ပြန်ဖြစ်သွားလေ၏။ ဦးခင်မောင်ထွန်းသည် မျက်မှောင်ကုပ်သွားမိတော့သည်။

"မင်းက ဘယ်လိုဖြစ်ပြီး ခုတစ်မျိုး ခုတစ်မျိုး ဖြစ်နေရတာလဲကွ ဟော ငါ့ကို လာနှောက်နေတာလား"

"ကဲ. . . ဘကြီး လာထိုင် ကျွန်တော် ပြောပြမယ်"

တူဝရီးနှစ်ယောက် ကုလားထိုင်တစ်လုံးစီတွင် ဝင်ရောက်ထိုင်မိကြသောအခါတွင် သိန်းစောသည် ဖြစ်ကြောင်းကုန်စင် ပြောပြလေ၏။

"အဲဒါ ကျွန်တော် သိပ်ဒုက္ခရောက်နေပြီ ဘကြီးရဲ့၊ မင်္ဂလာဆောင်ဖို့ ရက်ကလည်း နီးနီးလာပြီ၊ ကောင်မလေးလည်း သိပ်စိတ်ညစ်နေတယ်၊ ဘကြီး



ကယ်နိုင်ရင်ကယ်ပါ၊ ဆေးတစ်မျိုး ဖော်စပ်ကြည့်ပေးပါ၊ ဘကြီးရယ်"

"မူလပြန်တဲ့ဆေး ဆိုပါတော့၊ ငါ ရှာဖွေစမ်းသပ်ကြည့်မယ်ကွာ၊ ဒါပေမဲ့ ရမ်းရှာရမှာကွ၊ လွယ်မယ်တော့ မထင်ဘူး၊ မင်းဖြစ်သွားရတဲ့ အကြောင်းရင်းကလည်း ဘာမှန်းမှ မသိဘဲကိုး၊ အဲ. . . တစ်ခုတော့ရှိတယ်၊ ဓာတ်ခိုးဓာတ်ငွေ့တွေ ရှူရှိုက်မိရာက ကိုယ်ထဲမှာ အာနိသင်သက်ရောက်ပြီး ဖြစ်ရတဲ့ကိစ္စတော့ အမှန်ပဲ၊ ဒီတော့ မင်းအဖြစ်က ကြာရှည်တော့ ဖြစ်နေမယ် မထင်ပါဘူး၊ တဖြည်းဖြည်း အာနိသင်ပြယ်ပြီး လုံးဝပျောက်သွားလိမ့်မယ်လို့တော့ ငါ ထင်ပါတယ်"

ယခုအချိန်တွင်တော့ ဦးခင်မောင်ထွန်းသည် ဒါလောက်ပဲ တူတော်မောင်ကို အားပေးနိုင်ပါ၏။ သူ့ရှေ့က ရှာဖွေရမည့်လမ်းကလည်း မသေချာမရေရာ ဖြစ်နေသည်ကိုး။

သိန်းစောလည်း ဤမျှနှင့်ပင် ကျေနပ်ခဲ့ရကာ အိမ်သို့ ပြန်လာခဲ့လေသည်။ အချိန်ရှိသရွေ့ ဘုရားကိုချည်း နှင်းကန်ရှိခိုးကာ မိမိသည် အချိန်မီ မူလပကတိ လူလိုသူလိုဖြစ်ကာ သက်မာထွေးကလေးနှင့် နီးရဖို့အရေးတွင် အနှောင့်အယှက်များ မတွေ့ကြုံရအောင် ဆုချည်းတောင်းနေ၏။

၇ ❐

သတို့သား ဖြစ်နေသဖြင့် သိန်းစောသည် ဟိုတယ်သို့ စောစောရောက်နေရသည်။

အဆင်သင့် ဝတ်စားဆင်ယင်ပြီးပြီ ဖြစ်သောကြောင့် ဆွေမျိုးမိတ်သင်္ဂဟများနှင့်စု၍ စကားစမြည် ထိုင်ပြောနေသည်။ သတို့သမီးက တစ်နေရာ၊ သတို့သားက တစ်နေရာ၊ ကိုယ့်အစုကလေးနှင့်ကိုယ် ရွှင်ရွှင်ပျပျ စကားတွေဖောင်နေကြသည်။

ဟိုအစုကူး၊ သည်အစုကူးနှင့် ယောက်ယက်ခတ်နေကြသူ နှစ်ယောက်တော့ ရှိသည်။ တစ်ယောက်မှာ သက်မာထွေး၏အဒေါ်ကြီးဖြစ်၍ ကျန်သောသူတစ်ယောက်မှာ ဘိသိတ်ဆရာကြီး ဦးခန့်ချော ဖြစ်ပေ၏။ သူတို့နှစ်ယောက်သည် တပူးပူး တတွဲတွဲတော့ သွားနေကြခြင်း မဟုတ်ပါ။ တပူးပူး တတွဲတွဲ သွားရအောင် သူတို့သည် လင်မယားလည်း မဟုတ်။ ခြေထောက်ချင်းပူး၍ ကြိုးဖြင့်ချည်ထားသည်လည်း မဟုတ်ကြပါ။ အဒေါ်ကြီးမှာ သတို့သမီးအုပ်စုဘက် သွားသြဓာပေး

လိုက်၊ သတ္တိသားဗုဒ်စုဘက် ဆရာလုပ်လိုက်နှင့် မျက်စိနောက်အောင် သွားလာနေခြင်းဖြစ်သည်။ ဘီသိတ်ဆရာကြီး ဦးခန့်ချောကမူ ခေါင်းပေါင်းကြီးတကားကား၊ ပဝါလောဘက်ထိုးကြီး တဝင့်ဝင့်နှင့် ခပ်ကြွားကြွား သွားလာနေသည်။ သူ့ရည်ရွယ်ချက်ကား နောင်လာလတ္တံ့သော မင်္ဂလာဆောင်များအတွက် ကြော်ငြာရစေရန်ဖြစ်သည်။

သို့သော် ဘယ်သူ့ကိုမှလည်း မျက်စိမနောက်၊ စိတ်လွတ်လက်လွတ်လည်း မပျော်ဝံ့ဘဲ၊ ရှိနေသူတစ်ယောက်ကား ဤတွင်ရှိနေ၏။ သူကား သိန်းစောပင် ဖြစ်ပေတော့သည်။

သွေးနှင့်ကိုယ် သားနှင့်ကိုယ်ဘဝက ဆိုင်းမဆိုင့် ဗုံမဆင့် အရိုးစုကြီးဖြစ်ဖြစ်သွားရသည့် ဝဋ်ကြွေးသည် ကုန်ကောင်းကုန်နေပြီဟုတော့ ထင်ရပါ၏။

သိန်းစောသည် စားပွဲကို ငေးစိုက်ကြည့်ရင်း စဉ်းစားနေမိသည်။

အမှန်ဆိုရသော် လွန်ခဲ့သည့်နှစ်ရက်ကစ၍ သူသည် အရိုးစုအဖြစ်သို့ လုံးဝမပြောင်းလဲခဲ့တော့ပါ။ ဆေးငွေ့ဓာတ်ခိုး၏အာနိသင်တော့ လုံးဝပြယ်သွားပြီဟု ယူဆစရာ ရှိပါ၏။ သို့တိုင်အောင် နှုတ်မဆက်ဘဲ ရောက်လာသောအဖြစ်သည် နှုတ်မဆက်ဘဲ ထွက်သွားခြင်းမှာ သေချာပါရဲ့လားဟု သိန်းစော၏ရင်ထဲတွင် တထိတ်ထိတ် ဖြစ်နေရသည်။ "ဟေ့. . . မင်းတော့ ရောဂါရတာ သေချာပြီကွ" ဟု ဘယ်သူကမှလည်း ညွှန်ကြားမထားသဖြင့် "မင်းရောဂါတော့ လုံးဝပျောက်ပြီဟေ့" ဟု ဘယ်သူကမှ ကတိမပေးနိုင် ဖြစ်သောကြောင့် သူတထိတ်ထိတ် ဖြစ်နေရခြင်းကိုလည်း အပြစ်မဆိုသာချေ။

"ဟာ. . . မင်းက ဒီမှာကိုးကွ၊ ငါ မင်းကို တွေ့ချင်လို့ စောစောလာခဲ့တာကွ၊ ဒီအချိန်မှာ ငါ အတွေ့ချင်ဆုံးက မင်းပဲကွ"

သိန်းစောသည် ဖျတ်ကနဲ မော့ကြည့်လိုက်ရာ ဘကြီးဦးခင်မောင်ထွန်းကို တွေ့ရတော့သည်။ သိန်းစောကား ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

"ဟော. . . အတော်ပဲ၊ ကျွန်တော် အတွေ့ချင်ဆုံးကလည်း ဘကြီးကိုပဲ၊ ဟာ. . . ဘာဘူးကြီးလဲ"

ဦးခင်မောင်ထွန်းသည် သူ့ဘေးနားတွင် ဝင်ထိုင်ရင်း ပွေ့ပိုက်လာသော ကြွေရေတကောင်းလို ပစ္စည်းကြီးကို စားပွဲပေါ် တင်လိုက်၏၊ ဘူးဆို့မှာလည်း ကြွေဘူးဆို့ဖြစ်သည်။ ဦးခင်မောင်ထွန်းသည် ဘူးဆို့ ကျပ်,မကျပ်ကို ထပ်ကိုင်စမ်းကြည့်ပြီးမှ သိန်းစောဘက်သို့ လှည့်လိုက်၏။



သို့သော် သူ့ခေါင်းသည် ချာကနဲ ပြန်လှည့်သွားရသည်၊ အကြောင်းသော်ကား လူငယ်တစ်ယောက်သည် "ဩော်. . . လက်ဖွဲ့ပစ္စည်းလား၊ ကျွန်တော် သွားပို့ပေးမယ်" ဟုဆိုကာ ကြွေတကောင်းကြီးကို ကောက်ဆွဲလိုက်သောကြောင့် ဖြစ်၏။ ဦးခင်မောင်ထွန်းသည် ကပျာကယာ ပြန်ဆွဲ၏။ သို့သော် လူငယ်ကလည်း မလွှတ်သဖြင့် လုယက်နေကြသလို ဖြစ်နေသည်။

"ဟေ့ကောင်. . . ဘယ်လိုလဲကွ၊ ဒါ ငါ့ပစ္စည်းပဲ"

"ဟုတ်ပါတယ် ဦးရဲ့၊ ကျွန်တော်က လက်ဖွဲ့လက်ခံတဲ့နေရာကို သွားပို့ပေးမလို့ပါ"

"တယ်လည်းခက်နေပါကလား၊ ဒါ ငါ ယူလာတာကွ"

"ဟုတ်ပါတယ်၊ ဦးလက်ဖွဲ့မယ့်ပစ္စည်းကို ဦးသာ ယူလာရမှာပေါ့"

"ဟေ့. . . ဒါ လက်ဖွဲ့ပစ္စည်း မဟုတ်ဘူး၊ ခင်း တယ်လည်းဇွတ်တရွက်နိုင်ပါကလား၊ ငါ့ပစ္စည်းငါကိုင်လာတာ မင်းခေါင်းပေါ် ရွက်ထားရလို့လား၊ ဒါကို ဘာမှတ်သလဲ၊ အထဲမှာ အန္တရာယ်ရှိတဲ့ ဆေးရည်တွေ ပါတယ်ကွ"

"ဟိုက်ရှော့. . ."

လူငယ်သည် လွှတ်ချလိုက်၏။ သို့သော် ဦးခင်မောင်ထွန်းသည် ကြွေတကောင်းလည်တိုင်ကို ဆုပ်ထားသည်ဖြစ်၍ ကြမ်းပေါ် မရောက်မီ ကြွေတကောင်းကြီးသည် ဝှေကနဲ လှပစ္စာပင် ဦးခင်မောင်ထွန်း၏လက်တွင် ပါလာ၏။ ထို့နောက်မှ စားပွဲပေါ် သို့ ပြန်တင်ထားလိုက်၏။

"မင်္ဂလာဆောင်ကိုလာတာ အပိုပစ္စည်းကြီးကို တကူးတက ကိုင်လာလိမ့်မယ်လို့မှ ကျွန်တော်က မထင်မိဘဲကိုး"

ဦးခင်မောင်ထွန်းသည် မျက်စောင်းထိုးလိုက်၏။

"ကဲ. . . လျှာမရှည်ဘဲ ကြွတော်မူပါ၊ ငါ ဒီကောင့်ကို ပြောစရာတွေရှိနေတယ်"

လူငယ် ထွက်သွားမှ ဦးခင်မောင်ထွန်းသည် သိန်းစောဘက်လှည့်၏။

"မင်းက ဘာကြောင့် ငါ့ကို တွေ့ချင်နေရတာလဲ"

"ကျွန်တော့်အဖြစ်ဟာ ပျောက်ကင်းစိတ်ချရပြီလို့များ ဘကြီးက ပြောနိုင်မလားလို့ပါ"

"အခု မဖြစ်တော့ဘူး မဟုတ်လား"

"ဟုတ်တယ်. . . မဖြစ်တော့ဘူး၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကစပြီး

မဖြစ်တော့တာ ဘကြီးရဲ့"

"ဒါဖြင့် သေချာပြီ၊ မင့်ကိုယ်ထဲမှာ ဆေးခိုးဆေးငွေ့ လုံးဝကင်းစင်သွားပြီ"

"ဘကြီး ဘယ့်နှယ်ပြောနိုင်သလဲ"

"ဒီလိုလေကွာ၊ ငါလည်း မင့်အတွက် ဖြေဆေးစမ်းသပ်ရင်း ဟိုစပ်သည်စပ်လုပ်တာ ဖြေဆေးတော့ မတွေ့ဘူး၊ မင်းလိုဆေးတော့ ဖြစ်သွားတယ်ကွ၊ ငါတနာခေါင်းပိတ်လုပ်တာဆိုတော့ အငွေ့တွေကို ငါ မရှူမိဘူး၊ ဒါပေမဲ့ ငါ့ကြောင်ကလေး ရှူမိသွားတာ၊ ငါ့ဆေးက ပိုပြင်းတော့ (၁၅) မိနစ်၊ မိနစ် (၂၀) လောက်အတွင်းမှာကို ကြောင်ကလေးဟာ အရိုးပဒေသာ ဖြစ်သွားတယ်ကွ၊ ငါလည်းစောင့်ကြည့်တာ၊ တဖြည်းဖြည်း အဖြစ်ကြာချိန်ဟာ လျော့ပါးလာပြီး ငါးရက်လောက်ကြာတော့ လုံးဝမဖြစ်တော့တာ တွေ့ရတယ်၊ ဒါကြောင့် မင်းလည်း သေချာပြီလို့ ပြောနိုင်တာပေါ့"

"ဝမ်းသာလိုက်တာ ဘကြီးရယ်၊ ဟောဗျ. . ."

"ဝမ်းသာတာ ဘာဟောစရာ ရှိမှာလဲကွ"

သိန်းစောဆီက အသံထွက်မလာဘဲ တခြားသို့ မျက်လုံးပြူးပြီး ကြည့်သေ,သေနေရာ ဦးခင်မောင်ထွန်းသည် သူကြည့်ရာသို့ ချက်ချင်းလှည့်ကြည့်၏။ တစ်ချိန်တည်းလိုလိုပင် "ဟာ. . . ရေတကောင်းကို ဒီမှာ လာထားတာကိုးကွ ဘိသိတ်ဆရာက ရေတကောင်း လိုတာ" ဟု ပြောပြောဆိုဆိုနှင့် ဦးခန့်ချောသည် ကြွေတကောင်းကြီးကို ဆတ်ကနဲ ကောက်ဆွဲသွားလေ၏။

ဦးခင်မောင်ထွန်းသည် ထင်ကို သံချွန်ဖြင့် ထိုးလိုက်သလို ခွေ့ကနဲ ခုန်ထသွားပြီး အလန့်တကြား ဟစ်အော်၏။

"ဗျို့. . . ဆရာကြီး၊ အထဲမှာ ရေတွေ မဟုတ်ဘူးဗျ"

"ဘာတွေပါလိမ့်"

ဆရာဦးခန့်ချောသည် သုံးလေးလှမ်းသွားရင်း ကြွေဘူးဆို့ကို ဖြုတ်ကနဲ ဆွဲဖွင့်ကြည့်၏။ ထောင်းကနဲ အငွေ့တွေ ထွက်လာသည်။

"ဟာ. . . မလုပ်နဲ့. . . အန္တရာယ်. . . အန္တရာယ်. . ."

ဦးခင်မောင်ထွန်း၏ အလန့်တကြား အော်သံကလည်းထွက်လာ၊ ရေမွှေးလို ရှူ၍မကောင်းလှသော အငွေ့တွေကလည်းထွက်လာ ဖြစ်နေသဖြင့် ဆရာဦးခန့်ချောသည် အဖုံးကို ပြန်ဆို့လိုက်၏။ ထို့နောက် စားပွဲပေါ်သို့ လာပြန်ထား



ရင်းက ဦးခင်မောင်ထွန်းကို မေးလိုက်သည်။

"မင်္ဂလာဆောင်ကိုလာတာ၊ ဘာဖြစ်လို့ ဓာတ်သာနဲ့ ထုံးရည်တွေစပ်လာတယ်မသိဘူး၊ ခင်ဗျား ရှူဆေးက ဆိုးရွားလှချည်ကလား"

"ခင်ဗျားကလည်း တယ်လက်မြန် ခြေမြန်နိုင်တာကိုး"

ဘိသိတ်ဆရာကြီးသည် ထွက်သွားလေ၏။ သိန်းစောက ဦးခင်မောင်ထွန်းကိုကြည့်၍ မေးသည်။

"ဘကြီးက ဒါကို ဘာဖြစ်လို့ ဆောင်ထားရတာလဲ"

"ဆေးနည်း မသိတော့ဘူးကွ၊ ဒါလေးပဲ ရလိုက်တယ်၊ ဒါကြောင့် သွားလေရာယူသွားရတာ"

"ဘာများအသုံးဝင်လို့လဲ ဘကြီးရာ"

"မင်း မသိပါဘူး၊ ငနီကို ရှူနိုင်းရမယ်၊ ခါးကုန်းရုံနဲ့ ဧည့်သည်တွေက မကြောက်ဘူးကွ၊ အရိုးပဒေသာကိုမြင်မှ ငယ်သံပါကုန်ကြမယ်"

ထိုအခိုက်တွင် လူပျိုရံများနှင့် သင်းသင်းလှိုင်တို့ ရောက်လာကြသည်။

"ကိုစော. . . အချိန်နီးပြီ၊ အသင့်ပြင်ရအောင်"

ကိုတင်မွှေးက ဦးခင်မောင်ထွန်းကို ဧည့်သည်များ ထိုင်ရာသို့ ပို့ပေးသည်။

"မင်္ဂလာဧည့်ခန်းဆောင်သို့ သတို့သားနှင့် သတို့သမီး ဝင်ရောက်ချိန်တန်ပါပြီခင်ဗျား"

ဘိသိတ်ဆရာကြီး၏ အောင်မြင်သောအသံအဆုံးတွင် ငြိမ့်ညောင်းသာယာသော တေးသံနှင့်အတူ သတို့သား သတို့သမီးတို့သည် မင်္ဂလာခန်းမဆောင်တွင်းသို့ ဝင်လာကြလေ၏။ ဧည့်သည်တို့သည် တိတ်ဆိတ်သွားကာ မင်္ဂလာမောင်နှံကို တိရိစ္ဆာန်ရုံသို့ အသစ်ရောက်လာသော သတ္တဝါများသဖွယ် ဝိုင်း၍ပြူးကြည့်ကြကုန်၏။

မကြာမီပင် ဆရာဦးခန့်ချော၏ အောင်မြင်သောအသံကြီးသည် ဂီတသံတစ်ဝက်၊ ဘုရားရှိခိုးသံတစ်ဝက်နှင့် ပေါ်လာလေတော့သည်။

"အောင်ခြင်းမင်္ဂလာ. . . အောင်သကင်းပြာ၍၊ အောင်ရာဖုံဖုံ၊ သာဓုစုံသည့်၊ ဒဂုံမြို့ဝယ်. . ."

ပရိသတ်သည် ကြည့်စရာမရှိ၍ ဘိသိတ်ဆရာကြီးကိုသာ ငေးကြည့်ကြရသည်။ ပရိသတ်ထဲမှ အဒေါ်ကြီးတစ်ယောက်သည် "ဟယ်. . ပလုပ်တုတ်" တု

လွှတ်ကနဲ အော်မိ၏။ အတော်များများကမူ ပြုံး၍ကြည့်ကြကုန်သည်။

ဦးခန့်ချောတွင် ဆေးငွေ့တန်ခိုး ပြလေတော့၏။

ခေါင်းပေါင်းကြီးသည် ရုတ်တရက်ချောင်၍ မျက်စိတစ်ဝက် လာဖုံး၏။ ခါးပတ်ဖြင့် ဝတ်ထားပါလျက်နှင့် တောင်ရှည်ပုဆိုးကြီးသည် ပုံ၍လျှောကျလာရာ ဦးခန့်ချောသည် လက်ထဲက ရတုစာရွက်ကို ပစ်ချ၍ ခါးမှဖမ်းပွေ့ရသည်။ ခါးပတ်ကို တင်းတင်းဆွဲပတ်၏။ အပေါက်ကုန်နေသဖြင့် အစကို လိမ်၍ထိုးသွင်းရသည်။ အင်္ကျီတို့မှာလည်း ချိတ်ဖြင့် ချိတ်ထားသလို ပျော့ဖတ်ဖတ်နှင့် တွဲရရွဲကျနေ၏။

ဧည့်ပရိသတ်ထဲက လူတစ်ယောက်သည် သူ့မျက်မှန်ကို သူ့လက်ဖြင့်မကပ်၍ မျက်စိနှင့်နီးအောင်ကြည့်သည်။ နှုတ်မှလည်း "ဒီဆရာကြီး ဘယ်တုန်းက မျက်မှန်အနက်ကြီး ကောက်တပ်လိုက်တယ် မသိပါဘူး" ဟု ဝေခွဲမရ ပြောကြားလိုက်၏။

ဘေးနားကုစားပွဲမှ မိန်းမတစ်ဦးကလည်း သူ့ယောက်ျားကို လက်တို့၍ ပြောသည်။

"မြင့်တို့က နည်းနည်းဝေးလို့ သဲသဲကွဲကွဲ မမြင်ရဘူး၊ ဆရာကြီး ကြည့်ရတာ မတရားနင်းကန် ရယ်နေသလိုပဲ ထင်ရတယ် မောင်ရဲ့"

သူ့ယောက်ျားကလည်း ဤသို့ထင်သဖြင့် ပို၍မြင်ရအောင် ထ,၍ကြည့်လိုက်ရာ၊ ခါးရိုးနှင့် စားပွဲစွန်းတို့ ဒေါက်ကနဲမြည်အောင် တိုက်မိသည်တွင် "အား. . . နာလိုက်တာကွာ" ဟု အော်မြည်ကာ ပြန်ထိုင်ကျသွား၏။

စားပွဲတစ်ခုမှ ကလေးငယ်တစ်ဦးကလည်း အလန့်တကြား အော်ပြောသည်။

"ဟာ ဟိုဘဘကြီးရဲ့ခါးက ဘယ်ရောက်သွားသလဲမသိဘူး၊ ပုဆိုးကြီးကို ရှုံ့နေတာပဲ"

သူ့အစ်ကိုက "ဟ. . . ပုဆိုးအောက်နား ခါးကို အသာထားပါဦး၊ မြင်သာထင်သာ နားရွက်တွေကိုတောင် ငါ ရှာလို့မရဘူးကွ" ဟု သူသတိပြုမိရာ ပြောသည်။

"နားရွက်ကို ခေါင်းပေါင်းက အုပ်နေတာ ဖြစ်မှာပေါ့၊ နှာခေါင်းပေါက်ကိုလည်းကြည့်ပါဦး၊ သူများလို နှစ်ပေါက်မဟုတ်ဘဲ တစ်ပေါက်တည်း ကိုကိုရဲ့ ပြီးတော့ အပေါက်ကြီးက အပြတ်ကျယ်တာပဲနော်"



စင်မြင့်နှင့်နီးရာ လူတွေကတော့ နောက်ဆုတ် နောက်ဆုတ်နှင့် မသိမသာ ဝေးအောင် ခွာလာကြသည်။

ထိုခဏတွင် ဆရာဦးခန့်ချောသည် အသားအရည်နှင့် စိုစိုပြည်ပြည် မြန်မြန်ဖြစ်လာရာ "အင်း. . . အင်း" နှင့် မြစ်၍ ခါးပတ်ကြီးကို ပြန်ဖြေရသည်။ ပရိသတ်ထဲမှ အဒေါ်ကြီးတစ်ယောက်က စိတ်မရှည်သလိုပြော၏။

"ဟောတော့. . . ငါ့မျက်စိတွေ စောစောက ဘယ့်နှယ်ဖြစ်သွားတယ် မသိဘူး၊ ဘိသိတ်ဆရာကြီး ပိန်သွားသလို မြင်ရတာ ခုမှပြန်ကောင်းတော့တယ်၊ ဒါပေမဲ့ ဆရာကြီးက ခါးနားမှာ လက်တွေရစ်ဝဲပြီး ယိုးဒယားက ကနေရတယ် မသိပါဘူး"

ပရိသတ်များလည်း ပြန်ငြိမ်သွား၏၊ ဘိသိတ်ရုတ်ကိုလည်း ချောမောစွာ ဖတ်နိုင်လေပြီတည်း။

သက်မာထွေးသည် ခပ်တိုးတိုးပြောသည်။

"ကိုစော. . . ဆရာဦးခန့်ချောလည်း တိုစောလိုပဲနော်၊ ဒါပေမဲ့ သူက မကြာဘူး"

"မောင် စပ်မိတဲ့ဆေးကို နည်းမှတ်မထားမိဘဲ၊ ဘကြီးက မတော်တဆ သွားစပ်မိတာမို့ ဖော်နည်းကား မတွေ့ဘူး ဖြစ်သွားတယ်လေ၊ ဒါကြောင့်လည်း ဆရာကြီး ဦးခန့်ချောဟာ ခဏြော ကြာကြာမိမသွားတာပေါ့၊ ဒါထက် ခုနေများ မောင် အရိုးပဒေသာ ဖြစ်သွားရင် အသက်ဟာ အလောင်းဖော်တဲ့သူတွေဖြစ် အဖမ်းခံရမှာ သေချာတယ်"

"သွား. . ."

သက်မာထွေးသည် သူ့နားနီးသော သိန်းစော၏ လက်ဖမိုးလေးကို ငွေဖလားကြီးကွယ်၍ ဆိတ်ထည့်လိုက်လေတော့သည်။

(**Thorne Smith** ရေးသော **Skin And Bones** ဝတ္ထုကို ဖတ်မိသောကြောင့် ဤဝတ္ထုကလေး ဖြစ်လာရသည်ကို ဝန်ခံပါသည်။)

သွေးသောက်၊ (၁၉၇၉) ခု
ဒီဇင်ဘာလ၊ အမှတ် (၄၀၈)။

□ □ □

# စိတ်စာအမှားပြင်ဆင်ချက်

## (၁)

မောင်မောင်စိန် ဟူသော အမည်နှင့် စန်းတင့် ဟူသော အမည်များမှာ ဝေးလွန်းလှပါချေသည်။ သို့စင်လျက် အဘယ်ကြောင့် မှားယွင်းရပါသနည်း။

ဝတ္ထုကို တစ်ဝက်တစ်ပျက်ကြီးက စ,မိချေပြီ။ အစ၏နိဒါန်းကို ဖော်ပြရမည်ဆိုလျှင် မောင်မောင်စိန်သည် အထက်တန်းစာရေးတစ်ဦးဖြစ်ပြီး (၅၁) လမ်းတွင် သုံးလေးရက်ကမှ ပြောင်းရွှေ့လာသူဖြစ်၏။ ထိုအိမ်ခန်းမှာ အပေါ်ထပ်ဖြစ်၍ အခန်းရှင်သည် သူနှင့်ဘာမျှမတော်ပါ။ သူငယ်ချင်းတစ်ယောက်နှင့် ဆက်သွယ်၍ ရောက်လာခြင်းဖြစ်သည်။ သူနေစရာအိမ်ရှာနေစဉ်ဝယ် သူ့သူငယ်ချင်း ထမင်းလခပေးစားသော ထမင်းဆိုင်ရှင် ဦးစိုးသိန်း၊ ဒေါ်မြခင်တို့နှင့် ဆက်သွယ်မိပြီး ဦးစိုးသိန်းတို့က ထမင်းလခသာယူ၍ အိမ်တွင်အလကားနေစေခြင်းဖြစ်၏။ ဦးစိုးသိန်းတို့မှာ နံနက်က မိုးချုပ် ထမင်းဆိုင်ထွက်နေကြပြီး ညမှပြန်လာတတ်ကြရာ၊ ရုံးပိတ်သောနေ့၏ နေ့လည်ဘက်များတွင် မောင်မောင်စိန်မှာ တစ်ယောက်တည်းဖြစ်နေတတ်ပေသည်။ အိမ်ရှင်တွင် သော့တစ်ချောင်း၊ သူ့တွင် သော့တစ်ချောင်းရှိသဖြင့် ရုံးသွားလျှင်သော်လည်းကောင်း၊ ရုံးပိတ်၍ လျှောက်လည်လိုလျှင်သော်လည်းကောင်း၊ သော့ခတ်၍ လည်ပတ်နိုင်လေသည်။



ယနေ့ ရုံးကပြန်လာပြီး တံခါးဖွင့်လိုက်ရာ ကြမ်းပေါ်တွင် စာအိတ်တစ်အိတ်တွေ့၍ ကောက်ယူကြည့်လိုက်သည်။ စာအိတ်မှာ တံခါးရွက်ရှိ ဆထည့်ပေါက်မှ စာပို့လုလင်ထည့်သွားသော စာအိတ်ဖြစ်၏။ စာအိတ်ပေါ်တွင် အိမ်နံပါတ်နှင့် လမ်းနံပါတ်များ မှန်ကန်သော်လည်း နာမည်လွဲနေပါသည်။ အိမ်ရှင်များတွင် တူ၊ သားများမရှိကြောင်း သိရပြီးဖြစ်၍ သူတို့အတွက်စာ မဖြစ်နိုင်ပါချေ။

ခေါက်ကုထင်ပေါ် တင်ပလ္လင်ထိုင်လိုက်ပြီး စာအိတ်ကို ဖွင့်ဖတ်လိုက်ရာ ခေါင်းနပန်းများပင် ကြီးသွား၏။ စန်းကဝေတချွေအကြောင်း ရေးထားသောစာကား မဟုတ်ပါချေ။

"မောင်. . . . တဲ့၊ အမယ်လေးဗျ"

ဆက်ဖတ်သည်။

မောင်. . .

အေးနဲ့မောင် ကြိုက်နေကြတာ လူကြီးတွေသိသွားပြီ၊ အေးတော့ ဘယ်နည်းနဲ့မှ မနေနိုင်တော့ဘူး၊ ဒါကြောင့် မောင့်ဆီဆင်းလာခဲ့တော့မယ်၊ (၁၄) ရက်နေ့ရထားနဲ့ လိုက်ခဲ့မယ်၊ အေးမသွားတတ် မလာတတ်ဘူးနော်၊ မောင်ဘူတာရုံမှာ ဆက်ဆက်လာကြိုပါ၊ မောင်ကြိုက်ပါတယ်ဆိုတဲ့ အပြာရောင်တွေ ဆင်ခဲ့နော်၊ အပြာရောင်လုံချည်၊ အပြာနုရောင် အပေါ်ဖုံးအကျီတွေ ဝတ်ခဲ့နော်၊ စာတော့ ရှည်ရှည်မရေးတော့ဘူး၊ မောင်နဲ့တွေ့မှ စကားကို နွားငြိုးအောင်ပြောမယ်။

ကြမ္မာယောက်ျား၊ အာဏာသားက၊ ခါးကိုပိုက်လျှတ်၊ လိုက်လံချက်ကြောင့်။ ။ အိပ်စက်ရင်းက နိုးရပြီ။

မောင့်အသက်၊

အေးအေး

ပွင့်ပြန်ပဟ မီးတစ်ပွင့်။

မောင်မောင်စိန်မှာ ငိုင်၍သာ တွေးနေမိချေသည်။

"ငါ့အသက်. . . အေးအေး မဟုတ်နိုင်ပါဘူး၊ ငါ့အသက်ဟာ ငါ့ရင်ထဲမှာ ရှိမှာပါ၊ သူသေတာနဲ့ ငါအလိုလိုအသက်ထွက်ရမယ့် အပေါက်ပါလားမေ့ အပြာရောင်၊ ဟယ်. . . ဒီအရောင်ဟာ ငါအမုန်းဆုံးအရောင်ပါ၊ ဘယ့်နှယ် ငါ့အကြိုက်ဆုံး ဖြစ်ရမှာလဲ၊ ဟယ်. . . ငါ့နာမည် မောင်မောင်စိန်ကတောင် စန်း

တင့်ဖြစ်ရသေးတာ အကုန်လွဲကုန်ရောပေါ့"

တွေးလတ်စကို ရပ်လိုသည့်ဟန်ဖြင့် မောင်မောင်စိန်သည် တအိတ်တို နီးရာစားပွဲပေါ် ပစ်တင်လိုက်ရာ၊ တအိတ်ပြာလေးမှာလျှော၍ ကြမ်းပေါ်သို့ လွင့်စင်ကျသွား၏။ ဤတွင် မောင်မောင်စိန်၏ဦးနှောက်ထဲသို့ ဤစာကိုစွမှာ ရှုဒေါင့်တစ်မျိုးမှ ဝင်လာ၏။

"ကောင်မကလေးက မသွားတတ် မလာတတ်ဘူးတဲ့၊ ဘူတာရုံမှာ တခဲလည်လည် ဖြစ်နေတော့မှာပဲ၊ တော်တော်ကြာ လူမသမာတွေလက်ထဲရောက်သွားရင်၊ ဟာ. . . ဒုက္ခပါပဲ၊ မဖြစ်ဘူး လူတော့မှားတာပဲ၊ ဒါပေမဲ့ ငါ သွားကြိုရမယ် လူချင်းတွေ့မှ ရှင်းရမှာပဲလေ"

မောင်မောင်စိန်သည် တအိတ်ကို လျှင်မြန်စွာ ပြန်ကောက်လိုက်ပြီး တအိတ်ခေါင်းပေါ်တွင် ရိုက်ထားသော တတိုက်တံဆိပ်ကို ကြည့်လိုက်၏။ မွေလေးမြို့က ဖြစ်သည်။ (၁၄) ရက်နေ့ဆိုတော့ နက်ဖြန်ကာဖြစ်သည်။ ဘူတာရုံကြီးသို့ဆင်း၍ မသိသောသူက မမြင်ဘူးသူကို ကြိုဆိုရပေတော့မည် ဖြစ်သတည်း။

သူမှာ မရှိ၍ သူငယ်ချင်းများဆီမှ ငှားဝတ်လာရသော အပြာနုရောင် အပေါ်ဖုံးအကျီ ကြည်ပြာရောင် ဘန်ကောက်နှင့် မောင်မောင်စိန်မှာ ဘူတာရုံကြီးဝယ် ဂနာမငြိမ်ဘဲ ပလက်ဖောင်းပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေတော့သည်။ သူ မကြိုက်သောအရောင်များ ဝတ်ဆင်လာရခြင်းမှာ အကြောင်းရှိ၏။ အေးအေးကို သူ မသိဘဲ ရှာရမည်။ ဤအဝတ်အစားများကို မြင်လျှင် အေးအေးက သတိတော့မှုမိမည်။ နောက်ဆုံး သူ့ရည်းစားကို သူ မတွေ့သည့်တိုင် သူ့ကိုမူ ခဏခဏ ကြည့်ရမည်ဟု တွက်ထား၏။ ဤအချိန်တွင် သူက ရှင်းပြရတော့မည်။ အေးအေး၏စာသည် စန်းတင့်ထံ မရောက်သဖြင့် စန်းတင့်တော့ လာမည်မဟုတ်ချေ။ သူက ကြားကဝင်၍ စန်းတင့်တို့၏အိမ်သို့ မေးမြန်း ပို့ရချေမည်။ အမျိုးသမီးလေးတစ်ဦး အကြောင်းမဲ့ ဒုက္ခရောက်သည်ကို သူ မကြားလို။

ရထားကား မဆိုက်သေး၊ မောင်မောင်စိန်သည် ပိုက်ဆံမပေးရတိုင်း ရေရေလည်လည် စိတ်ကူးနေ၏။ မန္တလေးသူဆိုလျှင် ခြေကျင်းကြီးပါလိမ့်မည် သို့ဖြစ်သော်. . . . သူ လက်ဦးရှာရမည်ကား ခြေကျင်း. . . ခြေကျင်း. . .၊

ရထားသည် သုန်မှုန်စွာ ဝင်လာလေသည်။ ရထားရပ်လိုက်သည်နှင့် တစ်ပြိုင်နက် အသင့်ဖြစ်နေသောလူများ ဆင်းလာကြ၏။ မောင်မောင်စိန်၏



မျက်စိများသည် ခြေထောက်တစ်စုံမှ တစ်စုံသို့ လျှင်မြန်ဖျတ်လတ်စွာ ရှာဖွေကြည့်ရှုလျက်ရှိသည်။ ကံဆိုးချင်၍လားမသိ ခြေတစ်ဖက်ပြတ်နေသူ တစ်ယောက်မျှမပါသောကြောင့် ပင်ပန်းလှချေသည်။

ဟော. . . မိန်းကလေး၏ ခြေထောက်တစ်စုံသည် ရထားပေါ်မှဆင်းလာပြီး ပလက်ဖောင်းပေါ်ဝယ် ရပ်မိ၏။ တိုတိုကလေးဝတ်ထားသော ထဘီစအောက်ရှိ ခြေသလုံးဖြူဖြူကလေး၏ အဆုံးနားတွင် ဝါဝင်းသော ရွှေတုံးရွှေခဲ ရွှေခြေကျင်းကြီးသည် မောင်မောင်စိန်ကို ကြာရှည်မျက်စ,မပစ်ရချေ။

ရုတ်ရုတ်,ရက်ရက်ဖြစ်နေသော လူတွေကြားမှ မောင်မောင်စိန်သည် ရွှေခြေကျင်းကြီးကို မျက်ခြေမပြတ်ကြည့်ရင်း တိုးဝှေ့သွား၏။ အနားရောက်သည်တွင် ခြေထောက်ကြည့်ခြင်းအားဖြင့် မိန်းကလေးသည် သူ့ကိုဘေးတိုက်ရပ်နေသည်ကို သိနိုင်ရကား၊ သူကပင်စတင်၍ စကားစရန် လက်တစ်ဖက်ကို ခပ်ကြွကြွမြှောက်၍ မော့ကြည့်လိုက်သည်။

မိန်ကလေးမှာ သူ့ကိုလုံးဝကြည့်မနေသော်လည်း မိန်းကလေး၏ဘေးမှ ရပ်နေသော နှုတ်ခမ်းမွေးနှင့် အဘိုးကြီးသည် ရှေ့သို့တစ်လှမ်းတိုးပြီး မောင်မောင်စိန်ကို စေ့စေ့ကြည့်လိုက်ကာ. . .

"ဟော့. . . မောင်ရင် ဘာလဲ. . . ဘာလဲ"

ဟု မေးလိုက်၏။

"ခင်ဗျာ. . . ကျွန်တော်က သူ့ကို စကားပြောမလို့ပါ၊ ဦးနဲ့ မဆိုင်ဘူးထင်ပါတယ်"

"ဘာကွ. . . ဒါ-ငါ့သမီး၊ ငါ့သမီးနဲ့ ငါနဲ့ မဆိုင်ဘဲ မင်းက ပိုဆိုင်ရအောင် မင်းက ရှိုးရာနတ်လားကွ"

မှားခြင်းကြီးမက မှားချေပြီ။ အိမ်ကပြေးလာသော အေးအေးသည် ဘယ်နည်းနဲ့မှ အဖေကြီးကို ခေါ်လာမည် မဟုတ်ပေ။

"ဩော်. . . မှားလို့ပါခင်ဗျာ၊ ကျွန်တော်လည်း မန္တလေးကလာတဲ့ မိန်းကလေးတစ်ယောက်ကို လာကြိုတာပါ"

"ဟ. . ကိုယ်လာကြိုတဲ့လူကိုရှာရင် မျက်နှာကို ကြည့်ရပါတယ်ကွာ. . ငါ မင်းကို ခပ်လှမ်းလှမ်းကတည်းက မြင်တယ်၊ မင်းက ခြေထောက်တွေချည်းပဲ လျှောက်ကြည့်နေတာပဲ၊ မင်းရှာတဲ့မိန်းကလေးက ငါ့သမီးနဲ့ တူလို့လား"

"ဟာ. . . ချွတ်စွပ်နီးပါးပါခင်ဗျာ"

သူ မမြင်ဘူးသည်ကို ရှာသည်ဟုဆိုလျှင် ဤမျှလှာရှည်သောအဘိုးကြီးကို သူအာပေါက်အောင် ရှင်းပြရချေမည်ဖြစ်၍ ဖြေမိဖြေရာ ဖြေလိုက်ရတော့သည်။

"ဒါဖြင့်လည်း မျက်နှာကိုကြည့်ရင် တော်သေးတယ်၊ မင်းက ဘာဖြစ်လို့ ခြေထောက်တွေ လျှောက်ကြည့်နေတာလဲ"

"ဩော်. . . ဒါက ဒီလိုပါ၊ ဒီရထားမှာ ခရီးသည် ဘယ်နှစ်ယောက်ပါလာသလဲ သိချင်လို့ပါ"

"ဘယ့်နှယ်ကွ"

"ဦးက နားမရှင်းဘူးလား. . . ဒီလိုပါ၊ ခြေထောက်တွေပေါင်းပြီး နှစ်နဲ့စားလိုက်ရင် လူဦးရေ ရတာပေါ့"

"ဟာ. . . မင်းနည်းက ရှည်ပါတယ်ကွာ၊ တိုတိုတွက်ကွ၊ အဲဒီခြေထောက်တွေပေါင်း နှစ်နဲ့မြှောက်ပြီး လေးနဲ့စားလိုက်ရင် ပြီးတာပေါ့ကွ၊ ဟား. . . ဟား. . . ဟား. . . ဟား. . ."

အဘိုးကြီးသည် သူ့ပြက်လုံးကိုသူ သဘောကျနေလေသည်။ မောင်မောင်စိန်ကမူ စိတ်ရှုပ်ရှုပ်နှင့် ရယ်ချင်ယောင်ဆောင်ရသဖြင့် ပြုံးမဲ့မဲ့ မျက်ခွက်ကြီးကို ဆောင်ထားရတော့သည်။

"မောင်. . . အေး ဒီမှာလေ"

သာယာချိုအေးလှသော အသံလေးနှင့်အတူ တစ်စုံတစ်ယောက်သည် သူ့လက်မောင်းကို ပူနွေးသော လက်ဝါးလေးနှင့် ကိုင်လိုက်သဖြင့် မောင်မောင်စိန်သည် လှည့်ကြည့်လိုက်ရာ အသက် (၁၈) နှစ်ခန့် ညိုစိမ့်စိမ့်နှင့် ကုလားဆင်လေး တုတ်တုတ်ခဲကို တွေ့လိုက်ရတော့သည်။ ခြေကျင်း မပါပါ။ ရန်ကုန်သူကဲ့သို့ပင် ဝတ်ဆင်ထားပါသည်။

မောင်မောင်စိန်မှာ ချောမောလှပသော မိန်းမပျို၏ရုပ်ရည်ကြောင့် စကားပင် မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားကြီး ဖြစ်နေရှာ၏။ ယခင်က မိန်းကလေးကိုတွေ့လျှင် အဖြစ်မှန် ရှင်းပြမည်ဟူသော အကြံအစည်သည် 'စရာမေတီ' တောင်ဖျားက နှင်းဖြူများ နေနှင့်တွေ့လိုက်ရသည့်အလား ပျော်ဆင်းကုန်ကြတော့သည်။ တစ်အချက်မှာ လှပသော မိန်းမပျို၏ ရုပ်ရည်ကျော့ကွင်းဝယ် ကော့ဆင်းမိခြင်းဖြစ်၍ နှစ်အချက်မှာ မိန်းကလေးသည် နာမည်တွင်မက လူကိုပါ မှားနေခြင်းဖြစ်၏။



မောင်မောင်စိန် စကားမပြောနိုင်သေးသော်လည်း နှုတ်ခမ်းမွှေးကြီးတားပြောနိုင်ပါသည်။

"ဟော့ မောင်ရင် ချွတ်စွပ်နီးပါးဆို ဘယ်မလဲကွ"

"ဟာ. . . ဟိုဟာ. . . သူလည်း လက်နှစ်ဘက်၊ ခြေနှစ်ဘက်၊ မျက်ခုံး မျက်လုံးတစ်စုံစီ၊ နှဖူးတစ်ခု၊ ခေါင်းတစ်လုံး၊ ဦးရဲ့သမီးမှာလည်း. . ."

"ဟယ်. . မင်း ဒီလိုဆို ဟိုကုလားမကြီးနဲ့တော့ ဘာလို့မမှားသလဲကွ"

မောင်မောင်စိန်သည် ဘာမျှမပြောနိုင်တော့ဘဲ၊ ငေးကြောင်ကြောင်ဖြစ်သွားစဉ် အေးအေးက "ကဲ၊ လာပါ သွားကြစို့"ဟုဆိုလိုက်ရာ၊ အလယ်လယ်ဘဝတစ်ကွေ့ဝယ် ယောင်ကန်းကန်း ဖြစ်နေရှာသော မောင်မောင်စိန်မှာ မျက်စိရှေ့တွင်တွေ့ရသော သားရေသေတ္တာကြီးနှင့် အိပ်ရာလိပ်ကို တစ်ဖက်စီကောက်ဆွဲလိုက်ရာ နှုတ်ခမ်းမွှေးကြီးမှာ မီးခဲကို ဖင်ကြားညှပ်မိသကဲ့သို့ ဖြစ်သွားလေ၏။

"ဟော့. . . ဟော့. . . ဒါတွေပစ္စည်းပါကွ၊ အင်းလေ ဒီသားရေသေတ္တာက အဖုံးတစ်ခု၊ အမတစ်ခု၊ လက်ကိုင်တစ်၊ သော့ပေါက်နှစ်ဆိုတော့ မှားပြန်ပြီထင်တယ်"

မောင်မောင်စိန်မှာ အဘိုးကြီးက 'ဟော့' ဆိုကတည်းက ပြန်ချပြီးဖြစ်၍ အေးအေးကိုဆွဲကာ ဘူတာရုံရှေ့ဆီ ခပ်သုတ်သုတ်ထွက်ခဲ့၏။ အဘိုးကြီးနှင့် အမြန်ဆုံးဝေးစေရန် ကြံစည်ခြင်းဖြစ်သော်လည်း အဘိုးကြီး၏ နောက်ဆုံးဝေဖန်ချက်ကိုကား ကြားလိုက်ရသေး၏။

"ဒီကောင် ပညာတတ်အရူးနဲ့တူတယ်"

ဘူတာရုံရှေ့ရောက်သည်တွင် အေးအေးက "မောင်ကလည်း အိမ်ကထွက်ပြေးလာတယ်ဆိုမှ သေတ္တာတွေဘာတွေ ပါမှာလားလို့ မနေ့ညနေကတည်းက အိမ်ကပြေးပြီး သူငယ်ချင်းတစ်ယောက်ဆီမှာ ညအိပ်၊ ဒီနေ့မှ လိုက်လာခဲ့တာ"

မောင်မောင်စိန်မှာ သုံးဘီးကားပေါ်တွင်ပင် တွေးတောလာမိ၏။ သူ့စိတ်ဝယ် အမှန်ကိုလည်း ဖွင့်ပြောချင်သည်။ လှပသောမိန်းကလေးနှင့်လည်း မခွဲလို။ သူ့ကို ဘယ်လိုကြောင့် လူမှားသည်လည်း သိချင်သည်။ မေးပြန်ကလည်း လူမှားမှန်းသိသွားမည်ကို စိုးရိမ်မိချေ၏။

"မောင်၊ မောင့်ကဗျာလေးတွေကို ဖတ်သာဖတ်ရတယ်၊ ကိုယ်တိုင်ရွတ်ပြတာ မကြားရသေးဘူး၊ တစ်ပုဒ်လောက် ချက်ခြင်းစပ်ပြီး ရွတ်ပြစမ်းပါ"

သေရောဟဲ့။ မောင်မောင်စိန်မှာ ခေါင်းနပန်းကြီးသွားရှာသည်။ သူတား

ကဗျာဆရာမဟုတ်။ တိုင်းရင်းမေမေ၊ ဘားမား ဆယ်ပြား စသော စာစောင်များတွင် သူများရေးထားသည်များကိုသာ ဖတ်ဖူး၏။ သူကား တစ်ခါမျှ ပုံနှိပ်တိုက် မပို့ဘူးချေ။

"ဆိုပါမောင်ရဲ့"

"အဲ. . အဲ. . ငါ၏ဝိညာဉ်၊ ဖိတ်လွှင့်စဉ်သည်၊ မြတ်ရှင်စော ဩကာသ ဩကာသ"

"ဟာ. . . သိပ်ပြီး အတွေးအခေါ် ကောင်းပါလား မောင်ရယ်၊ စကားလုံးလည်းကြွယ်တယ်၊ အဓိပ္ပါယ် သိပ်သည်းပြီး မခုရတာဂုဏ်လည်း မြောက်တယ် နော်"

မောင်မောင်စိန်သည် မိန်းကလေးကို ဖျတ်ကနဲ မော့ကြည့်လိုက်၏။ ကလေးမသည် စေတနာရုံးနှင့် ချီးကျူးနေရှာသည်။ ဧကန္တတော့ ဒီကောင်မလေး စာမေးပွဲဝင်ဖို့ မြန်မာစာမှတ်စုတွေ ကျက်ထားတယ်နဲ့တူတယ်ဟုသာ စဉ်းစားမိ တော့သည်။

❒

(၂)

"မောင် ထမင်း ဘယ်လိုစားလဲ"

မောင်မောင်စိန်က နံနက်ဆိုလျှင် ဆိုင်ဝင်စားပြီး ညနေတွင် အဘိုးကြီး အမယ်ကြီးက ဆိုင်အသိမ်းတွင် ချိုင့်နှင့်ထည့်ယူလာကြောင်း ပြောပြရ၏။

မကြာမီပင် ဦးစိုးသိန်းတို့ ပြန်လာကြ၏။

"ဟင်. . . ဧည့်သည် ရောက်နေလား"

"ဟုတ်ကဲ့. . . မန္တလေးက ကျွန်တော့်မိတ်ဆွေ"

"ဘာမိတ်ဆွေလဲ. . . ရှင်းရှင်းပြောလိုက်စမ်းပါ မောင်ရဲ့၊ ရည်းစား. . . ဒီညပဲ လက်ထပ်ကြတော့မယ်"

ဒေါ်မြခင်ပင် မျက်လုံးပြူးသွား၏။ သို့သော် ရဲရဲဝံ့ဝံ့ ပြောခြင်းကပင် ကာလရှည်ကြာပြီဖြစ်သော ရည်းစားအဖြစ်ကို ပြနေခြင်းဟု ကောက်ချက်ချလိုက် သည်။



"ထမင်းတော့ တစ်ယောက်စာပဲ ယူလာတယ်"

"ကိစ္စမရှိပါဘူး ဒေါ်ဒေါ်၊ ကျွန်တော် ဥပုသ်စောင့်နေပါတယ်"

"ဟင်. . . မောင် ဥပုသ်ဘယ်နှစ်ရက်စောင့်လဲ"

"သုံးရက်. . . ဒီနေ့က စ,စောင့်တာ"

စင်စစ် မောင်မောင်စိန်က လိမ်နေသည်။ သူသည် မိန်းကလေးကို မက်မော၏။ သူ့အချစ်ကို ခံယူလို၏။ သို့သော်. . . ပုံမှားရိုက်၍ကား မိန်းကလေး ကို မယူရက်ပါ။ သူလိုချင်သည်မှာ ကာမဂုဏ်မဟုတ်၊ အချစ်ကိုသာ လိုလားခြင်း ဖြစ်၍ အချိန်ယူရှောင်ရှားနိုင်ရန် ဥပုသ်စောင့်သည်ဟု ပြောထားခြင်းဖြစ်၏။

ထို့ကြောင့် မိန်းကလေးက သူ့အိပ်ရာပေါ်တွင် အိပ်ရာပြင်သော် သူက အိမ်ရှေ့ခန်းတွင် ဖျာခင်းအိပ်ရာပြင်ရ၏။

"မောင်. . . အေး ခရီးပန်းလာတယ်၊ အိပ်တော့မယ်၊ အိပ်ခါနီး တစ် ပုဒ်လောက်. . ."

"အဲ. . . အဲ. . . ဓာတ်ပုံမှန်ပေါင်၊ ထိုအိမ်မြှောင်ကို မြင်ယောင်ဘိ လည်း ဝိုးသဝါး"

အေးအေးသည် ကျေနပ်သွားဟန်ဖြင့် အိပ်ရာဝင်သွားလေတော့သည်။ မောင်မောင်စိန်ကား တော်တော်နှင့် အိပ်မပျော်ချေ။ သူ့စိတ်ကိုသူ ချင့်ချိန်နေမိ သည်။ တစ်သက်လုံး ရည်းစားတစ်ခါမျှ မထားဘူးခဲ့ခြင်းကြောင့်လည်း ဖြုန်းဆို ရည်းစားတစ်ယောက် ကောက်ရလိုက်သောအခါဝယ် သူ့ရင်ထဲဝယ် ပီတိကလေး မှာ မီးပွင့်ကလေးပမာ တဖျတ်ဖျတ် ဖြစ်ခဲ့ရချေ၏။ သို့သော် အေးအေးကို သူ မပိုင်နိုင်ပါ။

အတော်ကြီးညဉ့်နက်မှ အိပ်ပျော်သွား၏။

"မောင်. . . မိုးလင်းပြီ ထ,တော့လေ၊ ရုံးတက်ရမယ်ဆို"

မောင်မောင်စိန်သည် မျက်စိဖွင့်လိုက်ရာတွင် ဘုတ်တလုတ် ရေတန် ဝယ် ရေချိုးလာသော ကိန္နရီခုနှစ်ဖော်ကို တစ်ယောက်တည်း ပေါင်းထားဘိသည့် အလား လှပနေသော အေးအေးကို တွေ့ရသည်။

"ဒီသတင်းစာမှာ ကြည့်စမ်းပါဦး၊ မေမေတို့က သူတို့ သဘောမတူဘဲ နောက်ကို လိုက်သွားလို့ အမွေပြတ်တယ်. . . တဲ့၊ ဟင်း. . . ဟင်း. . . အေးသာ အမွေကို ချစ်တာမှ မဟုတ်ဘဲ၊ မောင့်ကို ချစ်တာပဲ"

အပျက်အပျက်နှင့် ခက်ချေပြီ။ အချိန်ကား ကြာလေနှောင်းလေ မြန်

လာ၍ မောင်မောင်စိန်မှာ အမှန်ကို ဖွင့်ပြောဖို့အရေးမှာ ပို၍ပို၍ ဝေးလံဝေးလံ လာရချေတော့သည်။

တစ်နေ့လုံး ရုံးတက်ရသည်လည်း စိတ်မဖြောင့်။ အိမ်ပြန်လာချိန် သော် အေးအေး၏ ပီယဝါစာကြောင့် လက်ဦးအမောပြေသွားသော်လည်း စင်စစ် အေးအေးကား သူ့ဖူးစာရှင်မဟုတ်ဟု တွေးမိသောအခါ ဆို့နင့်သောဝေဒနာတို့ ခံစားရပြန်တော့သည်။

ဤတစ်ညလည်း 'ဥပုသ်နှင့်'မို့ အေးအေးကို ရေထိမ်နစ်ခြင်းမှ ကာ ကွယ်နိုင်ပြန်သည်။ သို့သော်- နက်ဖြန်ကာတွင် ရက်စေ့ပြီ။ တစ်မျိုးလိမ်ရချေဦး မည်။ ဦးစိုးဝင်းတို့ကလည်း မောင်မောင်စိန်နှင့် သိကျွမ်းချိန်မကြာသဖြင့် နာမည် ကိုတောင် မသိသေးဘဲ 'မောင်ရင်'ဟု ခေါ်နေ၍လည်း 'အားလုံးကောင်းနေပါ သေးသည်ခင်ဗျား" ဖြစ်နေ၏။

"မောင်. . အေးအေး အိပ်တော့မယ်. . တစ်ပုဒ်လောက်. . ."

"အဲ. . အဲ. . . ဘဝပင်လယ်၊ နက်ရှိုင်းကျယ်သော်၊ ဘလက်ဒီဖူး၊ ငါ အရှုံး"

"မောင့်ကဗျာက ခေတ်မီတယ်နော်၊ ဘာသာခြားဝေါဟာရကိုပါ သယ် ဆောင်ထားတယ်၊ ကဲ. . . အေး အိပ်တော့မယ်"

မောင်မောင်စိန်၏သက်ပြင်းမှာ မိုက်ကရိုဖုန်းနားမှာသာဆိုလျှင် ဆယ် လံကွာက ကြားနိုင်သည်။ ထို့ထက် အသံလွှင့်ရုံက မိုက်ကရိုဖုန်းနားဆိုလျှင် မြန် မာတစ်ပြည်လုံး ကြားလောက်ပါပေ၏။

□

(၃)

ဆယ့်ခြောက်ရက်နေ့ နံနက်ခင်းသည် ဒေါကြီးလှတော့၏။

မောင်မောင်စိန်သည် ဆောင့်၍ဆောင့်၍နင်းသော ခြေသံကြောင့် အိပ် ရာမှ လန့်နိုးလာသည်။ ခြေသံကို ဆက်စပ်တွေးတောကြည့်မိသည်။ ဦးစိုးသိန်းတို့ လင်မယားမှာ ဤအချိန်တွင် ဆိုင်ထွက်သွားလောက်ပြီ၊ သူလည်း အိပ်ရာက မထရသေး။ ဤသို့ဖြစ်လျှင် ခြေသံပိုင်ရှင်မှာ အေးအေးကလွဲလျှင် မည်သူများ

ဖြစ်နိုင်ပါသေးသနည်း။

သို့သော် အေးအေးသည် မနေ့က ငွေဆည်းလည်းသံနှင့် လာနိုးသည့် ယနေ့တွင် အဘယ်ပညာသည်၏ ဖူးဝင်လာ၍ ကြမ်းကိုဖနောင့်နှင့် ပေါက်နိုးလေ သနည်း။

လိမ်ညာထားရသူ၏ ယိပ်ပြာသည် မည်သည့်အခါမျှ မသန့်ချေ။ မောင် မောင်စိန်သည် ကဗျာကသီလူးလဲထ၍ ခြင်ထောင်လေးဖြုတ်၊ အိပ်ရာလေးသိမ်း ကာ၊ မျက်နှာသစ်ရန် နောက်ဖေးသို့ထွက်လာရာ အေးအေးမှာ သုန်မှုန်လှသော မျက်နှာဖြင့် နောက်ဖေးမှ အိမ်ရှေ့သို့ထွက်လာ၏။ လမ်းတွင် သူ့ကိုမကြည့်ဘဲ ရှေ့တည့်တည့်သို့သာ ဝင်းဝင်းတောက်သော မျက်စိများဖြင့်ကြည့်ပြီး ဘေးချင်း တိုက်လုမတတ် တိုး၍ထွက်သွားသည်။

မောင်မောင်စိန်သည် ရင်ထဲမှ တထိတ်ထိတ်ဖြင့် မျက်နှာသစ်ပြီး ပြန် ထွက်လာရာ အိမ်ရှေ့အရောက်တွင် စားပွဲနားရပ်နေသော အေးအေးက သူ့ကို စာမျက်နှာတစ်ရှက်တွင် လှန်၍ခေါက်ထားသော သတင်းစာကို ကြမ်းပေါ် ပစ်ချ ပေးလိုက်ပြီး ပြတင်းပေါက်နားသွား၍ ခါးထောက်ရပ်ကာ လမ်းမဆီသို့ မျက်နှာမူ နေသည်။

မောင်မောင်စိန်သည် သူ့ကို ကျောခိုင်းနေသော အေးအေးကိုတစ်လှည့် သူ့ကို မျက်နှာမူနေသော သတင်းစာကိုတစ်လှည့် ကြည့်နေပြီးမှ၊ သတင်းစာကို ကောက်ယူကြည့်လိုက်ရာ တစ်နေရာတွင်. . .

**ချစ်လှစွာသော အေးအေး. . .**

အားလုံးကို ခွင့်လွှတ်သည်။ မောင့်ကို ချစ်သေးရင် မောင့်ဆီကို ကုဋေ တစ်သန်း ခြေကြွလှမ်း၍ အပန်းပြေစေပါဦးလော့။

အောက်တွင် **စန်းတင့်** ဟု နာမည်ရေးထိုးထား၍ လိပ်စာပါ ဖော်ပြထား သည်။

မောင်မောင်စိန်မှာ ခေါင်းငိုက်စိုက်ကျသွား၍ အတွင်းခန်းသို့ ရည်ရွယ် ချက် မရှိဘဲ ဝင်သွားမည်ပြုစဉ် "ဒီမှာ. . . လာခဲ့ပါဦး" ဟု ငေါက်ဆတ်ဆတ် ခေါ်လိုက်သော အေးအေး၏အသံကို ကြားလိုက်ရသောအခါ မိုးကြိုးပစ်ခံလိုက်ရ သူပမာ အေးအေးနားသို့ ခပ်သုတ်သုတ်သွားပြီး နီးရာကုလားထိုင်တွင် ထိုင်ချ လိုက်မိတော့သည်။

အေးအေး၏အသံမှာ ကျယ်သွား၍လည်းကောင်း၊ နောက်သို့မလှည့်ဘဲ

ခေါ်သည်ဖြစ်၍လည်းကောင်း၊ လမ်းပေါ်က ပေါင်မုန့်ကုလားသည် အပေါ်သို့ တစ်ချက်မော့ကြည့်ပြီး လေ့ခါးဆီသို့ ကွေ့ဝင်လာ၏။

"အို. . . နင့်ကို ခေါ်တာမဟုတ်ဘူး"

"ဗျာ. . . ဒီအထပ်မှာ နှစ်ယောက်တည်းရှိတာ"

"တိတ်ပါ, . . ရှင့်ကိုပြောတာ မဟုတ်ဘူး"

"ဗျာ. . . တစ်ယောက်တည်း တယ်လီဖုန်း ပြောနေသလား"

အေးအေးသည် မီးတောက်မတတ်သော မျက်စေ့များဖြင့် မောင်မောင်စိန်ကို လှည့်ကြည့်လိုက်သည်။

"လူလိမ်. . ဂျပိုး. . . တစ်နပ်စားဉာဏ်နဲ့ ပက်ပက်စက်စက် ကြံတာပေါ့လေ. . ."

မောင်မောင်စိန်သည် ခေါင်းငိုက်စိုက် ကျသွားတော့သည်။

"ဒီလိုတော့ မပြောပါနဲ့ဗျာ၊ ခင်ဗျားက လာကြိုဆိုလို့ လာကြိုရတာပါ"

"ရှင့်နာမည် ကိုစန်းတင့်မဟုတ်လည်း အစက မဟုတ်ဘူး ပြောပါလား"

"ခင်ဗျားကလည်း ကိုယ့်ရည်းစား မဟုတ်လည်း မဟုတ်ဘူး ပြောမှပေါ့ဗျ"

"ကိုစန်းတင့်ကို ကျွန်မ မမြင်ဖူးဘူး"

"ဗျာ. . . ဘယ့်နှယ်"

"ကျွန်မတို့က 'ဂီတပူညံ'အသင်းဝင်တွေမို့ စာရေးကြတယ်၊ အဲဒီလို ရေးရင်းက ကြိုက်တာရှင့်"

"အို. . . ဖြစ်ရလေဗျာ၊ ဒါဖြင့်လည်း သူက (၂၁) လမ်းမှာနေတာ၊ ဘာဖြစ်လို့ (၅၁) လမ်းလို့ စာထည့်ရသလဲ၊ အိမ်နံပါတ်ကတော့ တူနေလို့ ထားပါတော့ဗျာ"

"ဒါက ဒီလိုဖြစ်မယ်၊ ကျွန်မက ဂဏန်းတွေ မှတ်လို့မရဘူး၊ ဒါကြောင့် မတ်ထရစ်မှာ သမ္မာချည်းကျကျနေတာ၊ ခါတိုင်းတော့ သေတ္တာထဲက သူ့စာအိတ်ကိုကြည့်ပြီး ရေးတာ၊ ခုတော့ ကတိုက်ကရိုက် သူငယ်ချင်းဆီသွားရင်း ရေးထည့်လိုက်ရတာမို့ မှားတာဖြစ်မယ်"

မောင်မောင်စိန်သည် ကြေကွဲစွာ မော့ကြည့်မိသည်။

"ဒီလိုဆိုလည်း ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"တော်ပါ. . . ရှင့်လို လူလိမ်လူကောက် လူမသမာနဲ့ တစ်သက် မလိုက်ဘူး၊ ကျွန်မမှာ ခြေထောက်ရှိတယ်၊ ကိုယ့်ဖာသာကိုယ်သွားမယ်၊ သုံးဘီးတားတွေ အများကြီး"



အေးအေးသည် ပြောရင်းပြောရင်း ဒေါသထွက်လာပုံရ၏။ မောင်မောင်စိန်နားသို့ ဇတ်ကနဲ ကပ်လာပြီးလျှင် ဆံပင်စ,ဆွဲကာ ကျွန်လက်တစ်ဖက်ဖြင့် ပါးကို ဖြန်းကနဲတစ်ချက် ရိုက်လိုက်တော့သည်။ ပြီးသော်. . . အသင့်ဖြစ်နေသော လွယ်အိတ်ကို ကောက်ယူကာ ဆောင့်အောင့်ဆင်းသွားလေတော့သည်။

□

(၄)

နတ်သမီးနှင့် တွေ့ပြီးမှ နတ်သမီး ကွယ်သွားသဖြင့် ဘုရင်တစ်ပါး နှမ်းဖူး၏။

မောင်မောင်စိန်ကား မရူးသေးသော်လည်း အဓိပ္ပါယ်မဲ့စွာဖြင့် သူ့ရှေ့တားပွဲစွန်းကို စိုက်ကြည့်နေမိသည်။ ဘဝ၏ဆန်းကြယ်မှုကြောင့် မပိုင်ဘဲနှင့် ဝက်မွေးခဲ့ရလေရာ နာရီပေါင်းကြာမြင့်သော် ထိုဝက်ကြီးကို သံယောဇဉ်တွယ်မိချေပြီ။

တစ်သက်လုံးက အစွမ်းအစမရှိ၍ ရည်းစားမထားခဲ့ဘူးရာ ယခု သူများ အစွမ်းအစနှင့် ရည်းစားတစ်ယောက် အချောင်ရပြီးမှ ကိုယ့်အစွမ်းအစဖြင့် ကျန်ရစ်ဖြစ်ရပြန်သည်တွင် ရင်ထဲ၌ တလှပ်လှပ်ဖြစ်နေတော့သည်။

ဖွင့်မပြောရသေးသော ယောကျ်ားတစ်ယောက်၏အချစ်သည် ဆုံးရှုံးမှုကြောင့် မျက်ရည်ကို မဖန်တီးနိုင်သော်လည်း ရင်တွင်းတွင်ကား မချိပါ။ (ဤစာပိုဒ်သည် ဘာသာပြန်မဟုတ်၊ ဤကား စကားချပ်။)

ရုံးလည်းမတက်နိုင်သဖြင့် ခွင့်ယူပြီး အိမ်ရှေ့ဝယ်ဖျာခင်းပြီး မှောက်ရက်ကြီးဖြစ်နေသည်။ မာတင်ဂ်ဟန်ရှိသော်လည်း ဒိဋ္ဌမင်္ဂလိကာကား ဤနေရာတွင် မရှိချေ။ စိတ်ရှုပေါက်ပေါက်ဖြင့် တစ်ယောက်တည်း အော်လိုက်မိသည်။

"အေးအေးရယ်. . . ငါချစ်သလို မချစ်နိုင်ပေမယ့် မင်းရဲ့အပျိုစင်ဘဝကို ထိန်းသိမ်းပေးခဲ့တဲ့ကျေးဇူးကို ပါးရိုက်ပြီး ဆပ်ခဲ့သလား. . ဟင်"

"အေး မှားပါတယ်. . . ကို. . . ကိုအဝှာရယ်"

နမောင်မောင်စိန်မှာ တစ္ဆေခြောက်ခံရသူကဲ့သို့ ဆတ်ကနဲ ဖြစ်သွားကာ ခေါင်းကို ချာကနဲ အပေါက်ဝဘက်သို့ လှည့်ကြည့်လိုက်မိ၏။ အေးအေး ဆင်းသွားပြီးကတည်းက ပြန်မပိတ်ဘဲ ဇွေထားသော တံခါးရွက်သည် ပွင့်ဟလျက်ရှိကာ ထုံးစံအတိုင်း လုပ်သော အေးအေးသည် လွယ်အိတ်ကလေးကိုကိုင်၍ ရပ်နေပေသည်။

"ဟင်. . .အေးအေး. . ."

"ဟုတ်ပါတယ်. . ."

"မောင်မောင်စိန်ရဲ့ ကျန်တဲ့ပါးတစ်ဖက်ကို ရိုက်ချင်သေးလို့လား"

အေးအေးသည် မျက်ရည်ဝိုင်းသွားသည်။ ပြီးမှ တုန်ရီသော အသံများဖြင့် လေးတွဲ့စွာ ပြန်ကြားပြောဆို၏။

"အေးဟာ ကိုမောင်မောင်စိန်ရဲ့ စင်ကြယ်မြင့်မြတ်တဲ့စိတ်ကို သိရလို့ ဝမ်းမြောက်လှပါတယ်၊ ကိုစန်းတင့်နဲ့ လက်ထပ်လို့ မဖြစ်ဘူး၊ ဒီတော့ အေးဟာ မိဘအငြိုငြင်ခံပြီး မန္တလေးပြန်ဖို့ စိတ်ကူးရတယ်၊ ဒါကြောင့် ဘူတာရုံ ရောက်ခဲ့သေးတယ်၊ ဒါပေမဲ့. . . ဒါပေမဲ့. . . ကိုမောင်မောင်စိန်ရဲ့မျက်နှာကို မြင်. . . အို. . . အေး မှားပါပြီလေ. . ."

မောင်မောင်စိန်သည် ဖြုန်းကနဲ ခုန်ထကာ အေးအေးကို ပြေး၍ဖက်လိုက်မိရာ အေးအေးသည်လည်း အဆင်သင့်ပင် သူ့ရင်ခွင်ထဲသို့ ခေါင်းထိုးကာ ရှိုက်၍ရှိုက်၍ ငိုတော့သည်။ မိန်းမဟူသည် မုန်းလျှင်လည်း ငိုတတ်၍၊ ချစ်လျှင်လည်း မျက်ရည်ကျတတ်သည်တကား။

မောင်မောင်စိန်သည် အေးအေး၏ခေါင်းကလေးကို ပွတ်၍သပ်၍ ချော့နေမိရာက. . .

"နေပါဦး ကိုစန်းတင့်က မောင့်ကို ရန်ငြိုးထားနေမှာပေါ့နော်"

"အို. . . သူက ယောက်ျားလျာကြီးရှင့်"

"ဟယ်. . ."

မောင်မောင်စိန်သည် အံ့အားသင့်ရာမှ ဝမ်းမြောက်လာသည်နှင့်အညီ သူ့ပါးစပ်မှာလည်း ဝိုင်းရာမှ ပြုထွက်လာတော့သည်။ မျက်လုံးများကမူ ကျယ်ရာမှ ကျဉ်းကြုံကုန်သည်။

ဤတွင် အေးအေး၏ အဘိဓာယာစကကထာ မရှိပါဘဲလျက် လွှတ်ကနဲ



တဗျာတစ်ပုဒ် စပ်ဆိုမိတော့သည်။

"ပါးရိုက်ခံရ ဆံစ,ဆွဲအုပ်၊ နိဂုံးချုပ်သော်၊ ငုတ်တုတ်သက်တန့် ပေါ်သတည်း"

အေးအေးသည် မျက်ရည်စွဲလျက်က ပြုံးလာပြီး မောင်မောင်စိန်၏ပါးကို လက်နှင့် ဖျစ်ညှစ်ဆွဲလိုက်လေတော့သည်။

**သွေးသောက်၊ (၁၉၆၀) ခု၊**
**စက်တင်ဘာလ၊ အမှတ် (၁၇၆)။**

❐ ❐ ❐

## ခြောင်းတောင်တော်

သန်းခင်သည် ခေါင်းနပန်းကြီးသွားလေ၏။

ရှင်းဦးအုံ့။ ညနေစာစားပြီးသဖြင့် သန်းခင်သည် လမ်းထိပ်သို့ထွက်ကာ ကွမ်းယာဆိုင်၌ သူငယ်ချင်းလှထူးနှင့်အတူ ငှက်ပျောသီးဝယ်စားနေကြသည်။ သန်းခင်သည် ကွမ်းယာဆိုင်ကိုကျောပေးပြီး လမ်းဘက်လှည့်လျက် လှထူးသည် ဆိုင်ကိုကျောပေး၍ ကွမ်းယာဆိုင်ဘက်လှည့်လျက် အချင်းချင်း မျက်နှာချင်းဆိုင် စကားပြောနေကြ၏။ ထွက်လုတျားတျားဖြစ်နေသော ဝိဇ္ဇာ (ခ) ပိုင်းစာမေးပွဲ အောင်စာရင်းအကြောင်း ပြောနေကြခြင်းဖြစ်သည်။

လှထူးသည် စကားပြောနေရာမှ နောက်သို့လှည့်မကြည့်ဘဲ ငှက်ပျော သီးခွံကို ဘယ်တက်ပန်းပေါ်မှကျော်၍ နောက်သို့ပစ်လိုက်ရာ လမ်းပေါ်မှလျှောက် လာသော တုတ်ကောက်နှင့် ထိပ်ပြောင်ပြောင် အဘိုးကြီးတစ်ယောက်၏ ထိပ် ပေါ်၌ ငှက်ပျောခွံမှာ မှောက်ရက်သားကလေး တင်နေလေ၏။

ဤတွင် သန်းခင်၏ခေါင်းမှမကြီးလျှင် ငွေးချိုသီးသေ၍ ဝင်စားသော ခေါင်းဟု ဆိုရပေတော့မည်။

အဘိုးကြီးက ခပ်ပုပု၊ မျက်နှာထား ရှုသိုးသိုးနှင့် စိတ်ဆတ်ပုံရ၏။ သူ့ခေါင်းပြောင်ကလေးပေါ်တွင် ငှက်ပျောခွံကလေး မှောက်ရက်တင်နေသော



အခါတွင် ငှက်ပျောခွံကို လက်ကမယူသေးဘဲ လှထူးတို့ဘက်သို့ ချာကနဲ လှည့် ကြည့်လိုက်ရာ ပြုံးတုံးပြုံတဲ ဖြစ်နေသော နတ်စုတ်ချွန်းကလေးနှင့် တွေ့နေလေ တော့သည်။ ဤသို့သော ဖြစ်တောင့်ဖြစ်ခဲ အဖြစ်မျိုးကို မြင်လိုက်ရသောအခါ အနောက်အပြောင် ဝါသနာကြီးလှသော လှထူးမှာ မအောင့်နိုင်ဘဲ "ဟွတ်. . . ဟွတ်. . . ဟီး" ဟု ရယ်လိုက်မိလေ၏။ ရယ်ရုံတွင့်ရယ်လျှင် တော်ဦးမည်လား မသိ။ ယခုမူ ရယ်ရုံမျှမက မှတ်ချက်ကိုပါ ချလိုက်လေသည်။

"ဟေ့ သန်းခင် တကယ်လို့ ဒီအဘိုးကြီးသာ ခြေထောက်နဲ့ လမ်းမလျှောက် ဘဲ ငယ်ထိပ်နဲ့သာ လျှောက်လာရင် အခုလောက်ဆို ပစ်ကျမှာပဲကွ"

လှထူး၏စကားကို အဘိုးကြီးကြားသွားသည်ဖြစ်၍ ခေါင်းပေါ်က ငှတ် ပျောခွံကလေးကို ဆတ်ခနဲ ခါချလိုက်ကာ၊ တုတ်ကောက်ကို အဖျားမှ ကိုင်လိုက် လျက် ပြေးကပ်လာလေ၏။ သန်းခင် ဒေးကြည့်နေခိုက်မှာပင် လှထူးမှာ လစ်ပြေး လေသည်။ အဘိုးကြီးမှာ သန်းခင်ကို လုံးဝဂရုမထားဘဲ လှထူးကိုသာ မပြီးပြေး လာရာ သန်းခင်ရှေ့သို့ ရောက်လာလေ၏။

ဤတွင် သန်းခင်သည် အကြံတစ်မျိုးပေါ်လာလေသည်။ ဤအဘိုးကြီး မှာ စိတ်ဆတ်ပုံရ၍ သန်မာပုံလည်းရှိရာ သူ့တုတ်ကောက်ချက်မိလျှင် မသက် သာလှဟု တွေးမိ၏။ ထို့ကြောင့်ပင် သူငယ်ချင်းလှထူးကိုကယ်ဆယ်ရန် အခြား ဘာကိုမျှ စိတ်ကူး၍မရနိုင်မီ အဘိုးကြီး၏ တဖတ်ဖတ်ပြေးနေသော ခြေနှစ်ချောင်း ကြားသို့ သူ၏ညာခြေထောက်တံကြီးကို ထိုးသွင်းလိုက်ရကား အဘိုးကြီးမှာ တုတ် ကောက်ကြီး ကိုင်လျက်ပင် ဖွက်အိုင်ထဲသို့ လေးဘက်ထောက်ကြီး ကျနေလေ၏။

သန်းခင်မှာ သူ့ဘာသာသူလုပ်ပြီး ကြောင်အန်းအန်းကြီး ကြည့်နေမိပြန် လေသည်။ ထိုအခိုက် အဘိုးကြီးသည် ဇတ်ကနဲပြန်ထလာကာ လှထူးနောက်သို့ ပြေးမလိုက်ဘဲနှင့် သန်းခင်ဘက်သို့ အာရုံပြောင်းလိုက်ရာ ဤတွင်မှ သန်းခင်မှာ သတိရလာပြီး ချာကနဲ နောက်သို့လှည့်ပြေးသည်တွင် တစ်လှမ်းမျှမလှမ်းရသေး ခင် လူတစ်ယောက်၏ရင်ဘတ်ကို 'အင့်'ကနဲ ဝင်ဆောင့်မိ၏။ ကပျာကယာမော့ ကြည့်လိုက်မှ သူတို့၏အပြုအမူကို လူထုကြီးက ဝိုင်းကြည့်နေသည်ကို သိရလေ ၏။ ဤသို့သော လူအုပ်ကြီးကို ဖောက်ထွင်းထွက်ရန်မှာ မလွယ်ကူလှပေ။ သို့သော် နောက်မှအဘိုးကြီး၏တုတ်ကောက်၏ ဘေးကင်းရာသည် သာ၍မလွယ်ကူလှ သည် ဖြစ်ရကား. . .

"ဟာ. . မြွေ. . မြွေ. . "ဟု ကြံမိကြံရာစွတ်အော်လိုက်ရာ လူအုပ်ကြီးမှာ

ရုတ်ရုတ်သဲသဲနှင့် ရှုံကနဲ ဖြစ်သွားသည်တွင်၊ ဝွတ်ကနဲ ပြေးထွက်ရလေ၏။ သို့သော် ပြေးချိန်များများမရှိသဖြင့် အနီးရှိ ဘတ်စ်ကားမှတ်တိုင်တွင် ထွက်လုဆဲဆဲ ဖြစ်နေသော ဘတ်စ်ကားပေါ်သို့ ရှေ့ပေါက်မှ တက်လိုက်လေ၏။

မော်တော်ကားမှာ လူပြည့်ကျပ်နေသဖြင့်၊ ရှေ့ပေါက်လှေကား အဆင်းအတက်၌ဝင် မတ်တတ်ရပ်နေရလေသည်။ ကားသည် ထွက်တော့မည်ဟု တစ်လှိမ့်နှစ်လှိမ့် လှိမ့်မိစဉ်ပင်၊ ကားနောက်ပိုင်းမှ "ဟိုးတားအုန်းဆရာ. . . တစ်ယောက်လိုက်ဦးမယ်. . . ဦးလေး-မြန်မြန်လာ. . . "ဟုအော်သံကြောင့်၊ ကားမှာ အရှိန်သတ်သွားပြန်၏။ သန်းခင်လည်း မတ်တတ်ရပ်လျက်ပင် အသာခေါင်းငုံ့ကြည့်လိုက်ရာ၊ နောက်ဖက်အပေါက် အဆင်းအတက်၌ ဝင်ရပ်လိုက်သော အဘိုးကြီးကို မြင်ရပြီးသည့်အဆုံး၌ မော်တော်ကားမှာ လျှင်မြန်စွာထွက်လာခဲ့လေသည်။

သန်းခင်မှာ မော်တော်ကားထဲရှိ ထိုင်နေသူများနှင့် မတ်တတ်ရပ်နေသူများ၏ ခေါင်းများကြားကထဲမှ အဘိုးကြီးထိပ်ပြောင်ပြောင်ကလေးကိုသာ တိမ်းယိမ်းရှာဖွေနေမိတော့သည်။ ထိပ်ကလေးပြောင်ပြောင်မှာ ရိပ်ကနဲပေါ်လာလိုက်၊ နှုတ်ခမ်းမွေးကျင်စွယ်နှင့် နွားနို့ကုလားကြီးခေါင်းက ရိပ်ကနဲဖြတ်ဝင်လာလိုက်၊ ရှေ့တန်းက တရုတ်ဘိန်းစားကြီး၏ ဦးကုပ်စုတ်ကြီးက ရိပ်ကနဲထိုးထွက်လာလိုက်နှင့် သန်းခင်မှာ မူးလုလုဖြစ်နေရှာတော့သည်။ တစ်ချက်တစ်ချက်မြင်လိုက်ရသော အဘိုးကြီး၏မျက်နှာက သန်းခင်ကို မျက်ခြည်မပြတ် ကြည့်နေသည်ကို ဖော်ပြလျက်ရှိ၏။

"ဆရာ မော်တော်ယဉ်ခ,လေး တစ်ဆိတ်"

လက်မှတ်ရောင်းသူ သူငယ်ကလေး၏အသံကို ကြားလိုက်ရသောအခါ သန်းခင်မှာ ယောင်ပေါင်သွားပြီး "ဟော- ဟိုမှာ အဘိုးကြီးထိပ်ပြောင်"ဟု ကားနောက်ပိုင်းကို လက်ညှိုးညွှန်လျက် လွှတ်ကနဲထွက်သွားရာ၊ လက်မှတ်ရောင်းသူသည် ဘာသဘောပေါက်သွားသည်မသိ၊ မော်တော်ကား အလယ်နေရာတစ်လျှောက်၌ မတ်တတ်ရပ်နေသူများကို တိုးဝှေ့သွားကာ အဘိုးကြီးထံသို့ ပိုက်ဆံသွားတောင်းလေ၏။

"ဦးလေး. . . မော်တော်ယဉ်ခ မ,စပါ"

အဘိုးကြီးက ပိုက်ဆံထုတ်ပေးလိုက်သောအခါ လက်မှတ်ရောင်းသူသည် သူ့လက်ဝါးထဲမှ ပိုက်ဆံတစ်လှည့်၊ အဘိုးကြီး၏မျက်ခွက်ကိုတစ်လှည့် ကြောင်ထောင်တောင်ကြည့်ပြီး. . .



"တစ်ယောက်တည်းအတွက်လား"ဟု မေးမြန်းလိုက်လေတော့သည်။

"ဟေ. . . တစ်ယောက်တည်းအတွက်မပေးလို့ ငါက တစ်ကားလုံးအတွက် ပေးရမှာလားကွ"

"ဟိုရှေ့က မတ်တတ်ရပ်နေတဲ့ လူအတွက်ကော"

"သူ့အတွက် ငါကဘာလုပ်ပေးရမှာလဲ. . . သူက ငါ့သားမို့လားကွ"

"ဟာ. . . ရှုပ်လိုက်တာဗျာ၊ သူက ဒီမှာတောင်းဆိုလို့. . . "

"အောင်မယ်. . . ဒီခွေးမသား လူဝါးဝလို့ မပေးဘူး ပြောလိုက်ကွာ"

လက်မှတ်ရောင်းသူမှာ မျက်မှောင်ကြုတ်လျက် စိတ်ရှုပ်စွာနှင့် မတ်တတ်ရပ်နေသော ခရီးသည်များကြားမှ ခဲယဉ်းကွေ့ကောက်စွာ တိုးဝှေ့ရင်း၊ မော်တော်ကားရှေ့ပိုင်းသို့ ရောက်လာပြန်ရရှာလေတော့သည်။

"ဆရာလေး. . . ဟိုအဘိုးကြီးက သူ့ဖို့ပဲပေးတယ်"

"သူ့ဖို့ပဲပေးမှာပေါ့၊ ကျုပ်နဲ့သူနဲ့ ဘာမှမဆိုင်ဘဲ"

"နို့. . . ဆရာက သူ့ဆီတောင်းဆို"

"ဟောဗျ. . မဆိုရပါလားဗျာ. . . ကဲ. . . . ကျုပ်ဖို့ယူဗျာ. . . "

သန်းခင်သည် ပြောပြောဆိုဆို အိတ်ထဲလက်နှိုက်လိုက်၏။ မော်တော်ကားမှာ လူပြည့်လာသည့်အလျောက် မှတ်တိုင်များမှလူများကိုပင် တင်မလာနိုင်သဖြင့်၊ အတော်ပင် ခရီးရောက်ခဲ့ပေပြီ။ သို့သော် လူဆင်းမည်ဖြစ်၍ ဤမှတ်တိုင်တွင် ထိုးရပ်လိုက်လေ၏။ မော်တော်ကားရပ်လိုက်သည်နှင့် တစ်ပြိုင်နက် သန်းခင်သည် ပိုက်ဆံနှိုက်ရာကပင် အဘိုးကြီးကို လှမ်းကြည့်လိုက်လေ၏။

အဘိုးကြီးသည်၊ ကားရပ်ထားစဉ်ပင် ဖြုတ်ကနဲဆင်း၍ အရှေ့ဘက်အပေါက်ဆီသို့ သုတ်သုတ်သုတ်သုတ်နှင့် လျှောက်လာလေရာ သန်းခင်မှာ ပိုက်ဆံနှိုက်နေသောလက်ကို ဖြတ်ကနဲပြန်ထုတ်လိုက်၍ ကားထဲတွင် မတ်တတ်ရပ်နေသော ခရီးသည်တန်းကြားမှ အတင်းတိုးကာ နောက်ပေါက်သို့ ရောထလာလေ၏။ လက်မှတ်ရောင်းသူကလည်း ပြူးတူးပြတဲနှင့်ပင် သူ့နောက်တိုးဝှေ့လိုက်လာလေ၏။ အဘိုးကြီးသည် ရှေ့ပေါက်မှ တက်မိစဉ်ပင် မော်တော်ကားလည်း ထွက်လာခဲ့လေ၏။

"ဆရာ. . . ဘာဖြစ်တာလဲ"

"ဩော်. . . ဟိုဟာပါ၊ ဟိုရှေ့က ငါ့ယောက္ခမကြီးနဲ့ ငါနဲ့ ရန်ဖြစ်လာလို့"

မော်တော်ကားသံကြောင့် သန်းခင်မှာ စကားကျယ်ကျယ် ပြောလိုက်ရာ

အဘိုးကြီးမှာ နားစွင့်နေသည့်အလျောက် ကောင်းကောင်းကြားလိုက်ရသည်တွင် 'ဟီး'ဟု နှုတ်ခမ်းဖြဲ၍ သွားကိုစေ့ပြလိုက်လျက် လက်သီးဆုပ်ကို ထောင်ပြလိုက်၏။ နောက်တန်း နှစ်ယောက်ခုံတွင်ထိုင်နေသော နှုတ်ခမ်းမွေးကျင်စွယ်နှင့် နွား နို့ကုလားကြီးသည် ခေါင်းကိုထောင်ကြည့်ကာ "ကျားပေါး. . . ဆဗ်"ဟု ဘာမဆို ညာမဆိုင် သူ့ကိုပြသည်မှတ်၍ ဝင်မေးနေပြန်လေ၏။

အဘိုးကြီးမှာ ကြာလျှင်ရှုပ်ကုန်တော့မည်ဟုတွေး၍ ဘာမျှပြန်လည် မပြော၊ လုပ်လည်း မလုပ်ပြနေတော့ဘဲ၊ ကားနောက်ပိုင်းသို့ မတ်တတ်ရပ်ခဲ့ သည်များကြားမှ တိုးဝှေ့လာနေပြန်တော့ရာ သန်းခင်မှာ မျက်ကလဲဆန်ပျာ ဖြစ် သွားရှာလေတော့သည်။ သို့သော် ကံကောင်းကလေးက ရှိစုမဲ့စု ထောက်ပံ့လိုက် ပြန်လေသည် ဖြစ်ရကား မော်တော်ကားမှာ ဆင်းမယ့်သူပါသည်ဖြစ်၍ မှတ်တိုင်၌ ထိုးရပ်လိုက်လေ၏။

သန်းခင်မှာ မော်တော်ယဉ်ခကို မ,စပြီးပြီဖြစ်သဖြင့် ကားအရှိန်မသေမီ ပင် ခုန်ဆင်းလိုက်ကာ ခြေဦးတည့်ရာလမ်းတွင်းသို့ စွတ်ဝင်ပြေးလေ၏။ ထို့ နောက်မှ တဖြည်းဖြည်း လမ်းအခြေအနေကို သုံးသပ်လိုက်မိသောအခါ ဝမ်း မြောက်သွားလေသည်။

"ဟာ. . တင်မြင့်တို့လမ်းပဲ"

တင်မြင့်မှာ သူနှင့်အတော်ပင်ရင်းရင်းနှီးနှီး သိကျွမ်းခဲ့သည်။ သူတို့လင် မယားအိမ်သို့ ယခင်က မကြာခဏရောက်လေ့ရှိသော်လည်း ယခုမရောက်သည် မှာ တစ်နှစ်လောက်ကြာပြီဖြစ်၏။ ထို့ကြောင့်ပင် ဤလမ်း၌ဆင်း၍ တင်မြင့်တို့ ငှားနေသောအိမ်သို့ ပြေးဝင်ခိုအောင်းဖို့ စိတ်ကူးမရခဲ့ခြင်းဖြစ်၏။ ယခု ကံကတွန်း ပို့လိုက်မှ တင်မြင့်တို့လင်မယားကို သတိရမိတော့သည်။

နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်၏။

တော်တော်ဝေးဝေးတွင် တုတ်ကောက်နှင့်အဘိုးကြီးကို သုတ်သုတ်မြင်ရ သေးသည်။

ဝမ်းမြောက်ခြင်းဖြင့် တင်မြင့်တို့ တစ်ထပ်အိမ်ကလေးပေါ် ပစ်တက် သွား၏။ အိမ်ရှေ့တွင် မည်သူမျှ မတွေ့ရ။ သို့သော် အရေးမကြီးပေ။ ရင်းနှီးသည် ဖြစ်သည်ကတစ်ကြောင်း၊ အရေးကြီးလာသည် ဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် အိပ်ခန်းဆီသို့ စွတ်လာခဲ့သည်။ ယခင်ရောက်စဉ်က အခန်းနှစ်ခန်းရှိသည်အနက် အရှေ့ဘက်ကအခန်းကို ဧည့်သည်လာလျှင် တည်းအိပ်ရန်ထားသည်ကို မှတ်မိ



သဖြင့် အနောက်ဘက်ကပ်ရက်အခန်းသို့ လျှောက်ခဲ့သည်။

အခန့်သင့်ပင် တံခါးစေ့ထားသည်ကိုတွေ့၍ ဇတ်ကနဲ တွန်းဝင်လိုက် "ဟေ့ တင်မြင့်"ဟု ခေါ် လိုက်ပြီးမှ "ဟိုက်"ဟု ကြောင်တောင်တောင် ငေးနေ တော့သည်။

ထဘီရင်ရှားနှင့် အသားဖြူဖြူဝင်းဝင်း မိန်းကလေးမှာ ပေါင်လှန်၍ နပ်ခါးလူးနေရာမှ ဇက်ကနဲ နောက်ပြန်လှည့်ကြည့်လိုက်၏။

"အို. . ."

သန်းခင် မမြင်ဘူးပါ။ မျက်လုံးထဲဝယ် ပြာတာတာ နှမ်းတမ်းတမ်း သွားရာမှ ထိပ်ပြောင်ပြောင်လက်လက်ကလေးသည် အာရုံထဲ ဝင်လာလေ၏။

"ဒီမှာ. . . ဒီမှာ. . . တင်မြင့်တို့ကော"

"ကိုတင်မြင့်တို့ ပြောင်းသွားပြီ၊ ဒီမှာ- ထွက်ပါရှင့်"

မိန်းကလေးသည် မတ်တတ်ရပ်လိုက်၏။

သန်းခင်မှာ တဆတ်ဆတ် တုန်နေရာမှ ငိုသံပါကြီးနှင့် "ဒီမှာ- ကျွန် တော့်ကိုကယ်ပါ၊ အဘိုးကြီးတစ်ယောက်က ကျွန်တော့်ကို လိုက်ရိုက်နေပါတယ်၊ ယ်ပါနော်၊ ကျွန်တော် မိကောင်းဖခင် သားသမီးပါ" ဟု ပြောဆိုတောင်းပန်ပါ သော်လည်း မိန်းမပျိုမှာ ပြူးတူးပြဲတဲ ဖြစ်လျက်ပင် ရှိသောကြောင့် သန်းခင်မှာ ဘာမျှမပြောတော့ ထိုင်၍သာ ကန်တော့နေလေတော့သည်။

"အို. . . အို. . . ငရဲတွေတော့ ကြီးကုန်တော့မှာပဲ၊ ကဲရှင်. . . ဘာဖြစ် တာလဲ၊ မေမေ့ကို ခေါ်ပေးမယ်"

"အောင်မယ်လေး. . . မေမေတွေ ဘာတွေ လုပ်မနေပါနဲ့၊ ဟော. . . ပြီ"

အိမ်ရှေ့မှ လှေကားကို ခြေသံကြမ်းကြမ်း နင်းတက်လာသံကို ကြားရ မိန်းမပျိုမှာ မျက်လုံးကလေးများ ဝိုင်းလျက်နှင့်ပင် "အဲ-အဲ-ဒီအောက်ဝင်နေ" သူအိပ်သော ကုတင်အောက် ဝင်ခိုင်းရာ၊ သန်းခင်မှာ ဘာမျှမစဉ်းစားနိုင်ဘဲ သးဘက်ထောက်၍ ဝင်သွားလေ၏။

ထိုခဏ၌ အိမ်ရှေ့မှ စကားသံ ပေါ် ထွက်လာလေသည်။

"မမကြီးတို့ ဘယ်သွားနေကြသလဲ၊ ရင်ရင်ကော"

အခန်းထဲမှ မိန်းမပျိုက "ဟင်. . . ဦးလေးပါလား၊ ရင်ရင် သနပ်ခါး မ်းနေတယ်. . . မေမေ အိမ်ရှေ့မှာ မရှိဘူးလား၊ ကောင်မလေးကလည်း ဘယ်

သွားနေမှန်း မသိဘူး" ဟု ပြန်ပြောလိုက်ရာ၊ နောက်ဖေးမှ ထမင်းချက်မိန်းကလေး သည် ထွက်လာလေ၏။

"မမ. . . ကျွန်မ ဒီမှာရှိပါတယ်၊ မမကြီး နောက်ဖေးသွားနေတယ်"

ထိုစဉ်ပင် အဘိုးကြီးသည် အခန်းပေါက်ဝ၌ လာရပ်သည်ကို အခန်းဆီး အောက်မှပေါ်နေသော ခြေထောက်နှစ်ဘက်က ညွှန်ပြနေလေသည်။

"ဟော့. . . ရင်ရင်၊ တို့အိမ်ထဲကို ငနဲတစ်ကောင် ဝင်လာတယ်. . . ဒီကောင့်ကို ငါ လိုက်နေတာ"

ခုတင်အောက်မှ သန်းခင်မှာ ရင်ထဲတွင် တဒိန်းဒိန်း မြည်သွားလေ၏။

ရင်ရင်သည် ခုတင်အောက်သို့ တစ်ချက်ငုံ့ကြည့်လိုက်ကာ. . .

"ရင်ရင် သနပ်ခါးလိမ်းနေတာပဲ၊ အိမ်ရှေ့မှာ မရှိဘူးလား"ဟု မတင် မကျ ဖြေလိုက်လေ၏။

"မရှိလို့ပေါ့ဟဲ့၊ ငါ့ရှေ့က သေသေချာချာ ဝင်သွားတာပဲ၊ ဒီကောင်က ဘာကောင်လဲ၊ ဝိဇ္ဇာလား နတ်စိမ်းလား"

ရင်ရင်ကား ဘာမျှပြန်မပြောချေ။

ရင်ရင်၏အမေသည် နောက်ဖေးသွားရာမှ ထွက်လာကာ "မောင်ချမ်း ဘာဖြစ်လာသလဲ" ဟု မေးလိုက်၏။

"ကျွန်တော်တို့အိမ်ထဲ ငနဲတစ်ကောင် ဝင်လာတာ တွေ့တယ်. . . ဒီ အိမ်ထဲရောက်တော့ ဒီကောင့်ကို ရှာမတွေ့ဘူး"

"မင့်မလဲကွယ်. . မျက်စိမှုန်တိုင်း တောပြောတောင်ပြော လုပ်နေသကိုး ဒီကောင်က ဘယ်ရောက်သွားမှာလဲ၊ အိမ်ကလည်း မကျယ်လှပါဘူး၊ အိမ်ရှေ့မှာ မတွေ့ရင် တို့အိပ်ခန်းတစ်ချက်ကြည့်ပေါ့. . . ၊ ရင်ရင်အိပ်ခန်းမှာတော့ ရင်ရင် ရှိသားပဲဟာ၊ နောက်ဖေးလည်း ကောင်မလေး ရှိနေတာပဲ"

အဘိုးကြီး၏ တစ်ဘက်ခန်း၌ ဝင်ရှာသံကို ကြားရ၏။ သို့သော် မကြာမီ ပင် တောက်ခေါက်သံကိုပါ ကြားရလေသည်။

"မရှိတော့ဘူး၊ ဒီပြတင်းပေါက်က ဆင်းပြေးမှာပေါ့"

ဦးချမ်းမှာ အခန်းတွင်းမှ ထွက်လာ၍ အိမ်ရှေ့ဧည့်ခန်း၌ ထိုင်နေစဉ် ပင်၊ ရင်ရင်၏အဖေ ဦးသန်းမှာ အလုပ်မှ ပြန်လာလေ၏။ ဦးသန်းသည် ပါဠိ စာပေကျွမ်းကျင်၍၊ ပိဋကတ်ပုံနှိပ်တိုက်တစ်ခုတွင် စာပြင်ဆရာကြီးလုပ်လျက် တစ်ခါတစ်ရံ ကျမ်းစာအုပ်များ ပြုစုသည်။ ဦးသန်း၏ဩဇာကို တစ်အိမ်သားလုံး



နာခံရသည်သာမက၊ သူ့ညီ ဦးချမ်းကပါ နာခံရလေ၏။

ဦးချမ်းက အကျိုးအကြောင်း ပြောပြပြီးသောအခါ၊ ဦးသန်းက "မောင် ချမ်းကလည်းကွာ. . . လွတ်သွားတာကို မကျေမချမ်း မဖြစ်ပါနဲ့တော့၊ မီးလည်း ဆုံးမ၊ မမိလည်း သူ့ထိုက်နဲ့ သူ့ကံပေါ့" ဟု ပြောလိုက်ရာ၊ ဦးချမ်းမှာ ငြိမ်ကျသွား လေ၏။

ရင်ရင်မှာ ခုတင်အောက်တွင် သူစိမ်းယောက်ျားပျို ရှိနေသည်ဖြစ်၍ သနပ်ခါးလူးရသည်မှာ လိပ်ပြာမလုံတော့ဘဲ၊ ခုတင်ဘက်ကို ကျောပေးကာ ကြက်သီးထ,လျက်နှင့်ပင် အကျီဝတ်၊ လုံချည်လဲရတော့သည်။

ငါးပေလေးလက်မမြင့်သော အရပ်သည် နှစ်ပေ မရှိတရှိ ခုတင် အောက်ဝယ် တစ်ပေခန့်လောက်သာမြင့်အောင် ခေါက်ချိုးချိုးထားရခြင်းမှာ သာ မန်ဒုက္ခမဟုတ်ပါပေ။ သေခါနီးဆဲဆဲ ဖော့ချွေး၏မယားပါချွေးများ စီးကျလာ သည်အထိ ခံစားရ၏။ ရင်ရင်၏ လှပဝါဝင်းသော ကျောပြင်ကလေးကို မြင်နေ ခဲ့ရသော်လည်း၊ သန်းခင်မသာယာလှပါ။ ခွေးအိပ်သကဲ့သို့ ကြမ်းပြင်ကို မျက်နှာ အပ်လှမတတ် ကပ်ထားရခြင်းမှာလည်း သက်သာလှသည်မဟုတ်။ ထို့ထက် အသက်ရှူလိုက်တိုင်း တလိမ့်လိမ့်တက်လာသော ကြမ်းပေါ်မှဖုန်မှုန့်တို့သည် နှာခေါင်းပေါက်ဝမှ အမွှေးအမှင်တို့ကို ပြေးပြေးကပ်လေရကား၊ အူမကြီးထဲကပင် ရွှတ်ကနဲ ရွှတ်ကနဲဖြစ်ပြီး ချေဆတ်ချင်လာလေ၏။ ကပျာကယာ လက်ကိုင်ပဝါ နှင့် ပါးစပ်ကို ဆို့ထားရလေရာ၊ 'အိ. . ဖု. . 'ဟု ချေသံမှာ ကျိတ်ပေါ်လာပြီး ဒိန်းကနဲ ခေါင်းနှင့် ခုတင်နှင့် ဆောင့်လိုက်၏။ သို့သော် တစ်ခါတည်းမို့ အိမ် ရှေ့ကလူတွေ အမှုမထားပါ။ ရင်ရင်သာ လန့်၍ ခုတင်ဘက် လှည့်ကြည့်လိုက် ကာ၊ အသာဒူးထောက်၍ ငုံ့ကြည့်လိုက်၏။

"ဘာဖြစ်တာလဲ" (လေသံဖြင့်မေးသည်)

"ချေတာပေါ့" (လေသံဖြင့်ဖြေသည်)

"ကြမ်းနဲ့ နှာခေါင်းနဲ့ ကပ်ထားသလား" (ပထမအတိုင်း)

"အင်း" (ဒုတိယအတိုင်း)

ရင်ရင် သတိပေးမှ သန်းခင်သည် သတိရလာကာ ကြမ်းပေါ်တွင် ပက်လက်လှန် အိပ်လိုက်၏။ ချေချင်ခြင်းနှင့်တကွ၊ ညောင်းညာခြင်းပါ သက်သာ သွားတော့သည်။ ရင်ရင်လည်း ပြုံး၍မတ်တတ်ရပ်လိုက်ပြီး အခန်းပြင်သို့ ထွက် သွားလေ၏။

အချိန်ကား မှောင်လာပြီဖြစ်၍ ခါတ်မီးများပင် ထွန်းလေပြီ။

ခုတင်အောက်မှ ပက်လက်ကိုယ်တော် သန်းခင်မှာ ဒုက္ခခံရင်းက နေမိတော့၏။ သူကုသိုလ်ကံကား ဆန်းကျယ်လှပေစွ။ လှပသော မိန်းမပျို ပင်တိုင်နန်းအတွင်းသို့ ဝင်ခွင့်ရောက်လောက်အောင်ပင် ဆန်းကြယ်လှ သို့သော် ခံစားရသောဒုက္ခမှာ မသေးလှပါ။ နှစ်ပေ မရှိတရှိသော ခုတင် ဝယ် မလှုပ်မယှက်ဝံ့အောင် နေရသောအဖြစ်သည် သေးငယ်လှသော မဟုတ်ပါပေ။ ထို့ထက် မိန်းကလေး၏ ခုတင်အောက်ဖြစ်၍ သာဆိုးချေ ဤလိုတွေးမိမှ တစ်ကိုယ်လုံး ယားယံလာလေရာ၊ ကုတ်ခြစ်လိုက်လျှင် အသံ မှာကြောက်၍ အောင့်အည်းထားရသည်မှာလည်း ပြင်းပြသောဝေဒနာတစ်မျိုး ယခုမှပင် သူသိရလေသည်။

အီး. . . အီး. . နှင့် ညည်းချင်၏။ မညည်းဝံ့။

ဗျစ်. . . ဗျစ်. . နှင့် ကုတ်ချင်၏။ မကုတ်ဝံ့။

ဤဝဋ်ဒုက္ခကို တစ်ညလုံး ခံစားရတော့မည်လောဟု ကြက်သီးထ ကြက်သီးထ,ရာကစ၍ ဆီးသွားချင်လာပြန်သည်။ အတွေးလမ်းကြောင်းတို့ ချည်းပြောင်းလိုက်ရ၏။ ဖြူဖွေးဝါဝင်းသော ရင်ရင်ကလေး၏ ရုပ်ပါရုံကို တွေး မှ ဒုက္ခဝေဒနာများ တဒင်္ဂပဟာန် ပျောက်ကွယ်ရတော့သည်။

ထိုခဏ၌ ရင်ရင် ပြန်ဝင်လာကာ ခြေရင်းနားရှိစားပွဲတွင် မီးဖွင့် စာကျက်နေ၏။ ခုတင်အောက်မှ စောင်းငဲ့ကြည့်ရာ စာရွက်များကို ဟိုလှန်သ လှောလုပ်နေသည်ကို တွေ့ရသဖြင့်၊ ရင်ရင်သည်လည်း တစ်စုံတစ်ခုကို စဉ်း ခန်းဝင်နေသည်ဟု သိရ၏။

ဤသို့ဖြစ်နေစဉ် အိမ်ရှေ့မှ "သန်းခင်ရေ. . . "ဟုခေါ်သံ ရုတ်တ ထွက်ပေါ်လာရာ ခုတင်အောက်မှ "ခင်ဗျာ. . . "ဟု လွှတ်ကနဲထူးသံနှင့်အ နောက်ဖေးမှ "ရှင်. . . " ဟု ထူးသံမှာ ရှေ့ဆင့်နောက်ဆင့် ပေါ်လာမှ သန်းခင် မျက်လုံးမျက်ဆန် ပြူးသွားရတော့သည်။ သူ့နာမည်နှင့် ထမင်းချက်ကောင်မ နာမည်မှာ ချက်ကောင်းတွင်မှ တူနေလေတော့သည်။

"ဟဲ့. . . အခန်းထဲက ဘယ်သူလဲဟ. . . "

ဦးသန်း၏ အမေးဆုံးသည်နှင့်တစ်ပြိုင်နက် ရင်ရင်က "သမီး ခဖေ. . . ဘာဖြစ်လို့လဲ"ဟု လျင်မြန်စွာ ပြန်မေးလိုက်သည်။

"စောစောကကြားတာ ယောကျ်ားသံလားလို့"



"မဟုတ်ပါဘူး၊ သမီးက. . ဟာ. . လို့ဆိုလိုက်တာပါ"

"ဒါဖြင့်. . . ခုတစ်ခါ ဟုတ်ကဲ့လို့ အခုနအသံမျိုးနဲ့ ပြန်ဆိုစမ်း"

ဦးချမ်းက ဝင်ရှုပ်လေရာ၊ ရင်ရင်မှာ ငေးကြောင်ကြောင် ဖြစ်သွားစဉ် ခုတင်အောက်မှ 'ဟုတ်ကဲ့' ဟု ပေါ်လာလေ၏။ တစ်ချိန်တည်းလိုလိုပင် အိမ်ရှေ့က ဦးချမ်းက "အေး. . . ခုနအသံနဲ့ တူသားပဲ" ဟုပြောပြီး ရင်ရင်၏ အခန်းထဲသို့ သူ့အမေ ဝင်လာလေ၏။ သူ့သမီးတစ်ယောက်တည်း စာဖတ်နေသည်မြင်မှ အသာပြန်ထွက်သွားလေ၏။

သူတို့အိမ်ကား စောစောအိပ်ကြသည်။ ရှစ်နာရီခန့်တွင် တစ်အိမ်လုံး အိပ်ကုန်ကြလေ၏။ ဤတွင်မှ ရင်ရင်သည် အပြင်ထွက်သွားကာ ပြန်ဝင်လာသောအခါတွင် ရေအပြည့်နှင့် ဖန်ခွက်တစ်လုံးကို ကိုင်ဆောင်လာလျက် ခုတင်ဘေးတွင်ထိုင်ကာ၊ "လာ- ထွက်ခဲ့ပါဦး"ဟု လေသံဖြင့် ခေါ်လိုက်၏။

သန်းခင်မှာ လျှောတိုက်ထွက်လာရလေသည်။ သန်းခင် ထွက်လာစဉ် ရင်ရင်က အခန်းတံခါးကို ထ,ပိတ်၏။ ရင်ရင် လုပ်သမျှကို သန်းခင် ဘာအဓိပ္ပါယ်မှ မကောက်တတ်သည့်အတိုင်း ဆောင့်ကြောင့်ထိုင်၍ ဒူးနှစ်လုံးပေါ် လက်တင် လက်ပေါ် မေးထောက်ကာ ကြည့်နေလေသည်။

ရင်ရင်က သူ့ကို ဖန်ခွက်ကိုင်ခိုင်းပြီး လေသံဖြင့် "လိုက်ဆို" ဟု ပြောသဖြင့် ရင်ရင် ပြောသွားသမျှ လေသံဖြင့် လိုက်ဆိုရလေ၏။

"ဘုရား၊ တရား၊ သံဃာနှင့်တကွ အထက်သိကြား အောက်နတ်များတို့ တိုင်တည်ပါ၏။ ဘုရားတပည့်တော်သည် ယနေ့ညတွင် ရင်ရင်ကို ဣန္ဒြေမဲ့ အရှက်ရအောင် မပြုလုပ်ပါ။ အကယ်၍ ပြုဖို့ရန် ခြေတစ်လှမ်း တိုးရုံမျှဖြင့် ဘေးဒဏ် ရန်မာန်ဆိုးများဖြင့် အသက်သေဆုံးရပြီး နောက်ဘဝဆက်တိုင်း ဆက်တိုင်း မိန်းမလျှာချည်းနှင်နှင် ဖြစ်ရ၍၊ အရိမေတ္တယျဘုရားရှင်နှင့် လွဲရပါစေသတည်း"

ကျမ်းသစ္စာ ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် သန်းခင်မှာ ချွေးများကျဆင်းလာလေ၏။

"ဒါ. . . တစ်ဖန်ခွက်လုံး သောက်ရမှာလား၊ သေရောပေါ့ဗျာ. . . ဆီးသွားချင်ရတဲ့အထဲ"

ရင်ရင်မှာ ပြုံး၍ ဖန်ခွက်တစ်ဝက်စာကို ထွေးခံထဲ သွန်လိုက်ပြီး ပြန်ပေးလိုက်၏။ သစ္စာရေသောက်ပြီးသောအခါ ရင်ရင်၏ ညွှန်ကြားချက်ဖြင့် ရေချိုးခန်း

သို့ ခြေသံမကြားအောင်ထွက်ကာ ခန္ဓာကိုယ်ကို ပေ့ါပါးစေလျက် အခန်းတွင်းသို့ ပြန်ဝင်လာခဲ့လေသည်။

အခန်းတွင်း ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် ရင်ရင်က အပေါက်ဝကို လက်ညှိုးထိုးပြလိုက်ရာ သန်းခင်မှာ ဒိတ်ကနဲ ဖြစ်သွားပြီး ပျာယီပျာယာ ခုတင်အောက်သို့ ဝင်တော့မည်ပြုစဉ် ရင်ရင်က လေသံဖြင့် "ဘာဖြစ်တာလဲ၊ တံခါးကန့်လန့် (ဂလန့်)ထိုးထားလို့ ပြောတာ"ဟု ပြောလိုက်မှ သန်းခင်မှာ ပြုံးမိပြီး တံခါးပိတ်လိုက်ရလေ၏။ ဤတစ်အိမ်လုံးတွင် ဦးသန်းတို့အိမ်ခန်းပြတင်းပေါက်မှလွဲ၍ အားလုံးသော ပြတင်းပေါက်များမှာ သံဇကာများ ကာရံထားလေသည်။

ရင်ရင်သည် ကြမ်းပေါ်၌ အိပ်ရာခင်းနေ၏။

"ဒါ ဘယ်သူ အိပ်ဖို့လဲ. . ."

"ရင်ရင် အိပ်မယ်လေ. . . ကိုသန်းခင်က ခုတင်ပေါ်မှာအိပ်ပေ့ါ၊ နာမည်က [illegible] မဟုတ်လား"

"ဟုတ်ပါတယ်၊ ရင်ရင်က ခုတင်ပေါ်မှာအိပ်လေ၊ ကျွန်တော် အောက်မှာအိပ်ပါ့မယ်၊ ခုလိုကယ်ဆယ်တာပဲ ကျေးဇူးကြီးလှပါပြီ. . ."

"ဟာ- ဘယ်ဖြစ်မလဲ၊ ရင်ရင် ငရဲကြီးမှာပေ့ါ၊ ကိုသန်းခင် ခုတင်ပေါ်မှာပဲအိပ်ပါ၊ ရင်ရင်ကတော့ ကိုသန်းခင်ကို မိကောင်းဖခင်သားသမီး စစ်စစ်ရယ်လို့ ယူဆပြီး ကယ်ထားတာပဲ၊ ဦးလေးက သိပ်ဒေါသကြီးတယ်၊ ဖေဖေ့တစ်ယောက်တည်း သူကြောက်တာ. . ."

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော် မိကောင်းဖခင် သားသမီးပါဗျာ သစ္စာရေ မတိုက်လည်း ကျွန်တော် မတော်တရော် မကြံစည်ပါဘူး၊ လူတစ်ဘက်သား စိတ်သစ်မှာစိုးလို့ ခုချိန်ထိ ရည်းစားစာတောင် မပေးဖူးဘူး"

"ဘာဆိုင်လို့လဲရှင့်. . ."

"ဪ. . . မိန်းကလေးက မကြိုက်ရင် စိတ်အနှောင့်အယှက် ဖြစ်မှာပေ့ါ. . ."

သန်းခင်မှာ သူ့သဘောအမှန်တွေကိုသာ ဖွင့်ဟနေခြင်းဖြစ်၏။ ရင်ရင်က ယုံ့မယုံတော့ မသိနိုင်။ ပြုံးပြုံးကလေးနှင့်ပင် အိပ်ရာခင်းပြီးသောအခါ မီးမှိတ်၍ အိပ်ရာဝင်ကြလေသည်။

ခုတင်ပေါ်မှ သန်းခင်မှာ တော်တော်နှင့် အိပ်မပျော်။ နုနည့်သိမ်မွေ့၍ သဘောကောင်းလှသော ရင်ရင်ကလေး၏ မျက်နှာလေးကိုသာ မြင်နေမိသည်။



သူ၏အကျင့်စာရိတ္တကို အကြွင်းမဲ့ယုံကြည်ထားသူကလေးကို သူ ဘယ်လိုမှ မပြစ်မှားဝံ့။ ပြစ်မှားထိုက်စရာလည်း မရှိပါ။ သို့သော် ယခုတွေ့ဖို့ရန် ဖန်တီးပေးလိုက်သည့်ကံသည်ပင်လျှင် သူတို့နှစ်ဦး ဖူးစာဖက်မိစေရန် ဆက်လက်ဖန်တီးပေးနိုင်ပါမူ ကောင်းလေစွဟု တောင့်တမိလေ၏။

ကြမ်းပေါ်က ရင်ရင်လည်း တော်တော်နှင့် အိပ်မပျော်။ ယခုလို မီးပိတ်ပြီး အိပ်ရာဝင်မှ ရင်များဖိုလာလေသည်။ မှောင်မည်း၍ ကန့်လန့်ထိုးပိတ်ထားသော အခန်းထဲဝယ် ယောကျ်ားပျိုလေးတစ်ယောက်၊ သူတစ်ယောက် ပေါင်းနှစ်ယောက်တည်း နေရသည်ကို ဖျန်းကနဲ ကြက်သီးထလာ၏။ လှုပ်လှုပ်လှုပ်လှုပ်ဖြစ်နေသည့်ကြားမှ ယောကျ်ားပီသသည့် သန်းခင်၏မျက်နှာကို ထောက်ထားပြီး အကျင့်စာရိတ္တကို ယုံကြည်ကာ မျက်စိစုံမှိတ်လိုက်လေသည်။

ထိုနေ့ညမှာ ဘုရားစူးကျိန်လောက်အောင်ပင် အေးချမ်းသွား၏။

နံနက်စောစောတွင် ရင်ရင်သည် သန်းခင်၏ခုတင်ဘေးမှ လေသံဖြင့် "ကိုသန်းခင်"ဟု ခေါ်လိုက်ရာ သတိနှင့်အိပ်ရသော သန်းခင်မှာ ဖျတ်ခနဲ နိုးလာလေ၏။

"ဘာလဲ ရင်ရင်. . ."

"ထ,တော့၊ ဒီအချိန် ဖေဖေတို့ အိပ်တုန်း၊ ကောင်မလေးတော့ ထမင်းအိုးတည်နေတယ်၊ ဦးလေးလည်း အဝတ်အစား လဲနေပြီ၊ သူက လျှောက်လည်တတ်တယ်၊ ပင်စင်စားဆိုတော့ ဘာအလုပ်မှ မရှိဘူး၊ သူလမ်းထွက်တုန်း ကိုသန်းခင် လစ်ပေတော့. . ."

ရင်ရင်က ကော်ဖီတစ်ခွက် ပေးလာ၏။

"မျက်နှာမှ မသစ်ရသေးဘဲ ရင်ရင်. . ."

"အို. . . အိမ်ကျမှသစ်တော့၊ လမ်းမှာဆာနေမယ် သောက်သွား၊ နတ်သမီး ကျိန်ဆဲရင်လည်း တောင်းပန်လိုက်တာပေ့ါ. . ."

သန်းခင်သည် ကော်ဖီကို မော့ချလိုက်၏။ တစ်သက်တွင် ဤမျှအရသာရှိရှိကော်ဖီ သောက်ရခြင်း အချိန်ကာလလေးကို မကြုံဘူးခဲ့ချေ။

ရင်ရင်သည် ကြမ်းပေါ်၌ ဒူးတုပ်ထိုင်၍ 'ညက ကိုသန်းခင်ရဲ့ အကျင့်စာရိတ္တကို မယုံသလို သစ္စာရေ တိုက်ခဲ့တာကို ခွင့်လွှတ်ပါနော်" ဟု လက်အုပ်ကလေးချီ၍ တောင်းပန်လိုက်ရာ သန်းခင်မှာ မျက်ရည်များဝိုင်းလာ၍ "ဟာ- နေပါစေ ရင်ရင်- ရင်ရင့်ကို ကျွန်တော်က ကျေးဇူးတင်ရမှာပါ"ဟု ပြောလိုက်၏။

ရင်ရင်ကား ယခုခေတ်တွင် တွေ့ရခဲလှသော လိမ္မာယဉ်ကျေးလွန်းသူကလေးတစ်ယောက်ပင် ဖြစ်ပါတော့သည်။

သူတို့နှစ်ယောက် ဤသို့ဖြစ်နေချိန်ဝယ် လှထူးသည် သန်းခင်တို့အိမ်သို့ရောက်၍ သန်းခင် ညကပြန်မရောက်ကြောင်း သိရသောအခါ စိတ်ပူသွားလေ၏။ သန်းခင်၏အိမ်မှ တိုက်တွန်းညွှန်ပြချက်အရ သန်းခင် သွားလေ့သွားထရှိသည်ဆိုသော တင်မြင့်တို့အိမ် ထွက်လာခဲ့လေသည်။

လှထူး လမ်းထဲဝင်သွားသည်ကို လမ်းထိပ်လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ကြမ်းသောက်ရင်း သတင်းစာဖတ်ရန် စောင့်နေသော ဦးချမ်းကြီးကမြင်သွားရာ ကိုင်နေကျ တုတ်ကောက်ကိုပင် မေ့ကျန်သွားပြီး လှထူးနောက်သို့ ထ,လိုက်လေ၏။ လှထူးမှာ အိမ်ပေါက်ဝသို့ရောက်၍ လှေခါးကလေးသုံးထစ်ကို မတက်ခင် အတွင်းဘက်၌ လူရိပ်သူရိပ် မမြင်ရသဖြင့် အသံပြုရန် ကြံဆဲဝယ် နောက်မှ တဖုတ်ဖုတ်နှင့် ပြေးလာသော ခြေသံကို ကြားရလေ၏။ လှည့်ကြည့်မည်ဟု ကြံတုန်းပင် 'ဖြောင်း'ကနဲ နားရင်းအအုပ်ခံလိုက်ရသဖြင့် မိုက်ကနဲ ဖြစ်သွားပြီး လက်နှစ်ဘက် ဆန့်တန်းလိုက်ရာ အလယ်လှေကားထစ်ကို ကုန်းကိုင်လျက်သားကြီး ဖြစ်နေလေ၏။ ပါးစပ်မှလည်း "အောင်မယ်လေးဗျ" ဟု ထွက်သွားရာ အခန်းထဲမှ ရင်ထဲတွင် ဆို့နင့်သလိုလို ဖြစ်နေကြသော သန်းခင်နှင့် ရင်ရင်တို့မှာ ပြေးထွက်လာမိကြလေ၏။

ဦးချမ်းသည် စီးလာသော ဖိနပ်တစ်ဘက်ကိုချွတ်၍ ကုန်းကုန်းကြီးဖြစ်နေသော လှထူးကို ဖိနပ်နှင့် ချဦးမည်ဟု ကြံနေစဉ် အိမ်ပေါ်၌ သန်းခင်ကို မြင်ရလေရာ. . .

"ဟောဟိုမှာ ခွေးမသားတစ်သား" ဟု ပြောဆိုရေရွတ်လိုက်ပြီး ပြေးတက်လာ၏။ လှေကားဝယ် ကုန်းတုန်းကြီး ဖြစ်နေသော လှထူးကို ကျော်တက်ရသည်ဖြစ်၍ အပေါ်ဆုံးဆင့်နှင့် ပစ်တိုက်လိုက်ရာ သန်းခင်ကို မအုပ်နိုင်မီ သန်းခင်၏ရှေ့မှောက်ဝယ် လည်ကလေးစင်းကာ ထိုးထိုး-ထိုးထိုးနှင့် ဖြစ်နေလေ၏။

သန်းခင်ကမူ ကြောင်တောင်တောင်ပင် ကြည့်နေမိသည်။ ရင်ရင်မှာလည်း မျက်လုံးကလေးအဝိုင်းသားနှင့် လက်ညှိုးထိပ်ကို ကိုက်နေမိ၏။

ဦးချမ်းသည် ကိုယ်ကိုပြန်ဟန်နိုင်သည်နှင့် တစ်ပြိုင်နက် သန်းခင်ကို လက်ဖြင့်လှမ်းဆွဲလေရာ သန်းခင်မှာ သတိတရားရပြီး နောက်ဆုတ် နောက်ဆုတ် လုပ်လိုက်ရာမှ အကြံရကာ စားပွဲဝိုင်းကို ပတ်ချာလှည့်ပြေးလေ၏။



ဦးချမ်းက လက်ယာရစ်ရစ်လျှင် သန်းခင်က လက်ဝဲရစ်ရစ်၏၊ ဦးချမ်းက လက်ဝဲရစ်ရစ်လျှင် သန်းခင်က လက်ယာရစ်ရစ်၏။ ဤသို့နှစ်ယောက်သားမှာ တစ်ယောက်နှင့်တစ်ယောက် ဆန့်ကျင်နေရာမှ ဦးချမ်းက ရုတ်တရက် စားပွဲပေါ်မှကုန်း၍ လှမ်းဆွဲလိုက်ရာ သန်းခင်၏ ဆံပင်ဘုတ်သိုက်ကလေးကို မိလေ၏။

"သေတော့မှာပါ ခင်ဗျာ"

"ဟောဒီမှာ. . . ဖေဖေ"

သန်းခင် လန့်အော်လိုက်သဖြင့် ရင်ရင်မှာ ကဗွန်းခင်းငြိသူပီပီ အော်မိအော်ရာ အော်လိုက်လေရာ အခန်းထဲမှ ဘာသံတွေပါလိမ့်ဟု နားစွင့်နေသော ဦးသန်းတို့လင်မယားမှာ ခုန်ပေါက်ထွက်လာကြလေ၏။

ဦးသန်းကို တွေ့ရသောအခါ ဦးချမ်းသည် သန်းခင်၏ဆံပင်ကို လွှတ်လိုက်၍ မတ်တတ်စုံရပ်နေလိုက်၏။ သန်းခင်လည်း မျက်နှာပိုးသတ်ကာ တထိတ်ထိတ်နှင့် ဦးသန်းကိုကြည့်နေစဉ် လှထူးမှာ ဘာမပြောညာမပြောနှင့် ပြေးတက်လာပြီး ဦးချမ်းကို ခြေခွင်ချလိုက်ရာ အဘိုးကြီးနှင့် ထိပ်ပြောင်မှာ ဘိုင်းကနဲပစ်ကျလေ၏။

"ဟေ့ လှထူး. . . မလုပ်နဲ့"

သန်းခင်ပြောလိုက်သံကို ကြားရရာ၊ လှထူးမှာ အံ့အားသင့်သွားပြီး. . . "ဒီအဘိုးကြီးနဲ့ သန်းခင်နဲ့ ဘယ်တုန်းကများ သိသလဲ"ဟု ကြံစည်ရင်း အဘိုးကြီးကို ပြန်ထူလိုက်၏။

"ဦး. . . စိတ်မဆိုးနဲ့နော်၊ ကျွန်တော်က ဗန်တိုသင်နေလို့ အကျင့်ပါသွားတာပါ။ ဗ. လ. စ ဦးချစ်သန်းသိသလား၊ ကျွန်တော်က ဗလွတ်ရွတ်တ မောင်မှန်းကျပ်လဗျာ. . ဟဲ. . . ဟဲ. . . "

လှထူးမှာ ယောင်ပေါင်၍ ချော့လိုက်သော်လည်း ဦးချမ်းမှာ သွားကိုခဲ၍ နှုတ်ခမ်းကို ဖြလိုက်လေ၏။

"တိတ်ကြ. . တိတ်ကြ. . မင်းတို့ ဘာဖြစ်ကြသလဲ၊ ငါအမှုစီရင်ပေးမယ်. . . "

ဦးသန်းက ဝင်ပြောလိုက်ရာ ဦးချမ်းက. . .

"မနေ့က ကျွန်တော် ပြောပါပကောလား၊ ဟောဒီကောင်က ကျွန်တော့်ခေါင်းပေါ်ကို ငှက်ပျောခွံပစ်ပြီးလှောင်တယ်"

"သူလား. . . ဒါပေမဲ့ မင်း သူ့ကို နားရင်းအုပ်ပြီးပြီ မဟုတ်လား ဒီ

အမှုကျေရော၊ ဒီဘက်က ကောင်ကကော. . ."

သန်းခင်၏အမှု ရောက်လာရလေပြီ။ ဦးချမ်းက ကြည့်ကာ. . .

"သူက မနေ့က ကျွန်တော့်ခြေထောက်နှစ်ဘက်ကြားထဲကို တစ်ခုခုနဲ့ ကန့်လန့်တယ်. . ."

"ဟေ့. . မောင်ရင်. . . မင်း မနေ့က ဘာကိုင်ထားသလဲ"

"ကျွန်တော် ဘာမှကိုင်မထားပါဘူး"

"ဒါဖြင့် သူ ဘာနဲ့မှ ကန့်လန့်တာ မဟုတ်ဘူး"

ဦးချမ်းမှာ မကျေမချမ်း ဖြစ်သွားပြီး. . .

"ဟာ. . . မကိုင်ထားပေမယ့် လေးဘက်ထောက်ပြီး ခေါင်းနဲ့ဝင်ကန့်လန့်တာ ဖြစ်မှာပေါ့"

"ဟာ. . မဟုတ်တာ. . ကျွန်တော် အမှန်ပဲ ပြောပါတော့မယ်. . . ကျွန်တော့်ညာဘက်ခြေထောက်ကြီး ဘယ်သွားထားမလဲခင်ဗျ. . ."

သန်းခင်စကား ကြားလိုက်ရသောအခါ ဦးသန်းမှာ မျက်လုံးပြူးသွားလေ၏၊

"ဟင်. . မင်းက မင်းရဲ့ ညာဘက်ခြေထောက်ကြီးကို ဖြုတ်ဖြုတ်ပြီး ထောင်ထားတတ်သလားကွ၊ ငါတော့ နားမလည်နိုင်အောင် ဖြစ်နေပါပကောဟေ့"

"မဟုတ်ပါဘူး. . . ကျွန်တော် ဆိုလိုတာက ကျွန်တော့်ညာဘက်ခြေထောက်နဲ့ထိုးပြီး ကန့်လန့်လိုက်တာပါ၊ သူငယ်ချင်းကို ကယ်ဆယ်တဲ့သဘောပဲ"

"ဩော် ဒီလိုလား၊ ဒါဖြင့်ရင် မောင်ချမ်းက သူ့ခြေသလုံးကို တစ်ချက်ပိတ်ကန်လိုက်"

ဦးသန်း၏စကား ဆုံးသည်နှင့်တစ်ပြိုင်နက် ခြေမြန်လှသော ဦးချမ်းက ပစ်ကန်လိုက်ရာ ငေးနေသော သန်းခင် "အလယ်လယ့်"ဟုအော်၍ ကြမ်းပေါ်အုံးထောက်လျက်ကြီး ကျသွားလေ၏။ ရင်ရင်က လှမ်းဆွဲလိုက်ရာ လက်မောင်းကိုင်မိသဖြင့် မှောက်ရက်မကျခြင်း ဖြစ်လေသည်။

ဟာမူရာဘုရင်ကြီးပုံဖမ်းနေသော ဦးသန်းက။

"ကိုင်း တော်ကြတော့၊ ကျေကျေအေးအေး ဖြစ်ကြတော့ပေါ့၊ အမှုစီရင်ပြီးပြီ"

သို့သော် ဦးချမ်းက ဦးမချမ်း ဖြစ်ချေသေးသည် တမုံ့။



"ကျွန်တော် ဝင်လာတော့ သူဒီအိမ်ပေါ်မှာတွေ့တယ်၊ ကျွန်တော်တော့ မဟုတ်မှလွဲရော ဒီကောင်ဟာ ညကတစ်ညလုံး ဒီအိမ်ပေါ်မှာရှိတယ် ထင်တာပဲ"

ဦးသန်းမှာ မျက်ခုံးပင့်၍ သူ့မိန်းမကိုကြည့်၏။ သူ့မိန်းမက မျက်လုံးပြူး၍ သူ့သမီးကိုကြည့်၏။ ရင်ရင်ကား ခေါင်းငုံ့နေလေသည်။ ဦးသန်းသည် သန်းခင်ဘက်လှည့်ကာ။

"မင်း ညက ဘယ်မှာအိပ်သလဲ"

"ဟိုအခန်းထဲက ခုတင်ပေါ်မှာ အိပ်ပါတယ်"

သန်းခင် လွတ်ကနဲဖြေသံ ကြားရသောအခါ၊ ရင်ရင်က ကပျာကယာ မော့ကြည့်မိ၏။ ဦးသန်းမှာ သူ့မိန်းမကို မျက်စ,တစ်ချက်ပစ်လိုက်ပြီး. . .

"ငါ့သမီး ဒီလောက်မိုက်မယ်လည်း မထင်ဘူး၊ မင်းတို့ ဒီလောက်လွန်လွန်ကျူးကျူး ဖြစ်နေမှန်းလည်း မသိဘူး. . မိန်းမဆိုတာ ဆိတ်ကွယ်ရာ မရှိဘူးဆိုတာ ဘယ်မှန်ပါကလား၊ အခုတော့ ဆိတ်တွင်မဟုတ်ဘူး၊ ထရံကြီးတစ်ခုလုံးကွယ်နေဟာကိုး. . ."

"ဦး. . ဦး. . . ဒါပေမဲ့. . . ကျွန်တော် ကြောင်တောင်တော်ပါတယ်ခင်ဗျာ"

"ဘာပြောတယ်ကွ"

"ဩော်. . . ကျွန်တော် ဦးရဲ့သမီးကို ဘယ့်နှယ်မှ မဘယ့်နှယ်ပါဘူးခင်ဗျာ"

"တော်ဟေ့. . . ငါ နားကြားပြင်းကတ်တယ်၊ ငါ မယုံနိုင်ဘူးကွာ၊ ကဲ. . ငါ့စိတ်ကို ရှေ့ဆက်ပြီး ထိခိုက်အောင် မလုပ်နဲ့၊ ငါလည်း မင်းတို့ကို မနှောင့်ယှက်ဘူး၊ မိရင်ရင် နင့်အဝတ်အစားတွေယူပြီး နင့်အကောင်နဲ့ လိုက်သွားတော့"

စီရင်ချက်ချပြီးသောအခါ ဦးသန်းသည် အခန်းတွင်းသို့ ဝင်သွားလေ၏။ ဒေါ်ညိမ်းသာကသာ သမီးကျောကလေးကို ပွတ်၍ချော့ပြီး. . . "နင့်ဖေဖေကို ငါချော့ထားပါ့မယ်. . . နင်တို့ ရုံးမှာလက်ထပ်ပြီး လေးရက်လောက်ကြာရင် ပြန်လာခဲ့" ဟု မှာရှာပါသည်။

ရင်ရင်မှာ ရှိုက်၍ "ဒါပေမဲ့ ဒါပေမဲ့. . ." ဟု ဆိုကာရှိသေး ကြောင်တောင်တော် သန်းခင်မှာ လျင်မြန်စွာ "ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျွန်တော် ရုံးတော်တွင်မကဘူး၊ နောက်ကျ ဦး သဘောတူလာရင် မင်္ဂလာလည်း ဆောင်ယူပါ့မယ်"ဟု ပြောလိုက်ရာ၊ ရင်ရင်မှာ တိတ်တိတ်ကလေး ရှိုက်နေလေသည်။

မကြာမီကလေးတွင်ပင် ရင်ရင်နှင့် သန်းခင်မှာ ရှေ့ကလျှောက်၍

နောက်မှထဘီသေတ္တာကြီးကို ဆွဲလာသော လှထူးကို တွေ့နိုင်ပါသည်။

"ဟော့- ကြောင်တောင်တော်၊ အခုတော့ မငတ်တော့ဘူးပေါ့နော်၊ အေး
လေ ကယ်ပါတွေတောင် လွတ်ကုန်ပြီကို"

ရင်ရင်မှာ လှထူးကို မျက်စောင်းတစ်ချက်ထိုးပြီး။

"ကိုသန်းခင် ကိုလှထူးက ထဘီတွေ ဆွဲလာတော့ ရင်ရင် ငရဲကြီးဦး
မှာလား"

"မကြီးပါဘူးဗျာ၊ ဒီငနဲက ထဘီရုတ်နေကျပါ၊ ဒီကောင် ငရဲပီးနေပါပြီ"

လှထူး ဘာမျှပြန်မပြောနိုင်မီ ရင်ရင်က ဖြတ်ပြော၏။

"ဒါထက်- ကိုသန်းခင်ရယ် ဖေဖေ တလွဲထင်တာ ရင် မခံနိုင်ဘူး
ရင်ရင်တို့ဟာ ဒီလောက်တောင် မကြုံစဖူး ထူးကဲအောင် သစ္စာစောင့်သိကြပါရက်
တနဲ့ မိဘအထင်လွဲခံရတယ်. . . ရင် စိတ်မကောင်းဘူး"

"ဒါတော့ မပူပါနဲ့ ရင်ရင်. . ရင့်ဖေဖေတွင်မကဘူး၊ တစ်တိုင်းပြည်လုံး
သိအောင် ဝတ္ထုရေးခိုင်းလိုက်မယ်လေ"

"ဩော်- ကိုသန်းခင်က ဘယ်စာရေးဆရာနဲ့ သိလို့လဲ"

"ပြည်တော်ချစ် ကြပ်ကလေးလေ. . . ဟဲ. . . ဟဲ. . . "

သွေးသောက်၊ (၁၉၅၅) ခု။
စက်တင်ဘာလ၊ အမှတ် (၁၁၆)။

□ □ □

## က

သတ္တဝါတို့အဖို့ ကံသာလျှင် ဆွေမျိုး။ ကံသာလျှင်
ဥစ္စာ ဖြစ်၏။

(အဘိဓမ္မာသုတ်)

စာရေးဆရာ 'နှပြည်စုတ်'အမည်ခံ တင်မြင့်သည် မဂ္ဂဇင်းတိုက်တစ်ခုမှ
မ်းသာအားရ ပြန်လာခဲ့သည်။ ယနေ့အဖို့ သူအမျိုးလှ၏။ မျှော်လင့်ချက်များဖြင့်
ပြည့်ဝလျက်ရှိ၏။ ထို့ကြောင့်ပင် ဝမ်းသာခြင်းအရသာကို သူနှင့်အတူနေသူ ပန်း
ချီဆရာဝင်းဖေကို ခွဲဝေပေးမည်အကြံနှင့် သုတ်သုတ်ကလေး ပြန်လာခဲ့ခြင်းဖြစ်
သတည်း။

အိမ်ရောက်သော်အခါ ဝင်းဖေ မှိုင်နေသည်ကို တွေ့ရသည်။

"ဟော့ ဝင်းဖေ၊ ဘာမှိုင်နေတာလဲကွ"

ဝင်းဖေသည် တင်မြင့်ကို မော့ကြည့်ပြီး ခေါင်းတစ်ချက် ကုတ်လိုက်
တာ. . .

"တို့ ဘိုင်ကျနေတယ် မဟုတ်လား"

ဟု ပြန်မေးလိုက်လေ၏။

"အေးလေ ဒါ ဘာဆန်းသလဲကွ"

"အေး ဘိုင်ကျတာက အနုပညာသည်အဖို့ မဆန်းပေမယ့် ကိုပွ အခုန

က လာပြောသွားတယ်”

ကိုပွနှင့် မသိန်းမြတို့လင်မယားမှာ ဤအိမ်စောင့်ဖြစ်သည်။ ဤအိမ်ကြီးကို တင်မြင့်တို့ငှားစဉ်က ကိုပွတို့လက်ထဲက ငှားရသည်ဖြစ်၍၊ အိမ်ရှင်အဘိုးကြီးကို မြင်တောင်မမြင်ဘူးကြ။ ကိုပွတို့ကား ဤခြံထဲတွင်ပင်နေကြလျက် အိမ်လခကို အိမ်ရှင်ထံသို့ သွားသွားပို့ပေးရသည်။ ခြံထဲရှိ ပန်းမာလ်များကို ရောင်းချ၍ရသမျှသောကြေးငွေကို သုံးစွဲစေ၍၊ ခြံစားများအဖြစ်နှင့် အိမ်ရှင်ကထားခြင်းဖြစ်၏။

“ကိုပွက ဘာပြောသွားသလဲ”

“တို့ အိမ်လခ မပေးတာကြာလို့ အိမ်ရှင်အဘိုးကြီး ဒေါပွပြီး ဒီညနေ သူကိုယ်တိုင်လာပြီး နှင်ချမယ်တဲ့၊ နှင်ချလို့မရရင် တရားစွဲမယ်တဲ့ကွာ”

ဝင်းဖေမှာ ပြောပြီးမှိုင်နေပြန်လေ၏။ တင်မြင့်မှာ တစ်ချက်ပြုံးလိုက်ကာ အိတ်ထဲမှ စာအိတ်တစ်ခုကို ထုတ်ပြီး. . .

“ဒီမှာ ကြည့်စမ်းပါဦးကွ”

ဟုပြောကာ စာအိတ်ကလေးကို ဝင်းဖေ၏ရှေ့သို့ ပစ်ချလိုက်လေ၏။

ဝင်းဖေလည်း စိတ်မပါ့တပါနှင့်ပင် ဖောက်ပြီးသား စာအိတ်ထဲမှ စာရွက်ကို ဆွဲထုတ်ဖတ်ရှုလိုက်၏။

ဦးလေး စာရေးလိုက်သည်- တူမောင်။

ဦးလေးသည် ဦးလေး၏အစ်မ- တူမောင်၏အမေနှင့် ခွဲခွာလာခဲ့ရပြီးမှ အထက်သို့ စိတ်ညစ်ညစ်နှင့် ထွက်သွားခဲ့ရာ၊ အခု ကျောက်တွင်းသူဌေး ဖြစ်လာရပြီ။ မိန်းမယူချင်စိတ်လည်း မရှိတော့၍၊ အမွေစားအမွေခံအဖြစ် တူမောင်သာ ကျန်ရစ်သည်။ တူမောင်ကို (၆) နှစ်သားက ခွဲခဲ့ရသည်ဖြစ်၍ မမှတ်မိတော့သည့်ပြင် ဘယ်နေမှန်းလည်းမသိ၍ စုံစမ်းရာက၊ စာရေးဆရာ ဖြစ်နေကြောင်း သိရသည်။

ထို့ကြောင့် မဂ္ဂဇင်းတိုက်သို့ လာရောက်စုံစမ်းရာ၊ တူမောင်၏နေရပ်ကိုပါ သိခဲ့ရရုံမက၊ ဓာတ်ပုံကိုလည်း မြင်ခဲ့ရသည်။ ဆင်းရဲနေကြောင်းလည်း သိရသည်။ ထို့ကြောင့် ယနေ့ညနေ အိမ်ကို လာခဲ့မည်။

ချစ်ပုံ



ဝင်းဖေမှာ စာဖတ်ပြီးမှ မျက်နှာများ ရွှင်ကြည်လာကာ-

“ဟာ- ဒါဖြင့် နိပ်တာပေါ့ကွ၊ ငါက စောစောက ဇရပ်ပေါ်မှာ သွားအိပ်ရတော့မလား မှတ်နေတာ၊ ငါ့နှယ်ကွာ တစ်နေ့လုံး စိတ်ညစ်နေတာ၊ အိမ်လခငွေသခပေးဖို့ ပေါင်စရာ ရောင်းစရာတွေလည်း မရှိတော့ဘူး၊ ဟောဒီမင့်ပုံကြီး လေလံပစ်ဖို့ဟာကလည်း မဖြစ်၊ သွေးသောက်မဂ္ဂဇင်းထဲက လမ်းကြိတ်စက်တက်နင်းထားတဲ့ ဖယောင်းတိုင်လို ဝဖြိုးနေတဲ့ သူ့တပည့် ‘လဒ’က လက်ကမြင်းချင်လို့ အတင်းထည့်လိုက်ရတဲ့- ကျက်သရေမရှိတဲ့ ‘ကြပ်ကလေး’ရဲ့ ရုပ်ပုံကြီးနဲ့ တူနေတာကိုးကွ၊ ဒီတော့ မျှောက်တစ်ကောင်သာ ဝယ်မွေးလိုက်မယ်- မင့်ပုံကို ဘယ်သူမှ လေလံဆွဲမှာမဟုတ်ဘူး”

ဝင်းဖေသည် နံရံတွင်ချိတ်ထားသော သူဆွဲထားသည့် တင်မြင့်၏ ကိုယ်ကျက်ပုံတူ တစ်ပေပတ်လည် ကားချပ်ကြီးကိုကြည့်ရင်း ပြောလိုက်သည်။

တင်မြင့်မှာ သူတရိုတသေ မှန်ဘောင်သွင်းထားသော သူ့ပုံတူကြီးကို လိုက်ကြည့်လိုက်ပြီး မျက်နှာရှုံ့မဲ့သွားသေးသော်လည်း၊ ဘာမှပြန်မချေပတော့ဘဲ။

“ဒါက အရေးမကြီးဘူး၊ အိမ်ရှင်အဘိုးကြီးလာမှာက ခက်တယ်၊ တော်ဘော်ကြာ ဦးလေးရှေ့မှာ အကြွေးတောင်းနေရင် ဝွကျကုန်လိမ့်မယ်၊ ဒီတော့ ဦးလေးပြန်သွားမှ သူလာရင်ကောင်းမယ်”

“မင့်ဦးလေး မင်း မြင်ဖူးသလား”

“ဘယ်မှတ်မိတော့မလဲကွ၊ ဒါက အရေးမကြီးပါဘူး၊ အဘိုးကြီးနောက်ကျဖို့ အရေးကို တွေးပါဦးကွ”

သူတို့နှစ်ယောက်စလုံး ကြံစည်ကြသည်။ ဘယ်လိုမှ တွေး၍မရ၊ နောက်ဆုံးတွင် တင်မြင့်သည် ခြံထဲဆင်းလာကာ ကိုပွတို့လင်မယားနှင့် စကားပြောရင်း စကားအစ်အောက်ကြည့်ရာ၊ အဘိုးကြီး၏ကားနံပါတ်နှင့် ဈေးနားက ‘ပြည်တော်ချစ်’ လက်ဖက်ရည်ဆိုင်ကို အရင်ဝင်လိမ့်ဦးမည်ဆိုသည့် အကြောင်းများကို ရခဲ့လေ၏။

ထို့ကြောင့်ပင် တင်မြင့်သည် ဝမ်းသာအားရ ပြန်တက်လာကာ-

“ဟေ့- ဝင်းဖေ၊ ငါ အကြံရပြီ၊ မင်းက အိမ်မှာ ညစာ ဦးလေးကိုကျွေးဖို့ ထမင်းဟင်းဝယ်ထား၊ ဟိုဘက်အိမ်က ပန်းကန်၊ စားပွဲခင်း၊ လက်သုတ်ပုဝါတွေဘာတွေငှားထားပေါ့ကွာ၊ ငါ ဈေးနားက အိမ်ရှင်အဘိုးကြီးကို သွားစောင့်မယ်၊ အဘိုးကြီး ပြည်တော်ချစ်လက်ဖက်ရည်ဆိုင်ကို ဝင်နေတုန်း အလစ်မှာ ငါ ကား

ဘီး လေလျှော့ထားလိုက်မယ်၊ ဒီနားမှာ လေထိုးဆိုင် မရှိဘူး၊ ဒီတော့ အဘိုးကြီး လမ်းလျှောက်လာမှာနဲ့ ဘာနဲ့ဆိုရင် တော်တော်အချိန်ရမယ်၊ ဦးလေး ပြန်သွား ဆိုရင်တော့ တို့လက်ထဲမှာ ပိုက်ဆံရှိပြီပေါ့ကွ၊ ဒီတော့ စတိုင်ခပ်တင်းတင်းနဲ့ ပေးလိုက်တာပေ့ါ"

"အေး- ဒါကတော့ ဟုတ်ပါပြီ၊ ဒီညနေ ထမင်းပွဲအတွက် ပိုက်ဆံ ဘယ်မလဲ" .

"အို- ရှိတာကလေးတွေ ပေါင်ပေ့ါကွာ"

ထို့နောက် သူတို့နှစ်ယောက် ရှိစုမဲ့စုကလေးများကို ရှာကြတော့၏။ စာရေးဆရာအသင်း အစည်းအဝေးပွဲများကိုတက်ရန် တရိုတသေသိမ်းဆည်းထား သော ရုပ်အင်္ကျီအပေါ်ဖုံးအင်္ကျီနှင့် လုံချည်များကို တင်မြင့်ကထုတ်သည်။ ဝင်း ဖေက သေဆုံးသွားရှာပြီဖြစ်သော သူ့ရည်းစား၏ အမှတ်တရရွှေရင်ထိုးကလေးကို ထုတ်သည်။ ဤသို့ဖြင့် ညစာထမင်းစားပွဲကို ကြိုဆိုကြတော့သည်။

ညနေနည်းနည်းစောင်းလာပြီ ဆိုကတည်းက တင်မြင့်သည် အိမ်နီးချင်း ထဲမှ စက်ဘီးငှားကာ ပြည်တော်ချစ်လက်ဖက်ရည်ဆိုင်နှင့် မလှမ်းမကမ်းမှ စောင့်နေလေသည်။

စောင်းနေရင်း စိတ်ကူးယဉ်လျက်ရှိ၏။

သူနေ့ခင်းက သူ့ရည်းစား တင်တင်စုဆီကို ရောက်ခဲ့သည်။ နက်ဖြန် နံနက်စာနှင့် ရုပ်ရှင်ကြည့်ရန် ဖိတ်ကြားခဲ့သည်။ တင်တင်စုနှင့် သူ့အစ်ကိုမြတ် လှိုင်တို့ နက်ဖြန်နံနက် ရှစ်နာရီခန့်လာကြမည်။ လာလျှင် သူ့ငွေးကလေး 'နံ့ပြည် စုတ်'ကို တွေ့ရချေတော့မည်။ ဝင်ငွေမမှန်၍ လက်ထပ်ရန်ကို ဖင့်လေးနေသော တင်တင်စုသည် နက်ဖြန် သူ့အခြေအနေကိုမြင်လျှင် "လာပါ-လက်ထပ်ကြပါစို့" ဟု ပြောတော့မည်။

တွေးရင်း ပြုံးမိလိုက်သည်။ သို့သော် သူ့အပြုံးမှာ ကြာမရှည်ဘဲ ရုတ် တရက် ဆန့်ကျင်ဘက်မျက်နှာထားသို့ ပြောင်းသွားသည်။

ဂျစ်ကားကလေးတစ်စီးသည် ပြည်တော်ချစ်ရှေ့၌ ထိုးရပ်လိုက်သည်။ တင်မြင့်လည်း သူ့လက်ထဲမှ စာရွက်ကလေးကို ဖြန့်ကြည့်လိုက်၏။ ကားနံပါတ် ကို ပြန်ကြည့်လိုက်ပြန်သည်။

အိမ်ရှင်ကြီး၏ကားမှ အိမ်ရှင်ကြီး၏ကား၊ ရေမရောပါ။

ဆိုင်ကယ်လေးကို ဓာတ်မီးတိုင်တွင် မှီထောင်ထားခဲ့ပြီး၊ ကားနား



မယောင်မလည် ကပ်သွားလေ၏။ ကားထဲတွင် မည်သူမျှ မရှိတော့ပေ။ သူဆိုင် ကယ်ထောင်နေစဉ်က ကိုယ်တိုင်မောင်းလာသော အဘိုးကြီးမှာ ဆင်းသွားပြီဖြစ် ၏။ တင်မြင့်သည် ဘီးလေလျှော့တော့မည်ဟု ကုန်းလိုက်စဉ် တစ်စုံတစ်ယောက် က သူ့တင်ပါးကိုလာတို့သဖြင့် လန့်ခုန်လိုက်ပြီးမှ လှည့်ကြည့်မိလေသည်။

သူဘယ်တုန်းကမှ မသိခဲ့ဘူးသော သူတစ်ယောက် သူ့ကို ပြုံးဖြီးဖြီးနှင့် ကြည့်နေသည်ကို တွေ့ရသောကြောင့်. . .

"ကျုပ်ကို ခင်ဗျားက ဦးဘဂျမ်းကာတွန်းရုပ်များ မှတ်နေသလား"

ဟု ဒေါပွပွနှင့် မေးလိုက်မှ ထိုသူမှာ ပိုပြီးရယ်လေတော့သည်။ ထို့နောက် မှ. . .

"ကျွန်တော်က လမ်းမေးမလို့ပါ၊ ဒါ ဈေးလမ်းမဟုတ်လားလို့"

"လမ်းမေးတာက ကျုပ်ကို ပြုံးပြီးကြည့်နေရင် ကျုပ်နဖူးမှာ လမ်းနာ မည်ကြီး ပေါ်လာမလား"

"မဟုတ်ပါဘူး ကျွန်တော် ပြုံးတာက ရယ်ချင်လို့ပါ"

"ဟယ် တယ်ဟုတ်ပါလား၊ ငိုချင်လို့ ပြုံးတဲ့လူများ ရှိသေးသလားဗျ"

"ကျွန်တော်က လက်တို့လိုက်လို့ ခင်ဗျား လန့်ခုန်တာ တွေ့ရလို့ပါ"

ထိုအခိုက် စောစောက ဂျစ်ကားကလေးမှာ ထွက်သွားပြီး ချက်ချင်းပင် အရောင်တူ နောက်ဂျစ်ကားကလေးမှာ ဤနေရာသို့ ဝင်ဆိုက်လာပြီး မောင်းလာ သောလူကြီးမှာ လက်ဖက်ရည်ဆိုင်ထဲ ဝင်သွားလေသည်။ ဤအဖြစ်အပျက်ကို ကျောခိုင်း၍ ရန်ဖြစ်နေသော တင်မြင့်ခမျာ သတိမထားမိရှာပေ။

"ဟုတ်တယ် ဒါဈေးလမ်းပဲ"

စကားကို တိုတိုပင်ပြောလိုက်ရာ၊ ထိုသူမှာလည်း အားနာပါးနာနှင့် ထွက်သွားတော့မှ ကပျာကယာ ပြန်လှည့်လိုက်ပြီး ဘီးကိုလေလျှော့လိုက်ကာ ဆိုင်ကယ်နှင့် ဖြတ်လမ်းမှ နင်းကန်နင်းပြီး ပြန်ခဲ့လေ၏။

အိမ်ရောက်သောအခါ သူ့ဦးလေး မရောက်သေးသဖြင့် ထမင်းပွဲပြင်ပြီး ၍ ထိုင်နေသော ဝင်းဖေကို မှာကြားနေလေသည်။

"ဟေ့- ဝင်းဖေ၊ မင်းက ခြံဝနားက စောင့်နေ၊ ငါ့ဦးလေးကို ငါ ထမင်း ကျွေးနေတုန်း မတော်တဆ ဟိုအဘိုးကြီး လာနေရင် မင်းက အသာဂုန်နီအိတ်စွပ် ဖမ်းပြီး ကားဂိုဒေါင်ထဲထည့်ထား၊ ကြိုးနဲ့တုပ်၊ ပါးစပ်လည်း စည်းထားနော်၊ မတော် တော်ကြာ အော်လားဟစ်လား လုပ်နေဦးမယ်"

ဝင်းဖေလည်း ခေါင်းညိတ်လိုက်လေသည်။

ထိုခဏ၌ပင် ကားတစ်စီးဆိုက်သံ ကြားသဖြင့် ဝင်းဖေရော တင်မြင့်ပါ ဆင်းလာခဲ့ကြလေ၏။ အောက်ရောက်သောအခါ ဂျစ်ကားပေါ်မှ ဆင်းလာသော အဘိုးကြီးအား တင်မြင့်က နှုတ်ဆက်လေ၏။

"ဦးလေးက ကိုယ်တိုင်မောင်းလာတာကိုး၊ ကျွန်တော်က ဦးလေး လာမယ်ဆိုလို့ စောင့်နေတာ၊ တော်တော်ဝေါင် ကြာသွားတယ်"

"အင်း. . . ကားက ဟိုနားကျမှ စက်နည်းနည်းပျက်နေလို့ ကြာသွားတာပါ"

ထို့နောက် ဝင်းဖေတစ်ယောက်သာ ဝင်းခြံဘေးက ခြုံပုတ်အကွယ်တွင် ကျန်ရစ်ခဲ့ပြီး တင်မြင့်ရော သူ့ဦးလေးပါ အိမ်ပေါ်ထပ် တက်လာကြလေ၏။

"ဦးလေး. . . အတော်ပဲ ထမင်းပြင်ထားပြီးပြီ"

"ဟာ. . . နေပါစေကွာ၊ ငါ မဆာလှပါဘူး"

"ဘယ့်နှယ်နေပါစေလဲ ဦးလေးရယ်၊ လာပါ၊ စားစမ်းပါ၊ ဦးလေးဖို့ ထမင်းပြင်ထားတာပဲ"

အဘိုးကြီးလည်း အာနာပါးနာနှင့် အားရပါးရ ကြိတ်လေတော့သည်။

ထိုအခိုက် လူကြီးတစ်ယောက်သည် ဂျစ်ကားကိုတွန်းပြီး ရောက်လာကာ တင်မြင့်တို့အိမ်ကို သေသေချာချာကြည့်၍ ဝင်လာခဲ့လေ၏။ ဝင်းဖေလည်း အသင့်ယူဆောင်ထားသော ဂုန်နီအိတ်ကြီးများနှင့် ထိုလူကြီးနောက်မှ ခြေသံမကြားအောင် အသာကပ်လိုက်သွားကာ၊ နောက်မှနေ၍ ဂုန်နီအိတ်နှင့် စွပ်လိုက်လေ၏။

"မအော်နဲ့- အော်ရင် သေနတ်စာ မိသွားမယ်"

သေနတ်နှင့်တူ၍ မုန်ညင်းစေ့တောင် မရှိသော်လည်း 'ဟန်ကိုယ့်ဖို့'ဟူသော စကားအရ- ဝင်းဖေသည် အသာဖမ်းချောက်လိုက်ပြီး အဘိုးကြီးကို ပစ္စည်းစုတ် ပစ္စည်းဟောင်းများထားသော ဂိုဒေါင်ထဲသို့သွင်းပြီး ကြိုးနှင့် သေသေချာချာချည်၊ ပါးစပ်ကိုပါ စည်းကြပ်ပြီး အပေါ်ထပ်သို့ တက်လာခဲ့လေ၏။

ဝင်းဖေ တက်လာသည်ကို မြင်သောအခါ တင်မြင့်က အဘိုးကြီးဘေးနားမှနေ၍ အဘိုးကြီး မမြင်အောင် မျက်စဖြင့် မေးလိုက်ရာ၊ ဝင်းဖေက ခေါင်းကို ဆတ်ကနဲလုပ်မှ စိတ်အေးသွားတော့သည်။

"ဦးလေး ဒါက ကျွန်တော်နဲ့တူတူနေတဲ့ ပန်းချီဆရာ မောင်ဝင်းဖေဆိုတာလေ"



အဘိုးကြီးလည်း ထမင်းလုတ်ကြီးကြီးကို အာပြဲကြီးနှင့်မျိုလိုက်ရာက ဝင်းဖေကို ရယ်ကြည့်လိုက်ရင်း "ဩ. . ."ဟုသာ ဆိုနိုင်လေသည်။

တင်မြင့်တို့လည်း အဘိုးကြီးကို အားရပါးရ ကောင်းမွန်စွာ ကျွေးမွေးသည့်ခဲ့ကြရာ၊ အဘိုးကြီးမှာ အတော်ပင် ကျေနပ်သွားပုံရ၏။ ထမင်းစားပြီး၍ လက်သုတ်ပြီးသည်တွင်မှ အဘိုးကြီးက. . .

"မင်းတို့ နေ့တိုင်း ဒီဟင်းမျိုးတွေနဲ့ စားကြတာပဲလား"

ဟုမေးရာ အကင်းပါးသော တင်မြင့်က. . .

"ဟာ. . . ဘိုင်ကျနေတာ ဦးလေးရာ၊ ဘယ်စားနိုင်ပါ့မလဲ၊ ဒါက ဦးလေး လာမယ်ဆိုတာနဲ့ ပြုစုချင်လွန်းတာနဲ့ ရှိစုမဲ့စုကလေး ပေါင်နှံပြီး ကျွေးမွေးတာပါ ဦးလေးရယ်"

ဟု ချွဲပြစ်ပြစ်ကလေး ပြောလိုက်ရာ၊ အဘိုးကြီး၏မျက်နှာတွင် နောင်တရသလိုလို၊ အားနာသွားသလိုလို အရိပ်အရောင်များ ပေါ်လာပြီး ချက်ချင်းပင်. .

"ဦးလာတဲ့ကိစ္စက"

ဟု ပြောနေဆဲ၊ တင်မြင့်က ကြားဖြတ်၍

"ကျွန်တော်တို့ကို တွေ့ချင်လို့မဟုတ်လား. . ."

"ဟုတ်တယ်လေ၊ တွေ့ချင်တဲ့အကြောင်းက. . ."

"မတွေ့ရတာကြာလို့မဟုတ်လား"

ဤနေရာတွင် အဘိုးကြီးမှာ ကြောင်ကြည့်နေသဖြင့် ဝင်းဖေက တင်မြင့်ကို ခေါင်းပုတ်လိုက်လေ၏။ အဘိုးကြီးက ဆက်၍ပြောလေသည်။

"ဦးလာတုန်းက အိမ်လခမပေးတာကြာလို့ နှင်ချမလို့လာတာ၊ အခုတော့ မင်းတို့က ကောင်းကောင်းမွန်မွန်ဧည့်ခံတော့ ငါ သိပ်ကျေနပ်သွားတယ်ကွာ၊ မင်းတို့ သဘောကောင်းရက်နဲ့ ဘိုင်ကျလွန်းလို့ အိမ်လခမပေးနိုင်တာကို ငါ သိရမှာကိုး၊ အေးကွာ နောက်သုံးလလောက်ကြာမှ တဖြည်းဖြည်း ဆပ်ကြပေါ့ကွာ၊ ငါ မောင်ပွတို့ကို ပြောသွားပါ့မယ်"

တင်မြင့်အဖို့ အဘိုးကြီး ဆက်ပြောသမျှကိုလည်း မကြားတော့၊ အဘိုးကြီး နှုတ်ဆက်သွားသည်ကိုလည်း ကြောင်ကြည့်နေမိကာ၊ ရင်ထဲတွင်သာ နင်းကန်ခုန်လာလေတော့သည်။ ဝင်းဖေက စကားရောဖောရော လိုက်ပြော၍သာ အဘိုးကြီး ရိပ်မိမသွားပေ။

တင်မြင့် ရင်ခုန်ခြင်းအကြောင်းကား သူကောင်းမွန်စွာ ကျွေးမွေးဧည့်

ခံနေသူမှာ အိမ်ရှင်ကြီးဖြစ်လျှင်၊ ဝင်းဖေ ကားဂိုဒေါင်ထဲတွင် ပိတ်လှောင်ထားသူကား သူ့ဦးလေး ဖြစ်ရမည်ကိုတွေးမိပြီ ဖြစ်သောကြောင့်တည်း။

"သောက်ဂျောက်တွေတော့ ကျကုန်ပါပြီကွာ"

တင်မြင့်က စိတ်ပျက်ပျက်နှင့် ညည်းလိုက်ရာ ဝင်းဖေက. . .

"ဂိုဒေါင်ထဲကအဘိုးကြီးကို ဖွင့်လွှတ်ပြီး တောင်းပန်ရရင် မကောင်းဘူးလား"

"ဟ- ငါ့ဦးလေးက သူ့ကို ဖမ်းထားတယ်ဆိုတော့ ဘယ်ကျေနပ်တော့မှာလဲကွ၊ ကဲ- မင်းပဲ ဖွင့်လွှတ်လိုက်တော့၊ ငါ တခြားသွားအိပ်မယ်၊ အဘိုးကြီးနဲ့ မင်း လိမ်ရစ်တော့၊ အဘိုးကြီး အိမ်မှားလာပုံမျိုး ဇာတ်ကွက်ဆင်ပေါ့ကွာ၊ ဒါမှ ငါ့ကိုလည်း မေတ္တာမပျက်အောင်၊ မင်းနဲ့ ငါနဲ့လည်း မသိဘူးလို့ ပြောပေါ့ကွ ဒါမှ အဘိုးကြီးက သူစိမ်းနဲ့တွေ့တော့ သိပ်ဒေါမပွသာဘူးပေါ့ကွ၊ နောက်ပြီး ငါ့ကိုသိရင် အိမ်မေးနေဦးမယ်၊ ဒီတော့ မသိဘူးသာပြောထား"

ဤသို့ ကမန်းကတန်း မှာကြားပြီးသော် တင်မြင့် လစ်လေတော့၏။ ဝင်းဖေလည်း ခပ်တည်တည်နှင့် ကားဂိုဒေါင်ကို ဆင်းဖွင့်ပြီး အဘိုးကြီးကို ကြိုးဖြည်ပေးရင်း. . .

"ဦးလေး- စိတ်မရှိပါနဲ့နော်၊ စောစောက စုံထောက်ဘက်က လာပြောထားတယ်၊ ကျွန်တော့်အိမ်ကို ဓားပြဗိုလ်ကြီး 'သန်းခေါင်နီ'ဆိုတာ လာမယ်လို့ သတင်းရတယ်ပြောလို့ ဦးလေးကို အထင်မှားပြီးဖမ်းတာပါ၊ အခုတော့ ဓားပြဗိုလ်ကြီး မိသွားပါပြီ"

ဟုပြောသော်လည်း အဘိုးကြီးမှာ မကျေနပ်လှသေးဘဲ. . .

"ဟိုကောင်ကို ငါ သေသေချာချာမှာထားတယ်၊ အခု ဒီခွေးသား ဘယ်မှာလဲ"

"ဗြော် ခွေးသားလား"

"အေး. . ."

"ခွေးသားလည်း ဝဲစားပြီး သေသွားတာ ကြာပါပကောလားဗျာ"

"ဒွတ်တေရီ. . . တကယ့်ခွေးသားကို ပြောတာမဟုတ်ဘူး"

"ခွေးအတု ရှိသေးသလားခင်ဗျာ"

"ခွေးလိုမိုက်တဲ့အကောင်ကိုပြောတာ"

"ကျွန်တော့်အိမ်မှာ ခွေးလိုမိုက်တဲ့အကောင် မရှိပါဘူးခင်ဗျာ၊ ကျွန်တော်တောင်မှ လူလိုမိုက်တာပဲ"



"နှံ့ပြည်စုတ်. . . နှံ့ပြည်စုတ်-ကိုပြောတာ"

"ဗြော် နှံ့ပြည်စုတ်ဟာ ဒီအချိန် မလာတတ်ပါဘူး၊ ဒီငှက်မျိုးက တယ်ရှားတာပဲ"

"ဟယ်- လွဲကုန်ပါပြီ၊ ဒီကောင့်လူနာမည် ငါ မေ့နေပါပြီ"

"ဒါဖြင့် ဘုန်းကြီးဘွဲ့ပဲပြောပါ"

"ဘုန်းကြီး မဟုတ်ဘူးကွ"

"မယ်သီလရှင်လည်း မဖြစ်နိုင်ပါဘူး"

"မဟုတ်ပါဘူး- လူပါ"

"အင်း. . . လူဖြစ်ရမှာပေါ့"

"ဗြော်. . . တင်မြင့်လေ. . . တင်မြင့်"

"တင်မြင့်ဆိုတာ ကျွန်တော့်အိမ်မှာ မရှိဘူးခင်ဗျ"

အဘိုးကြီးမှာ တွေသွားလေတော့သည်။ ထို့နောက် ချက်ချင်းပင် အိတ်ထဲမှ လိပ်စာရေးထားသော စာရွက်ကလေးကို ထုတ်ကြည့်ပြီး. . .

"ဒီအိမ်နံပါတ် (၂၆) မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ဗြော်. . . သိပြီ၊ အရင်က အိမ်ငှားကို ပြောနေတာထင်ပါရဲ့"

"မောင်က ဘယ်တုန်းကပြောင်းလာသလဲ"

"မနေ့ညနေကပါပဲ. . . အရင်က စာရေးဆရာတစ်ယောက်တော့ ငှားနေဖူးတယ်ပြောတယ်၊ အိမ်လခမပေးနိုင်လို့ အိမ်ရှင်က နှင်ချလိုက်ပြီတဲ့"

အဘိုးကြီးမှာ တင်မြင့်ကို သနားသွားဟန်ရှိလျက် တောက်တစ်ချက်ခေါက်လိုက်ကာ 'ဒီကောင်က ငါ့မှမပြောဘဲ' ဟု ပြောပြီး တစ်ဆက်တည်းပင်. . .

"ဒါဖြင့်ဂျောက်ပဲ၊ ကျုပ်ကားကို ဘယ်ခွေးမသား ဘီးလေလျှော့သွားသလဲမသိဘူး၊ တွန်းလာခဲ့ရတယ်၊ အခုလည်း ပြန်လို့မရဘူး၊ မှောင်တော့မယ်၊ ကျုပ်က အဲ. . . ကျုပ်က တစ္ဆေကို သိပ်ကြောက်တတ်တယ်"

အဘိုးကြီး ဤသို့ပြောမှ ဝင်းဖေတွင် အကြံရလာလေ၏။ အဘိုးကြီးဒီည ဒီမှာအိပ်လေ ကောင်းလေဖြစ်၏။ အဘယ်ကြောင့်ဆိုသော် တစ်ညလုံး အဘိုးကြီးကို လိမ့်ရလျှင် နက်ဖြန်မနက် အဘိုးကြီးသည် တင်မြင့်အပေါ် သိပ်သနားလာ၍ ငွေပေးမည်ဟု တွက်ယူမိပြီးဖြစ်၏။ ထို့ကြောင့် အဘိုးကြီး မပြန်ဖြစ်

ရန် ဉာဏ်ဆင်ရတော့သည်။

"ဟုတ်တယ်၊ လမ်းကလည်း သိပ်မှောင်တာ၊ ဟိုနားကညောင်ပင်ကြီးမှာ သရဲကြီးငနီဆိုတာ ရှိတယ်လို့ ကြားဖူးတယ်"

အဘိုးကြီးမှာ ပခုံးတစ်ချက်တွန့်လိုက်ပြီး "တော်ပါတော့ကွယ်. . . သရဲအကြောင်း မကြားပါရစေနဲ့"ဟု ပြောလိုက်ရာ၊ ဝင်းဖေကပြုံးပြီး "ကြောက်ရင်မပြောပါဘူး၊ ဒါထက် ဦးထမင်းမစားရသေးဘူးထင်တယ်၊ ကျွန်တော်လည်း မစားရသေးဘူး၊ လာ. . . သွားစားကြမယ်. . . ၊ သရဲကြောက်ရင် မပြန်နဲ့ပေါ့၊ ကျွန်တော့်အိမ်မှာပဲ အိပ်သွားပါ၊ နက်ဖြန်မှ- ဟိုလူဘယ်ပြောင်းသွားသလဲဆိုတာ စုံစမ်းပြီး ကျွန်တော်လိုက်ပို့ပေးပါ့မယ်-"ဟု လောကွတ်ချော်လိုက်ရာ အဘိုးကြီးမှာ ဟန်မလုပ်နိုင်ရှာတော့ဘဲ ဝင်းဖေနောက်မှလိုက်၍ အပေါ်တက်လာခဲ့လေ၏။

အဘိုးကြီးကို တင်မြင့်အတွက် ချန်ထားသော ထမင်းဟင်းများနှင့် ကျွေးမွေးပြီးသော်၊ ခြံဝကမော်ဇော်ကားကို ခြံထဲသို့ တွန်းသွင်းထားပြီးနောက် ဧည့်ခန်းတွင် ထိုင်ကြလေတော့သည်။ အဘိုးကြီးကား ကားကလည်း ဘီးလေမရှိ၊ သရဲကလည်း ကြောက်လှလွန်း၍ ဝင်းဖေ၏အိမ်တွင် ကျေးဇူးတင်စွာညအိပ်မည်ဟု ပြောပြ၏။ ဝင်းဖေကား ဝမ်းထဲက အလွန်ရယ်ချင်လှသော်လည်း မျက်နှာကို မှင်သေသေထားကာ စကားကို အလွန်သတိထား၍ ပြောရလေသည်။

အဘိုးကြီး (ဦးချစ်ပု) လည်း ဆေးတံကို မီးညှိဖွာရှူရင်း သူ့ရှေ့တည့်တည့်ထရံတွင် ချိတ်ထားသော ရုပ်ပုံကားများကိုကြည့်ရင်း၊

"မောင်က- ပန်းချီဆရာထင်တယ်"

"ဟုတ်တာပေါ့ခင်ဗျာ"

ဝင်းဖေလည်း သူဆွဲထားသောရုပ်ပုံများကို ကြည့်လိုက်ကာ ဂုဏ်ယူစွာနှင့်ပြန်ဖြေလိုက်ပြီး အဘိုးကြီး ကျောခိုင်းထားသော ထရံဘက်သို့ ကြည့်မိသည်တွင် မျက်လုံးပြူးသွားမိလေ၏။

ထရံမှာ သူကိုယ်တိုင်ဆွဲထားသော တင်မြင့်၏ကိုယ်ဝက်ပုံသည် သူ့ကိုပြုံးကြည့်နေသည်ဟု ထင်ရ၏။

ဦးချစ်ပုသည် သူ့ရှေ့ထရံကို ကြည့်ရာမှ တဖြည်းဖြည်း နံရံလျှောက်ကြည့်ရင်း သူ့နောက်ဘက်ထရံဘက်ကို မျက်စိရောက်လာလေရာ၊ ဝင်းဖေမှာ တင်မြင့်၏ပုံကြီးကို တွေ့သွားမည်စိုးလွန်းလာရကား၊ ကြံမိကြံရာ "ဒီမှာ ဦးလေး ဒီမှာ" ဟု ကပျာကယာ ပြောလိုက်လေ၏။



ဦးချစ်ပုသည် ဝင်းဖေက ဤသို့ အလန့်တကြား ခေါ်လိုက်သဖြင့် ချာကနဲ ခေါင်းကိုပြန်လှည့်လိုက်ပြီး ပြူးပြူးပျာပျာနှင့် "ဘာလဲ- ဘာလဲ"တု ပြန်ထူးလိုက်၏။

ခေါ်သာခေါ်လိုက်ရသည် ဘာပြောရမှန်းမသိသဖြင့် ဝင်းဖေမှာ "ဟာ- တိုဟာ. . . ဟိုဥစ္စာလေ. ... အို" ဟု ထွက်မိထွက်ရာတွေ ထွက်နေလေသည်တွင် ဦးချစ်ပုက "မောင်ရင် ဘာတွေလျှောက်ပြောနေရတာလဲ၊ ကျုပ်လည်း တစ်ခုမှ နားမလည်ဘူး" ဟု စိတ်ညစ်ဟန်နှင့် ညည်းလိုက်မှ၊ ဝင်းဖေက "နောက်တော့မှ သေသေချာချာ ပြောပြပါ့မယ် ဦးလေးရယ်" ဟု လျှော့ချလိုက်လေသည်။

ဦးချစ်ပုလည်း အူကြောင်ကြောင်နှင့်ပင် ဆေးတံကိုသာ နင်းကန်ဖွာရှိုက်ပြီး ခေါင်းကို ကုလားထိုင်နောက်မှီပေါ်သို့ မှီတင်လိုက်ရာ၊ မျက်စိရှေ့က ရုပ်ပုံများကို မြင်မိပြန်လေ၏။ ဤရုပ်ပုံများကိုမြင်ရာမှ စောစောက သူ့နောက်ဘက်ခပ်လှမ်းလှမ်းတွင် တစ်ပေပတ်လည်ခန့် လူရုပ်ပုံလိုလို တစ်ပုံမြင်မိသည်ကို အမှတ်ရလာကာ တစ်ဖန်ကြည့်ရန် ခေါင်းကိုပြန်လှည့်ပြန်လေ၏။

သူ့ကို တထိတ်ထိတ်နှင့် မျက်ခြေမပြတ် ကြည့်နေသော ဝင်းဖေမှာ ဤကဲ့သို့ ကြည့်ပြန်သည်ကို တွေ့သောအခါ ဒိတ်ကနဲ ပိုဖြစ်သွားပြီး၊ ရုတ်တရက် စားပွဲကို လက်ဝါးဖြင့် "ဘုံး. . . ဘုံး. . . ဘုံး"နှင့် ရိုက်လိုက်ရာ၊ အဘိုးကြီး ဆတ်ကနဲ ပြန်လှည့်ကြည့်သည်ကိုတွေ့မှ အဘိုးကြီးကို ကြည့်နေသော သူ့မျက်စိကို စားပွဲပေါ်သို့ ရွှေ့လိုက်ကာ "တောက်- ဖုန်တွေက သိပ်များတာကိုး" ဟု ဖုန်ခါသလို လုပ်လိုက်မှ အဘိုးကြီးလည်း ငြိမ်သွားပြန်လေသည်။

တင်မြင့် ဒီအိမ်မှာမရှိ၊ တင်မြင့်နှင့်သူမသိဟု ကြေငြာထားချိန်ဝယ် ဤတင်မြင့်၏ပုံကြီးကို အဘိုးကြီးမတွေ့ရန် ဝင်းဖေမှာ အံတော်အခက်တွေ့နေရလေတော့၏။ အကယ်၍ အဘိုးကြီး တွေ့သွားခဲ့သော် တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ် ဆိုတာမျိုး ဖြစ်သွားပေတော့မည်။ အဘိုးကြီးကို မကြာခဏ အလန့်တကြား လုပ်ရမည်ကလည်း ကြာလျှင် အဘိုးကြီး မသင်္ကာမည်ကြောက်ရ၏။

ဤသို့ ကြံစည်နေစဉ် အဘိုးကြီး၏ အမြင်ကတ်စရာကောင်းသော မျက်စိမှာ တဖြည်းဖြည်းရွှေ့ပြန်သည်တွင် ဝင်းဖေလည်း အကြံရလာတော့သည်။

"ဒီမှာ- ဒီမှာ ဦးလေး"

"ဟာ- မောင်ရင် ညတိုင်း ဒီလိုပဲ အလန့်တကြား ဖြစ်တတ်သလား"

"ဩော်. . . မဟုတ်ပါဘူး၊ ကျွန်တော် ပြောစရာရှိလို့ပါ"

"အေးပါ နောက်မှပြောမယ်မဟုတ်လား"

"အခုပြောပါ့မယ် ဒီလိုလေ၊ အခု ဦးကို ကျွန်တော် ထမင်းကျွေးတယ် ညသိပ်တယ်မဟုတ်လား"

"အေးလကွာ"

"ဒီတော့ ဦးက ကျွန်တော့်ကို ကျေးဇူးမတင်ဘူးလား. . ."

"တင်သပေါ့ကွ"

"ဒါဖြင့်ရင် ကျွန်တော့်ကို ကူညီပါ"

"ဟင်- ကူညီမှာပေါ့၊ ဘာကူညီရမလဲ"

"ကျွန်တော်က ဒီလိုလေ၊ ညကို အိပ်လို့မရတဲ့ ရောဂါရှိတယ်၊ ဆရာဝန်တွေ ဗမာဆရာတွေနဲ့ကုတာ စုံသွားပြီ၊ ဘယ်လိုမှမရဘူး၊ နောက်ဆုံး ပယောဂဆရာတစ်ယောက်နဲ့တွေ့တော့၊ သူက အိပ်ခါနီးကျရင် ဗုတ်တလုတ်တောက်တဲ့ အရိုက်ခံရမယ်လို့ပြောတယ်၊ ဒါနဲ့ပဲ ကျွန်တော့်မိန်းမကို မျက်စိပိတ်ပြီး အရိုက်ခိုင်းရတယ်၊ ထိတာမထိတာအပထား၊ ကျွန်တော့်ဝမ်းထဲမှာ ကျေနပ်လာရင် အိပ်ရတာပဲ၊ အခုတော့ ကျွန်တော့်မိန်းမဆုံးသွားတာနဲ့ ကျွန်တော်လည်း ဒီပြောင်းလာခဲ့တာ၊ ညကကျတော့ ခြံထဲက ဒီအိမ်စောင့်ကြီးခေါ်ပြီး အရိုက်ခိုင်းရသေးတယ် ဒီညတော့ ဦးက ကျွန်တော့်ကို ကူညီသောအားဖြင့် မျက်စိပိတ်ပြီး ထိအောင်ရိုက်ပါ"

ဝင်းဖေကား အဘိုးကြီးကို မျက်စိပိတ်ထားစဉ် အရုပ်ကားကြီးကို အခန်းထဲက ခုတင်အောက်တွင် ထိုးထားမည်အကြံနှင့် အတော်လုပ်ကြံ ပြောလိုက်ရလေသည်။

ဦးချစ်ပုသည် တွေတွေကလေး ဖြစ်သွားပြီးမှ "သူ့ကျေးဇူး ရှိနေမှကိုး"ဟု သဘောပိုက်ပြီး ဝင်းဖေကို ပြုံးဖြဲဖြဲနှင့် ကြည့်လိုက်၍. . .

"နည်းနည်းတော့ ရှက်စရာကောင်းသဟေ့၊ ဒါပေမဲ့ လုပ်ရတော့မှာပေါ့ကွာ"

ဟု ပြောလိုက်မှ ဝင်းဖေလည်း ဝမ်းသာအားရဖြစ်သွားကာ မျက်နှာသုတ်ပဝါငယ်ကလေးကိုယူ၍ အဘိုးကြီး၏မျက်စိကို စည်းလေ၏။ ထို့နောက် အဘိုးကြီး လုံချည်တစ်ထည်၏ အစတစ်ဘက်ကိုကိုင်ပြီး သူက တစ်ဘက်ကိုကိုင်၍ 'မြွေဆိုးလား မြွေဟောက်လား' လုပ်အပြီးတွင် ကမန်းကတန်း ခြေကိုဖော့နင်းကာ ရုပ်ပုံကြီးနား ကပ်ခဲ့လေ၏။



"ဝိုး. . . ဝိုး. . ."

အဘိုးကြီးတစ်ယောက်တည်း ရမ်းနေလေပြီ။

ဘေးလူတစ်ယောက်သာ လာမြင်မည်ဆိုပါက၊ အသက်ငါးဆယ်နားတဝိုက်က အဘိုးကြီးက ဤသို့မျက်စိစည်း၍ ချာလပတ်လည်ရိုက်နေသည်မှာ ရယ်ဖွယ်ရာပင်ဖြစ်သော်လည်း၊ ဝင်းဖေကား အဘိုးကြီးကို သတိမထားနိုင်ဘဲ ပုံကိုဖြုတ်ရန် လက်နှစ်ဘက် အမလိုက်တွင် "ဟာ- ပြုတ်သွားပြီ"ဟူသော အဘိုးကြီး၏အသံကြောင့် ဖြုန်းကနဲ ပြန်လှည့်လိုက်ရလေ၏။

မျက်နှာသုတ်ပဝါကလေးမှာ အဘိုးကြီး၏လည်ပင်းကို ရစ်ပတ်ခိုတွယ်နေလေသည်။ ဝင်းဖေလည်း ရုတ်တရက် အဘိုးကြီးက နံရံမှပုံကို သတိမထားမိစေရန်၊ သူ့ကိုယ်နှင့် အဘိုးကြီးမျက်စိကိုကွယ်လျက် အဘိုးကြီးနား ပြေးကပ်လာခဲ့ရ၏။ ထို့နောက် ခပ်တင်းတင်းကလေး ပြန်စည်းပေးထားလိုက်ကာ "မြွေဆိုးလား မြွေဟောက်လား"အပြီးတွင် ရုပ်ပုံကြီးနား ပြေးကပ်ရပြန်လေ၏။

"ဝိုး. . . ဝိုး. . ."

အဘိုးကြီး ဒုတိယမွှိရမ်းပြန်ပြီ။

ဝင်းဖေလည်း လက်နှစ်ဘက်ကို မ,လိုက်ရပြန်စဉ် ခြေသံများဆက်တိုက်ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ဦးချစ်ပုခမျာမှာ လူကိုရိုက်မိပြီအထင်နှင့် ဖွတ်တင်လိုက်သည်တွင် လူကိုမထိဘဲ သူသာ တစ်ပတ်လည်သွားကာ၊ စိုက်စိုက်စိုက်စိုက်နှင့် ဘေးကိုထိုးသွားပြီး ထရံနှင့်ခေါင်းနှင့် မပြင်းမသာ တိုက်မိလေတော့သည်။

ဝင်းဖေလည်း မနေသာတော့ဘဲ အဘိုးကြီးနား ပြေးလာကာ "နာသွားသလား ဦးလေး၊ အားတော့နာပါရဲ့၊ ကျွန်တော်ကလည်း စိတ်ထဲမှာ မကျေနပ်သေးဘူး၊ အို နေပါစေတော့လေ၊ ကျွန်တော် ဒီညမအိပ်တော့ပါဘူး"ဟု အဘိုးကြီးကို ချွဲလိုက်ရာ၊ ဦးချစ်ပုမှာ ဝင်းဖေကို သနားသွားဟန်နှင့် "အို. . . ဘာလို့ အားနာရမှာလဲ၊ ဦး တိုက်မိတာ မနာပါဘူးကွ၊ တစ်ခါထပ်ရိုက်ကြဦးစို့"ဟု ဇွဲနဘဲသန်သန်နှင့် ပြောတော့မှ ဝင်းဖေက ပြုံးလိုက်ပြီး တစ်ခါထပ်စည်းပေးပြန်လေ၏။

"ဝိုး. . . ဝိုး. . ."

အဘိုးကြီး တတိယမွှိရမ်းပြန်သတည်း။

ဤတစ်ကြိမ်တွင်ကား ဝင်းဖေသည် ပုံကြီးကို ဖြုတ်ပြီးသွားလေ၏၊ သို့သော် အိပ်ခန်းဘက်သို့သွားရန် မလွယ်ကူလှပေ။ ပုံကြီးပိုက်ရင်း အဘိုးကြီးနောက်

မှ အလစ်ဖြတ်ပြေးကာ စားပွဲအောက်ကိုလျှိုဖြတ်ပြီး ကပျာကယာ အိပ်ခန်းဘက်သို့ ထွက်ပြေးလာခဲ့၏။ ဤသို့အပြေးတွင် ခြေဖျားနှင့် စားပွဲခြေထောက်ကို ခတ်မိသွားသဖြင့် ဦးချစ်ပုလည်း အသံကြားရာ လှမ်းရိုက်လိုက်ရာ၊ စားပွဲပေါ်မှမင်အိုးကို ရိုက်မိသည်တွင် မင်အိုးကလေးမှာ အဖုံးနှင့်ကွဲကွာသွားရပြီး၊ နှစ်ပတ်သုံးပတ်လည်ကာ ဦးချစ်ပု၏ခေါင်းပေါ်သို့ ပန်းကန်ပြားပျံ၏ ရင့်ကျက်သောက္ကမြေကိုဆောင်ရင်း ဖြတ်သွားလေ၏။

ဝင်းဖေလည်း အခန်းထဲရောက်ခါစကလေး၌ပင် အပြင်မှ "ဟော့-မောင်ရင်. . . ဘယ်တောင်ရောက်နေရတာလဲ"ဟု အော်သံကြားရသဖြင့် ကပျာကယာ ပုံကြီးကို ခုတင်ပေါ်၌ တင်ထားခဲ့ပြီး ပြန်ထွက်လာခဲ့လေ၏။

"မင်းက အိပ်တောင်ပျော်နေပြီကိုး"

"မဟုတ်ပါဘူး- လက်ကိုင်ပဝါသွားယူတာပါ"

အဘိုးကြီး၏ မင်များပေကျံနေသော မျက်နှာကိုကြည့်ရင်း၊ ဝင်းဖေသည် မရယ်မိရန် အတော်အောင့်ထားရ၏။ သို့ရာတွင် အခန်းထဲမှရုပ်ပုံမှာ ကိစ္စမပြီးစီးတတ်သေးသဖြင့် မြန်မြန်ကိစ္စပြီးစီးသွားစေချင်ရကား "ဦးလေးမျက်နှာလည်း မင်တွေပေနေပါကလား"ဟု ပြောလိုက်၏။

"အေးကွာ မင်အိုးရိုက်မိလို့"

"ဒါဖြင့် ရေနဲ့မျက်နှာသစ်ပါဦး"

ပြောပြောဆိုဆိုပင် ဝင်းဖေသည် တစ်ခွက်တည်းသော မီးခွက်ကလေးကိုယူကာ နောက်ဖေးသို့ လိုက်ပို့လေသည်။ အဘိုးကြီး မျက်နှာစ,သစ်သည်နှင့်တစ်ပြိုင်နက်၊ အခန်းထဲသို့ပြန်လစ်လာကာ မီးခွက်ကို အိပ်ရာဘေးက စားပွဲခုံကလေးပေါ်တင်ထားပြီး၊ ခုတင်ပေါ်က ပုံကြီးကိုယူရန် အကပ်လိုက်တွင် သူ့နောက်မှ "မောင်ရင်ကလည်း အိပ်ချင်လှမှကိုး" ဟု ဆိုသဖြင့် ချာကနဲလှည့်ကြည့်လိုက်ရာ ဦးချစ်ပုကို တွေ့ရလေ၏။

"ဦးက ဘာကြောင့် မျက်နှာစင်အောင်မသစ်ဘဲ ကျွန်တော့်နောက်ကိုလိုက်လာရသလဲ"

"ဟင်. . . မင်းက မီးခွက်ယူလာတာကိုးကွ"

ဤတွင်မှ ဝင်းဖေသည် သူ၏လောဘမှုအများကို သတိထားမိတော့သည်။ သို့သော် ဦးချစ်ပုမှာ ခုတင်ပေါ်ကရုပ်ပုံကို မြင်ဟန်မတူသေးသဖြင့် အဘိုးကြီး၏ ရင်ဘတ်ကိုတွန်းရင်း "ဦးလေး. . အပြင်ထွက်. . . အပြင်ထွက်"ဟု အလန့်တကြားပြောရာ အဘိုးကြီးလည်း နားမလည်သလိုနှင့်ကြည့်ရင်း ကော့လန်ကော့လန်နှင့် နောက်ပြန်ကြီးထွက်ခဲ့ရ၏။ အပြင်ရောက်မှ. . .

"ဘာတွေဖြစ်ရပြန်တာလဲ မောင်ရင်ရဲ့"

"ဒီလိုပါ- ဒီအခန်းထဲမှာ ကျွန်တော့်မိန်းမအိပ်တဲ့ ခုတင်ရှိတယ်၊ ကျွန်တော့်မိန်းမက သေသွားပြီ၊ ဒီခုတင်ဟာ ကျွန်တော့်ကိုသာ မခြောက်တယ်၊ သူများကို သိပ်ခြောက်တာ၊ ဦးကလည်း ကြောက်တတ်တယ်ဆိုတော့ ကျွန်တော်က မြန်မြန်ပြန်ထွက်ခိုင်းတာပါ"

သူပြောလိုက်မှ အဘိုးကြီး တုန်လာတော့သည်။

ဝင်းဖေသည် အခန်းတွင်းမှ မီးခွက်သွားယူရန် လှည့်လိုက်သည်နှင့်တစ်ပြိုင်နက် ဦးချစ်ပုက လက်ကိုဆွဲထားပြန်သည်နှင့်. . .

"ဦးလေး. . . ဒီမှာနေလေ၊ ကျွန်တော် မီးခွက်သွားယူမလို့"

"ဟ- ငါလည်းလိုက်မှာပေါ့၊ အပြင်မှာ မှောင်နေတာပဲ"

ဝင်းဖေမှာ သက်ပြင်းချလိုက်မိသည်။ ထို့နောက်၌ အဘိုးကြီးကို အခန်းထဲခေါ်သွားရမည်ကလည်း မဖြစ်နိုင်တော့သဖြင့်၊ တုတ်ကောက်တစ်ချောင်းကိုယူကာ အပြင်မှနေ၍၊ မီးခွက်တင်ထားသော ခုံကလေး၏ခြေထောက်ကို တဖြည်းဖြည်း ချိတ်ဆွဲယူရတော့သည်။

ဤသို့ဖြင့် မီးခွက်အပြင်ရောက်လာမှ အခန်းတံခါးကိုစေ့ထား၊ အဘိုးကြီးကို မျက်နှာသွားသစ်စေရတော့သည်။

အဘိုးကြီးမှာ ဝင်းဖေကို တောက်တဲ့ကပ်-ကပ်နေလေတော့ရာ၊ ဝင်းဖေမှာ ကိုယ့်ရှူးကိုယ်ပတ်ပြီး နောက်ဆုံးတွင် တစ်ခုတည်းသော ပက်လက်ကုလားထိုင်ပေါ်တွင် အဘိုးကြီးကအိပ်ရ၍၊ အဘိုးကြီး၏ ခြေရင်းဘေးနားတွင် ဝင်းဖေမှာ ဖျာမရှိသည့်ကြမ်းပေါ်၌ ခွေခွေကလေး လဲလျောင်းနေလေသည်။ အဘိုးကြီး အခန်းထဲမဝင်ဝံ့၍ ရုပ်ပုံအရေး အေးသွားပြီဖြစ်သောကြောင့် ဝင်းဖေမှာ နှစ်ခြိုက်စွာ အိပ်ပျော်သွားနိုင်သကဲ့သို့ပင် ဦးချစ်ပုမှာ ကြောက်ကြောက်နှင့်မှိတ်အိပ်ရာ အိပ်ပျော်သွားရလေတော့၏။

သူတို့နှစ်ယောက် အအိပ်ဖိမ်မရှိသလို၊ တင်မြင့်ခမျာမှာလည်း အရသာမတွေ့ရပေ။

အိမ်က လစ်ခဲ့ရသော်လည်း ဘာဖြစ်မည်နည်းဟု တထိတ်ထိတ်နှင့် အိမ်က ဝေးဝေးမခွာနိုင်သဖြင့် မလှမ်းမကမ်း မုန့်ခေါက်ရောင်းသည့်တဲကလေးမှ

စောင့်ကြည့်မိသည်။ မုန့်ခေါက်ဆိုင်ကလေးမထွက်သည်မှာ သုံးလေးရက်ရှိသဖြင့်သာ တော်တော့၏။

အဘိုးကြီးများ ပြန်သွားမည်လား။ ဝင်းဖေပင် ပရိယာယ်နှင့် မိမိတို့ လာခေါ်မည်လား။ လာခေါ်လျှင် အလွယ်တကူဖြစ်စေရန် ဤအမိုးသာရှိ၍ အကာမရှိသော တဲကုပ်ကလေး၌ပင် စောင့်မည်။

ဤသို့တွေးနေသော်လည်း မကြာမီပင် အဘိုးကြီးနှင့် ဝင်းဖေတို့ဆင်းလာကာ ဂျစ်ကားကို အိမ်ထဲတွန်းဝင်သွားကြသည်ကို တွေ့ရသည်တွင်. . . မစဉ်းစားတတ်အောင် ဖြစ်တော့သည်။

နောက်ဆုံး၌ကား၊ တင်မြင့်မှာ ညနေစာထမင်းမစားရဘဲ၊ ဤတဲကုပ်ကလေး၌ပင် ခွေခွေကလေး လုံချည်ခြုံ၍ ကွေးအိပ်ရလေတော့၏။

နေမင်းသည် ကောင်းကင်ယံမှာ မထွက်သောအသံဖြင့် 'ရှစ်နာရီ'ဟု ကြွေးကြော်လေပြီ။

အတော်အသင့် ချောမောလှပသော မိန်းမပျိုတစ်ယောက်နှင့် ယောကျ်ားပျိုတစ်ယောက်တို့သည် ယောင်ပေယောင်ပေနှင့် လမ်းထဲဝင်လာကြသည်။ မှန်ပါသည်၊ တင်တင်စုနှင့် သူမောင်မြတ်လှိုင်တို့ ဖြစ်ကြ၏။

"နင့်ဥစ္စာက အိမ်နံပါတ်မေ့သွားရတယ်လို့၊ စိတ်ပျက်စရာကွာ၊ လမ်းကောသေချာရဲ့လား"

"လမ်းကတော့ သေချာပါတယ်၊ စာရေးဆရာကြီးတစ်ယောက်လုံးပဲ ဒီနားမှာ မေးကြည့်ရင် ရမှာပေါ့"

မြတ်လှိုင်လည်းမေးရန် လူသူလေးပါးကိုထား၍ လူသူနှစ်ပါးလောက်ကိုမျှ မတွေ့ရသဖြင့် စိတ်ပျက်နေစဉ် မုန့်ခေါက်ဆိုင်ကလေးကို မြင်မိသည်မှ မျက်နှာရွှင်သွား၍ နှိုးမေးရန် ချဉ်းကပ်သွားလေ၏။

တင်တင်စုကမူ "အို. . . ဘာလို့ အရူးတွေကို သွားမေးနေတာလဲ"ဟု ပြောရင်း ခပ်လှမ်းလှမ်းက ကျန်ရစ်ခဲ့၏။

"အရူးဆိုလည်း မမေးဘူးပေါ့ကွ၊ သူတောင်းစားများ ဖြစ်မလားလို့ပါ"

"သူတောင်းစားဆိုတော့ကော. . . သိမှာတဲ့လား"

"နို့. . . နိုင်ငံကျော်စာရေးဆရာဆို၊ သူတောင်းစားလည်း နိုင်ငံထဲမှာ နေတာပဲဟ"

မြတ်လှိုင်သည် ပြောပြောဆိုဆိုပင် "ဗျို့ ဒီမှာ"ဟု ပခုံးကိုကိုင်၍ လှုပ်ခါနှိုးလိုက်လေ၏။

အိပ်ပျော်နေသော တင်မြင့်မှာ ခေါင်းမြီးခြုံထားသော လုံချည်ကလေးကိုဖွင့်လိုက်သည်တွင် ရုတ်တရက် အလင်းရောင်ကြောင့် သူက မည်သူမည်ဝါဟု မသိနိုင်သေးသော်လည်း သူ့ကို သိနိုင်သော မြတ်လှိုင်မှာ "ဟာ. . ."ဟုဆိုကာ နောက်သို့ခုန်ဆုတ်မိ၏။ မြတ်လှိုင်၏အပြုအမူကြောင့် တင်တင်စုမှာ လန့်သွားကာ သုံးလေးလှမ်းမျှ ထွက်ပြေးမိလေသည်။

ဤတွင်မှ တင်မြင့်မှာ ရုပ်ဖမ်းမိကာ "ကိုမြတ်လှိုင်" ဟု ခေါ်လိုက်လေသည်။

"တို့[illegible]ညီစုတ်၊ ခင်ဗျားတို့ စာရေးဆရာတွေဟာ ဒီလိုပဲ မုန့်ဆိုင်ကလေးတွေမှာ အိပ်သလားဗျာ"

ဤအချိန်တွင် တင်တင်စုလည်း ချဉ်းကပ်လာပြီး. . .

"ဘာလဲ- ဒီမှာထမင်းစားရမှာလား"

ဟု ရန်တွေ့ပြန်ရာ တင်မြင့်သည် ပြုံးလိုက်၍-

"မဟုတ်ပါဘူး အိမ်မှာကျွေးမှာပါ၊ ဟော- ဟိုမှာအိမ်"

"နေပါဦးဗျာ၊ ကိုယ့်အိမ် ရှိရက်နဲ့ ဘာလို့ ခင်ဗျား"

"ခြေအို. . ဒါကတော့ စာရေးဆရာတစ်ယောက်ဟာ အတွေ့အကြုံ စုံရတယ်ဗျ"

တင်မြင့်က ကြံဖန်၍ပြောလိုက်သည်တွင် တင်တင်စုမှာ ရှုံ့သွား၍ "ဒါဖြင့် အောက်ကရေမြောင်းကြီးထဲကို မိုးခွက်တစ်ခွက်နဲ့ဆင်းပြီး ငါးဖမ်းပါဦးလား" ဟု ပြောလိုက်ရာ တင်မြင့်က "ဝတ္ထုအတွက် လိုအပ်လာရင် လုပ်ရမှာပေါ့" ဟု အားကျမခံ ပြန်ပြောလိုက်သေး၏။

နောက်ဆုံးတွင် ဧည့်သည်များကို လမ်းပေါ်တွင်ပင် ဧည့်ခံ၍ မဖြစ်သဖြင့် အိမ်ကို စွန့်စား၍ခေါ်ခဲ့ရလေသည်။ ဦးချစ်ဖုကိုတွေ့လျှင် သုံးရန်ပရိယာယ်များကိုလည်း စဉ်းစားထား၏။ သို့ရာတွင် အိမ်ရောက်သောအခါ တံခါးများ မဖွင့်သေး၍ အိမ်ဘေးပတ်လည် လှည့်ကြည့်ရာ အိမ်ခန်းပြတင်းပေါက်ပွင့်နေသဖြင့် ကျော်တက်သွားလေ၏၊ အထဲရောက်သောအခါ တစ်ယောက်မျှ အိပ်လျက်မတွေ့ရဘဲ သူ့ရုပ်ပုံကြီးကိုသာ တွေ့ရသဖြင့် အံ့အားသင့်သွားလေ၏။

ထိုအချိန်တွင် တင်တင်စုက ဒိုင်းဒိုင်းဗျက်ဗျက်နှင့် တံခါးကို ပုတ်လိုက်လေ၏၊ တံခါးပုတ်သံကြောင့် ဝင်းဖေ နိုးလာကာ တင်မြင့် ဖြစ်မည်အမှတ်နှင့် တံခါး

ကိုပြေးဖွင့်လိုက်ရာ တင်တင်စုတို့ကို တွေ့ရသည်နှင့် သူကိုယ်တိုင်အမြင်မှား... လာပြီး တံခါးကို ပြန်စေ့လိုက်၏။

"ကိုတင်မြင့် မဂ္ဂဇင်းတိုက်မှာ သွားအိပ်တယ်ခင်ဗျ"

"ဪ မုန့်ခေါက်မဂ္ဂဇင်းတိုက်ကြီးလား"

"မဟုတ်ပါဘူး"

"ဟုတ်ပါသော်ကောဗျာ"

ဤတွင် မတတ်သာတော့ဘဲ ဝင်းဖေက ရှင်းပြရလေ၏။

သူရှင်းပြနေချိန်ဝယ် ဦးချစ်ပုလည်း အိပ်ရာမှ နိုးလာလေရာ ဝင်းဖေ... မတွေ့သဖြင့် "ဒီကောင် အခန်းထဲသွားနေဦးမှာပဲ"ဟုကြံကာ နေရောင်တို... ရပြီဖြစ်၍ သိပ်မကြောက်တော့ဘဲ အခန်းဘက်သို့ ထွက်လာသည်တွင် အခန်း... မှထွက်လာသော တင်မြင့်ကို မြင်ရသောအခါ အံ့အားသင့်သွားလေ၏။

"ဟင်- ဦးလေး"

"ဟာ နှံ့ပြည့်စုတ်၊ မင်း ဘယ်မှာပြောင်းနေပြီလဲ"

"ကျွန်တော်လား၊ အိမ်လခမပေးနိုင်လို့ ကျွန်တော့် ဟဲ. . . ဟဲ. . . ကျွန် တော့်. . . ဟဲ. . . ဟဲ"

"အာလဲကွ မင့်ဥစ္စာက၊ ကျွန်တော့် ဟဲ. . . ဟဲ- ကျွန်တော့် ဟဲ. . . ဆိုတာ နဲ့ ဘာဖြစ်နေတာလဲ"

"ရှက်လို့ပါ"

"ရှက်တာကလည်း ဟဲ. . . ဟဲနဲ့ အသံမြည်သလား"

"ကျွန်တော့်ရည်းစားအိမ်မှာ သွားအိပ်တယ်၊ အခုမနက်ကျမှ ဦးလေး... များ လာသေးသလားလို့ လာကြည့်တာ၊ တံခါးပိတ်ထားတာနဲ့ အေးကကျော်တက်... လာခဲ့တာ၊ ညကတည်းက လာမလို့ဟာ သူတို့အိမ်က ကြောက်တတ်လို့ အဖေ... ကြီးတံခါးပိတ်လို့ မလာရဘူး"

"အေးကွာ- မင့်တွေ့ရတာ သိပ်ဝမ်းသာတယ်"

"ကျွန်တော်လည်း ဦးလေးအားကိုးနဲ့ သူတို့တောင် ခေါ်ခဲ့သေးတယ် ရုပ်ရှင်ပြမလို့"

"သူတို့. . . ဘယ်နှယ်. . . မင်းရည်းစားက ဘယ်နှစ်ယောက်တောင်လဲ"

"တစ်ယောက်တည်းပါ၊ တစ်ယောက်က သူ့ မောင်"

"ကဲ. . . ဒါဖြင့် ထမင်းလိုက်စားကြ၊ ရုပ်ရှင်ဖိုးလည်း ငါပေးမယ်"



"အမြင်မှာ သူတို့ ရှိကြပါတယ်"

ဤသို့ဖြင့် အားလုံးဆုံမိကြတော့သည်။ ယခုအချိန်အထိ ဝင်းဖေနှင့် တင်မြင့် ခင်မင်ကြောင်း အဘိုးကြီး မသိသေးပေ။ နေ့လယ်စာစားချိန်တွင် အဘိုးကြီးက ဝင်းဖေကို ကျေးဇူးတင်စကားပြော၍ ဂျစ်ကားနှင့် တင့်မြင့်၊ မြတ်လှိုင်၊ တင်တင်စု တို့ကို ဘုရားလိုက်ပို့သွားလေတော့သည်။ ကားဘီး လေထိုးနိုင်အောင်အထိ ကြံဆောင် ပေးခဲ့သော ဝင်းဖေက ပြုံးလျက်ကျန်ရစ်ခဲ့ပြီး တင်မြင့်၏ ကျက်သရေမရှိသောပုံ ကြီးကို ပြန်ချိတ်ထားလိုက်လေသည်။

တစ်ပတ်ခန့်ကြာသောအခါ စာတိုက်မှ စာနှစ်စောင် ဝင်းဖေထံ ရောက်လာ လေ၏။

တစ်စောင်ကား ဦးချစ်ပု၏ထံမှ ကျေးဇူးတင်ကြောင်း၊ သူ့တူတင်မြင့်၏ (၁၂) ရက်နေ့တွင် ကျင်းပမည့် မင်္ဂလာဆောင်ကို လာရောက်ပါရန်အကြောင်းနှင့် စာတစ်စောင်၊ ထိုစာနှင့်တွဲ၍ ငွေတစ်ရာတန် ချက်လက်မှတ်တစ်စောင်။

ကျန်စာတစ်စောင်ကား တင်မြင့်ထံမှဖြစ်၍။

သူငယ်ချင်းရေ. . .

ငါတို့ မသိချင်ယောင်ဆောင်ဦးကွာ၊ အဘိုးကြီး ပြန်ပြောလို့ မင်းဂျောက်ချရတာတွေ ငါသိရပြီ။ ဒီတော့ ဒါဟာ သိလျက်နဲ့ လုပ်တယ်ဆိုတာက မကောင်းတတ်လို့။ ဒါတွေကို အုပ်ထားဖို့ မင်းနဲ့ ငါနဲ့ စိမ်းနေရမယ်။ ငါ မင်္ဂလာဆောင်ပြီးမှ ခင်မင်ကြတာပေါ့။ မင်္ဂလာဆောင်ကို လာခဲ့ဦးကွ။ (၁၂) ရက်နေ့၊ အပေါင်ဆိုင်က ပစ္စည်းတွေရွေး ဖို့ ငါ ပိုက်ဆံ M.O နဲ့ ပို့လိုက်ပြီ။ ကံဆိုတာ တော်တော်အံ့ဩ ဖို့ ကောင်းတာပဲကွာ။

နှံ့ပြည့်စုတ်ပီပီ. . . အသံသာသာ။

မင်းရဲ့ချစ်ဆွေ

တင်မြင့်။

ဝင်းဖေမှာ ကြည့်နေရင်း စာရွက်ကလေးပေါ်တွင် အဘိုးကြီး မျက်စိ အဝတ်စည်း၍ ဘုတ်တလုတ်တောက်တဲ့ ကစားနေပုံကို မြင်ယောင်လာသဖြင့် ပြုံးမိလေတော့သည်။

(ကျွန်တော်၏ရေးဖော် နှံ့ပြည့်စုတ် မိန်းမ ရ,သွားပြီဖြစ်၍ ကျွန်တော်

လည်း မိန်းမယူတော့မည် ကြံစည်သည်နှင့်တစ်ပြိုင်နက် မြန်မာပြည်သို့ လာ… ရှုရှုသိထဲတွင် ဖလောတာ၏အဖေ ပါလာမည်ဟု သိကြိုးရပါသည်။ ထ… တတယ်ဆန့်ညြဖွယ်ကောင်းပါပေ၏တကား။)

**သွေးသောက်၊ (၁၉၅…)**
**မတ်လ၊ အမှတ် (၆…)**

□ □ □

## သာစမွယ်ဒိုင်

(ကြောက်တတ်သူတိုင်းသို့ ရည်ညွှန်းပါသည်။)

□

(၁)

သို့ဖြစ်သည့်တိုင်အောင်လည်း ကျော်ဆက်မှာ သူရဲဘောနည်းချေသေးသည်။

လူဆယ်ယောက်ကို တစ်ယောက်တည်း ခံရိုက်နိုင်လောက်အောင် မိုက်သွေးရှိ၏။ သရဲသဘက် အကောင်တစ်ရာလောက်ကို အေးအေးဆေးဆေး မုတ်ဆိတ်မွှေး နှုတ်ပေးနိုင်၏။ သို့ရာတွင် မလှဝင်းကိုချစ်ပါသည်ဟု ဖွင့်ပြောရမည့်အခါ၊ အသည်းနှလုံး ပြုတ်ကျသွားနိုင်လောက်အောင် ရင်ခုန်လာပြီး မျက်နှာမှာ ပြာကနဲမှိုက်ကနဲ မီးဝင်းဝင်းတောက်လာလေတော့သည်။

မလှဝင်းတွင် မိခင်မရှိတော့ပါ။ ဖခင်ကြီး ဦးသာစိန်နှင့် ဖခင်ကြီး၏နှမ ဖြစ်သူ ဒေါ်ကျော့သာ ရှိပါသည်။ အဒေါ် အုပ်ထိန်းသော မိန်းကလေး ဖြစ်၏။ ဦးသာစိန်မှာ မလှဝင်း၏ ယောက်ျားကလေး အသိများအနက် ကျော်ဆက်တို့

အခင်မင်ဆုံးဖြစ်သည်နှင့်အညီ၊ အရေးလည်း အပေးဆုံးဖြစ်၏။ ထို့ကြောင့်ဝင် ဝယ်ပြီးစ ပူပူနွေးနွေးအိမ်ကြီးသို့ ပြောင်းခါနီးတွင် "ဟော့. . မောင်ကျော်ဆက် ငါတို့ ဟိုအိမ်ကြီးကျရင် ယောကျ်ားကလေးလူငယ် မရှိလို့ မင်း လာနေစမ်းပါ"ဟု ခေါ်ခြင်းဖြစ်သတည်း။ သို့ဖြစ်သည့်တိုင်အောင်လည်း ကျော်ဆက်မှာ သူ့ရဲ့သော နည်းချေသေးသည်။ မလှဝင်းနှင့် တစ်အိမ်တည်းနေရမည့် အခွင့်အရေးကို လက် မလွှတ်နိုင်၍ ခေါ်းညိတ်ခဲ့ရသည့်တိုင်အောင် မလှဝင်းကို "ချစ်လိုက်ရတာ ခင် ရယ်" ဟု ပြောရမှာ အဝီစိငရဲက ငရဲမီးကို လက်တစ်ဆစ်လောက်ရှိသည့် ဆေး လိပ်တို့နှင့် ပါးစပ်၌တပ်၍ မီးညှိရမည်လောက် မျက်နှာလည်းပူ၏။ ကြောက်လည်း ကြောက်၏။ သူ့အကြောက်ကို မဲမတင်းသည့်အပြင် အလေးချိန် ပို၍ဖြည့်စွက် လိုက်သူကား ဒေါ်ကျော့ပင် ဖြစ်တော့သည်။

ဒေါ်ကျော့သည် မုဆိုးမဖြစ်၏။ ကွယ်လွန်သွားသော သူ့ယောကျ်ားကို အလွန်ကြောက်ရံ့သာမက၊ ချစ်လည်းချစ်သဖြင့်၊ ထိုယောကျ်ားကပါလာသောသား ချစ်ထူးကို အလွန်အရေးပေး၏။ ချစ်ထူးမှာ ဇီကုန်းတွင် သူ့အဖေ၏အမျိုးများနှင့် နေ၏။ ဦးသာစိန်က ကျော်ဆက်ကို အိမ်ပြောင်းသောအခါ အတူလိုက်ပါနေထိုင် ရန် ခေါ်ငင်စဉ်က ဒေါ်ကျော့က "အချစ်ကို ခေါ်ထားလိုက်ရင် ပြီးတာပေါ့"ဟု ဦးသာစိန် မကြားတကြား ပြောလိုက်သည်။ ဦးသာစိန်ကမူ ခပ်အေးအေးနှင့် တဖောက်ကန်းပြုတတ်သူပီပီ ဒေါ်ကျော့ပြောသည်ကို မကြားချင်ယောင်ဆောင် နေလိုက်ရကား၊ သူလက်ဦးပြောသောစကားမှာ အတည်ဖြစ်သွားရလေသည်။ ခပ်ရှင်းရှင်းရေးရလျှင်၊ ဦးသာစိန်သည် သူ့သမီးနှင့် ကျော်ဆက်ကို သဘောတူ၍ ချစ်ထူးကို တစ်ခါတလေ လာလည်သည့်ကိုပင် မကြည့်နိုင်ချေ။ သူ့နှမစိတ် မကောင်းမှာစိုး၍သာ ဖွင့်မပြောခြင်းဖြစ်သည်။ ဒေါ်ကျော့မှာလည်း သူ့တူမကို ချစ်ထူးနှင့်သာ စိတ်ညွှတ်၍ ကျော်ဆက်ကို နေ့စဉ်နှင့်အမျှ မျက်နှာချင်းမဆိုင်လို ပေ။ သူ့အစ်ကိုကြီးကို ကြောက်၍သာ ဖွင့်မပြောခြင်းဖြစ်သည်။ မလှဝင်းကိုယ် တိုင်တမူကား နေ့စဉ်နှင့်အမျှ တွေ့နေရသော ကျော်ဆက်ကို ရင်းရင်းနှီးနှီး ဆက်ဆံသလို၊ တစ်ခါတစ်ရံ တွေ့ရသော ချစ်ထူးကိုလည်း ဖော်ဖော်ရွေရွေ ရှိရှာ ၏။

□



(၂)

ရန်ကုန်မြို့တွင် လူပြတ်၍ သစ်ပင်ကြီးများ အုပ်ဆိုင်းလျက်ရှိသော လမ်းမကြီးပေါ်တွင် ဆောက်လုပ်ထားသော အိမ်ကြီးတစ်ဆောင်သို့ ကျော်ဆက် မှာ ဦးသာစိန်တို့နှင့်အတူ ရွှေ့ပြောင်းလာခဲ့သည်မှာ တစ်ပတ်ခန့် ရှိပေပြီ။

ဤညနေတွင်မူ ရုံးမှစာရေးတစ်ယောက် ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံ ရသဖြင့် ရှပ်ရှင်ပြသည်ကို ကြည့်ရှုရသည်ဖြစ်ရကား၊ အိမ်တို့ ည (၉) နာရီခွဲခန့် လောက်မှ ရောက်ရှိလာလေသည်။ အိမ်ပေါ် ရောက်ရောက်ချင်းပင် မလှဝင်းတ ဆီးကြိုနှုတ်ဆက်သည်။

"ကိုကျော်ဆက်. . မိုးချုပ်လှချည်ကလား. . လှဝင်းတောင် ထမင်းစား စောင့်နေသေးတယ်၊ ရှစ်နာရီလောက်မှ ဆာတာနဲ့ စားလိုက်ရတယ်"

"ဟာ. . . အားနာစရာကြီး မလှဝင်းရယ်၊ ကျွန်တော် မြို့ထဲက စားခဲ့ပြီ မိတ်ဆွေတစ်ယောက် ရာထူးတိုးတာနဲ့ ဘိုင်စကုပ်ပြလို့ သွားကြည့်နေလို့"

ဒေါ်ကျော့သည် အပေါ်ထပ်လှေကားမှ ဆင်းလာကာ ကျော်ဆက်ထို မျက်စောင်းတစ်ချက်ထိုး၍ ခြောက်လိုက်၏။

"ဘယ့်နှယ်တော် ဘယ်သွားမှန်းမသိ၊ ဘယ်လာမှန်းမသိ၊ အချိန်မတော် ထမင်းလည်း မကျန်တော့ဘူး၊ ဒီအိမ်မှာ လူကြီးတွေနဲ့ မိန်းကလေးတွေမဟုတ်လား အားနာဖို့ တစ်ဆိတ်ကောင်းပါတယ်"

"အားနာပါတယ်ခင်ဗျာ၊ သူငယ်ချင်းတစ်ယောက်က"

"အားနာတာကလည်း ည (၉) နာရီ (၁၀) နာရီမှ ပြန်လာရလား"

"ဟဲ့. . မယ်ကျော့၊ တယ်လျှာရှည်ပါလား။ နင့်ကို ညနေစာမှန်မှန် ပြန် စားပါ့မယ်လို့ တံဆိပ်တော်ခေါင်းကပ်ပြီး စာချုပ်ထားသလားဟဲ့. အေး. . . မောင်ကျော်ဆက်၊ နောက်ကို ညဉ့်နက်အောင်မနေနဲ့နော်၊ ခေတ်ကြီးက ပြန်ပေး ပေါ်သကွ"

"ဟုတ်ကဲ့ဦး၊ နောက်တို့ ကျွန်တော် ဆင်ခြင်ပါ့မယ်"

ကျော်ဆက်သည် မျက်နှာကြီး ပုပ်သိုးနေသော ဒေါ်ကျော့ကို ဝါတာလူ စစ်ပွဲအပြီးတွင် မြင်းပေါ်မှ စစ်တလင်းကို လှမ်းကြည့်လိုက်သော မြို့စားကြီးဝယ် လင်တန်၏ အကြည့်မျိုးနှင့်ကြည့်ကာ၊ သူ့အိပ်ခန်းသို့ တစ်လှမ်းချင်း ဝင်လာခဲ့လေ ၏။ အောက်ထပ်တစ်ထပ်လုံးတွင် ကျော်ဆက်တစ်ယောက်တည်းအိပ်တာ။ ဦး

သာစိန်၊ ဖေါ်ရွှေသွယ်၊ မယ့ညွှန်းအမြင့် အိမ်ခံစော်မှိန်းကလေးတစ်ယောက်မှာ အပေါ်ထပ်၌ အိပ်ကြလေသည်။

အခန်းထဲသို့ ဝင်မိသည်နှင့်တစ်ပြိုင်နက် ကျော်ဆက်မှာ ကြွက်သီးများ ဖြန်းကနဲ ထလာခဲ့လေသည်။ သို့နှင့် စားပွဲပေါ်မှ စားပွဲတင်မီးကိုဖွင့်ရန် အလှမ်း လိုက်တွင် အံ့အားကြီးသင့်သွားလေတော့သည်။

မှောင်ထဲပင်ဖြစ်သော်လည်း ကောင်းကောင်းမြင်ရပါသည်။

သူ့စားပွဲခုံနားဝယ် ခပ်ဖြူဖြူ လူရိပ်သဏ္ဌာန်တစ်ခုသည် ထင်ထင်ရှားရှားထိုင် နေလေသည်။ကျော်ဆက်မှာ စုံစမ်းရန် အနားသို့ကပ်သွားသောအခါ ထိုသဏ္ဌာန် မှာ အခိုးအငွေ့ကဲ့သို့ဖြစ်ပြီး ဟိုဘက်သည်ဘက် ဖောက်ထွင်းမြင်ရလုနီးနီး ပါးလွှာ သည်ကို တွေ့ရလေသည်။ ကျော်ဆက် အနားရောက်လာသောအခါ ထိုသဏ္ဌာန် သည် ခေါင်းကလေးကို ငဲ့စောင်းကြည့်ပြီး ပြုံးပြလိုက်လေသည်။

"ဟေ့. . . မင်း ဘယ်သူလဲ"

သဏ္ဌာန်သည် ပို၍ပြုံးရွှင်လာလေသည်။ အသက်မှာ (၂၄) နှစ် လောက်ပင် ရှိမည်ဟု ခန့်မှန်းရ၏။

"ခင်ဗျား. . . ကျွန်တော့်ကို မြင်တယ်နော်၊ ဝမ်းသာလိုက်တာဗျာ"

"မင်းကို ငါ မမြင်ရအောင် ငါက ကြောင်တောင်တန်းမှ မဟုတ်သဲကွ"

"အင်း. . . သတ္တိကလည်းကောင်း၊ မြင်ကလည်းမြင်. . . နေရာကျ လိုက်လေဗျာ"

"သောက်စကားကြောမရှည်နဲ့. . . မင်းဘယ်သူလဲ"

"ဒါလောက်မေးမှ ပြောရမှာပဲ၊ ကျွန်တော်သရဲဗျ"

"ဘာကွ"

"သရဲ. . . သရဲ. . ."

ကျော်ဆက်မှာငေး၍ သေသေချာချာ ကြည့်မိသည်။ သူ အရက်မူး သောက်တတ်ပါ၏။ မအိပ်ရသေး၍ အိပ်မက်လည်းမဖြစ်နိုင်။ တစ်သက်လုံးက မတွေ့ခဲ့ဘူးသောသရဲကို သူ့အခန်းထဲတွင် အေးအေးဆေးဆေးနှင့်တွေ့ရ၏။

"သရဲဆိုရင် ဘာလာလုပ်နေတာလဲ၊ ငါ့ကို ခြောက်မလို့ဆိုရင်တော့ စောစောကပြန်ရင် ကောင်းလိမ့်မယ်၊ ငါ မကြောက်တတ်ဘူးကွ"

သရဲသည် သဘောကျစွာနှင့် ရှေ့တိုးနောက်လှန် ရယ်နေသည်။ ထို့နောက် မှ ဟိုကြည့်သည်ကြည့် လှမ်းကြည့်ပြီး. . .





"အိမ်သားတွေ အပေါ်တက်အိပ်ကုန်ကြပြီ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ အေးအေး ဆေးဆေး စကားပြောရအောင်၊ ခင်ဗျားကို ခြောက်ရအောင်လာတာ မဟုတ်ဘူးဗျ၊ ကျုပ် ဒီအိမ်မှာနေတယ်၊ ခင်ဗျားတို့ ရောက်ကတည်းက အိမ်သားတွေကို ကျုပ် တစ်ယောက်စီ ကိုယ်ထင်ပြတယ်၊ ဘယ်လူမသား လူမသမီးကမှ မမြင်ဘူး ခင်ဗျားတစ်ယောက်ပဲ ကျုပ်ကို မြင်တယ်၊ ကျုပ်ကို မြင်တဲ့လူမှ ကျုပ်ပြောတဲ့ စကားကို ကြားနိုင်တာ"

ကျော်ဆက်သည် ကုလားထိုင်တွင် ဝင်ထိုင်ပြီး အလွန်နီးကပ်စွာ ထိုင်နေ သော သရဲ၏မျက်နှာကို မော်ကြည့်လိုက်၏။

"မင်းနာမည်က ဘာလဲကွ"

"ခင်ဗျားနာမည်က ကိုကျော်ဆက် မဟုတ်လား၊ ကျွန်တော် သူများခေါ် တာကြားတာနဲ့ သိနေတာ၊ ကျွန်တော့်နာမည်က သာခွေယိုင်တဲ့"

"ဟေ့. . . မင်း ငါ့ကို ခြောက်နေတာလား",

"မဟုတ်ပါဘူးဆို၊ ဘာဖြစ်လို့လဲ"

"ကြံကြံဖန်ဖန် သူ့ရဲ့နာမည်က သာခွေယိုင်တဲ့"

"ဟ. . . အဟုတ်ပြောတာဗျ၊ အထက်ကပေးတဲ့ နာမည်လေဗျာ"

"ဘယ်အထက်ကလဲ. . မြစ်ကြီးနားကလား"

"မဟုတ်ဘူးဗျ၊ ကျွန်တော်တို့ကိုအုပ်ချုပ်တဲ့ ကြီးကြီးမာစတာတွေက ပေးတာ"

သာခွေယိုင်သည် ခြေကိုချိတ်၍ဒူးနှံ့ပြီး ဆက်လက်ပြောနေပြန်သည်။

"ကျွန်တော်က လူ့ဘဝတုန်းက နေပူထဲလျှောက်ပြီး ပြန်အလာ၊ သာခွေ ယိုင်စားလိုက်တော့ အပြင်းဖျားပြီး သေခဲ့လို့ ကျွန်တော့်နာမည်က သာခွေယိုင်တဲ့"

ကျော်ဆက်သည် သဘောကျစွာ ရယ်လိုက်လေသည်။

"ဒါဖြင့်ကွာ၊ ကျောက်ပေါက်ပြီးသေတဲ့လူ သရဲဖြစ်တော့ ဘာခေါ်လဲ"

"ရှိပါသဗျာ၊ သူတို့ကစုံလို့၊ ပဲသီတာ၊ ထမင်းခြောက်၊ ငဖြူ၊ ငသေမာ၊ သရေ၊ ငလောင်မီး၊ ငမိုးနံ့၊ ငသလဲ၊ ငရေကျောက်. . . အို. . . စုံလို့ပါဗျာ၊ ကျွန် တော်လည်း မမှတ်မိတော့ဘူး"

ကျော်ဆက်သည် သာခွေယိုင်ကို သေချာစွာ စိုက်ကြည့်ရင်း. . .

"ဟုတ်မှလည်းလုပ်ပါ မောင်သရဲရယ်၊ မင်း ငါ့ကိုများ နှပ်ချနေတာလား"

"ကိုယ်ဖျောက်တိုင်း မပျောက်ရပါစေရဲ့၊ တကယ်ပြောတာပါဗျာ၊ ထို
ချစ်စုတို့များ မချစ်စုသရက်သီးစားပြီး ဓာတ်လျှော့လို့သေတဲ့သရဲဗျ"

"ကိုင်း. . . ဒါတွေထားပါဦး၊ မင်းကဘာလို့ လူတွေကို လိုက်လို့
ကိုယ်ထင်ပြရတာလဲကွ"

သာခွေယိုင်၏မျက်နှာမှာ သိသိသာသာ ညှိုးနွမ်းသွားလေ၏။ သူ
ထားသော အင်္ကျီအဖြူရှည်ကြီး၏ အောက်အနားပတ်စကို လက်နှစ်ဘက်
ပွတ်ချေနေပြီးမှ. . .

"ကျွန်တော် လူနဲ့ စကားမပြောရတာ လွှာဘဝကသေလာပြီးကတည်း
ဗျ၊ သရဲဆိုတဲ့ကောင်မျိုးဟာ အချင်းချင်း တယ်စကားမပြောချင်ဘူး၊ လူ
စကားပြောချင်လွန်းလို့ လိုက်ပြီးကိုယ်ထင်ပြတာ တစ်ယောက်မှ မမြင်
ကျွန်တော်တို့ အိမ်သားတွေဟာလည်း မမြင်ဘူး။ ဒါနဲ့ စိတ်ပျက်ပျက်နဲ့ အထ
ကိုတောင် နေရာတစ်ခု ပြောင်းရွှေ့ပေးဖို့ ပြောထားတာ၊ သူတို့က မင်းဟာ လူ
နဲ့ နီးတယ်တဲ့၊ မကြာခင် အခွင့်သင့်တော့ လူဖြစ်မှာဆိုပြီး ပြောင်းမပေး
နောက်ဆုံး ကျွန်တော်က နားပူလွန်းတော့မှ ကောင်းပြီ တို့နေရာရှာဦးမယ်၊ ဒါပေ
လူပြန်ဖြစ်ခါနီးကျတော့ မင်းကြိုက်တဲ့နေရာကို စွန့်ခဲ့ရမှာပါကွာတဲ့၊ ကျွန်တော်
က်ဆိုးတယ်ဗျာ. . . ခင်ဗျားနဲ့ စောစောကသာ တွေ့ရရင် နေရာမပြောင်းပါ
ခုတော့မှ အထက်ကို ပြန်ပြီးမပြောရဲတော့ဘူး၊ တော်တော်ကြာ ခုတစ်မျိုး ခု
မျိုးနဲ့ဆိုပြီး နားရင်းအုပ်ခံရလိမ့်မယ်"

ကျော်ဆက်သည် သာခွေယိုင်ကို ကရုဏာသက်စွာ ကြည့်နေရင်း
ခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး. . .

"မင်းကို ငါက အိပ်ပျက်ခံပြီးစကားပြောရတာ မင်းမှာတော့ အကျိုး
တာပေါ့၊ ငါ့မှာတော့ ဘာထူးသလဲကွ. . . အိပ်ပျက်တာ အဖတ်တင်တာပဲ"

သာခွေယိုင်သည် ကျော်ဆက်၏ပခုံးပေါ်သို့ လက်တစ်ဖက်တင်လိုက်
ပြီး ပြုံးရွှင်စွာပြောလေသည်။

"စိတ်ချ. . . ကိုကျော်ဆက်၊ ခင်ဗျားကျေးဇူးကိုဆပ်ဖို့ အဆင်သင့်
ခင်ဗျားဟာ မလှဝင်းကို သေလုအောင် ကြိုက်နေတယ်မဟုတ်လား"

ကျော်ဆက်၏မျက်နှာကြီးမှာ ခြေထောက်ကို ထုပ်၍ချည်ပြီး တွဲလောင်း
ချခံရသကဲ့သို့ နီမြန်းသွားလေ၏။

"ထွတ်တေရီ. . . ဘယ်ကဟုတ်ရမှာလဲ"



"ဟဲ. . ဟဲ- မရှက်ပါနဲ့ဗျာ၊ သရဲနဲ့ လူပဲဟာ၊ ကျုပ်က သူများလျှောက်
ပြောရအောင်ဟာလည်း တော်ရုံလူ ကျုပ်ကိုမှ မမြင်တာ ကျုပ်ပြောတာ ကြားရ
မလားဗျ၊ ခင်ဗျား ကြိုက်နေပါတယ်"

ကျော်ဆက်သည် ဦးခေါင်းကို သွက်သွက်ခါရမ်းလိုက်လေ၏။

"မဟုတ်ပါဘူး. . . ဆွေမျိုးလို ခင်တာပါကွ"

"အောင်မယ်၊ ဆွေမျိုးလိုခင်တဲ့ လူလားဗျာ. . . တစ်နေ့ညက အိပ်ရာ
ပေါ်မှာ ဟင်းကနဲသက်ပြင်းချပြီး. . . ဩော်. . မလှဝင်း. . . မင်းတယ်လှပါက
လားကွာ-လို့ ညည်းတာလေ"

အတော်လည်သော သာခွေယိုင်ဖြစ်သည်။ ကျော်ဆက်မှာ ငြင်း၍မရ
တော့သည်နှင့် လေသံပျော့သွားလေသည်။

"ငါက ကြိုက်ပါပြီတဲ့ကွာ. . . ကလေးမကို မပြောရဲဘူးကွ"

"ဒီလိုပြောပါဗျ. . . ခင်ဗျားကသာကြောက်နေတာ၊ ကောင်မလေးက
ခင်ဗျားကို ကြိုက်နေပါတယ်ဗျ၊ တစ်နေ့နေ့လည်က သူ့အခန်းထဲမှာတစ်ယောက်
တည်း၊ ဓာတ်ပုံစာအုပ်ကြီး ကြည့်နေပြီး၊ ဟို- ဇီးကုန်းကအကောင်ပုံကိုကြည့်ရင်း
ခေါင်းကို ခါတယ်ဗျ"

ကျော်ဆက်၏ရင်တွင်းဝယ် တဒိတ်ဒိတ်နှင့် ဝမ်းမြောက်သလိုလို ဖြစ်
လာသော်လည်း၊ စိတ်မအေးသောဟန်နှင့်. . .

"ဒါနဲ့ ဘာဆိုင်သလဲကွ. . .၊ ငါ့ကို ကြိုက်တာမှ မဟုတ်ဘဲ"

"ပြောမယ်လေ. . . ခင်ဗျားပုံကိုမြင်တော့၊ အို. . . ခင်ဗျားသာ ခေါ်ပြ
လိုက်ချင်တာပဲ၊ သူ့မျက်လုံးကြီးတွေဟာလေ အချစ်ရည်တွေရွှန်းပြီး အိရွဲရွဲကြီးနဲ့
စိုက်ကြည့်နေလိုက်တာ၊ နောက် ဘာညည်းတယ်မှတ်သလဲ"

"ဘာညည်းသလဲ"

"ဟင်း. . . တဲ့"

"ဟာ. . . ဒါက ဖိနပ်နဲ့ချချင်လို့ ဖြစ်မှာပေါ့"

"ဘယ်ကဟုတ်ရမှာလဲ၊ သူ့ရင်ထဲမှာ အချစ်သွေးတွေ ဗလောင်ဆူလာ
တော့၊ ဒီလူကလည်းနော် ဘယ်တော့မှ ငါ့ကို ချစ်ရေးဆိုလာမှာလဲလို့ မချင့်မရဲဖြစ်
တဲ့သဘောဗျ"

"တော်ပါတော့၊ အချစ်အဘိဓမ္မာ ကိုရွှေသရဲရယ်"

"ကျွန်တော့်ကို သရဲ-သရဲနဲ့ မခေါ်ပါနဲ့ဗျ၊ ကျွန်တော့်နာမည် သာခွေ

ယိုင်ပါ၊ နက်ဖြန် စနေနေ့ မဟုတ်လား၊ ခင်ဗျား ရုံးကပြန်လာရင် ကောင်မလေး ချစ်တင်းဆိုပေတော့၊ မုချ ခင်ဗျားကို ပြန်ကြိုက်မှာပဲ၊ ကျုပ်ကတော့ ကျေးဇူးအထ ဆပ်ရမှာပဲ၊ ဒီတော့မှ လူ့ဘဝမြန်မြန်ပြန်ရောက်မှာ၊ သေသေချာချာ မှတ်ထား နက်ဖြန်ခါ ခင်ဗျား ချစ်တင်းမဆိုရင် ခင်ဗျားကို ကျုပ်ချောက်ချရလိမ့်မယ်၊ ဒေ ဇူးတော့ မရရအောင် ဆပ်မှာပဲဗျို့"

အသံသည် တိမ်သွားသဖြင့် ကျော်ဆက်မော့ကြည့်လိုက်ရာ၊ သာခ ယိုင်၏ အရိပ်သဏ္ဌာန်သည် တဖြည်းဖြည်းမှုန်မွှားသွားပြီး အခိုးအငွေ့ပမာ ရှ စင်ပျောက်ပျယ်သွားလေတော့သည်။

ကျော်ဆက်မှာ လေးလေးနက်နက်တွေးတောနေရာမှ အိပ်ရာထဲတ ခြင်ထောင်ချပြီး အိပ်ချလိုက်လေတော့၏။

❑

(၃)

စနေနေ့၏နံနက်ခင်းသည် မွေးခါစကလေးကဲ့သို့ ရယ်မောနေပေ သည်။

ကျော်ဆက်သည် အိပ်ရာမှနိုးသောအခါ၊ ညကအဖြစ်အပျက်တို့သည် အိပ်မက်ပမာ ဖြစ်နေလေ၏။

"ဟေ့- သာခွေယိုင်"

မကျယ်တကျယ် ခေါ်လိုက်သော်လည်း၊ သရဲနှင့်တူသည်ကိုထား၍ ဆေးလိပ်ငွေ့ကိုသော်မှ မမြင်ရချေ။

ကျော်ဆက်သည် ခေါင်းကိုတစ်ချက်ကုတ်လိုက်ပြီး အိပ်ရာမှ ထလိုက် လေသည်။

"ကိုကျော်ဆက် နေမကောင်းဘူးထင်တယ်၊ ည ယောင်သံတွေကြား တယ်"

ထမင်းပွဲတွင် မလှဝင်းက မေးလေသည်။ ကျော်ဆက်က ဘာမျှမပြော နိုင်မီ၊ ဒေါ်ကျော့ကဝင်ပြော၏။

"အခု ဆေးရုံကြီးက သိပ်အပြုအစုကောင်းတယ်ဆိုပဲ"



"အပြင်ဆေးတိုက်တွေဟာလည်း မှီလိုပေါက်နေတော့ ဆရာဝန်တွေ အိမ်ပင့်ရလွယ်လိုက်တာ လွန်ရော"

ဦးသာစိန်၏စကားဆုံးသွားမှ ကျော်ဆက်ကပြုံး၍ "ကျွန်တော် ဘာမှ မဖြစ်ပါဘူး၊ နေကောင်းပါတယ်" ဟု ပြောလိုက်မှ ထမင်းပွဲသည် ငြိမ်သွားလေ တော့သည်။

တစ်မနက်လုံး ရုံးအလုပ်တွင် စိတ်မဝင်စားနိုင်တော့ဘဲ ကျော်ဆက်မှာ ညကအဖြစ်ကိုသာ တွေးနေမိလေသည်။ ရုံးဆင်းသောအခါ အင်္ဂလိပ်မဂ္ဂဇင်းစာ အုပ်ဝယ်ခဲ့၍ အိမ်ပြန်လာခဲ့လေ၏။ အိမ်ခန်းထဲသို့ရောက်၍ အဝတ်အစားလဲပြီး မဂ္ဂဇင်းထိုင်ဖတ်မည်ပြုစဉ် အခန်းဆီးကိုမ,၍ မလှဝင်း ပေါ်ပေါက်လာလေ၏။

"ကိုကျော်ဆက် စာအုပ်ကိုင်လာတာတွေ့လို့ လိုက်လာတာပဲ၊ ဘာစာ အုပ်လဲ၊ လှဝင်းကော မကြည့်ရဘူးလား. . . "

ပြောပြောဆိုဆို မလှဝင်းသည် အခန်းထဲဝင်လာကာ ကျော်ဆက်အနား ၌ လာရပ်လေ၏။ ကျော်ဆက်မှာ ရေမွှေးဖြန်းထားသော ပန်းပင်အုပ်ထဲသို့ လေး ဘက်ထောက် ပစ်ကျသွားသကဲ့သို့ မွှေးကြိုင်သော ဂန္ဓာရုံဝယ် နစ်မျောသွားပြီးမှ မတ်တတ်ရပ်လိုက်လေသည်။

"ကြည့်ရပါတယ်. . ရော့လေ. . . ယူသွား"

အိုးကမပူသော်လည်း ဒန်ပေါက်ချက်၍လားမသိ၊ စလောင်းက ပူရှာ၏၊ သို့သော် မလှဝင်းကမူ ချက်ခြင်းထွက်မသွားသေးဘဲ စားပွဲပေါ်၌ပင် စာအုပ်ကို လှန်လှောကြည့်နေလေသည်။

ငါးမိနစ်သည် မြွားပစ်သကဲ့သို့မြန်၏။

ကျော်ဆက်သည် ဘာမျှမပြောနိုင်ဘဲ၊ ခပ်ကိုင်းကိုင်းကလေး စာအုပ် ကြည့်နေသော မလှဝင်း၏ကိုယ်ခန္ဓာကို ကသိုဏ်းရှုနေရာမှ တစ်စုံတစ်ခုကြောင့် အာရုံပြောင်းသွားလေသည်။

ထိုတစ်စုံတစ်ခုကား မလှဝင်း၏အနီးမှ အခိုးအငွေ့များ စုရုံးဖြစ်ပေါ် လာကာ တဖြည်းဖြည်းနှင့် သာခွေယိုင် ပေါ်လာခြင်းဖြစ်၏။

"ဟေ့လူ. . . ပြောလဗျာ. . ပြော. . . ပြောပါဗျ"

"သူတို့ဆီက တိုက်ကြီးတွေက သိပ်မြင့်တယ်နော်. . . ကိုကျော်ဆက်"

"မရဲဘူးကွ"

မလှဝင်း၏ မျက်လုံးကလေးများမှာ ပြူးကျယ်သွားကြ၏။

"ဘာပြောတယ် ကိုကျော်ဆက်"

"ဩော်. . . ကျွန်တော်သာ ဆေးတက်သုတ်ရရင် မရဲဘူးလို့ တွေးနေမိလို့ပါ"

မလှဝင်းသည် စာအုပ်ကို ဆက်လှန်နေစဉ် သာခွေယိုင်က ပြောပြန်၏။

"ပြောလဗျာ. . . မပြောရင် ခင်ဗျားနဲ့ ကျွန်တော်နဲ့ အသိပဲ"

"ဘာမှသိစရာမလိုဘူး၊ ငါ့အခန်းထဲ မလာဘဲ နေချင်သပဆိုရင် ငါဝမ်းမနည်းဘူး"

မလှဝင်းသည် ဇတ်ကနဲ ခေါင်းထောင်ကြည့်လိုက်၏။ မျက်နှာမှာလည်း ရဲရဲတောက်နေလေသည်။ စာအုပ်ကို ဇတ်ကနဲပစ်ချလိုက်ကာ၊ ချာကနဲ လှည့်ထွက်သွားလေ၏။ ကျော်ဆက်မှာ လက်ကြီးနှစ်ဘက်ဆန့်တန်းရင်း မလှဝင်းနောက်သို့ လိုက်ရမလိုလို၊ စားပွဲပေါ်မှ စာအုပ်ကြီး ကောက်ကိုင်ရမလိုလို ဖြစ်နေပြီးမှ စိတ်ထဲဝယ် ထောင်းကနဲ ဖြစ်သွားကာ သာခွေယိုင်၏အဝတ်များကြားမှ ကွတ်ကွက်ကလေးပေါ်နေသော မျက်ခွက်ကြီးကို စွတ်ထိုးလိုက်လေသည်။ သို့သော်-မီးနိုးကိုထိုးရသကဲ့သို့ လေထဲဝယ် လက်သီးကြီးမှာ တွယ်ရာမရှိဘဲ လွင့်ပါးလေရာ ကျော်ဆက်မှာ ကြမ်းပေါ်သို့ ဝုန်းကနဲ လေးဘက်ထောက် ပစ်ကျသွားလေ၏။

သူ့သမီး မျက်နှာမကောင်းဘဲ ထွက်လာစဉ်ကတည်းက ဦးသာစိန်မှာ 'ဘာများဖြစ်ကြသလဲ' သဘောနှင့် ကျော်ဆက်၏အခန်းဆီးကို မပြီးကြည့်နေရာ ကျော်ဆက် ဤကဲ့သို့လေထဲ၌ လက်သီးဆုပ်ကြီးတန်းပြီး လေးဘက်ထောက်ကုန်းချလိုက်သည်ကို တွေ့ရသောအခါ၊ အံ့အားလည်းသင့် ရယ်လည်းရယ်ချင် ဖြစ်သွားလေ၏။

"ဟဲ့. . . ဟဲ့. . . မောင်ကျော်ဆက်၊ ဘာပြုလို့ ကြမ်းပေါ်ကို လေးဘက်ကြီးကုန်းထောက်ရတာလဲကွ"

ကျော်ဆက်မှာ ပျာပျာသလဲ ပြန်ထလိုက်လေ၏။

"ဩော်. . . ဦး၊ ကျွန်တော်ငယ်ငယ်က သဲအိတ်ထိုးတာသတိရလို့ ပြန်ထိုးကြည့်တာပါ၊ မကျင့်တာကြာလို့ ကိုယ့်ကိုယ်ကို မဟန်နိုင်ဘဲ လဲသွားတာပါ"

ဦးသာစိန်က အခန်းဆီးကို ပြန်ချလိုက်မှ ကျော်ဆက်သည် သာခွေယိုင်ဘက် လှည့်လိုက်လေ၏။ သာခွေယိုင်မှာ သဘောကျစွာ ရယ်မောနေလေသည်။

"ကျွန်တော် မပြောဘူးလား၊ ကျွန်တော် ကျေးဇူးဆပ်ချင်လို့ ခင်ဗျားတို့ကို မညားညားအောင် လုပ်မယ်လို့"



"မင်းကြောင့် ငါ့အချစ်ကလေး စိတ်ဆိုးသွားရပြီ"

"ဒါက ခင်ဗျား ရှော်လို့ဗျ၊ ကျွန်တော့်ကို သူမြင်တာမှ မဟုတ်ဘဲ ခင်ဗျားကို ကျုပ် ပြောသားပဲ၊ ရဲရဲသာ ပြောပါဆို"

"ငါ ကြောက်တယ်ကွ"

"ပွဲမဝင်ခင် အပြင်က ကျင်းပရတယ်၊ ကောင်မလေးကို ခင်ဗျားတောင်းပန်လိုက်ရင် ကျေမှာပဲ၊ တောင်းပန်ပြီးတာနဲ့တစ်ပြိုင်တည်း ဆက်ပြီးရည်းစားစကား ပြော ပါဗျ"

ကျော်ဆက်မှာ ခေါင်းအကြီးအကျယ် ရှုပ်သွားလေတော့သည်။

"ဘယ်လိုတောင်းပန်ရမလဲ၊ ဘယ်လိုပြောရမလဲ"

"ကျုပ်ပြောပါပကောလား၊ ပွဲမဝင်ခင် အပြင်က ကျင်းပရတယ်လို့ ကဲ. . . ကျုပ်သင်ပေးမယ်၊ ကျုပ်ကို မလှဝင်းလို့သဘောထားပြီး ခင်ဗျားက အမူအရာလုပ်၊ ကျုပ်သင်ပေးတာလိုက်ဆို. . . ပြီးရောပေါ့"

"ကဲ. . . လုပ်စမ်းကွာ"

ကျော်ဆက်သည် သာခွေယိုင် ခိုင်းသလို ဒူးနှစ်ဘက်ထောက်၍ လက်နှစ်ဘက်ကို ဆန့်တန်းလေ၏။

"ကဲ. . . လိုက်ဆို၊ ဝင်းရယ်. . . မောင်လေ နေကောင်းကောင်း မကောင်းလို့ ကယောင်ချောက်ချားတွေ ဖြစ်နေတာကို သည်းခံပါ ဝင်းရယ်"

ကျော်ဆက်သည် တစ်လုံးမကျန်မှတ်၍-

"ဝင်းရယ်. . မောင်လေ မောင် နေတောင်းကောင်း မကောင်းလို့"

"မောင်ကျော်ဆက်. . . ဘာလုပ်နေပြန်တာလဲကွဲ့"

ဦးသာစိန်ကြီး ပေါက်လာပြန်ရာ ကျော်ဆက်မှာ ကပျာကယာ မတ်တတ်ရပ်လိုက်ရလေ၏။

"ဩော်. . . ဦး၊ ဟဲ. . . ဟဲ"

"ဟား. . . ဟား"

ဦးသာစိန်ကပါ ရောရယ်လေ၏။

"ဟဲ. . ဟဲ. . . စာရေးအလုပ်က လခနည်းလို့၊ ရုပ်ရှင်ထဲဝင်မယ် ကြံနေတာပါ"

"အာ. . ဟား. . . ဟား၊ မလုပ်ပါနဲ့ကွာ၊ အစိုးရအလုပ်ပဲ တောင်းပါတယ်၊ လောဘမကြီးပါနဲ့"

ဦးသာစိန် ပြန်ထွက်သွားသောအခါ သာခွေယိုင်က "ညနေစောင်းမှာ စွဲရင်စွဲ၊ မစွဲရင် ချောက်ချဦးမှာပဲ၊ ညနေကျရင် ခုနပြောသလို တောင်းပန်ပေါ့"ဟု ပြော၏။

"တောင်းပန်တာ ဟုတ်ပါပြီ၊ ရည်းစားစကားကကော"

"ကျွန်တော် လာသင်ပေးမယ်"

သာခွေယိုင်ပျောက်သွား၏။ ကျော်ဆက်က တောင်းပန်နိုင်ရင် တောင်းပန်ပြီးစွဲအောင်လုပ်။ မလုပ်နိုင်လျှင် သာခွေယိုင်က ချောက်ချဦးမည် ကြိမ်းသွားသည်။ ဒုက္ခများတုန်လာသည်။ သရဲကို ရည်းစားလောက် ရင်းနှီး၍ ရည်းစားကို သရဲလောက် ကြောက်ချေသည်တမုံ့။

□

(၄)

ထမင်းပွဲသို့ရောက်သောအခါ မလှဝင်းမှာ ကျော်ဆက်ကို ကြည့်လည်း မကြည့်၊ စကားလည်းမပြောဘဲ ထမင်းကိုသာ ငုံ့စားနေလေ၏။ ကျော်ဆက်မှာလည်း ထမင်းကိုမစားနိုင်တော့ဘဲ တစ်လုတ်နှစ်လုတ်သာစားပြီး ဧည့်ခန်းသို့ ထွက်လာခဲ့လေသည်။ ဧည့်ခန်းတွင် သတင်းစာဖတ်ချင်ယောင်ဆောင်၍ မလှဝင်းကို တောင်းပန်ရန် မလှဝင်းထွက်အလာကို စောင့်နေလေသည်။

မကြာမီ မလှဝင်းသည် ထမင်းစားပြီး၍ အပေါ်ထပ်သို့တက်ရန် သုတ်သုတ်သုတ်နှင့် ထွက်လာလေ၏။

"သွားလေ. . . မြန်မြန်သွားတောင်းပန်"

သာခွေယိုင်၏အသံ ကြားလိုက်သည်နှင့်တစ်ပြိုင်နက်၊ ကျော်ဆက်မှာ ရုတ်တရက် ဘာကိုမျှမစဉ်းစားနိုင်တော့ဘဲ ကပျာကယာထသွား၍၊ မလှဝင်းရှေ့၌ ဒူးထောက်ချလိုက်ရာ၊ မလှဝင်း၏ လာလမ်းတွင် ထောက်မိလျက်သားကြီးအဖြစ်၌၊ မလှဝင်းမှာ အရှိန်မသတ်နိုင်ရကား၊ ရှေ့သို့ ကုန်းကုန်းကြီး လဲကျလေ၏။

"လာကြပါဦး၊ မလှဝင်းရဲ့ဒူးကို ခေါင်းနဲ့ ကုန်းတိုက်သတော့"

နောက်မှလိုက်လာသော ဒေါ်ကျော့၏အော်သံကြောင့် ဦးသာစိန်လည်း ပြေးထွက်လာလေ၏။ မလှဝင်းမှာမူကား၊ ဘာမျှမပြောဘဲ အပေါ်ထပ်သို့ တက်



သွားလေ၏။

ကျော်ဆက်သည် ဒေါ်ကျော့ကို ညှိုးငယ်စွာကြည့်ရင်း မတ်တတ်ရပ်လိုက်ပြီး. . .

"ကျွန်တော် နေကောင်းကောင်းမကောင်းလို့ ဒေါ်ဒေါ်ရယ်၊ ဒူးထောက်လျက် လဲကျသွားတာပါ"

"နိဝ်ဟ. . . တောင်မလေး၊ တောင်းပန်ပါဆိုမှ ကောင်မကြီးကို သွားတောင်းပန်နေတယ်"

သာခွေယိုင်၏အသံကို ဦးသာစိန်ကမူ မကြားနိုင်ပါ။

"အေးကွာ. . ဆေးလေးဘာလေးစားဦး"

ဦးသာစိန် ပြန်လှည့်အထွက်သွားတွင် ဒေါ်ကျော့သည် ကျော်ဆက်ကို မျက်စောင်းကြီးတစ်ချက်ထိုးပြီး လိုက်ထွက်သွားရန် လှည့်လိုက်၏။

"ကမြင်းမကြီး သဘောပုတ်ဦးဟ"

သာခွေယိုင်သည် ကြားကမခံမရပ်နိုင်ဖြစ်ကာ ဒေါ်ကျော့၏ဖင်ပိုးကို ဖစ်အုပ်လိုက်ရာ၊ ဒေါ်ကျော့မှာ ရှေ့သို့ဟပ်ထိုးကြီး ဖြစ်သွားလေတော့သည်။

"အမယ်လေးတော့. . . ဖင်ပိုးကိုအုပ်တယ်"

ဦးသာစိန်သည် ချာကနဲ ပြန်လှည့်လိုက်ရာ၊ ကျော်ဆက်မှာ မျက်စိမျက်နှာပျက်စွာနှင့်ပင်. . . "ကျွန်တော် ဘာဖြစ်တယ်မသိဘူး ဦးရယ်၊ မိုက်ကနဲ-မိုက်ကနဲဖြစ်ပြီး ဒေါ်ဒေါ့်ဖင်ပေါ် ခေါင်းနဲ့ထိုးကျတာပဲ၊ ရိုက်တာမဟုတ်ပါဘူး"ဟု ဖြေပြောရလေ၏။

ဒေါ်ကျော့ ဒေါသထွက်သလောက်၊ ဦးသာစိန်မှာ ပျာပျာသလဲဖြစ်ကာ "ဒါဖြင့် ဆေးကုမှပေါ့၊ လာ. . . လာ အိပ်ခန်းထဲကို၊ ဒီညတော့ အိမ်မှာရှိတဲ့ သွေးဆေးပဲသောက်နှင့်၊ မနက်ကျရင် ဆရာဝန်ခေါ်မယ်. . . "ဟု ပြောပြီး ကျော်ဆက်ကို တွဲခေါ်သွားလေ၏။

ညဘက်ရောက်သောအခါ၊ အဘိုးကြီးသည် တစ်ညလုံး ကျော်ဆက်ကို လာစောင့်အိပ်သဖြင့် သာခွေယိုင်မှာ စကားလာပြီးမပြောသာချေ။ ကျော်ဆက်မှာလည်း စကားမပြောချင်။ နောက်ကို ဆက်လက်ချောက်ချမှာကို စိုး၏။ မလှဝင်းနှင့် ဝေးသည်ထက် ဝေးပြီးမုန်းကိုလည်း ရိပ်မိပေပြီ။ သရဲမင်း စောင်မမှ ထောင်လုံးလုံးကျနေရချေ၏။

အပေါ်ထပ်မှ ဒေါ်ကျော့မှာလည်း မလှဝင်းကို မာန်မဲကြိမ်းမောင်းတာ

"နှင်တို့သားအဖနဲ့တော့ ငါ နေလို့မဖြစ်တော့ဘူး. . . နက်ဖြန်ကို ဝါဇီးကုန်းသွား တော့မယ်"ဟု ဆိုလေသည်။ မလှဝင်းခမျာမှာကား ဘာကိုမျှ ပြန်မပြောဘဲ ထော နက်စွာ စဉ်းစားနေ၏။

သူက ဤမျှလောက် ကျော်ဆက်ကို အရေးပေးသော်လည်း၊ "ငါ့အခန်း ထဲ မလာဘဲနေချင်သပဆိုရင် ငါ ဝမ်းမနည်းဘူး"ဟု ရင့်ရင့်သီးသီးပြောဆိုသည် ကို တွေးမိတိုင်း ရင်ထဲတွင် ဆို့ဆို့သွား၏။ ထိုမျှမကသေး ညနေကလည်း အတော် ဝင်ဖက်၏။ (ဒူးထောက်သည်ကို ဖက်သည်ဟု ထင်မှတ်ခြင်း ဖြစ်လေသည်) အခေါ်ကိုလည်း ဇက်ပိုးအုပ်သေးသည်။ ကြားလိုက်ရသောအသံမှာ၊ ခေါင်းနှင့် တိုက်မိသံမဟုတ်၊ လက်ဝါးနှင့်ရိုက်သံဖြစ်ကြောင်း မလှဝင်း ရိပ်စားမိပါသည်။

တွေးရင်းတွေးရင်း ကျော်ဆက်ကို စိတ်နာလာရာ မျက်ရည်များ စီးကျ လာတော့သည်။ ဤမျက်ရည်များသည်ပင် ကျော်ဆက်၏အားကိုးရာများ ဖြစ် တော့သည်။ မလှဝင်းတွင် ကျော်ဆက်ကြောင့် ကျစရာ မျက်ရည်ခန်းမှ ကျော် ဆက် မျှော်ချက်ကင်းပြီ ဆိုရမည်ဖြစ်၏။

ကျော်ဆက်မှာလည်း ညဦးနက်မှ အိပ်ပျော်ရာ၊ နောက်တစ်နေ့နံနက် (၉) နာရီခန့်တွင်မှ အိပ်ရာမှ နိုးလာလေတော့သည်။

□

(၅)

အိပ်ရာမှနိုးနိုးချင်း ဘေးဘီလျှောက်ကြည့်ရာ၊ ညက ဦးသာစိန်ထိုင် သော ပက်လက်ကုလားထိုင်တွင် ဦးသာစိန်အစား၊ သာခွေယိုင်သည် အခန့်သား ထိုင်နေသည်ကို တွေ့ရ၏။

"ဩော်. . . နိုးပလား၊ အဘိုးကြီးတော့ မနက် (၆) နာရီလောက်က ထသွားတယ်၊ အခု ဆရာဝန် သွားခေါ်နေတယ်၊ ဒါထက်- ဒီနေ့တော့ ခင်ဗျား ပွတာပဲ၊ အဖွားကြီး လစ်ပြီ"

"ဘယ်ကိုလစ်တာလဲ"

"ဇီးကုန်းကိုလို့ ပြောသံကြားတာပဲ. . . အခုဆို ကောင်မလေးနဲ့ ဟိုမိ ခွေးမပဲရှိတယ်. . . အချိန်ရှိခိုက် လုံ့လစိုက်စမ်းပါ"



"တော်ပါတော့ သာခွေယိုင်ရာ၊ ငါ့ကို ချောက်မချပါနဲ့တော့"

"ချောက်မချတော့ပါဘူး၊ ဟောဒီမှာကြည့်စမ်း. . . ဒါ ဘာလဲ"

ကျော်ဆက်သည် သာခွေယိုင်၏လက်ထဲကို ကြည့်လိုက်ရာ၊ မလှဝင်းကို သူတစ်ခါကပေးထားခဲ့သော သူ့ဓာတ်ပုံဖြစ်ကြောင်း တွေ့ရလေ၏။

"ငါ့ဓာတ်ပုံ ဘာလို့ယူလာသလဲ"

"အသာနေပါ သူ လူမရှိရင် အကြောင်းပေါ်မယ်၊ ခင်ဗျားကို ထကယ် ချစ်ရင် ဓာတ်ပုံကြည့်ဦးမှာပဲ၊ သောက်ရေးမစိုက်ရင်တော့ ဓာတ်ပုံပျောက်တာ သိမှာမဟုတ်ဘူး၊ ဓာတ်ပုံပျောက်တာသိရင်၊ ခင်ဗျားကိုလည်း စိတ်မကုန်ဘူးဆို ရင်၊ ဓာတ်ပုံကိုရမယ်ရှာပြီး စကားလာပြောလိမ့်မယ်၊ ရော့ ယူထား၊ ဟိုမှာဆရာ ဝန်လာပြီ"

ကျော်ဆက်မှာ ဓာတ်ပုံလှမ်းယူလိုက်စဉ်၊ သာခွေယိုင် ပျောက်သွား၏။ ဓာတ်ပုံကို ခေါင်းအုံးအောက်ထားလိုက်ပြီး၊ ပြန်အမော့လိုက်တွင် ဦးသာစိန်နှင့် ဆရာဝန်တို့ ဝင်လာကြလေ၏။

ဆရာဝန်မှာ စမ်းသပ်ကြည့်ပြီး "ဘာရောဂါမှ မရှိပါဘူး၊ အားနည်းနေ တာပါပဲ၊ ကလူးကို့စ်သောက်ပေး၊ နွားနို့စစ်စစ်လည်း သောက်ပါ၊ တော်တော်ကြာ ရင် သောက်ဖို့ဆေးပို့ခိုင်းလိုက်မယ်"ဟုပြော၍၊ မကြာခင် ပြန်သွားလေ၏။

ထိုနေ့ကား မလှဝင်းအချစ်၏ မှတ်ကျောက်တင်ရာနေ့ဖြစ်ရကား၊ ကျော် ဆက်မှာ ရင်တထိတ်ထိတ်နှင့် ဖြစ်နေလေတော့သည်။

နေလုံးကြီးသည် ကောင်းကင်ပေါ်သို့ တွန်းတက်လာရာမှ၊ မတတ်နိုင် တော့သည့်အလား တဖြည်းဖြည်းလျှောကျလာလေရာ၊ အနောက်ဘက် သစ်ပင် အုပ်များကြားဝယ် တွဲလွဲကြီးဖြစ်နေလေ၏။ သို့တိုင်အောင် မလှဝင်း၏အရိပ် အယောင်ကို ကျော်ဆက် မတွေ့ရရှာပါ။ မလှဝင်းတွင်သာမက သာခွေယိုင်ပါ ပျောက်ချက်သားကောင်းနေလေသည်။

ထိုခဏ၌ပင် သူ့အနားဝယ် သာခွေယိုင် ပေါ်လာ၏။

"ခင်ဗျားတော့ချောက်ပဲ"

"ဘာဖြစ်လို့လဲ. . . ကောင်မလေးက မုန်းသွားပြီလား"

"မသိဘူးလေ. . . ကျုပ်တစ်နေ့လုံး မရှိဘူး၊ အဖွားကြီးနောက် လိုက် ကြည့်တာ၊ သူ့လင်ပါသား ပါလာပြီဗျ၊ သူ အဲတော်နားသွင်းလာတာ၊ ဟိုငနဲတို့ အဘိုးကြီးကိုအချောခိုင်းတယ်၊ အခုလည်း အဘိုးကြီးအတွက် လက်ဆောင်တွေနဲ့

ကန်တော့ဖို့ ကားကြုံနဲ့ လိုက်လာပြီဗျ"

ကျော်ဆက်မှာ မျက်နှာပျက်သွားရှာလေသည်။

"ဒါဖြင့် ဒုက္ခပေါ့၊ အခုလို ကောင်မလေးနဲ့ ငါနဲ့ မျက်နှာကြောမတည့် တုန်း ဖြူဖြူဆို ဟိုကောင် ရောက်လာရင်. . ."

"သိပ်လည်းပူတော့မနေပါနဲ့ဗျာ၊ ကျွန်တော်တစ်ယောက်လုံး ရှိသေး ပဲဟာ၊ ခင်ဗျားတစ်ခုတော့ ကံကောင်းတယ်ဗျို့၊ ဟိုကောင်က ကျုပ်ကိုမြင်တယ် ကျုပ် ကိုယ်ယောင်ပြကြည့်တာ၊ ဟော အမေ. . ဟိုမှာ ဖြူဖြူကြီးလို့ ပြောသံကြား လို့ ကမန်းကတန်း ကိုယ်ပြန်ဖျောက်လိုက်ရတယ်၊ ပြောရင်းဆိုရင်း လာကြ

သာခွေယိုင် ပျောက်သွားသည်နှင့်တစ်ပြိုင်နက် အိမ်ရှေ့တွင် ကားဆိုက် သံကြားရလေသည်။ မလှဝင်းနှင့် ဦးသာစိန်တို့သည် ဧည့်ခန်းသို့ ထွက်လာကြ သည်။ ကျော်ဆက်မှာ မလှဝင်းမျက်နှာမှ မြင်ရပါစေတော့ဟူသောစိတ်ကူးဖြင့် ဧည့်ခန်းသို့ ထွက်လာခဲ့လေသည်။

ဒေါ်ကျော့သည် ရွှင်ပြစွာ ရှေ့ကဝင်လာ၏။ သူ့နောက်မှ အထုပ် လေးကိုင်ကာ ချစ်ထူးသည် ခေါင်းကလေးငုံ၍ ပါလာလေသည်။ မလှဝင်းသည် သူ့အဒေါ်ကို ပြေး၍ဖက်၏။ ဦးသာစိန်ကား၊ ချစ်ထူး၏ ရိုသေကျိုးနွံသောဟန်ကို မြင်လိုက်ရသောအခါ၊ အံ့အားသင့်သွားပြီး ကျော်ဆက်ကို တစ်ချက်လှည့်ကြည့် လိုက်၏။ ကျော်ဆက်အဖို့ကား မျှော်လင့်ချက်တောင်ကြီး ပြိုကျသွားလေပြီ။

ချစ်ထူးသည် ဦးသာစိန်ကို ရိုသေစွာမော့ကြည့်လိုက်၏။ ထိုခဏ၌ ဦး သာစိန်၏ရှေ့မှ မီးခိုးများပေါ်ထွက်လာကာ တဖြည်းဖြည်းစုသွားပြီး မားမားမတ် မတ်ရပ်နေသော သာခွေယိုင်ကို ကျော်ဆက်တွေ့လိုက်ရစဉ်၊ ချစ်ထူးမှာ ဖြူတူး ပြဲတဲ ဖြစ်သွားပြီး. . . သရဲ. . . သရဲ. . . ဟု လက်ညှိုးထိုး၍ အော်လိုက်လေ၏။

ဦးသာစိန်မှာလည်း ဖြူတူးပြဲတဲ ဖြစ်သွားကာ သူ့ကိုယ်သူ ငုံ့ကြည့်စဉ် သာခွေယိုင်မှာ ပျောက်သွားလေသည်။ ဤတွင်မှ ချစ်ထူးမှာ ဦးသာစိန်ကို အားနာ စွာ ကြည့်ရင်း. . .

"စိတ်မဆိုးပါနဲ့ ဘကြီးရယ်၊ မျက်စိထဲမှာ ဖြူဖြူကြီးတွေ့လို့"

"မင်း ထုံးအိတ်တွေ ကြည့်လာပြီထင်တယ်"

"မဟုတ်ပါဘူးခင်ဗျာ၊ ခရီးရောက်မဆိုက် ဦးတို့မေတ္တာကြောင့် ဘေး မသီရန်မခဘဲရောက်လာလို့ ဦးကို ကန်တော့ရမယ်"

ပြောပြောဆိုဆို ချစ်ထူးသည် လက်ထဲမှပစ္စည်းကို ဦးသာစိန်လက်ထဲ



ထည့်ရန် ကပ်အလာတွင်၊ ရုတ်တရက် သာခွေယိုင်ပေါ်လာကာ၊ ဦးသာစိန်လက် ကို လက်သီးနှင့် ပစ်ထိုးလိုက်လေ၏။ ချစ်ထူးကလည်း 'သရဲ'ဟုအော်ကာ ဖက်လုံး လေရာ၊ သာခွေယိုင်ပျောက်သွားပြီး ဦးသာစိန်ကို ဖက်လုံးမိရကား၊ အဘိုးကြီးနှင့် လူငယ်မှာ ကြမ်းပေါ်တွင် လိမ့်သွားကြလေ၏။

"ဟဲ့. . . ဟဲ့. . . "ဟုအော်ရင်း ဒေါ်ကျော့သည် ဗရုတ်ဗရက်အနားသို့ ကပ်လာစဉ်၊ တစ်စုံတစ်ယောက်က ဗိုက်ကို ခြေထောက်နှင့် ကန်လိုက်သကဲ့သို့ ဖြစ်သွားပြီး 'အင့်'ကနဲ ပစ်လဲလေရာ၊ ကျော်ဆက်ရော မလှဝင်းကပါ ပြေး၍ထွေး ဖက်လိုက်၏။

"ကိုကျော်ဆက်. . . ဖေဖေ့ကို ကြည့်ပါဦး"

မလှဝင်းက တောင်းပန်တော့မှ၊ ကျော်ဆက်သည် ချစ်ထူးကို ဂုတ်မှဆွဲ ထူလိုက်၏။ သို့သော် သူက ဘာမျှမလုပ်ရမီ၊ သာခွေယိုင်က ကြားကဝင်၍၊ ချစ်ထူးကို ဖြန်း. . . ဖြန်းနှင့် ပါးချသွားလေ၏။

ဦးသာစိန်လည်း ပြန်ထလာကာ၊ ချစ်ထူးကိုကြည့်ရင်း. . . "မင်းက ငါ့ ကို လက်သီးနဲ့ထိုးတယ်ပေါ့လေ"ဟု မေးလိုက်လေသည်။

"မထိုးရပါလားခင်ဗျာ"

"မင်းနဲ့ ငါနဲ့ နှစ်ယောက်တည်းရှိတာ၊ မင်းကမထိုးရင် ငါ့မေစေ့ကြီးက မင့်လက်သီးဆီကို ပြေးလာပြီး တိုက်ရမှာလားကွ၊ သွား. . ဆင်း. . . မင်းမျက်နှာ ငါမကြည့်ချင်ဘူး၊ ငါ့ကို သရဲလို့ခေါ်ပြီး နပမ်းလည်းချသေးတယ်"

ထိုခဏ၌ ဒေါ်ကျော့သည် ထထိုင်လိုက်၏။

"ခွေးလောက်မိုက်တဲ့အကောင်၊ ငါက ကောင်းစေချင်လို့လုပ်တာ၊ ငါ့ ကိုလည်း ခြေထောက်နဲ့ဆီးကန်တယ်. . . သွား. . နင်နဲ့ငါနဲ့ အပြတ်ပဲ"

ဤသို့ဖြင့် အခြေအနေမှာ မရှင်းမရှင်းနှင့်ပင်၊ ချစ်ထူးမှာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေ၏။ ဦးသာစိန်နှင့် ဒေါ်ကျော့တို့လည်း ခရီးသွားပစ္စည်းများ ယူဂုဏ် အပေါ်ထပ်တွင် ခွေးမ၏အကူအညီဖြင့် နေရာချနေကြလေ၏။

ဧည့်ခန်းတွင်ကား. . .

"ကိုကျော်ဆက်ဟာ သဏ္ဌာရှပနဲ့ လက်လည်းဆော့တယ်နော်"

"ဘာဖြစ်လို့လဲ"

"ကိုယ့်အပြစ်ကိုယ် မသိဘူးလား"

"အဟုတ်ပါ. . . မသိလို့ပါ"

"ခါတ်ပုံလေ. . ."

"ဪော်. . . ဒါလား. . ."

"ဟော့. . . ခဏနေဦး၊ ကျွန်တော် သင်ပေးမယ် လိုက်ဆို"

ကျော်ဆက်မှာ သာခွေယိုင် သင်ပေးသလို ဆိုရလေ၏။

"ဒါကတော့ အဝင်းရယ်. . . အဲ. . . အဝင်းကမှ မချစ်တော့ဘူးဆိုတော့ ကိုယ့်ပုံကိုယ် ပြန်ယူရ. . . ပြန်ယူရတာပေါ့၊ အဲ. . . အဲ. . အဝင်းဟာ ဒီပုံမြင်. . ဒီပုံမြင်ပြီး. . . ပြီး. . . ပိုပြီး-ဒေါသထွက်နေ ထွက်နေရင်. . . အဲ. . . အလှတွေ ပျက်နေမှာပေါ့"

"ဟင်. . . ကိုကျော်ဆက် စကားပြောတာ သဘာဝလည်းမကျဘူး"

"ဒါ. . . သူသင်တဲ့အတိုင်းပဲ"

"ဘယ်သူ သင်တာလဲ"

ကျော်ဆက်မှာ ယောင်ထွက်သွားခြင်းသာဖြစ်၍ မနည်းပြန်အုပ်ရ၏။

"သူလေ. . . သူပေါ့"

ပြောပြောဆိုဆို မလှဝင်းအား လက်ညှိုးထိုးပြစဉ် သာခွေယိုင်က နောက်မှတွန်းလိုက်ရာ၊ တစ်ခါတည်း ပွေ့ဖက်ပြီးသား ဖြစ်သွားလေ၏။

"လွှတ်ပါရှင်. . . ဖေဖေတို့ မြင်ကုန်လိမ့်မယ်"

"ကဲ. . . ကိုကျော်ဆက်၊ ကျုပ် ကျေးဇူးဆပ်ပြီးပြီ၊ အခုနကပဲ အမိန့်ကျတယ်၊ ကျွန်တော် နေရာရွှေ့ရတော့မယ်၊ တာ့တာဗျို့. . . သွားပြီ"

သာခွေယိုင်မှာ မှိန်၍ကွယ်သွားပါပြီ။

"ဪော်. . သာခွေယိုင်"

"ဘာလဲ. . . ကိုကျော်ဆက်"

"ဪော်. . . ဟိုဟာပါ၊ မလှဝင်းရဲ့အသားကလေးက နူးညံ့လွန်းလို့. . . ကျွန်တော်တော့. . . သာ. . ခွေ. . ယိုင်. . ."

ကျော်ဆက်စကားမဆုံးမီ မလှဝင်းက ရင်ဘတ်ကိုတွန်းလိုက်ရာ၊ ကျော်ဆက်မှာ ပက်လက်ကြီး လန်ကျသွားလေ၏။

သူတို့၏ ပထမသားဦးကလေးကို "သာခွေယိုင်"ဟု မှည့်ထားလျှင်၊ စာရှုသူတို့ကမူ အဓိပ္ပါယ်သိမည်ဟု ထင်ပါ၏။

သွေးသောက်၊ (၁၉၅၆) ခု၊
မတ်လ၊ အမှတ် (၁၂၂)။

□ □ □

# ကျွဲမလား မကဘူးလား ဆပ်က

(တ-ည-က-သ (S.P.C.A) သို့ ရည်ညွှန်းပါသည်။)

"ဟာ. . . လာကြ. . . လာကြ. . . ဘယ်တုန်းက ရောက်ကြသလဲ"

ကျွန်တော်သည် 'မက်သဒစ်ကဖေး'၌ မိတ်ဆွေများကို လက်ဖက်ရည်တိုက်ရင်းက ဝင်လာသော စစ်သားနှစ်ယောက်ကို လှမ်းခေါ်လိုက်ပါသည်။

တစ်ယောက်မှာ ကိုမင်းဒင်ဖြစ်၍ တစ်ယောက်မှာ- ကိုမြင့်ဆွေဖြစ်ပါ၏။ နှစ်ယောက်စလုံးမှာ ကျွန်တော်၏ ငယ်သူငယ်ချင်းများဖြစ်၍ သူတို့နှစ်ယောက်စလုံး စစ်ထဲဝင်သွားကြသောအခါ၊ ကျွန်တော်မှာ ပေမမှီ၍ စစ်ထဲမရောက်ဘဲ ကျောင်း၌ဆက်နေရပါသည်။

ထိုင်မိလျှင် ထိုင်မိချင်း. . . ကိုမင်းဒင်က "ခင်ဗျားကိုရှာနေတာ အတော်ပဲ၊ အခုတွင် သွေးသောက်မဂ္ဂဇင်းတိုက်မှာ ဝင်မေးတော့ ခင်ဗျားက လက်ဖက်ရည်ပွဲ ကျင်းပနေတယ်လို့ ပြောလိုက်လို့ လိုက်ရှာတာလေ၊ နေစမ်းပါဦး. . . ဆယ်နှစ်ရာသီ ဘိုင်ကျနေတဲ့လူကများ လက်ဖက်ရည်တိုက်တယ်ဆိုလို့ လူကြားလို့မှ မယုံနိုင်စရာဗျာ ဘာအကြောင်းကြောင့် တိုက်ကာလဲ"ဟု မေးသဖြင့် ကျွန်တော်မှာ မနေသာတော့ဘဲ လက်ဖက်ရည်ပွဲ ကျင်းပရခြင်း၏ အကြောင်းရင်းကို ရှင်းပြရလေတော့သည်။

"လက်ဖက်ရည်ပွဲအကြောင်း ရှင်းပြရမယ်ဆိုရင်- ဒီလိုလေ. . . [illegible] သုတ်- ဇော်သမယ်- လွတ်လပ်ရေးအောင်ပွဲနေ့တုန်းကပေါ့၊ သမ္မတကြီးက ဘွဲ့ [illegible] ဆိပ်တွေ ချီးမြှင့်တယ်မဟုတ်လား၊ သရေစည်သူတို့ ဝဏ္ဏကျော်ထင်တို့ ဘာတို့ ညာတို့ပေါ့ဗျာ. . .၊ ဒီတော့ ကျွန်တော့်မိတ်ဆွေ သင်္ဂဟတွေက ဝိုင်းမေးကြတယ် ခင်ဗျားလို နိုင်ငံကျော်တဲ့ လူကြီးလူကောင်းတစ်ယောက်ကိုတော့ ဘွဲ့ထူး မချီးမြှင့်ဘူးလားဗျာလို့ ဝိုင်းဝိုင်းမေးကြတော့ ကျွန်တော်လည်း ရှက်လာတာပေါ့ဗျ"

ဤနေရာတွင် ကိုမြင့်ဆွေက ကြားကဖြတ်၍ ပြောလိုက်ပါသည်။

"ခင်ဗျားရှက်တာ ဒီတစ်ခါပဲ ကြားဖူးသေးတယ်"

ကျွန်တော့်မှာ အောင့်သက်သက်နှင့် မချိမဆန့် ရယ်လိုက်ရပါတော့၏။

"ဒါနဲ့- ငါ့တော့ ဘယ်သူကမှ ချီးမြှင့်မှာမဟုတ်ဘူး၊ ငါ့ဟာငါ ချီးမြှင့်မှပဲလို့ အကြံရလာပြီး ဒီလက်ဖက်ရည်ပွဲနဲ့ ကိုယ့်ဘာသာကိုယ် ဘွဲ့ထူးချီးမြှင့်ပွဲ လုပ်ရတာပေါ့ဗျ"

"နေပါဦး. . . ခင်ဗျားဘွဲ့ထူးက ဘာတဲ့တုန်းဗျ"

"သီရိမ္ဗာအသောက ကြပ်ကလေးလေဗျာ"

ကိုမင်းဒင်သည် အားရပါးရ ရယ်လိုက်ရင်း ခေါင်းကလေးကို တဆတ်ဆတ်ညိတ်လိုက်ပါသည်။

"အင်း. . . နီးပြီ. . . နီးပြီ"

"နာမည်ကျော်ဖို့လား"

"ဘုန်းပိသေဖို့"

"ဟာ- ဘာလို့ ဘုန်းပိသေရမှာလဲဗျ၊ ကျွန်တော်အနှစ်သက်ဆုံးဖြစ်တဲ့ သူရဲ့နာမည်ကို မပျောက်ပျက်အောင် ထိန်းသိမ်းထားတာဗျ၊ တက်ဘုန်းကြီး သိန်းဖေတောင် သူ့မိခင်ကြီးကို အမှတ်တရသဘောနဲ့ သိန်းဖေမြင့်လို့ နာမည်ပြောင်းလိုက်သေးတာပဲ၊ ကျွန်တော်လည်း သာသနာပြုမင်းကြီး အသောကရာဇာကို ဂုဏ်ပြုတဲ့သဘောပေါ့ဗျ"

"သီရိမ္ဗာအသောကရာဇမင်းကြီးကတော့ ရေတွင်းတူးတာပဲ၊ ခင်ဗျားကတော့. . ." ဟု ကိုမင်းဒင်က ပြော၍မဆုံးမီ ကိုမြင့်ဆွေက "သူကတော့ ချီးပိုက်ဆေးမှာပေါ့ဗျ" ဟု ပြောလိုက်ရာ၊ ဝိုင်းရယ်ကြသော်လည်း၊ ကျွန်တော်တစ်ယောက်မှာမူ ရှုံ့မဲ့သွားရပါတော့သည်။

သို့ဖြင့်. . . စကားကို လမ်းလွှဲစေရန်၊ စကားစ,ရှာ၍ ပြောရပြန်တော့၏။



"ဒါထက်. . . စောစောက ခင်ဗျားတို့ ကျွန်တော့်ကို လိုက်ရှာတယ်ပြောတယ်"

"ဟုတ်တယ်လေ. . ."

"ဘာကိစ္စရှာကြတာလဲ"

"ကိစ္စကတော့ ကျွန်တော်တို့ အထက်မြန်မာပြည် တစ်နေရာမှာ တိုက်ပွဲဝင်တုန်းက ဖြစ်ပျက်ခဲ့ကြတာ ပြောပြမလို့. . ."

"ဆိုစမ်းပါဦး. . ."

"အဖြစ်က အံ့ဩစရာလည်းကောင်းတယ်၊ ရယ်စရာလည်း ကောင်းတယ်ဗျ၊ ခင်ဗျား ဝတ္ထုရေးချင်ရင် အတော်ပဲ၊ ခင်ဗျားတို့လို ဟာသရေးတဲ့လူနဲ့မှ ကိုက်တာ"

"အောင်မယ်လေးဟဲ့- နိဒါန်းကလည်း ရှည်တော်မူလိုက်တာ၊ ခပ်မြန်မြန်ပြောစမ်းပါ"

"ပြောတာပေါ့ဗျာ၊ ကျွန်တော်တို့အဖြစ်က ပြောပြရင် ခင်ဗျား ယုံမှာတောင် မဟုတ်ဘူး"

"ဩော်. . . ပြောစမ်းပါဆိုမှ၊ စကားတံကလည်း ရှည်လံဒေထမေဘန္တေ ဖြစ်နေပြန်ပါပြီ"

"ပြောပါ့မယ်ကွာ. . . လက်ဖက်ရည် သောက်ပါရစေဦး"

ကိုမင်းဒင်မှာ တောင်းပန်လေ-ကမ်းတက်လေနှင့် (၃၇) မင်းထက်ပင် ဆိုးနေလေရာ၊ သူသေလျှင် အားလုံး(၃၈) မင်း ဖြစ်သွားမည်ဟု ထင်မိ၏။

လက်ဖက်ရည်သောက် မုန့်စားပြီးသည်တွင်မှ ကိုမင်းဒင်သည် သူ့အဖြစ်ကို စ,ပြောပါတော့သည်။

"ကဲ. . . နားထောင်ပေတော့ သီရိမ္ဗာအသောက ကြပ်ကလေးရယ် အောင်မယ်လေးဟဲ့- နာမည်ခေါ်ရတာ မောလိုက်တာ၊ ကျွန်တော့်အဖြစ်က ပြောပြရင် ယုံနိုင်စရာတောင် မရှိပါဘူးဗျာ"

"တော်ပါတော့ ဒီနိဒါန်းတွေ စကားပလ္လင်တွေ"

"တော်ပါပြီဗျာ၊ တော်ပါပြီ၊ ဒီလိုလေ- ကျွန်တော်တို့က အရှေ့တက် ဝေလီဝေလင်း. . မနက်သုံးနာရီလောက်ပေါ့ဗျာ. . . ရန်သူ့စခန်းကို ဝင်စီးဖို့ ချီတက်သွားကြတာကိုး သွားရတဲ့နေရာက အင်မတန်ထူထပ်တဲ့ တောအုပ်ကြီးဘေး

က ကွေ့သွားရတယ်ဆိုတော့ ကျွန်တော်တို့ကလည်း ဒီအရပ်ကို မကျွမ်းကျင်ဘူး ဒီတော့ ကျွန်တော်ရယ်၊ ဟောဒီ ကိုမြင့်ဆွေရယ်၊ နောက် ကိုစိန်ပွင့်ဆိုတဲ့ ရဲဘော်တစ်ယောက် ့ယ် သုံးယောက်သား လမ်းချော်ပြီး တောအုပ်ကြီးထဲ ရောက်သွားတာကိုဗျ၊ လျှောက်ရင်းလျှောက်ရင်း တခြားဖိနပ်သံတွေဝေးပြီး ပျောက်ကုန်ရော ဟိုက်. . . တို့တော့ လမ်းမှားပြီလို့ သိရတယ်၊ ဒါနဲ့ မတတ်နိုင်တဲ့အဆုံး တစ်နေရာမှာ မီးကလေးဖိုပြီး ဝိုင်းထိုင်နေကြရတာပေါ့၊ မနက်မှ လမ်းရှာပြီး ထွက်မယ်လို့ တောအုပ်ကြီးက နက်လွန်းလို့ ဒီမီးကိုတော့ ရန်သူတွေ တွေ့နိုင်မှာ မဟုတ်ဘူး ဒါနဲ့ ဝိုင်းထိုင်စကားပြောနေကြတုန်းမှာ. . .

□

အလယ်ရှိမီးဖိုကို ဝိုင်းထိုင်မီးလှုံကြရင်း. . . မြင့်ဆွေသည် အသံကလေး ထွက်အောင် ရယ်လိုက်ပြီး. . .

"တပ်ထဲက ရဲဘော်တွေကတော့ တို့သေပြီလို့ မှတ်ကြမှာပဲနော်"

စိန်ပွင့်က မျက်နှာကြီးရှုံ့မဲ့လိုက်ရင်း "သေပြီမှတ်ရင် တော်သေးတာပေါ့ တောခိုသွားပြီမှတ်လို့ သစ္စာဖောက်ဥပဒေနဲ့ ကွိကနဲနေမှအခက်ပဲ"ဟု အသံကြီးနှင့်ပြောလိုက်ရာ၊ မင်းဒင်က "အို. . . ဒါတွေက ရှင်းပြရင်ဖြစ်နိုင်ပါတယ်ကွာ ထွက်ပေါက်သာ မနက်ကျရှာဖို့ စဉ်းစားစမ်းပါ"ဟု ပြောလိုက်လေ၏။

"အလို. . ."

မြင့်ဆွေ၏အော်သံကြောင့် မင်းဒင်မှာလန့်သွားကာ မတ်တတ်ရပ်မည်ပြုလိုက်ရာ. . . နေရာမှထ၍မရအောင် တစ်စုံတစ်ယောက်က ပခုံးနှစ်ဖက်ကို ဖိထားကြောင်းသိရ၍ မော့ကြည့်လိုက်ရာ. . . မျောက်ဝံကြီးတစ်ကောင်ကို တွေ့ရလေ၏။

ချက်ချင်းပင် သစ်ပင်များကြားမှ မျောက်ဝံများ များစွာထွက်ပေါ်လာကြကာ သူတို့သုံးယောက်ကို ဝိုင်းဖမ်း၍ တစ်နေရာသို့ ခေါ်ဆောင်သွားကြလေ၏။

တော၏အလယ်ပိုင်းဟု ခန့်မှန်းရသော ချောင်းကလေးတစ်ခုဘေးသို့ ရောက်သောအခါ ရပ်လိုက်ပြီး "လာကြဟေ့"ဟု လူစကားဖြင့် သုံးကြိမ်အော်လိုက်လေ၏။

မြင့်ဆွေတို့လည်း အံ့ဩစွာဖြင့် ဘာဖြစ်မည်လဲဟု စောင့်ကြည့်နေကြစဉ် မကြာမီ တစ်တောလုံး ဆူညံသွားပြီး တိရစ္ဆာန်မျိုးစုံတို့ ရောက်လာကြသည်ကို တွေ့ကြရလေ၏။

ကောင်းကင်တွင် ရောင်နီမှ နေထွက်ခါနီးအရောင်သို့ ပြောင်းလာပြီဖြစ်သဖြင့် တိရစ္ဆာန်တို့၏ ပုံပန်းကို မြင်နိုင်ကြလေ၏။

ဆင်ကြီးတစ်ကောင်သည် သူတို့သုံးယောက်ကို ခေါက်တုံ့ခေါက်ပြန် ကြည့်ရင်း "ဟား. . . ဟား. . . ဟား. . ဟား. . ."နှင့် ရယ်နေလေရာ မင်းဒင်တို့မှာ အူကြောင်ကြောင်ဖြစ်သွားကာ ဆင်ကြီးကို မျက်ခြေမပြတ် ကြည့်နေမိကြလေသည်။

ထို့နောက်မှ ဆင်ကြီးသည် နားရွက်နှစ်ဖက် ခတ်လှုပ်ရင်း မင်းဒင်ကို ကြည့်၍ မေးလိုက်လေ၏။

"မင်းတို့ကို ဘာလို့ဖမ်းလာကြသလဲ သိလား"

"အို. . . ခင်ဗျားတို့ကမှ မပြောဘဲ သိပါ့မလားလို့"

မင်းဒင်က ဘုကျကျပြန်ပြောလိုက်သည်ကို ဆင်ကြီးမှာ များစွာသဘောမကျသလို ကြည့်နေပြီးမှ. . . "မင်းတို့ဟာ တို့တိရစ္ဆာန်ထုကို အမျိုးမျိုးညှဉ်းဆဲတာကို လက်စားချေဖို့ကွ"

"ကျုပ်တို့ မညှဉ်းဆဲပါဘူး"

"မင်းတို့လူတွေအားလုံးဟာ ညှဉ်းဆဲကြတာပဲ"

ထိုခဏ၌ ခြင်္သေ့ကြီးတစ်ကောင်သည် နောက်ကျနေသကဲ့သို့ အပြေးအလွှားရောက်လာကာ၊ မင်းဒင်တို့ကိုမြင်သောအခါ ဟိန်းဟောက်ပြန်လေ၏၊

"အလို. . . လူသတ္တဝါတွေပါကလား-ခွေးသားတွေ"

ခွေးအကြီးတစ်ကောင်သည် ရှေ့သို့တိုးလာလေ၏။

"ခြင်္သေ့မင်းခင်ဗျား- ဒီသတ္တဝါမျိုးတွေကို သားမတော်ပါရစေနဲ့၊ ကျွန်တော် စိန်စားသေမိပါလိမ့်မယ်၊ ဒီကောင်တွေက ကျွန်တော်တို့အမျိုးကို ယုတ်ညံ့တယ်တဲ့၊ လူဝါးဝလို့- ကျွန်တော်တို့ထက် မြတ်တယ်သာဆိုတယ်၊ ဒီသတ္တဝါတွေ ခိုလည်းမစားကြဘူး၊ ထို့. . . ဒါနဲ့များ မြတ်တယ်တဲ့. . . နွားကျတဲ့ကောင်တွေပဲ"

ထိုအခါ နွားကြီးတစ်ကောင်မှာ ခြေတစ်ဖက် ဆောင့်လိုက်ပြီး ဝင်ပြောပြန်လေ၏။

"ဟော့. . ကိုရင်ခွေးရဲ့. . . ကြည့်လည်းနှိုင်းစမ်းပါ၊ ဒီလိုလူသတ္တဝါမျိုးနဲ့ ကျုပ်ကို မနှိုင်းစမ်းပါနဲ့၊ ကျုပ်သည်းမခံနိုင်ဘူး၊ ဟုတ်တယ်လေ၊ မြက်တောင်မှ

မစားတတ်တဲ့ကောင်တွေနဲ့ ကျုပ် တန်းတူမနေနိုင်ဘူး၊ နောက်ပြီး ကျုပ်တို့ရွာသတ္တဝါတွေကို အ,တယ်လို့လည်းပြောသေးတယ်၊ သူတို့ဝှေ့လည်းမဝှေ့တတ်ဘူးဗျ. . ဟား. . ဟား. . . ရယ်တောင်ရယ်ချင်သေး၊ အမယ်လာသေးတယ်ဗျို့၊ တချို့ကတော့ ခိုင်းကောင်းအောင် မြှောက်သေးတယ်၊ အသက်သခင်တဲ့ ကျုပ် အသားကို စားခြင်းက ရှောင်သေးတယ်"

မြင်းကြီးတစ်ကောင်ကမူ ခေါင်းကြီးကောင်းကင်ပေါ်သို့မော့၍ သွားကြီးများကိုဖော်ကာ "ဟီး. . . ဟီး. . . ဟီး. . . မြှောက်ခိုင်းတဲ့နေရာမှာတော့ ရှားလည်းရှားတဲ့ သတ္တဝါတွေဗျာ၊ သမီးရယ် တစ်ကုန်းတည်းကျန်ပါတော့တယ်၊ ငါ့သားရေကြိုးစားလိုက်စမ်းနဲ့၊ ညာညာပြီး လှည်းဆွဲခိုင်းတယ်ဗျ၊ နောက်ပြီး သူတို့ပျော်ရွှင်ဖို့တဲ့၊ ကျုပ်တို့ကို အပြေးပြိုင်ခိုင်းတယ်၊ တစ်ပတ်လုံးချော့မော့ပြီး ကျွေးမွေးလာခဲ့သမျှ အဲဒီပြိုင်ပွဲကျတော့ ရိုက်ခိုင်းတာပဲဗျို့၊ အောင်မယ် ဇာတ်လိုက်မင်းသမီးတွေကောလိပ်ကျောင်းသူတွေရဲ့ နာမည်မျိုးတောင် မှည့်ပေးသေးတယ်၊ တော်တော်လာတဲ့ သတ္တဝါတွေ. . . ကျုပ်တို့လိုများ အမြီးပေါက်ရင် ခက်ဦးမယ် ဟီး. . ဟီး. . ဟီး"ဟု သောက်မြင်ကတ်စဖွယ် ရယ်နေလေသည်။

မင်းဒင်တို့ကို ဖမ်းလာသော မျောက်ဝံကြီးတစ်ကောင်ကမူ. . .

"အေးဗျာ- ဒီသတ္တဝါတွေဟာ ကျုပ်တို့က ဆင်းသက်တယ်လည်းဆိုသေးရဲ့၊ ကျုပ်တို့ကို မညှာမတာ အကခိုင်းပြီး ဆန်တောင်းသေးတယ်၊ ကျုပ်တို့ကဆင်းသက်တယ် ဆိုရအောင် ကျုပ်တို့လိုလည်း မလှပါလား၊ ခြေထောက်နဲ့လည်းသစ်ကိုင်းမကိုင်တတ်ဘူး၊ ဖွတ်. . . ဖွတ်. . . အလကားသတ္တဝါတွေပါဗျာ"

ထိုအခါ ဆင်ကြီးက "ကိုင်း. . . ကိုင်း. . . မိုးလင်းလာပြီ. . . စကားကြောရှည်နေလို့ မပြီးသေးဘူး. . . သူတို့ ပြန်ညှဉ်းရဦးမယ်၊ ဟေ့. . . လူသတ္တဝါတွေ မင်းတို့ကို အခုခေါ်လာတာ ညှဉ်းဆဲမလို့ကွ၊ တို့ကို ဆပ်ကပြသလို မင်းတို့တိုလည်း ပြရမယ်"ဟုဆိုကာ ဝါးရုံမှ ဝါးပင်တစ်ပင်ကိုချိုးဖြတ်ပြီး မြေကြီးပေါ်တွင်မျောက်တွေကို ထောင်ကိုင်ထားစေ၏။ မင်းဒင်တို့ကား ဘယ်လိုများ ညှဉ်းဆဲကြဦးမလဲဟု တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြရလေသည်။

"မင်းတို့ဟာ တို့ကို ဆပ်က,ကခိုင်းတယ်၊ တို့ကိုယ်နဲ့မတန်အောင် သေးငယ်တဲ့ခုံလေးတွေပေါ်မှာ တက်ရပ်ခိုင်းတယ်၊ ကဲ-မင်းတို့ကို တို့က ပြန်ပြီး ဆပ်ကက,ခိုင်းမယ်၊ က,မလား-မကဘူးလား၊ မက,ရင်အသေပဲ"

စိန်ပွင့်မှာ မျက်နှာငယ်ကလေးဖြင့် "ဘယ်လိုလုပ်ရမှာလဲဗျာ ပြောစမ်း



ပါဦး' ဟု အချိုနှင့် တောင်းပန်လိုက်ရာ ဆင်ကြီးက-

"ဒီဝါးလုံးပေါ်တက်ပြီး အပေါ်မှာ လေးဘက်ထောက် ရပ်ရမယ်" ဟုဆိုလိုက်ရာ စိန်ပွင့်မှာ ရှုံ့သွားလေ၏။

"က,မလား- မကဘူးလား"

"က,ပါ့မယ်ဗျာ"

စစ်သားပီပီ စိန်ပွင့်သည် ဝါးလုံးကို လျှင်မြန်စွာ တွယ်တက်သွားနိုင်သော်လည်း အပေါ်တွင် လေးဘက်ထောက်ဖို့ဝေးစွ၊ မတ်တတ်ပင် မရပ်နိုင်ရှာပေ။ ခြေတစ်ဖက်တင်လိုက်၊ ပြန်ချလိုက်နှင့် ဟိုလုပ် သည်လုပ် လုပ်နေရာကမြေကြီးပေါ်သို့ လိမ့်ကျလေ၏။

"ကဲ. . . ပြန်တက်ဦး၊ မရမချင်း တက်ရမယ်. . . လူသတ္တဝါတွေကိုယဉ်လာအောင် သင်ရမှာပဲ"

စိန်ပွင့်ခမျာ တက်ရပြန်လေ၏။ ဤတစ်ကြိမ်တွင်မူ ခဲခဲယဉ်းယဉ်းနှင့်ခြေနှစ်ဖက်စလုံးတင်မိသော်လည်း လေးဘက်ထောက်ရန် လက်နှစ်ဘက်နှင့်ကုန်းအကိုင်လိုက်တွင်. . . ဖုတ်ကနဲ လိမ့်ကျသွားပြန်လေ၏။ တစ်ဖန် ပြန်တက်-လိမ့်ကျ- ပြန်တက်နှင့် ဖြစ်နေစဉ် ဆင်ကြီးက မင်းဒင်အား "မင်းကတော့ စာတလေးလက်ထဲ အအပ်ခံရမယ်ဟေ့၊ စာကလေး မင်းက ညှဉ်းဆဲစမ်း၊ မရရင်မျောက်က တုတ်နဲ့ရိုက် သိလား" ဟု ဆိုလိုက်ရာ စာကလေးမှာ ဝမ်းသာသွားသည်နှင့်အမျှ မျောက်တစ်ကောင်လည်း တုတ်တစ်ချောင်းကို ဆွဲကိုင်ထားလေ၏။

"ခင်ဗျားတို့ ကျုပ်တို့ကို စာကလေးပေဒင်ဟောတယ်၊ အခု ကျုပ်တို့ကလူကလေးပေဒင်ဟောမယ်"

ပြောပြောဆိုဆို သစ်ရွက်ခြောက်ကလေးများကို ရှေ့တွင် ဖြန့်ခင်းရင်း. .

"ကဲ. . . လေးဘက်ထောက်လာ၊ ကျုပ် တနင်္ဂနွေသား၊ သစ်ရွက်ခြောက်တစ်ခုဆွဲစမ်း"

မင်းဒင်မှာ အင်တင်တင် လုပ်နေရာမှ မျောက်က တုတ်နှင့် ဖင်ကိုရိုက်လိုက်မှ ကမန်းကတန်း လေးဘက်ထောက်သွား၍ သစ်ရွက်ခြောက်တစ်ခုတိုပါးစပ်ဖြင့် ကုန်းကောက်လေ၏။ မြေကြီးမှုန့်များမှာ နှာခေါင်း၊ ပါးစပ်များထဲသို့ဝင်ကုန်လေ၏။

"ခွီး. . ခွီး. . . ဖူး. . . ဟပ်ချိုး"

"ဖတ်. . ."

မျောက်က တုတ်နှင့် အားမနာတမ်းဆော်လိုက်မှ- ကိုက်မိကိုက်ရာ သစ်ရွက်ခြောက်တစ်ခုကို ကိုက်ပေးလိုက်ရလေ၏။ ဤတွင်မှ စာကလေးက "အင်း. . . လူတွေကို လိမ္မာအောင်လုပ်ရတာ အလွယ်သားပဲ၊ ကဲ ကိုရွှေမျောက် ခင်ဗျားကော ဘာနိုင်းမလဲ" ဟုဆိုရာ၊ မျောက်က "ဘာနိုင်းရမှာလဲ၊ လူပြဆန် တောင်းရမှာပေါ့ဗျ" ဟုဆို၍ တုတ်ဖြင့် မြေကြီးတစ်ချက်ပုတ်လိုက်၊ မင်းဒင်၏ခါး ကို တစ်ချက်ရိုက်လိုက်နှင့် လူပွဲပြလေရာ၊ မင်းဒင်မှာ မနေသာတော့ဘဲ "တက တည်းမှပဲ ဖြည်းဖြည်းရိုက်စမ်းပါဗျာ၊ ကျုပ် နားလည်ပါတယ်" ဟုဆို၍ လတ် ကလေးတစ်ဖက်စီ နောက်ပစ်ရင်း က,ရလေတော့သည်။

ထိုအချိန်တွင် နွားကြီးတစ်ကောင်မှာ ဆင်ကြီးက ဆွဲလှဲပေးသော သစ် ပင် ပင်စည်များကို နွယ်ကြိုးတပ်၍ မြင့်ဆွေကို ရှေ့ကလေးဘက်ထောက်ဆွဲ နိုင်းပြီး၊ နောက်မှ တကောက်ကောက်လိုက်ကာ သီချင်းတကြော်ကြော် အော်ဆိုနေ လေသည်။

"ရမထာ. . . ရွှေကြိမ်လုံးရယ်နဲ့. . ထွန်တုံးကိုတဲ့ ခြေတော်တင်- ဘွတ် အဲ. . . လူကြွန်စုံနှင့်- ဘွတ်အဲ. . . ပျိုးခင်းကိုပြင်. . . ကောင်းကင်က. . . ရွှေ ပိန်ညှင်းရယ်- မိုးဆော်လို့သွင်း ဘွတ်အဲ. . . ဘွတ်အဲ. . . ဝပ်ထရိန်း. . ."

သူ့ဆိုင်းနှင့်သူ့စည်း ဟန်ကျနေသလောက် မြင့်ဆွေမှာမူ စစ်ထဲတွင် ပင်ပန်းခဲ့သမျှသည် ဤတစ်ခါလောက် မဆိုးဟု ညည်းညူနေရှာလေသည်။

ထိုအချိန်တွင် ဆင်ကြီးသည် ဘယ်လိုမှ တက်လို့မရသော စိန်ပွင့်ကို မတက်နိုင်းတော့ဘဲ စည်းဝိုင်းကြီးတစ်ခုတွင် မင်းဒင်နှင့်အတူ လေးဘက်ထောက် ၍ ပြေးနိုင်းလေ၏။

"ဖြည်းဖြည်းပတ်ပြေး. . . ဟုတ်ပြီ. . . ကိုင်း မြန်မြန်"

စိန်ပွင့်နှင့် မင်းဒင်တို့မှာ ဆပ်ကပ်ထဲတွင် ဆင်ကြီးများ ဝိုင်းပြေးသကဲ့သို့ ပြေးရပြီး မကြာခဏရပ်,ရပ်ပြီး ပတ်ချာလည် လှည့်ရသေး၏။ ဝိုင်းကြည့်နေကြ သော တိရစ္ဆာန်ထုကား တဝါးဝါးနှင့် သဘောကျလျက် ရှိကြလေသည်။

ထို့နောက် သူတို့သုံးယောက်ကို မျောက်တစ်ကောင်စီ အစီးခိုင်းပြီး မြင်း များက လေးဘက်ထောက် အပြေးပြိုင်ခိုင်းပြန်လေ၏။ ဘေးက တိရစ္ဆာန်ထုက ဝိုင်း၍အလောင်းအစားပြုကြသည်မှာ ဆူညံနေတော့သည်။

"လူပြိုင်ပွဲ" ပြီးသွားသောအခါ ခွေးနှင့် ကြက်တူရွေးများက လှေကား



တက်နိုင်း စသည်ဖြင့် ဆပ်ကပ်ပြကြပြန်ရာ ထိုနေ့အဖို့ တိရစ္ဆာန်ထု၏ ပျော်ပွဲ သဘင်ကြီး ဖြစ်နေလေတော့၏။

အားလုံးပြီးစီးသွား၍ မင်းဒင်တို့သုံးယောက်မှာ မောဟိုက်နေမှ ဆင်ကြီး က. . .

"ကဲ. . . ဆပ်ကပ်တော့ ပြီးသွားပြီ၊ ဒီကောင်တွေကို ဘာလုပ်ရရင် ကောင်းမလဲ၊ တိရစ္ဆာန်ရုံမှာ တို့ကိုလှောင်ပြီး အလှကြည့်ထားသလို လှောင်ရုံဖွင့်ပြီး အလှကြည့်ကြမလား၊ ရှုံဝင်ခ တစ်မူးစီကောက်လေ" ဟု ပြောရာ သိုးတစ်ကောင် က "ဒီကောင်တွေကိုသတ်ပြီး ချက်စားရင်ကောင်းမယ်" ဟု အကြံပေးလိုက်ရာ မင်းဒင်တို့သုံးဦးမှာ မျက်လုံးများ ပြူးသွားကြလေ၏။

နွားကြီးကမူ "ငါတော့ လူသားရှောင်တယ်ဟေ့၊ တို့ရဲ့အသက်သခင်ကွ၊ သူတို့အသားရှောင်ရင် ကုသိုလ်ရတယ်"ဟုပြောရာ ဝက်က သဘောမတူနိုင်ဘဲ၊

"ငါတော့ မရှောင်ဘူးဟေ့၊ ဒီကောင်တွေ အသားတချို့ကိုကင်၊ တချို့ကို ခေါက်ဆွဲနဲ့ ကြော်စားမယ်ကွာ၊ ဒါမှမဟုတ်ရင် ဂျုံနဲ့ဖက်ထုပ်လုပ်စားရအောင်၊ သူတို့ခြေထောက်တွေ နံရိုးတွေတော့ စွပ်ပြုတ်လုပ်သောက်ပေါ့ကွ"

ဆိတ်က ဝင်ပြောပြန်သည်။

"ဟ. . . ခေါက်ဆွဲနဲ့ ဘာလို့စားမလဲ၊ ပလာတာလုပ်စားရင်စား၊ မစား ရင် ခါးပတ်လုပ်စားရရင် မကောင်းပေဘူးလားဗျာတို့"

ကြက်ကြီးက "အောက်. . အီး. . အီး. . . အွတ်. . နိုး. . ဂွတ်. . အ ကောင်းဆုံးက ဒန်ပေါက်ထမင်းနဲ့စားတာ အကောင်းဆုံးပဲ၊ သူတို့ပေါင်ကြီးတွေဆို ရင် တယ်စားကောင်းမှာပဲ"

ဝမ်းဘဲကြီးကလည်း သူ့ပုံတာဝင်စွက်လိုက်၏။

"သူတို့ကို အကောင်းဆုံးစားတဲ့နည်းကို ကျုပ်ပြောပြမယ်၊ ဖင်ထဲကနေ ပြီး ဝမ်းထဲက အူတွေအသည်းတွေ အကုန်နှိုက်ထုတ်၊ အားလုံးရှင်းသွားမှ အစာ သွတ်ပြီး လူပေါင်းလုပ်စား သိပ်ကောင်းပေါ့၊ ဂတ်၊ ဂတ်၊ ဂတ်"ဟုပြောရင်း ချောင်း ဆိုးနေလေ၏။

လိပ်မူကား "ဒါတွေမကောင်းပါဘူးကွာ၊ သူတို့ကိုဥခိုင်းပြီး သူတို့ဥကို ပြုတ်စားကြရအောင်၊ မကျက်တကျက်ပေါ့ကွ"ဟုပြောရာ၊ ငါးသလောက်ကြီးက ဝင်၍ "ဟ. . . သူတို့ဥကို မပြုတ်ဘဲနဲ့ကြော်ပြီး ကောက်ညှင်းထုပ်နဲ့ စားကြတာ ပေါ့"ဟု ဆိုလိုက်လေ၏။

"တယ်လည်း စိတ်ကူးလွဲကြတာကိုး"

အသံလာရာဘက်သို့ အားလုံးလှည့်ကြည့်လိုက်ကြရာ၊ သေးငယ်သော ပုရစ်ကလေးကို တွေ့ရလေ၏။

"ဒီကောင်တွေကိုကြော်ပြီး. . . လက်ဖက်နဲ့ စားရတယ်ဗျ"

"ဘယ်ဟုတ်မလဲ၊ အဆီထုတ်ပြီး ထမင်းနဲ့နယ်စား"

ပုဇွန်ထုပ်၏စကားအဆုံးတွင် စာကလေးက "ဒါလည်းမကောင်းဘူး ခေါင်းမွေးတွေပြောင်အောင်နှုတ်ပြီး ကြော်စားလိုက်ရရင် ဇိမ်ပဲကွ"ဟု ဝင်ဖော် လိုက်ပြန်လေ၏။ ကျီးကန်းကြီးကမူ "ငါတော့ လောက်လေးနဲ့ပစ်ပြီး ခြေထောက် ဖြတ်၊ ကြိုးကလေးချည် လွှတ်လိုက်ချင်တာပဲ"ဟု ထင်မြင်ချက် ပေးလိုက်ပြန်လေ ၏၊

ထိုအတွင်း ကြွက်ကလေးတစ်ကောင်သည် ရှေ့သို့တိုးလာကာ "အ ကောင်းဆုံးကတော့ ထောင်ချောက်နဲ့ထောင်ပြီး ကျပ်တင်ထား၊ နောက် ကိုယ်စား ချင်မှစား၊ ဒါအကောင်းဆုံးပဲ"ဟု ပြောပြန်လေသည်။

ဂဏန်းကြီးကလည်း ပေါင်းစားရန် ထင်မြင်ချက်ပေးပြန်လေသည်။ ငါး ကလေးများက ဆီပူထိုးစားရန်လည်းကောင်း၊ ကြမ်းပိုးများက ဖန်ခွက်ထဲဖမ်းထည့် ပြီး ရေထဲမျှောပစ်ရန်လည်းကောင်း၊ ခွေးများက တောတွင်မွေး၍ ထမင်းမဝ,တဝ ကျွေးထားရန်လည်းကောင်း၊ မြွေများက ပါးပျဉ်းထောင်ခိုင်း က,ခိုင်းပြီး ပြတ်စား ရန်လည်းကောင်း၊ လဒများက အမင်္ဂလာကောင်ဟု သမုတ်ရန်လည်းကောင်း၊ သမင်များက မြို့ကစားထွက်ရန်လည်းကောင်း၊ မြင်းများက သံခွာရိုက် လှည်းဆွဲ ရန်လည်းကောင်း၊ စသည်ဖြင့် အသီးသီး အကြံဉာဏ်များ ပေးကြလေ၏။

မင်းဒင်တို့မှာ စစ်သားပီပီ သေရမှာ မကြောက်သော်လည်း ဘယ်ပုံ ဘယ်နည်း သေရမည်ကို မသိသေးသဖြင့် ရင်တမမနှင့် စောင့်ဆိုင်းနေကြရလေ ၏။ ထိုခဏ၌-

"စဉ်းစားကြပါဦး၊ မှားလိမ့်မယ်"

ဟူသော တည်ကြည်သောအသံတစ်ခု ထွက်ပေါ်လာရာ၊ တိရစ္ဆာန် အားလုံးမှာ အသံလာရာဘက် လှည့်ကြည့်ကြလေ၏။

ဇင်ယော်တစ်ကောင်သည် သစ်ကိုင်းပေါ်၌နား၍ စကားပြောနေသည်။

"လူသတ္တဝါတိုင်း တိရစ္ဆာန်ကို ညှဉ်းဆဲကြတာ မဟုတ်ပါဘူး"

ပူးနှင့်ယုန်တို့က စောဒကတက်လိုက်ကြသေးသည်။



"သူတို့ပညာတတ်ဖို့ဆိုပြီး ညှဉ်းဆဲကြပါသေးတယ်"

"မှန်ပါတယ်၊ ဒါပေမဲ့ တချို့လူတစ်စုဟာ တိရစ္ဆာန်များကို စောင့် ရှောက်နေကြပါတယ်၊ သူတို့ဟာ . . . တ-ည-က-သဆိုပြီး တိရစ္ဆာန် ညှဉ်းပမ်းခြင်း ကိုကာကွယ်တဲ့အသင်း တည်ထောင်ထားကြပါတယ်၊ လူတွေဟာ တိရစ္ဆာန်ကို သာ ညှဉ်းဆဲကြတာ မဟုတ်ပါဘူး၊ လူအချင်းချင်းကိုလည်း မတရားညှဉ်းဆဲတတ် ပါတယ်၊ ဒီ အခုလူသုံးယောက်ဟာ စစ်သည်တော်တွေပါ၊ သူတို့ဟာ လူအချင်း ချင်း မတရား နှိပ်စက်ညှဉ်းပန်းတာကို ကာကွယ်နေတဲ့လူတွေပါ၊ ဒါကို ထောက် ခြင်းကြောင့် ဒီလူသုံးယောက်ဟာ မတရားညှဉ်းပန်းမှုကို အလိုမရှိတာ ထင်ရှားပါ တယ်၊ ဒါကြောင့် သူတို့ရဲ့စိတ်ထားကို သက်ညှာပါ၊ နောက်ပြီး ကျွန်တော် ပြောခဲ့ တဲ့ တ-ည-က-သ နဲ့ တိရစ္ဆာန်ဆေးကုဌာနက လူစုများကို ဂုဏ်ပြုသောအားဖြင့် သူတို့ကို အေးအေးဆေးဆေး ပြန်လွှတ်လိုက်ဖို့ကောင်းပါတယ်"

ဇင်ယော်၏စကားအဆုံးတွင် တစ်ဖတာလုံး ဩဘာသံများနှင့်တကွ "မှန်တယ်. . . မှန်တယ်" ဟူသောအသံသည် ပွဲတင်ထပ်သွားလေတော့သည်။

□

"ဒီလိုနဲ့ ကျွန်တော်တို့ ပြန်လွှတ်လာကြတာပေါ့"

ကိုမင်းဒင်သည် စကားအဆုံးတွင် ရေနွေးသောက်နေလေသည်။ ကျွန် တော်ကမူ သူ့ကို မယုံကြည်သဖြင့်။

"ကျွန်တော် မယုံပါဘူးဗျာ"

"နို့. . . အစက ကျွန်တော်ကလည်း ခင်ဗျား ယုံမှာမဟုတ်ပါဘူးလို့ အပြောထားသားပဲ"

"နို့. . . ဒါတွေ ဘာလဲ"

"လက်ဖက်ရည်သောက်ကောင်းအောင် ပြောတာတွေလေ"

သွေးသောက်၊ (၁၉၅၀) ခု

ဖေဖော်ဝါရီလ၊ အမှတ် (၄၉)။

□ □ □

## ဒုက္ခိတအုပ်စု

### (၁)

သန်းကြွယ်မှာ အသက် (၂၂) နှစ်ခန့်ရှိ၍ အသားဖြူဖြူ လူချောကလေး တစ်ယောက် ဖြစ်သည်။

သူ့မှာ ပြောစရာတစ်ခုတည်းရှိ၏။

သန်းကြွယ်သည် ရုံးတက်ရန် ကားဆိပ်သို့ လျှောက်လာခဲ့လေသည်။ ရုံးသို့ဝင်စဉ်က အောက်တန်းစာရေးကလေးမျှသာဖြစ်သော်လည်း၊ ယခုအခါ အထက်တန်းစာရေးကလေး ဖြစ်နေပေပြီ။ သူ့မှာ နှမသားချင်းလည်းမရှိ။ မယားရည်းစားလည်းမရှိ၊ ရှိစုမဲ့စုအမေတစ်ယောက်သာ လုပ်ကျွေးနေရလေသည်။ တစ်ဦးတည်းသောသားမဟုတ်သော်လည်း သူ့အထက်ကလေးမှာ လေးလသားခန့်ကပင် ဆုံးခဲ့လေသည်။ သူ့အမေမှာ အိမ်နှစ်လုံးပိုင်၍ အိမ်လခမှာ သန်းကြွယ်လခထက်ပင် များယောင်ယောင်ဖြစ်ရာ သန်းကြွယ်မိန်းမယူလျှင်လည်း ဘာမျှကန့်ကွက်မည်မဟုတ်ချေ။ သန်းကြွယ်၏အလိမ္မာကိုယုံကြည်၍ သန်းကြွယ့်ဘာလုပ်လုပ် အကောင်းချည်းမှတ်ခဲ့လေသည်။

သန်းကြွယ်မှာ သန့်သန့်ရှင်းရှင်း နေတတ်၍ လူချောကလေးတစ်ယောက် ဖြစ်သည်။



သူ့မှာ ပြောစရာတစ်ခုတည်းရှိ၏။

သန်းကြွယ် ကားဆိပ်ရောက်သောအခါ လူ (၁၅) ယောက်ခန့် ကားစောင့်နေကြသည်ကို တွေ့ရလေသည်။

"အင်း. . . ကား တော်တော်နဲ့ရမှာမဟုတ်ဘူး"

သက်ပြင်းကလေးချလိုက်ကာ၊ သန်းကြွယ်သည် လူအုပ်နောက်၌ရပ်လိုက်ရာ၊ သူ့ရှေ့နားမှ ကားစောင့်ရင်း စကားလက်ဆုံကျနေသော မိန်းကလေးနှစ်ယောက်ကို မြင်မိတော့သည်။

တစ်ယောက်မှာ အိမ်ထောင်သည်ဖြစ်ဟန်ရှိ၏။

ကျန်တစ်ယောက်မှာ အပျိုဖြစ်ဟန် တူလေသည်။

လူပျိုသည် အပျိုကို စိတ်ဝင်စားရမည်ဖြစ်သည့်အတိုင်း သန်းကြွယ်မှာ ကလေးမကို မကြာခဏ ခိုးကြည့်နေမိသည်။

ထဘီအဖြူပေါ်ဝယ် အစိမ်းပွင့်ကလေးများနှင့် လုံချည်၊ နိုင်လွန်လက်ပြတ်တွင် ကလေးများကစားသော စက္ကူလေယာဉ်ပျံဦးထိပ်ကလေး ကွဲနေသည်နှင့်တူသော ခေါက်ထားသည့် လက်အနားပတ်တို့ကို ပထမမြင်၏။ ထို့နောက် လိမ်၍လိမ်၍ရှုံ့နေသော အမောက်ကောက်ကောက်ကလေးနှင့် ပန်းအဝါတစ်ပွင့်ကိုမြင်သည်။ ထို့နောက် တစ်ခါအကြည့်တွင် လက်ထဲကဆွဲထားသော လွယ်အိတ်ထဲတွင် ဓာတ်ဘူးခေါင်းကလေး၊ မဂ္ဂဇင်းစာအုပ်နှစ်အုပ်ခန့် မြင်လိုက်ရပြန်သည်။ နောက်ဆုံးတစ်ခါတွင် ခါးကညှပ်ထားသော လက်ကိုင်ပဝါအစိမ်းကလေးကို မြင်လိုက်ရပြန်၏။

ဘတ်စ်ကားသည် ရုတ်တရက် ထိုးဆိုက်လိုက်လေသည်။

လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေစဉ်၊ သန်းကြွယ်သည် ကလေးမဘက်သို့ မျက်စိရောက်သွားပြန်လေ၏။

"ဟင်. . ."

လက်ကိုင်ပဝါကလေးမှာ မြေကြီးပေါ်တွင် ရှုရှုကလေး စံပယ်နေလေသည်။ သန်းကြွယ်က ဖျတ်လတ်စွာပင် ပြေးကောက်လိုက်၍ ကားပေါ်တက်မည်ပြုနေသော ကလေးမကို "ဒီမှာ- လက်ကိုင်ပုဝါ. . ." ဟုဆိုကာ လှမ်းပေးလိုက်ရာ၊ ကလေးမသည် နောက်ပြန်လှည့်လိုက်ပြီး လက်ကိုင်ပဝါကို လှမ်းယူလိုက်လေ၏။

"ကျေးဇူးတင်ပါတယ်ရှင်"

မျက်လုံး ဝိုင်းဝိုင်းနက်နက်တစ်စုံသည် သန်းကြွယ်၏ အသည်းမြှောတို

လျှာနှင့်လျက်သွားပြီးသည်၏အဆုံး၌၊ ကလေးမသည် ကားပေါ် တက်သွားလေ၏။ မိနစ်ကလေးနှစ်ယောက် တက်ပြီးနောက် ယောက်ျားခရီးသည်များ ဝိုင်းအုံတက်လိုက်ရာ သန်းကြွယ်အဖို့ ဤကားဝယ် နေရာမရှိတော့ပေ။

တစ်နေ့လုံး ရုံးတွင် ကလေးမကို မေ့ပျောက်သလိုလို ရှိနေသော်လည်း အိမ်ပြန်ရောက်၍ ညအိပ်ခါနီးဝယ်၊ ကလေးမ၏ရုပ်ပုံသည် တစ္ဆေပမာ ချောက်နေလေတော့သည်။ နွဲ့နှောင်းသော ကိုယ်ခန္ဓာလေးနှင့် ဝိုင်းစက်နက်မှောင်သော မျက်လုံးတည်းဟူသော ဟင်းဝယ်၊ သာယာသောအသံတည်းဟူသော ဆားကလေးက စွက်လိုက်သဖြင့် သန်းကြွယ်သွားရည်တမြားမြား ကျလာလေ၏။

သန်းကြွယ် ရည်းစားမထားဖူးပါ။

စာရှုသူတို့ ယုံမည်မထင်ပါ။ သို့သော် သန်းကြွယ် ရည်းစားတဆိုးလေး ဖြစ်ခဲ့သည်မှာ အမှန်ဖြစ်၏။ မိန်းမမလိုချင်၍လည်း မဟုတ်ပါ။ ကြိုက်တာတွေ မကြာခဏတွေ့၏။ သို့သော် ရည်းစားမဖြစ်ခဲ့ပေ။ နောက်ဆုံးတွင် ဖူးစာကံကိုသာ စွပ်စွဲရမည့်ကဲ့သို့ ဖြစ်ချေ၏။

သန်းကြွယ်မှာ လူချောကလေး ဖြစ်ပါ၏။

သူ့မှာ ပြောစရာတစ်ခုတည်း ရှိသည်။

ထိုပြောစရာကား၊ ငယ်ငယ်ကတည်းက သူငယ်နာကြောဆွဲသဖြင့်၊ နှစ်မိနစ်တစ်ခါလောက် မေးစေ့ကလေး စောင်းငန်းစောင်းငန်းနှင့် ခေါင်းသည် ဘယ်ဘက်သို့ လည်လည်သွားတတ်လေသည်။ တစ်ခါတစ်ရံသာ အကြောစက်ပျက်၍ သုံးမိနစ်တစ်ခါလောက် ဖြစ်တတ်သည်။ ထိုပြောစရာကလေးကြောင့်ပင် သန်းကြွယ်မှာ ရည်းစားစကား မပြောဝံ့ခဲ့ရှာပါ။ ဤအချက်ကြောင့် သူ့ကို မိန်းကလေးများမကြိုက်နိုင်ဟု သူမှတ်ထင်၏။ ထို့ထက် ရည်းစားစကားပြောနေရင်း ချာလည်ချာလည်နှင့် ဦးခေါင်းရွဲ့ရွဲ့သွားလျှင်၊ နှုတ်ကစကားမှာလည်း ပြတ်တောင်း ပြတ်တောင်း ဖြစ်ရပေတော့မည်။

သန်းကြွယ်မှာ လူချောကလေးတစ်ယောက်ဖြစ်သည်၊

သူ့မှာ ပြောစရာတစ်ခုတည်းရှိ၏။

ထို့ကြောင့် ရည်းစားမထားခဲ့ဖူးပါ။

□



(၂)

နောက်နေ့ရုံးတက်ရန် ကားဆိပ်သို့ မျှော်လင့်ချက်ကြီးစွာဖြင့် ထွက်ခဲ့ပြန်သည်။

သူ့မျှော်လင့်ချက် ပြည့်ပါပေ၏။ ကလေးမသည် ယနေ့တော့ တစ်ယောက်တည်းပင် ဘတ်စ်ကားရပ်စောင့်နေသည်ကို သန်းကြွယ်တွေ့ရလေသည်။ မနေ့က လက်ကိုင်ပဝါလေးကျေးဇူးကြောင့် ယနေ့တွင် လက်ကိုင်ပဝါပိုင်ရှင်ကလေးနှင့် စကားစမြည် ပြောရပေတော့မည်။ အနည်းဆုံးတော့ အပြုံးပေး၊ အပြုံးယူအသိတော့ ဖြစ်ကြပေတော့မည်။

သန်းကြွယ်သည် ပြုံးစနဲ့နှင့် ကောင်မလေးနား ယောင်ပေယောင်ပေနှင့် ကပ်သွားလေရာ၊ ကလေးမသည် သန်းကြွယ်ကို ချာကနဲ လှည့်ကြည့်လိုက်၏။ သန်းကြွယ်၏ရင်ထဲဝယ် ဖိုကနဲဖြစ်သွားကာ ပြုံးယောင်ယောင်ပြုလိုက်စဉ်၊ ကလေးမသည် ချာကနဲပြန်လှည့်သွား၏။ သန်းကြွယ်မှာလည်း အူကြောင်ကြောင်ဖြစ်သွားကာ၊ မျက်နှာကို ရက်ရက်နှင့် ဖတ်ကနဲ တစ်ဖက်သို့လှည့်လိုက်ရာ၊ တစ်ဖက်မှလာနေသော အရူးမတစ်ယောက်နှင့် မျက်နှာချင်းဆိုင် ပက်ပင်းပါသွားဆုံမိလေ၏။

အရူးမသည် ကျိုးတိုးကျဲတဲနှင့်သွားကို အစွမ်းကုန်ဖြဲလိုက်ကာ. . .၊

"ဟား. . . ဟား. . . အစ်ကို နေကောင်းတယ်နော်၊ ကျွန်မ လိုက်ခဲ့မယ်" ဟု အရူးတို့ဘာသာဘာဝ ပြောချင်ရာတွေ လျှောက်ပြောနေလေတော့ရာ၊ သန်းကြွယ်မှာ စောစောက ပြုံးစနဲ့နဲ့ ဖြစ်နေသောမျက်နှာကို အတင်းပြင်လိုက်လေ၏။

"ဟေ့. . . ဘာလဲ၊ သွား. . . သွား. . ."

"အောင်မာ. . . ဘာရမှာလဲ အစ်ကိုကလည်း"

သန်းကြွယ်၏ခေါင်းကလေးသည် ထုံးစံအတိုင်း ဘယ်ဘက်ထောင့်သို့ ရွဲ့လည်သွားပြန်ပြီးမှ "ဟေ့ ရော့ရော့. . ဟာ ဒုက္ခပါပဲ၊ ငါးပြားစေ့လည်း မရှိဘူး ရော့ကွာ- ဆယ်ပြားပဲယူ. . . သွားတော့"ဟု ပြောပြောဆိုဆို ပိုက်ဆံဆယ်ပြားတို ပေးလိုက်မှ အရူးမသည် ဝမ်းမြောက်စွာ လက်ခံယူရယ်မောလိုက်ပြီး၊

"လိမ္မာတယ်ဟေ့၊ အစ်ကို လိမ္မာတယ်၊ အစ်ကို ကျွန်မကို ပိုက်ဆံဆယ်ပြားပေးလို့ ကျွန်မက ဆုတောင်းလိုက်မယ်၊ သာခု သာခု အစ်ကိုနဲ့ ဟောဟိုအစ်မ ညားပါစေတော်"

အရှူးမသည် ဆုတောင်းပြီး ထွက်ပြေးသွားလေ၏။ သန်းကြွယ်မှာ အရှူးမ ဆုတောင်းကြောင့် ဒိတ်ကနဲ ဖြစ်သွားကာ အားနာစွာနှင့်ပင် ကလေးမဘက်သို့ ကြည့်လိုက်မိတော့သည်။

"ဟိုက်"

သူနှင့် အရှူးမတို့အရေးကိစ္စ ပေါ်နေစဉ်ပင် ဘတ်စ်ကားတစ်စီး ရောက်ပြီးဟန်တူ၏။ ဘယ်သူမှ မရှိတော့ပါ။ အရှူးမက သူနှင့် ဆုတောင်းသွားသူမှာ လမ်းတစ်ဖက်က သွားခေါ်ခေါ်နှင့် ဂေါ်ရင်ဂျီကုလားမကြီး တစ်ယောက်သာ ဖြစ်ပါသည်။ သန်းကြွယ်သည် ခေါင်းရှဲ့လိုက်ရပြန်လေ၏။

"တော်တော်ရှုပ်တဲ့ အရူးမ"

ယနေ့အဖို့ တစ်နေ့လုံး စိတ်မပျော်သကဲ့သို့ ညဘက်အိပ်ရာဝင်ခါနီးတွင်လည်း မသာအိမ်ဆိုင်းသွင်းသလို ငိုရမလို ရယ်ရမလို ဖြစ်နေရှာသည်၊ ဘာကြောင့် ကလေးမသည် သူ့ကို မရယ်ရသနည်း။ မရယ်ချင်လျှင်နေပါ။ အနည်းဆုံးတော့ သွားချေးစ,ကလေးကို ဖော်ပြဖို့တော့ သင့်ပေသည်ဟု သူယူဆ၏။

"တော်တော်ရှိုင်းတဲ့ကလေးမပဲ"

မဟုတ်သေးပါ။ အပျိုစင်ကလေးမို့ ရှက်သွေးဖြာခြင်းလည်း ဖြစ်နိုင်ပေ၏။

သန်းကြွယ်သည် ရင်ထဲတွင် လှုပ်လှုပ် လှုပ်လှုပ်နှင့် နောက်ဖေးအကြိမ်တစ်ရာခန့်သွားပြီးခါစ ဥပုသ်သည်လို ဖြစ်နေလေသည်။

ငိုရအောင်ကလည်း ရည်းစားမဟုတ်။ ရယ်ရအောင်ကလည်း အရူးမဟုတ်။ နောက်ဆုံးတွင် စိတ်ကိုအတင်းဖျော်ဖြေ၍ ငွတ်မှိတ်အိပ်လိုက်ခြင်းဖြင့် နောက်နေ့နံနက်ကို နှုတ်ခွန်းဆက်သောကြက်ကို ရင်ဆိုင်လိုက်လေတော့သည်။

ရေချိုး,ထမင်းစားပြီးသောအခါ မျှော်လင့်ချက်ကင်းမဲ့စွာနှင့်ပင် ကားဆိပ်သို့ ထွက်လာခဲ့ရပြန်လေ၏။ ဟောဗျ- ခွေးမကလေး ကားစောင့်နေပြန်ပြီ။ ဒီနေ့တော့ တစ်နေ့ကတွေ့သော မိန်းမနှင့် စကားလက်ဆုံကျနေပြန်၏။ သန်းကြွယ်သည် အနားမကပ်တော့ဘဲ ခပ်လှမ်းလှမ်းကသာရပ်၍ ကားစောင့်နေရာ ချက်ချင်းလိုလိုပင် ကားတစ်စီး ဆိုက်လာ၏။ ပထမနေ့ကလိုပင် ကလေးမတို့ အရင်တက်လိုက်သွားရာ၊ သန်းကြွယ်အဖို့ နောက်ကားကို စောင့်ရပြန်လေသည်။ ကားစောင့်နေရင်းကပင် စောစောက ကလေးမ ရပ်သွားသောနေရာသို့ ခေါင်းကလေးရှဲ့စောင်း၍အပြီးတွင် မျက်စိရောက်သွားပြန်လေသည်။



"ဟော. . . ကျနေပြန်ပြီ"

လက်ကိုင်ပဝါ မဟုတ်တော့ပါ။ လေကြောင်းစာအိတ်ကလေးတစ်ခု ဖြစ်ပါသည်။ သန်းကြွယ်သည် လှမ်းကောက်ယူလိုက်ပြီး စာအိတ်ပေါ်ကစာကို ဖတ်ရန် ကြိုးစားလိုက်၏။ ဦးခေါင်းရှဲ့သွားပြန်သဖြင့် ချက်ချင်းမမြင်ရသေးပေ။ ဦးခေါင်းသည် နေမြဲသို့ရောက်လာမှ စာအိတ်ပေါ်မှ စာများကို မြင်ရလေ၏။ အမည်ကတော့ နုနုခင် တဲ့၊ လိပ်စာ. . . ရုံးကြီးတစ်ရုံးမှ အောက်တန်းစာရေးဖြစ်လေရာ၊ သန်းကြွယ်အဖို့ အဘိုးတန်လှသော သဲလွန်စတစ်ရပ် ဖြစ်ပါလေတော့သည်။

ရုံးသို့ရောက်သောအခါ စာအိတ်ကလေးကို ထုတ်ကြည့်မိပြန်၏။ စာအိတ်မှာ ဖွင့်ပင်မဖွင့်ရသေးပါ။ သိပ်အရေးမကြီးသောစာမို့ ဤမျှကြာအောင် မဖွင့်ရသေးခြင်းပင် ဖြစ်ဟန်ရှိ၏။ ဤစာမှာ အမြန်ဆုံး မနေ့ကရသောစာ ဖြစ်ပုံရှိ၏။ အဘယ်ကြောင့်ဆိုသော် ရုံးလိပ်တပ်ထားသောကြောင့်ပင် ဖြစ်ပေ၏။ အရေးမကြီးသောစာတစ်စောင်ကို ရုံးသို့လိုက်ပေးရန်မှာ သိပ်ကျေးဇူးတင်ခံရမည် မဟုတ်နိုင်၊ သို့သော် လိုက်လည်းပေးချင်လှသည်။ နောက်ဆုံးတွင် သန်းကြွယ်သည် သူ့ဝမ်းထဲမှ ဝေဒနာကို ဒူးထောက်ပေးလိုက်သည့်အဆုံး၌ စာကို လိပ်ပြာမလုံစွာနှင့် ခိုးဖောက်ကြည့်မိတော့၏။

တစ်ခါတုန်းက ချစ်ခဲ့တဲ့နုရေ. . .

ရေးရမှာ ဝမ်းတော့နည်းပါတယ်ကွယ်။ မန္တလေးကို ကုန်တွေနဲ့တက်ခါနီးတုန်းက နုက အသစ်မမြင်ပါနဲ့နော်လို့ မှာလိုက်တာကလေး ကြားယောင်မိလာပြန်တော့ ပိုပြီးဝမ်းနည်းပါတယ်။ (ဤနေရာ၌ သန်းကြွယ် ခေါင်းလည်သွားပြန်လေ၏။) ဒါပေမဲ့ နုလည်း ရိပ်မိရောပေါ့။ မောင်စာမထည့်တာ နှစ်လလောက်ရှိပြီ မဟုတ်လား။ အဲဒီကတည်းက ဈေးချိုက 'မြ' ကို ရင်းရင်းနှီးနှီး သိလာပြီလေ။ အခုတော့ သူနဲ့ ကြိုက်မိနေပြီကွဲ့။ (သူငယ်နာကြောဆွဲပြန်၏။) နုလည်း သိမှာပေါ့။ မောင့်အနေနဲ့ဆိုရင် နုထက် ရုပ်လည်းပိုချော။ ပိုက်ဆံလည်း ပိုရှိတဲ့လူတွေ့ရင်၊ ရလည်း ရနိုင်မယ်ဆိုရင် ယူရတော့မှာပေါ့။ နောက်ပြီး သူက စင်းလုံးချော နုရေ။ ကိုယ့်ဘဝက်အကျိုးပေးမကောင်းရတဲ့ကြားထဲ နုတို့အထဲ

ရောက်ရမယ်ဆိုရင် (ရွှဲကွာ- ရွှဲပြန်၏။) နုတို့အထဲရောက်ရ မယ်ဆိုရင် မောင် စိတ်မချမ်းသာလှဘူး နုရယ်။

ကဲ. . . နုရေ. . . ခွင့်လွှတ်ရင်းနဲ့. . . မောင့်ကို မေ့လိုက်ပါတော့. . .

တစ်ခါတုန်းက နုရဲ့ချစ်သူ။
သိန်းခံ

ဟောဗျ - ရွှဲနေပြန်ပါပြီကော။

သန်းကြွယ်သည် စာဖတ်ပြီးသောအခါ ရွှဲ၏။ ရွှဲပြီးသောအခါ သတ် ...ငိုးတစ်ချက်ချလိုက်၏။ နုလေးတော့ သနားစရာ ဖြစ်နေပေပြီ။ သူ့စာကို အသာ ...န်ပိတ်လိုက်၏။ နုနုခင်၏ရုံးသို့ ပြေး၍သွားပေးရန် ဆုံးဖြတ်လိုက်ပေပြီ။

တွင် ... နေပါဦး၊ စာပါအကြောင်းအရာကို ထောက်၍ကြည့်လျှင် နုနုခင်တို့ဟာ ...ဘုရားကျွန်တွေများလားဟု တွေးမိပြန်၏။

"အို- ဘာဖြစ်ဖြစ်ကွာ" ခုခေတ်မှာ ဘုရားကျွန်တွေဘာတွေ မရှိတော့ ပြီမဟုတ်လား။ ပခုံးနှစ်ဘက်ကြားက ခေါင်းပေါက်သောလူချည်းပင် ဖြစ်ပါသည်။ ...ဘင်းမာသောသန္နိဋ္ဌာန်ကိုချပြီးနောက် သန်းကြွယ်သည် စာအိတ်ကိုယူကာ ရုံးမှထွက် လာခဲ့လေတော့၏။

နုနုခင်ကို ရုံးတွင်အလွယ်တကူပင် ရှာ၍တွေ့ပါ၏။ သူ့စားပွဲနားကပ်၍ စာအိတ်တစ်အိတ်ကျကျန်ရစ်၍ လာပေးကြောင်း ပြောလိုက်သည်နှင့်တစ်ပြိုင် နက် နုနုခင်၏မျက်နှာလေးမှာ ဝင်းသွားပြီး ရုံးခန်းအပြင်ဘက် စင်္ကြံသို့ထွက်လာ လေရာ သန်းကြွယ်မှာလည်း နောက်ကလိုက်လာလေ၏။

"မနေ့က နုက စောစောပြန်လာခဲ့တယ်လေ၊ အဲဒါ မမသင်းက စာကို ယူထားလိုက်ပြီး ဒီနေ့မနက်ကျမှ ကားဆိပ်မှာပေးတယ်၊ သူလည်း နုကိုမြင်မှ ပေးဖို့သတိရတယ်တဲ့၊ စာပျောက်သွားမှတ်လို့ စိတ်ပျက်နေတုန်း ခုလိုဒုက္ခခံပြီးလာ ပေးတာ သိပ်ကျေးဇူးတင်တာပဲ. . . စာက သိပ်အဘိုးတန်ပေတယ်ရှင့်၊ ကျေးဇူး ဆပ်တဲ့အနေနဲ့ ပြန်ခါနီးရင် ရုပ်ရှင်ကြည့်ဖို့ ငွေ (၅) ကျပ်ပေးလိုက်မယ်နော် ဟဲ. . . ဟဲ. . ."

"အဲ. . ရယ်နေ့ရယ်နေ. . . တော်တော်ကြာတော့ နှာရည်ဒလဟော ဖြစ်ရမှာ"

သန်းကြွယ် ပါးစပ်ကပြောသော စကားမဟုတ်ပါ။ ဝမ်းထဲမှ ကျိတ်ပြော



လိုက်သောစကားဖြစ်၍ နုနုခင် မကြားလိုက်ပေ။ သန်းကြွယ်လှမ်းပေးလိုက်သော စာကိုသာယူပြီး ဖွင့်ဖတ်လိုက်၏။ သန်းကြွယ်ကား ခပ်ကြောင်ကြောင်ဝင် ချေး စိုက်ကြည့်နေမိသည်။

ခဏကြာသောအခါ စာဖတ်နေသောနုနုခင်သည် ရှိုက်လိုက်သည်နှင့် အမျှ မျက်ရည်လုံးကြီးများသည် ပါးကလေးနှစ်ဖက်ပေါ်သို့ ဒလိမ့်ခေါက်ကွေး ကျလာရှာတော့၏။

"ဟင့်- ဟင့်. . ."

နုနုခင်သည် ခါးကြားမှ လက်ကိုင်ပဝါကို ဆွဲထုတ်လိုက်ရာ လက်ကိုင် ပဝါမှာ ဘယ်နေရာ၌ ကျကျန်ရစ်သည်မသိ၊ အထက်ဆင်ဆွဲမိတော့ရကား၊ ထဘီ စမှာ လျှောကနဲ ပြုတ်ထွက်လာသည်တွင် သန်းကြွယ်သည် ပျာယီးပျာယာ လှမ်း ကိုင်ထားပေးလိုက်မိလေ၏။ နောက်မှ "ဟာ" ဟုဆိုကာ လက်ပြန်လွှတ်လိုက်ရာ၊ ထဘီစမှာ ကျလုလု ပြန်အဖြစ်တွင် နုနုခင်၏ ဖမ်းဆွဲ၍ ပြန်ညှပ်ထားလိုက်ရလေ သည်။

"ဟင့်- ဟင့်. . ."

ခေတ္တအားလပ်ချိန်အပြီးတွင် ဆက်ငိုနေပြန်ချေပြီ။ သန်းကြွယ်မှာ ကော ရီ၏ ရှုံ့မဲ့နေသောမျက်ခွက်ကို မကြည့်ရက်သဖြင့် လက်နှစ်ဖက်မြှောက်လိုက်ကာ ပခုံးနှစ်ဘက်ကိုကိုင်မည်ပြုပြီးမှ မြွေတွေ့သလိုတွန့်ကနဲ ပြန်ဆုတ်သွားလေ၏။ တစ်ဖန် မျက်ရည်သုတ်ပေးတော့မလို နုနုခင်၏မျက်နှာနားကို သူ့လက်ဝါးကြီး ရောက်လာပြီးမှ ကြောင်ချေးနှင့် ရင်ဆိုင်ရသလို၊ ဆတ်ကနဲ တန့်သွားပြန်လေ သည်။ နောက်ဆုံးတွင် ဘာမျှမလုပ်တော့ဘဲ ပါးစပ်ကသာ ဖျောင်းဖျရလေတော့ ၏။

"နုနု မငိုနဲ့လေ လူတွေ မြင်ကုန်မယ်"

"မြင်ကုန်တော့ ဘာဖြစ်သေးလဲ. . ."

"မြင်ကုန်ရင် တွေ့ကြမှာပေါ့"

သန်းကြွယ်မှာ ရယ်စရာတွေ ပြောနေသည် မဟုတ်ပါ။ ဖျောင်းဖျရင်း ပင် ပြောမိပြောရာတွေ လျှောက်ပြောနေခြင်း ဖြစ်ပေသည်။

"ဘာတွေ့မှာလဲ"

"ငိုနေတာတွေ့မှာပေါ့၊ တိတ်ပါ- သူ မယူလည်း သူ့ထက် သာတာတွေ ရနိုင်ပါတယ်"

နုနုခင်မှာ မျက်လုံးဝိုင်းကြီးနှင့် သန်းကြွယ်ကို ပြူးကြည့်လိုက်၏၊

"ဒီထဲ ရေးထားတာတွေ ရှင် ဘယ့်နှယ်သိသလဲ"

"ဩော်. . . ဟဲ ဟဲ ကျွန်တော် ဖောက်ကြည့်တယ်လေ၊ မလိမ်ပါဘူး တကယ်ပါ။ ကျွန်တော် ဖောက်ကြည့်တယ်၊ နုက စုံထောက်ဝတ္ထုတွေ မဖတ်ဘူး ထင်တယ်"

"ဖတ်ဖူးလို့ ရှင်စကားတစ်ခွန်းထွက်တာနဲ့ ဒက်ကနဲ သိတာပေါ့"

"ဒီဖောက်ဖတ်တာပဲ. . ."

ခေါင်းရွဲ့သွားပြန်လေ၏။ ပြန်တည့်မှ ဆက်ပြောရလေသည်။

"ဒီဖောက်ဖတ်တာပဲ သိတာပေါ့ ဟုတ်လား"

"နို့- ဘာသိရဦးမှာလဲ"

သန်းကြွယ်မှာ တွေသွား၏။ နောက်ထပ် စကားပြောမည်ပြုစဉ် ခေါင်းရွဲ့သွားပြန်လေသည်၊ ဤကဲ့သို့သာ ရွဲ့ရွဲ့နေလျှင် ပုံလည်းပျက်၏။ စကားလည်း ဆုံးမည်မဟုတ်၊ ထို့ကြောင့်ပင် သူ့ခေါင်းကို လက်ဝါးနှစ်ခုနှင့် ညှပ်ကိုင်ထားပြီး ပြောလေ၏၊

"ဘာကြောင့်ဖောက်ဖတ်တယ် ဆိုတာကိုတော့ မသိဘူးပေါ့"

"ဘာလို့မသိရမှာလဲ၊ အထဲမှာ ဘာပါသလဲ သိချင်လို့ ဖောက်ဖတ်တယ် မဟုတ်လား"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ဟိုလက်ကိုင်ပဝါ အစ်-အစ်-အစ်-အစ် ကျတဲ့ နေ့ကစပြီး နုကို ကျွန်တော် စိတ်ဝင်စားခဲ့တယ်၊ အဲဒါ ယနေ့ထိပဲ၊ အို-ရှင်းရှင်း ပြောရရင် အစ်-အစ်-အစ် ရှင်းရှင်းပြောရရင် နုကို ကျွန်တော် ကျွန်တော်လေ-ဟဲ-ဟဲ- အပြစ်တင်ရင်လည်း ခံရမှာပေါ့၊ ကြိုက် အစ်-အစ်-အစ် ကြိုက်နေပြီဗျ၊ ခုစာတွေ့တော့ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း"

သူ့ခမျာ ခေါင်းမရွဲ့သာတော့ လည်ချောင်းအစ်အစ်နှင့် တစ်ဆို့ဆို့ကြီး ဖြစ်ရရှာ၏။ နုနုခင်ကမူ ဘာမျှမပြောတော့၊ မျက်လုံးဝိုင်းကြီးများဖြင့် သန်းကြွယ်ကို စိုက်ကြည့်လိုက်ပြီး ခေါင်းငုံ့လိုက်လေ၏။ ပြီးမှ တစ်လုံးချင်း စကားသံထွက်လာလေသည်။

"အမှန်က ကိုသိန်းဇံကို နုချစ်ခဲ့တာ သူခြေတစ်ဖက် ပြတ်နေလို့ပဲ"

သန်းကြွယ်၏မျက်လုံးများမှာ လည်ပင်းကို ဆင်နင်းခံရသော ယင်ကောင်ကဲ့သို့ ပြူးသွားလေ၏။



"ဟယ်- ခြေတစ်ဘက်ပြတ်နေလို့ ကြိုက်တယ်ဟုတ်လား၊ ဒါဖြင့် ကျွန်တော် ခြေထောက်နှစ်ဖက်စလုံး မီးရထား အကြိတ်ခံလိုက်ပါ့မယ်ဗျာ"

"သူက တော်လှန်ရေးတုန်းက ခြေပြတ်ခဲ့တာ၊ နောက် ခုခေတ်မှာ ကုန်သည်လုပ်စားနေတယ်၊ ဒီမှာ- ကိုဟိုဒင်း"

"ကိုသန်းကြွယ်လို့ခေါ်ရင် ပိုနားထောင်ကောင်းပါတယ်"

"အဲ. . . ကိုသန်းကြွယ် နုရဲ့အိမ်ထောင်ရေးမှာ အရေးပါအရာရောက်ဆုံးက နုတို့ဆွေမျိုးတစ်သိုက်နဲ့ နုအဖေပဲ၊ ကိုသန်းကြွယ် နုကို တကယ်လက်ထပ်ချင်ရင် တနင်္ဂနွေနေ့ကျတော့ ဖေဖေ့ လာပြောတော့၊ ဖေဖေ သဘောတူရင် နု လက်ထပ်မယ်၊ ကိုသိန်းဇံတုန်းကလည်း ဖေဖေ့သဘောတူညီချက် ရပြီးမှ ချစ်ကြတာ၊ နုတော့ ယောကျ်ားဆို စိတ်ကုန်ပါပြီ"

"အောင်မယ်. . . . ယောကျ်ားတွေ စိတ်ကုန်လို့ မိန်းမလျာတွေတော့ အရောမဝင်ပါနဲ့နော်. . . တောင်းပန်ပါရစေ၊ ကျွန်တော် တနင်္ဂနွေနေ့ကျရင် နုရဲ့ ဖေဖေကို လာပြီးပြောပါ့မယ်၊ သဘောတူရင် နောက်နေ့ လက်ထပ်မယ်လေ. . စိတ်တော့မကုန်ပါနဲ့ဦးနော်. . . အစ်-အစ်. . ."

ရုံးချိန်ရှိသေးသဖြင့် ဤမျှလောက်နှင့် တစ်ခန်းရပ်ခဲ့ကြရလေသည်။ ထိုနေ့အဖို့ သန်းကြွယ်မှာ ဘဝင်မြူးလှသဖြင့် မော်တော်ကားတိုက်မည်ကိုပင် စိုးရိမ်ရလေသည်။ ထိုနေ့ညက ခေါင်းသာမရွဲ့လျှင် တော်တော်ကောင်းသော အိပ်မက်များမက်မည်မှာ မလွဲချေ။

□

## (၃)

တနင်္ဂနွေနေ့သည် စပ်ဖြဲဖြဲနှင့် ရောက်လာလေသည်။

နုနုခင်ပေးလိုက်သော အိမ်လိပ်စာအတိုင်း သန်းကြွယ်မှာ နံနက်စာ စားပြီးပြီးခြင်း လိုက်လာလေရာ၊ လှပသော နှစ်ထပ်တိုက်ကြီး၏တံခါးဝသို့ ရောက်နေပေပြီ။

အထဲသို့ ကဲကြည့်လိုက်ရာ၊ အဒေါ်ကြီးတစ်ယောက် သတင်းစာဖတ်နေသည်ကို တွေ့ရလေ၏။

"ဩော်. . . အဒေါ်"

အဒေါ်ကြီးသည် သူ့ကို သောက်ဖက်မလုပ်ပါ။

"ဟဲ. . . ဟဲ. . . ဒီမှာခင်ဗျ"

ရွှဲသွားပြန်ပြီ။ သူ့ခေါင်းက ခေါင်းပြန်တည့်၍ ကြည့်လိုက်ပြန်သောအခါ၊ အဒေါ်ကြီးသည် သတင်းစာ ဖတ်မြဲပင် တွေ့ရ၏။ သူ့ရွဲ့နေတုန်းကများ မော့ကြည့်လိုက်လေသလားဟု တွေးမိ၏။ သို့သော် မဖြစ်နိုင်ပေ။ သူ့ကိုမြင်လျှင် ပြန်ငုံ့သွားမည်မဟုတ်ပါ။ နောက်ဆုံးတွင် စိတ်မရှည်သဖြင့် အနားမှ ပန်းအိုးထဲမှ ကျောက်ခဲသေးသေးလေးဖြင့် သတင်းစာကို လှမ်းပေါက်လိုက်ရာ တံခါးကြားမှ ပေါက်ရသဖြင့် ခဲလုံးလေးမှာ အဒေါ်ကြီးကိုပင် လွန်သွား၍ အဒေါ်နောက်နားအ အပေါက်မှထွက်လာသော ဆယ်နှစ်ခန့်ကလေးလေးတစ်ယောက်၏ ထိပ်ကိုမှန် လေရာ ကလေးမှာ "အဘား. . . ဘူး. . . အာ. . . အူး" ဟု မာဂဓဘာသာနှင့် ငိုပြီးဝင်ပြေးလေ၏။

ဤတွင်မှ၊ သတင်းစာဖတ်နေသော အဒေါ်ကြီးသည် သူ့ကို မော့ကြည့်ပြီး ရယ်လိုက်ကာ "အဒေါ်ကို ခေါ်သလား" ဟု ပြောပြောဆိုဆို ထပြီး သံတံခါး ဖွင့်ပေးလေ၏။

"အဒေါ်က နားကန်းတယ်. . . အခုလို ကျယ်ကျယ်ခေါ်မှကြားတာ"

ကလေးငိုတာကို သူခေါ်သည်ဟုထင်၍ ပြောနေခြင်းဖြစ်ကြောင်း သန်းကြွယ် ရိပ်မိ၏။ သို့သော် ဘာမျှဆက်ပြောမနေတော့ဘဲ လာရင်းကိစ္စကို ခပ်ကျယ် ကျယ် ပြောလိုက်လေသည်။

"ကျွန်တော့်ကို နုနုခင်က မှာထားတယ်"

အဒေါ်ကြီးသည် သူ့ကို ဧည့်ခန်းထဲသို့ခေါ်သွားပြီး ကုလားထိုင်တစ်ခုကို ညွှန်ပြရင်း၊ လက်ဖြင့်ထိုင်ခိုင်းဟန်ပြကာ၊ အခြားအပေါက်တစ်ခုမှနေ၍ ထွက်သွားလေ၏။ သန်းကြွယ်မှာ ထိုင်ချလိုက်မှ သူညာဘက်ထရံနားရှိ ပက်လက်ကုလား ထိုင်ပေါ်တွင် မျက်လုံးတစ်ဖက်ကို လက်ဖမိုးနှင့်ပွတ်နေသော အဖိုးကြီးတစ် ယောက်ကို မြင်မိလေ၏။ ဤတွင်မှ ဒါနုနုခင်အဖေ ဖြစ်ဟန်တူသည်ဟု မျက်နှာ ပေါက်ဖမ်းရင်း၊ ကိုယ်လေးကိုရှိုလိုက်စဉ်၊ ခေါင်းရွဲ့သွားသဖြင့် ပြန်တည့်အောင် စောင့်ပြီးမှ သူ့ကိုကြည့်နေသော မျက်လုံးတစ်လုံးကို ပြန်ကြည့်လျက် ပြုံးလိုက်လေ၏။

အဘိုးကြီးမှာ ခပ်တည်တည်နှင့်ပင် အရေးမစိုက်ဘဲ၊ ကျန်မျက်လုံးတစ်



ဘက်ကိုသာ လက်ဖမိုးနှင့် ပွတ်မြဲပွတ်နေရာ၊ သန်းကြွယ်မှာ အူကြောင်ကြောင် ဖြစ်သွားပြီး၊ အဘိုးကြီးကိုမကြည့်တော့ဘဲ ဘေးနားက ခုံကလေးပေါ်မှ သတင်းစာ တစ်စောင်ကို လှမ်းဆွဲလိုက်လေ၏။

သတင်းစာကို ကိုင်မိသည်နှင့်တစ်ပြိုင်နက် အဘိုးကြီးက "ဟဲ့" ဟု ဆိုလိုက်ရာ သန်းကြွယ်မှာလန့်၍ သတင်းစာ ဖုတ်ကနဲ လွှတ်ကျလေ၏။ အဘိုး ကြီးကို မော့ကြည့်လိုက်ရာ၊ အဘိုးကြီးမှာ မျက်စိမပွတ်တော့ဘဲ သူ့ကိုကျော်၍ သူ့ဘယ်ဘက်က အပေါက်ကိုကြည့်ကာ၊ "ဟဲ့- ထွန်းစိန် နှင့်မိတ်ဆွေလာတယ်" ဟု ပြောလိုက်လေ၏။

"ဟုတ်ကဲ့. . . လာပါပြီ ဘကြီး၊ သူ့စာအုပ် လာပြန်ယူတာ"

အထဲက ပြန်ဖြေသံသာ ကြားရ၏။ လူကို မတွေ့ရသေးပေ။ အဘိုးကြီး သည် သန်းကြွယ်ကို ကြည့်လိုက်ကာ. . .

"မောင် ဘယ်တုန်းက ဝင်ထိုင်နေတာလဲ"

ရော. . . ခက်ရချည်သေး။

"အခုနကလေ. . . ကျွန်တော် ဦးကိုတောင် ပြုံးပါသေးတယ်"

"ဩော်. . . ငါက မျက်စိတစ်ဖက်ကန်းကွ၊ ဒီဘက်မျက်စိက ကျောက် မျက်လုံးတပ်ထားတယ်လေ၊ ဒီဘက်မျက်လုံးပဲ မြင်ရတာ၊ အခုနက ဒီဘက်မျက် လုံးအကောင်းက ယားလို့ပွတ်နေတာ မင်း ဝင်လာတာ ငါ ဘယ်တွေ့မလဲကွ"

သန်းကြွယ်သည် သက်ပြင်းတစ်ချက်ချလိုက်ကာ ကြမ်းပေါ်က သတင်း စာကို ကောက်ကြည့်လိုက်၏။

"ဟင်"

သန်းကြွယ် မော့ကြည့်လိုက်ရာ၊ ဆယ့်လေးနှစ်ခန့် ခါးကဘုကြီးနှင့် သူငယ်လေးတစ်ယောက်ကို တွေ့ရ၏။

"ခင်ဗျား. . . ကျော်ဂျီ မဟုတ်ပါဘူး"

"ဇော်ဂျီလည်း မဟုတ်ဘူး. . . ဝိဇ္ဇာလည်း မဟုတ်ဘူး"

"ခင်ဗျားစာအုပ်ကို ကျွန်တော် ဘယ်တုန်းက ငှားလို့လဲ"

"ငါမှတ်ဉာဏ်တော့ တော်တော်ကောင်းတာပဲ၊ ဒါပေမဲ့ ငါ စဉ်းစားလို့ မရပုံထောက်တော့ အရင်ဘဝက ငှားတာဖြစ်မှာပေါ့"

"အို. . . ဘယ့်နှယ်လူကြီးလည်း မသိဘူး. . .၊ ဘကြီး. . . သူကျော်ဂျီ မဟုတ်ဘူး၊ အလျှုခံ ဖြစ်မှာပေါ့"

အဘိုးကြီးသည် သန်းကြွယ်ကို ကြည့်လိုက်၏။

"ဟင်. . . ဟုတ်လား၊ ငါက မသိပါဘူး၊ ဒီနေ့ မင်းမိတ်ဆွေ လာမယ်ဆို လို့၊ ဒါထက် မောင်ရင်က ဘာကိစ္စတုန်း"

"ကျွန်တော့်ကိစ္စကို အခုနက နားထိုင်းတဲ့ မိန်းမကြီးကို ပြောပြီးပြီ"

"အောင်မာ. . . အဲဒါ ငါ့အစ်မ မသန်းတင်ကွ၊ သူ့ကို မရှိမသေ နား ထိုင်းတယ်လို့ ဘယ်တော့မှ မပြောနဲ့၊ သူသိပ်စိတ်ဆိုးတယ်"

သန်းကြွယ်မှာ သူလာသည့်အရေး မအောင်မြင်မှာလည်း ပူပါသေး၏။

"နောက်မပြောပါဘူးခင်ဗျား. . . သူကြိုက်အောင် ဘယ်လိုပြောရမလဲ"

"နားကန်းတယ်ပြောမှကြိုက်တာ"

ဘယ့်နှာတွေပါလိမ့်။ နားကန်းတယ် ဆိုသည်က နားထိုင်းသည်ဆိုသည် ထက် ယဉ်ကျေး၏. . . တဲ့။

သန်းကြွယ်သည် အခြေအနေကို ရင်ဆိုင်တော့မည်ဟု သန္နိဋ္ဌာန်ချ လိုက်၏။

ခါးကုန်းကြီးနှင့် ကောင်လေး ကုန်းကုန်း ကုန်းကုန်းနှင့် ထွက်သွားပြီး ခြေသံများ ကြားရပြန်လေသည်။ စောစောက သန်းကြွယ်နှင့်တွေ့သော နားထိုင်း သည့် (အဲလေ) နားကန်းသည့်မိန်းမကြီးနှင့် အခြားမိန်းမကြီးတစ်ယောက် ရောက် လာကြလေ၏။ ထိုမိန်းမကြီးလည်း မခေပါ။ ခြေတစ်ဖက် ထော့ကျိုးထော့ကျိုး ဖြစ်နေပါသည်။

ဒေါ်သန်းတင်က ထိုမိန်းမကိုကြည့်၍. . . "ဟော့- မသန်းရင်. . . ဟော ဒီသူငယ်က ညည်းကို တွေ့ချင်တယ်လို့ ပြောတယ်" ဟု ပြောလိုက်ရာ၊ ဒေါ်သန်း ရင်မှာ သန်းကြွယ်ကို စေ့စေ့ကြည့်လိုက်သည့်နည်းတူ သန်းကြွယ်မှာလည်း ပါးစပ် ပြသွားလေ၏။

"ဟာ. . . လွဲကုန်ပြီ၊ ဒေါ်ဒေါ်ကို ကျွန်တော် မတွေ့ချင်ပါဘူး"

ပက်လက်ကုလားထိုင်မှ 'ကျွိ' ဟူသောအသံဖြင့် အဘိုးကြီးသည် ရှေ့သို့ အားယူထိုင်လိုက်လေ၏။

"ဟော့သူငယ်. . . မင်းဟာ ဂျော်ကီ မဟုတ်ဘူး"

"မဟုတ်ပါဘူးလို့ ပြောပြီးပါပြီခင်ဗျာ"

"ငါ့တူ ထွန်းစိန်ကလည်း မင့်ဆီက ဘာစာအုပ်မှ မငှားဘူး မဟုတ် လား"



"အခုဘဝမှာတော့ မငှားဖူးပါဘူး"

"အေးလေ- ငါကလည်း ရှေ့ဖြစ်မယ့်ဘဝကို ဘာမှမပြောလိုပါဘူး၊ငါ့ မိန်းမ မသန်းရင်ကိုလည်း မတွေ့ချင်ဘူးဆို"

"ဟုတ်ပါတယ်"

"ဒါဖြင့် အကြောင်းတစ်ခုတည်း ငါ စဉ်းစားလို့ရတယ်"

"ဘာပါလဲခင်ဗျာ"

"မင်း အိမ်မှားဝင်လာပြီ၊ ဒါမှမဟုတ်ရင်လည်း ငါတို့အိမ်ကြီးဟာ နေရာ မှားနေပြီ၊ တစ်ခုခု ဖြစ်ရမယ်ကွ"

သန်းကြွယ်သည် ပြုံးလိုက်လေသည်။

"ဒီအိမ်ကြီးဟာလည်း နေရာမမှားပါဘူး၊ ကျွန်တော်လည်း အိမ်မမှားပါ ဘူး. . . (ရွံ့ပြန်၏) ကျွန်တော် တွေ့ချင်တာက. . . နုနုခင်ပါပဲ"

ဤတွင် ဒေါ်သန်းတင်က "ဟယ်. . ဒါဖြင့် သနားစရာပေါ့ကွယ်. . .၊ ဘယ်တုန်းက ဆုံးသွားသလဲ" ဟု မေးလေရာ၊ အဘိုးကြီးက 'အသာနေ' ဟူသော သဘောဖြင့် လက်ကို ဘေးယပ်ပြလိုက်ပြီး သန်းကြွယ်ကို စကားပြန်ပြောလေ၏။

"ဩော်. . . ငါ့သမီး တွေ့ချင်လို့လား၊ စောစောက ပြောရောပေါ့ကွာ၊ ငါဟာ မင်းတွေ့ကတည်းက ဒီကောင်ဘာလာလုပ်ပါလိမ့်လို့ စဉ်းစားလိုက်ရတာ အခုမှ စိတ်အေးသွားတယ်၊ ငါ့သမီး အပေါ်ထပ်မှာရှိတယ်၊ မသန်းရင် ခေါ် လိုက်ပါ"

ခြေထော့ကျိုးနှင့်အဒေါ်ကြီး ထွက်သွားပြီးမှ မကြာမီ နုနုခင်နှင့်အတူ ပြန်ရောက်လာလေ၏။

"ဩော်. . . ကိုသန်းကြွယ်ပါလား၊ ကဲ ရှည်ရှည်ဝေးဝေးတွေ လျှောက် လုပ်မနေပါနဲ့၊ ဖေဖေ့ကို ပြောလေ. . .

"ဘာပြောရမှာလဲ"

"တစ်နေ့က နုကို ပြောတဲ့ဟာလေ"

"နုကို ပြောတုန်းက စကားလုံးတွေ မေ့ကုန်ပြီ၊ သဘောလောက်ပါရင် တော်ရောပေါ့နော်"

"အင်းလေ- တိတိကျကျ မဟုတ်ပါဘူး"

သန်းကြွယ်သည် အဘိုးကြီးဘက်သို့ လှည့်လိုက်ရာ အဘိုးကြီးကလည်း သန်းကြွယ် ဘာပြောမလဲဟု စိုက်၍နားထောင်နေလေ၏။

သန်းကြွယ်သည် မျက်လုံးကလေး ပေကလပ်ပေကလပ်နှင့် လုပ်လိုက်ကာ တစ်ချက်ရွှံ့လိုက်သေး၏။ ပြီးမှ. . .

"ဦးကိုလေ. . . ကျွန်တော်. . . အပြစ်တင်ရင်လည်း ခံရမှာပေါ့- ဦးတို့ ကျွန်တော် (ရွှံ့လိုက်၏) ကြိုက်နေပြီခင်ဗျ" ဟု ပြောချလိုက်ရာ၊ အဘိုးကြီးမှာ နားရွက်များ ထောင်လာသည်နှင့်အမျှ နုနုခင်မှာ "ဟင် ဟဲ. . . ဟဲ" ဟု ရယ်မိလေ၏။

"ကိုသန်းကြွယ်ကလည်း တစ်နေ့ကအတိုင်း ပြောတာပဲ"

"နို့ နုက နုကိုပြောတာပြောဆို သဘောလောက်ပါရင် ပြီးတယ်ဆို"

"ကဲ- ထားပါတော့၊ ဒီမှာဖေဖေ သူက နုကိုကြိုက်တယ်တဲ့၊ ဖေဖေတို့ သဘောတူရင် လက်ထပ်ပါ့မယ်တဲ့"

အဘိုးကြီးသည် သန်းကြွယ်ကိုကြည့်လိုက်ရာ၊ သန်းကြွယ်မှာ ရွှံ့လိုက်သဖြင့်၊ အဘိုးကြီးလည်း ယောင်ပေါင်ပြီး သန်းကြွယ်ခေါင်းလှည့်ရာဘက်သို့ လိုက်ကြည့်သေး၏။ ပြီးမှ စကားပြောလေသည်။

"မင်းရွှံ့တာတော့ ငါသိပ်သဘောကျတယ်၊ ကဲ- စဉ်းစားရမှာက မင်းကွ မင်း ငါတို့အသိုက်ကို အကုန်သိရဲ့လား၊ ငါက တစ်ဖက်ကန်းကွ၊ ငါ့အစ်က နားကန်းတယ်၊ ငါ့မိန်းမက ခြေထောက်ကျိုးနဲ့၊ ငါ့တူက ခါးကုန်းကြီးနဲ့ကွာ၊ ငါ့သားအငယ် အသက် (၁၀) နှစ်ရှိတဲ့ တူတူးက အ,နေတယ်ကွ၊ ငါ့ယောက်ဖက အခုအိပ်ရာထဲမှာရှိတယ်၊ နားရွက်တွေပျက်နေပြီ"

သန်းကြွယ်မှာ ရွှံ့လိုက်ပြီးမှ မျက်လုံးပြူးလေ၏။

"ဟောဟိုမှာ. . ဟော့ကောင်လာစမ်း၊ ဒီကောင်က တို့အိမ်မှာ တောက်တိုမယ်ရလုပ်ပေးတဲ့ ကောင်လေး သူ့ကလည်း မခေပါဘူး၊ ဟော့- မင်းထမင်းစားပြီးပလား"

အဘိုးကြီး လှမ်းခေါ်လိုက်၍ ကပ်လာသော ကောင်ကလေးက "မ. . မ. . မစား. . ရရ. . . သေး. . သေး. . ပါ. . . ဘု. . . ဘွတ်. . . ဘူး" ဟု ပြန်ဖြေ၍ အဘိုးကြီးက "သွားစားချေ၊ ကဲ- တွေ့လား၊ သူကထစ်နေတယ်၊ ကလေး ထိန်းတဲ့ ကောင်မလေး ကြည့်ဦးမလား၊ ဖွတ်စအိုနာဖြစ်လို့ နှာခေါင်းမရှိဘူးကွ၊ ဟောဒီ ဓာတ်ပုံထဲကဟာက ငါ့ညီလကွာ၊ သူက အခုအပြင်ထွက်လည်နေတယ်"

သန်းကြွယ်သည် အဘိုးကြီးပြသောဓာတ်ပုံကို ကြည့်လိုက်ရာ နားရွက်ကလေးတစ်ဖက် လိမ်ကပ်နေသော လူကြီးတစ်ယောက်၏ပုံကို မြင်ရလေ၏။



"အဲဒီတော့ တို့နဲ့ဖြစ်မယ့်လူက သူကိုယ်တိုင်ကလည်း တစ်ခုခုဖြစ်နေမှ၊ အခုတော့ မင်းလည်း ရွှံ့ရွှံ့နေတာ ငါတယ်သဘောကျသကွာ၊ ငါကတော့ ကျေနပ်ပါတယ်၊ မင်းဘက်က စဉ်းစားပါ"

သန်းကြွယ်သည် ရဲရဲရင့်ရင့်ပင် ဆုံးဖြတ်လိုက်ပြီးဖြစ်၍ အဖြေပေးရမှာ ဝန်မလေးလှပေ။

"ကျွန်တော်ဟာ နုကို တကယ်ပဲ စွဲမက်ပါတယ်၊ ဒီတော့ ကျွန်တော် လက်ထပ်ယူပါရစေ"

"ကဲ. . . မင်းကျေနပ်ရင်လည်း သဘောပေါ့ကွာ"

"ကဲ. . . ဘယ့်နှယ်လဲ" ဟု သန်းကြွယ်သည် နုနုခင်ကို လှည့်မေးခြင်း ဖြစ်သော်လည်း ခေါင်းရွှံ့သွားသဖြင့်၊ ဒေါ်သန်းတင်ကြီးဆီသို့ မျက်စိရောက်သွားရာ၊ ဒေါ်သန်းတင်က "အေး. . . ပြန်ချင်ပြန်တော့လေ၊ နောက်ကြုံလည်း လာခဲ့ဦးပေါ့" ဟု စွတ်မှတ်လိုက်လေ၏။

သို့သော် သန်းကြွယ် ခေါင်းပြန်တည့်သောအခါ နုနုခင်က သူ့ပြောမှန်း သိ၍ ပြုံးလိုက်လေသည်။ သန်းကြွယ်သည် အဘိုးကြီးဘက် လှည့်လိုက်ပြီး. . .

"ဦးတို့အသိုက်က ဘာဖြစ်နေနေ၊ နုလေးတစ်ယောက်ကတော့ ချောက်ပြစ်ကင်းပါပဲကလား"

အဘိုးကြီးသည် မျက်မှောင်ပစ်ကြုတ်လိုက်လေသည်။

"ဘာကွ. . . ချောက်ပြစ်ကင်း၊ ဘယ်ကဟုတ်ရမှာလဲ၊ မင်းတော်တော် ရှော်တဲ့ကောင်၊ ငါက မင်းကြိုက်နေတယ်ဆိုတော့ ခြေဆုံးခေါင်းဆုံးကြည့်ပြီးပြီ မှတ်လို့၊ ဟော့-သမီး နင့်လက် ဖြန့်ပြလိုက်စမ်း"

နုနုခင်သည် ရှက်သလိုလိုနှင့် အဖေ့ကြဲဇာ နာခံရရှာလေသည်။ လက်သန်းကလေးတစ်ချောင်းမှာ အရင်းက ပုတိုတိုအလုံးကလေးပဲ ဖြစ်နေပါသည်၊ ရှင်းရှင်းဆိုလျှင် လက်သန်းဟု ခေါ်စရာပင် မရှိရှာပါ။ လက်လေးချောင်းနှင့် အလုံးကလေးတစ်လုံး ဖြစ်ပါ၏။

သန်းကြွယ်သည် အဘိုးကြီးကို မော်ကြည့်လိုက်၏။ ထုံးစံအတိုင်း ရွှံ့လိုက်ပါသေးသည်။

"အဲဒါ မွေးကတည်းကကွ၊ သိန်းဇံဆိုတဲ့ အကောင်တစ်ကောင်၊ ငါ့သမီးကို ယူမယ်ဆိုပြီး အခု ကတိဖျက်သွားတယ်၊ သူ့တုန်းကလည်း သူက ခြေတိုနေလို့ ငါက သဘောတူခဲ့တာ၊ အခုမှ ခွေးမသားက လူဝါးဝတယ်၊ မင်းတတော့

ဘယ်လိုတုန်း ရှင်းရှင်းပြောကွ၊ နောက်မှ မရှင်းမရှင်း မလုပ်နဲ့၊ တစ်ခုတော့ ရှိတယ်. . . ဟိုကောင်က မွေးကတည်းက ခြေမပါတာ မဟုတ်ဘူး၊ နောက်မှကျိုးတာ၊ မင်းက မွေးကတည်းက သူငယ်နာကြောဆွဲတာနဲ့တူတယ်၊ ဒီတစ်ချက် မင်းက သာပေတာပဲ"

သန်းကြွယ်သည်. . . အဘိုးကြီးစကားပြတ်သည်နှင့် တစ်ပြိုင်နက် ဝင်ပြောလေ၏။

"ဘာပဲဖြစ်ဖြစ် ကျွန်တော် နုကို လက်ထပ်ပါ့မယ်"

ဒေါ်သန်းတင်တစ်ယောက်ကလွဲလျှင် အားလုံး ရှင်လန်းသွားကြလေသည်။ ဒေါ်သန်းတင်တစ်ယောက်သာလျှင် ကြောင်တက်တက်ဖြစ်နေရာက. . .

"ဖြစ်မှဖြစ်ရလေ မောင်ရင်ရယ်. . . ကိုယ့်မိန်းမဆုံးသွားလည်း ထဘီတွေ ပေါင်စားရသလားလို့" ဟု ပြောလိုက်လေရာ နုနုခင်၏အမေ ခြေထော့ကျိုး ဒေါ်သန်းရင်က အတွင်းဘက်သို့ ဆွဲခေါ်သွားလေ၏။

သန်းကြွယ်မှာ အသက် (၂၂) နှစ်ခန့်ရှိ၍ အသားဖြူဖြူ လူချောကလေးတစ်ယောက် ဖြစ်သည်။

သူ့မှာ ပြောစရာတစ်ခုတည်း ရှိ၏။

ထိုပြောစရာကြောင့်ပင် ဖွံ့သွားလေပြီတကား။

သန်းကြွယ်တစ်ယောက်တော့ဖြင့်၊ ထိုနေ့ကစပြီး ဒုက္ခိတအုပ်စုထဲ ပါသွားပြီကောလေ. . .။

ဝမ်းနည်းစွာဖြင့်

သွေးသောက်၊ (၁၉၅၅) နှ

နိုဝင်ဘာလ၊ အမှတ် (၁၁

□ □ □

# ဟာသဝတ္ထုတို

(၁)

"အဲဒီငနဲမပေါ့ကွ၊ ငါပြောတာ. . ."

"ဩော်. . . ၊ . . . လမ်း၊ အိမ်နံပါတ်. . . က ငနဲမလေးလား"

စန်းဦးသည် လက်ဖက်ရည်ဆိုင်တွင် သတင်းစာဖတ်နေရာမှ ဘေးနားမှ လူငယ်နှစ်ယောက် စကားပြောသံကြောင့် မျက်လုံးအစုံကို လမ်းမဆီသို့ ရွေ့လိုက်လေသည်။ မျက်လုံးကြောနှင့် ပါးစပ်ကြောများ မည်သို့မည်ပုံ ဆက်စပ်နေသည်ကို ဆရာဝန်များကသာ ရှင်းလင်းပြနိုင်မည် ဖြစ်သော်လည်း၊ စန်းဦးမှာ မျက်လုံးများ ဝိုင်းသွားသည်နှင့်အညီ အောက်မေးရိုးလည်း ပြုတ်ကျကာ ပါးစပ်ပြသွား၏။

လျှောက်သွားသော ကလေးမမှာ အသက် (၁၉) နှစ်ခန့် ဖြူဖြူမိန်းတလေးဖြစ်၏။ ကိုယ်လုံးကိုယ်ပေါက်မှာ တောင့်တောင့်တင်းတင်းရှိလှပြီး အဆစ်အပေါက် လှပကြော့ရှင်းလှ၏။ ဤနေရာ၌ အဆစ်ဆိုသည်မှာ တတောင်ဆစ်၊ ခြေကျင်းဝတ်စသော ခြေဆစ်လက်ဆစ်များ၏ လှပပုံကိုဆိုလိုပြီး အပေါက်ဆိုသည်မှာ ပါးစပ်ပေါက်၊ နှာခေါင်းပေါက်၊ မျက်သုံးပေါက်များ၏ အပြစ်တင်းစင်စွာ တည်ရှိခြင်းကိုဆိုလိုသည်။

"သူ့နာမည်က သန်းသန်းတင်တဲ့ကွ"

"မင်းက နာမည်တွေဘာတွေတောင် စုံစမ်းပြီးပြီလားကွ၊ သွားလေ့လာနဲ့

နော်၊ ကောင်မက မာနကြီးပြီး၊ ဗန်တိုတွေ သိုင်းတွေလည်း ကောင်းကောင်းတတ်သတဲ့နော်. . . တော်တော်ကြာ မင့်ကို ပေါက်လွှတ်လိုက်လို့ နှာခေါင်းရှုံ့ပြန်လာရဦးမယ်၊ ဟား. . . ဟား. . . ဟား. . ."

ကျောင်းသားကလေးများ ဖြစ်ဟန်ရှိသော သူငယ်လေးနှစ်ယောက် ထွက်သွားပြီးသည့်တိုင်အောင် လူပျိုကြီးစန်းဦးမှာ ငိုင်နေဆဲပင်ဖြစ်၏။ အကြောင်းပြုသူ ကျောင်းသားကလေးများလည်း မရှိကြတော့၊ အကြောင်းပြုရာဖြစ်သော မိန်းကလေးလည်းမရှိတော့။ သို့သော် စန်းဦး၏မျက်လုံးများသည် သတင်းစာပေါ်သို့ ပြန်မရောက်တော့။ လမ်းဘေးက အစွန်းအစွန်းထောင်နေသော ပလက်ဖောင်း ကျောက်ပြားကြီးကိုသာ စိုက်ကြည့်မိနေတော့သည်။

မိန်းကလေးက သူ့ကို မမြင်၍ ဘယ်လိုမှဖြစ်မည်မဟုတ်သော်လည်း စန်းဦးမှာ သူငယ်မကို မြင်မြင်ခြင်းပင် အချစ်စိတ်များသည် မီးဖိုခွင်ပေါ် ကြာရှည်တင်ထားအပ်သော ငါးပိအိုးသို့ ဝေဘိ၏။ ရှင်ဘုရင်သာဆိုလျှင် တစ်မုဟုတ်ချင်းပင် ဒေါင်းလံစိုက်ပြီး ကောက်ယူမည်ဖြစ်သော်လည်း သူ့မှာ သာမန်ဆင်းရဲသားမျိုးမို့ မိန်းကလေးရှိရာအရပ်မှာ သူ့အဖို့ နဂါးလှည့်မသင့်ဘိသို့ ရှိတော့၏။

"ဟယ်. . . ဒီကောင်မလေးကို ငါ ရအောင်ပိုးမယ်၊ ကောင်လေးတွေ ပြောသွားတဲ့အတိုင်းဆိုရင် ကောင်မလေးအိမ်နဲ့ ငါနေတဲ့အိမ်ဟာ နောက်ဖေးမျက်စောင်းထိုးလောက်ကျမှာပဲ၊ ဒီကောင်မလေးကို ငါ ရ,ရမယ်"

သက်ပြင်းကို မှုတ်ထုတ်လိုက်သည်နှင့်အတူ သန္နိဋ္ဌာန်ကိုလည်း ချလိုက်ပြီးဖြစ်၏။

"နောင်ကြီး. . . သတင်းစာ မဖတ်ရင်လည်း ကိုင်မထားပါနဲ့ဗျာ၊ ကျွန်တော် ဖတ်ပါရစေ"

စန်းဦးလည်း ဖုတ်ဝင်လာသော လူမမာ နာတာရှည်လို ငြိမ်နေရာမှ လှုပ်ရှားလာပြီး သတင်းစာကို ကတုံးဆံတောက်နှင့်လူသို့၊ လက်ဖက်ရည်ဖိုးကို ဆိုင်ရှင်သို့ အသီးသီးပေးပြီး ထွက်လာခဲ့လေ၏။

□

(၂)

အချိန်မှာ ည (၁၀) နာရီခွဲခန့် ရှိပြီဖြစ်၏။



စန်းဦးသည် လက်ဖက်ရည်ထွက်သောက်ပြီး သူ့အဒေါ် မှာလိုက်သော သောနှင့် သောခလောက်ငယ်ကို လက်ဖက်ရည်ဆိုင်နှင့် ကပ်လျက်ရှိသော ကုလားယာကုလား၏ စုံစီနဖာဆိုင်မှ ဝယ်ယူခဲ့ပြီး ပြန်လာခဲ့လေ၏၊ သူ့လမ်းကို သူ့ပြန်ဘဲ သူငယ်မလေး၏လမ်းမှ ဖြတ်လာ၏။ သူမှတ်ထားသော အိမ်နံပါတ်ရှေ့သို့ ရောက်သောအခါ စောင်းငဲ့၍လှေ့လာမိသည်။ အိမ်မှာ ဝင်းခြံငယ်ကလေးရှိသော တစ်ထပ်အိမ်ဖြစ်ပြီး အိမ်သာမှာ အိမ်နှင့်သီးခြားနောက်ဖေးဘက်တွင် တည်ရှိ၏၊ အိမ်ရှေ့တံခါးများ ပိတ်ထားသော်လည်း အိမ်သာဝမှာ မီးခွက်တလက်လက်ဖြစ်နေသည်ကို တွေ့ရသောအခါ၊ စန်းဦးမှာ ဝမ်းသာသွား၏။ ကျောင်းသူကလေးများသည် စာကျက်လျှင် အိပ်မငိုက်အောင် ချဉ်သီးများစားလေ့ရှိရာ၊ ဤအချိန်မျိုးများတွင် မှန်မှန် 'ချန်းပီး'တတ်၏။ အိမ်ထဲမှ မိန်းမကြီးတစ်ယောက်၏အသံတိုကြားရသဖြင့် နားစွင့်မိသည်။

"သမီးရေ. . . မပြီးသေးဘူးလား"

"ဟုတ်ကဲ့. . . တော်တော်ကြာ ပြီးပါတော့မယ်"

"နိပ်ဟ"

နောက်ဆုံးဝါကျကား စန်းဦးက တစ်ကိုယ်တည်း တီးတိုးရွတ်လိုက်သော ဝါကျဖြစ်၏။ "ကံကောင်းရင်တော့ ငါ့အကြံအောင်မှာပဲ"ဟု ဆက်လက်တွေးပြီး စန်းဦးသည် လမ်းထိပ်သို့ ခပ်သုတ်သုတ်ပြန်ထွက်သွားကာ နောက်ဖေးလမ်းကြားမှ ပြန်ဝင်လာပြန်၏။

မီးတလက်လက်အိမ်သာနားသို့ ရောက်သောအခါ၊ အခြေအနေတိုအကဲခတ်လိုက်၏။ နောက်ဖေးပေါက်တံခါးမှာ ပြန်စေ့ထား၏၊ အိမ်သာမှာလည်း တံခါးပိတ်ထားပြီး အဆင်းအတက်ဆင့်တွင် မီးခွက်ထွန်းသေး၏၊ စန်းဦးသည် အသံမကြားအောင် ဝင်းထရံခွေးတိုးပေါက်မှ လျှိုးဝင်လာပြီး အိမ်သာတံခါးကို ကြည့်လိုက်၏။

"ဟာ. . . ပွတာပဲ"

အိမ်သာတံခါးဝယ် တစ်လမ်းလုံး သူဆုတောင်းခဲ့ရသော မှောက်လက်ကြီးသည် မီးရောင်ဖြင့် တဝင်းဝင်းဖြစ်ကာ သူ့ကို အားတက်စေတော့သည်။ လက်ထဲက အဆင်သင့်ပါသောသော့ကို ဖြိတ်၍ခတ်လိုက်ကာ ကလေးမတို့ ထိုးချစ်စကားပြောရန် အိမ်သာဘေးသို့ကပ်၍ မှောင်ရိပ်ခိုလိုက်၏၊ သူ့သော့ခတ်ရသည့်အကြောင်းရင်းမှာ သူ့စကားကို သန်းသန်းတင်သည် ဆုံးအောင်နားထောင်

ဘဲ၊ တံခါးဖွင့်ထွက်လာပြီး အိမ်ထဲသို့ဝင်ခြင်း၊ သို့မဟုတ် သူ့ကိုဗန်တိုပညာဖြင့် ကိုင်ပေါက်ခြင်း မပြုနိုင်အောင် ကြိုတင်ကာကွယ်ထားခြင်းဖြစ်၏။

အိမ်သာဘောင်ကို လက်တစ်ဘက်ထောက်ရင်း၊ စကားစ,ပြောတော့မည် ပြုလိုက်သည်တွင် အိမ်သာအတွင်းမှ ကလတ်. . . ကလတ်နှင့် တံခါးတွန်းသံ ထွက်ပေါ်လာပြီး၊ ရုတ်တရက်. . .

"ဟယ်. . . ဘယ်မအေပေးက တံခါးကို အပြင်ကပိတ်ထားရတာလဲကွယော. . . မစိန်းမြ. . . လာပါဦးဟ. . . ငါ့ကို အိမ်သာထဲမှာ သိပ်မလို့လား. . . ယော. . ."

အဘိုးကြီး၏ ဆူညံသောအသံ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက်၊ "ဟိုက်ရော. . . မီးတော့ပွင့်ကုန်ပဟ"ဟု တီးတိုးရေရွတ်ရင်း၊ စန်းဦးသည် စောစောက လျှို့ဝင်ခဲ့သောဝင်းထရံကို လွှားကနဲခုန်ကျော်ပြီး လစ်ခဲ့ရလေတော့သည်။ သော့မှာ သူ့လက်ထဲပါလာသည်ဖြစ်၍ သန်းသန်းတင်၏ အဖေနှင့်အမေတို့မှာ "အိမ်သာမှ သော့ခလောက်'ကဗျာကို မည်သို့အဆုံးသတ်မည်ကို သူမသိ။ ဖြစ်ဖို့ကောင်းသည်ကတော့ မျောက်လက်ကိုပါခွာပစ်ရန် ဖြစ်၏။

စောစောက သူ့အမေက "မပြီးသေးဘူးလား" မေးသည်မှာ သန်းသန်းတင်စာကျက်၍ မပြီးသေးဘူးလားဟု မေးရင်းဖြစ်ပြီး၊ သန်းသန်းတင်၏ ပြန်ဖြေသံမှာ အိမ်ထဲကသာဖြစ်၍ အိမ်သာဆီကပြန်ဖြေသည်ဟု ထင်မိသော စန်းဦးမှာ သူ့ထိုက်နှင့်သူ့ကံသာ ဖြစ်တော့သည်။

တစ်ခဏချင်းပင် သော့ခလောက်နှစ်ခုကို တစ်ခေါက်စီ လာဝယ်သော စန်းဦးကို ကျူလယာကုလားကလေးသည် ငေးကြည့်မိတော့၏။

❑

(၃)

ခရီးသွားဟန်လွဲနှင့်ရလိုက်သော ပထမဆုံး အကြံအစည်မှာ မအောင်မြင်ချေ။

ပထမအကြံအစည်ရသည်မှစ၍ သုံးရက်မြောက်၌ ဒုတိယအကြံအစည်ကို ရတော့သည်။



ထိုဒုတိယအကြံအစည်ကား မလွဲနိုင်ချေ။ သန်းသန်းတင်၏အိမ်ကို စွတ်စွတ်ရွတ်ရွတ်ဝင်သွားပြီး အိမ်မှားချင်ယောင်ဆောင်ရမည်ဖြစ်၏။ ဤအကြံအစည်ကို အကောင်အထည်ဖော်ရန် နေ့ကိုမသတ်မှတ်ဘဲ သန်းသန်းတင် အိမ်ရှေ့ထွက်နေစဉ် ကြုံကြိုက်ပါက တစ်ခါတည်းဝင်၍ အခြေအနေကိုကြည့်ပြီး ချစ်ရေးဆိုရန်ဖြစ်သည်။

ထိုနေ့ကား မကြာမီပင် ရောက်လာတော့၏။

သန်းသန်းတင်သည် တစ်ညနေဝယ် အိမ်ရှေ့နားကပ်လျက်ရှိသော ယုဇနပန်းများကို ပန်းကန်ပြားတစ်ချပ်နှင့် ခူးနေ၏။

ဖုတ်. . . ဖတ်၊ ဖုတ်. . . ဖတ်။

ခြေသံကြားသဖြင့်၊ မော့ကြည့်လိုက်ရာ၊ သူမမြင်ဘူးသော သူစိမ်းတစ်ရဲ့ဆံ ယောက်ျားပျိုတစ်ယောက်ကို တွေ့ရသဖြင့် သန်းသန်းတင်မှာ ငေးစိုက်ကြည့်နေသည်။

"ဒီမှာ. . . ဒါ. . . ဒါ. . . ဖိုးဟာ. . . ဟုတ်သလား"

ရင်ဆိုင်တွေ့ပြန်သော စန်းဦးမှာ ဖင်ထိုင်မေ့မတတ်ဖြစ်နေသည်။ အနားကကပ်ကြည့်မှ သန်းသန်းတင်မှာ ပိုချောကြောင်းတွေ့ရ၏။ စန်းဦးမှာ သန်းသန်းတင်၏ အလှဘိန်းကိုမူးနေစဉ်၊ သန်းသန်းတင်မှာ သူ့ကို စကားစ,လာရှာသောသူဟု အထင်ရောက်သွားသဖြင့် မျက်နှာကလေးများနီအောင် ဒေါသထွက်လာသည်။

"ရှင် ဘာကိစ္စနဲ့ နာမ်စားတွေ လာရွတ်နေရတာလဲ"

"ဩော်. . . အဝှပါ။ ဒါ. . . ကိုသိန်းခင်တို့အိမ်မဟုတ်လား"

သန်းသန်းတင်မှာ အံတစ်ချက်ကြိတ်လိုက်၍ မျက်ခုံးများကို ပင့်လိုက်သည်။

"ရှင်ပြောတဲ့ ကိုသိန်းခင်တို့အိမ်မှာ ကျွန်မကို မြင်ဖူးသလား"

"ဟင့်အင်း မမြင်ဖူးပါဘူး"

"မမြင်ဘူးရင် ကျွန်မကို မြင်တာနဲ့ ဒါဟာ ကိုသိန်းခင်တို့အိမ်မဟုတ်ဘူးဆိုတာ သိရမယ်"

စန်းဦးမှာ မလျှော့သေးပါ။ စကားကို ဆက်နိုင်အောင်တော့ ဆက်ဝါသေးသည်။

"ဩော်. . . ဒါကတော့ ကိုသိန်းခင်တို့အိမ်မှာ ဥက္ကလာပမှာ အိမ်ဆောက်နေတုန်းမို့ ခဏလာနေကြတဲ့ လမ်းဘေးကျူးကျော်သူတို့ အသိထဲက လာနေကြတာ

လားလို့"

သန်းသန်းတင်မှာ အလွန်အမင်း စိတ်ဆိုးသွားပါတော့သည်။

"ဘာရှင့်၊ ကျွန်မကို သေသေချာချာကြည့်စမ်း၊ လမ်းဘေးမှာ ကျူးကျော်ပြီး တဲဆောက်မယ့်ရုပ်လားလို့"

"ဟုတ်ကဲ့. . . ကိုယ်ကတော့ မဆောက်ဘူးပေါ့၊ သူများဆောက်တဲ့ တဲအိမ်ကိုငှားနေ"

စန်းဦး၏စကားမှာ အဆုံးမသတ်နိုင်ပါ။ သန်းသန်းတင်၏ ဒေါက်ဖိနပ်အနီကလေးတစ်ဖက်မှာ "ဝဲ. . . ဝဲ. . . ကာပဲ့" လာလေရာ အချိန်မီငုံ့ပေးလိုက်၍သာ စန်းဦးမှာ အနာတရမဖြစ်ခြင်း ဖြစ်သည်။

"ဟယ်. . . အို. . . သမီး ဘယ့်နှယ် အလျှူခံကို ဖိနပ်နဲ့ပစ်နေရတာလဲ"

ကယ်မဲ့သူ မဝေးသေးပါ။ သူ့အဖေကြီးတစ်ယောက်လုံး အိမ်ထဲမှ ထွက်လာချေသည်။

"ဩော်. . ဦးလေး ကျွန်တော် အလျှူခံမဟုတ်ပါဘူး"

"ဩော်. . မြူအမှုထမ်းလား၊ အိမ်ရှေ့ကရေဘုံဘိုင် ဖြုတ်ပြီးပါပြီကွဲ့၊ ဟဲ့. . . မစိန်းမြတို့ ပလက်ဖောင်းပေါ်မှာ အဝတ်လှန်းကြသလားဟေ"

စန်းဦးမှာ ပြုံးရအခက်၊ ရှုံ့မဲ့ရအခက်ဖြစ်နေပြီး တံတွေးကိုဖိ၍မျိုချလိုက်သည်။

"မြူအမှုထမ်းလည်း မဟုတ်ပါဘူးခင်ဗျာ၊ အိမ်မှားဝင်လာတာပါ"

"ဩော်. . . အိမ်မှားဝင်လာတာကိုး၊ အိမ်မှားဝင်လာတာရဲ့ အကြောင်းရင်းက ဘာတုန်းကွ"

"အာ. . . ဦးလေးကလည်း အိမ်မှားတာ အကြောင်းရင်းရှိပါ့မလား. ."

"ဟာ၊ ရှိတာပေါ့ကွ၊ အိမ်ချင်းတူလို့ ဒါမှမဟုတ်ရင် လူချင်းတူလို့. . ."

"ဩော်. . . ဟုတ်ကဲ့၊ သူတို့အိမ်မှာ ခွေးမလေးတစ်ကောင် မွေးထားတယ်"

"ဟ. . . ငါ့အိမ်မှာ ခွေးမမွေးမထားဘူးကွ"

စန်းဦးသည် ပြောမိပြောရာတွေ လျှောက်ပြောရာမှ သန်းသန်းတင်ကို ကြည့်လိုက်မိရာ၊ သန်းသန်းတင်မှာ ဆတ်ဆတ်ခါသွားပြီး၊ နောက်ဖိနပ်တစ်ဖက် ထပ်ချွတ်ပြန်လေ၏။

"ဟဲ့ သမီး နေဦးလေ၊ ဘယ့်နှယ် ဖေဖေဝယ်ပေးတဲ့ဖိနပ်တွေ လွှင့်. .



လွှင့်ပစ်နေရတာလဲ၊ ဟ. . . နေပါဦး၊ မင်းရှာတဲ့အိမ်က နံပါတ်ဘယ်လောက်လဲ"

"နံပါတ်တော့မသိဘူးခင်ဗျ၊ ဒီလမ်းထဲမှာနေတယ် ပြောတာပဲ"

"နာမည်က ဘယ်သူ. . ."

"ကိုတိုးမောင်တဲ့"

လုပ်ကြံပြောနေရသည်ဖြစ်၍ စန်းဦးစကားများမှာ အမြီးအမောက်မတည့်ဖြစ်ကုန်ရာ၊ သန်းသန်းတင်သည် ကြားဝင်လာပြီး။

"စောစောကပြောတော့ ကိုသိန်းခင်ဆို"

"ဩော်-ဟုတ်ကဲ့၊ ကိုတိုးမောင်ဆိုတာက ဇာတ်ထဲကနာမည်ပါ"

အဘိုးကြီးမှာ စိတ်ရှုပ်လာသလို ခေါင်းကိုကုတ်လိုက်ပြီး။

"လာစမ်းပါဦး မောင်ရင်ရာ၊ အိမ်ပေါ်တက်ထိုင်စမ်းပါဦး၊ မောင်ရင့်ကြည့်ရတာ လမ်းလျှောက်ရင်း တုပ်ကွေးမိလာသလိုပဲ၊ ကဲ. . . ထိုင်ထိုင် အိမ်မှားလာမှတော့ စကားလေးစမြည်လေး ပြောဦးမှပါပဲ"

စန်းဦးမှာ ဝမ်းသာသွား၏။ "ဒီလိုအဖေနဲ့တော့ ဘာကြောင့် ဒီသမီး အိမ်ထောင်မကျသေးပါလိမ့်"ဟူ၍လည်း စဉ်းစားမိသည်။ အဘိုးကြီး ညွှန်ပြပေးသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

"မောင်ရင့်မိဘများက ဘယ်သူတုန်း"

"ကျွန်တော်ဟာ မိကောင်းဖခင် သားသမီးပါခင်ဗျာ"

"ဩော်. . . မိကောင်းကို ဖခင်နဲ့ရပြီး မွေးထားတဲ့သားကိုး"

"ခစ်" သန်းသန်းတင်သည် တစ်ချက်ရယ်လိုက်၍ အိမ်ထဲဝင်သွား၏။

"ဟာ- မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်ဟာ တေလေကြမ်းပိုး မဟုတ်ပါဘူးလို့ ပြောတာပါခင်ဗျာ"

အဘိုးကြီးမှာ ဂွကျသလိုလို ရှိသော်လည်း သဘောကောင်းပါချေသည်။ ဟိုရောက်သည်ရောက် ရောက်ရာမှ စကားလက်ဆုံကျသွားပြီး စန်းဦးမှာ ဥပစာသိပ္ပံအပိုင်းခကို အောင်ပြီးကြောင်းသိရသည်နှင့် မက်ထရစ်တွင် တဖုန်းဖုန်းကျသော သန်းသန်းတင်ကို ယခုနှစ်အောင်အောင် ဂဏန်းသင်္ချာ သင်ပေးရန် တောင်းပန်သည်အထိ ဖြစ်သွားလေသည်။

စန်းဦးကား စန်းထဖြစ်သွားတော့၏။ စေတနာ့ဝန်ထမ်း ဆရာလောင်းသည် ကော်ဖီပန်းကန်ယူလာသော တပည့်မလောင်းကို ငူငူငါးငါးကြည့်လိုက်တော့

သည်။

"အင်း. . . ဒီလိုတော့လည်း မဆိုးပါလား"

စိတ်ထဲက ရေရွတ်ပြီး ကော်ဖီကို ကျိုက်ချလိုက်၏။

အိမ်ပြန်ရောက်သောအခါ ည (၁၁) နာရီအထိ ဝမ်းမရပ်တော့မှ သန်းသန်းတင်ကို စိတ်နာသလိုလို ဖြစ်လာတော့သည်။

"ညှဉ်းပါပေရဲ့. . . သန်းသန်းရယ်"

□

(၄)

ယနေ့ညနေတွင် သန်းသန်းတင်ကို စာစ,တင်ပြရမည်။

ဆံတောက်ကို ကျနသေသပ်စွာဖြီး၍ ရုပ်ဖြူလှက်ရှည်ကို လိပ်တင်လိုက်သည်။ ပြီးနောက် ရှင်မြူးစွာလေချွန်လိုက်၏။

"ကြွပါဆရာ. . . ကြွပါ၊ မေမေတို့ ဖေဖေတို့တော့ မြို့ထဲကို ဘုရားကိုးဆူသွားတယ်"

သန်းသန်းတင်က ကြည်သာစွာ ဖိတ်ခေါ်လိုက်ရာ စန်းဦးမှာ ကျေနပ်စွာနှင့်ပင် အိမ်ပေါ်တက်လိုက်၏။

"ဆရာ နေကောင်းတယ်နော်"

သန်းသန်းတင်သည် အနောက်တိုင်းဆန်ဆန် လက်ကမ်းပေးလိုက်ရာ စန်းဦးမှာ အံ့ဩစွာနှင့်ပင် လက်ဆွဲနှုတ်ဆက်လိုက်၏။ လက်ကိုကိုင်မိသည်နှင့် တစ်ပြိုင်နက် သန်းသန်းတင်သည် စန်းဦးလက်ကိုမလွှတ်ဘဲ မြှောက်တင်လိုက်ပြီး သူ့ကိုယ်လေးကို တစ်ပတ်လှည့်လိုက်ရာ စန်းဦးမှာလည်း လည်သွားသဖြင့် ကျောချင်းကပ် ဖြစ်သွားကြလေ၏။ ဤတွင် သန်းသန်းတင်သည် စန်းဦး၏လက်ကိုဆွဲချပြီး ခါးကုန်းချလိုက်ရာ စန်းဦးမှာ လေထဲမြောက်သွားပြီး ဘိုင်းကနဲ ကြမ်းပြင်ပေါ် မှောက်လျက်သားကြီး ကျသွားလေ၏။ ရုတ်တရက် မမျှော်လင့်ဘဲဖြစ်ရသဖြင့် စန်းဦးမှာ နှုတ်ခမ်းကွဲသွားလေသည်။ ထို့နောက် ကြမ်းပြင်ပေါ် မှောက်လျက်လဲရာမှ မထသေးဘဲ ခေါင်းကိုသာထောင်လိုက်ပြီး သန်းသန်းတင်ကို ဝမ်းနည်းစွာကြည့်လိုက်သည်။



"မိန်းကလေးတွေ ဇန်တိုသင်တာကို ကိုယ်ကသာမတတ်တယ်၊ ဘယ်တုန်းကမှ မကန့်ကွက်ခဲ့ဘူး၊ ထောက်ခံခဲ့တယ်၊ ဒါပေမဲ့ ကိုယ့်ကို စော်ကားမှုဒီပညာမျိုးကို သုံးသင့်တယ် ထင်တာမဲ၊ အခု ကိုယ်. . . သန်းသန်းတင်ကို ဘယ်လိုများ စော်ကားရသေးလို့လဲကွယ်"

စန်းဦး၏နှုတ်ခမ်းမှ သွေးစကလေးများနှင့်တကွ လေပျော့ကလေးတိုကြားလိုက်ရသောအခါ သန်းသန်းတင်မှာ ရင်ဖိုသွားတော့သည်။ နောင်တလည်းရလာ၏။ ဖိနပ်နှင့်ပေါက်ခြင်း၊ ကော်ဖီထဲ ဝမ်းနှုတ်ဆေးထည့်ခြင်းနှင့် ဘာမပြောညာမပြော ကိုင်ပေါက်ခြင်းတည်းဟူသော စော်ကားမှုသုံးခုကို သူကသာပြုခဲ့ရခြင်းဖြစ်သည် မဟုတ်ပါလော။ ဤ၍ထိ စန်းဦးမှာ သူ့အပေါ် မေတ္တာပျက်ပုံ မပေါ်သေး။

"သန်းသန်း မှားပြီ ကိုစန်းဦး"

မာနခဲလေး သန်းသန်းတင်သည် ပထမဆုံးအကြိမ် စန်းဦး တည်းဟူသော ယောကျ်ားပျိုတစ်ယောက်ကို တောင်းပန်လိုက်သည်။

"ဟာ- ဟယ် ဟုတ်ပါပြီ၊ မောင်ရင်ဟာ မြူအမှုထမ်းတော့ မဟုတ်ဘူး ဒါပေမဲ့ ရပ်ကွက်ကြံ့ခိုင်ရေး ဥက္ကဋ္ဌနဲ့တူတယ်၊ ဦးလေးတို့အိမ်အောက်မှာ အမှိုက်သရိုက် မရှိပါဘူးကွာ၊ အယားထိုးပြီး ချောင်းကြည့်မနေပါနဲ့"

စန်းဦးမှာ ဦးသာစိန်၏စကားကြားမှ ကပျာကယာ မတ်တတ်ရပ်လိုက်၏။

"ဟာ. . . နှုတ်ခမ်းကွဲနေပါကလား"

"ချော်လဲလို့ပါ ဦးလေးရယ်"

"မညာပါနဲ့ကွာ၊ ငါ့သမီးအကြောင်း ငါ သိပါတယ်၊ ဒေါက်ဖိနပ်နဲ့ ခုတ်ပြန်ပြီမဟုတ်လား၊ သမီး ဖေဖေ နောက်တစ်ကြိမ် မပြောပါရစေနဲ့၊ သူ့ကို အထဲခတ်ရတာ ဖေဖေ သဘောကျလို့ စာပြခိုင်းတာ၊ ပိုက်ဆံနှမြောလို့ ကျူရှင်ကျောင်းတွေ မပို့တာမဟုတ်ဘူး၊ သမီး တောင်းပန်လိုက်"

"မဟုတ်ပါဘူး ဦးလေးရယ်၊ ကျွန်တော် ပုဆိုးစတုပ်ပြီး လဲတာပါ၊ သန်းသန်းကလည်း တောင်းပန်ပြီးပါပြီ"

"ဟာ. . . နေပါဦးကွ၊ မင့်ဘာသာမင်း ပုဆိုးတုပ်လဲတာကို ဘာကြောင့် သမီးက တောင်းပန်ရတာလဲ"

"ဩော်. . . အတ္တာ၊ သူက ကျွန်တော့်ပုဆိုးစကို တတ်နင်းမိတာကိုခင်

ဗျ"

"တောင်ရှည်ပုဆိုးဆို ဟုတ်သေးရဲ့၊ ခုတော့ မင့်ပုဆိုးက. . ."

သန်းသန်းတင်သည် ပြုံးစိစိနှင့် အတင်းကြားဝင်ကာ. . .

"အို. . . ဖေဖေကလည်း သူ့ဘာသာသူ ဘာကြောင့်လဲလဲ၊ ကိုယ့်အဖွဲ့ လိုက်လို့၊ ဆရာဦးစန်းဦး၊ ဒီနေ့ အကျွရာသချ်ာက စ,ပြနေ၃်၊ ဂဏန်းတော့ လိုက်နိုင်တယ်"

သန်းသန်းတင်ကြောင့် စကားစ,ပြတ်သွားပါသည်။ သို့သော် သူ့ကြောင့်ပင် စန်းဦး၏ဝမ်းထဲက ချစ်စ,တော့ မပြတ်နိုင်ပါပေ။

□

(၅)

ရက်မှ လသို့ ကူးခဲ့ချေပြီ။

"သန်းသန်း. . . ကိုစန်းဦး ဒီနေ့တော့ ဖွင့်ပြောရတော့မှာပဲ၊ ကိုစန်းဦးလေ သန်းသန်းကို စ,မြင်တဲ့အချိန်ကစပြီး ချစ်လာခဲ့တယ်၊ ကိုစန်းဦးကို မေတ္တာတုံ့ပြန်ပါ"

ကဗျာတော့ မဆန်ပါ။ သို့သော် သဘာဝကျကျပင် စန်းဦးက ချစ်ရေးဆိုသည်။ သန်းသန်းတင်သည်၊ တွက်လက်စဂဏန်းကို အာရုံဖြတ်လိုက်ပြီး. . .

"မက်ထရစ်အောင်မှ ချစ်ကိစ္စကို စဉ်းစားပါရစေလား ကိုစန်းဦးရယ်"

"အခု လက်ထပ်ရမယ်လို့ မဆိုသေးပါဘူး၊ ဒါပေမဲ့ ကိုစန်းဦး စိတ်ချရအောင် ချစ်ကတိတော့ ပြုထားစေချင်တယ်၊ ပညာသင်ရေးမှာ မနှောင့်နှေးစေရပါဘူးလို့ ကိုစန်းဦး ကတိပြုပါတယ်"

"ဒါပေမဲ့ ကိုစန်းဦးရယ်၊ သန်းသန်းဟာ ကိုစန်းဦးကို မသိရခင်ကတည်းက ငါ့အိမ်ထောင်ပြုမယ့်ယောကျ်ားဟာ ကာယဗလလိုက်စားပြီး ကြွက်သားတွေနဲ့ တင်းတင်းရင်း ရင်းရှိရမယ်လို့ သူငယ်ချင်းတွေကို ကြွေးကြော်ထားတယ်"

"ကိုစန်းဦးကလည်း သန်းသန်းရဲ့ ကာယဗလ ဝါသနာပါမှုကို သိရလို့ လူ့ဗလံကလေးအဖြစ်ကို ပြောင်းလဲရအောင် အနောက်နိုင်ငံက ချားလ်စ်အက်တလပ်တို့ဘာဘဲလ်ကုမ္ပဏီတို့ဆီက သင်တန်းယူရအောင် စာရေးထားပြီ၊ တစ်နှစ်



လောက်ကြာရင် ကိုစန်းဦးကို ကြွက်သားတွေနဲ့ တွေ့ရမယ်"

"အနောက်နိုင်ငံကတောင် မလိုပါဘူးရှင်၊ ဗမာပြည်က ဆရာတစ်ဦးဦးနဲ့လေ့ကျင့်ရင်လည်း ပြီးတာပါပဲ၊ အင်းလေ. . . တစ်နှစ်လောက်တော့ ကြာမှာပဲ၊ အဲဒီလို ကိုစန်းဦးရဲ့ကိုယ်ခန္ဓာ ယောကျ်ားပီသတော့မှပဲ သန်းသန်းချစ်မယ်"

စန်းဦးသည် မျက်လုံးများ ပြူးသွားကြကုန်၏။ သဘာမှာ အနည်းငယ်တိတ်နေ၏။ (မှားသွားလို့ဗျို့)

"ဒါပေမဲ့ သန်းသန်း အခုချစ်ရမှာပဲ"

"ဘာဖြစ်လို့"

"ဟာ. . . စာဖတ်သူက ဒီဝတ္ထုတိုဆုံးအောင် တစ်နှစ်စောင့်ရမှာတဲ့လား သူက မဂ္ဂဇင်းကို ငွေနှစ်ကျပ် သို့မဟုတ် နှစ်ကျပ်မတ်တင်း ပေးဖတ်ရတာတဲ့"

"တစ်မတ်နဲ့ ငှားဖတ်တာကော မဖြစ်နိုင်ဘူးလားရှင်"

"ဘာပဲဖြစ်ဖြစ် တစ်နှစ်စောင့်ရမတဲ့လား"

"ကဲ. . . ဒီလိုဆို အခုပဲ ချစ်ပါပြီတဲ့ရှင် ဒါပေမဲ့ သူတို့ ညားကြလေသတည်းတော့ မဟုတ်ဘူး"

"အင်း. . . ချစ်တော့ ချစ်ပါပြီ၊ ဒါပေမဲ့ သူတို့ မညားကြသေးပေါ့"

(ဝါး. . . ဟား. . . ဟား)

သွေးသောက်၊ (၁၉၅၉) ဒီ၊
အောက်တိုဘာလ၊ အမှတ် ( )။

□ □ □

## နှောင်း–နှောင့်–နှောင်

ခင်လှိုင်၏ရင်တွင်းဝယ် ဖျာလိပ်ခေါင်းကြီးကဲ့သို့ ဟာနေသည်။

ရုပ်ရှင်ရုံထဲကထွက်လာပြီး ဘာကိုမှမစားချင်ဘဲ ဟာလျက်ရှိနေသည်။ ဒီဇာတ်ကားကတော့ ထိုးခန်းကြိတ်ခန်း၊ သေနတ်တို့ဖြင့် စည်းမဲ့ကမ်းမဲ့ ပစ်ခန်းများ ဒုနဲ့ဒေးနေမည်ဟု မျှော်လင့်ပြီး ဝင်ကြည့်ခဲ့ရာ သူမျှော်လင့်သောဇာတ်ခန်းများမှာ တစ်ခန်းမျှမပါဘဲ စကားပြောခြင်း၊ မြင်းစီးခြင်းနှင့်သာ ပြီးခဲ့ပြီး၊ နောက်ဆုံးတွင်မှ ခြောက်လုံးပြူးများ ပါလျက်ကနဲ့ နှစ်လုံးပြူးသေနတ်နှင့် တစ်ချက်တည်းပစ်လိုက်၍ အဆုံးသတ်သွားလေသည်။ ရုပ်ရှင်ရုံထဲက ထွက်လာသောအခါဝယ်၊ နောင်ဂျိန် ခင်လှိုင်၏ရင်ထဲဝယ် အသည်းနှလုံးများ မပါတော့သကဲ့သို့ ဖျာလိပ်ခေါင်းကြီး သဖွယ် ဟာလျက်ရှိစေတော့၏။

စာရှုသူများလည်း တစ်ခါတစ်ရံ ရုပ်ရှင်သမားများ၏အလိမ်ကို ခံခဲ့ဖူးပေလိမ့်မည်။ ထိုသို့ခံရသောအခါ အဘယ်ကဲ့သို့ဝေဒနာ ခံစားရပါသနည်း၊ ထိုကဲ့သို့သော ဝေဒနာကို ခင်လှိုင်မှာ ခံစားလျက် ရှိပေ၏။

ခေါင်းကိုငုံ့၍ လျှောက်သွားနေသော်လည်း သူ့နောက်က လူနှစ်ယောက် လမ်းလျှောက်လျက် လိုက်ပါလာသည်ကို သတိပြုမိသည်သာမက တစ်ယောက်မှာ မိန်းကလေး၊ တစ်ယောက်မှာ ယောက်ျားလေးဖြစ်ကြောင်းကိုပါ သတိပြုမိချေ



သေးသည်။ အလိုလို နားများကလည်း သူတို့ပြောလာသောစကားများကို စွင့်မိလျက်သားဖြစ်နေ၏။ မိန်းကလေးသံကို ကြားနေရသည်။

"ရှင်- နှောင်းကို ဒုက္ခလိုက်ပေးမနေပါနဲ့၊ လူတွေ့တောထဲမှာ အရှက်လိုက်မခွဲပါနဲ့၊ နှောင်းဟာ စိတ်ဆိုးလာရင် ဒုက္ခတွေရောက်ကုန်လိမ့်မယ်"

"ဟဲ. . . ဟဲ. . . ဟဲ ဒါကတော့ ကိုအေးသွင်က နှောင်းကိုချစ်တာကို ရှိုးသားစွာ ပြောကြားတာပဲလေ"

"သွားပါ. . . ရှင့်ဟာရှင် သွားပါ။ နှောင်းနဲ့အတူတူမလိုက်ပါနဲ့၊ တခြားလူတွေ မြင်ကုန်လို့ရှိရင်"

"ဟဲ-ဟဲ တခြားလူတွေမြင်ကုန်ရင် ဟဲ- ဟဲ လင်မယား ထင်မှာပေါ့"

"ဟင် ရှင်ခွေး ဘာပြောတယ်. . ."

မိန်းကလေး၏အသံမှာ ငိုသံပါလာသည်နှင့်တစ်ပြိုင်နက် ခင်လှိုင်သည် ချာကနဲလှည့်လိုက်မိသည်။ အသက် (၂၂) နှစ်ခန့် ညိုချောကလေးမှာ ဒေါသမျက်ရည်များဝိုင်းပြီး အသားများ တဆတ်ဆတ်တုန်နေသည်။ အသက်အစိတ်ခန့် ခင်လှိုင်နှင့် သက်တူရွယ်တူခန့် ငနဲမှာ မိန်းကလေးကို ပြုံးလျက်ကြည့်နေသည်။ သူတို့နှစ်ယောက်လုံးမှာ ပြိုင်တူရပ်နေကြ၏။

နဂိုကမှ ရုပ်ရှင်ဇာတ်လမ်းကို စိတ်တိုလာခဲ့သောခင်လှိုင်မှာ ဘာမပြောညာမပြောနှင့် ထိုစပ်ဖြီးဖြီးငနဲကို ပြေးထိုးလိုက်မိလေ၏။ စပ်ဖြီးဖြီးခေါ်ဆို ထိုပုဂ္ဂိုလ်မှာ အလစ်တွင် စစ်မကြေငြာဘဲ အတွယ်ခံရသဖြင့် ရွှံ့ဗွက်ထဲ ဖင်ထိုင်ကျလေရာ ဝတ်လာသောဘောင်းဘီဖြူမှာ သနပ်ခါးလိမ်းပြီးသား ဖြစ်သွားလေတော့သည်။

ရွှံ့ဗွက်ထဲမှ ဖြုန်းကနဲ ထလိုက်သောအခါ ကျွန်ုပ်တို့၏ ဇာတ်လိုက်နောင်ဂျိန်ခင်လှိုင်မှာ ဒုတိယမွိအုပ်ချင်ပြန်သဖြင့် အနားသို့ ချဉ်းလိုက်ပြန်၏၊ သို့သော် စပ်ဖြီးဖြီးဆရာမှာ စောစောကအချက်တွင် ပါးစပ်ကွဲသွားသည် ဖြစ်သောကြောင့် အာဇာနည်ကြီးခင်လှိုင်ကို ရင်မဆိုင်လိုတော့ဘဲ နောက်ကြောင်းပြန်၍ မြေကြောရှုလေတော့သည်။

ခင်လှိုင်သည် ရင်ကိုကော့လျက် အသားယူစွာဖြင့် မိန်းကလေးဘက်သို့ လှည့်လိုက်ရာ မိန်းမပျိုသည် မျက်လုံးဝိုင်းကြီးများဖြင့် ခင်လှိုင်ကိုကြည့်ရင်း "မှင်တော့ ဒုက္ခပဲ" ဟု ပြောလိုက်သည်တွင် ခင်လှိုင်မှာ မျက်လုံးများ ပြူးကျယ်သွားလေတော့၏။

"ခင်ဗျာ၊ ကျွန်တော်တော့ ဒုက္ခပဲ ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ရှင် အခုထိုးလိုက်တဲ့လူဟာ"

"ဘုရားအလောင်းလားဗျာ"

"မဟုတ်ပါဘူး၊ ဒါပေမဲ့. . ."

"ဝန်ကြီးလား. ..."

"မဟုတ်ပါဘူး၊ အို နှောင်းနဲ့ လိုက်ခဲ့ရင် ရှင်းသွားမှာပေါ့. . ."

"ဟုတ်ကဲ့. . ."

နှောင်းသည် ဇတ်ကနဲ လှည့်လိုက်ကာ ရန်ကုန်လူထု၏ ဝိုင်း၍ကြည့်ခြင်းမခံရမီ သုတ်သုတ်သုတ်သုတ်နှင့် ထွက်သွားရာ ခင်လှိုင်မှာလည်း ယောင်ပေါင်၍ လိုက်သွားလေ၏။ နှောင်းသည် လမ်းကိုကူး၍ ရပ်ထားသော ကားနက်ကြီးတစ်စီးကို မောင်းသူနေရာက ဝင်ထိုင်လိုက်ပြီး ခင်လှိုင်ကို သူ့ဘေးတွင် ဝင်ထိုင်စေ၏။ နှောင်းသည် ခေတ်ကျတော့ မနှောင်းပါတကား။

မော်တော်ကားကြီး ထွက်လာသောအခါ ခင်လှိုင်သည် စောစောက သူလက်သီးနှင့်ထိုးခဲ့သူအကြောင်းကို မေးမည်ဟု နှောင်းဘက်သို့ လှည့်လိုက်သောအခါ မျက်လုံးများ ပြူးသွားရပြန်သည်။

နှောင်းသည် ကားမောင်းရင်းက တရှုံ့ရှုံ့ ငိုနေ၏။

နှောင်း၏ ခေတ်မနှောင်းသော ရင်ဖုံများသည် နှဲသမား၏ပါးကဲ့သို့ ကြွချည်နိမ့်ချည် ဖြစ်နေကြသည်။

"နှောင်းရယ် ဟိုလူကို ကျွန်တော်ထိုးမိတာ မှားသွားသလား"

"မမှားပါဘူး၊ လမ်းလယ်မှာ မိန်းကလေးတစ်ယောက်ရဲ့အရှက်ကို တာကွယ်ပေးတာ ရှင် မမှားပါဘူး"

"နေပါဦး၊ အခု နှောင်းဟာ ဘာဖြစ်လို့ ငိုနေရတာလဲ"

"ဒါက သင်းကို စိတ်ဆိုးလွန်းလို့တစ်ကြောင်း၊ ရှက်တာကလည်း တစ်ကြောင်းပေါ့"

နှောင်းသည် အံကြိုးကိုကြိတ်ကာ ကားလီဗာကိုစွတ်နင်းရာ ကားသည် တရိပ်ရိပ်နှင့် လေထုကိုခွင်း၍ပြေးသွားရာမှ ခြံကြီးတစ်ခြံထဲရှိ တိုက်ကြီး၏ဆင်ဝင်အောက်တွင် ဓွေ့ကနဲ ထိုးရပ်လိုက်လေသည်။

နှောင်းသည် ကားတံခါးကိုဖွင့်ကာ နီရဲသောမျက်စိများဖြင့် အိမ်ထဲသို့ စွတ်ဝင်သွားလေရာ ကျွန်တော်တို့၏ဇာတ်လိုက်ကြီး ခင်လှိုင်မှာလည်း ခဏမျှ



အူကြောင်ကြောင် ဖြစ်နေရာက နှောင်း၏နောက်သို့ ခပ်သုတ်သုတ်ကလေး ကပ်လိုက်သွားလေ၏။

နှောင်းသည် ဧည့်ခန်းသို့ရောက်သည့်တိုင်အောင် အသွားလည်းမရပ်၊ နောက်က ခင်လှိုင်ကိုလည်း လှည့်မကြည့်သေးပေ။ ခင်လှိုင်၏အဖို့တွင်ကား ဧည့်ခန်းသည်သာလျှင် သူ၏ပန်းတိုင် ဖြစ်သဖြင့် ဆွမ်းခံကိုယ်တော်ကဲ့သို့ ခြေစုံရပ်လိုက်ရတော့သည်။ သို့တိုင်အောင် နှောင်းမှာ နဂိုအရှိန်အတိုင်း ဆက်လက်၍ သွားလေရာ အခန်းဆီးတစ်ခု၏နောက်ဆွယ်တွင် ပျောက်ကွယ်သွားလေတော့၏။ ခင်လှိုင်သည် နှောင်း ကွယ်သွားသည်တွင်မှ ကုလားထိုင်တစ်လုံးပေါ် တွင်ထိုင်ရန် ဘေးဆီကို ကြည့်လိုက်ရာ အစကတည်းကပင် ဧည့်ခန်းကုလားထိုင်၌ လူတစ်ယောက် ထိုင်နေသည်ကို ယခုမှ သတိထားမိတော့၏။ ခင်လှိုင်သည် ဤပုဂ္ဂိုလ်ကား နှောင်းတို့အစ်ကိုလား ဘာလား ဟူသောအတွေးဖြင့် မထိုင်သေးဘဲ ကိုယ်ကို ခပ်ရို့ရို့ကလေးပြုလိုက်ကာ နှုတ်ဆက်မည်အပြုတွင် အင်္ဂလိပ်မဂ္ဂဇင်းတစ်ခုကို အရှုပ်ကြည့်နေသော ထိုပုဂ္ဂိုလ်သည် ခင်လှိုင်ကို မော့ကြည့်လိုက်၏။

နှုတ်ဆက်တော့မည့် ပြုံးချိုချိုမူဟန်နှင့် ခင်လှိုင်မှာ မျက်မှောင်ကြီးကုပ်သွားပြီး "ဟယ် အာလူး"ဟု လွှတ်ကနဲ ထွက်သွားသည်တွင် ဘယ်လိုကြည့်၍မှ ကြက်သွန်ဥကြီးနှင့်မတူသော ထို'အာလူး'အခေါ်ခံပုဂ္ဂိုလ်မှာ မျက်လုံးကြီးများပြူး၍ ဘာမပြောညာမပြောနှင့် ထထွက်ပြေးလေတော့သည်။

ခင်လှိုင်သည် ယနေ့အဖို့ အလွန်အူကြောင်ကြောင်ဖြစ်လျက်က သက်ပြင်းကြီးချလိုက်ကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ ဦးခေါင်းထဲတွင် ပြဿနာတွေ ဝေဆာနေတော့သည်။ ကိုယ့်ကို စော်ကားသူအား ဝင်ရောက်ဆုံးမမိခြင်းသည်ပင် ဒုက္ခရောက်ရတော့မည်ဟုဆိုခဲ့သော နှောင်း၏စကားတစ်ချက်၊ သူ့ကို အိမ်လိုက်ခဲ့ရန် ခေါ်ပြီးမှ ဧည့်ခန်းဝဝယ် ပစ်ထားခဲ့သော နှောင်း၏အမူအရာလည်းတစ်ချက်။ နောက်ဆုံးတွင် သူ့အိမ်နှင့် လေးငါးအိမ်ခြားဝယ် နေထိုင်သည့် အခြေအနေမဲ့ အာလူး၏ နှုတ်မဆက်နိုင်ဘဲ ထွက်ပြေးခြင်းတစ်ချက် စသော ပြဿနာတို့သည် လမ်းပြမီးသုံးပွင့်ကဲ့သို့ တစ်ခုပေါ် လာ နှစ်ခုပျောက်၊ နှစ်ခုပေါ် လာ တစ်ခုပျောက်နှင့် မဆုံးနိုင်သော သံသရာကို ဖြစ်စေလေတော့သည်။

စင်စစ်သော်ကား၊ အာလူး ထွက်ပြေးခြင်းမှာ အကြောင်းရှိပါသည်၊ မှန်ပါသည်။ အကြောင်းမရှိဘဲထွက်ပြေးလျှင် ရူးနေ၍သာ ဖြစ်ရချေမည်။ အာလူးသည် နှောင်းတို့၏အိမ်သို့ ဘုန်းကြီးကျောင်းဆောက်ရန်ဆိုလျက်၊ ကြော်ငြာအလှူ

ခဲ့ စာရွက်ကလေးနှင့် အလှူခံလာခဲ့ရာ၊ ယုံလွယ်သော နှောင်း၏မိခင်သည် အလှူထည့်ရန် ငွေသွားယူနေ၍ အာလူး ထိုင်စောင့်နေခြင်းဖြစ်၏။ ထိုစဉ်တွင် ခင်လှိုင်နှင့် လာတွေ့လေရာ၊ ခင်လှိုင်နှင့် နှောင်းတို့သည် ရင်းနှီးစွာ သိကြသည်ဟု အာလူး ထင်သွားပြီး သူ့အလိမ်မပေါ်ခင် ထပြေးခြင်း ဖြစ်လေသည်။

ခင်လှိုင်၏ရင်တွင်းဝယ် ဖျာလိပ်ကြီး လိမ့်နေသလို ဖြစ်နေသည်။

ထိုခဏ၌ သူ့နောက်က ခြေသံကြားလည်း ကြားသည်၊ စကားပြောသံလည်းကြားသည်။ နားကို အသာစွင့်လိုက်၏။

"ဩ. . . မောင်အေးသွင် ပြန်လာပြီလား" (လူကြီးသံ)

"ဟုတ်ကဲ့. . . " (လူငယ်သံ)

'ဟုတ်ကဲ့' ဆိုသည့်အသံမှာ နီးလာသဖြင့် ခင်လှိုင် လှည့်ကြည့်လိုက်သည်တွင် မျက်လုံးပြူးသွားမိတော့သည်။ ထို့အတူ ဝင်လာသော အေးသွင်မှာလည်း မျက်လုံးပြူးနေ၏။ ထိုသို့ နှစ်ယောက်သား မျက်လုံးအပြူးပြိုင်နေကြရာမှ အပြင်ဘက်နားမှ အဘိုးကြီးက "တိုင်ကပ်နာရီပြင်ဖို့ လူလွှတ်လိုက်မယ်ဆိုလို့ ငါစောင့်နေတာ" ဟု ပြောလိုက်သံကို ဘယ်သူမျှ မကြားမိပေ။

နှောင်းကို လိုက်၍အနှောင့်အယှက်ပေးခဲ့သော အေးသွင်ကို မြင်သည်တွင် ခင်လှိုင်သည် တစ်ခါထပ်ထိုးရန် မတ်တတ်ရပ်လိုက်၏။ သို့သော် တစ်ခါ ထိုးမိခြင်းပင် "ရှင်တော့ ဒုက္ခပဲ" ဟု ပြောခဲ့သော နှောင်းစကားကို သတိရကာ ဒီတစ်ခါထပ်ထိုးရင် ဒါဘာလ်ဒုက္ခဖြစ်တော့မည်ပဲဟု တွေးမိပြီး၊ လက်သီးဆုပ်ကို ဖြေလိုက်၏။ အေးသွင်မှာ စောစောကတည်းကပင် နာထားသူ ဖြစ်သဖြင့် ရှည်ရှုံနှင့်လန့်ကာ၊ အခန်းဆီးတစ်ခုနောက်သို့ ပြေးဝင်သွားလေ၏။

ခင်လှိုင်သည် သူပြေးဝင်သွားရာ လိုက်ကြည့်ရာမှ၊ ထိုအပေါက်ဝအပေါ်ရှိ လူနှစ်ယောက်၏ဓာတ်ပုံကို မြင်သောအခါ၊ ကြက်သေ,သေသွားမိလေသည်။ ဗလကောင်းကောင်း လူတစ်ယောက်ဖြစ်ပြီး မျက်နှာပေါက်ကြည့်ခြင်းအားဖြင့် နှောင်း၏အစ်ကိုဟု ယူဆရပေသည်။ ခင်လှိုင်၏မျက်လုံးတို့သည် ချာ၍ရွေ့ရွေ့သွားရာ၊ နံရံတစ်နေရာတွင် နှောင်း၏အစ်ကို၏ ဓာတ်ပုံတစ်ပုံ တွေ့ရပြန်၏။ ထိုပုံကား ကျားဘညီမ်းကဲ့သို့ လက်ဝှေ့ရေးပြ၍ ရိုက်ထားသောပုံ ဖြစ်လေသည်။

"ရှင်တော့ ဒုက္ခပဲ"

ထိုစကား၏အဓိပ္ပါယ်ကို သူသိပါပြီ။ သူလက်သီးနှင့်ထိုးလိုက်သူကား နှောင်းအစ်ကို၏ သူငယ်ချင်းချစ် ဖြစ်နေသည်။ တစ်ဖန်တုံ ထိုနှောင်း၏အစ်ကို



သည် 'ဘောက်ဆာ' ဖြစ်၏။ မေးရိုးများပင် ကျဉ်သွားသလို ထင်လာမိတော့၏။

မကြာပါ. . . မကြာတော့ပါ။

ဝူးဝူးဝါးဝါး အသံများနှင့် ခြေသံတွေ ပေါ်လာကာ၊ အေးသွင် ဝင်ပြေးသောအခန်းဆီးသည် ပြန်လှပ်လာကာ အေးသွင်နှင့် နှောင်း၏အစ်ကို ထွက်လာလေ၏။ နှောင်း၏အစ်ကိုသည် သဲအိတ်ထိုး လေ့ကျင့်နေသည်ဖြစ်၍ ဓာတ်ပုံထဲကလိုပင် လက်သီးအိတ်ကြီးများနှင့် ဖြစ်သည်။ အေးသွင်က ခင်လှိုင်ကို လက်ညှိုးထိုးပြကာ "ကိုသောင်းမြင့်. . . သူပေါ့၊ လမ်းမထဲမှာ ကျွန်တော့်ကို ထိုးတာ. . "ဟု ပြောလိုက်၏။

သောင်းမြင့်သည် ဒေါသကြီးတတ်သူပီပီ. . . (ထို့ကြောင့်ပင် နာမည်ကျော်ဘောက်ဆာကြီး မဖြစ်သလားမသိ) ရှူးရှူးရှားရှားနှင့် ပြေးဝင်လာလေရာ၊ သောင်းမြင့်၏ဗလကို မယှဉ်နိုင်ရှာသော ခင်လှိုင်မှာ မြန်းကနဲ ငြိမ်ခန်းကိုပတ်ပြေး၏၊ သောင်းမြင့်သည်လည်း လက်ဝှေ့ရေးပြရင်း တဝုန်းဝုန်းနှင့် လိုက်၏။ ခင်လှိုင်အပြေးတွင် အေးသွင်က ဇတ်ကနဲ ခြေထိုးခံလိုက်ရာ၊ ခင်လှိုင်၏ခြေထောက်မှာ အေးသွင်၏ခြေထောက်နှင့် ပြင်းပြစွာ ရိုက်မိသည်တွင် ခင်လှိုင်မလဲဘဲ အေးသွင်သာ ဗုန်းကနဲ ကျွမ်းပြန်ကျလေသည်။

"ဟဲ့. . . သောင်းမြင့် ဒါဘာလုပ်တာလဲ မလုပ်နဲ့"

အဒေါ်ကြီးတစ်ယောက်၏အသံ ထွက်ပေါ်လာလေရာ၊ သောင်းမြင့်မှာ ကြောင်၍ မတ်တတ်ရပ်ကြည့်လိုက်သည့်နည်းတူ၊ ခင်လှိုင်မှာလည်း သိကြားမင်းသည် အဒေါ်ကြီးယောင်ဆောင်၍ သူ့ကို လာကယ်ရော့သလားဟူသောအကြည့်ဖြင့် အဒေါ်ကြီးကို ကြည့်လိုက်၏။

အဒေါ်ကြီးသည် ခင်လှိုင်နားသို့ ပြုံးရွှင်စွာ ကပ်လာပြီး. . .

"သောင်းမြင့်တို့က မစုံမစမ်း သောက်ရမ်းကြီး လုပ်တာပဲ"

သောင်းမြင့်ကား၊ မကျေနပ်သံနှင့်. . .

"မေမေ- သူ့ကို သိသလား"

"သိတာပေါ့ဟဲ့၊ ကျောင်းဆောက်ဖို့ အလှူခံလာတဲ့ သူငယ်လေ. . ."

ပြောပြောဆိုဆို ငွေအစိတ်ကို လှမ်းပေး၏။ စောစောက ဤအဒေါ်ကြီး မျက်မှန်မတပ်ဘဲများ နေခဲ့လို့လားဟု တွေးရင်းက ခင်လှိုင်သည် ငွေကို လှမ်းယူရမလိုလို၊ မယူရမလိုလိုနှင့် လက်ကို ရှုန့်တိန့်လုပ်နေစဉ်၊ "ဟဲ့. . ဒါအလှူခံသူငယ်မှ မဟုတ်ဘဲ၊ အလှူခံသူငယ် ထွက်ပြေးသွားတာ ငါ မြင်လိုက်တယ်၊ ငါ ယန်းဝင်

ကြည့်နေတုန်းက" ဟူသော စကားနှင့်အတူ အဘိုးကြီး ဝင်လာလေရာ၊ သောင်းမြင့်သည် အချိန်ကုန်မခံဘဲ ခင်လှိုင်နား ပြေးကပ်လေ၏။ ကျိုးကန်းတောင်းမှောက်ဖြစ်နေသော ခင်လှိုင်သည်လည်း သောင်းမြင့် လှုပ်လိုက်သည်နှင့် တစ်ပြိုင်နက်ပင်၊ လစ်ကနဲ ကုလားထိုင်တစ်ခုနောက်သို့ ပြေးကပ်လိုက်လေ၏။

"ဟဲ့. . . သောင်းမြင့်၊ နင်က အလျှုံခံမဟုတ်ဘူး ဆိုတာနဲ့ ဘာကြောင့်လိုက်ထိုးရတာလဲ၊ ဒီသူငယ်ကို ငါ မှာထားတာ"

အဘိုးကြီး၏စကားကြောင့် အားလုံး မျက်လုံးပြူးကုန်ပြန်၏။

"ဘာဖြစ်တယ်. . . ဖေဖေက မှာထားတယ်"

"အေး. . . ဟော့ သူငယ်၊ မင့်ကို ကိုမင်းမောင်က လွှတ်လိုက်တာ မဟုတ်လား၊ နာရီပြင်ဖို့လေ. . "

ခင်လှိုင်မှာ ဘာကိုမျှ ကြာရှည်မစဉ်းစားဝံ့တော့ပါ။ လောလောဆယ်ဆယ် လက်သီးဒဏ်လွတ်ဖို့သာ အာသာရှိတော့သည်။

"ဟုတ်. . . ဟုတ်ကဲ့ ဦးလေး၊ အခုပြင်ဖို့တော့ မဟုတ်ပါဘူး၊ နာရီကိုဖြုတ်ကြည့်ခဲ့တဲ့၊ နောက် လိုတာကို နက်ဖြန်ကျမှ ဝယ်ခဲ့ပြီး တစ်ခါတည်း ဒီမှာပြင်ပေးရမယ်တဲ့"

"အေး. . . ကောင်းသားပဲ၊ မင့်မှာ အခု ကိရိယာတန်ဆာပလာတော့ မပါဘူးပေါ့၊ ဟောဟို နာရီပဲ၊ ဖြုတ်ကြည့်လေ. . . ငါ ဝက်အူလှည့်သွားယူဦးမယ်"

အဘိုးကြီးသည် ဧည့်ခန်းမှ ပျောက်သွား၏။ အဒေါ်ကြီးလည်း "သြော်. အလှူခံသူငယ်ကလည်း လူပုံမယ်ဆိုမှ ဘယ်ထွက်ပြေးမှန်း မသိဘူး" ဆိုကာ ထွက်သွားလေ၏။

ကုလားထိုင်ပေါ်တက်၍ တိုင်ကပ်နာရီ ဖြုတ်နေသော ခင်လှိုင်နှင့် မလှမ်းမကမ်းတွင် ခေါင်းချင်းဆိုင်၍ တီးတိုးတိုင်ပင်နေကြသော အေးသွင်နှင့် သောင်းမြင့်တို့ သုံးယောက်သာ ကျန်ခဲ့တော့သည်။

"ဦးကြီး. . . ဦးကြီး. . . နာရီပြင်ဖို့ ကျွန်တော် လာပြီ"

အပြင်မှ အော်သံကြားရသည်နှင့် တစ်ပြိုင်နက် ခင်လှိုင်၏မျက်လုံးများမှာ ပြာလာကုန်ကြသည်နှင့်အတူ၊ သောင်းမြင့်သည် အသံကြားရာကို မကြည့်ဘဲ၊ ခင်လှိုင်ကိုသာ မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်လိုက်၏။

ခင်လှိုင်ခမျာ မလွှဲရှောင်သာရှာပါတော့သည်။

လက်ထဲမှ ချိန်သီးတရမ်းရမ်း တိုင်ကပ်နာရီပုံဟောင်းကြီးနှင့် သောင်း




မြင့်၏ဦးခေါင်းဆီသို့ လွှဲပစ်လိုက်ပါတော့သည်။

"ဂွမ်း. . . ကရိန်. . . ကရိန်. . . ဒုန်း"

အသံမျိုးစုံကြားမှ ခင်လှိုင်သည် နောက်ကိုလှည့်မကြည့်တော့ဘဲ တစ်ချိုးတည်း ဖိနပ်ကိုပင် မစီးနိုင် လမ်းမဆီသို့ ထွက်ပြေးလေတော့သည်။

ခင်လှိုင်သည် လမ်းမကြီးပေါ်ဝယ် ခပ်သုတ်သုတ် လျှောက်ရင်းက နှောင်းကို စိတ်နာကျည်းမိ၏။

"နှောင်း မင်းကို ငါ စိတ်နာပြီ၊ အလို စိတ်နာရအောင် သူဟာ ငါ့ရည်းစားမှ မဟုတ်ပါကလား၊ ဟော ငါ ရည်းစားတွေဘာတွေ စဉ်းစားမိပြီ၊ နှောင်းကို ငါ ချစ်သလား. . . ငါချစ်သလား ဟာ ခုမြင် ခုချစ် မဖြစ်နိုင် မဖြစ်နိုင်. . . "

ဘယ်လိုဖြစ်ဖြစ် နှောင်းသည် သူ့ကို ပြန်မချစ်နိုင်။ ချစ်ဖို့နေနေသာသာ စဉ်းစားတောင် စဉ်းစားမိမှာမဟုတ်။

သူ ယနေ့ဝဋ်လည်ခဲ့သည်။ အေးသွင်ကို သူထိုးခဲ့၍ သူများ သူ့ကို မထိုးအောင် အတော်ပြေးလွှားရသည်။ အာလူး သူ့ကိုမြင်၍ ထွက်ပြေးသလို နာရီပြင် ကောင်လေးကိုမြင်၍ သူထွက်ပြေးခဲ့ရပြီ။

"ဗွမ်. . . "

ဟွန်းသံနှင့်အတူ မဒ်ဂါဒ်နက်ကြီး ရိပ်ကနဲ မြင်လိုက်ရသဖြင့် လမ်းဘေးခုန်ထွက်လိုက်၏။ မော်တော်ကားကြီးလည်း ထိုးရပ်လိုက်လေသည်။

ခင်လှိုင်သည် စိတ်ပေါက်ပေါက်နှင့် လှမ်းဆဲတော့မည်ဟု ဒရိုင်ဘာမျက်နှာကို မော့ကြည့်လိုက်၏။

"ဟင်. . . နှောင်း. . . "

နှောင်းသည် ပြည့်ဝစွာ ရယ်လိုက်၏။ ပြီးမှ တစ်ဖက်က တံခါးကို ဖွင့်ပေးရာ ခင်လှိုင်သည် ဝင်ထိုင်လိုက်ပြီးမှ ပြန်ဆင်းတော့မလို လုပ်လိုက်၏။

"ဒီမှာ. . . ဒီမှာ"

"ကျွန်တော့်နာမည် ခင်လှိုင်ပါ"

"ကိုခင်လှိုင် ဘာလုပ်တာလဲ"

"ပြန်ဆင်းမလို့ပါ. . . "

"ဘာဖြစ်လို့လဲ"

"ဟာ ကြောက်ပြီ ကြောက်ပြီ၊ စောစောက ဒီလိုထိုင်လိုက်မိလို့ ကံကောင်းလို့ သွားမကျိုးခဲ့ရတယ်၊ ကဲ နှောင်း ကျုပ်ဘာသာကျုပ် လမ်းလျှောက်သွား

တော့မယ်"

နှောင်းသည် ခေတ်မနှောင်းပါ။ ဇတ်ကနဲ ခင်လှိုင်၏လက်ဖမောင်းကို ဆုပ်ကိုင်ဆွဲထားပြီး "နေပါဦး ကိုခင်လှိုင်ရဲ့၊ နှောင်း ပြောပြပါ့မယ်၊ အေးသွင်ဆိုတဲ့ ကောင်ကို ကိုကိုက သိပ်ချစ်တယ်၊ ရှင်းရှင်းပြောရရင် နှောင်းနဲ့ လက်ထပ်မယ်လို့၊ နှောင်းကလည်း ဒီငနဲကို သိပ်ချဉ်တယ်၊ ဘိုင်စကုတ်ရုံကအထွက်မှာ သူနဲ့မှ သွားတွေ့ပြီး ကိုခင်လှိုင်ပါ ပါကုန်တော့တာပဲ"

"အခု အိမ်မှာ ဘာတွေဖြစ်ကျန်ခဲ့သလဲ"

"နှောင်း အပေါ် ထပ်ကဆင်းလာတော့ ကိုခင်လှိုင်ကို မတွေ့ရတော့ဘူး၊ အကျိုးအကြောင်း မေးကြည့်မယ်လုပ်တုန်း အေးသွင်က ဘာစကားတွေ သွင်းထားသလဲ မသိဘူး၊ ကိုကိုက နက်ဖြန်မှပဲ အေးသွင်ကို နှောင်းက ယူရမယ်တဲ့"

ခင်လှိုင်သည် မျက်ကလဲဆန်ပြာနှင့် မေးလိုက်လေသည်။

"နှောင်းက ဘာပြောခဲ့သလဲ. . . ဟင် နှောင်းက ဘာပြောခဲ့သလဲ"

နှောင်းသည် ရယ်လိုက်ကာ၊ "ကိုခင်လှိုင်က ဘာကြောင့် နှောင်းကိစ္စမှာ စိတ်ဝင်စားနေရတာလဲဟင်" ဟု မေးလိုက်ရာ၊ ခင်လှိုင်မှာ အူကြောင်ကြောင် ဖြစ်သွားလေသည်။ နောက်မှ အားတစ်ချက်တင်းလိုက်ပြီး-

"ခုခေတ်မှာ ဖြစ်နိုင်မလားတော့ မသိဘူး၊ ကျုပ် နှောင်းကို ချစ်နေပြီ၊ ခုခေတ်မှာ ဖြစ်နိုင်ရင် နှောင်း ကျုပ်ကိုပြန်ချစ် အို. . နက်ဖြန်. . . နက်ဖြန်. . ."

နှောင်းသည် ခင်လှိုင်ကိုကြည့်၍ အားရပါးရ ကိုယ်ကလေးလှုပ်အောင် ရယ်လိုက်၏။

"နက်ဖြန် ဘာဖြစ်လဲ၊ ကိုကို့ကို ပြောလိုက်ပြီ၊ မယူဘူးလို့. လင်နောက် လိုက်ပြေးမယ်လို့ စိတ်ပေါက်ပေါက်နဲ့ ပြောခဲ့ပြီ. . ."

"ဟင်. . . ဘယ်သူနဲ့ လိုက်ပြေးမှာလဲဟင်. . . နှောင်း"

နှောင်းသည် ပြုံးရင်းက ရီဝေသော မျက်လုံးတို့ဖြင့် ခင်လှိုင်ကို ကြည့်နေ၏။ မိန်းမများသည် အံ့ဩ၍ စိတ်ဝင်စားဖွယ်ရာ သတ္တဝါများသာ ဖြစ်ချေသည်။ ချစ်စကားကို အေးသွင် ပြောတုန်းက ငိုလားယိုလားနှင့် ဖြစ်ခဲ့၏။ ခင်လှိုင်ကိုကား ရယ်လားမောလားနှင့် သူစကားပြောသည်။ သူတို့၏ သဘောခွဲမှုသည် ဖူးစာ ဟု ခေါ်ကြလေသလော။

နှောင်းကား ခေတ်ဆန်သလောက်လည်း မိန်းမပီသ၏။ မိန်းမတို့၏စိတ် သဘော တင်းပြည့်ကျပ်ပြည့် ရှိပေ၏။



နှောင်းထံမှ ဘာအဖြေမှ မထွက်လာသောအခါ ခင်လှိုင်သည် နှောင်း အနားသို့ ထပ်ဆင့်တိုးကပ်သွားကာ. . .

"နှောင်း. . . ကိုခင်လှိုင်နဲ့ လိုက်ခဲ့ပါလားဟင်"

နှောင်းသည် အပြုံးကို တိုးချဲ့လိုက်၏။

"ကိုခင်လှိုင်က နှောင်းနဲ့ လိုက်ခဲ့ရမှာ. . . ကားက နှောင်းရဲ့ကားပဲ. . ."

ခင်လှိုင်၏ရင်တွင်းဝယ် ဖျာလိပ်ခေါင်းကြီး ဖြစ်နေ၏။ သို့သော် မဟာ တော့ပါ။ နှောင်းက အချစ်တည်းဟူသော ကြောင်ကလေးကို ဖမ်းသွင်းထားလိုက် ပါပြီ။

ခင်လှိုင်သည် 'နှောင်း' ကို တွေ့ရမှ 'အနှောင့်'အသွား မလွတ်သော အခြေအနေကို ရင်ဆိုင်ခဲ့ရပြီး အချစ်တည်းဟူသော 'နှောင်'ဝယ် ကျရောက်ရလေ ရာ သင်ပုန်းကြီး ပြောင်းပြန်သင်နေရသည်နှင့် တူတော့၏။

"သူတို့က နှောင်းကို ခိုးတယ်လို့ ဂါတ်တိုင်ရင် ဘယ့်နှယ်လုပ်မလဲ"

"အို. . . နှောင်းဟာ အသက်ပြည့်နေပြီ"

"ဒါပေမဲ့ ဒီကားကြီးက အသက်ပြည့်ဦးမှာ မဟုတ်ဘူး"

"အို. . . ကိုခင်လှိုင်ကလဲ၊ ဒီကားဟာ နှောင်းရဲ့ကားရှင့်၊ ဖေဖေက ဘဏ်တိုက်မှာ နှောင်းရဲ့နာမည်နဲ့ ငွေတွေ အပ်ထားပေးတယ်၊ အဲဒါ နှောင်း သုံးတာပဲ၊ ဒီကားကိုလည်း နှောင်း ဝယ်တာ. . ."

"ဒါပေမဲ့ ဂါတ်တော့ တိုင်မှာပဲ၊ ကိုခင်လှိုင်က နာရီကြီးနဲ့ ကိုင်ပေါက်ခဲ့ တယ်"

"အဲဒါ ထိတယ်မှတ်သလား၊ ကိုကို့ကို မထိဘူး၊ ကုလားထိုင်ပေါ် ကမြီး ကြမ်းပေါ် ကို ကျသွားတာ"

နှောင်းသည် မိန်းကလေးပီပီ ချစ်စရာကောင်းသည်။

ကားစက်ကို နှိုးလိုက်ကာ နှောင်းသည် ကားကိုမောင်းလိုက်လေသည်။

"ဩော်. . . ဒါထက် မောင့်ကို ဧည့်ခန်းထဲပစ်ထားခဲ့ပြီး နှောင်း အပေါ် ထပ်မှာ အကြာကြီး ဘာတက်လုပ်နေတာလဲ. . ."

နှောင်းသည် မျက်စောင်းလေးတစ်ချက် လှပစွာ ချိတ်လိုက်လေ၏။

"ဟင်း. . . ဟင်း. . . နှုတ်ခမ်းလေးဆိုး၊ ပေါင်ဒါလေး ရိုက်တာပေါ့"

အခုမှ သေသေချာချာ ကြည့်မိရာ ပွဲထိုင်သွားမည့်မေကဲ့သို့ လှပသော နှောင်း၏မျက်နှာကို ခင်လှိုင် ဝမ်းမြောက်စွာ မြင်ရတော့၏။

ကဲ. . . ခင်ဗျာ။ တဝုန်းဝုန်း တဒိုင်းဒိုင်းကြားက အလှပြင်နေသော နှောင်းသည် တကယ့်မိန်းမ မပီသပေဘူးလားခင်ဗျာ။

သွေးသောက်၊ (၁၉၅၆) ခု၊
စက်တင်ဘာလ၊ အမှတ် (၁၂၈)။

□ □ □

## ချမ်းလိုက်တဲ့ ဆောင်းတွင်းဗျာ

"စိုးဝင်း. . . ဘာလုပ်နေသလဲကွ၊ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ချက်သား ကောင်းလှချည့်ကလား"

လှကျော်သည် တစ်ယောက်တည်းနေသော သူငယ်ချင်းစိုးဝင်း၏ အိမ်ပေါက်ဝရောက်ရောက်ချင်း- အော်နှုတ်ဆက်ကာ တောက်လျှောက်အခန်းထဲသို့ ဝင်သွားလေ၏။

စိုးဝင်းသည် ကုတင်ပေါ်၌ထိုင်ရင်း စာရွက်ကလေးတစ်ရွက်ကိုကိုင်ကာ မှိုင်တွေချနေသည်ကို တွေ့ရသဖြင့်. . .

"အောင်မယ်လေးကွာ၊ ယောကျ်ားပဲ၊ ဒီလောက်မှိုင်ရသလားကွ၊ အလုပ်က လူလျှော့လို့ပြုတ်ရတာပဲ၊ ကိုယ်ညံ့လို့ ပြုတ်ရတာမှ မဟုတ်ဘဲဟာ၊ တခြားမှာ အလုပ်ရှာသေးတာပေါ့"

"မင်း မသိပါဘူးကွာ. . . အလုပ်ကြောင့် စိတ်ပျက်နေရတဲ့အထဲ ဒီစာ ရောက်လာလို့ ပိုပြီး စိတ်ရှုပ်ထွေးသွားတာပေါ့ကွ"

"ဒီစာက ဘာစာမို့လို့လဲ၊ ရည်းစားဆီက ဖြတ်စာလာရအောင်ဟာလည်း မင့်မှာ ရည်းစားရှိတယ်လို့ ငါ မကြားမိပါကလားကွာ. . ."

"ဟော့- လှကျော်ရ ဖတ်လည်းကြည့်ပါဦးကွာ၊ ရည်းစားဆီက မဟုတ်ဘူးကွ. . . ဘကြီးဆီက. . . ဘကြီးဆီက. . ."

လှကျော်လည်း စိုးဝင်း ကမ်းပေးလိုက်သော စာရွက်ကလေးကို လှမ်းယူဖတ်ကြည့်လိုက်လေ၏။

**မောင်စိုးဝင်း**

ဘကြီး စာရေးလိုက်သည်။ အကြောင်းမှာ မနေ့က သတင်းစာထဲမှာ လူငယ်စာဖတ်အသင်းတစ်ခုမှာ မင်း တရားဟောကြောင်း တွေ့ရလို့ ငါ သိပ်ဝမ်းသာမိတယ်. . .၊ မင့်လိုကောင်မျိုး တစ်သက်မှာ လူတောမတိုးတော့ဘူးလို့ ငါ ထင်ထားတာ လွဲသွားပြီပေါ့။

မင်း စကားပြောကောင်းအောင် ဘယ်လိုကျင့်တယ် ဆိုတာကို ငါစဉ်းစားလို့မရဘူး. . . ဘာပဲဖြစ်ဖြစ် နောက် နှစ်ပတ်ကျော်ရင် ငါ လာခဲ့မယ်။ မင်း ငါ့ကို စကားပြောရမယ်၊ စကားပြောကောင်းရှိုးမှန်ရင်. . . ငွေတစ်ထောင် ပေးခဲ့မယ်ကွာ။

**မောင်စံထွန်း**

စာဖတ်၍ ပြီးဆုံးသွားသောအခါ၊ လှကျော်သည် စိုးဝင်းကို ကြည်လင်သောမျက်လုံးများဖြင့် ကြည့်လိုက်ပြီး ပြောလိုက်လေသည်။

"ဟာ-မင်းတော့ ပွတာပဲ၊ ငွေတစ်ထောင် ရဦးမှာပေါ့"

စိုးဝင်းကမူ လှကျော်ကို မျက်မှောင်ကုပ်ကြည့်ရင်း ပြန်ဖြေလိုက်၏။

"အင်း. . . မင်းကတော့ ထင်သပေါ့၊ ငါ့မှာတော့ သေချင်စော်နံနေပြီ"

"နေပါဦးကွ၊ သေချင်စော်ဆိုတာ ဘယ်လိုအနံ့မျိုးလဲ. . . မဆလာနံ့ ခပ်ဆန်ဆန်လား"

"နောက်မနေစမ်းပါနဲ့ကွ. . . ငါတော့ ဒုက္ခပဲ"

"ဟင်- ငွေတစ်ထောင်ရတာဟာ ဒုက္ခပဲဆိုတာ မင့်လက်ထက်မှ ငါ ကြားဖူးတော့တယ်၊ ဆိုစမ်းပါဦး. . ."

"မင်း မသိဘူးနော်"

"အေးလေ. . . ငါ မသိလို့ မေးနေတာပေါ့ကွ"

"ငါ ဘယ်မှာ စကားကို လေးလုံးကွဲအောင် ပြောတတ်သလဲကွ"

"မင်း အခုပြောနေတာ လေးလုံးမကပါဘူး. . ."

"ဒါပြောတာ မဟုတ်ပါဘူး၊ ငါ စကားပြောကောင်းတာ မဟုတ်ဘူး



လူငယ်စာဖတ်အသင်းမှာပြောတာ ငါမဟုတ်ဘူးကွ၊ ဟိုဟာက ဦးစိုးဝင်း ဆိုတဲ့ လူတစ်ယောက်၊ ဒါကို အဘိုးကြီးက ငါမှတ်ပြီး အထင်ကြီးနေတယ်၊ အဲဒါ သူလာ တော့ ငါစကားမပြောတတ်မှန်းသိသွားရင် ဒုက္ခပဲကွာ"

လှကျော်လည်း စိုးဝင်းဘေးနား ခုတင်ပေါ်တွင် ဝင်ထိုင်လိုက်ရင်း၊ သူ့အဖို့ ဤပြဿနာမှာ မရှုပ်ထွေးသကဲ့သို့ပင် အေးစက်စက် အမူအရာနှင့်. . .

"ဒါ ဘာခက်သလဲကွာ. . . မင်းမဟုတ်ဘူးလို့ စာပြန်လိုက်ပေါ့ကွ"

"ဟ- ဒီလိုလည်း ဘယ်လုပ်လို့ ဖြစ်မလဲ၊ ငါ့မှာအလုပ်ပြုတ်ပြီး ဘိုင်ကျ နေတယ် မဟုတ်လားကွ. . . ဘကြီးသူ့ငွေက မစ,မယ့် ငွေတစ်ထောင်ကို ဘယ်မှာအလွတ်ခံချင်မှာလဲ"

"ဒါဖြင့် မင်း အခု ဘာလုပ်မယ်စိတ်ကူးသလဲ"

"စကားပြော သင်ချင်တယ်ကွ၊ နှစ်ပတ်အတွင်း ကြိုးစားပြီး သင်ရမှာ ပေါ့၊ အဲဒါ ဆရာ ရှာပေးစမ်းကွာ"

လှကျော်မှာ ခေါင်းကို လက်ဖြင့်ကုတ်မိကာ. . .

"ဆရာတော့ ဘယ်မှာရှိမှာလဲကွ၊ အနောက်နိုင်ငံကလာတဲ့ **Public Speaking** ဆိုတဲ့ စာအုပ်တွေဘာတွေ ဖတ်ပါလား" ဟု အကြံပေးလိုက်ရာ၊ စိုးဝင်းသည် ခေါင်းကို ခါပြလိုက်ရင်း. . .

"မရပါဘူးကွာ. . . လက်တွေ့သင်မှ ဖြစ်မှာပဲ"

"ဒါဖြင့် ဒီလိုလုပ်ပါလား. . . သတင်းစာထဲကနေ ကြော်ငြာပြီးခေါ် လိုက်ရင် လျှောက်လွှာတွေ လာမှာပေါ့၊ အဲဒီမှာ ရွေးယူပေါ့"

"ဟာ- ဒါက သာမဖြစ်သေးတယ်၊ အဘိုးကြီးက သတင်းစာ ကောင်း ကောင်းဖတ်တယ်ကွ. . . ဒီကြော်ငြာဆန်းတယ်ဆိုပြီး သတိထားမိမှာပေါ့. . ."

လှကျော်မှာလည်း မကြံတတ်သဖြင့် ရှေ့ကထရံကြီးကိုသာ ငေးစိုက်ကြည့်နေမိလေရာ ငေါ်လုလု- ငေါ်မူးမူး- ငေါ်တျားတျား- ငေါ်အုံ့ဆဲဆဲ ဖြစ်နေသော စိုးဝင်းမှာလည်း ခေါင်းများပူလာသည်အထိ၊ အကြံထုတ်နေလေသည်။

ထိုခဏ၌ လှကျော်သည် ရုတ်တရက်အကြံရလာသလို ဖြတ်ကနဲ စိုးဝင်းဘက် လှည့်လိုက်ပြီး. . .

"ဟေ့. . . ဒီလိုလုပ်ပါလားကွ၊ 'ကျွန်တော့်သမီးအတွက် အင်္ဂလိပ်စာနှင့် မြန်မာစာပြရန် ဆရာလိုသည်' လို့ လျှောက်လွှာခေါ်ပါလား. . . ဆရာဆိုတာ စကားပြောကောင်းတယ်ကွ၊ ငယ်ငယ်တုန်းက ပြန်စဉ်းစားကြည့်ပါလား၊ တစ်ခါ

တစ်လေ ဆရာစကားပြောနေတာနဲ့ အချိန်ကုန်တာမဲ၊ စာသင်လိုက်ရတယ် တောင် မရှိဘူး၊ နောက်ပြီး ဘယ်လောက် စကားပြောကောင်းသလဲ၊ ကြည့်စမ်း စာသင်တာကမှ ငိုက်ချင်သေးတယ်၊ သူစကားပြောတော့ ဘယ်ကောင်ငိုက်သလဲ"

စိုးဝင်းသည် လှကျော် ပြောပြချက်ကို စိတ်ဝင်စားစွာ နားထောင်နေရာက "ငါ့လိပ်စာထည့်ရင် အဘိုးကြီး သိမှာပဲကွ" ဟု ပြောလိုက်ရာ လှကျော်က ပေါင်တစ်ချက်ပုတ်ရင်း. . .

"မင်းဟာ လျှော်တယ်လည်းဆိုရဲ့. . . ဆပ်ပြာလည်း၊ တစ်တောင့်ကုန် ရောဆိုတဲ့ အစားထဲကကိုး၊ သတင်းစာတိုက်မှ တစ်ဆင့်ပေးပါဆိုပြီး သတင်းစာတိုက်ကိုသာ ကိုယ့်လိပ်စာပေးပေါ့"

"အေး. . . ဒီအကြံကောင်းတယ်ဟေ့၊ ဒါပေမဲ့ ငါ့သမီးလို့ဆိုလို့ ကောင်းပါ့မလားကွ၊ ငါ့မှာ သားမယားမှ မရှိဘဲ"

"ဒါအရေးမကြီးပါဘူးကွာ. . . ဒီကျမှကြည့်ပြီး ကိုယ့်ဒုက္ခကိုပြောပြတာပေါ့။ လခပေးရင် လုပ်ပါတယ်ကွ"

"ဒါဖြင့် ငါ့သား ဆိုရင်ကော မရဘူးလား"

"ဟ- သမီးဆိုမှ ဆရာ များများလာမှာပေါ့။ သေချာအောင် အသက် (၁၆) နှစ်ခန့်ရှိတဲ့ သမီးလို့ ထည့်ပေးကွာ၊ လျှောက်လွှာတွေ ပုံမနေတော့ ငါ့ပါး ရိုက်၊ နောက်ပြီး သမီးဆိုတော့ မိန်းကလေးဆရာမတွေလည်း လာမှာပေါ့၊ မိန်းမက ပိုပြီး စကားပြောကောင်းသေးတယ်၊ သူစိမ်းတစ်ရံဆံတွေတောင် ငါးမိနစ်မကြာ ဘူး မိတ်ဆွေဖြစ်အောင် ပြောနိုင်တယ်ကွာ"

"ဟာ. . . မိန်းမဆိုရင်. . . ငါ့လိုလူပျိုနဲ့ တူတူနေလို့ ဖြစ်ပါ့မလားကွ"

"မဖြစ်ရင်လည်း သူ့ဘာသာသူ တခြားမှာပဲ သိပ်မှပေါ့ကွ. . . ဒါဘာပူ စရာရှိသလဲ"

စိုးဝင်းသည် လှကျော် ပြောသမျှကို နက်နက်နဲနဲ တွေးတောဆင်ခြင်ပြီး သဘောကျလာသော်လည်း ဤအတောအတွင်းဝယ် စကားပြောကောင်းနည်း လေ့ကျင့်ခန်းများသည် ငွေကုန်ကြေးကျ ဖြစ်လာခဲ့သော် တတ်နိုင်မည် မဟုတ်သဖြင့် စိုးရိမ်မိကာ. . . လှကျော်ကို လှည့်ကြည့်လိုက်ရင်း အကူအညီ တောင်းလိုက်လေ၏။

"ဒီကြားထဲမှာသုံးဖို့ ငွေလိုရင်တော့ ဒုက္ခပဲ၊ မင်းက ကုန်သည်ကြီးရဲ့ သားမို့ သူဌေးတွေနဲ့ သိမှာပဲ၊ ငွေချေးလို့ရမှာပေါ့"



"ဟာ. . . သူများဆီက ဘာလုပ်ချေးရမှာလဲကွ၊ မင်းဘို့ဆိုရင် ငါပေး ပါ့မယ်ကွာ၊ ငါ့မှာ ငွေ (၁၀၀) တော့ရှိတယ်၊ အဲဒါ ယူထားလိုက်ပေါ့"

"အေး- ကျေးဇူးပါပဲ သူငယ်ချင်း၊ ငွေတစ်ထောင်ရတော့ ပြန်ဆပ်ပါ့ မယ်"

"ပြန်မဆပ်ပါနဲ့ကွာ၊ မင်းယူလိုက်ပါတော့၊ ငွေတစ်ထောင်လည်း ရပါစေ ဦး၊ မင်းဒုက္ခရောက်ရင် ငါကူညီရမှာပေါ့ကွ၊ အင်္ဂလိပ်စကားပုံရှိတယ် မဟုတ်လား ကွ၊ ပုလင်းအနှစ် အစွအေ ပုလင်းအထစ် ဆိုတာလေ"

"ကြံကြံဖန်ဖန်. . . ဒီစကားပုံ ငါ မသိရပါလားကွ"

လှကျော်သည် ရိုးလွန်းသောသူငယ်ချင်းကို ပခုံးပုတ်ပြီး ရယ်လိုက်ရင်း- ပြန်ရန်မတ်တတ်ထလိုက်လေ၏။

"ကဲ. . . ငါသွားမယ်. . . ငါမှာတာတွေ တစ်လုံးမကျန်မမေ့နဲ့နော်"

စိုးဝင်းသည် လှကျော် ပြောသည့်အတိုင်းပင် သတင်းစာထဲမှနေ၍ ကြော်ငြာလိုက်ရာ. . . လျှောက်လွှာပေါင်း လော်ရီတစ်စီးတိုက်ခန့် ရောက်လာလေ၏။

ဤအထဲမှ လှကျော် ပြောသည့်အတိုင်း မိန်းကလေးလည်းဖြစ်၊ ပညာ အပ်လည်းလုပ်ဖူးသော ခင်မြသွင်၏လျှောက်လွှာကို ရွေးချယ်လိုက်ပြီး လာရန် ရက်ချိန်းကို ပေးလိုက်လေသည်။

လာရန်ရက်ချိန်းစေသောနေ့ ရောက်သောအခါ လှကျော်၏ဒူးနှစ်ဘက် မှာ နတ်ပူးသကဲ့သို့ တုန်နေသည်ကို တွေ့ရလေ၏။ သူစိမ်းမိန်းမပျိုကလေးတစ် ယောက်ကို တွေ့ရမည်မှာ သူ့အတွက် ဝန်လေးလှပါဘိတောင်း. . .

ချိန်းဆိုထားသော (၁၂) နာရီ ဘယ်တော့ထိုးမလဲ ဟူသောအတွေးနှင့် တဒိတ်ဒိတ်ရင်ခုန်ကာ နာရီကိုချည်း မော်မော်ကြည့်နေမိစဉ် (၁၁) နာရီထိုးသော အခါ တံခါးခေါက်သံ ပေါ်လာလေ၏။

"ဒေါက်. . . ဒေါက်. . . ဒေါက်. . ." (တံခါးခေါက်သံ)

"ဒိန်း. . ဒိန်း. . ဒိန်း. . . ဖူး" (ရင်ခုန်သံနှင့် သက်ပြင်းမှုတ်သံ)

စိုးဝင်းသည် တံခါးမကြီးနား အသာကလေးကပ်ကာ အပေါ်ကလန့်ကို အရင်ဖြုတ်ရမည်လိုလို အောက်ကလန့်ကို အရင်ဖြုတ်ရမည်လိုလိုနှင့် ကုန်းလိုက် ခြေဖျားထောက်လိုက် ဖြစ်နေလေ၏။

အပြင်မှတံခါးခေါက်သူမှာ အိမ်မှားဝင်လာသူ ဖြစ်ရကား အထဲတွင်

ဘာသံမျှမကြားရသောအခါ အိမ်ရှင်တွေ မကြားသေးဟု ယူဆပြီး ပထမအကြိမ်ထက် ပြင်းထန်စွာခေါက်လိုက်ရာ၊ အတွင်းမှ စိုးဝင်းမှာ နောက်သို့ခုန်ပြီး လန့်ဆုတ်မိလေတော့သည်။

ထို့နောက်မှ တံခါးနား ပြန်ကပ်ကာ. . . အပေါ်ကလန့် အောက်ကလန့် ဖြုတ်လိုက်ပြီးလျှင် ဝင်လာမည့်သူကို မျက်နှာချင်းမဆိုင်ဝံ့သလို ကျောခိုင်းနေလိုက်လေရာ အပြင်မှလူမှာ ကလန့်ဖြုတ်သံကြားလိုက်ပြီး တံခါးပွင့်မလာသဖြင့် ဒေါပွပွနှင့် တံခါးရွက်ကို ဆောင့်တွန်းလိုက်ရကား တံခါးရွက်သည် စိုးဝင်း၏ နောက်စေ့ကို 'ဂွတ်' ကနဲရိုက်မိပြီး စိုးဝင်းမှာ ရှေ့သို့ နှစ်လှမ်းသုံးလှမ်းမျှ စိုက်စိုက်စိုက်စိုက်နှင့် ရွေ့သွားသည့်တိုင်အောင် သစွာကြီးစွာနှင့် လှည့်မကြည့်ဘဲ "လာ-ဧည့်ခန်းကို လိုက်ခဲ့" ဟုသာ ခေါ်ငင်ရင်း၊ ဧည့်ခန်းထဲသို့ ဝင်သွားလေ၏။

အပြင်မှလူမှာ စိုးဝင်း၏ ဖူကြောင်ကြောင် အပြုအမူကို နားမလည်နိုင်ရင်း နောက်ကလိုက်သွားပြီး "ထိုင်"ဆိုသောကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်သည့်အချိန်တိုင်အောင် စိုးဝင်းမှာ နောက်ခိုင်းလျက်ပင် ရှိသေး၏။

"လိမ်ရတာတော့ အားနာပါရဲ့ ကျုပ်မှာ သမီးမရှိဘူး"

ဧည့်သည်သည် စိုးဝင်း ပြောသမျှစကားတွေကို မြန်မာစကားပင်ဖြစ်သော်လည်း ဘာမျှနားမလည်လိုက်ပေ။

"နေပါဦး- သမီး လာတောင်းနေတယ်များ မှတ်သလားဗျ"

သူထင်ထားသလို မိန်းမသံ မဟုတ်ဘဲ ယောက်ျားသံကြီး ဖြစ်နေသဖြင့် စိုးဝင်းမှာ ချာကနဲ လှည့်ကြည့်လိုက်ရာ ဧည့်သည်ကို မြင်သည်တွင် ဖူကြောင်ကြောင်ဖြစ်လျက်. . .

"ခင်ဗျား ဘာလို့ဝင်လာရတာလဲ"

"ခင်ဗျား ဘာလို့ခေါ်လာရတာလဲ"

"ခင်မြသွင်လို့ထင်လို့"

"လှည့်မကြည့်ဘဲနဲ့များ ထင်ရသလား"

"ဒါကြောင့် လှည့်မကြည့်တာပေါ့"

"အို. . . ခင်ဗျား အရူးပဲ"

"ကျုပ်အိမ် ကျုပ်နေတာ မရူးဘူး၊ ကျုပ်ကို မသိဘဲ ဝင်လာခဲ့တဲ့ ခင်ဗျားသာ အရူး"

"ဒါ. . . ဦးမောင်မောင်အိမ် မဟုတ်ဘူးလား"



"ကျုပ် ဦးမောင်မောင်လား"

"မဟုတ်ဘူး"

"ဒါဖြင့် ဒါဦးမောင်မောင်အိမ် မဟုတ်ဘူး"

ဧည့်သည်မှာ မျက်မှောင်ကုတ်သွားရာက တစ်ဖန်စောဒကတက်လိုက်ပြန်လေသည်။

"လမ်းထိပ်ကလူတစ်ယောက်က ဒီအိမ်လို့ပြတယ်"

"လမ်းထိပ်ကလူက ဒီအိမ်လို့ဆိုတာ. . . အဲဒီလမ်းထိပ်ကအိမ်ကို ဝင်သွားပါလား"

"မဟုတ်ဘူး. . ."

"မဟုတ်ရင် ပြန်တော့၊ ကျုပ်မှာ အလုပ်များတယ်"

ဧည့်သည် ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်ထွက်သွားသည်တွင်မှ စိုးဝင်းသည် အကြံတစ်ခု ပေါ်ပေါက်လာလေ၏။ ထို့ကြောင့်ပင် အောက်ပါစာကိုရေးကာ တံခါးပေါက်ဝ၌ကပ်ထားပြီး ဧည့်ခန်းမှထိုင်၍ စောင့်နေလေ၏

**ခင်မြသွင်သို့. . .**

ဤတံခါးမကြီးမှဝင်၍ ဘယ်ဘက်အခန်းထဲသို့

ဝင်လာခဲ့ပါ၊ ကျွန်တော် စောင့်နေသည်။

သတိ၊ ။ အခန်းဝင်ခါနီးမှာ အခန်းဘောင်နားက

ပျဉ်ပြားကို ခေါက်ပြီးမှဝင်ပါ။

**စိုးဝင်း**

သူ စာကပ်ပြီး၍မကြာမီ (၁၂) နာရီထိုးလေရာ ဧည့်ခန်းဝမှ ပျဉ်ခေါက်သံကို ကြားလိုက်ရသည်တွင် စိုးဝင်းမှာ ဆံပင်ညှပ်ခံနေသကဲ့သို့ ခေါင်းကြီးကို (၉၀) ဒီဂရီ ငုံ့ထားလိုက်မိလေ၏။

"ခင်မြသွင် မဟုတ်လား"

"ဟုတ်တယ်လေ"

ပြန်ပြောသောအသံမှာ မိုးခြိမ်းသံနီးနီး ကြီးမားလှသောကြောင့် စိုးဝင်းမှာလန့်၍ ခေါင်းထောင်ကြည့်လိုက်ရာ တောင်ရှည်ပုဆိုး ဖက်ဖူးရောင် နှုတ်ခမ်းမွေးကားကားနှင့် အဘိုးကြီးတစ်ယောက်ကို တွေ့ရသောအခါ 'အလိုလေး' ဟုလန့်အော်မိလေ၏။

"ဒါက ဘာဖြစ်သွားရတာတုန်း"

"ခင်. . . ခင်ဗျား နာမည်က. ."

"ခင်မြသွင်လေ"

"ဘာစိတ်ကူးနဲ့ မှည့်ထားတာလဲ"

"ဒီမေးခွန်းဟာ အလုပ်နဲ့ ပတ်သက်သလား"

"ပတ်သက်တယ်"

"ကျုပ်က အသက်ကြီးပေမယ့် ငယ်မူကို အားကြီးနှစ်သက်တာကလား ကြည့်လေ လုံချည်ဆင်နုနုကလေးကို ရွေးဝတ်တာ၊ ဒီတော့ နာမည်ကိုလည်း ခေတ်ဆန်ဆန် နုနုကလေး ရွေးတာပေါ့၊ အခုကာလလူငယ်တွေက ခင်မောင်ရင်၊ ခင်မောင်ဦး၊ ခင်မောင်အေး စသည်ဖြင့် မှည့်ကြတော့. . . ကျုပ်နာမည် မြသွင်ကိုလည်း ရှေ့ကခင်တပ်ပြီး ခင်မြသွင်လို့ ပြောင်းထားတာလေ"

စိုးဝင်းမှာ မှန်းခြေမကိုက်သဖြင့် စိတ်ပျက်သွားမိသော်လည်း စိတ်ပျက်ပျက်နှင့်ပင်. . .

"ခင်ဗျား. . . စကားပြောတတ်တယ်ထင်တယ်"

"အလို. . စကားပြောတတ်လို့ ပြောနေတာပေါ့၊ နေပါဦး. . . မောင်ရင့်အလုပ်က အ,အတွေ ရွေးနေတာလား"

"မဟုတ်ပါဘူး၊ ကျွန်တော့်မှာ ဘယ်ကသမီးမှလည်း မရှိဘူး၊ ဖြစ်ပုံက ဒီလို"

စိုးဝင်းလည်း ဖြစ်ပုံအတွတ်ပွတ္တို စိုးဝင်းဇာတ်ကို ပြောပြလိုက်ရာ ဆုံးသည်တွင် ခင်မြသွင်လည်း ရယ်လိုက်ရင်း. . .

"ဩော်. . . ဒီလိုလား"

"ဒီလိုပဲ. . ."

"ဒီလိုကိုး"

"ဒီလိုပါဆိုမှ"

"ဒါဖြင့် မပူပါနဲ့. . . ကျုပ် စကားကောင်းကောင်း ပြောတတ်ပါတယ် အနောက်နိုင်ငံကလာတဲ့ စာအုပ်တွေဖတ်ထားတော့ ကောင်းကောင်းသင်ပေးမယ်. . ."

"ဒါဖြင့် ဦးခင်မြသွင်. . . ခင်ဗျားအဝတ်အစား. . ."

"ဒီမှာ တစ်ဆိတ်တောင်းပန်ပါရစေ၊ ဦးကပ်ခေါ်တာ ရင့်လွန်းလို့ ခင်မြသွင်ပဲခေါ်ပါ"



"ကောင်းပြီ. . . ခင်မြသွင်၊ ခင်ဗျားအဝတ်အစားတွေ ပါလာတယ် မဟုတ်လား၊ အပေါ်ထပ်ကို ယူခဲ့ပါ"

စိုးဝင်းနောက်မှ ခင်မြသွင်ခေါ် ဖင်စင်စား ပညာအုဝ်မင်း မုဆိုးဖို ငယ်မူပြန်ကြီးသည်၊ သားရေသေတ္တာဆွဲပြီး လိုက်သွားသည်တွင် စိုးဝင်းအဖို့ စိတ်အေးစရာတစ်ကွက် ပေါ်လာလေ၏။

□

"လူတိုင်း လူတိုင်းဟာ စကားတော့ ပြောတတ်တာပဲ၊ ဒါပေမဲ့ လူထဲသူထဲမှာ စကားပြောဖို့ဟာ တော်တော်ခဲယဉ်းတာ တွေ့ရတယ်၊ ဒါ ဘာဖြစ်လို့လဲ. . . ဆန်းစစ်ဖို့လိုတယ်. . . ."

ခင်မြသွင်သည်၊ နေ့ခင်းပိုင်းတွင် သင်တန်းကို စတင်ပေးနေပြီဖြစ်လေရာ၊ စိုးဝင်းမှာ ပြောသမျှကို သေသေချာချာ မှတ်သားနာယူနေလေသည်။

"အမှန်က. . . ဘာဖြစ်လို့လဲဆိုတော့၊ တကယ်တန်း စကားပြောတော့မယ်ဆိုရင် ရင်ခုန်လာလို့၊ ဘာဖြစ်လို့ ရင်ခုန်လာသလဲ၊ ကိုယ့်ကိုယ်ကိုယ် မယုံလို့၊ အင်္ဂလိပ်လိုဆိုရင်၊ Self-Confidence မရှိဘူး ခေါ်ရမှာပေါ့၊ ဒီတော့- ပထမဆုံးလေ့ကျင့်ဖို့ကတော့၊ ကိုယ့်ကိုယ်ကိုယ် ရင်ခုန်လာအောင်လုပ်၊ အသက်ရှူမြန်လာတဲ့အခါမှာ၊ အသက်ရှူမှန်သွားအောင် ပထမကျင့်ပေးရမယ်၊ ဒုတိယတ-တစ်ယောက်တည်း မှန်ကိုကြည့်ပြီး စကားပြောရင်း ငါဟာ စကားပြောတတ်လာပြီ၊ လူတိုင်း လူတိုင်းဟာ ငါ့စကားကို နားစိုက်လာပြီလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြောနေရမယ်၊ အချိန်ကြာကြာ လေမပြတ်အောင်ဟာလည်း တစ်နေ့ သတင်းစာငါးစောင်ကို အစအဆုံး တစ်လုံးမကျန် အော်ဖတ်ရမယ်၊ တတိယအချက်က. . ."

"ဟာ. . . တော်ပါဦး. . ကြာရင် မေ့ကုန်လိမ့်မယ်၊ ပထမအချက်ဲ အရင်လုပ်ပါရစေဦး၊ နှလုံးခုန်လာအောင် ဘယ်လိုလုပ်ရမလဲ. . ."

"ဒါ ဘာခက်သလဲ၊ တစ်ယောက်တည်း တစ်နေရာတည်းပြေး ခုန် ကျွန်းမာရေး လေ့ကျင့်ခန်းတွေကို မြန်မြန်ယူ၊ မောလာပြီး ရင်ခုန်လာတော့မှ အသက်ကို မှန်မှန်ရှူလိုက်ရင် ပြီးတာပဲ"

"ဘယ်အချိန်လောက် ကျင့်ရမလဲ"

"အခုလို ဆောင်းတွင်းမှာဆိုရင်- ညဘက်မှာကျင့်ပေါ့၊ ညဘက်ဆိုတော့ လူခြေလည်းတိတ်တယ်၊ ဒါကြောင့် စိတ်အားလည်း တိုးပွားတယ်. . . အဲ- ကျင့်ရင် ပြတင်းပေါက်တစ်ချပ်ဖွင့်ပြီး ကျင့်ရမယ်၊ လေကောင်းလေသန့်ရအောင်၊ အအေးမမိဖို့လည်း အနွေးထည်တွေ ဝတ်ထား"

စိုးဝင်းသည် ခင်မြသွင် ပြောသမျှကို သဘောကျမိကာ၊ ဤအတိုင်းကျင့်လျှင် မုချစကားပြောကောင်းလာမည်ဟုလည်း ယုံကြည်မိရကား၊ လူခြေတိတ်သော ည (၁၂) နာရီခန့် ရောက်သောအခါ သူ့အခန်းထဲတွင် အနွေးထည်၊ ခေါင်းစွပ်၊ ဘွတ်ဖိနပ်များစီး၍ ပြတင်းဝနား၌ တစ်နေရာတည်း မောလာအောင် ပြေးကျင့်ပြုလေတော့၏။

အခန်းထဲတွင် မီးထွန်းက၊ မီးသည် လေထဲမှ လူကိုအားရှိစေသောအရာများကို စုပ်ယူပစ်သည်ဟုဆိုကာ မီးငြိမ်းထားသဖြင့် တစ်ခန်းလုံးမှာ မှောင်မည်းနေလေ၏။

မောလာသောအခါ ရင်ခုန်လာပြီဖြစ်၍ အသက်ရှူမှန်အောင် ပြန်ကျင့်နေစဉ်၊ သူ့အခန်းထဲသို့ သူခိုးတစ်ယောက် ဝင်လာလေ၏။ သူခိုးမှာ မှောင်မည်းနေ၍ လူအများ အိပ်နေပြီထင်ကာ ဝင်လာခြင်း ဖြစ်သော်လည်း၊ "ရှူး. . . ရှူး. . . ရှူး. . . ရှူး" ဟူသော အသံများ ကြားရသောအခါ၊ မြွေပခြုပ်ထဲ ရောက်လာမိသလားဟု သံသယဖြစ်မိလျက်၊ ထရံနားသို့ ကပ်နေမိလေ၏။ ထရံတွင် အဝတ်ကြီးတစ်ခု ချိတ်ထားကြောင်း စမ်းမိသောအခါ လောင်းကုတ်ကြီး ဖြစ်နေမှန်းသိ၍ အရေးရှိက ဤလောင်းကုတ်ကြီးနောက်၌ ဝင်ပုန်းနေမည်ဟု ကြံစည်ထားလေသည်။

စိုးဝင်းမှာ အသက်ရှူမှန်သွားပြီဖြစ်၍ ရှေ့ကို ဘယ်နှစ်ခါလုပ်ရမည်၊ ဘာလုပ်ရမည်ကို မသိသဖြင့် အိပ်မောကျနေသော အခန်းအပြင်ဘက်ရှိ ဆရာကို လှမ်းနှိုးလိုက်ရလေ၏။

"ခင်မြသွင်. . . ခင်မြသွင်. . ."

ခင်မြသွင်မှာ အိပ်မောကျနေသည်ဖြစ်၍၊ မနိုးသေးဘဲရှိရာ၊ သူခိုးမှာ အိမ်ရှင် ပြန်အိပ်သွားလိုသွားငြား ထ,မလာစေရန်၊ ကြားမှညောင်နာနာကလေး ထူးလိုက်လေ၏။

"ရှင်. . ."

"အို. . . ဘယ်ကကြောင်မ ရောက်နေပြန်ရသလဲ မသိပါဘူး"



"ကြောင် မဟုတ်ပါဘူး၊ ပြန်ထူးနေတာပါ"

"ဘယ့်နှယ်- ခင်ဗျားအသံက ညောင်နာနာ ဖြစ်နေရတာလဲ"

သူခိုးမှာ မတတ်သာ၍ ဝင်ဖြေးရလေတော့၏။

"အသံဝင်သွားလို့ပါ"

"ကဲ- ဒါတွေ ဘေးချိတ်ပါဦး၊ အခုအသက်ရှူ မှန်လာပြီ၊ ထပ်ပြေးရဦးမလား၊ နောက် ဘာလုပ်ရဦးမလဲ"

"ဘာမှမလုပ်နဲ့တော့၊ အိပ်ချေတော့၊ ပြေးပွဲက လိုသေးတာပဲ"

သူခိုးမှာ စိုးဝင်း လွတ်လပ်ရေးနေ့ ပြေးပွဲအတွက် ကျင့်နေသည်ဟု အထင်နှင့် ရမ်းဖိန်းလိုက်ရာ၊ တက်တက်စင် လွဲသွားသဖြင့်၊ စိုးဝင်းမှာ ဒေါပွပွနှင့် လှမ်းအော်လိုက်လေ၏။

"ဒီအဘိုးကြီး ရူးနေသလား၊ ဘာပြေးပွဲလိုသေးသလဲ၊ တယ်ခက်တဲ့ အဘိုးကြီးပဲ၊ ယောင်နေပြီထင်တယ်၊ မီးထွန်းဦးမှပဲ"

စိုးဝင်းသည် ပြောပြောဆိုဆို မီးခြစ်စမ်းလေရာ သူခိုးမှာ လောင်းကုတ်ကြီးအောက်၌ ကပ်နေလိုက်လေရာ စိုးဝင်းသည် ဖယောင်းတိုင်ထွန်းပြီး လှည့်ကြည့်သောအခါ တစ်ယောက်မျှ မတွေ့သဖြင့် အူကြောင်ကြောင်ဖြစ်ရင်း. . .

"ခင်မြသွင်. . . ခင်မြသွင်" ဟု အော်ခေါ်လိုက်မှ အပြင်၌အိပ်သော ခင်မြသွင်လည်း နိုးလာကာ ပျာပျာသလဲ အခန်းထဲသို့ ပြေးဝင်လာလေ၏။

"ခင်ဗျားက ဘယ်ထွက်သွားရတာလဲ"

"ဘယ်ထွက်သွားရမှာလဲ၊ အိပ်နေတာပေါ့"

"ဟင်. . . အသံဝင်တယ်ဆို"

"ဘယ်သူပြောလို့လဲ"

"ခုန ခင်ဗျားပဲ ပြောတာပဲ"

"ကျုပ် အိပ်နေတယ်. . . အခုမှ ဝင်လာတာ"

"ဟင်. . . ဒါဖြင့် အခုန ကျုပ်နဲ့ စကားပြောနေတာ ဘယ်သူလဲ"

"ကိုယ်နဲ့စကားပြောတဲ့လူ ဘယ်သူလဲလို့၊ အိပ်နေတဲ့လူတို့ နိုးစေရ သလားလို့. . ."

"အသံ ညောင်နာနာကလေးတစ်ခုကို ကျွန်တော့်နားနဲ့ သတ်သတ်ကြား တာဗျ. . ."

"ပြာသိုလမို့ ကြောင်ကိုက်သံ ထင်ပါရဲ့"

"ဟင်. . . ကြောင်ကလည်း 'အိပ်ချေတော့ မြေးပွဲလိုသေးတယ်' လို့ လူလိုပြောပြီး ကိုက်သလားဗျ"

"ဒီလိုပြောပြီးတော့ ကိုက်တယ်လို့တော့ မကြားဖူးဘူး၊ မင်းယောင်နေတယ် ထင်တယ်"

"အို. . . ကျွန်တော်မှ မအိပ်ရသေးဘဲ ယောင်ပါ့မလား၊ အိပ်ပျော်နေတဲ့ ခင်ဗျားသာ ယောင်မှာပေါ့၊ ဒါတွေ ထားပါဦးလေ၊ အခုအသက်ရှူမှန်တာ ကျွင်ပြီးပြီ၊ နောက်ဘာလုပ်ရမလဲ၊ ခပ်မြန်မြန် သင်ပါဗျ၊ အချိန်က နှစ်ပတ်တည်းရတယ်"

"ကဲ-ဒါဖြင့် ခဏနေဦး"

ခင်မြသွင်သည် အပြင်ဘက်သို့ ထွက်သွားကာ နေ့ခင်းက သူကိုယ်တိုင် ပြုလုပ်ထားသော ဆေးဖြူသုတ်ထားသည့် သံပိုက်လုံးတစ်ခုကို ယူဝင်လာပြီး ကြမ်းပေါ်တွင် စိုက်ထောင်လျက် လဲမသွားအောင် ထိပ်မှလက်နှင့်ဖေးထားပြီး. . .

"ဒါက အသံချဲ့စက် ဆိုပါတော့" ဟု ပြောလိုက်ရုံရှိသေးတွင်၊ စိုးဝင်းမှာ အပိုတွေချဲ့နေသည်ဟု အယူရှိပြီး. . .

"အို. . . ပါးစပ်က ပြောရင်ပြီးတာပေါ့၊ ဒီဝါးလုံးတွေဘာတွေက မလိုပါဘူး. . ." ပြောပြောဆိုဆို ဆောင့်ကန်လိုက်လေ၏။ ကန်လိုက်ပြီးမှ ဝါးမှာ ဝါးမဟုတ်ဘဲ မာမာပစ္စည်းတစ်ခု ဖြစ်နေသည်ကိုတွေ့၍ ဖိနပ်ဦးမှာ ပွန်းသွားသလားဟု ငုံ့ကြည့်နေလေသည်။ ခင်မြသွင်မှာလည်း လွင့်ထွက်သွားသော သံပိုက်ကြောင့် နောက်သို့လန့်၍ ခုန်ဆုတ်လိုက်လေ၏။

အရှိန်နှင့် လွင့်သွားသော သံပိုက်လုံးမှာ လောင်းကုတ်ကြီးနောက်တွင် ခိုကပ်ပုန်းအောင်းနေသော သူခိုး၏ညှို့သကျည်းကို ကန့်လန့်ဖြတ် ရိုက်မိသဖြင့် သူခိုးမှာ "အောင်မယ်လေးဗျ" ဟု ငယ်သံပါအောင် အော်လိုက်မိလေ၏။

ခင်မြသွင်မှာ သူ့အနားသို့ ပြန်လိမ့်လာသော သံပိုက်လုံးကို ကုန်းကောက်လိုက်၍ သူခိုးကိုမူ သူ့အရိပ်နှင့်ကွယ်နေသည်ဖြစ်သဖြင့် မမြင်မိဘဲ စိုးဝင်း အော်လိုက်သည်ဟုပင် ယူဆလိုက်၏။ စိုးဝင်းကလည်း ခင်မြသွင်ကြီး အော်သည်ဟုပင် ယူဆလိုက်သဖြင့်. . .

"ခင်ဗျားက ဒါလောက် လန့်တာနဲ့ ငယ်သံပါအောင် အော်ရသလားဗျ"

"မင်းက ဒါလောက် နာတာနဲ့ ငယ်သံပါအောင် အော်ရသလားကွ"



"ကျွန်တော် မအော်ဘူး၊ နာလည်း မနာဘူး၊ ဖိနပ်ဦးပွန်းသွားသလားလို့ ထင်လို့ငုံ့ကြည့်တာ"

"ငါလည်း မအော်ဘူး"

"ဒီအခန်းကြီးတစ်ခုလုံးမှာ ခင်ဗျားနဲ့ ကျွန်တော် နှစ်ယောက်တည်းရှိတာ၊ တစ်ယောက် မအော်ရင်"

"တစ်ယောက်က အော်ရမယ်၊ မင်း အော်တာ"

"ခင်ဗျား အော်တာ"

"ငါ အော်တာမဟုတ်ဘူး"

"ကျွန်တော် အော်တာလည်း မဟုတ်ဘူး"

"ဒါဖြင့် ဘယ်ကသရဲ လာချောက်သလဲ"

သူတို့ အချီအချ နှစ်ယောက်သားပြောနေကြစဉ်၊ သူခိုးမှာ နာလွန်းလှသဖြင့် ညှို့သကျည်းကို ကုန်းပွတ်ရလေရာ၊ လောင်းကုတ်ကြီးကို ခေါင်းနှင့်တိုးမိ၍ ပြုတ်ကျသွားလေ၏။

လောင်းကုတ် ပြုတ်ကျသွားသဖြင့် စိုးဝင်း လှည့်ကြည့်မိသလို ခင်မြသွင်မှာလည်း လိုက်ကြည့်လိုက်သည်ဖြစ်၍ သူခိုးကို နှစ်ယောက်စလုံး တွေ့သွားကြလေ၏။ ခင်မြသွင်မှာ အနားသို့ ဖြည်းညင်းစွာ ကပ်သွား၍-

"မင်းက ဘယ်သူလဲ" ဟု မေးလိုက်ရာ သူခိုးမှာ ဖုံးအုပ်မနေဝံ့တော့ဘဲ အသံတုန်တုန်ယင်ယင်နှင့်ပင် "ကျွန်တော် သူခိုးပါ" ဟု ပြန်ဖြေလိုက်ရလေတော့သည်။

"နင် သူခိုးလား"

"ဟုတ်ပါတယ်"

"ဘာလာလုပ်တာလဲ"

"ဘုရား လာဖူးတာလေ"

သူခိုးမှာ သူခိုးကို ဘာလာလုပ်သလဲဟု မေးခြင်းခံလိုက်ရသဖြင့် စိတ်ပေါက်ပေါက်နှင့် ဖြေချလိုက်ရာ စိုးဝင်းက ကြားကနေ ခင်မြသွင်အား. . .

"အို. . . ခင်ဗျားကလည်း သူခိုးကို ဘာလာလုပ်သလဲလို့ သွားမေးနေသေးသလားဗျ၊ သူခိုးပဲဥစ္စာ ခိုးဖို့လာတာပေါ့"

ခင်မြသွင်သည် သူခိုးကို သေချာစွာ စိုက်ကြည့်နေလေရာ သူခိုးမှာ တဒိတ်ဒိတ်နှင့် ပြန်လည်မော်ကြည့်နေရှာလေသည်။

"ဟာ. . . ဟန်ကျတာပဲ မင်းလာတာ အဆင်သင့်တယ်ကွာ. . ."

သူခိုး မပြောနှင့် စိုးဝင်းပင် ခင်မြသွင်၏စကားကြောင့် အံ့အားသင့်သွားလေ၏။

"သူခိုးလာတာ အဆင်သင့်တယ်-ဟုတ်လား. . . လက်စသတ်တော့ ခင်ဗျားက သူခိုးကို စောင့်နေတာကိုး"

"မဟုတ်ပါဘူး. . . သူခိုးလာတော့ မင်းကို စကားပြောနည်းသင်ဖို့ လက်တွေ့သင်ခန်းစာ ရတာပေါ့ကွ"

ခင်မြသွင်သည် သူခိုးကို နေရာတကျ ထိုင်ခိုင်း၍ သူခိုးအား ကြားနာသူပရိသတ် (**Audience**) အဖြစ်ဖြင့်၊ သဘောထားပြီး လေပေးလေတော့၏။

"ခိုးတယ်ဆိုတာ လောကီကြောင်းအားဖြင့်ကော၊ လောကုတ္တရာကြောင်းအားဖြင့်ကော မကောင်းတဲ့အလုပ်ကွ၊ လောကီကြောင်းအားဖြင့်ဆိုရင် ထောင်ကျတယ်၊ လူမုန်းခံရတယ်၊ အိပ်ပျက်တယ်၊ အမျိုးမျိုးဒုက္ခရောက်တယ်၊ လောကုတ္တရာကြောင်းအားဖြင့်ဆိုရင် ငရဲကြီးတယ်၊ သံသရာမှာ ဒုက္ခခံရတယ်"

စသည်ဖြင့် အစချီ၍ အဒိန္နဒါနာကံအကြောင်းကို ရှည်လျားစွာ နံနက် (၃) နာရီထိုးသည်အထိ ပြောပြီးသည့်အချိန်တွင် သူခိုးမှာ မျက်တောင်များ စင်းလာလေ၏။ စိုးဝင်းကား ခင်မြသွင်၏ စကားပြောကောင်းပုံကို အားကျကာ မှတ်သား နာယူလျက်ရှိ၏။

"အဲ. . . အခု ငါပြောထားခဲ့တာတွေကို သဘောပေါက်ရဲ့မဟုတ်လား"

ငိုက်မြည်းနေသော သူခိုးသည် ကပျာကယာ ခေါင်းထောင်လိုက်ကာ "ဟုတ်ကဲ့- ကောင်းကောင်းပေါက်ပါတယ်"ဟု ထောင်ကျမည်ကို ကြောက်သောကြောင့် အလိုက်အထိုက် လိုက်ဖြေရလေသည်။

"ဒါဖြင့် နောက်ကို ခိုးချင်သေးသလား"

"ဟာ. . . ဘယ်ခိုးချင်တော့မလဲ"

"ဒါဖြင့် မင်းနောက်ကို ဘာလုပ်မယ်စိတ်ကူးသလဲ"

"သက်န်းဝတ်တော့မယ် စိတ်ကူးတာပေါ့၊ ဦးကြီးပြောတာ သိပ်မှန်တာပဲ၊ ကျွန်တော် ဒီတစ်သက်မှာ ကန်တော့ပွဲနဲ့ခိုင်းတောင် မခိုးတော့ဘူး"

"အေး. . . သာဓု- သာဓု- သာဓု- မင်းသွားတော့"

"ခင်ဗျာ"

"သွားတော့ဆို"



သူခိုးမှာ သူကြားလိုက်ရသည်ကိုပင် မယုံကြည်နိုင်ဘဲ ထွက်လာခဲ့ရာ အိမ်ပြင်ရောက်သောအခါ ဤအရူးနှစ်ယောက်၏အိမ်ကို နောင်တွင် မခိုးတော့ဟု ဆုံးဖြတ်ချက်ချသွားလေ၏။

သူခိုး မရှိတော့မှ ခင်မြသွင်သည် စိုးဝင်းဘက်လှည့်ကာ "ဒီလိုပြောရတယ်ကွ၊ လူတစ်ယောက် တစ်ခါတည်း တရားကျသွားအောင်ဟောရတယ်၊ ဒီလိုပြောနိုင်တဲ့လူတွေ ဗမာပြည်မှာ များများမရှိနဲ့၊ ငါးယောက်တည်းရှိ သံပုန်းမတီးဘဲ ငြိမ်းချမ်းရေးကို တစ်နှစ်အတွင်း ရစေမယ်ကွာ၊ ငါ အာမခံတယ်"

□

နောက်နေ့ နေ့ခင်းဘက်သို့ ရောက်သောအခါ ခင်မြသွင်သည် စက္ကူကြီးတစ်ချပ် ယူလာ၍၊ စိုးဝင်းကို ပြလေ၏။ စက္ကူကြီးပေါ်တွင်ကား အ,အများကို စကားပြောနိုင်စေရန် ပြုလုပ်ထားသောလက်ဖြင့် စကားပြောနည်းကို အင်္ဂလိပ်တအုပ်တစ်အုပ်မှ သူကိုယ်တိုင် ဘာသာပြန်ထားသော ရုပ်ပုံများ ပါလေသည်။ စိုးဝင်း ခင်မြသွင် ဘာပြောသည်ကို နားမလည်ဘဲ. . .

"ဒါက ဘာလုပ်ဖို့လဲ" ဟု ပြန်မေးလိုက်လေ၏။

"ဒါက ဒီလိုလေ၊ မင်းက အခုတက်ရမယ့် သင်ခန်းစာက သူစိမ်းနဲ့ စကားပြောရမှာကိုးကွ၊ ဒီတော့- မင်းမှာ စကားစ,ရခက်နေရင် ငါက ခပ်လှမ်းလှမ်းက လက်နဲ့ပြပြီးသင်ပေးမယ်၊ ဒါကို မင်းက လိုက်ပြောပေါ့ကွ၊ နောက် သူစိမ်းက ပြောတာတွေကို အလိုက်အထိုက် ကြည့်ပြောချေပေါ့ကွာ. . ."

စိုးဝင်းလည်း သဘောပေါက်သွား၍ ခင်မြသွင်၏ ရှေ့ဆောင်တော်မူရောက်ပုံကို များစွာသဘောကျသွားကာ၊ လက်ညှိုးထောင်လိုက်၊ လက်သီးဆုပ်လိုက်၊ လက်ချောင်းချိတ်လိုက်နှင့် လျှောက်ကျက်မှတ်နေလေရာ၊ ကောင်းကောင်းမှတ်မိသောနေ့သို့ တိုင်လာလေတော့သည်။

ဤသို့တတ်မြောက်လာသောအခါ ခင်မြသွင်၏ ဒုတိယသင်ခန်းစာဖြစ်သော သူစိမ်းကို စကားပြောရန်၊ ခင်မြသွင်နှင့်အတူပင် လမ်းထိပ်သို့ ထွက်ခဲ့ကြလေ၏။ လမ်းသို့ရောက်သောအခါ၊ ဓာတ်မီးတိုင်တစ်တိုင်အောက်တွင် နေ့စာဆိုင်ရှင်း သတင်းစာဖတ်နေသော လူတစ်ယောက်ကို တွေ့သောအခါ ခင်မြသွင်သည် စိုးဝင်းအား သွားစကားပြောရန်နှင့်၊ သွန်သင်ချက်များကို ပြောကြားနေလေ၏။

"ပထမ သူ့အနားကို ကပ်သွားရင် သူစိမ်းကို စကားပြောရမှာမို့ ရင်ခုန်သွားမယ်၊ ဒီတော့ မင်းကျင့်ခဲ့ပြီးတဲ့အတိုင်း၊ အသက်ရှူမှန်အောင် ချက်ခြင်းပြန်လုပ်ပြီး၊ အခြေအနေနဲ့ ဆီလျော်တဲ့စကားကစပြီး ပြောရမယ်၊ အနုအခါဆို သိပ်ချမ်းတယ်မဟုတ်လား၊ ဒီတော့ ချမ်းလိုက်တဲ့ဆောင်းတွင်းဗျာ. . . ဆိုပြီး စကားစပေတော့၊ ပြီးတော့ သူ့အဖြေကိုနင်းပြီး စကားဆက်ပေါ့၊ စဖို့စကား မေ့နေရင်၊ ကျုပ် ဒီကနေ လက်နဲ့ပြတာကိုဖတ်ပြီး စပေတော့၊ ကျုပ်ကို မြင်ရအောင်လည်း ရပ်နေ၊ ဒီကနေ- လက်နဲ့ **instruction** တွေ ပေးနေမယ်၊ ကဲ. . . သွားပေတော့"

စိုးဝင်းမှာ ငွေတစ်ထောင်ရရန်အရေးကြောင့် အားတင်း၍ သူ့ဘာသာသူ သတင်းစာဖတ်နေသော သူတစ်ဦးကို အနှောင့်အယှက်ပေးရန် ချဉ်းကပ်သွားလေ၏။

အနားရောက်သောအခါ ရင်တဒိတ်ဒိတ်ခုန်လာသဖြင့် စကားမစသေးဘဲ အသက်ကိုသာ မှန်မှန်နှင့်ပြင်းပြင်း ရှူနေရလေသေးသည်။

သူစိမ်းမှာ သတင်းစာ ဖတ်နေရာက၊ အနားမှ 'ရှူး. . ရှူး. . ရှူး. . ရှူး' နှင့် အသံကြားရသဖြင့် မြွေများ ကပ်လာသလား၊ သို့မဟုတ် တစ်စုံတစ်ဦးကများ ခွေးနှင့်ရှူးတိုက်နေသလားဟု တွေးမိကာ မျက်လုံးပြူးကြီးနှင့် လိုက်ကြည့်လိုက်လေရာ အသက်ရှူမှန်တော့မလိုလို ဖြစ်နေသော စိုးဝင်းမှာ ပြန်၍ရင်ခုန်သွားပြန်လေ၏။ သို့ဖြင့် စရမည့်စကားကို မေ့သွားကာ သူစိမ်းကို ပြူးကြောင်ကြောင်ကြီး ကြည့်နေမိပြီးမှ မလှမ်းမကမ်းမှ ရပ်ကျန်ရစ်ခဲ့သော ခင်မြသွင်ကို လှမ်းကြည့်လိုက်ရာ ခင်မြသွင်လည်း လက်နှင့်စကားပြောနေလေ၏။

သူစိမ်းမှာ အနား၌လာရပ်နေသော စိုးဝင်းကို ဘာမျှထူးထူးခြားခြား မဖြစ်မိဘဲ သူသိလိုသောအချိန်ကို မေးလိုက်လေ၏။

"ဘယ်နှစ်နာရီ ရှိပြီလဲဗျာ"

စိုးဝင်းမှာ စကားလုံးများကို ပေါင်းဖတ်နေရသဖြင့် သူ့ကို ပြန်မဖြေအားရကား ထိုလူမှာ အသံခပ်ကျယ်ကျယ်ဖြင့်. . .

"ဟေ့လူ. . . ဘယ်နှစ်နာရီရှိပြီလဲဗျ"

"ချမ်းလိုက်တဲ့ ဆောင်းတွင်းဗျာ. . ."

"ခင်ဗျား နားမကြားဘူးလား. . . ကျုပ်မေးနေတာ နာရီဗျ"

စိုးဝင်းသည် စကားစပြီးပြီဖြစ်၍ နောက်ထပ်ဆက်လက်၍ပြနေသော ခင်မြသွင်ကို အာရုံစိုက်နေလေရာ. . . သူစိမ်းကို 'ခဏနေဦး'ဟူသော လက္ခဏာ



ဖြင့် လက်ဝါးကာပြလေ၏။ ထိုလူမှာ ပိုမိုဒေါပွလာပြီး. . .

"နာရီလေးတောင် မပြောနိုင်ဘူးလားဗျ"

"ကဲ. . . စကားစပြီးရင် နောက်ထပ် သူ့စကားအဝင်မခံနဲ့တော့ **တိုယ်**ကသာ လေမပြတ်အောင် ပြောပေတော့၊ ပြောလေ- ပြော. . . ပြော"

"ဘာပြောရမှာလဲ. . . ကျုပ်မေးတာမှ မဖြေဘဲ"

စိုးဝင်းမှာ ခင်မြသွင်က သူ့ကိုသာ ပြောသောစကားများကို ယောင်၍ လျှောက်ဖတ်နေရာ ထိုလူမှာ ဒေါပွပွနှင့် အနားကပ်လာသဖြင့် ပိုမိုချောက်ချားလာပြီး. . .

"သဝေထိုး. . ပစောက် ရရစ်-ယပင့်- ရေးချ. . ပြော. . . သဝေထိုး. . လရေး-လေ. . . ပြောလေ. . ."ဟုပင် အသံထွက်ပြီး လျှောက်ပေါင်းနေမိလေရာ ထိုသူစိမ်းမှာ "ဘာဂါထာတွေ ဘာတွေလာရွတ်နေတာလဲ၊ မော်ရှူးပဲ"ဟုဆိုကာ ဗိုက်ကို ပိတ်ထိုးလေ၏။

ထိုအချိန်ဝယ် ခင်မြသွင်ကြီးနားကိုလည်း ကလေးများ ကပ်လာကာ လက်ညှိုးဖြင့် ဝိုင်းထိုး၍ "အရူးကြီးဟေ့ တစ်ယောက်တည်း ကနေတယ် အရူးကြီး" ဟုအော်ကာ ဝိုင်းအုံရယ်မောကြလေ၏။

ခင်မြသွင်ကား ကလေးတွေကို ဂရုမစိုက်နိုင်ဘဲ ထွက်သွားသော လူ၏ အထိုးခံရ၍ မျက်နှာရှုံ့မဲ့နေသော စိုးဝင်းနားသို့ ပြေးကပ်သွားရာ နောက်မှနေ တွန်းလိုက်သော ကလေးများကြောင့် စိုးဝင်းနား ရောက်ကာမှ စိုးဝင်းအပေါ် ဟပ်ထိုးကြီး ကျလေရာ စိုးဝင်းနှင့် နှစ်ယောက်သား မြေကြီးပေါ်သို့ လိမ့်သွားကြလေ၏။

ထိုအတွင်း စစ်သားတစ်ယောက်သည် သူတို့နားသို့ ပြေးကပ်လာလေ၏။ ဘေးနားမှ လူများလည်း စိုးဝင်းနှင့် ခင်မြသွင်တို့နှစ်ယောက် ရန်ဖြစ်နေသည် မှတ်၍ ဆွဲထူကာ တစ်ယောက်စီခွဲ၍ ဖက်ထားကြလေ၏။ ကပ်လာသော စစ်သားလည်း စိုးဝင်းနားရောက်သောအခါ စိုးဝင်း၏မျက်နှာကို စေ့စေ့ကြည့်လျက်. . .

"ခင်ဗျားက ဒီအဘိုးကြီးကို ထိုးတာပေါ့လေ ဟုတ်လား. . . တယ်သတ္တိကောင်းတဲ့လူပေါ့ ဟင်. . ."

ပြောရင်းပြောရင်း မတရားမှုကို စက်ဆုပ်သည့်အလား၊ စစ်သားမှာ လက်သီးများပင် ဆုပ်လာလေရာ တစ်ခုခုကိုမှ မပြောလျှင် မုချအထိုးခံရတော့မည်ကို သိသော်လည်း စိုးဝင်းမှာ စရန်စကားလုံးကို တွေးရသေး၏၊ စစ်သားမှာ

မထိုးမိ အားရပါးရ ပြောလိုသေးသဖြင့်. . .

"ပြောစမ်းပါ- တယ်သတ္တိကောင်းတာပေါ့လေ၊ ဟုတ်သလား ပြောစမ်းပါဦး"

"ချမ်းလိုက်တဲ့ ဆောင်းတွင်းဗျာ. . ."

"ဒါက ဘာလုပ်တာလဲ. . . ရှူးချင်ယောင်ဆောင်တာပေါ့လေ"

"ကဲ. . . စကားစပြီးရင် နောက်ထပ် သူ့စကားအဝင်မခံနဲ့"

စစ်သားမှာ စကားတစ်ခွန်းမျှ မပြောတော့ဘဲ လူကြီးသူမ,ကို မရိုသေတတ်သော စိုးဝင်းကို ဆုံးမရန် လက်သီးကို မြှောက်လိုက်ရာ အခုမှ ရှန်း၍လွတ်လာသော ခင်မြသွင်ကြီးသည် စစ်သားကို ပြေးဖက်လိုက်သောအခါ အရှိန်ပြင်းလှသဖြင့် နှစ်ယောက်စလုံးမှာ ပလက်ဖောင်းပေါ်တွင် ချာလပတ်လည်နေကြလေ၏၊

ရပ်သွားသောအခါ မှုးနောက်နောက်ကြီးဖြစ်လျက် မျက်နှာချင်းဆိုင်၍ ဟိုထိုးသည်ထိုး ဖြစ်နေကြပြီးမှ အမူးပြေသွားသည်တွင် ခင်မြသွင်က ရှင်းပြလိုက်သောအခါ ဝိုင်းအုံနေသောလူများမှာ ရယ်မော၍ ထွက်သွားကြလေတော့သည်။

□

နောက်နေ့ရောက်သောအခါ စိုးဝင်းတို့၏အိမ်ရှေ့အိမ်သို့ ဂေဇက်ဝင်အရာရှိတစ်ယောက်ဖြစ်သူ ဦးလှသွယ်တို့ ပြောင်းလာကြလေသည်။ ဦးလှသွယ်မှာ ဂုဏ်ကြောင့် 'ဦး' တပ်ခေါ်သော်လည်း အသက်မှာ စိုးဝင်းနှင့် ရွယ်တူလောက်ပင်ရှိ၏။

ထိုနေ့မှာ. . . တနင်္ဂနွေနေ့ဖြစ်သည့်အတိုင်း ရုံးအားသဖြင့် ဦးလှသွယ်မှာ ဝါသနာအတိုင်း ငါးမျှားထွက်ရန် ငါးမျှားတံကိုကိုင်၍ အိမ်ပေါ်မှ ဆင်းလာရာ အိမ်ရှေ့အိမ်ဝင်းဝကရပ်၍ သူ့ကို ပြုံးပြနေသော စိုးဝင်းကို တွေ့ရသောအခါ အိမ်နီးချင်းတို့၏ ဝတ္တရားအတိုင်း သွားရောက်ခေါ်ငင်ရန် ကပ်သွားလေ၏။

"ချမ်းလိုက်တဲ့ဆောင်းတွင်းဗျာ"

"ဟုတ်ကဲ့၊ (၁၁) နာရီထိုးခါနီးတောင်မှ စိမ့်တိမ့်တိမ့် ဖြစ်နေသေးတယ်နော်"

"ဆောင်းတွင်းငှက်ကလေးတွေကလည်း နေ့အကြောင်း သီချင်းဆိုနေကြတော့ လွမ်းစရာကြီးပဲ"



"ဟုတ်တယ်ဗျ၊ ကျွန်တော်တို့ ငယ်ငယ်တုန်းက တောမှာပေါ့ဗျာ၊ တောမှာဆိုတော့"

"မြောက်လေကလေး သွေးလာမှုဖြင့် ဆောင်းတွင်းသစ်ရွက်ကလေးတွေဟာလည်း ချမ်းရှာလွန်းလို့. . ."

"ဟာ-မှန်တာပေါ့၊ တောမှာ ဒီအတိုင်းပဲ၊ အဲဒီလို ရာသီဥတုအေးလာတော့"

စိုးဝင်းမှာ သူ့စကားကို အပြတ်မခံဘဲ ပြောရန်ကြိုးစားလေ ဦးလှသွယ်က စကားကိုကောက်၍ကောက်၍ ပြောနေလေရာ စကားဆက်၍မပြောတတ်တော့ဘဲ အိမ်ဘက်သို့ လှည့်ကြည့်လိုက်လေ၏။

အိမ်အပေါ်ထပ် ပြတင်းပေါက်မှ ခင်မြသွင်သည်၊ စကားစပြတ်သွားပြီမှန်း သိသည်နှင့်တစ်ပြိုင်နက် လက်နှင့်ပြနေလေရာ၊ ဦးလှသွယ်မှာလည်း စိုးဝင်းကြည့်ရာ လိုက်ကြည့်လေ၏။ ဦးလှသွယ် လိုက်ကြည့်သဖြင့် ခင်မြသွင်မှာ မျက်နှာကိုလွှဲပြီး ဦးလှသွယ်တို့၏အိမ်ကို ကြည့်လိုက်ရာ ဦးလှသွယ်မှာ ခင်မြသွင်၏မျက်စိသွားရာ လိုက်ကြည့်ပြန်လေ၏။ ဤအချိန်တွင် ဦးလှသွယ်၏ ခယ်မလေးမှာ အပေါက်ဝတွင် ရပ်လိုက်လေသည်။ ဦးလှသွယ်၏ စိတ်ထဲတွင် ခင်မြသွင်မှာ အဘိုးကြီးတန်မဲ့နှင့် သူ့ခယ်မလေးကို လက်ဝါးပြ၊ လက်ညှိုးတစ်ချောင်းထောင်ပြ၊ အောက်စိုက်ပြ၊ လက်ဝါးဖြန့်ပြ၊ လက်သီးဆုပ်ပြနှင့် မဟောသဓာ ဂေါ်နည်းငါးဆယ်ဖြင့် ဂေါ်နေသည်ဟု ယူဆလိုက်မိကာ ဒေါပွလျက် ရှတ်ချည်းလှေကားပေါ်သို့ ပြေးတက်လေ၏။

စိုးဝင်းမှာ ဦးလှသွယ် ပြေးတက်သွားကတည်းက ခင်မြသွင်အပေါ် အထင်လွဲပြီဟု တွက်မိကာ ဦးလှသွယ် ခင်မြသွင်ကို မထိုးဖြစ်စေရန် နောက်မှလိုက်၍ ခါးကိုဆွဲလိုက်ရာ၊ ဦးလှသွယ်မှာ ခါးကြီးကော့လန်ကျလာသဖြင့် အောက်မှ စိုးဝင်းမှာလည်း လိမ့်ကျကာ ဖုံတွေတထောင်းထောင်း ဖြစ်ကုန်လေ၏၊

ခင်မြသွင်မှာလည်း လှေကားမှ 'ဝုန်း. . . ဝုန်း. . . ဝုန်း. . ."နှင့် အသံကြားရသဖြင့် ဘယ်လိုများဖြစ်ကုန်ကြပြီလဲဟု တွေးစိတ်ပူမိ၍၊ လှေကားထိပ်သို့ ပြေးထွက်လာပြီး နှစ်ထစ်သုံးထစ် အဆင်းလိုက်တွင်၊ တောင်ရှည်ပုဆိုးစကြီးတို့ တက်နင်းမိလေရာ သူကိုယ်တိုင် ကျွမ်းပြန်ကျလာလေ၏။ အောက်ရောက်သောအခါ တောင်ရှည်ပုဆိုးကြီးမှာ ကိုယ်မှကျွတ်၍ လွင့်ပျံပြီး ဖုံထဲတွင် လိမ့်နေသော

စိုးဝင်းအပေါ် သွားခြံပေးလျက်သားဖြစ်လျက် ခင်မြသွင်ကိုယ်တိုင်မှာမူ အတွင်းခံဘောင်းဘီဖြူကလေးနှင့်သာ မြေကြီးပေါ်တွင် ခွေနေလေ၏။

ဦးလှသွယ်သည် ရုတ်တရက် ဖုတ်ဖက်ခါထ,လာပြီး လက်မှလွတ်သွားသော ငါးမျှားတံကို ပြေးကောက်ကာ တောင်ရှည်ပုဆိုးကြီးနှင့် စိုးဝင်းကို ခင်မြသွင်အမှတ်နှင့် ပြေးရိုက်နေလေရာ စိုးဝင်းက အောက်ကရုန်းကန်လိုက်မှ ပုဆိုးခြုံထဲမှ ထွက်လာသော မျက်နှာကြောင့် ဦးလှသွယ်မှာ ကြောင်သွားလေ၏။

ထိုအတွင်း ခင်မြသွင်မှာ လဲရာက ထ,လာပြီး ပြေးလာ၍ ဦးလှသွယ်၏ ဖင်ကို ပြေးကန်လိုက်လေ၏။ သို့သော် ဦးလှသွယ်မှာ စိုးဝင်းကို မှားရိုက်မိသဖြင့် အားနာ၍ ကုန်း၍ပွေ့လိုက်သည် ဖြစ်ရကား၊ ပိတ်ကန်လိုက်သော ခင်မြသွင်၏ ခြေထောက်မှာချော်ပြီး လေထဲတွင် လွင့်သွားလေ၏။ ချောင်နေသော ဘွတ်ဖိနပ်ကြီးတစ်ဖက်မှာလည်း ခြေထောက်နှင့် အတူမနေလိုတော့သဖြင့် လေထဲတွင် ဝေ့ပျံပြီး ခြံပြင်မှ ပဲကြားပြုတ်သည်၏တောင်းထဲသို့ ကျဆင်းတော့ခိုနေလေတော့သည်။

စိုးဝင်းနှင့် ဦးလှသွယ်တို့လည်း ဖြစ်ပျက်ပုံအလုံးစုံကို ရှင်းလင်းပြီး၍ ရယ်နေစဉ် ခင်မြသွင်သည် ထော့နင်း ထော့နင်းနှင့် ကပ်လာပြီး. . . "လုပ်ကြစမ်းပါဦး၊ ကျွပ်ဖိနပ်တစ်ဖက် ပါသွားပြီ၊ ခပ်မြန်မြန် လုပ်ကြစမ်းပါ" ဟု ဖုတ်ပူမီးတိုက်ပြောလေ၏။

ဦးလှသွယ်က ပျာပျာသလဲ "ဘယ်မှာပါသွားတာလဲ၊ ခင်ဗျားက ဒီလိုပဲ ဖိနပ်ကို ချွတ်ချွတ်ပြီး လွှင့်ပစ်တတ်သလား" ဟု မေးရာ၊ ခင်မြသွင်က "လွှင့်ပစ်တာ မဟုတ်ပါဘူး၊ စကားများမနေစမ်းပါနဲ့၊ မြန်မြန်ယူပေးစမ်းပါ၊ အမယ်ကြီးကို ခေါ်လိုက်ရင်လည်း တော်တော်ကြာ သူ့တောင်းထဲကို ဖိနပ်ကြီးနဲ့ ပစ်သွင်းတယ် ဖြစ်နေဦးမယ်" ဟု ကြံရာမရ လျှောက်ပြောနေရာ ဦးလှသွယ်သည် အကြံရလာသလိုဖြင့် စိုးဝင်းဘက်လှည့်၍ "ခင်ဗျားက ဈေးသည်ကိုခေါ်ဗျာ၊ ကျုပ်က သစ်ပင်ပေါ်ကတက်ပြီး ဈေးသည်အလာမှာ. . . ငါးမျှားချိတ်နဲ့ချိတ်မယ်"ဟု ဆိုကာ ခြံထောင့်က သစ်ပင်ပေါ်သို့ ပြေးတက်လေ၏။

စိုးဝင်းကလည်း ခြံဝင်းဝထွက်ကာ "ဗျို့ အဒေါ်ကြီး- လာပါဦး"ဟု ခေါ်လိုက်လေသည်။ ဈေးသည်ကြီးလည်း ပြန်လှည့်လာရာ သစ်ပင်အောက်တိုအဖြတ်လိုက်တွင် ဦးလှသွယ်လည်း ငါးမျှားကြိုးကို လျှော့ချလိုက်သော်လည်း ဖြတ်သွားသည့်အချိန်မြန်လျှင် ချိတ်လို့ရမည် မဟုတ်ဟုသိသော စိုးဝင်းက အဒေါ်



ကြီး သစ်ကိုင်းအောက်တွင် မကြာကြာအောင် လုပ်ရလေ၏။

"ဘာရောင်းသလဲ"

"ပဲကြားပြုတ်"

ငါးမျှားချိတ်ကလေးမှာ ဟိုရမ်းသည်ရမ်းနှင့် ပိတ်ကိုချိတ်မိ ပြန်ပြုတ်လာ ဖြစ်နေစဉ် စိုးဝင်းက ချိတ်မိပြီမှတ်၍ "ဟာ- ပဲကြားပြုတ်တော့ မလိုချင်ဘူး" ဟု ဆိုလိုက်ရာ အဒေါ်ကြီးမှာ ဒေါနှင့် ဇတ်ကနဲ လှည့်လိုက်သည်တွင် ငါးမျှားချိတ်မှာ တောင်းဘောင်ကို သွားချိတ်နေလေ၏။

ဦးလှသွယ်က မျက်လုံးပြူး မျက်ဆန်ပြူးနှင့် လက်နှင့်ပြတော့မှ စိုးဝင်းမှာ "ဟာ. . . လာပါဦး" ဟု လုပ်ရပြန်လေရာ ဈေးသည်ကြီးက ပြန်အလှည့်လိုက်တွင် ငါးမျှားချိတ်ကလေးမှာ ပြုတ်သွားသဖြင့် ဦးလှသွယ်လည်း၊ ဆွဲလိုက် နှိမ့်လိုက်နှင့် လက်ကိုဆ,လိုက်ရာ တောင်းအပြင်ဘက်သို့ ငါးမျှားချိတ်ကလေး ကျသွားလေ၏။ စိုးဝင်းက "ဟာ မယူတော့ဘူး"ဟု လုပ်လိုက်ပြန်ရာ၊ ဈေးသည်ကြီးမှာ ဆဲဆို၍ ဇတ်ကနဲ လှည့်ထွက်လိုက်သည်တွင် ငါးမျှားချိတ်မှာ နှာခေါင်းကို လာချိတ်နေလေရာ "ဟဲ့. . . သောက်ခွေး" ဟု ယောင်ကာ ခေါင်းကြီးလန်သွားသည်တွင် တောင်းကြီးလည်း အောက်ကျသွားလေ၏။

ငါးမျှားချိတ်ကြိုး ရုတ်တရက်တင်းသွားသဖြင့် လွတ်ကျလုလု ဖြစ်သွားသော ငါးမျှားတံကို ဦးလှသွယ်သည် ကုန်းလှမ်းလိုက်ဖမ်းလိုက်ရာ အရှိန်လွန်ကျသွားသဖြင့် ခြေထောက်နှစ်ဖက်ကို ချိတ်လိုက်မှ ဇောက်ထိုးကြီး ဖြစ်နေလေ၏။

အဒေါ်ကြီးလည်း ဖိနပ်ကို လှမ်းချွတ်ပြီး ဇောက်ထိုးကြီးဖြစ်နေသော ဦးလှသွယ်ပါးကို ပိတ်ချလေရာ ဦးလှသွယ်မှာ ပထမ တစ်ချက်နှစ်ချက် အနိုက်ခံလိုက်ရပြီးမှ အကြံရလာကာ လက်ထဲမှ ငါးမျှားချိတ်ကိုဆွဲမှ အဒေါ်ကြီးမှာလည်း နှာခေါင်းနာသဖြင့် "ဟဲ့-ငါ့နှာခေါင်းပြတ် တော့မယ်" ဟု အော်လိုက်၏။

"ကျုပ်ပါးလည်း ကွဲတော့မယ်ဗျ"

"နင် ငါ့ကို ငါးမျှားချိတ်နဲ့ မဆွဲနဲ့"

"ခင်ဗျားလည်း ပါးမရိုက်နဲ့"

နှစ်ယောက်စလုံး ကျေနပ်သွားချိန်ဝယ် ခင်မြသွင်မှာလည်း ဖိနပ်တို ပြေးကောက်ပြီး ဖြစ်လေ၏။

ဦးလှသွယ်သည် အောက်ရောက်လာပြီး အားလုံးပြန်လှန်ပြောဆို ရယ်မောပြီးနောက် "ကဲ ကျုပ်သွားဦးမယ်" ဟု ဆိုသည်တွင် စိုးဝင်းက "ဟုတ်တဲ့

ချမ်းလိုက်တဲ့ဆောင်းတွင်းဗျာ" ဟု ဆိုလိုက်ရာ၊ "တော်ဗျာ ခင်ဗျား ဆောင်းတွင်းကြီး" ဟု ပြောလျက် စကားဆက်မည်ကို ကြောက်မိသည့်အလား ထွက်ပြေးလေ၏။

ခင်မြသွင်လည်း အိမ်ထဲပြန်ဝင်သွားသောအခါ စိုးဝင်းသည် စကားပြောရန် သူစိမ်းတစ်ယောက်ယောက်ကို စောင့်အံ့ဟုကြံလျက်၊ ဝင်းဝမှရပ်စောင့်နေစဉ်၊ လူတစ်ယောက်သည် သံလျင်မှ သူ့အဘကြီးအိမ်တွင် ခိုင်းလိုက်သည့်ကိစ္စနှင့် လာ၍မေးလေ၏။

"ဒါ ကိုစိုးဝင်းအိမ်လားခင်ဗျာ"

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်. . . "

"အဲဒါ သန်လျင်က ကျွန်တော် လာခဲ့တယ်"

"ဒါပေါ့ဗျာ ချမ်းလိုက်တဲ့ဆောင်းတွင်းဗျာနော်"

ထိုသူမှာ နေပူကျဲကျဲကြီးမှ လာရသူဖြစ်၍ ချွေးတွေပြန်ကာနေရသည့်အထဲတွင်၊ ချမ်းလိုက်တာဟု ညည်းသံကြားရသောအခါ အောင့်သက်သက်ဖြစ်သွားလေ၏။

"ဒီမှာ- စာပေးလိုက်တယ်"

"ပေးလိုက်သလား ဟုတ်လား။ ဒါထက် နှင်းကလေးတွေ ဝေလာပြီး ဆောင်းတွင်းငှက်ကလေးတွေဟာ. . . "

"ရော့ဗျာ- ဒီမှာစာ"

စိုးဝင်းလည်း စာကို ယူလိုက်ရင်းပင် ဖွင့်မဖတ်သေးဘဲ. . .

"ကျေးဇူးတင်ပါတယ်၊ ပန်းပွင့်ကလေးတွေဟာလည်း နှင်းရည်ကို ကြိုလင့်ပြီး မြောက်လေမှာ ကစားနေကြတော့"

"မြောက်လေမှာ ကစားနေကြတော့ ခင်ဗျားအဘကြီး ဆုံးပြီ"

စိုးဝင်းမှာ လန့်သွားပြီး စာကိုဖွင့်ဖတ်ကြည့်မိလေတော့သည်။ စာမှာ သူ့အဒေါ် ရေးထားသောစာဖြစ်ကြောင်းကို လက်ရေးမြင်ရုံနှင့် သိရလေသည်။

မောင်စိုးဝင်း

မင့်အဘကြီး ညက ရေနံဆီမီးခွက်ပြင်ရာက မီးဟပ်ပြီး တစ်အိမ်လုံးလောင်သွားပြီ။ မင့်အဘကြီးလည်းဆုံး၊ တို့လည်း ပစ္စည်းမရဘဲ လက်လွတ်ထွက်ပြေးခဲ့ရတယ်။ အမြန်လာခဲ့ပါ။

မစန်း

စိုးဝင်းမှာ လေပူကို မှုတ်လိုက်ပြီး၊ ခေါင်းကို ချာကနဲ လှည့်လိုက်ရာ၊



ခင်မြသွင်သည် ပြတင်းပေါက်မှနေ၍ လက်ပြနေလေသေးသည်။

"ချမ်းလိုက်တဲ့ ဆောင်းတွင်းဗျာ. . . "

သွေးသောက်၊ (၁၉၅၀) ခု
ဇန်နဝါရီလ၊ အမှတ် (၄၈)။

□ □ □

# ဆွေရိပ်မျိုးရိပ်

(၁)

ခင်မောင်တင့်သည် သော့ကိုဖွင့်၍ တံခါးကိုဖွင့်ကာ ဝင်လိုက်၏။

အထဲတွင် အိမ်ထောင်ပရိဘောဂ မရှိသလောက်ဖြစ်သည်။ ဘုရားစင်ပေါ်တွင် မဟာမြတ်မုနိဘုရားကားတစ်ချပ်၊ ညောင်ရေအိုးခြောက်ကလေးတစ်လုံးနှင့် ပုလင်းကလေးများ အမှိုက်သရိုက်များရှိ၏။ အခန်းဝနားတွင် အံဆွဲမရှိသော သာမန်စားပွဲတစ်လုံးနှင့်၊ သစ်သားကုလားထိုင်တစ်လုံး၊ ဤမျှသာရှိသည်။ အခန်းထဲတွင်ကား ဘာမျှမရှိ၊ နောက်ဖေးမီးဖိုတွင် နို့ဆီဘူးခွံကလေးများနှင့် နှုတ်ခမ်းပဲ့ အိုးစလောင်းကွဲများလည်း ရှိသည်။

ခင်မောင်တင့်သည် အိမ်၏အခြေအနေကို အပေါ်ယံစစ်ဆေးပြီးပြီဖြစ်၍ နောက်မှလာသော သူ့အဒေါ်အိမ်မှ ထမင်းချက်ကြီးကိုစံထွန်းကို ပစ္စည်းများချခိုင်းသည်။ ကိုစံထွန်းသည် အိပ်ရာကိုချပြီး ကားပေါ်ကျန်နေရစ်သေးသော တိုလီမိုလီပစ္စည်းစုကလေးများကို ထပ်မံသယ်လာပြီး "ကိုတင့် ကျွန်တော် ပြန်တော့မယ်"

"ဟုတ်ကဲ့- ဒေါ်ဒေါ်ကိုပြောလိုက်ပါ၊ ဘာမှစိတ်မပူနဲ့ ကျွန်တော် ဘယ်မှ လျှောက်မလည်ဘူးလို့"



ကိုစံထွန်း ပြန်သွားသောအခါ ခင်မောင်တင့်သည် လသာမှန်အိမ်ကို ချိတ်ပြီးနောက်၊ အဝတ်စုတ်တစ်ခုနှင့် စားပွဲ၊ ကုလားထိုင်များကို ဖုန်ခါပြီး၊ တစ်ခုတည်းသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ အချိန်ကား ညနေ (၅) နာရီခန့် တည်း။ ခင်မောင်တင့်သည် စီးကရက်ကို မီးညှိကာရှူရင်း. . .

"အင်း ဆွေရိပ်မျိုးရိပ်ဟာ တယ်အေးပါကလား"ဟု နက်နဲစွာ မှတ်ချက်ချလိုက်၏။ အဘယ်ကြောင့်ဆိုသော် ခင်မောင်တင့်သည် ခုနှစ်နှစ်သားကျော်ကျော်ကပင် မိဘမဲ့ခဲ့ရလေသည်။ မိဘမဲ့ခဲ့ရသည် ဆိုခြင်းမှာ ခင်မောင်တင့် ဆိုးလွန်း၍ မိဘများ ရှုံ့မဲ့ကြရသည်ဟု မဆိုလိုပါ။ မိဘများ သေဆုံးခဲ့ရခြင်းကို ဆိုလိုခြင်းဖြစ်သတည်း။ တစ်ဦးတည်းသော ခင်မောင်တင့်ကို သူ့အမေ၏ တစ်ဦးတည်းသောညီမ ဒေါ်အေးဘုံ (ခေါ်) ဒေါ်အေးအေးခက်က မွေးစားလာခဲ့သည်။ ဒေါ်အေးအေးခက်၏ တစ်ဦးတည်းသောယောက်ျား ဦးဘခက်မှာ သားသမီးတစ်ယောက်မျှမရှိ၍ တစ်ဦးတည်းသောမွေးစားသား ခင်မောင်တင့်ကို အလွန်ချစ်၏။ ဦးဘခက်မှာ အရွေးချယ်ခံတန်း အရာရှိတစ်ဦး ဖြစ်သည်သာမက၊ ဒေါ်အေးဘုံ (ခေါ်) ဒေါ်အေးအေးခက်မှာ 'ခက်ရတနာ' ကုမ္ပဏီပိုင်ရှင်ဖြစ်ရာ ခင်မောင်တင့်မှာ လိုလေသေး မရှိရပါ။

ထို့ကြောင့်ပင် ဆယ်တန်းအောင်ပြီးနောက် ကောလိပ်၌ လေးငါးလသာနေပြီး၊ ယခုထက်ထိ ဘာမျှမလုပ်ဘဲ ယောင်သုံးဆယ် လုပ်နေခဲ့နိုင်ခြင်း ဖြစ်လေသည်။ ဤအိမ်ကို သူ့အဒေါ်ကဝယ်လိုက်ပြီး လကုန်လျှင် ပြင်မည်ဟုပြော၏။ ထိုသို့မပြင်မီ ခင်မောင်တင့်က လာရောက်စောင့်ရှောက် နေထိုင်ရခြင်းဖြစ်၏။ ထမင်းကို ကိုစံထွန်းက လာပို့မည်ဖြစ်၏။

ခင်မောင်တင့်သည် တလိပ်လိပ် တက်သွားကုန်သော မီးခိုးများကို ကြည့်ရင်းက ဝတ္ထုတစ်ပုဒ်ရေးရန် ဇာတ်လမ်းစဉ်းစားနေ၏။ ဤသို့ဆိုသော် စာရှုသူတို့က ခင်မောင်တင့်ကို စရောမစာရေးဆရာကြီးဟု ထင်မှတ်ပေလိမ့်မည်။ မှန်ပါသည်။ သူသည် စာရေးဆရာအသင်းကို ဝင်ထားသူဖြစ်၏။ ထို့ကြောင့်ပင် စာရေးဆရာများ ပြဇာတ်ကတိုင်း လက်မှတ်အလကားရသူဖြစ်သည် မဟုတ်လား။

သို့သော် သူရေးသောဝတ္ထုများကို စာရှုသူတို့ ဖတ်ဖူးမည် မဟုတ်ပေ။ အယ်ဒီတာ၏စားပွဲကို ပုံနှိပ်စက်ပြု၍၊ အမှိုက်ခြင်းကို ထုတ်ဝေသူပြုကာ၊ မြွေအိတ်သိမ်း အမှုထမ်းများကို စာဖတ်ပရိသတ်များပြုခြင်း အဆုံးသတ်သွားရရှာပါ

သည်။ စာရှုသူများကသာ မဖတ်ရ ရှိရမည်။ သူရေးသောစာများမှာ စာပေသစ် ဆရာကြီးများထက် အဆမတန်သာလွန်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူ့တွင်လည်း ဦးထွန်းညိမ်း၊ ဂျဒ်ဆင်စသော စာပြုဆရာကြီးများ၏ အဘိဓာန်များ ရှိသောကြောင့်ပင်ဖြစ်၏။ "ရွှေအိုရောင်လယ်ကွင်းကို ဖြတ်ကျော်ကြည့်လိုက်လျှင် တရွှေများသဖွယ် စီတန်းနေသော မိုးမခပင်တန်းကို ဝတ်လစ်စားလစ် မျက်စိဖြင့်ပင် မြင်နိုင်၏။ နွေဦးအနောက်လေသည် မိုးမခပင်များအကြားဝယ် ညည်းညူနေသည်။" စသော လှပသည့် သဘာဝဘွဲ့များကိုလည်းကောင်း၊ 'သီချင်းဆိုနေသော ငှက်ကလေး'၊ 'ပူနွေးသောမျက်စိ' စသည့် အဓိပ္ပါယ်ပေါ်လွင်သော အဖွဲ့အနွဲ့များကိုလည်းကောင်း၊ ခင်မောင်တင့် ရေးသားစီကုံးခဲ့ဖူးပေသည်။ သို့သော် အင်္ဂလိပ်စာကို သူ့လောက်မှ တိုက်ရိုက်ဘာသာမပြန်နိုင်ကြသော ပုဂ္ဂိုလ်ကြီးများ၏ ကလောင်နာမည်အမျိုးမျိုးနှင့် စာများကိုတော့ ထုတ်ဝေပုံနှိပ်၍၊ သူ့စာကို စာဖတ်သူတို့၏ခုံရုံးဝယ် တင်မပြခြင်းကို သူအသည်းအနာဆုံးဖြစ်၏။ စင်စစ်သော်ကား သူသည်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဤအဖွဲ့အနွဲ့များကို တိုက်ရိုက်ပြန်ဆို ဖွဲ့နွဲ့နေခြင်းပင် ဖြစ်ပါသည်။ 7

မည်သို့ပင်ဖြစ်စေ၊ သူ ယနေ့ည ဝတ္ထုတစ်ပုဒ် ရေးပေဖို့။

သို့ဖြစ်သောကြောင့်၊ လွယ်အိတ်ထဲမှ ဝတ္ထုရေးရန် ကိရိယာတန်ဆာပလာများဖြစ်သော၊ စာရေးစက္ကူ၊ အင်္ဂလိပ်ဝတ္ထုထဲမှ ကောက်နုတ်ချက်များမှတ်စု၊ အဘိဓာန် စာအုပ်တစ်အုပ်၊ စသည်တို့ကို စားပွဲပေါ်တင်၍ အကျႌအိတ်ထဲမှ ဖောင်တိန် (စာရေးဆရာများက၊ ကလောင်ဟုခေါ်သည့်အရာ) ကို ထုတ်ယူလိုက်၏၊

စာမျက်နှာနံပါတ်ထိုးပြီး ကလောင်ကို ချထားလိုက်ပြန်၏။

"ရေဒီယို ပါကစ္စတန်မှ အသံလွှင့်နေပါတယ် ခင်ဗျား"

နံဘေးအိမ်မှ ရေဒီယိုသံသည် ကျယ်လောင်စွာ ပေါ်ထွက်လာပါသည်။ နဂိုကမှ စဉ်းစားမရထားသည့် ဇာတ်လမ်းသည် ဘယ်လိုမှ ပေါ်မလာတော့ပေ။ ချက်ခြင်းထ၍ အိမ်ဘေးတံခါးများ လျှောက်ဖွင့်၏။ တစ်ဖက်ကအိမ်မှာ တံခါးရွက် တစ်ခုသာ ကွာဝေးသဖြင့် ဟိုဘက်အိမ်က အီးပေါက်သံပင် ဒီဘက်က ကြားနိုင်ကြောင်းကို သိရလေသည်။

"တော်တော်ကြာရင် တိတ်သွားမှာပေါ့"ဟူသောအတွေးဖြင့် စောင့်နေရာ ပါကစ္စတန်ပြီး၊ အောလ်အင်ဒီးယား၊ ထို့နောက် မြန်မာ့အသံ၊ ဤကြားထဲတွင်



ပင် အမေရိကန်၊ အကုန်လုံး ဖွင့်နေတော့သည်။ (၈) နာရီ (၄၅) မိနစ်မှပင် တိတ်သွားတော့၏။

မထူးတော့ပါဘူး။ လူခြေတိတ်လေ ကောင်းလေပေါ့ဟူသော အတွေးဖြင့် ခင်မောင်တင့်သည် ကလောင်ကို ပြန်အကိုင်လိုက်တွင် အတွေးတစ်မျိုး ဝင်လာပြန်လေ၏။

သူ့ကို အားလပ်သော အခါကာလတစ်ချိန်ချိန်တွင် သူ့ဘကြီး (ဘယ်နှစ်ဝမ်းကွဲမှန်း သူမမှတ်မိ) ဘုန်းကြီးက၊ ပဉ္စင်းတက်ပေးမည်ဟု ပြောဖူး၏။ ဤဘကြီးကိုကား သူ့အဒေါ်ကပါ ကြောက်ရသည်ဖြစ်၍ သူဘာမှမငြင်းနိုင်၊ ဘယ်နေ့လာပြီး အတင်းဗုဒ္ဓဘာခိုင်းမည်ကို မသိ။ ခင်မောင်တင့်မှာ ဘာသာကို မကိုင်းရှိုင်းသူမဟုတ်ပါ။ သို့သော် ဝတ္ထုရေးခြင်းမှာ ဝိနည်းတော်နှင့်မလွတ်ဟု သူယူဆမိသောကြောင့်ပင် ဖြစ်လေသည်။

"အင်းလေ- ဝတ္ထုရေးဆရာဆိုတာ ဗဟုသုတ စုံရမယ်"

ဤသို့သော မှတ်ချက်ကလေးဖြင့်သာ သူ့ကိုယ်သူ နှစ်သိမ့်လိုက်ရလေတော့၏။

ထို့နောက် စက္ကူပေါ် ကလောင်တင်ကာ တွန်းလိုက်ခြင်းဖြင့် မဂ္ဂဇင်းတိုက်တစ်တိုက်၏ အယ်ဒီတာအမှိုက်ခြင်း ပါရမီကိုဖြည့်နေလေရာ၊ နာရီပြန်တစ်ချက်သံချောင်းသံသည် မနီးမဝေးဌာနနှင့် မီးသတ်ဌာနများထံမှ အသီးသီးထွက်ပေါ်လာသည်အထိပင် ဖြစ်လေတော့၏။

❐

(၂)

"ဒေါက်- ဒေါက်- ဒေါက်"

တံခါးကို လက်ခေါက်ထက် မာကျောသော ပစ္စည်းတစ်ခုနှင့် ခေါက်လိုက်ဟန်တူ၏။

ခင်မောင်တင့်မှာ အိပ်မှုန်စုံမွှားနှင့် မျက်လုံးကို ဖွင့်လိုက်ကာ လက်ပတ်နာရီကို ကြည့်လိုက်သည်။ အခုမှ နံနက်ခြောက်နာရီခွဲခန့် ရှိသေး၏။ သူ့ကိုလာနှိုးသူမှာ ကိုစံထွန်းကြီး မဟုတ်နိုင်။ ကိုစံထွန်း မဟုတ်နိုင်လျှင် ဤပတ်ဝန်းကျင်၌

သူ့အသိ မရှိသဖြင့် ဘာကောင်မျှ မဟုတ်နိုင်။ အိပ်မက်မက်သည်ဟု ယူဆကာ ချမ်းချမ်းနှင့် စောင်ကို ခေါင်းမြီးခြုံလိုက်ပြီး မျက်စိများကို ပြန်မှိတ်လိုက်၏။

"ဒုန်း- ဒုန်း- ဒုန်း"

ဖိနပ်ဦး၊ သို့မဟုတ် အလားတူပစ္စည်းတစ်မျိုးနှင့် ကန်ကျောက်ထုနှက်ဟန်တူ၏။

ဇတ်ကနဲ ခင်မောင်တင့်သည် စောင်ခြုံကို လှပ်လိုက်ပြန်သည်။ ညက အိပ်ပျက်ရသည့်အထဲ ဘယ်ခွေးသား (သို့မဟုတ်) ခွေးသမီးက လာနှိုးနေမှန်း မသိ။ ကင့်ကော့ခုတင်ဘေး၌ရပ်ကာ လုံချည်ပြင်ဝတ်လိုက်၏။

"အိပ်နေကြတုန်းပဲလားခင်ဗျာ"

"လာပြီဟေ့- ဒီမှာ မင်းအဖေလာနေပြီ"

အိပ်ပျက်နေသူပီပီ ခင်မောင်တင့်မှာ စိတ်တိုနေရှာပြီ။ တံခါးကို ဆောင့်ကြီးအောင့်ကြီးနှင့် ဖွင့်လိုက်ပြီး ဝင်လာသူကို မျက်နှာချင်းဆိုင်လိုက်သည်။

ဝင်လာသူမှာ အနွေးထည်အင်္ကျီ (ကုတ်အင်္ကျီ) ရင်ဖုံးနှင့်၊ ပုဆိုးတောင်ရှည်ကို ဝတ်ထားသည်။ ညှပ်ပြီးစ အှာဂ်လိပ်ဆံတောက်နှင့် ပုံတော်ဖိနပ်စီးထား၏။ ခင်မောင်တင့်ကို မြင်သောအခါ ခပ်ပြုံးပြုံးနေရာမှ တည်တည်ကြည်ကြည် ဖြစ်သွားတော့သည်။

"မင့်ဆရာတွေ မနိုးသေးဘူးလား"

ခင်မောင်တင့်မှာ သူ့အစေခံရုပ်ပေါက်နေသည်ကို မတွေးမိဘဲ၊ ဒေါပွလက်စနှင့် ဒေါပွမိပြန်၏။

"ဘာဆရာလဲ- တယ် ငါမေးလိုက်ရ၊ ဒီမှာဆရာမရှိဘူး၊ ကျုပ်က ဆရာပဲ"

"ဪ. . . သည်းခံပါခင်ဗျာ၊ ခင်ဗျားက ဖြူဖြူနဲ့ ဘာတော်လဲ"

"ဖြူဖြူကို မသိဘူး၊ မည်းမည်းရဲ့ အဘိုးလေးပဲ"

"ခင်ဗျား ဘယ်လိုလူလဲ"

"လက်သီးကောင်းကောင်း ဆုပ်တတ်တဲ့လူ၊ လက်ဝါးနဲ့ဆိုရင်လည်း နားရင်းအုပ်တတ်တယ်"

တံခါးခေါက်သူမှာ နက်မှောင်သော မျက်ခုံးထူကြီးနှစ်ခုကို တိုင်ရုံပါဝါဟန်နှင့် မ,တင်လိုက်ရင်း ပခုံးတွန့်လိုက်လေသည်။

"နေပါဦးဗျာ၊ ဒီအိမ်နံပါတ်က ဘယ်လောက်လဲ"



"မသိဘူး၊ ဟိုဘက်အိမ်နံပါတ်က ဘယ်လောက်လဲဆိုတာ စုံစမ်းကြည့်ပြီး၊ နှစ်ခုပေါင်းထည့်၊ ဒီအိမ်နံပါတ်ကို သိမှာပဲ"

"ကျွန်တော်က ဘီလပ်ပြန်ဗျ"

"ကျုပ်က ကပ္ပလီကျွန်းတောင် မရောက်ဖူးဘူး"

ဘီလပ်ပြန်သည် အိတ်ထဲမှ စာရွက်ကလေးကို ထုတ်ယူလိုက်ပြီး. . .

"အိမ်နံပါတ် (၃၄) ဟာ ဘယ်မှာလဲခင်ဗျာ"

"ဒါသိချင်ရင် ကျုပ်အိမ်နံပါတ်ကို သိအောင်လုပ်ပြီး ပေါင်းတန်ရင်ပေါင်း၊ နှုတ်တန်ရင်နှုတ်လိုက်ရင် သိမှာပေါ့"

"အဲ- ဒါကြောင့် ဒီအိမ်နံပါတ် ဘယ်လောက်လဲလို့ မေးနေတာပေါ့"

"ဒီပြဿနာကို ကျုပ်စောစောက ဖြေခဲ့ပြီ"

"ခင်ဗျားဟာ သိပ်ပြီး နှစ်သိမ့်ဖို့ခက်မာတာကိုး"

"ဒါကတော့ ကျုပ်က သန်းခေါင်းယံဆီမီးကို လောင်ကျွမ်းစေခဲ့တဲ့လူဗျ"

ဘီလပ်ပြန်ဆရာမှာ ဇွချာချာနှင့် လှည့်ဆင်းသွားတော့မလိုလုပ်စဉ်၊ တစ်ဖက်အိမ် (ခေါင်းရင်းဘက်)မှ "ဟော- ဟိုမှာ ကိုမျိုးဆောင်" ဟူသောအသံကို ကြားလိုက်ရရာ၊ ဘီလပ်ပြန်ကြီးမှာ မျက်နှာရွှင်လန်းသွားပြီး ခေါင်းရင်းအိမ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားလေ၏။

ဤတွင်မှ ခင်မောင်တင့်သည် တံခါးကို 'ဂျိုင်း'ကနဲ ဆောင့်ပိတ်လိုက်ပြီး အိပ်ရာကို အစက ပြန်၍ဝင်ရှာလေတော့သည်။

ထိုနောက်ပိုင်း တစ်နေ့လုံးမှာ ခင်မောင်တင့်အတွက် အနှောင့်အယှက်မရှိဘဲ ဝတ္ထုရေးနိုင်၏။ ရေချိုးပြီးနောက်၊ ကိုစံထွန်းလာပို့သော ထမင်းကို စားပြီးသောအခါ ခင်မောင်တင့် စာမရေးတော့ဘဲ စာကိုသာဖတ်နေ၏။ သူ့နေသားကျသွားပါပြီ။ ခေါင်းရင်းအိမ်မှ ရေဒီယိုသံကို သူ အနှောင့်အယှက်ဟု မထင်တော့ပေ။

နေ့ခင်းက စာရေးထားသဖြင့် ညဘက်တွင် စာမရေးတော့ဘဲ စောစောအိပ်သဖြင့် နံနက်စောစော နိုးလေသည်။ မျက်နှာသစ်ပြီး ဓာတ်ဘူးထဲမှကော်ဖီသောက်၏။ ပြီးသော် အိပ်ခန်းပြတင်းပေါက်မှ ကိုယ်တစ်ပိုင်းထွက်ပြူ၍ စီးကရက်သောက်နေ၏။

နံနက်ခင်းသည် နှင်းတည်းဟူသော စီးကရက်သောက်ကာ မြူတည်းဟူ

သော မီးနိုးတွေကို မှုတ်ထုတ်နေလေသည်။ စာကလေးများသည် ပိညှပ်၊ ပိညှပ်နှင့် သီချင်းဆိုနေ၏။ မြောက်လေအေးသည် တဝုန်းဝုန်းနှင့် ညည်းညူနေသည်။ နေမင်းသည် မပြူဝုံဝုံ ပြူဝုံဝုံနှင့် ဘွားကနဲထွက်လာသည်။ ကြက်ဖတစ်ကောင်သည် "အောက်အီးအီးအွတ်"ဟု ကဗျာဆန်ဆန်တွန်လိုက်၏။ ဤမျှသာယာသော နံနက်ခင်းအရသာကို ခံစားရသော ခင်မောင်တင့်မှာ သောကကင်းသူပီပီ ကြည်နူးမိ၏။

"အင်း ဆွေရိပ်မျိုးရိပ်များ တယ်အေးပါကလားနော်"

ဖျန်း- ဖျန်း- ဖျန်း-

ရေသံကြားရာသို့ ခင်မောင်တင့်သည် ဖျတ်ကနဲ လှည့်ကြည့်လိုက်၏။ ရေသံမှာ ခေါင်းရင်းအိမ် နောက်ဖေးဘက်ခြံထဲက ဘုံဘိုင်မှ လာခြင်းဖြစ်သည်။

"အလို"

နံနက်ခင်း၏ ကေရီခေါ် ရအောင်လည်း ဒီကလေးမမှာ သရဖူဆောင်းမထားပါ။ ဘောပန်းကလေးဟု ခေါ်ရမည်လည်း သူမျက်နှာမှာ အဖတ်လိုက် အဖတ်လိုက် ဖြစ်မနေပါ။ နွေလည်ညည၏ ကြယ်ပွင့်မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် သူမျက်နှာမှာ မှိတ်တုတ်မှိတ်တုတ်နှင့် အရောင်ထွက်မနေပါ။ ရှင်းရှင်းဆိုလျှင် ဆန်းဆေးနေသော မိန်းကလေးသာဖြစ်ပါသည်။ သူ့အသက်မှာ ပထမ ဂဏန်း (၂) သို့ မရောက်နိုင်သေးပါ။ ဆိုလိုချက်မှာ (၁၆) နှစ်မှ (၁၉) နှစ်အတွင်း ဖြစ်၏။ တိတိကျကျဆိုလျှင် (၁၈) နှစ်နှင့် (၃) လ (၅) ရက်ရှိပေပြီ။

ခင်မောင်တင့် အိမ်ရှေ့တံခါးမကြီးကို အပြင်မှ သော့ခတ်ကာ မိန်းကလေးကို မမြင်မီ နောက်ဖေးတံခါးမှဝင်ခဲ့ပြီး တစ်အိမ်လုံး ကောင်းသောနံနက်ခင်းဝယ် လှပသော မိန်းကလေးကို သူကြည့်ရပေမည်။ နတ်သျှင်နောင် ကဗျာတစ်ပုဒ်ထက် အရသာတွေ့နေသည်။

ဘဝတည်းဟူသော မြစ်ရေပြင်ပေါ်သို့ လောကဓံတည်းဟူသော တုံကင်းကုလားသည် ချေးပါချလိုက်တော့သည်။ နံနက်ခင်း ရှုမျှော်ခင်းသည် နိမ့်ချည် မြင့်ချည် လှုပ်ရှားသွား၏။

ဘီလပ်ပြန်ငနဲ ထွက်လာသည်။

ငနဲသည် တစ်ဖက်အိမ်မှ ခင်မောင်တင့်ကို မမြင်ပေ။ သူ့ဘာသာသူ ပျာနေ၏။ စပ်ဖြဲဖြဲနှင့် ကလေးမကိုကြည့်ကာ "ဖြူဖြူ"ဟု ခေါ်လိုက်ရာ ဖြူဖြူက မော့ကြည့်လိုက်၏။



"ဖြူက သိပ်လှတာပဲကွယ်၊ ခင်နှင်းဖြူကလေး ကျနေတာပဲ၊ ဆောင်းဦးနံနက်က အဝတ်ဖြူကလေးဝတ်ထားတဲ့ မိန်းကလေးစိုက်ထားတဲ့ နှင်းဆီပန်းကလေးလိုပဲ"

သူပြောသောစကားများကို ခင်မောင်တင့်နားလည်၏။ သို့သော် ဖြူဖြူ နားမလည်ရှာ။ ခေါင်းကိုငုံ့လိုက်ကာ ဆန်ကိုဖိဆေးနေ၏။ ဘီလပ်ပြန်သည် ဖြူဖြူ၏ပါးကလေးကို လက်ဝါးနှစ်ဖက်နှင့် ညှပ်ကိုင်လိုက်ကာ အတင်းမော့စေလိုက်၏။ အလိုက်သင့်မော့လျက် ဖြစ်လာသောအခါမှ နှုတ်ခမ်းလေးနှစ်ခုကို ကုန်းမွှေးလိုက်လေရာ ခင်မောင်တင့်မှာ ရှူးရှူးရှားရှား ဖြစ်သွားလေတော့၏။

သူ နံနက်ခင်း၏အရသာကို ခံနေခြင်းသာဖြစ်သည်။ ရုပ်ရှင်ကြည့်နေခြင်းမဟုတ်ပါ။ စိတ်ထွက်လာသည်နှင့် အိမ်ရှေ့မှပြေးဆင်းသွားကာ နောက်ဖေးဘက် ခြံစည်းရိုးနားမှ တစ်ဘက်ခြံထဲသို့ ကပ်ကြည့်လိုက်သည်။ ဘီလပ်ပြန်ဆိုသူ မရှိတော့ပါ။ ဖြူဖြူသာ ထိုင်နေ၏။

"ဒီမှာဗျ ခင်ဗျားတို့နှစ်ပါးသွားကို ကျုပ်မကြည့်ချင်ဘူး၊ နောက်ကို နှစ်ပါးသွားရင် တစ်ဆိတ်အိမ်ထဲမှာ အလိုလေး. . ."

သူ့ကိုမော့ကြည့်လိုက်သော ဖြူဖြူမှာ ငိုနေသည်။

"ဘယ့်နှယ်ဖြစ်တာလဲဗျ၊ ကိုယ့်ရည်းစားကိုယ့်နမ်းတာ ငိုစရာလားဗျာ"

"ဘာပြောတယ်ရှင့်၊ ကျွန်မရည်းစား မဟုတ်ဘူး၊ ဒီခွေးကောင် ခွေးကျောင်ကျင့်တာ"

"ဘာပြောတယ်"

ဖြူဖြူသည် ခင်မောင်တင့်ကို ငေးကြည့်နေရာမှ-

"ရှင် အရက်သောက်တတ်သလား"

"ကြံကြံဖန်ဖန်ဗျာ၊ အသောက်အစား အစားကင်းတယ်၊ ဘာလုပ်မလို့လဲ"

"ကျွန်မကို နောက်မနေပါနဲ့ရှင်၊ ကျွန်မ အားကိုးပါရစေ"

"ခင်ဗျားတို့ရွာကို သူပုန် မီးနဲ့ရှို့သွားသလား"

"မဟုတ်ပါဘူးရှင်၊ မနောက်ပါနဲ့၊ ကျွန်မမှာ မိဘမရှိဘူး၊ အဒေါ်နဲ့နေရတယ်ရှင့်၊ အဒေါ်က ဂုဏ်မက်ပြီး ဒီမျိုးဆောင်နဲ့ ပေးစားချင်တယ်"

"အဲဒါဘာဖြစ်သလဲ"

"ကျွန်မက မကြိုက်ဘူး၊ သူက အကျင့်စာရိတ္တမကောင်းဘူး"

"ဘီလပ်ပြန်မို့လား"

"မဆိုင်ပါဘူးရှင့်၊ ဘီလပ်ပြန်တိုင်း မကောင်းတာ မဟုတ်ဘူး၊ သူ့ကို ဘဝင်မြင့်ပြီး. . . အို-နောက်ပြီး ကျွန်မသူငယ်ချင်းနဲ့ဖြစ်ပြီး ပစ်ထားသေးတယ်၊ ဒေါ်ဒေါ်တို့က ဒါတွေကို နားမဝင်ဘူး၊ သူကလည်း ဦးလေးနဲ့ ဒေါ်ဒေါ်အားကိုးပြီး ကျွန်မကို- ကျွန်မကို- ဟီး-"

"ဟိုက်ရှော့"

ခင်မောင်တင့်မှာ ဖြူဖြူ ငိုနေသည်ကို မကြည့်ရက်ပါ။

"အင်း. . . မင်းရဲ့ဆွေရိပ်မျိုးရိပ်က ငါ့ဆွေရိပ်မျိုးရိပ်လောက် မအေးဘဲ တိုး"

ဖြူဖြူသည် ခင်မောင်တင့်ကို အားကိုးစွာ မော့ကြည့်လိုက်လေသည်။

"ကဲ ဖြူဖြူ သွားတော့မယ်၊ အရေးကျရင် အားကိုးပါရစေနော်"

"အင်း"

ခင်မောင်တင့်မှာ ဒါပဲပြန်ပြောနိုင်၏။ ဖြူဖြူမရှိဟော့မှ အိမ်ပေါ်ပြန်တက်လာပြီး တစ်ခုတည်းသော ကုလားထိုင်ပေါ်၌ထိုင်၍ စီးကရက်သောက်ရင်းတွေးနေမိတော့သည်။

ဝတ္ထုရေးဆရာသည် ဝတ္ထုဆန်သော မိန်းကလေးကို ဝတ္ထုဆန်စွာတွေ့လိုက်ရ၏။ မိန်းကလေး၏ဘဝကို ဝမ်းနည်းစွာ သုံးသပ်မိသည်၊ ဒီလောက် သနားစရာကောင်းသော မိန်းကလေးကို သူ ဘာကြောင့် ရည်းစားစကား မပြောမိပါသနည်း။ လွန်ကုန်ပြီ။ လွန်ကုန်ပြီ။ ဖြူဖြူက အားကိုးချင်သည်၊ သူကကို ရှော်ခြင်းဖြစ်၏။

ခင်မောင်တင့်မှာ သူ့ကိုယ်သူ ယူကြုံးမရဖြစ်ရင်း ဝတ္ထုကောက်ရေးရာ၊ သူ့ရယ်စရာဟာသဝတ္ထုမှာ လွမ်းခန်းနှင့်ဆုံးသွားသဖြင့်၊ ဒေါ်ပွပွနှင့် ဆုတ်ပစ်လိုက်ရတော့သည်။

□

(၃)

ထို့နောက်တွင် ဖြူဖြူကို မတွေ့ရပေ။



ခြောက်ရက်လောက်ကြာသောအခါလည်း ဖြူဖြူကို မတွေ့ရ။ သို့သော် ဖြူဖြူနှင့် ကိုမျိုးဆောင်တို့၏ မင်္ဂလာဆောင်ဖိတ်စာကို သူတွေ့ရတော့သည်။

စိတ်ပျက်စွာနှင့် ကိုစံထွန်းပို့သွားသော ထမင်းကိုပင် မစားနိုင်တော့ဘဲ ခုတင်ပေါ်၌ ပက်လက်လှန်နေမိတော့၏။

"ဒီမှာ ကိုဟတ္ထ ဒီမှာ"

ဟူသော ဆည်းလည်းသံလိုမကြောင်သော မိန်းကလေးသံကို ကြားရသဖြင့် ပြေးထွက်လာရာ သူမျှော်လင့်သည့်အတိုင်း ဖြူဖြူကို တွေ့ရလေသည်။

"ဟင် ဖြူဖြူ မကြိုက်ဘူးဆို၊ အခုတော့ ကျုပ်ကို ရှုးအောင်လာလုပ်တာလား၊ ဟီး ဟီး ကျုပ်အသည်းကို ခွဲရက်တယ်နော်"

ခင်မောင်တင့်မှာ စိတ်ကူးယဉ်သမားပီပီ အာရုံတို့ တွေ့ထိလွယ်သဖြင့် ဝမ်းသာစရာရှိ ဆို၊ ဝမ်းနည်းစရာရှိ ထိုင်ငိုတတ်သူဖြစ်လေရာ၊ ဖြူဖြူမှာ ပြောမည့်စကားပင် မထွက်တော့ဘဲ ကြောင်တက်တက် ဖြစ်နေရှာတော့၏။

ခင်မောင်တင့်မှာ နဖူးကို လက်ဝါးဖြင့် တဖျပ်ဖျပ်ရိုက်လိုက်၏။

"ဖြူဖြူကို ကျုပ် မမျှော်လင့်တဲ့နေရာမှာ မမျှော်လင့်ဘဲတွေ့ရပြီး မမျှော်လင့်ဘဲ ကြိုက်နေပြီဗျ၊ ကျုပ် သေပါတော့နော်၊ ဟီး- ဟီး ပြောရင်းဆိုရင်းတောင် ရင်ထဲကပူလိုက်တာ"

ဖြူဖြူမှာ ပျာပျာသလဲ ဖြစ်သွားကာ ခင်မောင်တင့်၏ရင်ကို လက်တလေးနှင့် လာဖိရှာ၏။

"ဘာလို့ ဒီလိုလုပ်ရတာလဲရှင့်"

"ဘာလုပ်လို့လဲ"

"ရှင် အဆိပ်သောက်တယ် မဟုတ်ဘူးလား"

"ကြဲကြဲဖန်ဖန်ဗျာ၊ အရက်လည်း မသောက်တတ်ဘူး၊ အဆိပ်ဆိုတာ ဝေးရော"

"ဒါဖြင့် ဘာပြုလို့ ရင်ထဲကပူလာပြီ ပြောရသလဲ"

"လွမ်းလို့ပူတာပေါ့ဗျ၊ တယ်ခက်ပါကလားနော်"

ဖြူဖြူသည် မျက်စောင်းကလေးချိတ်လိုက်ပြီး ပြုံးယောင်ယောင်ဖြစ်သွားကာ-

"အဲဒါကြံစည်မလို့ လာတာရှင့်၊ ဒီလူကို ကျွန်မ ဘယ်လိုမှ မယူနိုင်ဘူး"

"အမိတသာ မယူနိုင်နေ အောင်မယ်လေး- သူက မင်္ဂလာဆောင်တော့

မယ်"

"ရှင် ဒီလိုမငိုနဲ့ ကျွန်မရယ်ချင်တယ်"

"ဒါပေါ့လေ ခြောက်သွေ့နေတဲ့ သဲကန္တာရအလယ်မှာ တရွေ့ရွေ့တွား သွားနေရတဲ့"

"ဒါတွေထားပါရှင် ကျွန်မပြောချင်တာက မနက်ဖြန် မင်္ဂလာဆောင်ကို ရှင်မလာနဲ့၊ ညကျမှ လက်ဖွဲ့ပစ္စည်းလာပို့ပြီး လေကြာကြာပန်းပါ"

ခင်မောင်တင့်သည် မခန်းခြောက်သေးသော မျက်ရည်စတို့ဖြင့် ငေး ကြည့်လိုက်သည်။

"ဒါဘာထူးမလဲ"

"ထူးတာပေါ့ရှင့်၊ ရှင်လေပန်းနေတော့ သတို့သားကလည်း ဧည့်ခံစကား ပြောနေရမယ်၊ ဒီတွင် ကျွန်မက နောက်ဖေးပေါက်ကလစ်ပြီး ရှင့်အိမ်နောက်ဖေး ဘက်က လှည့်ဝင်ခဲ့မယ်၊ ရှင် ပြန်လာတော့ တစ်နေရာကို ပြေးကြတာပေါ့၊ ကဲ- ကျွန်မ ပြန်မယ်"

ဖြူဖြူသည် ဝိဉာဉ်ကလေးပမာ ရုတ်တရက် ရောက်လာပြီး ရုတ်တရက် ပင် ကွယ်ပျောက်သွားတော့သည်။ ခင်မောင်တင့်မှာ ငိုင်နေရာမှ ဦးနှောက်တဖြည်း ဖြည်း ကြည်လာသည်၊ ဖြူဖြူ၏အကြံကို လိုက်နာရန် ယနေ့ပင် လက်ဖွဲ့ပစ္စည်း သွားဝယ်တော့မည်ဟု သန္နိဋ္ဌာန်ချလိုက်၏။

□

(၄)

မင်္ဂလာဆောင်အိမ်သည် မင်္ဂလာဆောင်အိမ်ပီပီ မင်္ဂလာသီချင်းများနှင့် ဆူညံနေ၏။ ဧသောင်းကျော်တန်ကားကြီးများ၊ ဂျစ်ကားများလည်း တဝီဝီနှင့်ထိုး ဆိုက်၊ လူများမှာ ပြုံးပြုံးရွှင်ရွှင်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်နေတော့သည်။

ဤမှာဘက်အိမ်မှ ခင်မောင်တင့်ခမျာမှာတော့ မှောင်မည်းသောအိမ် ထဲတွင် ကုပ်နေသည်။ ယနေ့အဖို့ ကိုစံထွန်းကို ထမင်းမပို့ခိုင်းပေ။ နံနက်ပိုင်းက ထမင်းဝယ်စားရင်း လက်ဖက်ရည်ကို ဓာတ်ဘူးဖြင့် ဝယ်ထည့်လာ၏။ အိမ်ရှေ့ တံခါးကြီးကို အပြင်မှ သော့ခတ်ကာ အတွင်းသို့ နောက်ဖေးတံခါးမှဝင်ခဲ့ပြီး၊



တစ်အိမ်လုံး တံခါးများကို ပိတ်ထားလေသည်။ သူ့အိမ်ကို ကြည့်လိုက်လျှင် အိမ်ရှင် ခရီးလွန်နေသည်ဟု ထင်ရပေမည်။ စင်စစ်သော်ကား အိမ်ရှင်မှာ အိပ် ရာထဲတွင်ပင် အတွေးခရီးလွန်နေခြင်းသာ ဖြစ်တော့၏။

ညနေပိုင်းကျမှ မင်္ဂလာဆောင်အိမ်သည် လူဝင်လူထွက်စဲသွား၏၊ ထို အခါကျမှ ခင်မောင်တင့်သည် နောက်ဖေးတံခါးမှထွက်ကာ အိမ်ရှေ့တံခါးမှ ပြန် ဝင်လာ၏။ တစ်ဖန် နောက်ဖေးတံခါးကို ကန့်လန့်ထိုးပြီး အိမ်ရှေ့တံခါးမမှ ပြန် ထွက်ကာ သော့ခတ်လိုက်ပြီး ထမင်းသွားစားသည်။ စိတ်တုန်လှုပ်မှုကြောင့် ဟုတ် တိပတ်တိ မစားနိုင်ရှာ။ ထမင်းကို ဖြစ်သလိုစားပြီး ပြန်လာကာ၊ အိမ်ရောက်သော အခါ အိမ်ရှေ့တံခါးကြီးကို ကျကျနန ဖွင့်ထားပြီး မီးအိမ်ကို ထွန်းလိုက်လေ၏၊ ထို့နောက် လက်ဖွဲ့ပစ္စည်းလေးယူကာ တစ်ဖက်အိမ်သို့ ထွက်လာ၏၊

အချိန်ကား (၇) နာရီခန့် ရှိပေပြီ။

သတို့သားနှင့် မွေးစားယောက္ခမ ပုလ္လိင်၊ ဣတ္ထိလိင်အစုံအလင် သူ့ကို ကြိုဆိုကြသည်။ ခင်မောင်တင့်သည် လက်ဖွဲ့ပစ္စည်းအထုပ်ကလေးကို စားပွဲပေါ် တင်ကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ ထိုအချိန်ဝယ် သူ့အိမ်ကို သူမမြင်နိုင် ပေ။ သူထွက်သွားစဉ်ပင် သူ့အနော် ဒေါ်အေးဘုံ (ခေါ်) ဒေါ်အေးအေးခက်နှင့် သူ့ဘကြီး ဘုန်းတော်ကြီးတို့ ရောက်လာကြ၏။

"အရှင်ဘုရား နေ့ခင်းကခေါ် ခိုင်းလို့ မောင်စံထွန်း လွှတ်ခေါ်တာ အိမ် သော့ခတ်ထားတယ်တဲ့ဘုရား၊ ဒီနေ့ သူထမင်းလည်း မယူခဲ့နဲ့ မှာထားတယ်ဘုရား ဘယ်များသွားလဲမသိဘူး"

"ဟဲ့- တံခါးလည်း ဖွင့်ထားတယ်၊ သူရှိပါလိမ့်မယ် ဒကာမကြီးရဲ့"

ပြောပြောဆိုဆို ဘုန်းတော်ကြီးနှင့် သူ့နှမ ဒကာမကြီးတို့မှာ ကားပေါ်မှ အထဲသို့ ဝင်သွားကြလေ၏။ ထိုအချိန်ဝယ် ကျွန်ုပ်တို့၏ဇာတ်လိုက် ခင်မောင် တင့်နှင့် သတို့သားတို့ စကားလက်ဆုံကျနေပုံကို ကြည့်ကြပါဦးစို့။

"ခင်ဗျား ဘီအေစာမေးပွဲ ထိုင်ဖူးသလား"

"မထိုင်ဖူးပါဘူး၊ ဒါပေမဲ့ ကျွန်တော် လျှောက်လည်တာ ဥရောပတစ် ခွင် ပြုပြစ်နေတာပဲ"

ခင်မောင်တင့်မှာ တကယ်မရောက်ဘူးသော်လည်း ဘိလပ်ပြန်နဲ့ကို ချိုးခြင်းသာဖြစ်၏။

"ကျွန်တော်တော့ဗျာ ယူကေမှာသာ အချိန်ကုန်သွားတယ်၊ ကွန်းတီးနှင့်

တို မကူးမိပါဘူး၊ ကျွန်တော်က ပညာတော်သင်ဆိုတော့ ခင်ဗျားတို့လို အလကား လျှောက်လည်တဲ့လူတွေလို ပျော်ချိန်မရှိဘူးပေါ့"

ဘီလပ်ပြန် ကိုမျိုးဆောင်မှာ အင်္ဂလိပ်လို ညှပ်ပြောချင်သော်လည်း၊ သူ့မွေးစားယောက္ခမ ပွဲစားကြီးများ နားလည်အောင် ဗမာလို လျှောက်ပြောနေရ၏။ ခင်မောင်တင့်သည်လည်း ဘာသာပြန်ဆုကို မရဘူးသော်လည်း ဘာသာပြန် ရာ၌ ခေသူမဟုတ်ရကား၊

"ကျွန်တော်လည်း ပညာသင်ဖို့ပေါ့ဗျ၊ ဒါပေမဲ့ ကံကြမ္မာရဲ့ ထူးဆန်းတဲ့ သရော်ချက်ကြောင့် ရည်မှန်းချက်ဆီကို မရောက်ဘူးဗျာ"

"ကျွန်တော်လေ ယူကေက သင်္ဘောနဲ့ ပြန်ထွက်လာတော့ လိမ္မော်ရောင် ကောင်းကင်ပြင်ကြီးဟာ ခရမ်းသီးရောင် ပင်လယ်စပ်ထဲကို ဝင်သွားတာ မြင်ရတော့ လွမ်းသလိုရှိသားဗျာ"

သူ့သမက် ပြောသည်ကို ဘာမျှနားမလည်သော်လည်း ပွဲစားကြီးမှာ တဟားဟားနှင့် နှစ်ခြိုက်စွာ ရယ်လိုက်ပေ၏။ ခင်မောင်တင့်မှာ နားကြားပြင်းကပ်လာကာ ရေပက်မဝင် လျှောက်ပြောတော့သည်။

"ပဲရစ်မြို့က အလွန်လှတာပေါ့၊ ရန်ကုန်ပြန်ရောက်လာစက ပဲရစ်မြို့နဲ့နှိုင်းစာမိတော့ ရန်ကုန်မြို့ကြီးဟာ ဆိတ်ငြိမ်နေတယ်ဗျ၊ ဒီတော့ဗျာ၊ ပဲရစ်မြို့တော်ကို ပြန်လွမ်းတဲ့အလွမ်းဟာ ခြောက်ပေအလံနဲ့ကို တိုင်းဆလို့ မရဘူး၊ ခင်ဗျားက အနောက်တိုင်းကို လွမ်းစဖော်ပေးတော့ လွမ်းတဲ့စိတ်ဟာ အနောက်လေလို တဖြည်းဖြည်းညင်းညင်း ပြန်ပေါ်လာတယ်ဗျ၊ အခုလို လွမ်းစဖော်ပေးတဲ့ ခင်ဗျားရဲ့ ကြင်နာခြင်းကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး၊ ခင်ဗျားရဲ့ ကျေးဇူးကို ကျွန်တော် တုံ့ပြန်နိုင်တဲ့အခါရှိရင် တောင်းဆိုပါ၊ ခင်ဗျားကို သွေးဆောင်ပါရစေ၊ အနောက်နိုင်ငံသွားရင် ပဲရစ်မြို့တော်ကိုဝင်ပါ၊ ပဲရစ်မြို့တော်ဟာ အသာယာဆုံးမြို့တော်လို့ ကျွန်တော် ထင်တယ်၊ ဒီလိုထင်ဖို့ ကျွန်တော့်မှာ အကြောင်းခံ တစ်ရာလောက်ရှိတယ်၊ ခင်ဗျား ရောက်ဖို့ မရောက်ဖို့ကတော့ ပတ်ဝန်းကျင် အခြေအနေပေါ်မှာ အားပြုနေပါတယ်၊ ပဲရစ်မြို့တော်မှာ ဒီမှာလို မိုးရွာရင် ခွေးတွေ ကြောင်တွေ မရွာဘူးဗျ၊ ညတွေကတော့ တစ္ဆေလိုအေးတယ်ဗျာ၊ အို-ခြားနားတာကတော့ ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ၊ ဒီကလူတွေသွားရင် ငိုကြတယ်၊ အမှန်ကတော့ စီမံစံတင်ထားတဲ့နို့ထက် မည့်ဖျင်းရန် ဤနို့တစ်ဆကို ရေနှစ်ဆ ရောစပ်ပါ"

ခင်မောင်တင့်မှာ လေအမျှင်မပြတ်အောင် အရမ်းမှုတ်လေရာ၊ သတို့



သားမှာလည်း အိပ်ဖို့ရာစိတ်စောနေသဖြင့် ဘာကိုမျှ နားမထောင်နိုင်တော့ပေ၊ ပွဲစားကြီးလင်မယားမှာ နဂိုကပင် ဘာမျှနားမလည်သည့်အပြင် သူတို့သမက်တာ ပြောခြင်းမဟုတ်၍ စိတ်မဝင်စားကြ။

ခင်မောင်တင့်လည်း ဖြူဖြူလစ်လောက်ပြီဟုတွက်ကာ နှုတ်ဆက်ပြန်လာခဲ့လေသည်။ မှန်ပါသည်။ အခုနကပင် ဖြူဖြူလစ်ခဲ့၏။ သို့သော် နောက်ဖေးတံခါးမှာ ကန့်လန့်ထိုးထား၍ အိမ်ရှေ့ဘက်လှည့်လာ၏။ အိမ်ရှေ့ဘက်ရောက်သောအခါ လသာမှန်အိမ်ထွန်းထား၍ သူဝင်လျှင် တစ်ဖက်အိမ်က မြင်နိုင်သဖြင့် ကြံမိကြံရာ အုတ်ခဲကျိုးတစ်ခုနှင့်ပစ်လိုက်ရာ၊ 'ဂွမ်း'ကနဲကွဲ၍ မှောင်မည်းသွား၏။

"မြတ်စွာဘုရား"

"အောင်မယ်လေးတော့. . . မီး-မီး- ငြိမ်းသွားပြီ၊ ဓားပြ- ဓားပြ- မီး" အထဲက ဒေါ်အေးအေးခက်က စွတ်အော်လိုက်၏။

"ဟဲ့-ဖေးဘုံ အလျားမှောက်နေ"

ဆူညံသွားသည်နှင့်တစ်ပြိုင်နက် ခင်မောင်တင့်လည်း အိမ်ပေါ်သို့ ကမန်းကတန်း ပြေးတက်သွားရာ ဝမ်းလျားထိုးနေသော သူ့အဒေါ်ကို ခဲမှဖြတ်တိုက်လိုက်သည်။ အဒေါ်ကြီးမှာ 'အွန့်'ကနဲ တစ်ချက်မြည်သွားရှာ၏။ ခင်မောင်တင့်မှာလည်း 'ဗိုင်း'ကနဲ ပစ်ကျလေရာ၊ ဘုန်းတော်ကြီးမှာ ဆွံ့မိဆွံ့ရာ ဓာတ်ဘူးနှင့် အသံကြားရာပစ်အုပ်ရာ၊ ခင်မောင်တင့်ခမျာ "ပေဟာဒီမှာ ကျွန်တော့်ကို ရိုက်ကုန်ပြီ" ဟု အသံကုန်ဟစ်လိုက်၏။ လှေကားဘေးနားက ဖြူဖြူမှာ ဘာမျှ မစဉ်းစားနိုင်တော့ဘဲ ခြံပြင်သို့ ထွက်လိုက်ကာ ရပ်ထားသောကားထဲသို့ ဝင်ဝပ်နေရလေတော့သည်။

"ဒေါင်ဒင်- ဒေါင်ဒင်- ဒေါင်ဒင်-"

မီးသတ်ကားသည် အရှိန်ပြင်းစွာ ရောက်လာလေ၏။

"ဝေါ-ဝေါ-ဝေါ-ဝေါ-ဝေါ-ဝေါ"

ကိုးသုံးလုံးမှလည်း ထိုးစိုက်လာလေ၏။

ခဏချင်းတွင် အိမ်ရှေ့ဝယ် လူအုပ်ကြီး ဖြစ်သွားလေတော့သည်၊

ဘုန်းတော်ကြီးမှာ ခင်မောင်တင့်အော်သံကြောင့် အရိုက်ရပ်လိုက်သဖြင့် ခင်မောင်တင့်မှာ ကပျာကယာထ၍ ဘုရားစင်မှ ဖယောင်းတိုင်ကို ကောက်ထွန်းလိုက်လေသည်။

မီးသတ်အဖွဲ့မှ တာဝန်ခံပုဂ္ဂိုလ်က ပျာပျာသလဲ မေးလိုက်၏။

"ဘယ်မလဲ မီးလောင်တာ"

ခင်မောင်တင့်မှာ ကြောင်သွားလေသည်။

"ဘယ်မှာမှ မလောင်ပါကလားဗျာ"

"နို့-ဘာကြောင့်အော်သလဲ"

"အရိုက်ခံရလို့ အော်တာပေါ့ဗျ"

"မဟုတ်ဘူး မီး- မီးလို့အော်တာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူးဗျာ အီး- အီးလို့အော်တာ ဖြစ်ပါလိမ့်မယ်"

"ဓားပြဆိုဗျ"

ရဲအရာရှိက မေးပြန်သည်။

"ကျွန်တော်တော့ ရှုံးတော့မှာပဲ၊ ဟော. . . အရှင်ဘုရား ဘယ်တုန်းက ကြွလာသလဲ"

"ဟ. . . မင်းကိုရိုက်တာ ငါဟ"

ခင်မောင်တင့်မှာ မျက်လုံးပြူးသွားလေသည်။ ရဲအရာရှိမှာ ဘုန်းတော်ကြီးဘက် လှည့်လိုက်ပြန်သည်။

"အရှင်ဘုရားက ဘာဖြစ်လို့ရိုက်ရတာလဲ"

"ဒီကောင်က လသာမှန်အိမ်ကို ကျောက်ခဲနဲ့ ပစ်တာကိုကွ"

"ဟာ မပစ်ရပါဘူးဗျာ အဲလေ- ဘုရား၊ ဒီမှာ အရာရှိမင်း တပည့်တော်က- အဲလေ- ကျွန်တော်က ဟိုဘက်အိမ်က ပြန်လာတာ"

ရဲအရာရှိမှာ မျက်လုံးပြူးသွားလေ၏။

"ဟ- ဟိုမှာ အဒေါ်ကြီး ပစ်လဲနေပါကလား၊ ဖယောင်းတိုင် ဒီနားယူခဲ့လေ"

"ဟဲ့- ဒကာ၊ ဒါ ငါ့နှမကွ၊ ငါက အလျားထိုးခိုင်းတာ"

ရဲအရာရှိမှာ ဦးထုပ်ချွတ်၍ ခေါင်းကို ဗျစ်-ဗျစ်နှင့် ကုတ်လိုက်၏။

"ထပည့်တော်တော့ ရှုံးတော့မှာပဲ၊ ဘာတွေဖြစ်နေတာတုန်းလို့ ဘာဖြစ်လို့ အရှင်ဘုရားက ဝမ်းလျားထိုးခိုင်းရတာလဲဘုရား"

ဘုန်းတော်ကြီးက ပြန်မဖြေနိုင်မီ ဘိလပ်ပြန်မှာ လူကြားထဲကတိုးဝင်လာပြီး ရဲအရာရှိကို-

"ဗျို့ ဆရာကြီး ဒီငနဲကို ဖမ်းလိုက်ပါ"



ဟု ခင်မောင်တင့်ကို လက်ညှိုးထိုးပြ၏။ ရဲအရာရှိမှာ **မျိုးဆောင်ကို** သေသေချာချာကြည့်ရင်း-

"နေပါဦး ခင်ဗျားက ဘယ်ကလဲ"

"ကျွန်တော် ဘိလပ်ပြန်လေ၊ ဒီကောင့်ကိုဖမ်းပါ။ သတို့သမီး **ခိုးပြေး**တယ်"

"မဟုတ်ဘူး၊ သူလိမ်တာ"

ခင်မောင်တင့်က ဝင်ပြော၏။ ရဲအရာရှိလည်း မျိုးဆောင်ကို သေသေချာချာကြည့်ကာ-

"သူ ခင်ဗျားတို့အိမ်ကပြန်လာတော့ မိန်းကလေးပါလာသလား"

"ဒီလိုတော့ မပါဘူး၊ ဒါပေမဲ့ သူလည်းပြန်ရော၊ ဖြူဖြူလည်း ပျောက်ရော"

"ဖြူဖြူဆိုတာ ကောင်မလေးနာမည်လား"

"ဩော် ကြပ်ပါဘိ အရာရှိမင်းရယ်၊ အဖွားကြီးကလည်း ဒီနာမည်မျိုး မမှည့်ပါဘူးဗျ"

ထိုခဏ၌ မျိုးဆောင်ကို သေသေချာချာ ကြည့်နေရာမှ ဘုန်းတော်ကြီးသည် ထပြီးတုတ်ကိုဆွဲလိုက်ရင်း. . .

"ဟေ့ ရဲဒကာ- ဒီကောင့်ကိုဖမ်း"

ဟု အော်လိုက်ရာ အရာရှိများ ပြူးပြူးပျာပျာ ဖြစ်သွားပြီး 'သတို့သမီးခိုးပြန်ပလား' ဟု ယောင်မေးမိပြန်လေ၏။

"မဟုတ်ဘူး၊ တလောက နှစ်ပြုဖြစ်တယ်ဆိုပြီး ငါ့ကျောင်းမှာ လာလိမ်သွားတာ ရွှေတော်တော်ပါသွားတယ်၊ ဒီကောင် ငါ့ကျောင်း လာလိမ်နေတုန်း ဘိလပ်သွားတယ်ဆိုပြီး ရန်ကုန်မှာ လိမ်သေးတယ်၊ ဒီကောင် ဘုန်းကြီးကျောင်းပြန်ကွ၊ အင်္ဂလန်မဟုတ်ဘူး၊ သူပြန်တဲ့ဘိလပ်က တကယ့်ဘီးလပ်နေတာ၊ အင်္ဂလိပ်စာလေး ဆယ်တန်းအောင်ပြီး လိမ်ပုံအမျိုးမျိုးလိမ်နေတာ"

"အောင်မယ်လေး ကျွန်မတူလေးတော့ ပြန်ပေးဖမ်းသွားပါပြီ ကိုတင့်ရေ"

မေ့နေသော ဒေါ်အေးအေးခက်မှာ ယခုမှ သတိရလာပြီး ကောက်ကာငင်ကာ အော်ဟစ်လိုက်၏။ ရဲအရာရှိ၊ မီးသတ်အရာရှိနှင့် ခင်မောင်တင့်တို့မှာ ပြေးသွားပြီး 'ဘာဖြစ်တာလဲ' ဟုမေးလိုက်မှ ဒေါ်အေးအေးခက်မှာ ခင်မောင်တင့်

ကိုကြည့်လိုက်ရင်း-

"ဟင်- မီးကြီးထွန်းပြီး နင်ဘယ်သွားနေတာလဲ၊ လသာမှန်အိမ်ကို ဘယ်သူကျောက်ခဲနဲ့ ပစ်သလဲ၊ ငါ့ကို ဘယ်သူပိတ်ကန်သလဲ"ဟု တစ်မျှင်တစ်တန်းကြီး လျှောက်မေးနေစဉ်. . .

"ဟ- မိပြီ- မိပြီ"

လူအုပ်ကြီးမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး လူတစ်စုက မျိုးဆောင်ကို ဆွဲခေါ်လာ၏။

"ဒီကောင် ထွက်ပြေးတာ ကျုပ်တို့ ဖမ်းလာတယ်၊ ဒါဓားပြမဟုတ်လား"

"မဟုတ်ပါဘူး ကျုပ်တို့ သတို့သားပါ"

ပွဲစားကြီးက ဝင်ရောက်အာမခံလိုက်မှ ဆွဲလာသော အရပ်လူကြီးများမှာ ကျေနပ်လိုက်ရလေသည်။ ရဲအရာရှိမှာလည်း စိတ်ရှုပ်ဟန်နှင့် 'ကဲ ဓားပြတိုက်တာမဟုတ်ရင် ကျွန်တော်တို့ ပြန်မယ်' ဟုဆိုလိုက်ရာ၊ မီးသတ်အရာရှိကလည်း 'မီးလောင်တာမှမဟုတ်ဘဲ ကျွန်တော်တို့လည်း ပြန်မှာပေါ့' ဟု ပြန်ထွက်ကြသည်တွင် လူအုပ်ကြီးမှာ "ဟာ- လင်မယားရန်ဖြစ်တာလည်း မဟုတ်ဘူး" ဆိုပြီး ပြန်ကုန်ကြလေ၏။

"ဟဲ့- ကိုတင့်"

"ခင်ဗျာ"

"နောက်လေးငါးရက်ကြာရင် လူငှားလာတော့မယ်၊ ဒီည မောင်စံထွန်းစောင့်လိမ့်မယ်၊ နင် အိမ်မစောင့်ရတော့ဘူး၊ နင့်ဘကြီးဘုန်းကြီးက ပဥ္စင်းတက်ရမယ်တဲ့၊ လာ. . . လိုက်ခဲ့"

ခင်မောင်တင့်မှာ ခေါင်းကြီးသွားလေ၏။ သို့သော် ဘာမျှပြန်မပြောနိုင်ဘဲ ယူစရာရှိသမျှယူရင်း ဖြူဖြူကို အိမ်ထဲ၌ရှာဖွေသော်လည်း၊ မတွေ့ရသဖြင့် စိတ်ပျက်စွာနှင့်ပင် အဒေါ်တို့နှင့်အတူ ပြန်ထွက်လာ၏။

ဘုန်းတော်ကြီးမှာ ကားရှေ့ကဝင်ထိုင်ပြီး ခင်မောင်တင့်နှင့် ဒေါ်အေးအေးခက်မှာ ကားနောက်ကဝင်ထိုင်လိုက်ရာ၊ ပျော့စိစိကြီးကို ခြေသလုံးနှင့်တိုက်မိ၍ "ဟဲ့- ကျိုက်ထီးရိုး"ဟု ယောင်မိလေ၏။ ထိုအတွင်း ကားဖိနပ်ချွတ်မှ ဖြူဖြူမှာ ဘွားကနဲ ခေါင်းထောင်ထလိုက်ရာ နောက်လှည့်ကြည့်သော ဘုန်းတော်ကြီးက-

"ဒီဒကာမက ဘယ်သူလဲ"

ခင်မောင်တင့်က ကြားကဝင်၍ "ဩော်. . . တပည့်တော်အသိပါ၊ သူ



က ခရစ်ယာန်အမျိုးအနွယ်လေး ဗုဒ္ဓဘာသာဖြစ်ချင်လွန်းလို့ **ရသေ့မ လုပ်မလို့** တဲ့ဘုရား"ဟု အုပ်မိအုပ်ရာ ဝင်အုပ်လိုက်ရာ ဒေါ်အေးအေးခက်က **"သာဓုတွယ်-သာဓု"** ဟု သာဓုခေါ်ပြီး ထိုချလိုက်၏။

"ဟဲ့- ကိုတင့် ငါ့ခြေရင်းက ဘာတွေစိုနေတာလဲ"

ခင်မောင်တင့်သည် ဖြူဖြူကို ဆတ်ကနဲ ကြည့်လိုက်ရာ၊ ဖြူဖြူမှာ လျှာကလေးတစ်လစ်ထုတ်ပြီး ပြုံးစိစိ လုပ်ပြသဖြင့် 'ဒါလောက် ကြောက်ရသလားကွယ်' ဟု တိုးတိုးပြောလိုက်ပြီး. . .

"ဩော် မီးသတ်ပိုက်က ရေစင်တယ် ထင်ပါရဲ့"ဟု သူ့အဒေါ်ကို **အဖြေ**ပေးလိုက်၏။

ကားကလေးမှာ ညဥ့်လေအေးကို ဖောက်ခွဲ၍ တရိပ်ရိပ် ပြေးနေသည်။ ခင်မောင်တင့်သည် ဖြူဖြူကို တစိမ့်စိမ့် ကြည့်ရာက ရှေ့က ဘုန်းတော်ကြီးကို သွားမြင်မိရာ-

"ဖြူဖြူရေ- ကိုယ့်ဆွေရိုးမျိုးရိုးလည်း တစ်ခါတစ်ခါ ပူသဟေ့"

ဟု သူ့အတွေးနှင့်သူ ပြောပြလိုက်သည်။

သို့ရာတွင် နောက်လကုန်လျှင် စာရှုသူတို့သည် ကတုံးကလေးနှင့် သတို့သား (ဘိလပ်ပြန်မဟုတ်,တပ်ဟုတ်) ကို တွေ့ကြရတော့အံ့။

**သွေးသောက်၊ (၁၉၅၅) ခု၊**
**ဖေဖော်ဝါရီလ၊ အမှတ် (၁၀၈)။**

□ □ □

## တစ်ဝါကျွတ်ပြန်ပေါ့

"ဟေ့- သန်းစိန် တစ်ချက်ထိုးနေပြီကွ၊ လက်ဖက်ရည် သွားသောက်ကြ စို့လေကွာ"

"တယ်လည်းဝီရိယရှိနေပါကလား စိုးဝင်းရ"

"လက်ဖက်ရည်သောက်တာ ဝီရိယထုတ်နေရဦးမှာလားကွ"

"နာတီပါတယ် တာလီကာရယ်၊ မင်း လက်ဖက်ရည် သောက်ချင်လွန်းလို့ မဟုတ်ပါဘူး၊ ပိုက်ဆံသိမ်းတဲ့ ငတိမလေးကို မင်းမျက်စိကျနေပါတယ်"

စိုးဝင်းက "ဟဲ. . ဟဲ. . ဟဲ. . "ဟုသာ သွားကိုဖြီးပြလိုက်နိုင်တော့သည်။ အဘယ်ကြောင့်ဆိုသော် သန်းစိန်ပြောသောစကားများမှာ မှန်ကန်နေသောကြောင့်တည်း။

မနေ့နေ့လည်က ရုံးအနားပေးချိန်တွင် ဆိုင်သစ်ဖွင့်ကာစ၊ မြန်မာလက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင် သွားသောက်ကြရာဝယ်၊ ပိုက်ဆံသိမ်းသောစားပွဲဝယ် ဆိုင်ရှင်ဖြစ်ဟန်တူသော အဒေါ်ကြီးတစ်ယောက်နှင့် သမီးလား၊ အမျိုးလား ခွဲခြားမသိရသော မိန်းမပျိုကလေးကို တွေ့ခဲ့ရသည်တွင်၊ စိုးဝင်း၏မျက်လုံးထဲမှ မထွက်နိုင်ဘဲ ရှိချေတော့သည်။ ယခုလည်း ဤလက်ဖက်ရည်ဆိုင်သို့ ဤအကြောင်း



ကြောင့် သွားလို၍၊ မိတ်ဆွေသန်းစိန်ကို ဤသို့ခေါ်မိခြင်း ဖြစ်ရသဖြင့် နောက်မှ

ဤကဲ့သို့ နိဒါန်းချီပြီးနောက် နေ့စဉ်ရက်ဆက် ဤလ...ရောက်သောအခါ

စိုးဝင်းသွားသည်ကို စာဖတ်သူတို့ တွေးမိကြပြီး ဖြစ်ပေလိမ့်မ...

သို့ဖြင့် စနေနေ့သို့ ရောက်ခဲ့လေသည်။

စိုးဝင်းအဖို့ ယနေ့ သိပ်မဟန်လှပေ။ လက်ဖက်ရည်ဆိုင်တွင် ကလေးမကို မတွေ့ရချေ။ အဒေါ်ကြီးကို မေးကြည့်ရန်လည်းမဖြစ်၊ နေမထိထိုင်မသာဖြစ်ပြီး လက်ဖက်ရည်ကြမ်းကိုပင် မသောက်တော့ဘဲ ဆိုင်ထဲက ထွက်လာခဲ့လေသည်။ ပါရမီဖြည့်ဘက် သန်းစိန်ကလည်း နောက်မှ ကုပ်ကုပ်ကုပ်ကုပ်နှင့် လိုက်လာသည်။

စိုးဝင်းသည် ရည်ရွယ်ချက် အထူးမရှိဘဲ လျှောက်မိလျှောက်ရာ လျှောက်လာခဲ့လေ၏။ ထိုခဏ၌ သန်းစိန်သည် စိုးဝင်း၏ကျောသို့ပုတ်ကာ "ဟော့-ဟိုမှာ- ဟိုမှာ" ဟု ပြော၍ ရှေ့သို့ညွှန်ပြလိုက်၏။ စိုးဝင်းလည်း သန်းစိန်ပြရာကြည့်လိုက်သောအခါ၊ သူတို့ဆီသို့ ဦးတည်၍ ပလက်ဖောင်းပေါ်မှ လျှောက်လာသော ကလေးမကို တွေ့ရတော့၏။

"ဟေ့ စိုးဝင်း၊ မင်း ဒါလောက်စွဲနေရင်လည်း စကားလေးဘာလေး စပ်ပြီး ပြောကြည့်ပေါ့ကွာ၊ ငါ ဟိုနားက တရုတ်လက်ဖက်ရည်ဆိုင်ထဲက သွားပြီး စောင့်နေမယ်"

ပြောပြောဆိုဆို သန်းစိန် ထွက်သွားလေရာ၊ စိုးဝင်းမှာ ရင်ထဲတဒိတ်ဒိတ်နှင့် ကျန်ရစ်ခဲ့လေ၏။ ကလေးမမှာ တစ်လှမ်းချင်း နီးကပ်လာလေရာ၊ တစ်ချက်စိုးဝင်းကို မျက်လုံးလှန်အကြည့်တွင်၊ စိုးဝင်းက မျက်လုံးချင်းဆုံမိသည်၌၊ သန္နိဋ္ဌာန်ချပြီး ဖြစ်သည့်အတိုင်း ပြုံးပြလိုက်လေ၏။ သို့သော် ကလေးမမှာ အနောက်လက်ယာဘက် ယွန်းယွန်းဆီသို့ လှည့်ကြည့်လိုက်ရာ၊ စိုးဝင်း၏အပြုံးမှာ သူနှင့်မဆိုင်ဘဲ တစ်စုံတစ်ယောက်ကို ကျော်၍ပြုံးဘိသကဲ့သို့ ဖြစ်သွားသည်နှင့် တစ်ပြိုင်နက်၊ အနီးရှိ ဆိုင်တစ်ဆိုင်မှ ကုလားသည် ထိုင်ရာမှ ထလာပြီး စိုးဝင်းကို "ဘာယူမလဲဆရာ" ဟု မေးလိုက်လေ၏။

ဤတွင် စိုးဝင်းမှာ ဆတ်ကနဲဖြစ်သွားပြီး သူ့ကို ပြန်ကြည့်နေပြီဖြစ်သော ကလေးမကို စိုက်ကြည့်လျက်၊ "မင်းကို ငါပြုံးပြတာ၊ ဟိုကုလားကို မဟုတ်ဘူး" ဟု ပြောလိုက်လေ၏။

"ရှင်က ကျွန်မကို ပြုံးပြရအောင် ကျွန်မကို သိလို့လား"

မကဘူး. . . မင်းကို ငါ ချစ်နေပြီ"

ည် အရဲစွန့်၍ပြောလိုက်ရာတွင် ကလေးမ၏မျက်နှာမှာ မရုပ်

ကြက်သကဲ့သို့ ရဲသွားလေ၏။

မှ ကျွန်မ တစ်ခါမှမမြင်ဘူးပဲ"

"ဘယ့်နှယ် မမြင်ဘူးရမှာလဲ၊ မင်းတို့ လက်ဖက်ရည်ဆိုင်ကို ငါ ခဏ ခဏ ရောက်နေတာ"

"အို. . . ရှင် လူမှားပြီ၊ ဟိုဟာက ကျွန်မရဲ့ အမွှာပူးညီမရှင့်"

အမှန်မှာ ကလေးမသည် မိန်းမတို့၏ဇာနညာဏ်ဖြင့် လိမ်လိုက်ခြင်းသာ ဖြစ်သည်။ အဘယ်မိန်းကလေးသည် အကြောင်းမသိသေးသော ယောကျ်ားတစ်ဦးနှင့် နှစ်ယောက်ချင်း စကားကြာရှည် ပြောနေနိုင်ပါမည်နည်း။

"ဟင်. . . ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် မှားလို့ဗျို့. . . ကျုပ်ချစ်တာ ခင်ဗျား မဟုတ်ဘူး၊ ခင်ဗျားညီမ ဗျို့"

"ဟင်. . . ရှင့်အချစ်ကလည်း ဘယ့်နှယ်လဲ၊ ဟိုလူ့ချစ် ဒီလူ့ချစ်နဲ့"

"ဒါကတော့ မှားတဲ့အခါ မှားပေမပေါ့ဗျာ"

စိုးဝင်းသည် ဦးရှုံးလေသကို ကာတွန်းဆရာကြောင်ပိန်ဆီမှ တိုက်ရိုက်နိုးယူလိုက်ပြီး၊ ခပ်ပြုံးပြုံးဖြင့် ကလေးမကို လမ်းဖယ်ပေးသလို၊ နောက်တစ် လှမ်းဆုတ်လိုက်ရာ၊ နောက်ကလျှောက်လာသော ဘောင်းဘီဝတ်တစ်ဦးမှာ သူ၏ ရုတ်တရက် လှမ်းလိုက်သော ခြေထောက်ကို ခလုတ်တိုက်၍ ဟပ်ထိုးကြီး လဲကျ လေတော့၏။ စိုးဝင်းမှာ များစွာအားနာသွားပြီး "မတော်လို့ပါ နောင်ကြီးရာ"ဟု တောင်းပန်စဉ် ပြန်ထလာသော ထိုသူက သူ့ဘက်လှည့်၍ ပြုံးလိုက်သည်တွင် ပန်ချာပီကြီးတစ်ဦး ဖြစ်နေသည်ကို တွေ့ရသဖြင့် "ဟာ- ဗမာမှတ်လို့" ဟု လွတ်ကနဲ ထွက်သွားလေ၏။

"ဗမာဖြစ်ဖြစ် ကုလားဖြစ်ဖြစ်ပေါ့ဗျာ၊ နောင်ကြီးအရွယ် နောင်ကြီးခေါ်တာ ယဉ်ကျေးတာပေါ့၊ ဂုဏဝုမို ဝယဝုမိုဆိုတယ် မဟုတ်လားဗျ"

ပန်ချာပီကြီးသည် သူ့ကို ရယ်ရွှန်းပတ်ရွှန်းနှင့် ဗမာလိုပီပီသသကြီး ပြော၍ ထွက်သွားလေ၏။ စိုးဝင်းကား မရယ်နိုင်ပါ။ ယခုလိုကြုံတုန်း ကလေးမ တို့၏ နေရပ်လိပ်စာကို မေးသင့်သည်ဟု တွေးမိသဖြင့် ပြန်လှည့်ကြည့်လိုက်ရာ၊

ကလေးမမှာ တော်တော်လှမ်းလှမ်းသို့ပင် ရောက်နေပြီကိုတွေ့ရသဖြင့် နောက်မှ အူယားဖားယား အပြေးကလေး လိုက်လေ၏။ အနီးသို့ရောက်သောအခါ "ဒီမှာ. . . ဒီမှာ" ဟု ထပ်ခေါ်လိုက်လေသည်။

ကလေးမ၏ လှည့်အကြည့်နှင့် စိုးဝင်း တစ်စုံတစ်ခု သတိပြုမိသည်တို့မှာ တစ်ချိန်တည်းဖြစ်နေတော့သည်။ သူသတိပြုမိသည်ကား ဤအစ်မဆိုသူဝတ်လာသော လုံချည်မျိုးကို သူ့ညီမဝတ်သည်ကို သတိပြုမိခြင်းပင် ဖြစ်၏။

"ဘာလဲရှင့်"

"ဩ. . . ခင်ဗျားကလည်း လုံချည်နဲ့ကိုး"

ကလေးမမှာ ပြုံးပြုံးပျာပျာ ဖြစ်သွားလေသည်။ သူကိုယ်သူလည်း ငုံ့ကြည့်လိုက်သေး၏။

"လုံချည်မဟုတ်လို့ ဘောင်းဘီရှည်ဝတ်ရမလားရှင့်"

"ဩော်. . ခင်ဗျားညီမဝတ်တတ်တဲ့ လုံချည်နဲ့ပါကလားလို့ ပြောတာပါဗျာ"

"ဒါကတော့ ကျွန်မတို့ညီအစ်မဟာ ဆင်တူဝတ်ပါတယ်"

"ဒါထက်. . ဒါထက်. . . "

"ပြောစရာရှိ မြန်မြန်ပြောပါရှင့်၊ ဒေါ်ဒေါ် ဆူနေဦးမယ်"

စိုးဝင်းမှာ ကလေးမများ၏အဒေါ်မှာ လက်ဖက်ရည်ဆိုင်ရှင် အဒေါ်ကြီးမှန်း သိသွား၏။

"ပြောပါ့မယ်ဗျာ၊ ခင်ဗျား ဘယ်မှာနေသလဲ"

"ပဲခူးမှာလေ"

"ဟိုက်ရှော- မဟုတ်ဘူးလေ"

"ဟုတ်ပါတယ်ရှင့် ဒီမနက်ပဲလာတာ၊ အခု လက်ဖက်ရည်ဆိုင် သွားမလို့"

"ကျွန်တော်မေးတာက ခင်ဗျားရဲ့ညီမက ဘယ်မှာနေသလဲလို့"

"ဒေါ်ဒေါ့်အိမ်မှာပေါ့"

"မဟုတ်ဘူးဗျ၊ လိပ်စာ လိပ်စာ"

"လိပ်စာကတော့ ကန်စွန်းရွက်နဲ့ ပေါက်ပေါက်ဆုပ်ပဲ"

"ဟာဗျာ မနောက်ပါနဲ့၊ ခင်ဗျားရဲ့ ညီမနေတဲ့ အိမ်လိပ်စာကလေး သိပါရစေဗျာ"

ကလေးမမှာ အရောင်းအဝယ် ကျွမ်းကျင်သူဖြစ်၍ မိတ်ဆွေမပျက်စေဘဲ ရယ်စရာကလေးများ ကြားညှပ်၍ စကားလက်ခံခြင်းသာ ဖြစ်ပေသည်။ သို့သော် ယောကျ်ားများ နှောင့်ယှက်မှုကို ကြောက်ရသေးသဖြင့် လိပ်စာအမှန်ကို မပြောဝံ့ဘဲ ပါးစပ်ထဲရှိရာ လမ်းနံပါတ်နှင့် အိမ်နံပါတ်ကို ပြောလိုက်လေ၏။ ပြောပြီးသော် ခပ်သုတ်သုတ်နှင့် ထွက်သွားလေ၏။

စိုးဝင်းလည်း အောင်မြင်သောစစ်သူကြီး၏ ခြေလှမ်းမျိုးဖြင့် အကြောင်းစုံအားလုံး အားပါးတရ ပြန်လည်ပြောပြရန်၊ သန်းစိန်ရှိရာ လက်ဖက်ရည်ဆိုင်သို့ လျှောက်သွားလေတော့၏။

□

(၂)

ကလေးမတို့ လက်ဖက်ရည်ဆိုင်ကား ရုံးများကိုအားထား၍ ဖွင့်လှစ်ထားသော လဘက်ရည်ဆိုင်ဖြစ်ကြောင်းကို တနင်္ဂနွေနေ့ရောက်မှ စိုးဝင်း သိရ၏။ လက်ဖက်ရည် သွားသောက်သောအခါ ဆိုင်ပိတ်ထားသည်ကို တွေ့ရတော့၏။

"မအေးစိန်- မအေးစိန် မင်းကို ငါ တစ်နေ့မမြင်ရရင် မနေနိုင်ဘူးကွယ်"

မနေ့ကမှ သိခဲ့ရသော နာမည်ကလေးကို ရေရွတ်ရင်း ညည်းတွားနေသော စိုးဝင်းသည် ဤနာမည်မှာ အစစ်မဟုတ်ကြောင်းကို မသိရှာပေ။

'မအေးစိန်' ကို တစ်နေ့မမြင်ရလျှင်ပင် မနေနိုင်သောအခြေသို့ ရောက်ရှိနေပြီဖြစ်သော စိုးဝင်းသည် မအေးစိန်တို့အိမ်သို့ သွားလည်ရန် ဆုံးဖြတ်ချက်ချကာ ဝတ်ကောင်းစားလှဖြင့် ထွက်လာခဲ့လေ၏။

သူ ရထားသော လိပ်စာပါအိမ်ကို ခပ်တည်တည်နှင့်ပင် ဝင်သွားလေရာ ပက်လက်ကုလားထိုင်ပေါ်တွင် သတင်းစာဖတ်နေသော အဘိုးကြီးတစ်ယောက်ကို တွေ့ရတော့၏။

"မောင်ရင်က ဘာကိစ္စရှိသလဲ"

"မအေးစိန် မရှိဘူးလားခင်ဗျာ"

"ဟေ. . ."



"မအေးစိန်ကို တွေ့ချင်လို့ပါ"

အဘိုးကြီးသည် စိုးဝင်းတို့ စိုက်ကြည့်လိုက်ပြီး "ဘာကွ- မအေးစိန် မင်းအရွယ်ကလေးနဲ့များ မအေးစိန်လို့ ခေါ်ရသလားကွဲ" ဟု ပြောလိုက်ရာ၊ စိုးဝင်းမှာ မျက်လုံးပြူးသွားမိလေ၏။

"ကျွန်တော့်အရွယ်နဲ့ မခေါ်ရအောင် ကလေးမက အသက်ဘယ်လောက်ရှိသေးလို့လဲ"

"အေး. . . တွေ့တော့ သိမပေါ့ကွာ၊ ဟေ့- မအေးစိန် ဟောဒီမှာ မင်းဘကြီးလားမသိဘူး. . . တွေ့ချင်လို့တဲ့"

"လာပြီတော့" ဟူသောအသံနှင့် မရှေးမနှောင်းပင် ထွက်လာသော အသက် (၅၀) ခန့်မိန်းမကြီးကို တွေ့ရသော စိုးဝင်းမှာ မျက်စိများ ပြာသွားပြီး "ဟာ- အိမ်မှားလို့ ဒေါ်ဒေါ်ရေ" ဟုဆိုကာ လှည့်ဆင်းပြေးလာခဲ့လေ၏။

"မမှားပါဘူးကွဲ့၊ ငါဟာ မအေးစိန်ပါပဲ"

စိုးဝင်းမှာ နောက်သို့ပြန်လှည့်မကြည့်တော့ပေ။ ဝင်းခြံကလေးမှထွက်၍ ပလက်ဖောင်းပေါ် ရောက်အောင် သုတ်ခြေတင်လေတော့သည်။

"ဟင်း. . တော်တော်ရက်စက်တဲ့မေပဲကွာ"

ပလက်ဖောင်းပေါ်ရောက်မှ စိုးဝင်းမှာ ညည်းညူမိလေတော့၏။ နာမည်မှား၊ လိပ်စာမှားကို ပေးရက်သော ကလေးမကို ယူကြုံးမရ ဖြစ်မိသည်။ သို့သော် ယောကျ်ားတို့လုံ့လ မိန်းမရမှလျှော့မည်.ဟူသောစွဲဖြင့် "ဒါလောက်တောင်ဖြစ်လှတာ၊ မတွေ့တွေ့အောင် ရှာမယ်ကွာ" ဟု သန္နိဋ္ဌာန်ချလိုက်၏။

ထိုခဏမှာပင် သူ့ဘေးက လူတစ်ယောက်ဖြတ်သွား၏။ ထိုသူကိုမြင်သောအခါ စိုးဝင်းသည် အကြံတစ်မျိုးရ၏။ ထိုသူကား စာပို့လုလင်တည်း။ ထို့ကြောင့်ပင် နောက်မှပြေးလိုက်၍ "ဟေ့- ဟေ့"ဟု ခေါ်လိုက်ရာ လမ်းသွားလမ်းလာတို့မှာ ခါးပိုက်နှိုက်ဟု ထင်သွားကြ၍ ဘာမပြောညာမပြောနှင့် ဝိုင်းဖမ်းကြလေရာ၊ စာပို့လုလင်ခမျာမှာ မြေကြီးပေါ်တွင် မှောက်လျက်သွားရှာတော့၏။

"ဘာပါသွားလို့လဲ"

"ခင်ဗျားတို့က ဘာလို့ထိုးကြရတာလဲဗျာ"

"နို- ခါးပိုက်နှိုက် မဟုတ်ဘူးလား"

"ထွတ်တေရီ- စာပို့လုလင်ဗျ၊ ခါးပိုက်နှိုက်ဆိုရင်ကော ဒါလောက် ဝိုင်းထိုးရသလားဗျ၊ ဂါတ်ကို ပို့ရမှာပေါ့"

လူစုသည်လည်း ဆူညံဆူညံနှင့် ထွက်သွားကြလေတော့၏။ စိုးဝင်းတစ်ယောက်တည်း စာပို့လုလင်နားရပ်နေချိန်ဝယ် စာပို့လုလင်သည် သတိရလာလေ၏၊ သတိရလာသည်နှင့်တစ်ပြိုင်နက် ဘာမပြောညာမပြောနှင့် စိုးဝင်းကိုထထိုးလေရာ အမှတ်တမဲ့ဖြစ်သွားသော စိုးဝင်းမှာ ဖင်ထိုင်ရက်ကြီး ကျသွားလေ၏။

စိုးဝင်းမှာ ချက်ချင်းဒူးထောက်လိုက်၍ စာပို့လုလင်ကို တောင်းပန်လေတော့သည်။

"ဒေါသရှေ့မထားပါနဲ့ နောင်ကြီးရာ"

"ဘာ. . . အခုမှ ဒေါသရှေ့မထားပါနဲ့လဲ၊ မင်းတို့က ဝိုင်းထိုးကြတော့ကောင်းသလားကွ"

"ဝိုင်းထိုးတာ မဟုတ်ပါဘူး"

"လူစုနဲ့ထိုးတာ ဝိုင်းထိုးတာမဟုတ်လို့ ရွှေမျောမျောထိုးတာလားကွ"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ခင်ဗျားကို လိုက်ခေါ်တာကို၊ လမ်းသွားလမ်းလာတွေက ခါးပိုက်နှိုက်မှတ်လို့ ဝိုင်းထိုးကြတာပါဗျာ၊ ကျွန်တော်အပါအဝင် ဝိုင်းထိုးတာ မဟုတ်ပါဘူး၊ ကျွန်တော်က အထိုးခိုင်းတာလည်း မဟုတ်ပါဘူး၊ အခု ကျွန်တော် ရှင်းပြလိုက်လို့ သွားကုန်ကြပါပြီ"

စာပို့လုလင်သည် ကျေနပ်သွားဟန်ဖြင့် နောက်စေ့လေးကို ပွတ်သပ်လိုက်ပြီး "နေပါဦး. . . ခင်ဗျားက ကျုပ်ကိုခေါ်တာ မီးခြစ်ကျောက်ရောင်းတဲ့လူမှတ်လို့လား" ဟု စိုးဝင်းကို မေးလိုက်လေ၏။

"မဟုတ်ပါဘူး စာပို့လုလင်မှန်း သိပါတယ်"

"ဩော်- ခင်ဗျား မန်နီအော်ဒါပါလို့လား"

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားရဲ့အကူအညီကို လိုလို့ပါ"

စာပို့လုလင်သည် အံ့အားသင့်သွားလေသည်။

"ဆိုစမ်းပါဦးဗျာ၊ ဘယ်လိုကူညီရမလဲ"

"ခင်ဗျားတို့က စာပို့လုလင်ဆိုတော့ အိမ်တွေတော်တော်များများ သိတယ်မဟုတ်လား၊ အဲဒီတော့ ကျွန်တော့်ကို အိမ်တစ်အိမ် ရှာပေးစေချင်လို့ပါ"

"ခင်ဗျား သွားချင်တဲ့အိမ်က နံပါတ်ဘယ်လောက်လဲ"

"ဟာ- နံပါတ်သိမှတော့ ခင်ဗျားကို ရှာခိုင်းမလား"

"ဒါဖြင့် လမ်းတကော"

"မသိဘူး"



"ကိုင်း. . . ဒါတွေမသိရင် ထားလိုက်ပါတော့ ရှာချင်တဲ့လူရဲ့နာမည်တကော"

"အဲ. . . သူ့နာမည်အမှန်ကို မသိဘူး"

"ဟင်. . . ခင်ဗျားဟာက ဘာသိတာရှိသလဲလို့"

စာပို့လုလင်မှာ စိတ်တိုလာဟန်ပြတော့သဖြင့် စိုးဝင်းခမျာ တောင်းပန်ရတော့သည်။

"စိတ်မဆိုးပါနဲ့ဗျာ၊ သိတာတော့ ရှိပါတယ်၊ သူတို့က အမွှာပူးညီအစ်မဗျ"

"ဒါ- ကျွန်တော်က ဘာလုပ်ရမလဲ"

"ဘာမှမလုပ်ရပါဘူး၊ ပြောပြတာ၊ သူ့အဒေါ်က လက်ဖက်ရည် ရောင်းတယ်လေ"

"လက်ဖက်ရည် ရောင်းတဲ့လူတွေ ရန်ကုန်မှာ ရိုက်သတ်လို့ မကုန်ဘူး၊ တရုတ် ယူမလား၊ ကုလား ယူမလား၊ ဗမာ ယူမလား၊ ချစ်တီး ယူမလား"

"တော်ပါတော့ဗျာ၊ ဗမာပဲ ယူပါ့မယ်၊ ကျွန်တော်ပြောတဲ့လက်ဖက်ရည်ဆိုင်က ရုံးတွေနားမှာဗျ"

ဤတွင် စာပို့လုလင်၏မျက်နှာမှာ ဝင်းကြည်လာလေတော့သည်။

"ဩော်. . သိပြီ. . သိပြီ. . . ပိုက်ဆံသိမ်းတာ ကောင်မလေးချောချောတစ်ယောက်လေ ဟုတ်လား"

"အဲ. . . အစစ်ပေါ့၊ အဲဒီ- သူတို့အိမ်ရှာနေတာ"

"လာ လာ သူတို့အိမ်က ဟိုဘက်လမ်းထဲမှာဗျ"

သတ္တဘာဂများ စာပို့လုလင်ယောင် ဆောင်လာသလောဟု စိုးဝင်း စိတ်ဝယ် စောမိတော့သည်။ စာပို့လုလင်သည် အိမ်အနားအထိလိုက်လာပြီးမှ စိုးဝင်းကိုထား၍ ထွက်သွား၏။

အိမ်ပေါက်ဝဝယ် အသက် (၄၀) ကျော်ခန့်ရှိ လူတစ်ယောက်သည် စိုးဝင်းကို ကြည့်နေလေသည်။

"ဒီမှာဗျာ. . . ဒီအိမ်ကအဒေါ်ကြီးဟာ လက်ဖက်ရည်ဆိုင်ဖွင့်တယ်မဟုတ်လားဗျာ"

"ဟော့. . . မင်းအရူးလား၊ တို့က က,တာခုန်တာတွေ ဝါသနာမပါဘူး"

စိုးဝင်းမှာ အူကြောင်ကြောင် ဖြစ်သွားတော့သည်။ ဤလူကြီးသည် အရူး

လောဟု တွေးမိ၏။

"ဦးကြီးက ဒီအိမ်ရှင်လား"

"အသက်မသေလို့ ငါ့ကို တွေ့ရတာပေါ့ကွ"

ဟုတ်ပြီ. . . ဤလူကြီးကား အရူးပင်ဟု စိုးဝင်း မှတ်ချက်ချလိုက်၏။ ဝင်စစ် ဤလူကြီးမှာ မရူးပါ။ နားတော်တော်လေးသူတစ်ယောက်သာဖြစ်၍ ကလေးမ၏ ဦးလေးတော်ပါသည်။

"ခင်ဗျား ဖယ်ဗျာ၊ ကျုပ် အိမ်ရှင်ကို တွေ့ချင်တယ်"

"အလို. . . ငါးရှဥ့်ကို တို့ မစားဘူးကွ"

လူကြီးကား ကြားမိကြားရာတွေ လျှောက်ဖြေနေသည်။ စိုးဝင်းသည် ဘာမျှထပ်မပြောတော့ဘဲ စိတ်ကတိုလာပြီဖြစ်သဖြင့် လူကြီး၏နားရင်းကို တစ်ချက်ပစ်အုပ်လိုက်ပြီး အိမ်ထဲသို့ဝင်လာလေ၏။

အိမ်တွင်းသို့ရောက်သည်နှင့် တစ်ပြိုင်နက် ကလေးမကို တွေ့ရတော့သည်။

"အလို ရှင် ဘာလာလုပ်သလဲ"

"မင်းက ဘယ်လိုပဲ မတွေ့ချင်လို့ ရှောင်နေပေမယ့် ငါကတော့ မေတ္တာစစ်မေတ္တာမှန်နဲ့ ချစ်မိတာမို့ တွေ့အောင်ရှာပြီး လာရတာပေါ့"

"ရှင် ဘာတွေပြောနေတာလဲ"

"နေပါဦး. . မင်းက အကြီးလား အငယ်လား"

"ဟော့. . မောင်ရင်၊ သူက ညီအစ်မ မရှိဘူးကွ၊ တစ်ယောက်တည်းရယ်"

စိုးဝင်းရော ကလေးမပါ အပေါက်ဝသို့ လှည့်ကြည့်လိုက်မိသည်။ အပေါက်ဝတွင် စိုးဝင်း နားရင်းအုပ်ခဲ့သောလူကြီး ရပ်နေ၏။

"ဟင်. . . အရူး"

"ဟင်. . . ဦးလေး"

ပြိုင်တူထွက်သွားမှ စိုးဝင်း မျက်လုံးပြူးသွားတော့သည်။ သူအရူးဟုထင်၍ အုပ်ထည့်ခဲ့သောလူကြီးမှာ သူချစ်ကြိုက်၍နေသော ကလေးမ၏ဦးလေး ဖြစ်သည်တဲ့။ စိုးဝင်း၏မျက်စိထဲဝယ် ဝင်းဝင်းတောက်ကုန်တော့၏။

တောင်းပန်ရန် ဘယ်တုန်းကမှ ဝန်မလေးခဲ့သော စိုးဝင်းသည် ယခု လည်း အဘိုးကြီးဆီ ထ,ပြေး၍ တောင်းပန်တော့သည်။

"ဦးရယ်. . . စိတ်မဆိုးပါနဲ့၊ ဦးကို ကျွန်တော်က စိတ်မနှံ့တဲ့လူစိမ်းမှတ်လို့ ထိုးမိတာပါ"

"ဘာ. . . ရှင်က ဦးလေးကိုထိုးတယ်"

ကလေးမသည် ပြူးကျယ်သောမျက်စိများဖြင့် စိုးဝင်းကိုကြည့်၍ မေးလိုက်၏။ စိုးဝင်းမှာ မျက်နှာသေကလေးနှင့် ကလေးမကို ကြည့်လိုက်စဉ်တွင်ဝင်၍ လူကြီးက ဝင်ပြော၏။

"ဟဲ့. . မြင့်မြင့်၊ စိတ်မဆိုးနဲ့၊ ဒီသူငယ်ထိုးလိုက်လို့ ငါ့နားတစ်ဖက်ပွင့်သွားပြီ၊ ငါ ကောင်းကောင်းကြားရတယ်၊ ဟော့. . . သူငယ် မင်းကို ငါ ကျေးဇူးတင်တယ်"

စိုးဝင်း၏ ဝမ်းသာမှုကား ဘဝင်ရောက်လောက်၏။

"ဟာ. . . ဒါဖြင့် ဦးလေးရယ်၊ ကျွန်တော်နဲ့ ဟောဒီက မအေးစိန်အဲလေ. . . မြင့်မြင့်နဲ့ သဘောတူပါခင်ဗျာ"

"ဟ. . . ဘယ်ဖြစ်မလဲ၊ ငါ့နားနှစ်ဖက်ပင်းတာကွ၊ မင်းကြောင့် တောင်းတာ တစ်ဖက်ပဲကောင်းတာ"

"ဒါဖြင့် ဒီနား ကြွခဲ့ပါလားခင်ဗျာ၊ ကျန်တဲ့နားရင်းတစ်ဖက် ကျွန်တော် အုပ်ပေးပါ့မယ်"

"အမယ်. . . တော် ဖော်၊ အခုနက အဆင်သင့်သွားလို့၊ အခုဆို နားအုံကွဲသွားရင် ပြီးရော၊ ဟော့ ကောင်မလေးက စပ်ထားတဲ့လူ ရှိတယ်ကွ"

စိုးဝင်း၏ဝမ်းနည်းမှုကား အဝီစိရောက်လောက်၏။ မြင့်မြင့်ကို တစ်ချက်လှည့်ကြည့်လိုက်ပြီး၊ ခေါင်းငိုက်စိုက်ချကာ ထွက်လာလေရာ၊ မြင့်မြင့်၏မျက်နှာဝယ် ဝမ်းနည်းသယောင်ယောင် ဖြစ်နေသည်ကိုပင် သတိမထားမိတော့ချေ။

□

(၃)

စိုးဝင်းမှာ စိုးဝင်း မဟုတ်တော့ပေ။

ခွင့်တစ်လယူ၍ ပဥ္စင်းတက်နေရာ၊ ဦးစန္ဒာသီရိ ဖြစ်နေချေပြီ။

လောကကြီးကို စိတ်နာနာရှိသည်နှင့်အညီ သစ်ပင်အောက်ဝယ် စိတ်ပုတီးကိုချည်း အပြီးနဲ့ ဖိစိပ်နေတော့၏။ ထိုခဏ၌ မြင့်မြင့်နှင့် သူ၏အဒေါ်

ဦးလေးတို့မှာ လှူဖွယ်ဝတ္ထုများနှင့် ပေါက်လာကြတော့၏။

"ဒုက္ခရှာလို့ ဒုက္ခကြီးရယ်"

"သုခရှာလို့ လှူဒါန်းတာပါ ဘုရား"

လူကြီးနှင့် အဖေါ်ကြီး၊ မြင့်မြင့်တို့က ဦးချလိုက်ကြ၏။ လူကြီးသည် ဦးပဥ္စင်းကို ပြုံးပြုံးကြီးကြည့်ရင်း. . .

"ဦးပဥ္စင်းက ဟိုတုန်းကပြောတာ တကယ်မှတ်သွားတာကိုး၊ တပည့်တော်က ဦးပဥ္စင်းအကြောင်း မသိသေးလို့ ပြောလိုက်ရတာ၊ မြင့်မြင့်မှာ စပ်ထားတဲ့လူ မရှိပါဘူး၊ ဦးပဥ္စင်းအကြောင်း စုံစမ်းချင်တာက တစ်ကြောင်း၊ ဦးပဥ္စင်းရဲ့ မေတ္တာနိုင်မြဲမှုကို စုံစမ်းချင်တာက တစ်ကြောင်းကြောင့် ဒီလိုပြောလိုက်ရတာပါ ဘုရား၊ ဦးပဥ္စင်းမိတ်ဆွေ မောင်သန်းစိန် လက်ဖက်ရည် လာသောက်တော့မှ အကြောင်းစုံသိရပြီး အခုဆိုရင် သဘောတူပါတယ်ဘုရား"

ဟု ရှည်လျားစွာ လျှောက်ချလိုက်ရာ၊ ဦးပဥ္စင်းမှာ သိက္ခာကိုပင် မထိန်းနိုင်တော့ဘဲ "ဟ-နိဗ်ဟ- ဒကာမလေးရေ" ဟု ရေရွတ်မိတော့သည်။

စိုးဝင်းသည် ငယ်စဉ်က ကိုရင် ဝတ်ရာတွင် ထမင်းဆာ၍ အဝါဝတ်ဖြစ်သောသင်္ကန်းကို ကျွတ်ခဲ့ရ၏။

ယခုလည်း အဝါတစ်ဝါကျွတ်ရပေဦးမည်။ သည်တစ်ခါကား ထမင်းဆာ၍မဟုတ်ပါ။ ယမင်းဆာသောကြောင့် ဖြစ်ပါသည်။

သွေးသောက်၊ (၁၉၅၇) ခု၊
အောက်တိုဘာလ၊ အမှတ် (၁၄၁)။

□ □ □

ကြပ်ကလေး